စီမံရေးသားသူ မစ္စတာမောင်မှိုင်း

ဂဠုန်ပျံ ဒီပနီ ဋ္ဌကာ

ပထမအကြိမ်-၁၉၃၃ ခုနှစ်၊ ဒုတိယအကြိမ်–၁၉၇၅ ခုနှစ်။ ဇနီနဝါရီလ။
အုပ်ရေ--၂၀၀၀။ သတ်မှတ်ဈေး--တဆယ်ကျပ်။
ကျွန်စာအုပ်ကို ဒေါ်မြင့်မြင့် (မြ-၀၁၈၃၅) ပုသိန်ပုန်ပိတုက်၊ အမှတ် ၆၈၊ ၁၆၅လမ်း၊ တာမွေ၊ ရန်ကုန်မြို့က ရိုက်နှိပ်ပြီး၊ ဦးတင်မောင်ကြီး၊ မိသားစုစာပေ (မြ-၀၂၂၅) အမှတ် ၁၉၉၊ ၃၃ လမ်း၊ ရန်ကုန်မြို့ က ထုတ်ဝေသည်။
မိုးဇော်စာပေဖြန့်ချိရေး အမှတ် ၁၇၄ ၃၃-လမ်း၊ ရန်ကုန်မြို့။

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	အမှာစာ	
၁။	ဂဠုန်ပျံဒီပနီဋီကာ နိဒါန်း	၇
၂။	မစ္စတာမောင်မိုင်းကြီးထံပေးရန်	၈
၃။	ရန်ကုန်မြို့ ဗဟန်းအတွင်းက တမ်းချင်း လေးချိုးကြီး	၁၀
၄။	ဂဠုန်ပျံဂါထာ ပဏာမ	၁၁
၅။	နှစ်ထပ်ချတေးထပ်ကား	၁၄
၆။	ဂဠုန်ဂါထာ၏ ယောဇနာအနက်	၁၅
၇။	ဆရာမိုင်းကြီးအား တောင်းပန်စာ	၂၀
၈။	စာဆိုတော်ဦးမင်းရေးသော သာယာဝတီမင်း ဘုန်းတော်ဘွဲ့ လက်ာလေးချိုး	၂၂
၉။	ဂဠုန်ပျံဂါထာသွားနှင့် ဂဠုန်ဘုရားရှိခိုးဘွဲ့ကဗျာ မဟာလေးချိုးကြီး	၂၅
၁၀။	စကိုင်းမြဝတီချောင် မကေသရီထံမှ ဒကာကြီး ဦးဖိုးစိန်ဌာန ပြန်စာ	၂၆
၁၁။	ဥယျောဇဉ်တေးတမျိုးတည်းဟူသော လေးချိုးကလေး	၃၀
၁၂။	ရွှေဒဂုန်ဌက်မနားဘွဲ့ တေးထပ်	၃၂
၁၃။	ငလျင်လှုပ်ပုံနှင့် ဂဠုန်တေးထပ်	၃၂
၁၄။	ရွှေဒဂုန်ဘုရားကြီးက တရားမီးပြတော်မူပုံဘွဲ့ကဗျာ မဟာလေးချိုးကြီး	၃၃
၁၅။	သာယာဝတီ မင်းတရားကြီး ဘုန်းတော်ဘွဲ့ လေးချိုး လက်ာမှာ	၃၄
၁၆။	ရန်ကုန်ဘုရားနှင့် သာယာဝတီဘုရားဘွဲ့ လေးချိုးလက်ာ	၃၈
၁၇။	ဂဠုန်ပျံ ဒီပနီဋီကာနှင့်စပ်လျဉ်းခြင်း	၃၈
၁၈။	အပျံနှင့်အနပျံ	၄၂
၁၉။	သတိပေးတိုက်တွန်းချက်	၄၂
၂၀။	ရွှေဒဂုန်ဘုရားကြီးက တရားမီးပြတော်မူပုံဘွဲ့ကဗျာ မဟာလေးချိုးကြီး	၄၉
၂၁။	ဝရဇိန်တန်ခိုးကဲ့သို့ဟူသော မိုးကြိုးဘွဲ့တေးထပ်ရိုး	၅၁

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၂။	မကေသရီစီကုံးသော ဂဠုန်ပျံဒီပနီဋ္ဌကာဘွဲ့လေးချိုးကြီး	၅၅
၃။	ပဌမရွှေကျင်ဆရာတော်ဘုရားကြီး၏တရားတည်းဟူသော သြဝါဒမေတ္တာစာ .... —	၅၇
၄။	မဟာဝရဇိန်မိုးကြိုးဘွဲ့ကျော် လေးချိုးကြီး	၆၁
၂၅။	ပုဂံ ရွှေစည်းခုံစေတီတော်ကြီး၏ ကြေးစလောင်း၌ရှိသော မိုးကြိုးလုံး ၂၀ ၏ထာ	၆၂
၂၆။	ဆရာမိုင်းကြီးတပည့် မကေသရီထံသို့ ဦးဖိုးစိန်၏အမေး ဆောင်းပါး	၆၂
၂၇။	ရခိုင်ရာဇဝင်မှ ကောက်နှုတ်ချက်	၆၆
၂၈။	ရခိုင်မင်းသမီး ချေင်းမှ ကောက်နှုတ်ချက်	၇၄
၂၉။	ဂဠုန်ပျံဒီပနီဋ္ဌကာ	၇၆
၃၀။	နဝင်းစေတီတော်ဟူသည်ကား	၈၀
၃၁။	ဘားမဲ့ဆရာတော်ဘွဲ့ အောင်ခြင်းအချုပ်၀ ၏ထာ	၈၆
၃၂။	ဂဠုန်ပျံဒီပနီဋ္ဌကာစာကိုယ်	၈၈
၃၃။	တိမ်ဂဠုန် တိမ်နဂါးဘွဲ့သဖြန်	၈၈
၃၄။	နဝင်းနေဟူ တည်းဟူသော အတွင်းရွှေဂူပြင်ရွှေဂူ ဘုရားတိုင်ရတု	၉၃
၃၅။	ရွှေဒဂုန်ဘုရားတိုင်ဘွဲ့ကျော် မဟာလေးချိုးကြီး	၉၇
၃၆။	အပျိုကြီးယပ်လွဲတရား	၁၀၀
၃၇။	အပျိုကြီးဇာတာဟော တေးထပ်	၁၀၈
၃၈။	၎င်းပြင်တနည်း။ အပျိုကြီးတမျိုးနှင့် အဘိုးကြီးအိုရ တေးထပ်ကား	၁၀၈
၃၉။	ကုန်းဘောင် ဆင်ဖြူရှင်လက်ထက် ထားစကြာ ဆက်သ သော အခမ်းအနားတွင် ဝန်ထောက်နော်ရထာ ဆက် သော ရတုပိုဒ်စုံ	၁၁၁
၄၀။	ဥရဂ-ဇာတ် ယပ်လွဲ ပဏာမ	၁၁၂
၄၁။	အတိတ်ဝတ္ထုသော်ကား	၁၁၅
၄၂။	ဂဠုန်၀ ၏ထာပါဠိအနက်	၁၁၇
၄၃။	ဂဠုန်ဩဘာ ထောမနာ၀ ၏ထာပါဠိအနက်	၁၁၈

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၄။	ရှင်မဟာရဋ္ဌသာရရေးသော နဂါးဂဋ္ဌုန် နှစ်ပါးစုံ မေတ္တာစာ	၁၁၉
၄၅။	မဟာဝဇိရညာဏဝန္ဒနာ မည်သော မိုဃ်းကြိုး ဘုရားရှိခိုး	၁၂၂
၄၆။	ဂဋ္ဌုန် ကမ္မဋ္ဌာန်းဘွဲ့ ကျမ်းနဲ့အညီ ရေးစီဘိသော ပါဋ္ဌိ ရှစ်ဆယ်ပေါ်တေးထပ်ကြီး	၁၃၀
၄၇။	အနက်ယောဇနာသော်ကား	၁၃၁
၄၈။	၁၂၄၇-ခုနှစ်လောက်တွင် ပေါ်လာသည့် ဦးကျော်လှ သံချို	၁၃၆
၄၉။	စိန္တကျော်သူစပ်ဆိုသည့် မိုးကြိုးလင်္ကာရတု ၅ ပုဒ်	၁၃၈
၅၀။	မိုးကြိုးဝရဇိန်ဘွဲ့ကဗျာ မဟာလေးချိုးကြီး	၁၄၁
၅၁။	သိကြားနှင့်မိုးကြိုးဘွဲ့တေးထပ်	၁၄၄
၅၂။	၎င်းသိကြားနှင့် မိုးကြိုးဘွဲ့တေးထပ်	၁၄၄
၅၃။	စာဏကျန်တိဆောင်ပုဒ်ဂါထာ	၁၄၆
၅၄။	အဘိဓါန်ဋ္ဌီကာဘွင့် မိုးကြိုး	၁၄၈
၅၅။	ဝရဇိန်စင်းသွားမြှားပုစ္ဆာအဖြေ	၁၅၁
၅၆။	သမန္တစက္ခုဒီပနီကောက်နှုတ်ချက် မိုးကြိုးအကြောင်း	၁၅၂
၅၇။	ဇိနာလင်္ကာရစာကိုယ်တွင်	၁၅၆
၅၈။	၎င်းနည်းတူ မဟာဝင်ကျမ်းဌ်လည်း	၁၅၆
၅၉။	ဝေဿဘူဘုရားမှာ ဆုတောင်း ၂ ဂါထာ	၁၅၉
၆၀။	ဂဋ္ဌုန်ဆုတောင်း ၂-ဂါထာ	၁၅၉
၆၁။	ဂဋ္ဌုန်ပုစ္ဆာဒွေးချိုး	၁၆၁
၆၂။	ဂဋ္ဌုန်ဝိသဇ္ဇနာဒွေးချိုး	၁၆၁
၆၃။	လောကဒီပကကျမ်းလာ ၃-ဂါထာ	၁၆၁
၆၄။	ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ	၁၆၁
၆၅။	လောကဒီပကအတ္ထယောဇနာကား	၁၆၃
၆၆။	ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာယောဇနာကား	၁၆၄
၆၇။	အဲဒီ ၇-ပါးသော နဂါးတို့ကား	၁၆၅

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၆၈။	မောင်းထောင် ဦးကျော်လှရေးသားခဲ့သည့် နဂါး ဂဋ္ဌုန်ဘွဲ့ တဘောင်သံချို	၁၆၉
၆၉။	သဒ္ဒါသမာသ်ကို စာတတ်အောင်ချတော်မူပုံ	၁၇၀
၇၀။	သူရာ၊ သုရ၊ ဂရူဋ၊ မနုဇ၊ ဘုဇဂ၊ ဂန္ဓဗ္ဗ၊ ပြယုဂ် ဆောင်ပုဒ်ကြီး	၁၇၅
၇၁။	အလင်္ကာကို ချတော်မူပုံ	၁၇၇
၇၂။	သမပိုက်ပျှိလာတို့ပမာ ကနည်း ၆၄-မျိုးရှိကြောင်း	၁၇၉
၇၃။	ဝရဇိန်လက်နက် သိကြားစက်သံချို	၁၈၂
၇၄။	ပဋ္ဌမကျော်ဘွဲ့တမ်းချင်းကဗျာမဟာလေးချိုးတော်ကြီး	၁၈၃
၇၅။	အသွေးမြင် အသွင်သိသျှတြ်	၁၈၆
၇၆။	ကိုးခန်းပျှိနိဂုံး ကောက်နှုတ်ချက်	၁၉၀
၇၇။	ယသော်ရောဂဋ္ဌုန် ပုစ္ဆာ ၂-ချိုး	၁၉၁
၇၈။	ယသော်ရောဂဋ္ဌုန်ဝိသဇ္ဇနာ ၂-ချိုး	၁၉၁
၇၉။	ယသော်ရောဂဋ္ဌုန်ယပ်လှဲ	၁၉၂
၈၀။	ယသော်ရော ကန်တော့ခန်း	၁၉၅
၈၁။	ယသော်ရောကန်တော့ခန်းပျှိ	၂၀၄
၈၂။	သက္ကရာဇ် ၁၂၉၃-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅-ရက်နေ့၊ သာယာဝတီ ဦးညေယျ အသျှင်မြတ် မယ်တော်ကြီး ဒေါ်ပါရမီ သာဓုကိဋ္ဌနစျာပနသဘင်နှင့် စပ်လျဉ်းသော သံဝေဂ ကထာ လင်္ကာရတုပိုဒ်စုံ	၂၀၆
၈၃။	ကဝိဥပဒေသဆောင်ပုဒ်	၂၀၉
၈၄။	ပုညဝတီ စီကုံးအပ်သော ကဗျာနိဂုံး လေးချိုး တော်ကြီး	၂၁၃
၈၅။	သုဝဏ္ဏဝတီ စီရင်အပ်သော ကထာနိဂုံး	၂၁၆
၈၆။	ဣမာပနအလိုခံ့ခံ့၊ ချိချိုး၊ ပျှံပျှံ နှင့် ဤဆိုလတ္တံ့ တို့သည်ကား နိဂမန ဂါထာယော၊ ကျမ်းပြီး၊ ကျမ်းဆုံး၊ ဘန်းကြီး ဖုံးသကဲ့သို့သော နိဂုံး ဂါထာတို့ ပေတည်း။	၂၁၈

အမှာစာ

ဆရာကြီး သခင် ကိုယ်တော်မှိုင်းသည် မြန်မာ့ လွတ်လပ်ရေး ကြိုးပမ်းမှုကို အကြောင်းပြု၍ စာအမြောက်အများ ရေးခဲ့လေသည်။ ဒေါင်းဦးကာသစ်၊ မျောက်ဦးကာ၊ မျောက်ဂဏ္ဍီ၊ ခွေးဦးကာ၊ ခွေးဂဏ္ဍီ၊ ဘူဝင်းကောက်ဦးကာ၊ ဂဠုန်ပျံဒီပနီဦးကာ၊ သခင်ဦးကာ စသည် တို့သည်၊ ဆရာကြီး၏ ထင်ရှားသော ကျမ်းအချို့ဖြစ်သည်။ ဆရာကြီးသည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု အခြေအနေနှင့် ယင်းကြိုးပမ်းမှု အပေါ် ထားရှိသော သူ့စေတနာ၊ သူ့အမြင်တို့ကို ထိုကျမ်းများမှတဆင့် ဖော်ပြခဲ့သည်ချည်း ဖြစ်သည်။

ဂဠုန်ပျံဒီပနီဦးကာသည် ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် စတင်သော သာယာဝတီဆရာစံ တောင်သူ လယ်သမား အရေးတော်ပုံ၏ ထင်ဟပ်ချက်ဖြစ်သည်။ သာယာဝတီဆရာစံတောင်သူ လယ်သမား အရေးတော်ပုံသည် ဖိနှိပ်လွန်းသော နယ်ချဲ့ အင်္ဂလိပ် အောက်က ခားကိုင်၍ ရုန်းထွက်သော အရေးတော်ပုံဖြစ်သည်။ ထိုအခါက သာယာဝတီ ဆရာစံ တောင်သူလယ်သမား အရေးတော်ပုံကို သူရိယ သတင်းစာက "မြန်မာနိုင်ငံအရေးတော်ပုံ" ဟူသောခေါင်းစဉ် စာလုံးကြီးများဖြင့် အသားပေးဖော်ပြရာ ဆရာကြီးကလည်း ထိုသူရိယ သတင်းစာကပင် ဂဠုန်ပျံဒီပနီဂိုကာ ဟူသော ခေါင်းစဉ်ဖြင့် ၁၉၃၁ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့ကစ၍ အပတ်စဉ် ရေးသားသည်။ သူရိယ သတင်းစာတိုက်ကပင် ဂဠုန်ပျံဒီပနီ ဦးကာကို ၁၉၃၃ ခုနှစ်တွင် စာအုပ်အဖြစ် ထုတ်ဝေသည်။ ယခုအခါ ဂဠုန်ပျံ ဒီပနီဦးကာ၏ သက်တမ်းသည် (၄၃) နှစ်ရှိလေပြီ။ နှစ်ပေါင်း (၄၀) ကျော်ကြာမှ ဒုတိယ အကြိမ် ရိုက်နှိပ်ရသော ရှားပါးစ အုပ် တအုပ်ဖြစ်သည်။

ယနေ့စာဖတ်ပရိသတ်သည် ဆရာကြီး၏ ဂဠုန်ပျံဒီပနီ ဌီကာ ကို ဖတ်လျှင် အတော်လှမ်းခဲ့ပြီ ဖြစ်သော သမိုင်းကြောင်းကြောင့်ရင်း၊ ဆရာကြီး၏ ကဗျာပုံသဏ္ဌာန်ကြောင့်ရင်း၊ အသစ်အဆန်း ဖြစ်နေပေ လိမ့်မည်။ အထူးသဖြင့် ဆရာကြီး၏ ကဗျာပုံသဏ္ဌာန်ကြောင့် အသစ် အဆန်း ဖြစ်ဖို့က များသည်။

ဆရာကြီး ကဗျာရေးသောခေတ်က ဇာတ်ပို့၊ ရုပ်သေးပွဲတို့ အလွန်ခေတ်စားရာ ထိုပွဲများတွင် မင်းသား၊မင်းသမီးတို့သည် အရေး ကိစ္စ တခုခု အကြောင်းကို စကားဖန်တလှည့်၊ တေးကဗျာတလှည့် ပြော ဆို ဖွဲ့နွဲ့၍ ဇာတ်ကွက်လည်အောင် ဖော်ပြတတ်ကြသည်။ အရေးကိစ္စ အကြောင်း အကောင်းအဆိုးတို့ကို ကြိုတင် ပြောပြပြီးနောက် ထို အ ကြောင်းကိုပင် တေးထပ်ဖြစ်စေ၊ လှမ်းချင်းဖြစ်စေ၊ ဒွေးချိုးလေးချိုး ဖြစ်စေ ဖွဲ့နွဲ့၍ သီဆိုကြသည်။ ဆရာကြီးသည် ကဗျာ ရေးသောအခါ ထိုဇာတ်၊ ရုပ်သေးသဘောကိုပင် ယူ၍ လောကတခုကို ဖန်ဆင်းကာ ရေးသည်။ ဆရာကြီး ဖန်ဆင်းသော လောကမှာ ရသေ့ ယောဂီ လောကဖြစ်၍ ထိုလောကတွင် ဆရာကြီးသည် ခရီးသည် ယောဂီဆရာ ကြီး နေရာကို ယူထားသည်။ အခြံအရံတို့မှာ သီလရင်၊ ရသေ့မတို့ ဖြစ်သည်။ ထိုလောကတွင် ဆရာကြီးသည် မိမိတပည့်တို့အား လော ကုတ္တရာမှုဖြစ်သော တရားကိုလည်းပြ၍ လောကီမှုဖြစ်သော ပျို့ကဗျာ၊ လင်္ကာ၊ ရာဇဝင်ပုံပြင်တို့ကိုလည်း ပို့ချတတ်သည်။ထို့ပြင် တိုင်းရေး ပြည်ရေး၊ နိုင်ငံရေးတို့ကိုလည်း ဆွေးနွေးသည်။ တိုင်းရေး ပြည်ရေး၊ နိုင်ငံရေးတို့ကို အကြောင်းပြု၍ သူ့စေတနာ၊ သူ့အမြင် တို့ကိုလည်း ဖော်ပြလေသည်။ ထိုအကြောင်းတို့ကို သူ့တပည့် သီလရင်၊ရသေ့မ တို့နှင့် မေးမြန်းဆွေးနွေးပြီးသောအခါ ထိုဆွေးနွေးချက်တို့ကို ခြုံမိ၊ ငုံမိအောင် လေးချိုးဖွဲ့လေသည်။

ထို့ကြောင့် ဆရာကြီး၏ ဂဠုန်ပျံ ဒီပနီ ဌီကာတွင် အတော် လှမ်းခဲ့ပြီးသော ဆရာစံတောင်သူလယ်သမား အရေးတော်ပုံကိုလည်း၊ ထို့အရေးတော်ပုံအပေါ် ထားရှိသော ဆရာကြီး၏စေတနာနှင့် အမြင် တို့ကိုလည်း၊ ဆရာကြီး၏ ကဗျာပုံသဏ္ဌာန်ကိုလည်း လေ့လာနိုင်ပါသည်။

သခင်ကိုယ်တော်မှိုင်းနှင့် လွတ်လပ်ရေး ကြိုးပမ်းမှု

မြန်မာမင်းများလက်ထက်က မင်းမှုထမ်းလိုသူ၊ အထက်တန်းသို့ ဝင်ရောက်လိုသူတို့သည် ပါဠို၊ ပိဋကတ်၊ ပျို့ကဗျာ၊ လင်္ကာ၊ ဆုဇဝင်၊ ပုံပြင်၊ ဓမ္မသတ် စသော လောကီ၊ လောကုတ္တရာ ကျမ်းဂန်တို့ကို တတ်မြောက်ရလေသည်။ အင်္ဂလိပ် အုပ်ချုပ်သောခေတ်တွင်မူ အင်္ဂလိပ်တို့ ပြဋ္ဌာန်းထားသော ခေတ်ပညာကို တတ်မြောက်မှသာ မင်းမှုထမ်းနိုင်၊ အထက်တန်းသို့ ဝင်ရောက်နိုင်လေသည်။ ထို့ကြောင့် ကိုယ့်မင်းကိုယ့်ချင်းဘဝက အထက်တန်းကျ၍ မျက်နှာပန်းလှခဲ့သော မြန်မာစာ၊ မြန်မာမှုတို့သည် အင်္ဂလိပ် မင်းမှုထမ်းလောကတွင် တန်ခိုးမဲ့နိမ့်ခဲ့ရလေသည်။ အင်္ဂလိပ် မင်းမှုကို ထမ်းဆောင်လိုသူတို့သည် ခေတ်အလျောက် တန်ခိုးကြီးသော အင်္ဂလိပ်ဘာသာစာကို အလေ့အကျက်များရာမှမြန်မာစာ၊ မြန်မာမှုတို့ကို လှည့်မကြည့်ချင်ကြတော့ချေ။ ထိုအခါက မြန်မာစာ၊ မြန်မာမှုကို လိုက်စားလျှင်ပင် လူလျှော်လူညံ့ဟု အထင်ခံရသေး၏။

ထိုအခြေအနေကို သတိပြုခဲ့သော ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် အတိတ်ခေတ် မြန်မာ့ဂုဏ်ရည်ဟူ ဆိုသင့်သော ရွှေဟောင်း ပျို့ကဗျာ လင်္ကာ၊ ဆုဇဝင်၊ ဓမ္မသတ် စသော မြန်မာစာ၊ မြန်မာမှုတို့ကို အများပြည်သူတို့ ပြန်၍ သတိပြုမိလာအောင်၊ ထိုသို့ သတိပြုရာမှ ယင်းအမွေအနှစ်တို့ကိုထိ သိမ်းစောင့်ရှောက်ချင်လာအောင် ထိုမှဇာတိမာန်၊ နိုင်ငံချစ်စိတ် နိုးကြားလာအောင် သူ၏ဆောင်းပါး၊ ဋ္ဌိကာ၊ ဂဏ္ဌိ၊ ဝတ္ထု စသော စာတို့တွင် ဘစိုက်မတ်မတ် အဆက်မပြတ် ရေးသားလာခဲ့သည်။ ထို့ကြောင့် ဆရာကြီးရေးခဲ့သော ဗိုလ်ဋ္ဌိကာ၊ ဒေါင်းဋ္ဌိကာသစ်၊ မျောက်ဋ္ဌိကာ၊ ခွေးဋ္ဌိကာ၊ သခင်ဋ္ဌိကာ၊ စုံနှံ့သာ

မြို့ဝင် ဋီကာ၊ မြင်းဋီကာ၊ ဆွာရက်ဋီကာ၊ ပုံတောင်နိုင်မော်ကွန်းဋီကာ၊ ဂဠုန်ပျံဒီပနီဋီကာ၊ အာဇာနည်ဗိမာန်ဋီကာ၊ ဒေါင်းဂဏ္ဍီ၊ မျောက်ဂဏ္ဍီ၊ ခွေးဂဏ္ဍီ၊ တရုတ်ဒီပနီ ဆောင်းပါးများ၊ ရာဇဝင် နီတိဆောင်းပါးများ၊ စုံတောင်မှုမှာတမ်း၊ စစ်ကိုင်းပြန် မှာတော်ပုံ၊ မှာတော်ပုံဝတ္ထု (သုံးတွဲ) စသော စာတို့ကိုကြည့်လျှင် ဆရာကြီးမဟာဘူးသော ပျိုကဗျာသည် မရှိသလောက်ဖြစ်သည်။ ဆရာကြီးမဟာဘူးသော မော်ကွန်းကဗျာသည် မရှိသလောက်ဖြစ်သည်။ ဆရာကြီးမဟာဘူးသော ဧချင်းနှင့် ရတုသည် မရှိသလောက်ဖြစ်သည်။ ဆရာကြီး မဟာဘူးသော ရာဇဝင်သည် မရှိသလောက်ဖြစ်သည်။ မြန်မာရာဇဝင်၊ ရှမ်းရာဇဝင်၊ မွန်ရာဇဝင်၊ ရခိုင်ရာဇဝင်တို့ဖြင့် စုံလင်လှပေသည်။

ထိုမျှမကသေး။ ဆရာကြီးသည် ၁၉၁၉-၂၀ ခုနှစ်လောက်မှစ၍ အရှိန်ရ နိုးကြားလာသော မြန်မာ့အမျိုးသားရေး ကြိုးပမ်းမှုကို စောင့်ကြည့်ကာ ခရီးကျူးစရာကိုတွေ့လျှင် လှိုက်လှိုက်လဲလဲ ခရီးကျူး၍၊ လမ်းချော်နေသော အပြုအမူကိုတွေ့လျှင် လမ်းမှန်ရောက်အောင် ထိန်းသိမ်း တည့်မတ်ပေးလေသည်။ ထိုနည်းဖြင့်လည်း ဆရာကြီးသည် မြန်မာ့အမျိုးသားရေး ကြိုးပမ်းမှု (၀၊)မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် မိမိ၏စာဆိုဘဝကို မြှုပ်နှံ၍ ဇာတိမာန်စာတို့ကို ဆိုခဲ့လေသည်။ ထို့ကြောင့် ဆရာကြီးကို ဇာတိမာန်စာဆိုဟုလည်းကောင်း၊ နိုင်ငံရေးစာဆိုဟုလည်းကောင်း၊ ပြည်သူ့စာဆိုဟုလည်းကောင်း၊ ခရီးကျူးဂုဏ်ပြုခဲ့ကြလေသည်။ ထို့ကြောင့် ဆရာကြီး၏ စာတို့သည် အတိတ်ခေတ် မြန်မာ့ဂုဏ်ရည်ဟူ ဆိုအပ်သော မြန်မာစာ မြန်မာမှုတို့ကို ဖော်ပြရာလည်းဖြစ်၍၊ မြန်မာ့အမျိုးသားရေး ကြိုးပမ်းမှု အတက်အကျ အလိုက် ပေါ်ထွက်လာသော ဆရာကြီး၏ စေတနာ၊ ဆရာကြီး၏ အတွေး၊ အမြင်တို့ကို ဖော်ပြရာလည်း ဖြစ်သော နိုင်ငံအကျိုးပြုစာတို့ဖြစ်လေသည်။ ဤကား ဆရာကြီးစာတို့၏ ဘဝာဖြစ်သည်။

ဆရာကြီးသည် မြန်မာ့အမျိုးသားရေး ကြိုးပမ်းမှုကို စောင့်ကြည့်ကာ ခရီးကျူးစရာကိုတွေ့လျှင် လှိုက်လှိုက်လဲလဲ ခရီးကျူး၍ လမ်းချော်သည်ကိုတွေ့လျှင် လမ်းမှန်ရောက်အောင် ထိန်းသိမ်း တည့်မတ်ပေးသည်ဟု အထက်က ဆိုခဲ့လေပြီ။ ဤသို့ဆိုသော် ဆရာကြီး၏

စာတို့သည် ချီးကျူးစရာကို ချီးကျူးတတ်အောင်၊ လမ်းချော်သည်ကို သတိပြု ဆင်ခြင်တတ်အောင် ညွှန်ပြသော စာဖြစ်သည်ဟု ဆိုသင့်၏။ ကိုယ့်အမျိုးသားရေးကိစ္စကို အကြောင်းပြု၍ တက်ကြွချင်တိုင်း တက်ကြွသည်ကို လမ်းမှန်သည်ဟု မဆိုသာ။ ထိုကိစ္စမျိုးသည် ကျယ်ဝန်းသိမ်မွေ့သည့် သဘောရှိလေရာ အမြင်ကျယ်ခြင်း၊ သည်းခံခြင်း၊ ရဲရင့်ခြင်းတို့ဖြင့် အချိန်ကာလ ဒေသအလိုက် ဆောင်ရွက်တတ်မှ လမ်းမှန်ရောက်နိုင်လေသည်။ သို့မှသာ ချီးကျူးစရာဖြစ်သည်။ ဆရာကြီးသည် မြန်မာ့အမျိုးသားရေး(၀၇)လွှတ်လပ်ရေးကြိုးပမ်းမှုတလျှောက်လုံးကို အမြင်ကျယ်ခြင်း၊ သီးခံခြင်း၊ ရဲရင့်ပြတ်သားခြင်းတို့ဖြင့် ကြည့်တတ်လေသည်။ ထိုအခါ ပြဿနာ၏ အရင်းအမြစ်ကို ဆင်ခြင်နိုင်၍ ထိုသို့ ဆင်ခြင်ရာမှ သိမြင်လာသော ဆရာကြီး၏ အတွေးအမြင်တို့သည် မြန်မာ့ လွှတ်လပ်ရေးကြိုးပမ်းမှု၏ လမ်းညွှန်သဖွယ် ဖြစ်ခဲ့လေသည်။ ထိုအချက်ကို ၁၉၃၀ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ကုလား-ဗမာ ရိုက်ပွဲနှင့် ဆရာစံ တောင်သူလယ်သမားအရေးတော်ပုံတို့ဖြင့် ကြည့်ပါအုံ။

၁၉၃၀ ခုနှစ် မေလ ၂၆ ရက်နေ့က ကုလားဗမာရိုက်ပွဲဖြစ်သည်။ ယင်းရိုက်ပွဲစတင်သောနေရာမှာ ရန်ကုန်ဆိပ်ကမ်းအလုပ်သမားလောက ဖြစ်သည်။ ထိုအခါက ရန်ကုန်ဆိပ်ကမ်း ကုန်တင်ကုန်ချ လုပ်ငန်းကို အပိုင်စီးထားသူများမှာ ကော်ရင်ဂျီ ကုလားတို့ ဖြစ်သည်။ ကော်ရင်ဂျီကုလားတို့သည် တနေ့လျှင်လုပ်ခ ၁ကျပ် ၈ ပဲ ရသည်ကို မကျေနပ်သောကြောင့် ၂ ကျပ်အထိ တိုးတက်ပေးရန် အလုပ်ရှင်သူဌေးများကို တောင်းဆိုကြ၏။တနေ့ ၂ ကျပ်နှုန်း မရသရွေ့ အလုပ်မဆင်းဟု ဆိုကာ သပိတ်မှောက်ကြသည်။ ဤတွင် အလုပ်ရှင် သူဌေးတို့သည် အလုပ်ကိုလည်း ရပ်မထားလို၊ တိုးတောင်းသောနှုန်းကိုလည်း မပေးလိုရကား ရက်သတ္တ နှစ်ပတ်ကြာသောအခါ မြန်မာ အလုပ်သမား ၂,၀၀၀ကို ခေါ်ယူသုံးစွဲလိုက်သည်။ ထိုအခါ ကုလားတို့ မခံမရပ်နိုင်ဖြစ်ကာ တနေ့လျှင်ခ ၁ ကျပ်၁၂ပဲနှုန်းဖြင့်ပြေလည်ကာအလုပ်ပြန်ဆင်းကြသည်။ ထို့နောက် ကုလားတို့က စတင်၍ အလုပ် ဆင်းလာသော မြန်မာအလုပ်သမားတို့ကို စရိုက်လေတော့သည်။ မြန်မာအလုပ်သမား ၄၀ ကို ကုလား အလုပ်သမား ၁,၀၀၀တို့က ဝိုင်းရိုက်ကြသည်ဟူသော သတင်းမှာ မြန်မာတို့၏ သွေးကိုပွက်ပွက်ဆူစေတော့

သည်။ ထို့ကြောင့် ပုဇွန်တောင်၊ တာမွေ၊စက်ဆန်း၊ ဗိုလ်တထောင်၊ ကြည့်မြင်တိုင်၊ ကမာရွတ်နှင့် အနီးတဝိုက်မှ မြန်မာတို့သည် တွေ့ရာ ကော်ရင်ဂျီကုလားတို့ကို ရိုက်ကြ၊ ခုတ်ကြလေ၏။ မကြာမီ ကုလား ဗမာ ရိုက်ပွဲကြီးသည် ဟိန္ဒူကုလားနှင့် ကြူလယာ ကုလားတို့ကိုပါ ရိုက်ကြသည်အထိ ကျယ်ပြန့်ကူးစက်သွား၏။ ယင်းကုလား ဗမာ ရိုက်ပွဲတွင် မြန်မာအနည်းငယ်သာသေ၍ ကုလား ၂၅၀ သေသည်ဟု အစိုးရက အစီရင်ခံလေသည်။ ကုလား ၁၅,၀၀၀ခန့်လည်း ကုလားပြည် ပြန်သွားကြလေသည်။

ဆရာကြီးသည် ယင်းကုလား ဗမာရိုက်ပွဲကို မြင်ရသောအခါ မတက်ကြွသည့်အပြင် စိတ်မချမ်း မသာပင် ဖြစ်ခဲ့သည်။ ဆရာကြီး ကိုယ်တိုင် မြန်မာအမျိုးသားတဦးဖြစ်သော်လည်း မြန်မာဘက်ကမနာ ချေ။ မနာသည့်အပြင် ကိုယ့်လူမျိုး၏ အပြုအမူကိုပင် ရှက်လေ၏။ အဘယ့်ကြောင့်ဆိုသော် ဆရာကြီးသည် ယင်းကုလား ဗမာ ရိုက်ပွဲကို လူမျိုးရေးဖြင့် မကြည့်သောကြောင့်ဖြစ်သည်။ ဆရာကြီး၏ အမြင်၌ မြန်မာလည်း အင်္ဂလိပ်၏ကျွန်ဖြစ်၍ ကုလားလည်း အင်္ဂလိပ်၏ကျွန်သာ ဖြစ်သည်။ ယင်းတို့နှစ်ဦးသည် အင်္ဂလိပ်၏ ဝန်ထမ်းပိုးက မလွတ်သေး သော ဘဝတူသာဖြစ်သည်။ ယင်းတို့နှစ်ဦးသည် ထိုဘဝမှလွတ်အောင် ဘဝတူအချင်းချင်းလက်တွဲ၍သာတိုက်ခိုက်သင့်သည်။သို့ရာတွင် ကုလား နှင့်ဗမာသည် လူမျိုးရေးစိတ်သက်သက်ဖြင့် အချင်းချင်း ခွက်စောင်း ခုတ်နေကြလေသည်။ ထိုအခါဆရာကြီးသည် အရေးမဟုတ် သည်၌ သွေးကောင်းနေကြသော မြန်မာနှင့်ကုလားတို့ကို အောက်ပါလေးချိုး ဖြင့် မေတ္တာရပ်လေသည်။

"အများတစု မြန်မာတွေနှင့်တကွ၊ကုလားလူထု သတ္တဝါ တွေကို၊ သနားကရုဏာ အတိုင်းရယ်နှင့်၊ ဩော်.... အခွန်တိုး စာရင်းတွေနှင့်၊ ဝန်ထပိုးမကင်းနိုင်[illegible]၊ အလွန်ဆိုးခြင်း ပမာ မှာလေ၊ ကျွန်မျိုးချင်း စာနာလို့[illegible] မနှိုင်းကြရော့ သလား၊ နထိုင်း၊ နပျက်၊ နနက်၊ နပြာတွေလိုနော်ကွယ်၊ အရိုင်း သက် သက်၊ တလှိုင်းနှက်သလိုမို့၊ အို....အုန်းခင်ရဲ့" ကသိုဏ်းဓမ္မ စက်၊ စစ်ကိုင်းဘက်ဆီက "မှိုင်း" ရှက်သကွာ"

ဟူ၍ လမ်းချော်နေသော ကုလားနှင့်မြန်မာတို့ ကိုယ့် အဖြစ်ကိုယ်သတိ ပြု ဆင်ခြင်မိအောင်၊ ကိုယ်ရှိန်သတ်လာအောင် ပြုပေးလေသည်။

တဖန် ဆရာကြီးသည် တကယ့် ရန်သူကို မျက်ခြည်ပြတ်ကာ လူမျိုးရေးစိတ်သက်သက်ဖြင့် ဘဝတူအချင်းချင်း မဲနေသော စိတ်ကို လမ်းမှန်ရောက်အောင်ညွှန်ပြလေသည်။ ကုလားအရေးကား ဓားသွေး လောက်သော အရေးမဟုတ်။ ဓားသွေးစရာကား နယ်ခ့ဲသာဖြစ်သည် ဟူသော အမြင်ကို ပြလိုသောကြောင့် ယင်းလေးချိုး၌ပင် ဤသို့ ဖွဲ့လေသည်။

"ဩ... ကုလား အရေးလောက်ကိုဖြင့်၊ စကား အကြွေး မမောက်ပါဘု၊ ဓားသွေးလောက်တယ် ဆရာ မထင်လို့မို့၊ အားပေးအားမြှောက် မပါချင်တဲ့ပြင်"

ထိုနောက် ထိုနှစ် ၁၉၃၀ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် သာ ယာဝတီနယ်မှ ဂဋ္ဌုန်ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမား အရေးတော်ပုံ စပြန်သည်။အင်္ဂလိပ်လက်အောက်တွင် တနေ့ထက်တနေ့ ဆင်းရဲတွင်း နက်လာသော မြန်မာတောင်သူ လယ်သမားတို့သည် အင်္ဂ လိပ်တို့၏ ချုပ်ချယ်မှု၊ အနိုင်ကျင့်မှုကို မခံမရပ်နိုင် ဖြစ်လွန်းသဖြင့် ဓားကိုင်ကာ လက်နက်စကြာသခင် အင်္ဂလိပ်နယ်ခ့ဲကို ရဲရဲရင့်ရင့် အံတု လိုက်ခြင်းဖြစ်လေသည်။ ထို့ကြောင့် ဆရာစံ တောင်သူ လယ်သမား အရေးတော်ပုံသည် ကုလားဗမာ ရိုက်ပွဲကဲ့သို့ ကျဉ်းမြောင်းသော လူမျိုးစိတ် သက်သက်ဖြင့် စတင်ခြင်း မဟုတ်ပေ။ ဆရာစံ အရေးတော် ပုံသည် နယ်ခ့ဲ့ကို ဦးတည်သောတိုက်ပွဲဖြစ်သည်။ ဓားသွေး လောက် သော အရေးဖြစ်သည်။ ရဲရင့်သောအပြုအမူဖြစ်သည်။ ဆရာစံ အရေး တော်ပုံ၏ စိတ်ဓာတ်သည် တနေ့တွင် မြန်မာ့ လွတ်လပ်ရေးကို အရယူ ရမည့် စိတ်ဓာတ်မျိုးဖြစ်သည်။ လွတ်လပ်ရေးဟူသည် တပြား နှစ်ပြား ပေးပါ ကမ်းပါဆို၍ မရနိုင်။ တိုက်ယူမှသာ ရနိုင်လေသည်။ ဆရာကြီး သည် ဝံသာနု ဂျီ-စီ-ဘီ-(အတို့၏ လွတ်လပ်ရေး ကြိုးပမ်းမှုကို မြင်ခဲ့ လေပြီ။ ဝံသာနုတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုသည် ပျော့ လွန်း လေ သည်။ ထောင်နှင့်တန်းနှင့် မျက်နှာချင်း ဆိုင်ရဲသော ကြိုးပမ်းမှုမျိုး မဟုတ်။ ထောင်ကို ဝေးဝေးရှောင်၍ လွတ်လပ်ရေးကို တောင်းခံချင် သော အပြုအမူမျိုးဖြစ်သည်။ လွတ်လပ်ရေးသည် ထိုကဲ့သို့သောလူမျိုး

တို့၏ စိတ်ဓာတ်ဖြင့် အဘယ်မှာ ရနိုင်အံ့နည်း။ ထိုကြောင့် ဆရာကြီးသည် ဝံသာနုတို့၏ လုပ်ငန်းကိုမယုံကြည်။ ထိုကြောင့် ဆရာကြီးသည် ဝံသာနု ဂျီ-စီ-အိ-အေ တို့၏ လုပ်ငန်းတွင် ကိုယ်တိုင်ပါဝင်ခဲ့ခြင်းမရှိခဲ့။ ထိုအချက်ကို ဆရာကြီး၏ အိပ်မက်ဒိဋ္ဌံ ဌီကာနိဒါန်းတွင် အတိအလင်းဆိုခဲ့သည်။

ဆရာစံ အရေးတော်ပုံ၏ စိတ်ဓာတ်ကား ဆရာကြီး တွေ့ခဲ့ရသော ဝံသာနုတို့၏ စိတ်ဓာတ်မဟုတ်ခဲ့။ ဆရာစံ၏ စိတ်ဓာတ်သည် နယ်ချဲ့ကို ဦးတည်ရဲသောစိတ်ဓာတ်ဖြစ်သည်။ဝံသာနုတို့ကား ဗိုင်အာခရာထူးပြလိုက်သောအခါ ဗိုင်အာခရာထူးနောက်သို့ ကောက်ကောက်ပါအောင် လိုက်ကာ ဖောက်ပြန်ကြကုန်၏။ ဆရာစံ တောင်သူလယ်သမား အရေးတော်ပုကား ဖောက်ပြန်သော ခေတ်ပညာတတ်တို့၏ တိုက်ပွဲ မဟုတ်ခဲ့။ မဖောက်ပြန်သော တောင်သူလယ်သမား လူတန်းစားတို့၏ နယ်ချဲ့တိုက်ပွဲဖြစ်သည်။ ထိုကြောင့် ဆရာကြီးသည် ဆရာစံ အရေးတော်ပုံ၏ စိတ်ဓာတ်ကို ချီးကျူးလေသည်။ ထိုကြောင့် သူရိယသတင်းစာက ဆရာစံအရေးတော်ပုံကို "မြန်မာနိုင်ငံအရေးတော်ပုံ" ဟူသော ခေါင်းစဉ် စာလုံးမဲဖြင့် ဖော်ပြနေသောအခါ ဆရာကြီးကလည်း (၁၁-၄-၃၁) နေ့ သူရိယသတင်းစာမှစ၍ "ဂဠုန်ပျံ ဒီပနီ ဌီကာ" ဟူသော ခေါင်းစဉ်ဖြင့် ဆရာစံအရေးတော်ပုံကို မှတ်တမ်းတင်ဂုဏ်ရည်ပြုလေသည်။ ယင်းဌီကာ ဂဠုန်ဘွဲ့လေးချီးတွင်....

> "ဩော်....မြန်မာပြည်တဝှမ်းတွင်ဖြင့်၊ သာယာဝတီ စခန်းဆီက၊ အာဇာနည်အစွမ်းတွေ ဟိုအရင်ယမန်က၊ ဗဟိုပလ္လင်ပျံမှာ သမတ မတိမ်းအောင်လို့တဲ့၊ ဗိုလ်ဝင်ခံကာ၊ မြန်မာ့ကိန်းတွေနှင့် မြစိမ်းတောင်ညိုညိုက၊ ချောင်ခိုကာ၊ အောင်ပဟိုရ္ဓမ်းလိမ့်မတဲ့၊ ထွန်းလွဲခေါင်ပရမေ ပေနော်ကွယ်၊ အစွန်းမနဲ့ အညွှန်းတဲ့နေကြ၊ ဩ....လွှမ်းဘွဲ့အောင်မြေ....။"

ဟူ၍ မြန်မာမင်းများ လက်ထက် သာယာဝတီစခန်းဆီက အာဇာနည် အစွမ်းများကို လွှမ်းလေဟန် သတိရလေဟန်ဖြင့် ဆရာစံ တောင်သူလယ်သမား အရေးတော်ပုံ၏စိတ်ဓာတ်ကို ပါးပါးနပ်နပ် ချီးကျူးထောက်ခံလိုက်လေသည်။

ထို့နောက် ဆရာကြီးသည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုတွင် မရှိမဖြစ်သော စိတ်ဓာတ်အဖြစ် ဆရာစံ အရေးတော်ပုံ၏ စိတ်ဓာတ်ကို ထောက်ပြလေသည်။ ထိုသို့သောစိတ်ဓာတ်သာလျှင် မြန်မာ့လွတ်လပ်ရေး၏ ကိုးကွယ်ရာ၊ အားထားရာ၊ လဲလျောင်းရာ ဖြစ်သည်ဟူ၍ ဆရာစံ အရေးတော်ပုံကို ညွှန်ပြလေသည်။ အနာဂတ် မြန်မာ့လွတ်လပ်ရေးကို ထိုသို့သော စိတ်ဓာတ်ဖြင့်သာ တိုက်ရမည်ဟု တပ်လှန့်လိုက်လေသည်။ ထို့ကြောင့် ဂဠုန်ဘွဲ့လေးချိုး စတုတ္ထအပိုဒ် ဆုံးခါနီးတွင်....

"ရဂုံစံ ချစ်စရာ တပည့်တို့မှာဖြင့်၊ "ဥုံအရဟံ" သစ္စာကတိတွေနှင့် "ဂဠုံသရဏ ဂစ္ဆာမိ" ကြပေတော့။

ဟူ၍ ဂဠုန်အရေးတော်ပုံ၏ စိတ်ဓာတ်ကို အနာဂတ် လွတ်လပ်ရေးသူ့ဂါထာအဖြစ် အဆောင်ခိုင်းလိုက်လေသည်။ ဆရာကြီး အဆောင်ခိုင်းသောဂဠုန်သူ့ဂါထာကို တဖန်အသက်သွင်းသူတို့ကား "သခင်" တို့ပင် ဖြစ်သည်။ အမျိုးသား ခေါင်းဆောင် သခင် အောင်ဆန်း၏ ရဲရဲတောက် ခေါင်းဆောင်မှုကြောင့် မြန်မာ့လွတ်လပ်ရေး ရရှိခဲ့လေသည်။

ဆရာကြီးသည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကို အမြင်ကျယ်ခြင်း၊ သည်းခံခြင်း၊ ရဲရင့်ပြတ်သားခြင်း အကြည့်တို့ဖြင့် သတိပြု ဆင်ခြင်ခဲ့လေသည်။ ထိုသို့ သတိပြုဆင်ခြင်ရာမှ ပေါ်ပေါက် လာသော ဆရာကြီး၏ အတွေးအမြင်တို့သည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု၏ လမ်းညွှန်သဖွယ် ဖြစ်ခဲ့လေသည်။

မောင်ဟုန်ဝမ်(မဟာဝိဇ္ဇာ)

မြန်မာစာဌာန၊

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်။

ဂဠုန်ပျံဒီပနီဋ္ဌိကာ

နိဒါန်း

အထက်အညာ။ ဇေယျာပူရတိုင်း။ စကိုင်းတောင် နယ်ပယ်အ
တွင်း။ ရွှေမင်းဝံတောင်တန်း၌။ ရှောင်ဘမ်းရင်းတရားဟောပြီး။ အ
များသော ဒကာ, ဒကာမတို့နှင့်။ သီလရင်တမျိုး။ ဘိုးသူတော်တလီ။
ဤမည် ဤမည်သော ရသေ့တသိုက်။ ပရိဗိုဇ် ရဟန်းယောင်တို့ကို။
ကမ္မဋ္ဌာန်းကောင်သရုပ်ပေါ်အောင်။ ထုတ်ဘော်ဟောပြ၍။ တောရ
ပုဂ္ဂိုလ်။ အဟုတ်ဆိုလောက်အောင်။ ထိုမည် ဤမည်သော စရိုက်
ဝါသနာတို့ဖြင့်။ သိုက်စာ-တဘောင်စာ အမျိုးမျိုးကို။ ဖိုးဖိုးရင်း
ဝတ်မပြတ်ရအောင်ဟု။ ရွတ်ဘတ် သရဇ္ဈာယ်တော် မူလေ့ရှိသော။
ရသေ့ယောဂီ။ တောမှီဆရာ။ မစ္ဆတာမောင်မှိုင်း။ ဟုတ်တိုင်း သေ
ချာ။ မိန်မှာတော်မူလိုက်သည်။ ဤမည်သော သူရိယ အတွင်းက။
သတင်းစာဆရာ။ ဒါယကာအပေါင်းတို့။

အကြောင်းကိုဆိုလျှင်။ ဟိုယခင်အဘိတ်နေ့က။ တစိတ်ပြေ့
ပြေ့မျှသော ဆန်ပန်းပေါက်ပေါက်တို့ဖြင့်။ လာရောက်ပူဇော်ရှာသူ။
အညာသူတယောက်က။ အောက်မြန်မာနိုင်ငံ။ ရွှေဒဂုံတောင်ခပန်း။
ဘဟန်းသူ-မစန္ဒာတို့က။ ဆရာ့ထံသာ။ ပို့ဆောင်ပါမည့် အကြောင်း
များနှင့်။ ပါးလိုက်သည့်မေတ္တာစာကို။ အောက်ပါအတိုင်း။ ဌာန်
ကရိဏီးကျကျ။ ခဏချင်းဘတ်လျှောက်ရှာသည်မှာ။ အောက်ပါ
အတိုင်းပင်တည်း။

မစ္စတာ မောင်မှိုင်းကြီးထံ ပေးရန်

ဟံသာဝတီမဏ္ဍလ။မြေများရန်ကုန်။ရွှေဒဂုံအောင်မြေဘဟန်းရပ်က။ ဆွမ်းကပ်လေ့ရှိကြတဲ့။ တပည့်မသူတော်ရင်တို့က။ ဂူပျော်သခင် ဆရာတပါးအား။ စာအသွား ချိုချို ပြေပြေနှင့်။ ရိုသေစွာ လျှောက်ထားဝံ့ပါသည်။ ယောဂီဆရာ။ သူတော်စွာကြီးဘုရား။ ။အကြောင်းမှာ။ ဆရာအရှင်သည်။ ဤမည်သော "ဒီးဒုတ်" ဂျာနယ်အတွင်း။ ယင်းသို့သော ကဆုန်လဆန်း ၇-ရက်ထွက် သတင်း၌။ ထည့်သွင်းရေးသားတော်မူခဲ့တဲ့။ ။"အကြံကုန် ဂဋ္ဌုန်ဆားချက်" ဟူသောစကားထွက် သိုက်တဘောင်နှင့်။ ကိုက်အောင်ဘဲညီပါပေသည် ဟလုဟု။ သာဓုများခေါ်ကာ။ အဆိုပါဂန္ဒီနှင့် ဆားအကြောင်းကို။ ကောင်းကောင်းကြီး (ဥုံ)ခံပြီး။ ဂဋ္ဌုန်ပျံ ဒီပနီ။ ဌီကာသစ်တကျမ်းကို။ ကြိုးပမ်းတော်မူမည်ဟူသော။ ဤမည်သော နိဒါန်းလေးချိုးကြီးတွင်။ ။မြန်ဘုံတခွင်-စကားအဆိုမြွက်ခဲ့တဲ့။ အကြံကုန်လျှင် ဂဋ္ဌုန်ဆားကိုချက်ပြန်သနဲ့။ ရန်သူပုန် အမြင်ပွားမလို စနက်ပေထင့်။ ကုလားတဗိုလ်ထွက်တာက- အနက်တဘာသာ။ (အိုကွယ်) တရား ဗြဟ္မစိုရ် မပျက်။ ဘုရားကိုသာ ဖက်ရပါတော့။ (ကျုပ်တို့) အထက်အညာမှာ"။ ။ဟူသည်နှင့် ညီစွာ။ ဆရာသခင် အရှင်မှိုင်းတို့၏ စကိုင်းဇေယျာ။ ရွှေအညာ တောင်ရိုးမှာ။ အမျိုးမျိုးသော သုခမင်္ဂလာတို့နှင့်။ ကောင်းစွာ ပြည့်စုံပါသဘိလည်း။ တပည့်တော်မတို့ အောက်ပြေဌာနီ။ သာယာဝတီတရိုးမှာဖြင့်။ အနေဆိုး အသေဆိုးနှင့်။ သဝေထိုးကုန်ပါပြီ။ ။အနှီ-သာယာဝတီတုခို။ တောင်ညို သူပုန်။ ဂဋ္ဌုန်တပ်တော်ကကျမျိုး။ အစိုးရကလည်းတလီ။ ဤမည် ဤမည်သော ကြမ်းကြပိုး တို့ကလဲ။ တထိုးထဲ- တကိုက်ထဲ။ တိုက်ပွဲ ခိုက်ပွဲတွေရဲ့ပြင်။ တပည့်တော်မတို့ ရန်ကုန်ကိုတောင်။ ဂဋ္ဌန်တွေ တပ်စွဲမယ်လို့။ ဇရပ်ထဲက ကြားရပါကြောင်း။ ။ရင်း ကဲ့သို့ ကြားရသဖြင့်။ အများဒကမ- တပဲ့တပန်းတို့မှာ။ ဆွမ်းဆန်တောင်မှ ရဲရဲမခံဝံ့ပါသဖြင့်။ အရှင့်ကို တောင့်တပြီး။ ကြောင့်ကြ စိုးရိမ်

လျက်ရှိကြပါသည်။ ။ယောဂီဆရာသည်။ အညာပြည်အထက်သွားပြီး။ ကျက်စားတော်မူတာမှာလည်း။ နှစ်ခါလယ်တိတိ။ နှစ်နှစ်တောင်ရှိသဖြင့်။ တပဲ့တော်မတို့ဘဟန်းကို။ ကြွမြန်းတော်မူပါမည့်အကြောင်းနှင့်။ တောင်းပန်လျှောက်ထားသော်လဲ။ အောက်များက တပည့်မတော့ကို။ တလှည့်မျှ အခွင့်မပေး။ အရေးတော်မယူ။ အညာသူ၊ မကေသာတို့။ မပူညဝတီတို့ကိုသာ။ လိုရာလိုရာ ဇရပ်မှာတဲပြီး။ ယပ်လှေနှင့် ဖြေဖျော်ဘို့။ ရွှေနားတော်သင့်းသဖြင့်။ ပျင်းကြမည် မဟုတ်သမို့လဲ။ ကျုပ်တို့သူငါ။ မျှားစွာသောတပည့်မ အပေါင်းတို့မှာဖြင့်။ အလောင်းတော်ကဿပကိုဘဲ။ ပြောင်းရကောင်းမလား။ ။တခြားထို့ပြင်။ အရှင်ကလျာဏတိခဇ။ ညွှန်ပြတော်မူတဲ့ ရွှေပေလှာစကားနှင့် ပုပွားကိုဘဲ သွားရကောင်းမည်လော။ ။တကြောထိုမှ။ ပါဒနက်သန်။ တောင်ကမ္ဘယံအတက်။ ရွှေစက်တော်ရာ။ သက်သာပန်းတောင်းကိုဘဲ။ ပြောင်းရကောင်းမလားဟု။ သွားဘို့လာရာ။အဖြာဖြာအခင်းများကို။ စဉ်းစားရင်းပူဆွေးပြီး။ မအေးရခြင်းတည်းဟူသော သို့အခါမှာ။ တို့ဗမာမင်းနေပြည်။ အမြို့မြို့ အရွာရွာများ၌။ တည်ထားကိုးကွယ်ကြရင်း။ နဝင်းစေတီရှိသမျှတွေကို။ တပည့်မ အမျှားသည်။ အစိအဉသွားပြီး။ မျှားမျှားကြီးဦးတင်၍။ ဖူးချင်ကြပါငြားလည်း။ ဆရာဘုရားမပါသဖြင့်။ အရာရာမှာလုနှစ်စွာ ခက်ခဲပါကြောင်း။ ။ငင်းကဲ့သို့အဖုံဖုံ။ တအုံနွေးနွေး။ ပူဆွေးဒုက္ခတွေနဲ့။ ဗရုဆုက္ခဖြစ်ဖြစ်ပြီး။ စိတ်ညစ်နေရတဲ့အတွင်းတွင်။ ယခင်အခါ။ ဆရာအရှင်။ စံရွှင်တော်မူခဲ့သော။ ကောလိပ်ကျောင်းခေါ်ဇရပ်ခပန်း၌။ ခတ်ဆန်းဆန်း(၃၂)မခံတဲ့။ ဂဠုန်ပျံဂါထာများကို။ မျက်ဝါးထင်ထင်။ တွေ့မြင်ဘတ်ရှုရသော်လဲ။ သေတ္တုတည်းဟူသော အနက် အဓိပ္ပာယ် ကို။ တကယ်ပင်မသိကြသဖြင့်။ တပည့်မတို့။ သိကြစရာ။ ကဝိများဆရာကိုယ်တော်မိုင်းက။ ပြဟ္မစိုရ်မှော်ဂိုဏ်းသည်းဟူသော အတိတ်ပုံနိမိတ်ပုံကို။ ဒီဋ္ဌံအရဘယ်သဘောဟု။ အကယ်ဟောပြမှ။ အလယ်တောရတခို။ ထိုမည်သော ဗဟန်းတဝိုက်နှင့်။ ဇင်းကျိုက်သူစန္ဒာတို့။ မှန်ရာကိုသိရပါမည့်အကြောင်း။ ဦးခေါင်းထက် လက်ထားပြီး။ များများကြီးလျှောက်လိုက်ပါသည်။ ယောဂီသူမှန်း မုတ်ဆိုမှန်ကြီးဘုရား။

ရန်ကုန်မြို့ ဗဟန်းအတွင်းက။ တမ်းချင်းလေးချိုးကြီး။

တန်ခိုးမလှသဖြင့်။ အမျိုးမြန်မာ့တဂုဏ်သူပုန်အောင်ဗဟိုဋ္ဌမှူး ချင်သနှင့်။ အစိုးရနှင့်။ ကြပိုးကတဖုံ။ ဂဋ္ဌုန်,တောင်ညိုမြူးချိန်မို့။ ဒဂုန်ချောင်ရှိအကူးဆီက။ မဖူးမရောက်သာ။ (အိုရှင်) မလုံပေါင် တကိုယ်ထူးတွေမို့။ အထူးကြောက်သဘုရာ။ ။(သြော်) ကမ္မဋ္ဌာန်း ပေါက်ချင်တဲ့။ ဘန်းဆတောက်တွေက။ ဗဟန်းအောက်မြေ။ မကြာ မကြာ ပင့်သော်လဲ။ ပန်းပတောက်တွေ ၂ ခါပွင့်တောင်မှ။ ဆရာဖြင့် မပြန်လာတော့။ သံသရာ။ ဖန်လာတဲ့အဟောင်းတွေမို့။ ကံကြမ္မာ။ စန္ဒာတို့အကြောင်းပေါ့လို့။ ပြန်ပြောင်းကာ ဆင်ခြင်ပါသကိုမို့လဲ။ ယခင်အခါလို။ ကာလ ဒေသ,ကလဲ မကောင်းတာကြောင့်။....မြန်မာ ပြည် မသာမယာမှာ။ ယာယီယတြာပြောင်းချင်သနဲ့....(သြ) မန်းမြေ အရပ်ရပ်မှစပြီး။ ရှမ်းပြေအစပ်ကျအောင်ပ။ ဘန်းတွေတပ်ချစရာပေ။ ဘန္တေကဿပအလောင်းရဲ့ပြင်။.... တရုပ်, ကုလား ရှောင်ဖယ်မလေ။ ပုပ္ပားတောင်စွယ် နှမောင်းရယ်နှင့်။....နန်းဟောင် းအချက်အချာပေ။ ပန်းတောင်း, သက်သာသို့ဘဲ ပြောင်းရတော့မလားလို့။....ထိတ်ထိတ် ပြာပြာတော်။ စိတ်မှာ့မကောင်းနိုင်တဲ့။ ၎င်းမအေ့။ ကံမပါသူတွေမှာ ဘုရာ။ ချောင်းတငွေ့ငွေ့။ ပျောင်းခွေ့ခွေ့နဲ့။ အောင်းမေ့ပြန် ရာ။ ။"တို့ဗမာ" မင်းနေပြည် တလွှားတွင်ဖြင့်။ အမြို့မြို့အရွာရွာ။ နဝင်းစေတီတွေသွားပါလို့။ ယမင်းဒေဝီအလားတွေက။ ဖူးချင်ပါ။ အထူးမသင်္ကာရှာတဲ့။ အကြင် ဒါယကာတွေ ကလဲ။ အ မျက် ပွား။ (သြော်) တဦးအရှင်မပါပြန်တော့။ (တပဲ့တော်မတို့)အခက်သား။ ။ စကိုင်းဘက်ဝယ်။ "မှိုင်း"ရက် တလယ်လယ်ရဲ့။ ကိုင်း ဘယ်နှယ် လုပ်ကြမတုန်းရယ်လို့။ ဒုက္ခအလုံးတွေကိုမမြင်ချင်ပါသဖြင့်။ ဆင်ခြင် ခါနေပါတုန်းတွင်မှု။ ရွှေသင်္ဘာဘုန်းတော်သခင်။ အရှင်ဆရာစံခဲ့တဲ့။ သာလာယံ။ ကောလိပ်,ခပန်းတွင်မှ။ ဘာဝနာသံ။ လောဂျိတ်, ကမ္မ ဋ္ဌာန်းတွေသို့။ တောပရိတ်ပန်းတွေမန်းစရာ (ဥုံ) မခံတဲ့။ ဂဋ္ဌုန်ပျံ ဂါထာတွေ့ပြန်တော့။ သာ[illegible]ပင် စိတ်မကောင်းတဲ့ပြင်။....ကောလီ

ဇာတ်မလယ်တလယ်မှာ။လောကီဓာတ်တကယ်မှကောင်းပမလားလို့။ ရှေးဟောင်း။ နောင်အတိတ်ကိုဖြင့်။ နိမိတ်ပုံ။ ဒိဋ္ဌုံကျမ်းတွေနှင့်။.... မြတ်ဆရာ ဘတ်ခါစမ်းပါအုံး။.... ဘယ်ဆီ ရွယ်ရည်လို့ လွမ်းရပ။ (အမယ်မင်း) ဗဟန်းအဆင်းက။ ဘန်းတသင်းတို့နှင့်တကွ။ အောက်တဝှန့်မြန်မာတလွှားမှာဖြင့်။ ကြောက်ရှုံစရာများမှာလ။(အိုဆရာမှိုင်းကြီးရဲ့) SUN ဆန်းသတင်းဆီက။ တမ်းချင်းဖြင့် လျှောက်ဝံ့ပါသဘုရား။

ဂင်းအထက်ပါ။ ကဗျာလေးချိုးကြီးအပြီး၌။ တနည်းတဖုံ ပါရှိတဲ့ ဂဋ္ဌုန်ပါဋိတို့ကို။ အာဒိဝန်သရုပ်ပေါ်အောင်။ ထုတ်ဘော်ဟောပြမှ။ တောရသူဝေနေယျာတို့မှာ။ သေချာ ဃ,ဏ,။ သိရပါမည့်အကြောင်းနဲ့လည်း။ တောင်းပန်လျှောက်ထားသော စာလွှာတွင်။ ပါလာတဲ့ ဥဒါဟရုဏ်မှာလည်း။

ဂဋ္ဌုန်ပျံဂါထာ, ပဏာမ။

(၁) ဂဋ္ဌုန် ဂဋ္ဌုန်၊ တိလောကဂ္ဂံ၊ အပျံ အပျံ၊သုမုတ္တကံ။
နာထံ နာထံ မဟာပုညံ၊ ညာဏံ ညာဏံ နမာမဟံ။

(၂) ဂန္ဓံ ဂန္ဓံ သုဂမ္ဘီရံ၊ ဒဿံ ဒဿံ သုနိမ္မလံ။
နေတံ နေတံ ဓမ္မဥ္ဇဿ၊ မိတံ မိတံ နမာ မဟံ။ ။

(၃) ဋ္ဌိတံ ဋ္ဌိတံ သုဒါယဇ္ဇံ၊ ခေတ္တံ ခေတ္တံ မုနောရသံ။
ရမံ ရမံ တိဝစ္ဆေဒံ၊ သုတံ သုတံ နမာမဟံ။ ။

(၄) သီလံ သီလံ မဟာဝါရံ၊ ဓီရံ ဓီရံ သုသင်္ဟံ။
ပညံ ပညံ သုတိညာတံ။ ပညံ ပုညံ မမံ ဂုရုံ။ ။
(အဗျပေတ အာဒိယမက ပဋ္ဌာဝတ္တဂါထာ)

(၅) ဝတ္ထုတ္တယဿ ဂုရုနော။ ဝန္ဒနံ ယံ ကတံ မယာ။တဿဗ္ဗ
လေန သောသေတ္ဆာ။ အန္တရာယော အသေသ
တော။ ။

(ပဋ္ဌမ နကာရဝိ[illegible]လာဂါထာ)

ယင်းသို့လျှင်။ အကြင်မန္တလေး။ ခင်တုတ်က။ တမုဟုတ်ခြင်း။ ယင်းသို့သော ရန်ကုန်မြို့ကြီး၏မျှုံ့ထီး အသရေဂုဏ်။ ရွှေဒဂုန်ဘုရားကြီး၏ တရားတည်းဟူသောရောင်ခြည်တော်ကွန်ယက်တို့ကို။ ဖြန့်ကြက်တော်မူရာ။ မဟာသိဂ်ုတ္တရတောင်တော်အဆင်း။ ယင်းသို့သော ဗဟန်းရပ်၌။ မဏ္ဍပ်နှင့်တူလှစ္ဆာသော သာလာယံဇရပ်ခါးပန်း၌။ ခတ်ဆန်းဆန်းတွေ့ရှိပါသည်ဆိုသော။ ထိုမည်သောဂါထာဗန္ဓတို့ကို။ ဘတ်ပြလျှောက်ထားသည့်အလုပ်ကို။ ကျုပ်တို့ကို အမှူးထား၍။ အများသောထေရီဂိုဏ်းဝင်။ သူတော်စင် ၆ ကျိပ်ကျော်တို့။ ပျော်ပျော်ပါးပါး။ ကြားနာပြီးကာလ။ အာစ, လျှာစနှင့်။ အာက ဒါယကာမဟူ၍ ဆိုသင့်သော။ အမြင့်သူမ, ရူပဝတီက။ အနှီသို့ လျှောက်ထားပြန်ချေတမုံ့။

အဘယ်သို့ လျှောက်ထားပါသနည်းဟူမူ။ "တောသူ တောင်သားတို့၏ ဆရာ။ မဟာယောဂီ။ တောမှီသူမွန်။ ပုဂ္ဂိုလ်ချွန်ကြီးဘုရား။ ယခုအခါ။ ဆရာ၏ အထံတော်မှောက်၌။ ဘတ်လျှောက်တဲ့စာများဟာ။ သိကြားမင်းချတဲ့ရွှေပေလွှာလား။ သို့မဟုတ်ငြားလျှင်လဲ။နဂါးဂဋ္ဌုန်။ ကုမ္ဘဏ်ယက္ခ။ ဂန္ဓဗ္ဗနတ်များ။ ရေးထားရော့သလား။ တပါးထို့ပြင်။ အကြင်သို့သောလူငယ်ရှင်ငယ်ပဉ္ဇင်းငယ်တို့က။ ဘယ်ဝယ်ဘယ်လို။ ထိုထိုသောမေတ္တာနှင့်။ ပစ်စာများချရော့သလား။ ခြားနားစွာသိရအောင်။ တပည့်မရူပဝတီက။ အဥ္ဇလီ အမြောက် အများနဲ့။ လျှောက်ထား ပါတယ်"ဟု ဆိုရာ။ ထိုအခါကာလ။ ဆရာက တဖန်။ သဘော ကျကြအောင်။ ဟောရ ပြောရ ပြန်သည်ကား။ "အိုများစွာသော တပည့်မ အပေါင်းတို့။ ၎င်းမန္တလေး ခင်တုတ် ဘတ်ပြတဲ့။ ဇရပ်က ဆိုတဲ့ ပါဌ်ပဒပါဋ္ဌိ များသည်ကား။ သိကြားတို့။ နဂါးတို့။ ဂဋ္ဌုန်တို့ ရေးသား ချထားအပ်သော ရွှေပေလွှာလည်း မဟုတ်။ လူငယ် ရှင်ငယ် ပဉ္ဇင်းငယ်များ။ ခြယ်လယ်ရေးသား။ ထားအပ်သော စာလည်းမဟုတ်။ ဂဝံပတေ့ ရသေ့ စျာန်ပျံ။ ငမှန်ကန် တို့၏သိုက်စာလည်း မဟုတ်။ နန်းတော်ရှေ့ ဆရာတင်၏တပေါင်စာလည်းမဟုတ်။ ကျွန်ုပ်တို့မြန်မာပြည်ခေတ်၌။ အသစ်ဖြစ်သော သဒ္ဒါကျမ်းမျိုး အပါအဝင်။သာသနာတော်တွင် ထင်ပေါ် ကျော်စောသည့်

"ဝိဂ္ဂိုဟ်မသန်။ဂဋ္ဌုန်ပျံ" ဟူသော ကျမ်း၏နိသျ။ နိဒါန်းအစ။ပဏာမ ဂါထာများ ဖြစ်ချေသည်တကားဟု။ ပြောကြားတော်မူရလေ၏။

ယင်းသောအခါ။ ဘေဒါရီတို့။ကေသာဝတီတို့က။ ဤအဆိုပါ ဂါထာ၏ရှိပုံ။ ဂဋ္ဌုံ ဂဋ္ဌုံ ဆိုတော့။ ဟိုဗဟန်းသူ မစန္ဒာတို့မှာ။ ဘာမသိ ညာမသိနဲ့။ ထင်မိထင်ရာတွေးပြီး။ ပူဆွေးဒုက္ခရောက်ကြမှာပ။ အညာ က တပည့်မတွေလဲ။ ဒီအကြောင်းအရာကို ကောင်းစွာ သိကြမယ် မဟုတ်ပါဘူး။ ကျေးဇူးရင်ဆရာမြတ်က။ ဂါထာပါဠိ သဘောအလာ ကို။ ယောဇနာအနက်ပြန်မှ။ အမှန်ကိုမှတ်ရပါတော့မည်ဟု။ မပီက လာ ပီကလာနှင့်။ တီတီတာတာလျှောက်သည်များကို။ သနားရှေးရှု။ အာရုံမူပြီးကာလ။ သဒ္ဒနယ။ အတ္ထနယတို့နှင့်။ ပါဠိအရ သရုပ်ပေါ် အောင်။ ထုတ်ဘော်၍မဟောကြားမီ။ ဤမည်သောညဘက်၌။ လ, ထွက်စ အချိန်။ ဆိတ်ငြိမ်သောကာလ။ ဓမ္မကထိက။ ဓမ္မသေနာပတိ အစစ်။ ဖြစ်ကြီးဖြစ်တော်မူသော သာယာဝတီ ဦးညေးယျ မထေရ် ကျော်သည်။ပြည်တော်သူပြည်တော်သားတို့။ နိုးကြားဘို့ရာ။ဒေသနာ ဓမ္မောဇကို။ ဟောပြတော်မူတဲ့အတိုင်း။ ကသိုဏ်းပွင့်ပန်းမာလာတို့ကို။ ဘန်းခမျာတပည့်မတို့နှင့်တကွ။ သိသိသမျှ။ ရှိရှိသမျှသော။ ဒါယကာ ဒါယိကာမတို့။ သဒ္ဓါဗလဝ ဥာဏ်ယှဉ်၍။ ပန်ဆင်စေလိုကြောင်း။ ။ ၎င်းပြင်တခါ။ ရှင်မဟာရဋ္ဌသာရ ပုဂ္ဂိုလ်ကျော်စပ်ဆိုတော်မူတဲ့ "ထိုမှ တတည်။ မင်းဟူသည်တုံ။ လေးကျွန်းစုံကို။ လွှမ်းခြုံဘုံမြင့်။ ကဲမိုးကျင့် ကို။ တတ်လင့်ကစား။ ခြောက်တံခါးဝယ်။ ခြောက်ပါးအာရုံ။ ကြုံ လတ်သောအခါ။ အဘိဇ္ဈာနှင့်။ မျက်ပါဒေါမနသ်။ ပဋိဃာတ်က။ စသည်ရုတ်ရက်။ စိတ်ထဲပျက်၍။ သူဖျက်သူလှောင်။မဝင်အောင်တည့်။ မရှောင်နိုင်အား။ တပါးပါးမျှ။ စိုးမရခဲ့။ ပြင်ပရာဇာ။ သမိုက်ပါ လည်း။ တဏှာသခင်။ အရှင်ထင်းလင်း။ ကျွန်ရာသွင်း၍။ သေမင်းတ မန်။ အဖန်ဖန်လျှင်" ဟု ဆိုသောအရ။ ထိုလောကကြီး အတွင်း၌။ မင်းသော စိုးသော သူခိုးသော ထားတိုသော။ ဟာ ကုန်ကုန်ပြော လိုက်မယ်။ လေးကျွန်းလုံးမှာ တန်ခိုးပြပြီး။ အစိုးရတဲ့စကြာမင်းကြီး။ ဖြစ်စေကာမူ။မျက်စိနားနှာစတဲ့။ဒွါရခြောက်ပါး။ ခြောက်တံခါးမှာ။ သနားကမား ရှိတယ်။ ချောတယ်။ ယဉ်တယ်။ လှတယ်လို့။ထင်ရ မြင်ရတဲ့ ရူပါရုံစတဲ့ အာရုံခြောက်ပါးမျှား တွေ့မှဖြင့်။ အဘိဇ္ဈာတို့။

ဒေါမနဿတို့နှင့်တူတဲ့။ သူပုန်သူကန်။ တော်လှန်သောင်းကျန်းခြင်းတို့။ ကင်းရှင်းဘို့ရာ။ ဘာမှမတတ်နိုင်ရှာဘူးတဲ့။ အနို့ပြီးတခါ။ ကမ္ဘာပေါ်တွင်။ ရှင်ဘုရင် ရှင်ဘုရင်နဲ့။ အထင်ကြီးနေပါသမို့လဲ။ တဏှာလောဘဆိုတဲ့။ ဩချလောက်တဲ့။ ဘုရင့်ထက်ဘုရင်။ သခင့်ထက်သခင်ကြီးကတထွေ။ သေမင်းကြီးကတဖုံ။ ရာဇဂုဏ်ရှမှဖြင့်။ အစစမှာ။ ဂွကျကုန်တာဘဲတဲ့။ ။အဲ အသို့မို့ကြောင့်။ လောဘတဏှာရှင်ဘုရင်တွေနဲ့။ သေမင်းငင်ဘုရင်တွေနဲ့။ ချိတ်ငင်တွယ်ဆက်တဲ့။ စက်သံသရာ။ လတာပြင်မှာ နစ်မြုပ်ရတဲ့။ ညစ်စုတ်ယုတ်မာ။ ရွံစရာကျွံရတဲ့။ ကျွန်ဘဝ ဝဋ္ဌတွင်းက။ လွတ်ကင်းကြဘို့ရာ။ တို့ဗမာသီလရင်တို့က။ အကြင်သို့သော ကျွတ်ပွဲလွတ်ပွဲကို။ ကြဲကြနွဲကြမှ တော်တော့မပ။ ဘော်ကြော့လုပ်မနေကြနဲ့။ ကြားရဲ့လား ဥပါသိကီမကြီးအရီးစိမ်း။ အင်း ဒကမကြီးက ငိုက်နေထင်ပါရဲ့။

အရီးစိမ်း။ ။"တပဲ့တော်မက။ ထိနမိဒ္ဓ,တဆိတ်ကြီးလို့မို့။ အိပ်ပြီးရင်း အိပ်ချင်ရင်း ဖြစ်နေတယ်။ သြော် အရွယ်ကကြီးတော့။ ပုတီးတောင် မစိပ်ချင်ဘူး မောင်ရင်မှိုင်းရဲ့"။

အင်း အိပ်ချင်တဲ့ အာရုံကို။ ရတနာပုံအရိပ်ပြပွဲစွဲသလို။ အနိစ္စကဘဲလို့။ စိတ်ကမြဲမှပ။ ဒကမကြီးရဲ့။ ။ဂဋ္ဌုန်ပျံပဏာမ၏။ လာသမျှသဘောများကို။ ဟောကြားတော်မမူမှီရှေးအဘို့၌။ ရေးမလို့အမှတ်ရတဲ့။ ၂ ထပ်ချတေးထပ်ကို။ ဘတ်ကြဘို့ရေးစပ်အုံးမယ်။ အမှတ်တရ၊ လေးလေးမြတ်မြတ် မှတ်ကြနှောဟု ပြောပြီးလျှင်။ အောက်တွင်ပါရှိတဲ့။ နိဒါနကဗျာကို။ ဆရာတဖန်။ ရေးတုံပြန်သတည်း။

နှစ်ထပ်ချတေးထပ်ကား။

ဂဋ္ဌုံပျံချနက်တဲ့။ လိုထွက်စကလေးမှာ။ ညဘက်မှရေးပါသည်။ ရှေးဆရာကိုမှိုင်း။ ။'သျှင်ညေးယျ' မထေရ်ကျော်လျှင်။ ပြည်ပေါ်တွင် ဟောသည့်အတိုင်း။ ။သဒ္ဒါထွက် အနက်ဥာဏ်မှာ။ စက်ဓမ္မကွန်တနှိုင်း။ အထက်မြန်စကိုင်းက။ ကသိုဏ်းပွင့်မာလာ။ ။တဒေဝီ

ကေသီထုံးသူတို့။ ရွှေပြည်လုံး ကုံးလို့ပန်ပါ။ ။ပြုံးဘို့ဖြင့်ဖန်လာပြီ။ သံသရာနှံ့နစ်တဲ့။ ကျန်ခေတ်လဲ့ဘို့မှန်းယူ။ ကြဲစို့တန်းတူ။ ။နှံ့သမို့သာပ။ အဲအနို့ဘန်းမှုမှုတယ်။ ဘဟန်းသူကျက်စမ်းတော့လေး။

(အို့) ရဲနဂိုရိ့ပေမို့။ အမြဲကို့တနှန်းထူတယ်။ မန်းဇမ္ဗူမက်ခန်းပေါ့လေး။

ထိုသို့သော တေးထပ်ကဗျာဖြင့်။ အညာရတနာပုံမန်း။ ရွှေစက်တော်မန်းတို့၌။ ကမ္မဋ္ဌာန်းတပ်စွဲ၍။ ရဲရဲကြီး ကျင့်ကြံနေထိုင်တော်မူကြကုန်သော တပါ့မသီလရင်။ ထို့ပြင်တသိုက်။ ပရိဗိုဇ်တက္ကဒ္ဓန်းတို့အား။ တိုက်တွန်းချက်တေးထပ်ကို။ ရေးစပ်ပြီးလျှင် ပြီးခြင်း။ ယင်းအဆိုပါ။ လိုရာလိုရာသဒ္ဒါဘက်တို့၌။ လျှာသွက်အောင် ဂုဏ်လျှံတဲ့။ ဂဠုံပျံနိသျှ၏။ တကိစ္စအနက်ပေါ်အောင်။ မြှက်ဘော်ဟောကြားပိမ့်။ တောတလွှားရဂုံယံ၌။ ဂဠုန်ပျံကမ္မဋ္ဌာန်းထင်ပြီး။ ဘန်းတခွင်တပည့်မတို့မှာ။ ပြည့်ဝသော ပတ္ထနာဆုဖြင့်။ ကိုင်း သာဓုခေါ်လိုက်ကြအုံး။

(ထိုရောအခါ။ သဘယာစ္ဆာသောအသံတို့ဖြင့်။ မြို့ငယ်တော်သူ။ ဟူဟူသမျှအပေါင်းတို့က။ သောင်းသောင်းညာညာ။ ကောင်းစွာသဒ္ဒါသမူဖြင့်။ ညီညီညာညာ။ သာဓုမျှားခေါ်ကြလေ၏တည်း)။

ဂဠုံဂါထာ၏ ယောဇနာအနက်။

(၁) အဟံ၊ ယောဂီဆရာ။ သူမြတ်စွာဟု။ သညာမည့်ခေါ်။ တပည့်တော်သည်။ ဂဠုံ၊ ဘာဝနာမြတ်။ သမာပတ်ကို။ မပြတ်စီစွေး။ အလေးဂရု။ ပြုတော်မူထသော။ အဂဠုံ၊ ပစ္စည်းပစ္စယ။ အာမိသ၌။ ဘာတဆိတ်ကမှ တွေးမှတ်ပြီး။ လေးမြတ်စွာမှု။ ပြုတော်မမူထသော။ (၀၊ တနည်းကား) ဂဠုံ၊ လူရွေးနတ်ဖြစ်။ ဗြဟ္မာဗိုလ်ခြေ။ အထွေထွေတို့။ ရှိသေသမှု။ ပြုအပ်ထသော။ အဂဠုံ၊ အလေးအမြတ်။ ပြုအပ်သသူ။ ထုတ်ပြူပေါ်ပေါက်။ တယောက်တလေမှ။ မရှိထသော။

[ယင်းကဲ့သို့ပေးအပ်သော အနက်ဂုဏ်။ ' ဂဠုံ ' ပါဠိမှာ။ ' တိသရဏေန၊ သဟနဝဂ်သမ္ပန္နဂဂ်ာ ဥပေါသထသီလံ။ သာဓုကံ

'ဂရုံ' ကတွာ အပမာဒေန သမ္ပာဒေထ' ဟူရာ၌ ပါရှိတဲ့ 'ဂရုံ' ကဲ့သို့ မှတ်ကြရမည်။ ။ဤကား စကားချပ်]။

တိလောကဂ္ဂံ၊ လူသုံးပါးတို့ထက် မြတ်တော်မူထသော။ ဝါ။ သတ္တလောက။ သခ်ါရလောက။ ဩကာသလောကဟု ဆိုအပ်သော လောကသုံးထပ်။ ဘုံသုံးရပ်၌။ လူနတ်ဗြဟ္မာ။ သတ္တဝါတို့ထက်။ ဆထက်ရာထောင်။ မကအောင်လျှင်။ အခေါင်တမ္ဘတ်။ အဆင့်ဆင့်ထပ်လို့မို့။ မြင့်မြတ်တော်မူထသော။ အပျံ၊ တဏှာမာန။ အာသဝနှင့်။ ရာဂအစရှိပေတဲ့။ ကိလေသာဓာတ်။ မကပ်မတွယ်။ စင်ကြယ်သန့်ရှင်းတော်မူထသော။ အနပျံ၊ ဝေနေယျကြာ။ သတ္တဝါအပေါင်းတွေတသင်းကို။ ကောင်းစေခြင်း မဟာဂရုဏာနှင့်။ မချာနေ့ည။ဘက္ခမကင်း။ ကြည့်ရှုတော်မူခြင်းမှ။ မကင်းမလွတ်တော်မူထသော။ သုမုတ္တကံ၊ ဂတိငါးပါး။ ဘုံငါးပါးဝယ်။ အလားအလာ။ ခြားကွာလွတ်လပ်တော်မူပြီးထသော။ နာထံ၊ လူတော်ကောင်း သူမြတ်လောင်းတို့။ ညွှတ်ပျောင်းကာပ။ ဂါရဝနှင့်။ ပဏာမအမျိုးမျိုးတို့ဖြင့်။ ကိုးကွယ်ရာ တဆူ။ ဖြစ်တော်မူထသော။ အနာထံ၊ တက္ကဒွန်းဒီဋ္ဌိ။ အစရှိတဲ့။ ဝိရောဓိ စရိုက်မှောင်သည့်။ အမိုက်ကောင်အမျိုးအနွယ်တို့။ ကိုးကွယ်ရာ မဟုတ်ထသော။ (တနည်းသော်ကား) နာထံ၊ သတ္တဝါဗိုလ်ခြေ။အထွေထွေသော ဝေနေယျတို့၏။ သဏ္ဌာနအတွင်း။ ကိန်းဝပ်ရင်း ရှိချေပါသော။ ကိလေသာသခင်။ ရှင်ဘုရင်ကို။ ဂဋ္ဌုန်ယာဉ် သူရကန်ထက်။ ပူပန်စေတတ်ထသော။

[ဤအနက်ကား။ ရှင်သဒ္ဓမ္မနန္ဒမထေရ်။ စီရင်တော် မူအပ်သော။ ကပ္ပလင်္ကာရ မည်သော ဝိဇ္ဇာသိဒ္ဓိကျမ်း၌။ ။" စတုဇုတ္တိသမ္ပန္နဿ။ မေရုရာဇ ပရိဝါရေ၊ ယုဂန္ဓရေ မဟာဇဝေါ။ ဧကော ဂရုဋ္ဌအတ္ထိ,သော။ ။စတုဇုတ္တိသမ္ပန္နဿ၊ လေးပါးသော အရောင်ဖြင့်ပြည့်စုံသော။ မေရုရာဇဿ၊ မြင်းမိုရ်တောင်မင်း၏။ ပရိဝါရေ၊ အခြံအရံဖြစ်သော။ ယုဂန္ဓရေ၊ ပုဂန္ဓိုရိတောင်ဖျား၌။ မဟာဇဝေါ၊ အလွန်လျင်ခြင်းရှိသော။ ဧကော ဂရုဋ္ဌော၊ ဂဋ္ဌုန်ခေါ်မြွက်။ ငှက်တငှက်သည်။ အတ္ထိ၊ ရှိ၏"။ ။ဟု မိန့်မှာတော် မူသည့်အတိုင်း။ ခိုင်းနှိုင်းလေးမြတ်အောင်။ ပေးအပ်သော အနက်ပေတည်း။ ။ဤလည်းစကားချပ်။]

အနာထံ၊ အမူဟန်ပန်။ သူရကန်ထက်။ ပူပန်တတ်ငြား။ဓာတ်
တရားကို။ မြတ်ဓားရှင်းထွင်။ ကင်းစင်တော်မူထသော။ မဟာပုညံ၊
ကြီးကျယ်မြင့်မြတ်။ ဆင့်ဆင့်ထပ်၍။ တင့်အပ်သော အသရေမဆုံးနိုင်
တဲ့။ ရွှေဘုန်းတော်လည်းရှိထသော။ ညာဏံ၊ ခပ်သိမ်းဥဿုံ။ အလုံး
စုံသော တရားတို့ကို။ ပိုင်းခြားထင်ထင်။ သိမြင်တော်မူပြီးထသော။
အညာဏံ၊ မသိအပ်သည်။ တမည်မရှိ၊ ဖြစ်ဘိတော်မူထသော။ ဗုဒ္ဓံ၊
သစ္စာလေးဆင့်။ ပွင့်ကြီးပွင့်သည့်။ သခင့်သခင်။ ရှင်ပင်ကိုယ်တော်
မြတ် ဘုရားကြီးကို။ နမာမိ၊ ရွှေကြာပဒုံ။ လက်ဆယ်စုံဖြင့်။ ကြည်ယုံ
မြတ်နိုး။ ရှိခိုးပူဇော်။ ဖူးမျှော်မာန်လျှော့။ တန်တန်ရှော့၍။ကန်တော့
ပါ၏ ဘုရား။

(၂) နတ္ထာ၊ အမြတ်တနိုး။ ရှိခိုးပူဇော်။ ဖူးမျှော်မာန်လျှော့။
ကန်တော့ပြီး၍။ ဂန္ဓံ၊ အစအဆုံး။ ဘဝမမုန်းနိုင်အောင်။ သုံးပါးလုံး
ကောင်းခြင်းဖြင့်။ ပန်းမင်းမာလာ။ အာသာဝတီ။ နွယ်နီပျံ့ကြူ။
မဥူသက။မမျှဘက်ဝေး။မွေးချင်ဘိုင်းမွေးအံ့ဟူသော။ ရနံ့လည်းရှိထ
သော။ အဂန္ဓံ၊ ကိလေသအာရုံ။ ကာမဂုဏ် တည်းဟူသော။ ကြာမုံ
ရနံ့တို့ဖြင့်။ ထုံပျံ့ကြိုင်လှိုင်ခြင်း မရှိထသော။ သုဂမ္ဘီရံ၊ အလွန့်
အလွန်။ မွန်ထက်မွန်၍။ ထူးချွန်ခက်ခဲ။ ဝက်ဝက်ကွဲအောင်။ နက်နဲစွာ
ထသော။ဒဿံ၊ အရိယာဂိုဏ်းဝင်။သူတော်စင် အရှင်မြတ်တို့သာ မြင်
အပ်ထသော။ အဒဿံ၊ အနရိယာဂိုဏ်းဝင်။ အရိုင်းတွင်သူတို့။ မမြင်
နိုင်ထသော။ သုနိမ္မလံ၊ ကိလေသာ အာရုံ။ ဝါသနာအထုံ အညစ်
အကြေးတို့မှ။ ကင်းဝေးကြောင်းမှာ။ ကောင်းစွာ စင်ကြယ်ထသော။
နေတံ၊ အမြှိုက်ဝေယန်။ နေရဗန်သို့။ ဧကန်ပို့ဆောင်ပေတတ်ထသော။
အနေတံ၊ တကယ်မအေးအောင် ဆိုတဲ့။ အပါယ် လေးဘောင်ကို။
မဆောင်တတ်ထသော။ မိတံ၊ သူတော်အပေါင်း သူမြတ်လောင်းတို့။
ကောင်းကောင်းကြီး မြတ်နိုးအပ်ထသော။ အဿ၊ မြတ်လှစွာသော
ရှင်တော်ဘုရား၏။ ဓမ္မဥ၊ မဂ်လေးတန်။ ဖိုလ်လေးတန်။ နိဗ္ဗာန်ပရိယတ်
တရားတော် မြတ်ကိုလည်း။ နမာမိ၊ ဘယ့လာဘ။ ကုလ့မဘက်။
သက်သက်မြတ်နိုး။ အမြတ်ကိုးလျက်။ ရှိခိုးဦးခိုက်။ ပူဇော်လိုက်ပါရဲ့
ဘုရား။

(၃) နတ္ထာ၊ အမြတ်တနိုး။ ရှိခိုးဦးချပြီး၍။ ဌိတံ၊ ရှင်တော်

ဘုရား။ ထားအပ်သော ပညတ်တော် ဒေသနာ၌။ စေတနာ ဝသီလှ လျက်။ တည်ပခြင်းရှိတော်မူထသော။ အဋ္ဌိတံ၊ ပညတ်တော်မှ အပ။ ဗာဟိရလုပ်ငန်းတို့၌။ မသန်းမငွေ့။ ပြကတေ့မတည်ထသော။ သုဒါ ယဇ္ဇံ၊ ဘုရားပရမေ။ သုံးလူ့ဆွေ၏ အမွေတော်ခံအစစ် ဖြစ်တော်မူထ သော။ ခေတ္တံ၊ မိမိတို့ပြုလိုတဲ့ ကုသိုလ်ကောင်းမှု အစုစုတို့၏ စိုက်ပျိုး ရာ။ လယ်တာကန်ချောင်း။ မြေကောင်းသဘွယ်လည်း ဖြစ်ထသော။ အခေတ္တံ၊ မကောင်းပြုလို။ အကုသိုလ်မှု။ ဒုစရိုက်တည်းဟူသော ကလီ ကမာတို့၏ မှိရာတည်ရာ မဖြစ်ထသော။

[အနှီ "ကလီကမာ" ဟူသောပုဒ်ကို "ကလိံ ဒေါသံ ကရော တီတိ ကလီကမာ" ဟု ဝိဂြိုဟ်လှစ်။ ။"ကလိံ ဒေါသံ၊ အပြစ်ကို။ ကရော တိ၊ ပြုတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ကလီကမာ၊ ကလီကမာ မည်၏"။ ။ဤဝိဂြိုဟ်အရ။ ယခုကာလ မြန်မာများထိုအချိန်၌။ "ကို ကလိန်" သီချင်းပေါ် သည်မှာ။ လျော်အံ့မထင်။ ဆင်ခြင်ပါကုန်။ ။ ဤလည်း စကားစပ်မိ၍။ အကြားအကြားမှာညှပ်လိုက်သော။ စကား ချပ်ပင်တည်း။]

မုနောရသံ၊ ဘုရားချစ်ရှင်။ တို့ထိပ်တင်၏။ ရွှေရင်တော်နှစ်။ တအားမြှော်လောက်သည့်။ သားတော်စစ်လည်းဖြစ်တော်မူထသော။ ရမ္မံ၊ လူရောနတ်ပါ။ ဗြဟ္မာမကြွင်း။ သာတြင်းဖြင့်။ ဖြည့်တင်းမွေ့ လျော်။ ပျော်ဘွယ်ရာလည်းဖြစ်ထသော။ အရမ္မံ၊ လောကသုံးခွင်။ ဘုံသုံးပြင်၌။ ပျော်ရွှင်နှစ်ခြိုက်။ ကြိုက်ခြင်းမရှိထသော။ တိဘဝစ္ဆေဒံ၊ ဖြတ်အပ်ပြီးငြား။ သုံးပါးသောဘဝရှိထသော။ သုတံ၊ လူ့ထံနတ်ရွာ။ ဗြဟ္မာတကြော။ အတော်သြလောက်အောင်။ ကျော်စောထသော။ (တနည်းကား)။ အကြားအမြင်ကို ဆောင်ထသောလည်းဟူ၏။ ။ အသုတံ၊ ကိလေသာစက်။ သုံးထောင်ဝက်ကို။ သံလျက်အိမ့်ဓါး။ ပယ်ပြီးသားမို့။ ကြားမြင်ခြင်းတောင်မှ မရှိထသော။ သံဃံ၊ မဂ္ဂ ဖလဌာန်။ သူမွန်ရှစ်ဖြာ၊ အရိယာသခင်။ အရှင်သံဃာတော်မြတ်ကို လည်း။ နမာမိ၊ မြတ်မြတ်နိုးနိုး မပြတ်ကိုး၍။ ရှိခိုးပါရဲ့ ဘုရား။

(၄) နတွာ၊ အမြတ်တနိုး။ ရှိခိုးတဲ့ပြီး၍။ သီလံ၊ အလေ့ အလာ။ သိက္ခာပဒမ်း။ ပညတ်တမ်းကို။ တတ်စွမ်းသရွေ့။ ကျင့်ကြံ လေ့ရှိထသော။ မဟာဝါရံ၊ ထံပါးကပ်ရပ်။ အပါးပါးထပ်လေ

အောင်။ များမြတ်သောဂိုဏ်းသံဃာ။ ဒကာဥပါအခြံအရံရှိထသော။ မိရံ၊ သုံးလူ့မြတ်စွာ။ စောသတ္ထာ၏။ သာသနာဘုံ။ ချမ်းရိပ်မြုံ၌။ မတုန်လှုပ်ဘဲ။ အမြဲတစေ။ တည်နေတော်မူထသော။ အဓိရံ၊ သာသနာတော်မှအပ။ ဗာဟီရအပေါ်၌ တည်တော်မမူထသော။ သုသင်္ဟံ၊ တပည့်တပန်း။ ရဟန်းသားချင်း။ သိတင်းသုံးတော်များကို။ တတ်အားသမျှ။ ထောက်မသင်္ဂြိုဟ်တတ်ထသော။ ပည့်၊ ပိဋကတ္တယ။ ကောဝိဒဂုဏ်လောက်လုံချိန်စာ။ အရာရာ၌။ လိမ္မာသောပညာရှိထသော။ အပည့်၊ ပစ္စုပ္ပန်သံသရာ။ နှစ်ဖြာချန်မှန်။ ထေရ်တံခွန်မို့။ အလွန်လိမ္မာသော ပညာရှိတော်မူထသော။ သုဘိညာတံ၊ လေးရပ်ရှစ်ရပ်။ ဆယ်ရပ်ခန်းဝါ။ ရပ်မျက်နှာတို့၌။ လွန်စွာထင်ရှားတော်မူထသော။ ပုည့်၊ အကျင့်ဓူတင်။ ဂူလိုဏ်ဝင်၍။ ဖြူစင်စိတ်သာ။ သိက္ခာကာမ။ မာမကမို့။ ကာယ,ဝစီ။ မနောချီသည့်။ သုံးလီသော ကံလည်းရှိထသော။ အပုည့်၊ ကြီးကျယ်မြင့်မြတ်သော။ ဒြပ်ဘုန်းဂုဏ်လည်းရှိထသော။ မမံ၊ မမ။ တပည့်တော်၏။ ဂုရုံ၊ ကျောက်ထီးတန္တု။ အလေးပြုအပ်သော။ သမုတိသံဃာ။ ဆရာမြတ်အပေါင်းတွေကိုလဲ။ နမာမိ၊ သုံးပါးသောကံ။ သုံးတန်ဒွါရ။ ပဏာမတို့ဖြင့်။ ကြည်ဆွသဒ္ဓါ။ ရှိခိုးပါ၏ ဘုရား။

(၅) ဝေံ၊ အနှီသို့။ ဝါ၊ သို့ကလို။ ဝတ္ထုတ္တယသာစ၊ ဦးခိုက်မြတ်နိုး။ မပြတ်ကိုးဘို့။ ရှိခိုးခြင်း၏တည်ရာ။ ရတနာသုံးပါးအားလည်းကောင်း။ ဂုရုနောစ၊ အတတ်လည်းသင်။ ပဲ့ပြင်ဆုံးမ။ နှလုံးလှစေတဲ့။ ဆရာ့ဆရာ။ မြတ်ဆရာအပေါင်းကိုလည်းကောင်း။ ယံဝန္ဒနံ၊ အကြင်အမြတ်တနိုး။ ရှိခိုးမာန်လျှော့။ ကန်တော့ခြင်းကို။ မယာ၊ တပည့်တော်သည်။ ကတံ၊ ယခုတပ်အပ်။ မှုမလပ်အောင်။ ပြုအပ်ပါပြီ။ အဿ၊ ထိုသို့တမျိုး။ ရှိခိုးခြင်းအရာ။ စေတနာ၏။ ဗလေန၊ သတ္တိခွန်အား။ စွမ်းပကားဖြင့်။ အသေသတော၊ အကြွင်းအကျန် မရှိကုန်သော။ အန္တရာယေ၊ ရန်အသွယ်သွယ်။ အန္တရာယ်တို့ကို။သောသေတွာ၊ အကုန်ပျောက်အောင်။ မွေနှောက်ခြောက်ခမ်းစေ၍။ တဲ့.. ကြားရဲ့အား ပုညဝတီ။

ပုညဝတီ။ ။"မှန်လှပါ ဦးထိပ်အပြင်။ ရွက်ဆင်လျက်ပါတရား"။

အိုတပည့်တော်မအပေါင်း။ လူတစီစီမနေချင်တယ်လို့။ တဂူစီ တဂူစီ ပျော်ကြတဲ့ သူတော်ကောင်းရို့။

၀ ၀ ၀

ဆရာမိုင်းကြီးအား တောင်းပန်စာ။

၁၂၉၃-၂-၁၀-၇ နေ့ထုတ် သူရိယသတင်းစာ၌။ ဂဋ္ဌုန်ပျံ ဒီပနီဌီကာနိဒါန်းကို ဘတ်ရသည်မှာ ဝမ်းမြောက်ခြင်း ရှိပါသည်။ ယင်းနိဒါန်းတွင် "အပျံ၊ တဏှာမာန။ အာသဝနှင့်။ ရာဂအစရှိပေတဲ့ ကိလေသာဓာတ်။ မကပ်မတွယ်။ စင်ကြယ် သန့်ရှင်းတော်မူထသော အနပျံ၊ ဝေနေယျကြာ။ သတ္တဝါအပေါင်းတွေ တသင်းကို။ ကောင်းစေခြင်း မဟာကရုဏာနှင့်။ မချာနေ့ည။ တက္ခမကင်း။ ကြည့်ရှုတော်မူခြင်းမှ။ မကင်းမလွတ်တော်မူထသော" ဟူ၍ "အပျံ" သဒ္ဒါကိုစင်ကြယ် သန့်ရှင်းခြင်း အနက်။ ကင်းလွတ်ခြင်းအနက် ပြန်ဆိုပါသည်။ ထို့ကြောင့်။ ထို "အပျံ" ကို မည်သည့်ကျမ်း မည်သည့် အချက်၌ မည်သို့ ရှေးဆရာတို့ ပြန်ဆိုသည်ကို ဆရာတွေ့ဘူးက သိမှတ်လိုပါသည်။ အမိန့်ရှိရန် တောင်းပန်ပါသည် ခင်ဗျား။

သိမှတ်လိုသည့် အကြောင်းကား။ ။"ကိုယ်လက် သန့်ပြန့်သည်။ အချက်အပြုတ်သန့်ပြန့်သည်။ "ရောဂါပျံ့နှံ့သည်" ဟူ၍ ဝေါဟာရရှိသည်တရပ်။ "သတင်းပျံ့နှံ့သည်" ဟူ၍ ဝေါဟာရ ရှိသည်တရပ်။ ယင်း ၂ ရပ်တွင် "ပျံ့" ၂ပျံ့၏ အနက်မတူပဲ ရှိနေသည်။ သန့်ပျံ့တွင်။ အနက် "ပျံ့" ကို သန့်ရှင်းစင်ကြယ်ခြင်းအနက်။ ကင်းရှင်းခြင်းအနက်၌ သုံးဟန်ရှိသည်။ ပျံ့နှံ့တွင် "ပျံ့" ကို အဝေးသို့လွှင့်ခြင်း။ ပေါက်ရောက်ခြင်းအနက်၌ သုံးဟန်ရှိသည်။ ထိုသို့လျှင် "သန့်ပျံ့" တွင် "ပျံ့" ၏အနက်မှာ ဆရာ့နိဒါန်းပါ။ ပြန်မာဘာသာ "အပျံ့" ၏ အနက်နှင့် ထပ်ဘူဖြစ်နေသည်။ အပျံ့နှင့် အပျံ့ဟူသော အသံချင်းလည်း နီးစပ်ကြသည်။ "ပျံ့" မပါပဲ။ "လူရည်သန့်သည်။ အချက်အပြုတ် သန့်သည်။ တသန့်တသန့်။ငှက်ခါးတောင်ဖြူသကဲ့သို့" စသဖြင့် ဝေါဟာရရှိ၏။ "အချက်

အပြုတ် ပျံသည်။ လူရည်ပျံသည်" ဟူ၍ "ပျံ" သက်သက်ကို စင်ကြယ်ခြင်းအနက်၌ သုံးသောဝေါဟာရမရှိ။ ထိုကြောင့် "သန့်ပျံသည်" ဟူသော ဝေါဟာရမှာ။ "သန့်သည်" ဟူသော ဗမာစကားနှင့် "အပျံ" ဟူသော မြန်မာစကား ယှဉ်ဖက်သုံးထားသည်ဟု ကြံဆဘွယ်ရှိနေ၍ "အပျံ" ဟူသော သဒ္ဒါကို ဘယ်ကျမ်းမှာ တွေ့မိပါသလဲဟု ကျမ်းကို သိလိုရှ် မေးခြင်းဖြစ်ပါသည်။ နောင် "ပျံ" ၏ အနက်ရင်းကို ဆုံးဖြတ်သောအခါ။ ကျမ်းကိုးပြ လိုပါသည်။

ဖိုးစိန်။

မြန်မာဓာတ်နက်ကို အားထုတ်သူ။

ဒေါ်ဥတ္တရာ။ ။"ဆရာမှိုင်းရဲ့။ ဗျာလှိုင်းမဲ့ မိန့်တော်သံ။နာခံရက် ရှိကြကြောင်းပါ ဘုရား"။

ဩော်။ ယခုအခါ။ ဟံသာဝတီ ရန်ကုန်။ ဒဂုန်ဘဟန်းက။ ဘန်းဒကမ တည်းဟူသော စန္ဒာတို့။ စန္ဒီတို့က။ ဤမည်သောဂဋ္ဌုန်ပျံကျမ်းအစ။ နိသျနိဒါန်းကို။ ကြည့်စမ်းပါ။ သိစမ်းပါရစေလို့။ ပေးလိုက်တဲ့အတွက်။ အနက်ယောဇနာလို့ဖြင့် ပြီးပေပြီ။ ။ဩော် စေ့စေ့တွေး။ ရေးရေးပေါ်ဆိုတာလို။ ဟိုသရော်အခါ။ ဆရာနှင့်တကွ။ ခမျာ့များနေရာ။ အကြေမှာ တဂုဏ်မည့်နိုင်တဲ့။ ဒဂုန်မြို့ဘဟန်းရပ်ကို။ လွမ်းဇာတ်တော် လယ်မိတယ်။ ဒါယိကာမကြီးရဲ့။

ဒေါ်ဥတ္တရာ။ ။"မှန်လှပါ။ ဘဟန်းရပ်ကို။ လွမ်းတတ်လို့ လွမ်းပေမဲ့။ ဆွမ်းငတ်တဲ့ စခန်းပါဘဲ ဘုရား"။

ဩော် သူတို့ခိုလှုံတဲ့ ရန်ကုန်ဆိုတဲ့ ရာဇဋ္ဌာနီမှာတောင်။ သာယာဝတီကိစ္စကြောင့်။ တဆိတ်မှ မရေရှာဘူးတဲ့။ ဆရာမရှိတော့။ တပည့်မ, သနားဘွယ်ကလေးတွေမှာ။ အားငယ်တယ်တဲ့။ ဒေါ်ခေမာကြီးတို့ရဲ့။ ဗဟန်းထဲက ဝမ်းနဲနဲပြီး။ လွမ်းလဲ လွမ်းတယ်တဲ့။ နို့ပြီး။ ကေသာတို့ ၎င်းရသေ့နဲ့။ မနေဘာလို့ အကြောင်းရွှေ့သော်လဲ။ အောင်းမေ့တယ်တဲ့။ ငယ်တပဲ့ အောက်သူမတွေမှာ။ ထောက်ကူမမည့်သူ။ လူမနီးသဖြင့်။ အပူကြီးပူကြပါတယ်တဲ့။ တကဲ့ကိုအားနာပြီး။ သနားစရာကောင်းနေပကောလေ"။

အရီးစိမ်း။ ။"အင်း ခမျာများ မိန်းမသားဆိုတော့။ ကိုယ်လဲ အတူတူ။ သူလဲအတူတူ။ ပူကြပေမပေါ့ မောင်ရင်မှိုင်းရယ်။

သြော် ဟောရင်း ပြောရင်း။ ပျင်းပျင်းလာတယ်။ အို မာဂန္ဒီ တို့။ သာမာဝတီတို့။ သာယာဝတီရဲ့ အကြောင်းအရာ။ စာတို ပေတိုကလေးများ မရကြဘူးလား။ အပျင်းပြေဆိုသလို ကြားစမ်းရ အောင်ကွယ်တို့။

မာဂန္ဒီ။ ။"မှန်လှပါ။ ရှင်မဟာရဋ္ဌသာရဲ့ ဒကာတော်။ ရွှေ နန်းကြော့ရှင်။ ဘုရင် နရပတိကို။ ဟို ငတုံးတာနဲ့ ငပြည့်ဝဆိုတဲ့ ညီအကိုတို့။ မကြည်မညို မှုန်ဆံပြီး။ ပုန်ကန်တဲ့ အကြောင်း အရာ။ ပုံတောင်နိုင် မော်ကွန်းလက်ာအဆုံး။ နိဂုံးချုပ်က။ ။"မြောက်မှ စူးစူး။ မြေဒူးထန်းတပင်။ ပန်းပြင်အရင်း။ ကောင်းစင်းအညာ။ အကြေ မှာလည်း။ သာယာဝတီ။ ဤတလွှားကို။ တိုင်းကားဖြန့်အုပ်။ စိုးချုပ် တည်ဆောင်" ဆိုတဲ့ တပိုင်းတစသာရဘူးပါတယ်ဘုရား"။

တယ်လဲ ဗဟုသုတနဲသကို။ သာမာဝတီကော မရဘူးလား။ ကြားစမ်းပရစေဟုပြောရာ။ သာမာဝတီက။ မပီကလာ ပီကလာနှင့်။ ကြည်သာရှင်ပြုံး။ နှလုံးတော်ချမ်းမြေ့အောင်။ မန္တလေ့အဆိုအသွား ဖြင့်။ နှစ်ကိုယ်ကြားရွတ်ပြပုံမှာ။ အောက်ပါအတိုင်းပင်တည်း။

စာဆိုတော် ဦးမင်း ရေးသော သာယာဝတီမင်း ဘုန်းတော်ဘွဲ့လက်ာလေးချိုး။

ပိုက်လို့ သာကြုံးတော့တယ်။ သိုက်ဘုန်းရောင်ခြည်နှင့်။ တောင် မလည်ဘွေမြင့်က။ နေမင့်နွယ်။ ။ဘဝပိုင့်ညီ။ မြေမဟီဝယ်။ "ရွှေ တီ" ခွန်ချဲ့။ စောရန်ဖဲ့ဟု။ တုယုဉာဏ်ဂုဏ်။ ရုံးစွယ်စုံနှင့်။ သူပုန်ဗိုလ် ခြေ။ ကုဋ္ဌေဌေကို။ ရွှေလှုံခြိမ့်ခြမ့်။ ကြားတိုင်းငြိမ့်ဟု။ သိမ့်မပြုပြန်။ မပူပန်သေးမို့။ အနန္တသမ္ဘာကို။ အဇဋာနယ်မဖြန့်သာဘု။ ဆည်းငံ့ ရက်ကယ်။ ။နောင်အရှည်မူ။ အောင်စည်ကွန့်ကွန့်။ မင်းဝံညွှန့်ထက်။ အဓွန့်ငယ်စိုးရန်။ တန်ခိုးအန်နှင့်။ ကိုးစံဗြဟ္မာ။ တြင့်စာတွင်။ တရာ

ထီးရုံ။ ဘုံကြီးဘဲခြုံဆဲမို့။ ကျိမ့်မုံရင့်ဝင်။ တိုက်လုံးသာထင်တော့ပ။ သုံးပင်လယ်ကို။ အကျယ်ဆိုရေးကလဲ မပိုင်ဘီ။ ။ဒဂုန်, ဒလ၊ ဒူရက နှင့်။ ခေတ္တသရေ။ အထွေထွေမှာ။ မြေပြိုမလောက်။ ဗုံးအမြောက်ကို။ မြူလောက်ကယ်ပမာ။ မမှတ်ပါသမို့။ တပ်တာပြောကျယ်။ သောင်းရှစ်ဆယ်နှင့်။ စမ္ပယ်ကွန့်မြူး။ မင်းတို့ကူးသည်။ မင်းဘူးဘူမိန်။ မြေမဟိန်တွင်။ စစ်ရှိန်ဝန်းရံ။ တန့်နွဲဘဲစံတော့တယ်။ အနန္တသမ္ဘာကို။ စက္ကဝါတောင်ခပန်းသာပ။ လမ်းစမရှိ။

ဩော်. ကောင်းလည်း ကောင်းတော်မူထသော ဆိုတဲ့။ ချိုချိုနွဲနွဲနှင့်။ အိုဘဲ့ လေးချိုးလက်ာပါပေဘဲ။ ဘာမဟုတ် ညာမဟုတ်။ ဆရာတို့စာနုပ်နဲ့။ ကဗျာလုပ်ခါရေးပုံက။ တေးဂုဏ်မှာ အထူးဖျင်းသော်လဲ။ ဦးမင်းတို့ မရှိခိုက်မှာ။ ကဝိဂိုက်လုပ်ရတာဘဲ။ ဟုတ်လှတယ် မရှိဘူး။ ။အဲဒီ သာမာဝတီ ဆိုပြတဲ့ လေးချိုးကြီးဟာ။ မြန်မာနှင့် အင်္ဂလိပ်များ။ ရှေးဖျားအစ။ ပဋ္ဌမစစ်ဖြစ်တုန်းဆီက။ သာယာဝတီမြို့စား။ သာယာဝတီမင်းသား တပ်ချီတော့။ အနှီသည့်အခါက ရေးတာပေါ့။ ။ဩော် သာယာဝတီ။ သာယာဝတီနဲ့။ တို့ဗမာပြည်မှာဖြင့်။ အာဇာနည်မင်းသားတို့မှ။ စားရတဲ့မြို့ဖြစ်တယ်။ ။ဘယ်ဝယ် ဘယ်သို့။ သာယာဝတီမြို့နှင့်။ တောင်ညို့အကြောင်း ကြားတော်မူရာ။ ရှေးအခါ,ပဝေခေတ်။ သရေခေတ္တရာပြည်ကြီး။ ပျက်စီးတိမ်းယိမ်းစဉ်ကာလ။ သမုဒ္ဒရာဇာဆိုတဲ့ မင်းသားသည်။ အနှီတောင်ညိုမှာဘဲ ဗိုလ်ဝင်ခံပြီးတော့။ တဖန် ပန်းတောင်းနှင့် မင်းတုန်းသို့ ပြောင်းပြီးခါ။ အညာဆန်လို့မို့။ ပေါက္ကန်မှာနန်းစိုက်ပြီး။ ကြငှန်းသိုက်ထောင်တည်လို့မို့။ အောင်စည်တော် ဆော်ရွမ်းခဲ့သတဲ့။ အတော်ဘဲ လွှမ်းဘို့ ကောင်းပါပေတယ်။

ဘေဒါ။ ။“ဩော် တောင်ညိုမှာခေတ်မသာတာနဲ့။ မြစ်ညာဆန်ပြီး။ နိုင်ငံသစ်တည်တယ်ဆိုပါတော့”။

ဧဧ ဟုတ်တယ်။ အဲတာကြောင့်မဟုတ်လား။ ပလိပ်စားမင်းရေးခဲ့တဲ့။ စဉ်ကူးမင်း ရွှေနားတော်သွင်း ချေင်းတွင်။ ။“ပျက်ဆန်းဓာတ်သိုက်။ ကိန်းခန်းလိုက်ဖြင့်။ တုန်ရိုက်ပြည်ထဲ။ သုံးစုကွဲ၍။စောင်းမဲညူစူ။ ကမ်းယံပြူတို့။ မပျူမငှာ။ ရန်ရှာနှိုင်းပြိုင်။ စစ်မက်ဆိုင်က။ မနိုင်ကမ်းယံ။ နောက်တရံတုံ။ မပြူချင်း။ ရန်ဖြစ်ခြင်းကြောင့်။

ကျပင်းနှင့်သက်။ နှောင့်ရှက်သိမ်းယူ။ တစုလူကို။ ရန်ငူနှိပ်နင်း။ ဆိန္ဒမင်း၏။ တူရင်းမြို့ဟုတ်။ ရဲမာန်ထုတ်သား။ သမုဒ္ဒရာဇ်။ သားနှယ်ချစ်လျက်။ ပြည်သစ်ထောင်အံ့။ နှလုံးကြံ့နှင့်။ လင့်ငံ့တောင့်ညို့။ ထိုကပန်းတောင်း။ ပြောင်းခဲ့ချိန်ဆုန်း။ ရပ်မင်းတုန်းဝယ်။ မျက်မုန်းကျိုးငြား။ ရခိုင်သားတို့။ လှုပ်ရှားချိန်သိ။ နှိုးဆော်ဘိက။ သီရိခေတ္တရံ။ နိုင်ငံသူလုံး။ စုရုံးဆန်၍။ ညာသို့ရွှေ့လျက်။ မြငွေ့လျှံပတ်။ တန့်ကြည့်ထွတ်ထက်။ တွတ်တွတ်မိန့်သံ။ စက်ရိပ်ခံကြောင့်။ တမ္ပဒိပ်စွန်း။ ယုန်လွှတ်ကျွန်း၌။ ကြငှန်းစိုက်ထိုး။ တည်ထောင်စိုးသည်။ ။ဆဲ့ကိုးတည့်မဝေး ရွာလက်ကျေး"။လို့ စပ်ဆိုခဲ့ပေတာပေါ့။

အရီးစိမ်း။ ။"သြော် ရှေးရှေးတုန်းကတော့။ ရှေးထုံးနဲ့အတင်းကြိပ်မဟဲ့ဆိုတဲ့။ နဝင်းအတိတ် နိမိတ်သမားတွေကိုးဘုရား။ ယခုကာလလို။ အင်္ဂလိပ်စကားတို့။ အင်္ဂလိပ်စာတို့မတတ်မြောက်တော့။ ကြောက်ရမှန်းမသိ။ လန့်ရမှန်းမသိနဲ့။ လောကရေးရာ မလိမ္မာဘူး။ မလိမ္မာတော့မချိန်မစာနိုင်ဘူး။ မချိန်စာနိုင်တော့။ သာယာဝတီတို့။ မင်းတုန်းတို့လို။ ဗြုန်းကနဲဗြင်းကနဲ။ အတင်းဘဲ လုပ်ကြတာပေါ့လေ။ အဲဒါကြောင့်။ "တနင်္ဂနွေဂဋ္ဌုန်။ ရှေ့မြောက်ကြုံ။ နေတုံခြောက်နှစ်မျှ"လို့ ဆိုတာပ"။

ဘိုးသူတော် ငမင်း။ ။"ဘဲ့နှယ်တုန်း ကျောင်းအမကြီးရဲ့။ ဂဋ္ဌုန် ခြောက်နှစ်တောင်ဘဲ တဲ့လား။ ကျုပ်တို့ တွေ့ဘူးတဲ့။ နတ်စက်ရောင်တို့။ ဇာဂရုတို့ သိုက်မှာတော့။ "ဇာဋ္ဌယာကသေသကာလေ။ ၁၂၉၄ ခု ဟုဆိုအပ်သော။ ၁၁၁၈ ခု ကြွင်းတဲ့ ကာလ၌။ ဂရုဋ္ဌောရာဇာ။ ဂဋ္ဌုန်မင်းသည်။ ကမ္မကရဏဝိနာသေန၊ ကံကြမ္မာဖောက်ဖြန်ပျက်စီးသဖြင့်။ မရိဿတိ၊ သေလတ္တံ့"ဆိုပါကလားဗျာရဲ့"။

သြော် တောက်တီးတောက်တဲ့နဲ့။ ဘယ်နှယ်ဟာတွေ ရှောက်ပြီး ဃရောက်ဃရက်။ နောက်ပျက်ပျက်ပြောကြပါလိမ့်မတုန်း။ တိတ်ကြအုံး။ ။ကိုင်း မန္တလေးမင်တုတ်။ ကျုပ်တို့ရန်ကုန်ဘဟန်းသူမတွေထံသို့။ စာပြန်ရေးလိုက်ပေတော့။ ဘယ်လိုရေးရမလဲဆိုတော့။ ဟိုမယ်စန္ဒာတို့နေရာ။ သာလာယံ ဇရပ်ခပန်းမှာ တွေ့ရတဲ့။ "ဂဋ္ဌုံ ဂဋ္ဌုံ တိလောကဂ္ဂ"ဆိုတာ။ (ဥုံ)မပါသဖြင့်။ ဂါထာရယ်လို့မှတ်ရမယ်။ (ဥုံ)ခံလိုက်လျှင်။ မန္တန်ဖြစ်တောင်း။ နို့ပြီး (သြောင်း)ပါငြားက။

မန္တရားဖြစ်ကြောင်း။ ၎င်းဂဠုန်ပျံကို။ ဥုံခံခံပြီး ရွတ်ဘတ်သရဇ္ဈာယ် လျှင်။ဘယ်လိုဘေးဥပဒ်အန္တရာယ်မှမငြိတွယ်မကပ်ရောက်နိုင်ကြောင်း။ ကောင်းကောင်းကြီး သိစိမ့်သောဌာ။ ဗြဟ္မာမင်းများချထားကောင်း ချထားရော့သလားဟု တွေးထင် ယုံကြည်ဘွယ် ရှိကြောင်း။ ။၎င်း ဂဠုန်ပျံဂါထာကို။ ရတနာသုံးပါးကို ဆည်းကပ်မိခဲ့ခြင်းဆိုတဲ့။ သရဏ ဂုံ ဆောက်တည်သလို။ ကြည်ညိုသော သဒ္ဓါရှိဖြင့်။ ဂါထာဂဠုန် ဘုရားရှိခိုးနဲ့။ ရှိခိုးရတဲ့ အကျိုးမှာ။ အဘိုးအတိုင်းမသိဟု။ စကိုင်း တပည့်တို့ကို အမှုးထား၍။ ကြားကြားသမျှသော ဝေနေယျကြာ။ သတ္တဝါအပေါင်းတို့သည်။ ကောင်းကောင်းကြီး မှတ်ကြရန်။ တဖန် တိုက်တွန်းပြန်လိုရကား။ အောက်နားက, ကဗျာကို။ ဆရာတဖန်။ ရေး တုံ့ပြန်သည်မှာ။ အနှာလိုတဲ့။

ဂဠုန်ပျံဂါထာသွားနှင့်။ ဂဠုန်ဘုရားရှိခိုးဘွဲ့ ကဗျာမဟာလေးချိုးကြီး။

(ညြော် မဟာဒုက္ခ, မဟာဒုက္ခတဲ့။....ဇရာဒုဗ္ဗလအရွယ် အသွမ်း မသွေးသင့်တဲ့။ နခမ်းမွေးအမြင် မဟုတ်တောင်မှ။ ဆရာဥက္ကဋ္ဌမကွယ် ကြဉ်းဝေးသော်လဲ။ ဘန်းနတေး ရှင်ဘုရင်လုပ်ရပါတော့။။ကမ္မဋ္ဌာန်း ပေး အသွင်သရုပ်ကယ်နှင့်။ နုပ်သမို့ မကောင်းပေ။ (အိုကွယ်) အမှန်း အတွေး။ စခန်းဝေးရပါတဲ့။ (ညြော်)မန္တလေး ခင်တုတ်တို့နှင့် ကျုပ် တို့အကြောင်းပေ။ ။(ညြော်)မြန်မာပြည်တဝှမ်းတွင်ဖြင့်။ သာယာ ဝတီစခန်းဆိုက။ အာဇာနည် အစွမ်းတွေ ဟိုအရင်ယမန်က။ ဗဟိုဌ် ပလ္လင်ပျံမှာ သမတ,မတိမ်းအောင်လို့တဲ့။ဗိုလ်စိုးဝင်ခံကာမြန်မာ့ကိန်းတွေ နှင့်။မြစိမ်းတောင်ညိုညိုက။ ချောင်ခိုကာအောင်ပဟိုရ်ရွှန်းခဲ့တယ်။ထွန်း သွဲခေါင် ပရမေပေနော်ကွယ်။ အစွန်းမန္တဲ့။ အညွှန်းတဲ့နေကြ။ (ညြော်) သွန်းဘွဲ့အောင်မြေ။ ။ယင်းအတိတ်မှာ မြန်မာတသတ်ပေမို့။ အင်္ဂလိပ် စာ တဘာသာမတတ်တာကြောင့်။နဝင်းဟိတ်အလာ ယတြာခဲတတ်တွေ နှင့်။ (ညြော်)အာဏာ,ပါဏာကပ်တွင်မှ။ ဘာမမှတ်ညာမမှတ် ပုန်ကန်

ပလေ။ ဘုံပြန်သပြေမှာဖြင့် တြင်းကြေမလော။ (အိုကွယ်) ဂဋ္ဌုန်အလံ တွေနှင့် တနင်္ဂနွေသဘော။ ။ရထက်ကယ်လှိုင်။ နှစ်ဘက်အတူပြိုင်လို့ မို့။ ဇမ္ဗူတပိုင် ကမ္ဘာမှာ မုန်းကြစို့ရဲ့လို့။ သူအနိုင် ငါအရှုံးသာပ။ သမ္ဘာစက် ဘုန်းအမူအရာမှာ မတူသာ တူသာနှင့်။ အာဏာ လက်ရုံး ထူကာထူကာဖြင့်။ ဘသူသာမသာကို။ ခေတ်အလိုက် ဖြုံးရံမလို နှင့်။ နှစ်ဗျူဟာ, စစ်တိုက်တုံးတွင်မှ။ ဓမ္မရာဇ်ယမိုက်ဘုန်းတော် အသရေဂုဏ်နှင့်။ ရေယမုန်သောင်ငွေကမ်းတွင်မှ။ ရှေဒဂုန် အောင်မြေစခန်းပေပ။ တောင်ခြေဘဟန်းသူ။ သပိတ်အမကလေးတွေ မဖြ ထိတ်စရာ့အရေးပုံမှာ ဗျာပါလျှံ ဘို့လို့။ မဟာဆန်ဆန် အထပ်ထပ်သော ပြာသာဒ်အချွန်းတွေ အမှန်းတွေနဲ့။ သာလာယံ ဇရပ်ကွန်းတွင်မှ။ နတ်ညွှန်းသိုက်စာ။ အလိုက်ဘာသာကျသလိုပ။....(ညှ)မြန်မာ အချင်းချင်း။ ဂါထာနှင်းမပေါ့လို့....။ သာကွင်းအပြီး နီးစရာကို။ ဗြဟ္မာမင်းကြီးဘဲလာလို့ ချရော့သလ။ သာမျှုံ့အရကို အစုံဖန်ပေါ့။ ရဂုံစံ, ချစ်စရာတပည့်တို့မှာဖြင့်။ ဥုံ အရဟုံ သစ္စာ ဂတိတွေနှင့်။ ဂဋ္ဌုံသရဏံ ဂစ္ဆာမိကြပေတော့။ (အမယ်မင်း) အပြစ်ဘယာမထိစေ ချင်တဲ့။ပဏိတစေတနာမနောတွင်မှ။ ရှိရှိသမျှ အဝေရာသဘောပါ ကွဲ့။ ... (ဩော်)ခေတ်အခါကြီ့း ပြေရွာတကြောကိုဖြင့်။.... ရှစ်ခါတိတ်။ဖြစ်မှာသိသိပြီး။....(အို မယ်စန္ဒာရဲ့)မေတ္တာရှိတာကြောင့်။ကပိက, သေသေချာချာဟော။

o o o

စကိုင်း မြရှေဝတီချောင်။ မကေသရီထံမှ
ဒကာကြီး ဦးဖိုးစိန်ဌာန် ပြန်စာ။

ကျွန်မတို့ဆရာ။ မဂတာကိုယ်တော်မှိုင်းကြီး၏ ဗျာဒိတ်တော်ပန်းကို။ ထိပ်ပေါ်၌ ဆင်ဖြန်းရသည့်အတိုင်း။ သိုင်းဝိုင်းခြင်းအပိုမပါစေဘဲ။ လိုရာကိုသတိစွဲလောက်အောင်။ တိကနဲပြန်ကြားလိုက်ပါသည်။ သူရိယသတင်းစာက။ အယ်ဒီတာ, ဒကာကြီးတို့ရှင့်။

အကြောင်းမှာ။ ။ဒကာကြီးတို့၏ သူရိယဂဋ္ဌုန်။ ကဆုန်လ ပြည့် အဘိတ်နေ့သတင်းပတ်တွင်။ မြန်မာဓာတ်နက်ကို အားထုတ်သူ ပင်စင်ငြိမ်းငြိမ်းစားရသော။ပညာဝန်ထောက်မင်း။ဒကာကြီးဦးဖိုးစိန် သည်။ ဤမည်သောကျွန်မတို့တောဆိုက ထီးဟုဆိုအပ်သော။ ယောဂီ ကြီးစီရင်တော်မူလတ္တံ့သော "ဂဋ္ဌုန်ပျံဒီပနီ ဋီကာ"ကျမ်း၏ နိဒါန်း မှာ ပါရှိတဲ့။ ပါဋိအာဂုံ။ ဂဋ္ဌုံ ဂဋ္ဌုံ တိလောကဂ္ဂံ။ အ,ပျံ အပျံ သုမုတ္တကံ"ကို။ ထုတ်ပြန်ပြသသည့် နိသျှချနက်နှင့်တကွသော"အပျံ" ၏ အရ။ ပြသည့်နကြားပါမည့်အကြောင်းနှင့်။ တောင်းပန်သည့် အ လွှာကို။ ဆရာရသေ့။ တွေ့မြင်တော်မူရကား။ အပါးတော်မြဲ ကေသ ရီသည်။ ဤမည်သောဒကာကြီးအမေးကို။ ကြေအေးအောင်ဖြေဘိဟု။ အမိန့်တော်ရှိတော်မူပါကြောင်း။

သို့အမိန့်တော် ပြောချက်ကြောင့်။ တောဂဇက်, ထုတ်ဝေလို သည်မှာ။ ။အနှီ "အပျံ" ဟူသော သဒ္ဒါနှင့် ပတ်သက်၍၊ ဓာတ် နက်ကြံစည်ရာ။မြန်မာဘာသာမှာ။ အာဂုံ ကို (ယ)ကလေး။ မဂဓနှင့် သက္ကဋ္ဌဘာသာတို့မှာ(ရ)ကြီးဖြင့်။ အသီးအသီး လဲလှယ်။ လွှဲဖယ်လေ့ ရှိသည်တကြောင်း။ ။ဌင်းပြင်။ "ပြန့်"သည်။ "ပေါ်"သည် ဆိုဆိုက် လျက်။ သင်္ဘကရိုင်ဌယောင်ယောင်။ ဟန်ဆောင်တဲ့သဘောနဲ့။ "ပြန့် ပြော" ဟုသုံးစွဲသောအရာ။ ။အမူအယာကို "အပျူအငှာ" ဆိုကြ သည်မှာလည်း။ မ,ကိုပပြု။ ယ,အာဂုံလာမူ ပျူဖြစ်ဟန်။ တဖန် ယ,ကို ဟ,ပြု။ ဟ, ကို င,ပြုကာ ပျူငှာ, ဖြစ်ပြန်သော်လဲ။ အသံလေး စေခြင်းငှာ။ ဟ, အာဂုံ ကူလာသဖြင့်။ "ပျူငှာ" ဖြစ်ပုံအချက်။ ။ မြိန်ရှက်နှစ်သက်ခြင်းဟော "ပိနံ" ဟူသော မာဂဓကိုပင်။ မြန်မာ့ဘာ သာအဘို့။"ပျိုသည်"ဟု။ယ,အာဂုံ နှင့်ရေးမှတ်ခေါ်ဝေါ်ဟန်။ တဖန် ပ,ကို မပြု။ ရ, အာဂမဖြင့်။ သက္ကဋ္ဌချိန်သလို။ "မြိန်" ဆိုရှိဖြစ်ထိုက် ပါကြောင်း။

ဌင်းပြင် တခုကလည်း။ မုခလင်္ကသဒ္ဒါ ဆရာကြီးတို့ အလို။ "အပျိုး" ကို ရုပ်တွက်ရာ၌။ ။"အပျာဒိတော, အို"ဟူသောသုတ်ကို တည်။ အဲသည်သုတ်နက်မှာ။ အပျာဒိတော။ အပျ, အစရှိသော သဒ္ဒါ တို့နောက်မှ။ အို,အို ပစ္စည်းသက်ပြီးသည့်နောင်။ "ခေါင်းပေါင်းမိတ် စထောင်။ ရမ္မနီ မောင်မောင်" ဟူသော သုတ်ကြီးကို လိုက်စေ၍။

"အပျိ" ဟူသော ရုပ်ပြီးဟန်ကို။ ကြံစည် ကြဘူးသည်လည်း တကြောင်း။ ။ဝင်းသို့သော ဥပမာတို့အရ။ ကျွန်မတို့ ဒကာကြီးဦးဖိုးစိန်သည်။ အနှီ ဂဋ္ဌုန်ပျံဒီပနီ ဋီကာနိဒါန်းက "အပျံ" အနက်သွားကို။ ညာဏ်ကျက်စားတဲ့အရာမှာလဲ။ မြန်မာမှုဌ် ဗဟုသုတ ပွားများပြီး။ အားရစရာကြီးပင် ဖြစ်ပါသည်။

ဤအဆိုပါ နိဒါန်းမှာ ပါရှိတဲ့ "အပျံ"မှာ။ မြန်မာဘာသာ မဟုတ်ပါ။ မူလအစ။ မဂဓပါဋိဘာသာအစစ်။ ဖြစ်ချေတမ့်။

ချုံ့၍ပြလိုသည်မှာ "အပ" က ဥပသာရပုဒ်။ ဟုတ်သမင်း။ ။ ယင်းတွင်။ နောက်ထပ် ပ,တလုံး လာပြန်ပကော။ ။ "ပျော, ပ ယုဂံပေါစ" ဆိုတဲ့ သဒ္ဒနီတိ သုတ္တမာလာ, စတုပဒတွင်။ "ပျ"ကို "ပ" နှစ်လုံးသော်လည်းကောင်း။ "ပ" တလုံးတည်းသော် လည်းကောင်း။ အကြောင်းအားလျော်စွာပြုနိုင်တဲ့ဥပဒေသ။ ချုပဒေ,သဖြင့်။ "ပ" နှစ်ခုကို "ပျ"ပြုက။ "အပျ" ဖြစ်သည်။ အနှီတွင် "အံ" ဝိဘတ်သက်၍တက်၍။ တချက်တည်း "အပျံ"ဖြစ်လေသည်။

အနှီ "အပျံ"နှင့် စပ်လျဉ်း၍။ပုဒ်ရင်းဖြစ်သော။ ယင်း"အပ" ဆိုတဲ့ ဥပသာရပုဒ်ကလဲ။

(၁) အပ, သဒ္ဒေါ အပ,ဂတေ။ ဂရဟာ, ဝဇ္ဇနေသုစ။ ပဒုဿနေ, ပူဇနာဒိ။ အတ္ထေသုပိစ ဒိဿတိ။ ။ဟူသည့်, သဒ္ဒနီတိ သုတ္တမာလာ စတုပဒအရဝင်း။

(၂) အပ,ဣတိ အပ,ဂတ, ဂရဟ, ဝဇ္ဇန, ပူဇာ,ပဒုဿနာဒီသု။ ။ဟူသော ပဒရူပသိဒ္ဓိအရဝင်း။

အကြောင်းလင်းရမှာဖြင့် (၁) ကင်းခြင်းအနက်။ (၂) ကဲ့ရဲ့ခြင်းအနက်။ (၃) ကြဉ်ခြင်းအနက်။ (၄) ပြစ်မှားခြင်း အနက်။ (၅) ပူဇော်ခြင်းအနက် စတဲ့ ငါးနက်တို့တွင်။ အကြင် "အပဂတော, အပသာလာယအာယန္တီဝါဏိဇာ" အစရှိတဲ့။ ပါဋိများမှာ ကဲ့သို့။ ကင်းခြင်းအနက်။ ကြဉ်ခြင်းအနက် တည်းဟူသော နှစ်ချက်၌ ဖြစ်ကြောင်း။

(၃) ဝင်းပြင်တထေ့။ ။နိဒ္ဒေသေ, ဝဇ္ဇနေ, ပူဇာ။ ပဂတေ, ဓါရဏေပိစ။ ပဒုဿနေစ ဂရဟာ။ စောရိယာဒေါသိယာ အပ။ ။ ဆိုတဲ့ အဘိဓါန်မှာလာသော (၁)ညွှန်းပြခြင်းအနက်။(၂)ကြဉ်ခြင်း

အနက်။ (၃)ပူဇော်ခြင်းအနက်။ (၄)ကင်းခြင်းအနက်။ (၅)ဆောင်ခြင်းအနက်။ (၆)ပြစ်မှားခြင်းအနက်။ (၇)ကဲ့ရဲ့ခြင်းအနက်။(၈)ခိုးခြင်းအနက် အားဖြင့်။ ရှစ်ပါးသော အနက်ယင်းတွင်။ ကင်းခြင်း။ ကြဉ်ခြင်းဟူသောအချက်။ အနက်နှစ်ပါး၌ ဖြစ်ပေကြောင်း။

အဲအနို့မို့ကြောင့်။ "အပျံ" ဆိုတဲ့ ပါဋိအရ။ ပဋမအနက်မှာ။ ကိလေသာမှကင်းခြင်း,ကြဉ်ခြင်းအနက်များကိုရည်သန်၍။(၁)"အပျံ" တဏှာမာန, အာသဝနှင့်။ ရာဂအစရှိပေတဲ့။ ကိလေသာဓါတ်။ မကပ်မတွယ်။ စင်ကြယ် သန့်ရှင်းတော် မူထသောဟု။ ယောဇနာ အနက်။ မိန့်မြွက်တော်မူသည်။ ။ဤမှတဝ။ ဒုတိယတဘန်။ "အနပျံ"ကလည်း။ န,ဆိုတဲ့ ပဋိသေဓအတွက်။ အနက်ပါလာတဲ့ မဟာကရုဏာတော်မှ ကင်းတော်မမူခြင်း။ မကြဉ်တော်မူခြင်းအနက်များကို ထောက်ဆပြီး။ (၂)"အနပျံ" ဝေနေယျကြာ။ သတ္ဒာ အပေါင်းတွေတသင်းကို။ ကောင်းစေခြင်း မဟာကရုဏာနှင့်။ မချာနေ့ည။ တက္ဒမယ္ဒင်း။ ကြည့်ရှုတော်မူခြင်းမှ။ မကင်းမလွတ်တော်မူထသောဟု။ ယောဇန အနက်ပြန်တော်မူလေကြောင်း။

ဌင်းကဲ့သို့ အနက်ပေးငြားသော်လဲ။ ကိလေသာဟော။ မဟာဂရုဏာကို ဟောသည့် ပါဋိမဟုတ်ချေ။ အပါဒါန်ကို ငဲ့ပေသောသဒ္ဒါဖြစ်၍သာ။ ကိလေသာဟူသော အပါဒါန်။ မဟာကရုဏာ ဟူသော အပါဒါန်ကိုဆောင်၍။ အောင်အောင်မြင်မြင်။ တောင်ပေါ်တွင် ဆင်သွားသကဲ့သို့။ ထင်ရှားအောင် အနက်မူသည်ဟု။အထက်သူ မကေသရီက ဓမ္မဘေဟီ စည်ကြီးကို။ ရိုက်တီးလိုက်ရပါတော့သည်။

အနှီမှတပါး။ အလွန်တရာမှ ကြားရနာရခဲလှစ္ဆာသော။မေတ္တာစကားဖြင့်။ မှာထားသဘိ။ သိရှိတော် မူစေလိုသည်မှာ။ ကျွန်မတို့တောဆီက။ ယောဂီဆရာ။ မဟာ,တပသ။ မြန့်မာ့တံခွန်။ သီလဝန်ကိုယ်တော်မှိုင်းကြီးသည်။ ဤမည်သော ဂဋ္ဌုန်ပျံ ဒီပနီကျမ်းကြီးကို။ ငြမ်းထီးတင်မည်။ ဆောက်တည်စိတ်ကြံ။ခိဋ္ဌာန်သောအား။ ရေးသားတုန်း တန်းလန်းဖြစ်ပါ၍။ ခက်ဆစ်ခက်ရာ။ အဖြာဖြာသော အမေးများကို။ ရေးသားဖြေဆိုနေပါက။ ဤမည်သော "မြွေပူရာ ကင်းမှောင့်"သည့် အလား။ သွားလာပျံသန်းမည့် လမ်းစမှာ။ ဂန္ထဂရုဘေးတည်းဟူသော ကျမ်းလေးခြင်းကွန့်။ မုချတွေ့ကြုံရပါလိမ့်

မည်။ ။ဤဂဋ္ဌုန်ပျံဒီပနီဋီကာအတွက်။ ခက်ဆစ်ခက်ဖု။ အစုစုအရပ်ရပ်တို့ကို။ တပ်အပ်သေချာ။ အဖြေစာတွေနဲ့။ ကမ္ဘာမှာ။ တဂုဏ်လျှံ:မဟဲ့ဆိုတဲ့။ "ဂဋ္ဌုန်ပျံဂဏ္ဌိ" တကျမ်းကိုလဲ။ ကြိုးပမ်းတည်ထွင်။ စီရင်ရေးသားပြီး။ ပေးသနားတော်မူပါလိမ့်မည်။ ဤမည် ဤမည်သော သဒ္ဒါမှု။ ကဗျာမှု။ မြန်မာမှုတို့၌။ ကျွန်မတို့ ဆရာတခုဘဲလို့။ အားပြုစေချင်ပါတယ်။ ကိုယ့်ဆရာမို့ ကိုယ်မြောက်တယ်လို့ အပြစ်တင်လျှင်လဲ။ သီလရင်တို့အကြောင်းပေါ့လို့။ အောက်မေ့ရပါတော့မည် ဒကာကြီးဦးဖိုးစိန်ရှင်။

ဥယျောဇဉ်တေးတမျိုးတည်းဟူသော
လေးချိုးကလေး

(A.B.C.) အေ၊ဘီ၊စီ,ခေတ်မှာ ပျိုသူရဲ့။ ကေသရီ မေတ္တာပို့ရာက။ (အိုရှင်)ချစ်တာမို့ပြောလိုက်မယ်။ ။(ဩော်) ဒကာကြီးမှာဖြင့်။ သဒ္ဒါမမိရော့လ။ပါဋိ ခရာ "ပျံ"၌။ မြန်မာသံဓာတ်နက်တွေးလို့ရယ်ရှင်။ မေးပြန်တော့တယ်။ ။နေ,ဗျူဟာ သတင်းစာတထောင့်ဆီက။ မွေပူရာ ကင်းလာမှောင့်သလိုပ။ အင်းဒါကြောင့် ဒုက္ခတွယ်။ မုချကျယ်မဲ့နိဿရည်း။ ။ရွှေငှက်ဂုဏ်။ နေစက်,သည်ဂဋ္ဌုန်က။ ပြည်တုန်အောင် ပျံမဲ့လမ်းတွင်မှ။ ပိတ်သမ်းကာ ဝလာတိမ်သို့။ ဒကာစိန်သာချိန်လုသူရဲ့။....ကျမ်းကြီးအရသာကို ဂဏ္ဌိအလာရှုပါတော့။(အမယ်မင်း) မကြာယခု မျှော်လိမ့်ပေါ်ချိမ့်နည်းတွေနဲ့။ (အို ဒကာကြီးဦးဖိုးစိန်ရဲ့) သဒ္ဒါအပြု။ မြန်မာမှုတွင်ဖြင့်။ (ကျွန်မတို့)ဆရာတခုရယ်လို့။ သာဓု, သာဓု, သာဓု, ခေါ်စိမ့်သတည်း....တဲ့။

မကေသရီ။

မြရွှေဝတီချောင်။ စစ်ကိုင်းမြို့။

× × ×

ထိုသို့တဖုံ။ ဂဋ္ဌုန်ပျံဂါထာအသွားနှင့်။ ဂဋ္ဌုန်ဘုရားရှိခိုးဘွဲ့ကဗျာ။ မဟာလေးချိုးကြီးတရားကို။ ဟောလားပြောလား လုပ်ပြီးသည်၏နောက်။ ငမောက်တို့။ ငမောင်တို့၏အစ်မ။ သီလရင်မယ်ဓမ္မစာရီက။ ဤမည်သော ဥက္ကလာပ။ ဒလ,ဒဂုန်။ ရန်ကုန်ဘုရားကြီးမှ။ တရားမီး, ယမိုက်ပြတော်မူစဉ်က။ တပဲ့တော်မလဲ။ ရန်ကုန် ဘဟန်းထဲမှာဘဲရှိပါကြောင်း။ ။ဇင်းရန်ကုန်မြို့ ရွှေဒဂုန် စေတီတော်ကြီးကို။ မီးသင့်လောင်သောအထိမ်းအမှတ်နှင့်။ ရွတ်ဘတ်သရဇ္ဈာယ်သောအားဖြင့်။ တရားသံဝေဂယူကြစေရန်။ ရည်သန်ရိုးရင်း။ နှလုံးသွင်း အာဘော်ဖြင့်။ ရွှေဒဂုန် ကုန်းတော် ဓမ္မကထိကသင်္ဃာ။ အသျှင်ဆရာဘာဝနာ ဦးကေတုမာလာ,မထေရ်စီရင်တော်မူပေသော "ရွှေတိဂုန်သံဝေဂကထာ" စာတအုပ်ကိုလဲ ကျုပ်တို့ ကိုးကွယ်ရာ မစ္စတာ ကိုယ်တော်မှိုင်းကြီး ကြည့်ရှုတော်မူရန်။ အလှူခံခဲ့ပါကြောင်း။ ။ဇင်းပြင်တခါ။ သာယာဝတီဦးညေယျ အသျှင်မြတ်သည်။ ဤမည်သော ၁၂၉၃ ခု။ ကဆုန်လဆန်း (၁၁) ရက်နေ့ညတွင်။ ကြည့်မြင်တိုင် စမ်းချောင်းရပ်အဝင်အပါ။ မင်္ဂလာလမ်း၌။ ကမ္မဋ္ဌာန်းရှုဘို့။ အမှုမဲ့ အမှတ်ခဲ့တရားတော်ကြီးကို ဟောကြားတော်မူသနဲ့။ တပဲ့တော်မများလဲ။ သွားရောက်ပြီးခါ။ တရားပေစာ နာယူကြသည်တွင်။ ဟောဒီဓမ္မဒါနကထာ။ စာလွှာတချပ်ကို ရရှိခဲ့ပါသည်။ ။အနှီမှတခါ မဟာတိကုမ္ဘစေတီတော်ကြီး ထီးတော်အထက်ဖျား၌။ ငှက်မနားတင်ရာ။ မင်္ဂလာအခမ်းအနားကလဲ။ တပဲ့တော်မတို့ ဘန်းများဖြင့် အနားမှမတိုးနိုင်အလွန်တရာဘဲ စည်ကားပါသည်။ ။အနှီ အခမ်းအနားလုပ်ပုံမှာ။ ကဆုန် ညောင်ရေသွန်းပွဲနှင့်။ တခါထဲ တိုက်ဆိုင်နေသည်မှ တပါး။ နဂါးတို့ ဂဋ္ဌုန်တို့လဲ။ ရွှေတိဂုန်ဘုရားအဖူး လာမယ်လို့ ကြားသနဲ့။ တပဲ့တော်မတို့လဲ ကြည့်ချင်ရှုချင်တဲ့ဇောနှင့်။ အလောသုံးဆယ် သွားကြတာပေါ့လေ။ ။သွားလို့ တောင်ပေါ်ရောက်တော့။ နောက်သောအခါများက။ မလွန်မင်းသားနှင့် မြင်ကွန်းမင်းသားတို့ရဲ့ဆရာ။ အကြီးတော်မင်း ရေးစပ်ခဲ့တဲ့ အောက်ပါ တေးထပ်ကို။ လေးလေးမြတ်မြတ် အမှတ်ရမိပါကြောင်း။ ဇင်းတေးထပ်မှာ။

ရွှေဒဂုန် ငှက်မနားဘွဲ့ တေးထပ်။

စက္ကဝါခေတ်တသောင်းတွင်မှ။မဖြစ်တောင်းဖြစ်ပြန်။သက္ကရာဇ်ပေါင်းကြုံရဟန်မှာ။ သုညနံ့ကြွက်ကျား။ ။ဂဋ္ဌုန်ငှက်နဝင်းသာသည်။ သီတင်းဝါ ကျွတ်ခိုက်နှင့်ညား။ ။ဆန်းပက္ခ ပဉ္စမီဝယ်။ ထွေပလီ ဖောက်ပြား။ မေဒနီ။ ချောက်ခြားလို့။ ကြောက်ပါးလိ ငလျင်။ ။သိဂ်ုတ်စံမကိုဋ္ဌဖျားတွင်မှ။ ငှက်မနားကြွကျလို့စင်။ ။ ရတက်များ ပွေရအင်မှာ။ နယ်ရှစ်ခွင် ပြည်မချိမည်မို့။ အစိန္တိ ဆံတော်ဒဂုန်။ ကိုးကြဗိုလ်စုံ။ ။ဖြစ်ပျက်ဘို့တွေးမလုံတယ်။ အရေးပုံ နက်လွန်းလှလေး....တဲ့။

နို့ပြီးထို့ပြင်။ ငလျင်ဘေးကြုံပုံနှင့်။ ဂဋ္ဌုန်တို့ ထပုံကို။ မြန်မာ့ဘုံမန်းခေတ်တွင်။ ဂဏန်းတစ် ကဗျာကဝေ တည်းဟူသော "ဆရာဖေ" ရေးစပ်ခဲ့တဲ့ တေးထပ်တထပ်မှာလဲ။

ငလျင်လှုပ်ပုံနှင့်ဂဋ္ဌုန်တေးထပ်။

ထောင့်နှစ်ရာသုံးဆယ့်သုံး။ ထုံးဖွဲ့ရစ်ကုံးအောင်။ ရုံးချယ်သစ်ထုံးနှောင်။ မုန်းတန်ဆောင် လဆန်း။ ။ရက် သတ္တ, နေအရုဏ်။ ရွှေဂဋ္ဌုန်သာတဲ့အခန်း။ ။ နေနှစ်ချက် ညောင်းညီ။ ကောင်းပါပြီ အဝှန်း။ ခြောက်နာရီအလှမ်း။နန်းသိဂ်ီသာခန်းက။မန်းသီရိပလ္လင်။ ။ မြဇယင်ဆင်သည့်နဲ။ သွင်သွင်လဲ တိမ်းတဲ့ငလျင်။ ။သည်ထက်ပ ငြိမ်စေချင်။ ဝတိန်ရှင် ရှာသွန်းလို့။ ရာစွန်းမဲ့ ရွှေသက်တော်။ နတ်ပြည်တက်ကျော်။ ။စိန်စက်တံ နှစ်ချက်ပေါ်လျှင်။ သရက်မော်စံကိန်းမို့လေး....တဲ့။

အဲဒီ အကြီးတော်မင်းဘို့။ ဆရာဖေတို့ ရေးသလို။ ထိုသို့သောမီးခတဲ့ အကြောင်းအရာနှင့်၊ ငှက်မနား တင်ပွဲကြီး ကျင်းပတဲ့

အကြောင်း။ နောက်နှောင်းနောင်လာ။ တကာ တကာမများ။ မှတ်သားစရာ။ ကဗျာတပုဒ် နှစ်ပုဒ် လုပ်ပေးတော်မူပါ ဘုရားဟု လျှောက်ထားလေ၏။

ထိုသို့ မယ်မွေစာရီက။ သုံးလီသော ဒွါရတို့ဖြင့်။ ပဏာမ အမြောက်အများနှင့်လျှောက်ထားသောအရေးများကို။လေးစားသမှု။ ပြုတော်မူသည်နှင့် အညီ။ ဝဇီရာဝုဓ။ ထိတိုင်းရှသော။ သကြား လက်နက်ကြီးတမျှ။ မီးခသော အကြောင်းအရာ။ ကဗျာတော်ကြီး တပုဒ်ကို။ လုပ်တော်မူပြန်သည်ကား။ အောက်နား၌ ပါရှိလေ၏။ ။ တွံ တုမှေ၊ သင်သူတော်ကောင်း။ အပေါင်းသော သီလရင် တစုတို့သည်။ သုဏသိ၊ တခြားကိုမရှေ့ဘဲ။ အပါးက တတေ့တေ့နဲ့။ နားစေ့စေ့ထောင်။

ရှေဒဂုန်ဘုရားကြီးက။တရားမီးပြတော်မူပုံဘွဲ့ကဗျာ မဟာလေးချိုးကြီး။

"စိန်, ဝဇရုတ္တရအောင်လံ ဂုဏ်ဘဆောင်, ပရမေထွန်းရော့ မထင့်။ သိဂ်ုတ္တရတောင်ယံ ဒဂုန်အောင်မြေ ကျွန်းမှာတော့။ ယမုန် သောင်ငွေဝန်းရယ်နှင့် ကျွန်းမလဲ ကျွန်းမော်ဇမ္ဗူ။ (အိုကွယ်)ကဆုန် ညောင်ရေသွန်းချိန်မို့ လွန်းလဲလွန်းတော်မူ။ ။"

အိုမယ်မွေစာရီ။ ဤမည်သော ရန်ကုန်မြို့က။ဘသူများပါသေး သလဲ။

မယ်မွေစာရီ။ ။"ဟောဟိုနောက်နားက ဒေါ်ပွါးတို့ ဒေါ် ခေမာကြီးတို့ သီလရင်တသိုက်လဲ လိုက်လာကြပါသေးတယ်ဘုရား။

ဩော် ကဆုန်ညောင်ရေသွန်းချိန်ကဲ။ ဒကမကြီးတို့ ရန်ကုန် အဟန်းကို။ လွမ်းများတောင် လွမ်းမိတယ် ဒေါ်ခေမာရဲ့။

ဒေါ်ခေမာ။ ။"တပဲ့တော်မင် ဘဟန်းကလဲ။ ဆရာကြီး ကို တမ်းတရက်နေကြဒါပါဘဲ။ အဲဒါထက်ပဲ။ ဆရာမိုင်းရဲ့စကားစပ် မှာ။ ခြားညှပ်တယ်လို့လဲ။ အကြားကပ်တော်မမူပါနဲ့။ ဆရာဘုရား

ရေးသားတော်မူခဲ့တဲ့ ဂဋ္ဌုန်ပျံဂါထာအသွားနဲ့။ ဂဋ္ဌုန်ဘုရားရှိခိုးဘွဲ့ကဗျာ။ မဟာလေးချိုးကြီးရဲ့ ဒုတိယပဒမှာပါရှိသော "သြ မြန်မာပြည်တဝှမ်းတွင်ဖြင့်။ သာယာဝတီစခန်းဆီက။ အာဇာနည် အစွမ်းတွေ" လို့ ဆိုသောအရ။ ထိုလောက မြန်မာပြည်မှာ။ သာယာဝတီဆိုတဲ့ သာယာဝတီကို။ အာဇာနည်မင်းသားတို့မှ။ စားရတဲ့ အခြေစစ်လိုက်တော့။ သရေခေတ္တရာ ကောင်းစားတုန်းကပါလား မောင်ရင်မှိုင်းရယ်"

ဩော် အနှီသာယာဝတီမြို့ဟာ။ တို့ဗမာပြည်ရဲ့ အခြေအမြစ်တည်းဟူသော။ သရေခေတ္တရာကောင်းစားတုန်းကသာ။ ဘုန်းပြရုံးပြ။ နှလုံးလှမင်းသားများ။ စားရသည်မဟုတ်ပါ။ ရတနာပူရအင်းဝခေတ်တော်အခါကလဲ။ နော်ရထာမင်းသားတို့။ စားရဘူးကြောင်း။ ၎င်းပြင် တခါ။ ရတနာသိမ်း။ ပြည်မှတန်ဆောင်။ ရန်ကြီးအောင် တဲ့။ ကုန်းဘောင်ဆက် မင်းသားများလဲ။ စားရတဲ့ သာယာဝတီရယ်လို့။ အနှီကဲ့သို့ မှတ်ကြရမယ်။ ။အဲဒါကြောင့်။ အမရပူရမြို့ ကောင်းစားစဉ်ကာလက။ ရွှေတောင်မြို့နယ်ပါ။ နမရန်ရွာဇာတိ။ ကဝိအကျော်။ စာဆိုတော်ဦးမင်း ရေးဆက်ခဲ့တဲ့။

သာယာဝတီမင်းတရားကြီး ဘုန်းတော်ဘွဲ့ လေးချိုးလက်ာမှာ။

ဘုန်းမကိုင်ဋ္ဌပေမို့။ သုံးတိုက်စက်ခွင်ကို။ မဂ္ဂင်ပျံ ဖေါင်မွန်နှင့်။ ဆောင်ညွှန်ဆန် ကူးမယ်လို့။ ညာဏ်ထူးဗျာဆင့်တဲ့။ မာရင့်မုံ။ ။ သတ္တရဘန်။ ပတ်ခြံရံသည်။ နတ်ထံရွှေတု။ သိန္ဓေရုနှင့်။ ချိန်ဥပမာ။ တည်ထိုက်စွာလှတယ်။ ထီးရာစင့် သျှောင်ပန်ငယ်။ ပြောင်ဆဒ္ဒန်ယာဉ်မွန်ထွန်းရာက။ ကြေကျွန်း ပလ္လင်ညွှန့်မှာ။ အဓွန့် ကမ္ဘာဆုံးအောင်။ ဘုန်းသင့်ခွင့်ကြုံ။ ။မေဒနီငယ်။ နဒီယဉ်ငြိမ့်။ ကြည်းရေ ခြိမ့်မျှ။ "နာဂိန့်" ဘက်ရန်။ "ဂဋ္ဌုန်ပျံ" သည်။ စံဝါသဝ။ ဝဲယာခတဲ့။ လှေမျှားထွတ်စွန်။ "ပြည်ကြီးမွန်" ထက်။ ဘဝန္တဂူ။ ပွင့်မည်သူလဲ။ ရိပ်ဖြူ

ကနက်။ ကြင်တော်ဘက်နှင့်။ တောင်မျက်နှာပြည်။ ဖြန့်စကြာလည်မိလျှင်။ တည်တည်နိုင်ငံ။ ဆက်စိုးသာ နှံကြလို့။ မာန်မမှုန်သည်။ တဂုဏ်ပြောင်မျိုးရတိုက်ရန်လွှင့်။ ။လေးမည်သမုဒ်။ ရံဝန်းချုပ်တဲ့။ သိဂုံတ်ကယ်ရွှေဘုံ။ ဘွေရိပ်မြုံဝယ်။ သံ, ဂုံ, ပ, မ။ စံတမျှဝယ်။ လေးပါးမွေဓာတ်။ ကိန်းစံရဉ်က။ သဟဿလျှံ။ နေဆယ်တန်လို။ ရွှေလှံထိန်ထိန်။ "ဝရဇိန်" နှင့်။ ချိန်တော်လေရာ။ စက္ကဝါလဲ။မျက်ပါမခံ။ ပျက်ရန်သာလန်လိမ့်မယ်။ နတ်တန္တီဟိတ်ဂုဏ်ကို။ တောင်ဝသုန်ရေမြေညွှတ်အောင်။ ဘုန်းလွှတ်ချိန်သင့်....တဲ့။

(ထိုလေးချိုးကြီးအဆုံးတွင်။ အားလုံးသော ခမျာတစုကိုက။ သာဓု,သာဓု,သာဓု ဟူ၍ ၃ ကြိမ်တိတိ ခေါ်ကြသော ဟူ၏။)

အဲယခုအခါ။ ဆရာရွတ်ပြတဲ့။ ဂီတကဗျာ။ အလင်္ကာလေးချိုးကြီးရဲ့ လိုရင်း။ အကျဉ်းမျှသော အဓိပ္ပါယ်မှာ။ ။ငါတို့ ဘဝရှင် သီဘောမင်းတရား၏ ဘိုးတော်။ သာယာဝတီမြို့ကို စားရဘူးဒါနဲ့။ သာယာဝတီမင်းဟူ၍ ခေါ်တွင်သော ဘုရင်မင်းမြတ်နန်းစံ ၄ နှစ်မြောက်ဖြစ်သော။ သက္ကရာဇ် ၁၂၀၃ ခုနှစ်အတွင်း။ တော်သလင်းလပြည့်ကျော် ၇ ရက်နေ့တွင်။ အကြင်ရာမညတိုင်း။ တလိုင်းတို့ ပြည်ရွာ။ ဥက္ကလာပ ရန်ကုန်က။ ရွှေတိဂုံ စေတီတော်ကို။ ဖူးမြော်ပူဇော်တော်မူရန်။ မင်းမိဘုရား။ သားတော်သမီးတော်။ ဆွေတော်မျိုးတော်။ သီးရံ နန်းရံ စော်ဘွား။ မြို့စား။ များစွာသော မှူးတော်မတ်တော်။ ကတော်မယား အစုံအညီတို့နဲ့။ ဤမည်သော "ပြည်ကြီးမွန်" ဖေါင်တော်။ သက္ကဒါန်လှေတော်။ သမ္မန်တော်။ သဘော်ဘောတော်။ ကတ္တုသွန်းကြင်။ ထိုပြင်မှ တပါးလည်း။ နဂါးလှေကြီး။ ဂဋ္ဌုန်လှေကြီးသော။ လှေတွေလောင်းတွေနဲ့။ ရေကြောင်းကစုန်ဆင်းတော်မူခဲ့ရာ။ နောင်တော်မင်းတရားနှင့်။ ကုလားတို့ အရေးများတွင်။ တပ်စခန်းချရာ။ စားတော်မူရသော မင်္ဂလာသာယာဝတီမြို့အတွင်း။ ရေကင်းမင်းကြီးရွာ။ မင်္ဂလာအိမ်တော်ရာသို့ ဝင်တော်မူ၍။ "မမေ့အပ်တဲ့ အရပ်သုံးပါး"ကို။ နှလုံးထားတော်မူပြီးခါ။ ငါအထွတ်အမြတ်သို့ရောက်ရာ။ မင်္ဂလာသာယာဝတီအောင်မြေ၌။ နောင်အရှေ ကိုးကွယ်စေလိုသော အားဖြင့်။ ဘုရားစေတီတော် တည်ရန်အတွက်။ လက္ခကံ ကျွေးထုတ်ပေးတော်မူခဲ့ပြီး။ တဖန်စုန်တော်မူခဲ့ရာ။ ဥက္ကလာပဆိုတဲ့ရန်ကုန်သို့။

သီတင်းကျွတ်လပြည့်ကျော် ၃ ရက်နေ့ ဆိုက်ရောက်တော်မူသတဲ့။ ။ သို့ဆိုက်ရောက်တော်မူရာ။ယခုအခါကျုပ်တို့ရဲ့ တပည့် ဒါယကာတည်း ဟူသော။ဆရာကြီး မောင်ဘလွင်တို့ အမျိုးသား ကျောင်းတော်ကြီး နေရာ။ဇေယျာဘုမ္မ ။ သဒ္ဓိမင်္ဂလာအောင်ခန်း၌။ ရွှေနန်းမဲ့ အဆောင် ဆောင်များနှင့်။ စံစားတော်မူဘူးသတဲ့ ။

ဒေါ်ခေမာ။ ။"ညြော် အမျိုးသား ကျောင်းနေရာဟာ။ တိုအခါကာလက။ (၁) အမရပူရ ဒုတိယမြို့တည် နန်းတည်မင်း။ (၂) ကုန်းဘောင်မင်း။ (၃) သာသနာတိမင်းရယ်လို့။ နာမံတော် ၃ မည်တွင်တဲ့။ ဘုရင်မင်းတရားကြီး နန်းတော်ရာဘဲလား ဘုရား"။

အေးအေးဟုတ်တယ်။ အစစ်ပေါ့။ ကြည့်ပါလား ဒေါ်ခေ မာရဲ့ ။ သားတော် အိမ်ရွှေနန်းရံ။ ပုဂံမင်းသား အိမ်တော်ရာမှာ တည်ထားတဲ့ အိမ်တော်ရာ ဘုရားရှိတယ် မဟုတ်လား။ မှတ်ထားနော် အိမ်ရွှေမင်းများရဲ့ အိမ်တော်ဆိုတာ။ နန်းတော်ကြီးရဲ့ မြောက်ဘက်မှာ ရှိရတယ်။ အနှာကြောင့်မို့ ။ ကျုပ်တို့မြန်မာပြည်ရဲ့ အစ။ ပဌမ စာည်ဟောင်း။ တကောင်းက စ၍။ မန္တလေးခေတ် ကျအောင်။ အိမ်ရွှေအိမ်တော်ကို။ မြောက်အိမ်တော် ရယ်လို့ ။ အနို့လို ခေါ်ရတာပေါ့။

ဒေါ်ခေမာ။ ။"ဦးထိပ်ရွက် ဆင်ပါ ဘုရား"

အဲဒီ အမျိုးသား ကျောင်းကြီး၏ တည်ရာ။ဘူမျာဓိပတိ။ ဘူမိ အောင်ခုံ။ ရန်ကုန်ဟူသော အမည်ဟောင်းတွင်။ မကောင်းသော ဒုစရိုက်။ အမိုက်တကဗိုလ်မင်း။ အဖျင်းတကဗိုလ်ချုပ်ဟု ဆိုအပ်သော ယုတ်မာလှစွာသော အကုသလ။ ပါပမိစ္ဆာ တို့၏ အစွန်းရန်ကို။ တွန်းလှန်ဖြိုဖျက်သောအားဖြင့်။ မျှားမျှားကြီး အောင်မြင်တော်မူစေ ချင်သမို့ ။ မြို့တော်ကို (အောင်မြေရန်နှင်)။ နန်းတော်ကို (မြတ်နန်း အောင်ချာ)ရယ်လို့ သမုတ်ပြီး။ ကျုပ်တို့မြန်မာပြည်ကြီးရဲ့ သခင်။ သာယာဝတီဘုရင်။ယခင်ကစံနေတော်မူဘူးတယ်ဘဲ့။ ။အင်း မောင် ဘလွင်တို့ အမျိုးသားကျောင်းကြီးနေရာက။ကောင်းချီးဇေယျာ ဓာတ် ကြွန်း တည်းဟူသော။ (မြတ်နန်းအောင်ချာ) ဆိုတော့။ ဓာတ်ပန်း ရောင်ဖြာစရာပေါ့လေ။ (အနို့ပြီးတော့။ ရန်ကုန်ဆိုတဲ့ ဥက္ကလာပ

(အောင်မြေရန်နှင်)။ အကြင်သို့သော မဟာရာဇဌာနီ မင်းနေပြည်ကြီးရဲ့။ မျှုံ့ထီးမင်္ဂလာ ဖြစ်တော်မူတဲ့ (၁) ကောက္ကသန်ဘုရား။ (၂) ကောနာဂုံဘုရား။ (၃) ကဿပဘုရား။ (၄) ဂေါတမဘုရား တည်းဟူသော ဘုရားလေးဆူတို့၏ ဓာတ်တော်မွေတော်အစုံ။ ခိုလှုံတော်မူရာ ရွှေတိဂုဏ်ဘုရားကြီးကိုလဲ။ ရွှေတော်အသပြာ ၃၂ ဗိဿာများကို။ ရွှေမျက်ပါးခတ်လုပ်စေ၍။ လုံးတော်ပြည့်ရွှေသင်္ကန်းတင်လွှမ်းကပ်လှူတော်မူတယ်တဲ့။

အရီးစိမ်း။ ။"အာမဘန္တေပါဘုရား"။

နို့ပြီးတော့တဖုံ။ ဒေါ်ခေမာတို့ ရွှေတိဂုဏ်ဘုရားကြီးပန်းတင်ခုံနှင့် ဖြောင့်ဖြောင့်။ ဂဋ္ဌုန်ထောင့်မှာ ရှိတဲ့။ ကြေးချိန်ဗိဿာပေါင်း ၂ သောင်း ၅ထောင် ၉ရာ့လေးဆယ်နှင့်၉ သားကို သွန်းလုပ်အပ်တဲ့။ အရပ် ၉ ထောင် ၁ မိုက်။ ၃ သစ်။ လုံးပတ် ၁၅ တောင် ရှိတဲ့။ "မဟာတိသဒ္ဒဃဏ္ဍ"ဆိုတဲ့ ခေါင်းလောင်းတော်ကြီးဟာလဲ။ အနှစ်စဉ်အခါဆီက။ သာယာဝတီ မင်းတရား လှူတော်မူခဲ့တာဘဲတဲ့။ အဲဒီမှတခါ။ မင်္ဂလာ သာယာဝတီမြို့အတွင်း။ ရေကင်းမင်းကြီးမှာ တည်ထားတော်မူစေတဲ့ ကုသိုလ်တော် စေဟီပြီးသမို့။ တပို့တွဲ လဆန်း ၁၂ ရက်နေ့တွင် ရွှေထီးအထွတ်တင်လှူတော်မူစေတယ်တဲ့။ ။အနှစ်ရန်ကုန်ဆိုတဲ့ (အောင်မြေရန်နှင်) မြို့တော်က တဖန်။ အညာ သို့ဆန်တော်မူခဲ့ရာ။ မင်္ဂလာ သာယာဝတီမြို့တွင် ၉ ရက်မျှ ရပ်ဆိုင်းတော်မူပြီးသော်။ ကုသိုလ်တော် စေတီတော်ကို။ ထိုတပို့တွဲ လပြည့်ကျော် ၁၂ ရက်နေ့မှာ။ (လောကဇေယျာ) ရယ်လို့ သညာမော်ကွန်းခေါ်ညွှန်းသမုတ်တော်မူပြီးခါ။ သာသနာပိုင်ဆရာတော်ကို အမှူးထားပြီးလျှင်။ မင်္ဂလာ သာယာဝတီ တနယ်လုံးရှိ။ အရိယာဂိုဏ်းဝင်။ သင်္ဃာတော် အကုန်ကိုလဲ။ သီးမျိုးစုံ ပဒေသာပင်ကြီးတွေ လှူဒါန်းပြီးသကာလ။ ပါလာသမျှ အတိတ်မြန်မာတွေနဲ့။ မနာယတန စိတ်သာအောင်လို့တဲ့။ ပရိတ်နာတော်မူလေသည်။ ။အဲ အနှစ်စဉ်အခါ။စာဆိုတော် ဦးဘုန်း။ စီကုံးရေးဆက်သည်မှာ အနှာလိုတဲ့။ ဘယ်လိုပါနည်းဟူမူ။

ရန်ကုန်ဘုရားနှင့် သာယာဝတီ ဘုရားဘွဲ့ လေးချိုးလက်ာ။

မောက်လို့သာ ကဲတော့တယ်။ တောက်ဆဲသူရိန်လို။ ဘူမိန္ဒာ မြေရိုက်တွင်မှ။ ရွှေသိုက်စောင် ပေါ်ထွန်းလို့။ မော်ကွန်းပြောင် ကွန့်ပါဘီ။ တောင်ကျွန့်ရင်။ ။နန်းဥက္ကလာ။ မြေအချာဝယ်။ ကေသာတော်စစ်။ စောရှင်ချစ်မှာ။ ရင်ဇမ္ဗူရုံ။ သစ်လွှမ်းတော်ခြုံ ပြီးမှ။ စည်းခုံလှသရီကို။ "ရွှေသာတီ" အောင်ဘုံရပ်မှာတဲ့။ကပ်လုံး တေဇာဆင့်အောင်။ ချီးမြှင့်ပန်ဆင်။ ။သယမ္ဘူငယ်။ အက်ူရစစ်။ လောင်းတို့ဖြစ်နှင့်။ သနစ်ကယ်စာဂီ။ စွန့်တန်းညီလို့။ ပါရမီသန်။ ရွှေမုဋ္ဌာန်လဲ။ ထုတ်ပြန်ခွန်းခွန်း။ ဗျာဒိတ်တော် ညွှန်းလေတိုင်း။ ဖြစ်ထွန်းတည်ကြည်။ မြတ်သာသနာစည်တော့ပ။ ထောင်ခြည်ငယ် ရှင်သည်။ ပြဘင် ဆယ်သန်းမှ ပြိုင်မတု။ ။ဆဒ္ဒန်ငယ်ပြောင်မုန့်။ စွယ်ဖျားနုံ့သည့်။ ကုမ့်ပြက္ခဒိန်။ ရက်သာချိန်တွင်။ မျက်စိန်မြသား။ စံခရားနှင့်။ မင်းဖျားပရမေ။ ဤသည့်မြေကို။ သိရေစက်မှန်း။ ဆက် ပြန်သွန်းလို့။ မြောက်ယွန်းသွေချီ။ ရေနဒီလဲ။ ရွှေညီသဘင်။ ဆက် ပန်းတော်ဆင်သော့ခါ။ ငှက်ဟင်္သာ့မောင်နှံလဲ။ သောင်ပြတန် ငွေခုံ မော့ငယ်က။ ကျူးတော့အောင်ဆု တဲ့။

\+ × +

ဂဋ္ဌုန်ပျန်,ဒီပနီ,ဋီကာ,နှင့် စပ်လျဉ်းခြင်း။

ဂဋ္ဌုန်ပျန် ဒီပနီဋီကာဟု ခေါင်းစဉ်တပ်လျက်။ ဦးတည့်ရာကို ရေးသားလေ့ရှိသည့် ဆရာမှိုင်းမူကား။ စာခေါင်းအမည်နှင့် အခါ ကာလ အားလျော်စွာ ရေးသားသည့် စာများဖြစ်သောကြောင့်။ ပါဋိအနေအထား စသည်ကို။ လွှန်စွာစီစစ်ခြင်း မရှိဘဲ။ အတော် အတန် လျော်ကန်အောင်, ပုဒ်ခါင့်ပြီးသည့် အရိပ်အရောင်မျှလောက်

ကို။ ဥာဏ်ထောက်ဖေးလျက်။ စိတ်ရှင်ရေးလောက်ကိုသာ ပဓာန ထားပြီး။ အထက်ပါ ခေါင်းစဉ်ပါရှိသည့် စာများကို ရေးသားဟန် လက္ခဏာရှိသည် ထင်ကြောင်း။

သို့ရာတွင် နောက်ပိုင်းက စီစစ်မေးမြန်းလျက်ရှိသည့် ပုဂ္ဂိုလ်များ ပေါ်ပေါက်ခဲ့ပြီ ဖြစ်သောကြောင့်။ ကဆုန်လဆုတ် (၁) ရက်နေ့က ဤသူရိယ သတင်းစာတွင်ပင်(ဦးဘိုးစိန်ထံ,ပြန်ကြားချက်) ဟု ခေါင်းစဉ်တပ်လျက်။ ကြိုးစားပမ်းစား တခမ်းတနား ဖြေဆိုထားသည် တို့ကို တွေ့ရှိ၍။ ဂရုထားပြီး ကြည့်ရှုရာတွင်။ အနည်းငယ် ချွတ်ယွင်း တိမ်းစောင်းနေသည့် အချက်တို့ ပေါ်ထွက်လျက် ရှိသောကြောင့်။ (အလှမ်း ကျယ်သော်လည်း အလယ်လပ်) ဆိုဘိသို့။ သိုင်းဝိုင်း သလောက် ခရီးရောက်ခြင်း မရှိရကား။ အားလုံးတို့ ဗဟုသုတရှိရန် အပြင်။ နောင်ရေးသားဖြစ်ဦးမည့် (ဂင်းဂဏ္ဌိ) အမည်ပါရှိမည့် စာများ၌လည်း။ နှိုင်းချိန်နိုင်သမျှ နှိုင်းချိန်ထည့်သွင်းနိုင်ရန်အတွက်။ အောက်ပါအတိုင်း ရေးသားပြင်ဆင်ချက်ချလိုက်ရကြောင်း။

(ပျောပွယောဂံ ပေါစဖြင့် မပြီးနိုင်)။

ဆရာမှိုင်းမှာ။ အထက်ပါသဒ္ဒနီတိသုတ်ဖြင့်။(အပျ)ပြီးအောင် စိရင်ထားသောကြောင့်။ အထက်အမည်ပါ သုတ်ဖြင့်။ မပြီး ပြီးအောင် စိရင်ရာ ရောက်သည်သာမက။ ဂင်းသုတ်၏ ဆိုလိုရင်း အဓိပ္ပါယ်ကို သော်ပင်။ ကျနစ္ဆာ တွေးတောစဉ်းစားမိဟန် လက္ခဏာမတူချေ။ အကြောင်းမူကား။အထက်ပါသုတ်၏ ဆိုလိုရင်း။ အဓိပ္ပါယ်မှာ(ပျ)ကို ဥဒါဟရုဏ် အားလျော်စွာ (ပ္ပ) ယုဂသော်ဂင်း။ (ပ) သော်ဂင်း။ ပြုရမည်ပင် ဖြစ်၏။(အပွေကစ္စေဒီပါ) တို့မှာ။ ဂင်းသုတ်၏ ပုံစံတို့ပင် ဖြစ်၍။ ပဋမ ပုံစံကို (အပိဧကစ္စေ) ပုဒ် ဖြတ်ပြီးလျှင်။ ဣဝဏ္ဏော ယံနဝါ,စသည်ဖြင့်။(ဣ)ကို(ယ)ပြုစသည်စီရင်ခြင်းဖြင့်(အပျေကစ္စေ) ပြီးမှ အထက်ပါ(ပျောပွယောဂံပေါစသုတ်ဖြင့်(ပျ)ကို(ပ္ပ)ယုဂပြု၍ (အပွေကစ္စေ)ပြီးသည်။ ဒုတိယပုံစံ (ဒီပါ) ၌။ (ဒီပျာ)ဆိုအပ်လျက်။ အထက်ပါသုတ်၏ အစီရင်ဖြင့်ပင် (ပျ) ကို (ပ) ပြု၍။(ဒီပါ)ဟု ပြီး သည်။ ဤကား သုတ်၏ အဓိပ္ပါယ်ကို ပုံစံနှင့် တကွ ချဲပြခြင်းတည်း။ ထိုသုတ်၌ (ပ္ပ) ယုဂကိုဂင်း။ (ပ) ကိုဂင်း။ ဆရာမှိုင်း စီရင်သကဲ့သို့ (ပျ)ရေးရမည် ဆိုလိုသည်မဟုတ်။ ထိုကြောင့် (ပျ)နှင့် ရှိသော(အပျ)

ကဲ့သို့သော ဥဒါဟရဏ်မျိုး၌ အထက်ပါသုတ်ကို အားကိုးထုတ်နှုတ်သုံးလိုက်ခြင်းအတွက်။ အလွန်မသင့်လျော်သည့် ဘက်သို့ သက်လျောတော့သည် ဖြစ်ကြောင်း။

(အပျံ ဟူသော်ပုံစံ ပြီးဟန်)

(အပျ အပ,အယ။ အပ,ကား အပတတ္ထဟော။ အယကား ကိလေသာဟော)။ ရူပါဒီသုအာရမ္မဏေသု အယတိဂစ္ဆတိ ပဝတ္တတိ တိအယော။ ကော,သော။ ကိလေသဂဏော။ သာသဝါ သတ္တာရူပါဒီသု အာရမ္မဏေသု အယန္တိဂစ္ဆန္တိ ပဝတ္တန္တိ တိတေနာတိဝါအယော။ ကော,သော။ ကိလေသဂဏော။ ထိုသို့ (အယ) ကို။ ကတ္တုသာဓကရဏသာဓိပြုပြီးမှ။ (အပ)နှင့်အယတော အပဂတောတိ အပျော,ဟု။ သမာသ်ပြုပြီး။ ကောသော,ဗုဒ္ဓေါဟု အရကြား၍။ တံဖုဒ္ဓံ,ဟု ဝိဘတ်တျန်ခံ။ ထိုသို့ပြု၍ (အယ) ဓာတ်ကြွံပြီးနောက်။ (အယ) မှ (အ)ခြေ။ (အပ) မှ (ပ) ခွင်းခြေကပ်သဖြင့်။ (အပျ) ဟု ပြီးလာရတွင်။ (အံ) စံဘာတ်သက်စီရင်ပြန်သဖြင့်။ (အပျံ)ပြီးသည်ဟု မှတ်ယူသင့်သည် ဖြစ်ကြောင်း။

(အနက်အဓိပ္ပါယ်နှင့်တကွ စီရင်ချက်)

ရူပါဒီသုအာရမ္မဏေသု၊ ရူပါရုံ စသည်တို့၌။ အယတိဂစ္ဆတိ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဤတိ၊ ထို့ကြောင့်။ အယော၊ အယမည်၏။ သော၊ ထို(အယ)သည်။ ကော၊ အဘယ်နည်း။ ကိလေသဂဏော၊ ကိလေသာ အပေါင်းတည်း။ (ဝါ) တနည်းကား။ တေန၊ ဤကိလေသာအပေါင်းဖြင့်။ ရူပါဒီသု အာရမ္မဏေသု၊ တို့၌။ အယန္တိဂစ္ဆန္တိ ပဝတ္တန္တိ၊ ကုန်၏။ ဤတိ၊ ထို့ကြောင့်။ အယော၊ အယမည်၏။ (အယ) ပုဒ်အရ။ (ကိလေသာအပေါင်း) ကောက်ယူရာ၌။ (ကိလေသာဟော) ပရိယာယ် သဒ္ဒါများတွင်။ (အယ) သဒ္ဒါ ပါဝင်လျက် မရှိသောကြောင့်။ အသို့သင်နိုင်ပါအံ့နည်း ဟူငြားအံ့။

(ယုတ္တိသာဓက ပြဆိုချက်)

(အယ) သဒ္ဒါ။ (ပျံသ ကုသိုလ်ကောင်းမှု ဟော) မရှိသော်လည်း(အပါယ)ဟူသော ပုဒ်ရှေ့ပယ် ပညသမ္မတာ အယာအပဂတောတိ အပါယော။ ။ပညသမ္မတ်၊ ကောင်းမှု ဟု သမုတ်အပ်သော။

အယာ၊ ကောင်းမှုမှ။ အပဂတော၊ ကင်းသည်တည်း။ ဣတိ၊ ကြောင့်။ အပါယော၊ (အပါယ)မည်၏,ဟု ဋီကာကျော်ဆရာ ဝိဂ္ဂဟပြုလုပ်ရာ၌ (ခ) ပုညသမ္မတာ, (အယာ) ဟူသော အဘွင့်တို့အရ။ (အယ)သဒ္ဒါ။ (ပုည)ဟောဟု သိရသကဲ့သို့ငင်း။ ။ထို့ပြင်(အယ)သဒ္ဒါ။(သုခ ချမ်းသာဟော)ပရိယာယ်သဒ္ဒါတွင် မပါဝင်သော်လည်း။ (နိရယ)ဟူသော ပုဒ်ဝယ်။ အယတော သုခတော နိဂ္ဂတောတိ နိရယော။ အယတော သုခတော၊ ချမ်းသာသုခမှ။ နိဂ္ဂတော၊ ကင်းလွတ်လွန်မြောက်သည်တည်း။ ဣတိ၊ ထိုကြောင့်။ နိရယော။ (နိရယ)မည်၏,ဟု။ ဋီကာကျော်ဆရာသည်ပင်။ ဝိဂ္ဂဟပြုရာ၌လည်း။ (အယတော သုခတော) ဟူသော အဘွင့်အရ။(အယ)သဒ္ဒါ(သုခ)ဟောသိရသကဲ့သို့ငင်း။....အတ္ထာပကရ ဏာလိင်္ဂါ။ ဝိစိတြာ ကာလဒေသတော၊ သဒ္ဒတ္ထဝိဘဇ္ဇီယန္တိ၊ နသဒ္ဒါ ယေဝ ကေဝလံ။ ဟူသော မောဂ္ဂလာန်, ပဉ္စိကာ ဋီကာ တို့နှင့်အညီ။ အရာဌာနအားလျော်စွာ။ ဤ၌ (အပျံ ဟူသော)ပုဒ်သည်။ ဘုရားဂုဏ်ပုဒ်ဖြစ်၍။ ဆိုအပ်ခဲ့ပြီးတိုင်း ထို၌ (အယ) ကို (အကုသိုလ်ကိလေသာဟော)ယူပြီးလျှင်။ အနက်ကိုမူ ပေးမြဲတိုင်း (အပျံ၊ ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးတော် မူထသော) ဟုပင် ပေးရမည်ပင် ဖြစ်ကြောင်း။

အထက်ပါ (နိရယ အပါယ) တို့၏ ဝိဂ္ဂဟ အဘွင့်ကို ရေးသားသည့် ဋီကာကျော်ဆရာမှာလည်း။.... ယဿဥပ္ပဇ္ဇတိ ဗြူဟေန္တော ဝေဥပ္ပဇ္ဇတီတိအယော(သုခံ)။ နတ္ထိတ္ထေအယောတိနိရယော။.... ဟူသော (သိင်္ဂီတိသုတ်ဋီကာ)။ ထိုအလို(အတ္တနော နိဿယံ ပုဂ္ဂလံ ဗြူဟေန္တော အယတိ ဂစ္ဆတိပဝတ္တတီတိ အယော) ဟုပြုစေလိုသည်။ ထိုသုတ်ဋီကာ ဆရာသည်လည်း။ (သမ္ပယုတ္တာနံ ဥပဗြူဟနရသံ) ဟူသော။ အဌသာလိနီ, ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့အရ (ဥပဗြူဟနရသ) ကို ရည်ပြီးလျှင် (ဥပဗြူဟေန္တော) ဟု ဆိုပြန်လေသည်။ ငင်းပြင်, ဆက္ကနိပါတ် အင်္ဂုတ္တိုရ်ဋီကာ၌လည်း။(နတ္ထိတ္ထေ အဿာဒ သညိတော အယောတိနိရယော) ဟု ဆိုပြန်သည်တို့ နှင့် အညီ ဖြစ်သည့်(နိရယ)ပုဒ်၏ အဘွင့် ဝိဂ္ဂဟပင်မက (နိရယောတိ သဂ္ဂမောက္ခဟတုဘူတာပုည သမ္မတာ အယာအပေတတ္တာ) ဟူသော။ ဆက္ကနိပါတ် အင်္ဂုတ္တိုရ်ဋီကာတို့နှင့် အညီလည်း (အပါယ)ပုဒ်၏ အဘွင့်ဝိဂ္ဂဟ တို့ကို ရေးသားထားခြင်း

ဖြစ်သောကြောင့်။ (အယ) သဒ္ဒါ၏ (ပုည) ကောင်းမှု ကုသိုလ်ဟော (သုခ) ချမ်းသာသုခဟောတို့မှာ ထင်ရှားခိုင်လုံသည့် အလျောက်။ ဤ(အပျ)၌လည်း(အယ)ကို။ ဆိုခဲ့ပြီးအတိုင်းအရာဌာနအားလျော်စွာ (အကုသိုလ် ကိလေသာဟော) ယူပြီးလျှင် (ယူပါဒီသုအာရမ္မဏေသု (လ) အယတောအပဂတောတိ အပျော။ ကော,သော။ ကိလေသဂဏော။တံဗုဒ္ဓံဟု အားကြီး, ထောက်တည်ရာကောင်းသော။ အမှီအရပ်ရပ်ဖြင့်။ အထွေထွေ ဗဟုသုတအကျိုးငှာ။ စီစစ်နိုင်သမျှ, စီစစ်၍ ရေးသားလိုက်ကြောင်း။

(အပျံ နှင့် အနပျံ)

(အပျံ အပျံ)ကိုလည်း (အပျံ အနပျံ)ဟု ပုဒ်ဖြတ်ထား၏။ ကွဲကဲ့သို့ ပုဒ်ဖြတ်ထားရှိုးမရှိသဖြင့် (အနပျံ) ဟု ပုဒ်ဖြတ် ထားခြင်းလည်း မသင့်။ (အပျံ နပျံ) ရေးသားမှုကား (အနပျံ)ဟု ပုဒ်ဖြတ်လွဲယွင်းမည်သာမက။ ပုဒ်အနေအထားလည်း မပျက်သည်ပြင်။ ရည်ရွယ်ရင်း အဓိပ္ပာယ်လည်း ပျက်မည်မဟုတ်သောကြောင့်။ (အပျံနပျံ)ဟု ပြင်ဆင်သင့်သည်ဖြစ်ကြောင်း။

သတိပေးတိုက်ဘွန်းချက်။

ဂင်းဖြေဆိုချက် နောက်ပိုင်း၌လည်း။ (သဒ္ဒါကဗျာ မြန်မာ, မှုမှာ ဆရာ တခုပါဘဲ) ဟူ၍လည်း ရေးလျက် ရှိသည် မှာလည်း (အပျံ အပျံ) တို့၌မှာပင် သဒ္ဒါရေးစီစစ်ဟန်ချက်ယွင်းလျက်ရှိသောကြောင့်။ ရှေ့နောက်မျှားစွာ ဆန့်ကျင်လျက်ရှိ၏။ဂင်းပြင့်(ရေးသားတုန်းတန်းလန်း(လ)ရပါလိမ့်မည်)ဟူ၍လည်း ရေးသားပါရှိပြန်၏။ တခမ်းတနား ရေးရန် ရည်ရွယ်ပြီးလျက်။ အနည်းငယ်မေ့ပေါ်ပေါက်လာသည့်ရှုပ်ထွေးချက်ကိုမှ ရှင်းလင်းသွားလိမ့်မှု။ အပြစ်ဆိုကြစရာ ဖြစ်ပေလိမ့်မည်။ (အခုရှုပ်မှ ရှင်းမည်ဆိုသကဲ့သို့ငင်း။ အစကောင်းမှ အနှောင်းသေချာဆိုဘိသို့ငင်း)။

ရှုပ်စရာရှိသည်တို့ကို ရှုပ်ခွင့်ရမည့်အချိန်က။ အကြွင်းမရှိ, ရှုပ်ထားပါမှု။ နောင်အခါ ကောင်းမွန်မည်ဖြစ်ခြင်း။ အစကတည်းက။ ကမောက်ကမ ဖြစ်နေသည်ကို။ နောင်အခါအတွက် ခြွင်းချက်ထားသော်လည်း။ ကောင်းမွန်ရေး အတွက် မြော်လင့်ဘွယ်မရှိခြင်း, တို့ကြောင့်။ မသဲကွဲသဖြင့်, စီစစ်စေလိုသည်တို့ကို(ဂန္ထဂရု) ဖြစ်မည်စိုး၍။ နောက်သို့လှည့်မကြည့်လိုတော့ဘဲ အတွင် စိုင်းသွားတော့မည် ဖြစ်မူကား။ (ရင်း,ဂဏ္ဌီ) စာခေါင်းစဉ်ပါရှိမည့်။ ရေးသားလတ္တံ့စာများ၌ သော်ပင် ကောင်းမွန်လာလိမ့်မည်ဟု မြော်လင့်ချက် ရှိကြမည် မဟုတ်သောကြောင့်။ လေးနက်သော အကြံဉာဏ် ထားရှိရန်အတွက် သတိပေး တိုက်တွန်းလိုက်ရခြင်း ဖြစ်ကြောင်း။

ပဋ္ဌမကျော် အရှင်တေဇဝန္တ။
(ဝိသုဒ္ဓါရုံ, ဂဏဝါစက)။
မန္တလေးမြို့။

o o o

ထိုသို့တခါ။ သာယာဝတီမြို့ကို စားရသော။ အာဇာနည်တို့ဘုရားတို့၏ အကြောင်းအရာကို။ကောင်းစွာ ဟောပြော ပြသပြီး။ တောရဆရာ။ မစ္စတာမောင်မှိုင်းတည်းဟူသော ကျွန်ုပ်တို့သည်။ ဤမည်သော လောကီဝိဇ္ဇာမယလုပ်ငန်း။ အဂ္ဂိရတ်ကျမ်းစာ။ အရာရာကို သည်း။ ဝါသနာအထုံ။ အာရုံတော် စူးစိုက်၍။ အထူး လိုက်စားတော်မူခြင်း တည်းဟူသော အလိုတမျိုးဖြင့်။ ဖိုထိုးတော်မူလိုသနဲ့။ ကြီ တပဲ့မ များစွာ။ သနားစရာတို့။ ။ဤအခါကာလ။ ဓမ္မာသန မူခြင်မှ ဆင်း၍။ ယင်းသို့သော (ဂဋ္ဌုန်ကုတ်သတ်။ နဂါးရပ်၏) ဘုရားသော လမ်းကို။ ထိုးစမ်းတော်မူဦးရော့မည် ပြောရာ။ တောအဆွေသုမ။ မယ်ဓမ္မစာရီက။ ဤမည်သော အီနောင် ဇာတ်တော်ကြီး တမွတ်ထားရသော။ ပွတ်စပါးတို့လို။ ညွတ်တွား၍ လျှောက်ပြန်သည်မှာ။ "ဆရာသခင်။ ကျေးဇူးတော်ရင်။ ထိပ်ခေါင်တင် ဘုရား။ ဆင်းတော်မမူခင်။ အရင်က တပည့်တော်မ လျှောက်ထားတဲ့။ ဆရာသက်စ အပြီးမသတ်သေးပါ။ ဆရာသုရား ရေးသားတော်မူတဲ့။

"မဟာဒုက္ခ။ ဇရာဒုဗ္ဘလ" ဆိုတဲ့ လေးချိုးကြီးအတွင်းက။ မရှင်းလင်းသေးတဲ့ အလုပ်။ စတုတ္ထအပိုဒ်အဆုံးချကာနီးတွင်။ "ရဂုံစံ ချစ်စရာ တပည့်တို့မှာဖြင့်။ ဥုံ အရဟံ သစ္စာဂတိတွေနှင့်။ ဂဋ္ဌုန်သရဏံ ဂစ္ဆာမိကြပေတော့" ဆိုတဲ့ အချက်အလက်များ။ ကွက်ကွက် ကွင်းကွင်း။ မုန့်တီဟင်းကဲ့သို့ အစင်းသားပေါ်စရာ။ ဘော်ကာပြစေချင်ပါသေးတယ် ဘုရား" ဟု လျှောက်ထားပြန်ချေတမုံ့။

အို တပည့်မကြီးမယ်ဓမ္မစာရီ။

မယ်ဓမ္မစာရီ။ ။"ဘုရားပါ ဘုရား"။

သြော် ယခုအခါ။ ဒကာမကြီးသိလိုတဲ့။ ထိုမည်သော "ရဂုံစံ" တို့။ "ဥုံ အရဟံ" တို့။ "ဂဋ္ဌုန်သရဏံ" တို့ အကြောင်း အရာကို။ ကောင်းစွာအကျယ်။ လယ်လယ်ဝယ်ဝယ်။ ဘယ်ဝယ်ဘယ်သို့။ အနို့မို့ အနှီလို။ ထိုထိုဖြေရှင်းနေက။ ယင်းသို့သော ဂဋ္ဌုန်ပျံဒီပနီ ဋီကာကျမ်း၏ နိဒါန်းမှာ အကျယ်ဆိုသဖြင့်။ အထယ်ကိုယ်ကို။ ရှယ်သလို မပေါက်မြောက်ဘဲ။ ဂတောက်ဂတက်။ နောက်ပျက်ပျက် ဖြစ်ကုန်ချိမ့်မည်။ အနှီနိဒါန်းအပြီး ဂဋ္ဌုန်ပျံဒီပနီဋီကာ စာကိုယ်အတွင်းကျမှဘဲ။ မယ်ဓမ္မစာရီတည်းဟူသော စနေသွီးကို။ အဖြေအသီးသီး ထုတ်ပြပရစေတော့။

မယ်ဓမ္မစာရီ။ ။"ဒါဖြင့် ရှိပါစေတော့ဘုရား။ သို့ရာတွင် ဆံတော်ရှင် ဒဂုန်ဘုရားကြီးက။ တရားမီးယမိုက်ပြတော်မူပုံဘွဲ့ကဗျာ တပုဒ်ကိုဖြင့်။ လုပ်လက် စစခန်းမှာ။ တန်းလန်းကြီးမထားခဲ့ပါနဲ့။ အများ တပည့်မတို့ အာဂုံဆောင်စရာ။ တခါဆက်လက်ပြီး။တချက်လုပ်တော်မူပါအုံးဘုရား။ ဘာကြောင့်လဲဆိုတော့။ ဟိုစင်အခါ။ ရတနာပူရ အင်းဝကောင်းစားသောအခါများက။ကဗျာဘုရားကြီးတဆူ။ ဟူစလောက်သောအသျှင်။ သခင်မဟာရဋ္ဌသာရ မထေရ်။ စီရင် ပြုစုတော်မူတဲ့။ ဘူရိဒတ်ဇာတ်ပေါင်းလင်္ကာစကားက....

"ဘုရားလူ့ဘ။ မုနိန္ဒလျက်။ မိန်းမယောကျ်ား။ လူ့စကားဖြင့်။ မကြားစကောင်း။ မဆိုတောင်းကို။ အကြောင်းဆောင်သွေး။ ဆိုတုံသေးရှင့်။ ဆိုရေးရှိက။ ဆိုအပ်လှ၏။ ဆိုစများလျား။ ထားပချေဘိ။ ငါ့ဝန်ရှိခဲ့။ ပြီးမိုးစေ။ ဆိုလျှင်းပေအုံ့။ မစ္ဆေပိတ်သို။ ငြိုဖြည့်လိုရှ်။ ငါ့ကိုကော်ရော်။ မကြည်သော်လည်း။ ရှင်တော်ဟောတူ။

လေးမြတ်မူ၍။ အယူပြတ်ပြတ်။ နာထွေတတ်က။ ကျိုးကြီးရလိမ့်။ ကြောင့်ကြဟူသည်။ မီးပူခပ်သိမ်း။ ငြိမ်းစိမ့်သောငှါ။ သူတော်စွာတို့။ ဤစာသာရ။ ဂေါသီတကို။ နားဝနှစ်ဘက်။ မြကျောက်ထက်၌။ ညာဏ်လက်ကိုင်ထေး။ ဖြည်းဖြည်းသွေး၍။ ။နံ့မွေးတသုန် လိမ်းလင့်ကုန်" ဟုမိန့်တော်မူသည်များကို။ လေးစားသမှု။ ပြုတော်မူပါအုံး ဘုရား"။

(ယင်းသောအခါ။ မယ်မွေစာရီ၏ နောက်ဆီက။ အစီအရီ။ တရားနာလျက်ရှိနေကြသော တပည့်တွေကလဲ။ ယခု ဒေါ်မွေစာရီ အဆိုသွင်းသည်ကို။ တပဲ့မတို့ ဗြဟ္မစိုရ် တသင်းလုံးက။ ပယင်းကုံး ပုတီးကိုင်ပြီး။ မြိုင်မြိုင်ကြီး ထောက်ခံကြပါသည် ဘုရားဟု လျှောက်ထားကြလေ၏ တမ့ုံ)။

သြော် တပည့်မတွေက။ မရမက။ တဖွဖွ လျှောက်ထားလို့ ရှိမင့်။ သိဆင့်သိဆိုက်သော ဝစနာလင်္ကာရတွေနဲ့။ ပြသဟောကြားရ အုံးမှာဘဲ။ ကဲကဲ အပါး တိုးကြ တိုးကြ။ စကားအမျိုးမျိုး။ အသွားအမျိုးမျိုးတွေနဲ့။ တရားမိုးကြိုးပစ်လိမ့်မည်။ နှစ်သိမ့်စွာ နာယူကြပေတော့နှော။ ။ဟိုတလောက ဆရာစီကုံးခဲ့တဲ့ လေးချိုး တန်းလန်းက။ အစဖြစ်တဲ့။ "စိန်ဝဇရုတ္တရ" ဆိုသော။ ပုဒ်ပဒ အနက်ရင်းကို။ ရှင်းလင်းစွာ သိကြရဲ့လား။ တပည့်မများ။

အရီးစိမ်း။ ။"တပဲ့တော်မတို့ ဗုဒ္ဓဇင်တွေ။ သိမြင်ဘို့အခက်သားပေါ့ မောင်ရင်မှိုင်းရယ်"။

အို ကျုပ်တို့ ဒကမကြီးအရီးစိမ်း။ ပါဋ္ဌိမဂဓက "ဝဇိရ" တဲ့။ သက္ကဋ္ဌအရကတော့။ ဇက္ခဲ့ရရစ်ပြီးသကာလ။ "ဝ[ဇ္ဂ" တဲ့။ မြန်မာ့အလိုကတော့ "ဝဇိရစိန်" တည်းဟူသော "ဝရဇိန်" ရယ်လို့ မှတ်ကြရမည်။ ။အနှဲ စိန်ဝဇိရုတ္တရ အတွက်။ အနက်ညာဏ် ကျယ်အောင်။ အောက်ပါ မန်လယ် ဆရာတော် ဘုရားကြီး၏ ယောဇနာကိုလည်း။ ထောမနာကြရာ၏ တဲ့။

(၁) ဝဇိရုတ္တရနာမိကံ။ ဝရဇိန်လက်နက်။ မိုးကြိုးစက်ကဲ့သို့။ ဝက်ဝက်ခွဲဖြို့။ ဖြေဆိုရာဖြေဆိုကြောင်းဖြစ်သောကြောင့်။ ဝဇိရုတ္တရ အမည်ရှိသော ဝိသဇ္ဇနာ, ဗျာကရဏကျမ်းကို။

(၂) ဝဇိရကာယော။ ဝရဇိန်တနှုန်း။ စိန်တုံးစိန်တိုင်။ စိန်

ဆိုင် စိန်ခဲကဲ့သို့။ မကဲ့မအက်။ ရောင်စုံဆွက်၍။ ပြိုးပြက်အံ့ဘွယ်။ လွန်တင့်တယ်သောကိုယ်တော် ရှိတော်မူ၏။

(၃) ဝဇိရစက္ကသမ္ပန္နော။ ဝရဇိန်လက်နက်။ မိုးကြိုးစက်ကဲ့သို့။ အချက်မရွေး။ မနှေးလျင်မြန်။ လွန်ပြင်းထန်သဖြင့်။ ပဟာန်ဒုမျိုး။ တန်ခိုးကြီးစွာ။ ထိန်ထိန်ဖြာလျက်။ ကိလေသာ ခပင်း။ ရန်မကြွင်းအောင်။ မြစ်ရင်းပြုတ်ကြွေ။ စင်းခုတ်ချေတတ်သော။ ကုဋေသုံးသန်းခြောက်သိန်း အရေအတွက်။ နည်းအမြွက်ရှိသော ဝိပဿနာ မဟာ ဝဇိရဉာဏ်တော်....ဆိုတဲ့။ အနက်ဆန်ကလည်း။ ကျက်မှတ်ရန် ကောင်းပေသည်။

အနှီမှတလော။ ဆက်လက်ပြီးဟောရမှာဖြင့်။ အို တောရသူ အပေါင်းတို့။ အကြောင်းက သည်လိုရှိတယ်။ ဘယ်လို ရှိပါသလဲဆိုတော့။ ဟိုပဲကူးပျက်နှစ်ဟု ဆိုအပ်သော။ သက္ကရာဇ် ၁၂၉၂ ခု နှစ်အကြုံ။ ကဆုန်လဆန်း ၉ရက်။ တနင်းလာနေ့ကစပြီး။ တိကုမ္ဘစေတီတော်ဘုရားကြီး ထီးတော် အထက်ဖျားက။ ငှက်မနားစိန်ဘူးတော်ကြီးမှာလည်း။ ပျက်စီးတိမ်းယိမ်းပြီးခါ။ ဘဏ္ဍာတော်တိုက်တွင်းသို့။ သက်ဆင်း တည်နေတော်မူခြင်းမှာ။ ယခုအခါ မြန်မာပြည်အတွင်း။ နဝင်းစေတီတော်တွေရဲ့ ယမိုက်ပွဲနှင့်။ တဂိုက်ထဲညီအောင်။ ပြည်ဘောင်မှာ ဖြစ်ရတယ်လို့ တထစ်ချမှတ်ယူကြရမည်။ ။အနှီမှတဖုံလည်း။ ဂဋ္ဌုန်မင်းတို့။ ကျားမင်းတို့။ နဝင်းတို့။ တြင်းတို့နှင့်။ သတင်းမျှုဝှိ့ ကြေညာတဲ့။ မြန်မာသက္ကရာဇ် ၁၂၉၃ ခု။ ရတုအကြုံ။ ကဆုန်လပြည့်။ ကြာသပတေးနေ့ဖြစ်တဲ့။ နှစ်တပတ်အလည်မှာ။ ဤမည်သောစိန်ဘူးတော်ကြီးသည်။ ထီးတော်ထက်သို့တဖန်။ စျာန်ပျံ၍ ကွန့်မြူးသည်မှာ။ အညွှန့်အဖူးမင်္ဂလာတပါးရယ်လို့။ အရှင်ဆရာတပါးဖြင့်။ အားထားလို့ ယုံကြည်တော်မူတာဘဲ ပုညဝတီရဲ့။

ပုညဝတီ။ ။"မှန်လှ ပါ။ ရွှေဗျာတော် အထူး တံဆိပ်ကို။ ဦးထိပ်ပန်ဆင်လျက် ရှိကြောင်းပါဘုရား"။

"အို ပုညဝတီ။ ဤကဲ့သို့ တသိန်ထူးပြီးတော့။ ဝတိန်မြူးလောက်တဲ့။ စိန်ဘူးတော်ကြီးမတင်ခင်။ အရင် တပေါင်းလပြည့်ကျော် ၄ရက်။ သောကြာနေ့တွင်။ ဆံတော်ရှင် ဒဂုန်ဘုရားကြီးက။ တရားမီးပြတော်မူတဲ့ အကြောင်းကိုတော့။ ၎င်းကဲ့သို့ မှတ်ကြရမည်၊ ဘယ်လို

မှတ်ကြရမလဲဟူမူ။။ ။ဟံသာဝတီဆိုတဲ့ ရွှေပကိုးသည်။ သဝေးထိုး အောင် ပျက်စီးသောအခါ။ အညာမှာ အဆောင်ဆောင် ကြငှာန်း တွေနဲ့။ မြန်မာတန်းဆောင်လျှမ်းခဲ့တဲ့။ ညောင်ရမ်းမြို့ ဆိုတာမျှား။ ကြားဘူးရဲ့မဟုတ်လား။ ။အဲဒီ ညောင်ရမ်းမြို့စား မောင်သစ္စာ ဟူ၍ လည်းကောင်း။ မင်းရဲရန္တမိတ် ဟူ၍လည်းကောင်း။ ထင်ရှား သော မင်းသားသည်။ ဤမည်သော သက္ကရာဇ် ၉၅၉ခုနှစ် အတွင်း။ အင်းဝကို အလိုတော်ပြည့်ချင်သနဲ့။ "ဆင်ပေါက် ၅စီး။ ကျွန်သီး ၅၀၀။ သင်္ဃာ ၂ပါး။ ပုဏ္ဏားရှစ်ယောက် တို့နှင့်။ ခေတ်အလျောက် ဘုရင်လုပ်မလို့။ ကျုပ်တို့ရတနာပူရ အင်းဝဆိုတဲ့ အညာရပ်ဆီ။ တပ် ချီလို့ ထွက်တော်မူခဲ့သတဲ့"။

အရီးစိမ်း။ ။"စစ်ချီတော်မူတဲ့ အခမ်းအနားမှာ။ ရဟန်း ၂ပါးလဲ ပါသလား။ အနို့ ဘုရားပညတ်တဲ့။ အာပတ်တော် အထိကရ တွေနဲ့။ မညိကြပေဘူးလား မောင်ရင်မှိုင်းရယ်"။

ဩော် ခက်လည်းခက်တဲ့ ဒကမကြီးဘဲ။ မြန်မာပြည်တပ်စခန်း မှာ။ မြန်မာရဟန်း ပါမှာပေါ့။ ဂျာမနီဘုန်းကြီးမှ မဟုတ်ပါဘဲ တကား။ ဒုဋ္ဌဂါမဏိ စစ်ထိုးခန်းမှာ။ ရဟန်းနှင့်မကင်းပုံကို။ အာရုံပြု မှပ။ ဒါယိကာမကြီး အသံမထွက်နဲ့ ဖန်ခွက် မကြောက်ဘူးလား။ နားထောင်။ အဲ ဤကဲ့သို့။ ညောင်ရမ်းမင်းသား တပ်ချီတော်မူခဲ့ရာ။ မင်းလှကန်ဖျားမှာ တပ်ချသတဲ့။ သည်ကတဖန် ချီတော်မူခဲ့ပြန်ရာ။ ဆီးတောအရပ်တွင် တပ်ချတော်မူပြန်သတဲ့။ ။ထိုဆီးတောတပ်စခန်း။ ကွန်းထောက်တော်ဘဲနန်းကို။ ညချမ်းအခါကြီးမှာ။ မီးသင့်တာဘဲ တဲ့။ အနှီသောအခါ။ ပါလာတဲ့တပ်တော်သားများမှာ။ အားရော့ ကာ တထိတ်တလန့်နှင့်။ နိမိတ်ကနှယ် မသန့်လေခြင်းလို့။ စိတ်မခန့် ဖြစ်ကြရာတွင်။ တပ်ဦးတွင် ဖူးမြှော်ဘို့ ပင့်ခဲ့တဲ့ ဘားမဲ့အကျော် ဆရာ တော်ဘုရားကြီးက။ မစိုးရိမ်ကြနဲ့ ဒါယကာတပ်သား အပေါင်းတို့။ ၎င်းမင်းတို့၏ ညောင်ရမ်းမင်းသားကြီးသည်။ မီးတောက် မီးလျှံကဲ့ သို့။ ကေန် ဘုန်းတော်ကြီးလျက်။ သက်တော် ရှည်ပြီးသော်။ သား တော်အစဉ်။ မြေးတော်အဆက်။ ဖြစ်တော်အညွှန့်။ အမွန့်ရှည်မြင့် ဒွာ။ သာသနာ့ဒါယကာအစစ်။ ဖြစ်တော်မူလိမ့်မည်လို့ နိမိတ်ဘတ် တော်မူသတဲ့။ ။ယင်းသို့သော နိမိတ်ဘတ်သည့်အတိုင်း။ မဆိုင်း

တွေ။ အင်းဝကိုတပ်ချီပြီး။ အပြည်ပြည်လွှမ်းမိုးလို့။ အစိုးရတော်မူ ဘူးသော တိတ်ထုံးအရ။ မီးခသော အရာသည်။ စစ်ချီသော လမ်း ကြောင်းမှာ မူကား။ ကောင်းမြတ်သော နိမိတ်ကဘဲလို့။ စိတ်ထဲက အာရုံပြုကြရာ၏တဲ့။

အဲ အနှီမှတပါး။ ဘုရားပုထိုးတို့၌။ တန်ခိုးမီးရောင်။ တောက် လောင်ပျက်စီးသည်မှာ မြန်မာပြည်၏ ရာဇဝင်တိတ်ထုံးအရ။ မြန်မာ့ ရာဇင်း။ အမင်းမင်းတို့။ ပျက်ယွင်း တိမ်းပါးရပေကြောင်း။ ။ရှေး ဟောင်းနှောင်းဖြစ်ကို။ စီစစ်ပြန်လျှင်။ ငါတို့ဘဝရှင်။ သီဘောမင်း တရား။ ကုလားပြည် ပြောင်းကာနီးတွင်။ မဟာမုနိဘုရားကြီးကို မီးခ သော နိမိတ်တို့ဖြင့်။ ထိတ်စရာဖြစ်ခဲ့သောဟူလို။ ။ထိုကြောင့်။ ဆီး ဘနီ ဆရာတော် ရေးအပ်သော "မှတ်ပါရစ်စေ"ချီ။ တမ်းချင်း အ စပ်၌။ ။(၁) "မတ်ကြီးဥာဏ်ကျယ်။ မာလောံနွယ်တို့။ ဝှက်ကွယ် လှည့်ဝိုက်။ သူ့ဘက်လိုက်၍။ စရိုက်စောင်းငဲ့။ သစ္စာမဲ့ကြောင့်။ နှစ် ဆဲ့ခုနစ်။ နန်းစံရှစ်တွင်။ ကသစ်ဘုံနေ။ သိကြားကြွေသို့။ ချက်ရွှေ သိုရာ။ မန်းပြည်သာမှ။ မဟာဣန္ဒိယ။ မိုက်မဲလှသည့်။ ကုလာ့နိုင်ငံ။ လွှဲပြောင်းစံရှင့်" ဟူ၍လည်းကောင်း။ ၎င်းပြင် မင်းကြီး ဦးကောင်း ရေးသည်ဟူ၍လည်းကောင်း။ မဟာဒါန်ဝန် ဦးရွှေဝ ရေးသည်ဟူ၍ လည်းကောင်း ထင်ရှားတဲ့ "မန်းမကိုင်ဋမှာမှ" ချီသည့် လက်ာလေး ချိုးတွင်။ (၂) "ဂေါဇာနှစ်တုံ။ ဂဋ္ဌုန်နှင့်ကျား။ ဆင်နဂါးတို့။ ပျော်ပါးစဉ်ပ။ ကြာငါးစုံငယ်။ ကြိုင်ထုံခသည့်။ လကြတ္တီကာ။ ပုဏ္ဏာကျော်တက်။ ဆဋ္ဌရက်တွင်။ ထက်အာကာကြီး။ လေခရီးမှာ။ မီးလျှံသဘွယ်။ ဥဂ္ဂါကြယ်တို့။ သွယ်လှယ်ကူးလတ်။ ဓိဓီသတ်တွင်။ တွင်။ မြတ်ရွှေနန်းတွင်း ရန်စစ်ချင်း၍။ မင်းကိုကိုင်မြောက်။ ရှစ် ရက်ရောက်မှ၊ အနောက်ဂေါယာ။ နေဝါလျှံလန်း။ ဝင်ချိန်ယွန်း ဝယ်။ မန်းဇမ္ဗူလုံး ကံမကူသည်။ ရန်သူမှုန်း၍။ တိုင်းလုံးပြစ်ခွါ။ သူဆောင်ရာပါတော့ပ။ သခ်ါရဖြစ်ပုံကို။ စိတ်အာရုံ ထင်မနောငယ် နှင့်။ စောတော့ဥာဏ်ရှိ" ဟူ၍လည်းကောင်း။ စပ်ဆို ရေးသားတော် မူကြလေသတည်းတဲ့။

အဲသည်ကဲ့သို့သော မဟာမြတ်မုနိဘုရားမီးလို။ ရွှေဒဂုန် ဘုရား မီးကိုလဲ။ များများကြီး စိုးရိမ်တော်မူတဲ့ အလုပ်ကြောင့်။ ကျုပ်တို့

သည်။ ဤမည်ဤမည်သော ကိန်းချေခန်းချေဆိုသလို။ ထိုမည်ထိုမည်သော ပြည်တော်လုံးအေးနဝင်းစေတီတော်တွေကို။ တပြေလုံး တည်ကြစဉ် အကြင်သို့သောစပိန်ရှင်ဘုရင် တည်းဟူသော အယ်လ်ဖောင်စိုမင်းကြီး ထီးနန်းမှလျှောကျသဖြင့်။ "ဤလောက ငြိမ်းစေအောင်။ ကျိန်းကြေလောက်ပြီရယ်လို့" အနှီကဲ့သို့ တွေးထင် ယုံကြည်ဘွယ်ရှိကြောင်းများ ပြောဟောပြီးလျှင်။ ယခင်အထက်က။ လက်စလေးချိုးကို။ ရေးရိုးရေးစဉ်အတိုင်း ရေးသားပြန်တမင့်။

ရွှေဒဂုန်ဘုရားကြီးက တရားမီးပြတော်မူပုံဘွဲ့ ကဗျာ မဟာလေးချိုးကြီး။

စိန်,၀ဇရုတ္တရအောင်လံ ဂုဏ်တဆောင်ပရမေထင့် ဂဋ္ဌုန်တဘောင်တွေထွန်းရာက။သိဂ်ုတ္တရတောင်ယံ ရဂုံချောင်တွေ မြောင်တွေနှင့် ဒဂုန်အောင်မြေကွန်းမှာတော့။ ယမုန်သောင် ငွေဝန်းရယ်နှင့် ကျွန်းမလဲ ကျွန်းမော်ဇမ္ဗူ။ (အိုကွယ်) ကဆုန်ညောင်ရေသွန်းချိန်မို့ လွမ်းလဲလွမ်းတော်မူ။ ။(ဩော်) အဖြစ်ပြရမှာဖြင့်။ ခေတ်သမယမှာတော့။ မနှစ်ကစပါလို့။ ဓမ္မရာဇ်ဘုရာ့မွေဘုံ ရွှေဒဂုန်မြင့်။ မြေဝသုန်မငြိမ်မဆိန်ဖူးတာကြောင့်။ တေဇဂုဏ်, အရှိန် တဝေဝနဲ့ မြူးပေတဲ့။ စိန်ဘူးတော် စျာန်အရာထင့်။ မြန်ကမ္ဘာမနော်မိုက်သမို့လင်းစေဘို့။ ဘဏ္ဍာတော်တိုက်သို့ဆင်းတာက။ သိုက်ရင်းဘဆိုအတိုင်းရယ်နှင့်....အမျိုးအရိုးချင်း တသဝေ မဖီအောင်ကို ကိုးနဝင်းစေတီတော်တွေရဲ့ တနှိုင်းသာပ....(ဩ) တပူနှစ်ပူလောချင်တဲ့။ ဇမ္ဗူတကြောကပ်ဘယာမှာ။ လူရောနတ်ပါ အထူးကော်ရော်လို့မို့ မြော်ဘို့ ဆိုင်းတယ်လို့။ သမိုင်းမျှို့တဆူပေနော်ကွယ်။ ကသိုဏ်းမည့်။ စကိုင်းမြို့ဆီက။ မှိုင်းတို့အယူ၊ ။အသင်းအပင်း မညီမညာမှာ အားမတန် သူပုန်ဖြစ်ရတဲ့၊ တြင်း,နှဝင်း, ဤအခါ ကျားနံ, ရွှေနှစ်တွင်မှ။ ကဆုန်အသစ်, ပုဏ္ဏမ, ကြွက်မင်းအမူ။ ဒဂုန်ဘုရာ့ကနက် ယင်းသရဖူကိုတဲ့ စျာန်အလိုလိုပြောင်း။ (အိုကွယ်) အလုံ

ဒကမ အထက်ချင်းတွင်းသူတွေမှာဖြင့် ရန်မလိုက ရန်ပြိုကြောင်း။ ။ ကောင်းဘို့ရယ်ချိန်၊ ဒေါင်းမျှိုး သမ္ဘာသိန်ထင့်။ မြန်မာပန်းထိမ် အပြင်နှေးတာနှင့်။ ရတနာဝရဇိန်မတင်သေးမှီက။ ယခင်ရှေးအလျင်လ,တပေါင်းတွင်မှ။ ခါကောင်းယုန်အဆီပ။ ပုဏ္ဏမီကျော်ခါတက်ပေတဲ့။ လေးရက် သောကြာနေ့တွင်မှ။ အေးကွက်ကြောက်စရာတွေမှာလားလို့။ လျှောက်ရှာသ၍ ဆင်ခြင်ပြန်တော့။ ယခင်တဖန် အောင်စတမ်းပေပ။ ညောင်ရမ်းပိုင် အညာချီတော့။ ဘာမထီ ညာမထီ ကြဲမနော်လို့ မှန်းကြတဲ့။ အာဇာနည် ရဲဘော်တို့ မလန်းအောင်ပ။ တယာယီ တဲတော်နန့်းကိုလ။ မီးသန့်းခါလောင်စဉ်ခါက။ အောင်မြင်စရာ နိမိတ်တကားရယ်လို့။ တဘောင်မင်္ဂလာ တိတ်စကားတွေနဲ့။ ဘားမဲ့ဆရာ အကျော်အမော်က။ ဒကာတော် အမြန်တက်ပေတော့။ သံလျက်ခုံရာဇဋ္ဌာနီပလ္လင်မှ။ သာကီဝင် မင်းသမတအရိုးပေမို့။ မကြာမှီပင် အင်းဝစိုးမယ်လို့။ အမျိုးဘာသာ ကိုးရာဘတ်စင်က။ တပ်အပ်သေချာမှန်သမင့်လဲ။ ကဝေဆရာတဘန် လွမ်းမလိုနဲ့ လွမ်းရပါတဲ့။ ရှေအညာယမန် မန်းဆိုတဲ့ မန်းမှာတော့။ ကြငှန်းထိပ်ပန် အတုတော် မရှိပါတဲ့။ မုနိမြတ်စွာ စိန္တေယျော် ကဖြင့်။ အရှိန်တေဇော်မီးဝင်၍ခစဉ်က။ မြန်မာဘုရင်တို့ ဘုရားမှာလ။ ကုလားပြည် ပါတော်မူလို့မို့။ ပဏ္ဏာတော်အွယူ အခွန်တိုးစေဘို့။ မြန်မာမော် ဇဗ္ဗူတံခွန်ကျိုးပြန်သနဲ့။ ကျွန်မျိုးမကြည်ဖြစ်ရတဲ့။ သည်ခေတ်ဆရာကြုံခဲ့သမို့။ တဒါရုံ စိတ္တကွဏ ကလေးတောင်မှ။ တအာရုံ စိတ်ချလက်ချ မအေးသော်လဲ....အခုအနှီတကြိမ်တွင် အမှုသည် "စပိန်" ရှင်ဘုရင်နှင့် အေးရော့လို့....ကိန်းသေအောင် ကျိန်းချေလို့ ပေးတဲ့ပြင်။ အရေးပုံ ဘာလိုလိုကြောင့်။ ကဗျာပဟိုရ် စာဆိုလို့တီးလိုက်ကဲ့ (အမယ်မင်း) အတီး သမယက အတိတ်ရာဇာ အပေါင်းတို့မှာဖြင့်။ ထီးသမတ အရိပ်အရာတောင်ပြောင်းရတဲ့။....ထိတ်စရာ အကြောင်းပေပေါ့။.... (အိုသွီးတမျှ မြီးဒကမတို့ရဲ့).....(ဩော်)မီးခတဲ့ နိမိတ်ဟာ မကောင်း။

ကျွန်ုပ်တို့သည်။ ရှေဒဂုန်ဘုရားကြီး၌။ မီးခတဲ့ နိမိတ်ဟာ မကောင်းကြောင်းကို။ ရှေးဟောင်းတိတ္ထုံ။ အလုံးစုံသော ရာဇဝင်တို့အရ။ ပြသဟောကြားတော်မူပြီးသည်၏ အခြားမဲ့တွင်။ အကြင်သို့သော မိုဃ်းဦးကာလဟုဆိုအပ်သော ဝဿန္တရာသီအတွင်း။ တနင်္ဂနွေ

နေ့ညခင်းမှာ။ လ,မင်းကလည်းမသာ။ ဝဋ္ဌာဘောင်တိမ်ကြားက။ တိမ်နဂါး တိမ်ဂဋ္ဌုန်တို့။ မှိန်မှုံမှုံဖြစ်တုန်း။ ချုန်းတဲ့ကာ ရွာမလို။ ထိုထိုသို့သော လျှပ်စစ်လျှပ်ပန်းတို့က။ တန်းကနဲထိန်ကနဲနှင့်။ အရှိန်မစဲဘဲ။ အမြဲလိုပင်။ မြင်တော်မူရကား။ စိန္တကျော်သူအမတ် စီရင်အပ်သော ကဝိလက္ခဏာ သတ်ပုံမှာရှိတဲ့။ "သခွတ်ပွင့်ချိန်။ အသူရိန်။ ဝတိန်သာသို့ဆင်း" ဟူသည့်။ ယင်းသို့သောသဘောကို။ တွေးတော ဆင်ခြင်မိသည်မှတပါး။ ပြည်စည်မင်းသား ရေးစပ်တော်မူခဲ့တဲ့။ တေးထပ် တပုဒ်ကို။ ကျုပ်တို့ မောင်ရင် ရှင်သာမဏေ ဘဝက။ ရဘူးသော အတိုင်း ကသိုဏ်းကွက် ထင်လာမြင်လာသည်မှာလည်း။ အောက်ပါ အတိုင်းပင် ဟူ၏။

ဝရဇိန်တန်ခိုးတည်းဟူသော မိုဃ်းကြိုးဘွဲ့တေးထပ်ရိုး။

နန်းအာကာ တိမ်ထပ်က။ ရှိန်လျှပ်လျှပ် ဝင်းထိန်။ ငြိမ်မရပ် လင်းရှိန်သည်။ နဝင်းအိမ်ရတု။ ။ရွှေကသစ်ကြူမာလာကို။ အသူ ရာဘမ်း၍အလု။ ။နန်းသုဒသ် ဝေဇယန်ကို။ မြေလှန်မည်အိုပြု။ အသေခံဗိုလ်ထုနှင့်။ ပြိုစလုဝင့်ကာ။ ။ကောဝိဋ္ဌာ,တမွတ်နန်း။ ဓလွတ်ထမ်းမြန်းဝင်သည့်ခါ။ ။သခွတ်ပန်း ပွင့်ရာဝယ်။ မြင့်အဇာဋ္ဌာတိမ်ထပ်က။ စိန်လျှပ်တထိန်ထိန်။ လင်းပျောက်မငြိမ်။ ။ရန်ပုံခွင်း ဝရဇိန်ကို။ တချိန်ချိန်ပစ်တုန်းထင့်လေး။

ဂင်းအထက်ပါ မဟာဝရဇိန် မိုဃ်းကြိုးဘွဲ့တေးထပ်နှင့် စပ်လျဉ်း၍ ယင်းသို့ယင်းသို့သော မိုဃ်းကြိုးပစ်နည်းပစ်ပုံတို့ကို"ဥဒါဟရဏ်ထုတ်နှုတ်။ ပြယုဂ်သက်သေတို့နှင့်။ အထက်နေ အောက်နေ။ ရောက်လေသမျှ။ တပည့်မတို့အား။ သိရအောင်ဟောပြမည့် တန်းလန်းတွင်။ မန္တလေး ရဘနာပုံပြည်ကြီး၏ နေရချန်ဟူ ဆိုအပ်သော။ ရေတံခွန်တောရဉ်။ ဂေါစရမှီခြင်းဖြင့်။ သီတင်းသုံး နေထိုင်တော်မူကြတဲ့။ တမ်,မများစွာ။ တရားနာတို့သည်။ ဆရာနေသော တောင်ပေါ်သို့။

တကျော်ကျော်သော အသံဖြင့်။ ဆူညံဆူညံနှင့် တက်ရောက်လာကြ လေ၏။

သို့ရောက်လာ ပေါက်လာကြတဲ့ တပဲ့မတို့မှာ။ မျက်စိမသာ။ မျက်နှာမလှဖြစ်လာကြရကား။ ။အို ရေတံခွန်သူမတို့။ ဘာများဖြစ်လာကြ ပြန်သတုန်းဟု။ ဗြုန်းကနဲမေးလေရာ။ ကေသာဝတီဆိုသော ပရဗိုဇ်မ က။ဆရာ့အတွက်။ အခံရခက်လွန်းလို့။ သက်သက်မဲ့ လာခဲ့ ကြတာပါဘဲဘုရားဟု လျှောက်ထားရာ။ ဆရာက ဘာများဖြစ်လာကြ သလဲ။ ကွဲကွဲပြားပြား လျှောက်ထားပါအုံးဆိုသဖြင့်။ ထိုမည်သော လောဘ ဒေါသ မောဟတို့နှင့်။ ပြောမရဆိုမရ။ နဂိုရ်က စရိုက်ဝါသ နာဖြင့်။ အလိုက်ဘာသာ ပြောလေ့ဆိုလေ့ရှိသော။ ဒေါ်ခုဇ္ဇာဆိုသူ အမယ်ကြီးက။ ဖြစ်တီး ဖြစ်တောက်နဲ့။ အောက်ပါ အတိုင်း လျှောက် ထားလေ၏။

ဒေါ်ခုဇ္ဇာ။ ။"မှန်လှပါ။ ယခုအခါ ဆရာ မောင်ရင်မှိုင်း ရေးသားစီရင်တော် မူလတ္တံ့သော။ ဂဋ္ဌုန်ပျံဒီပနီဋီကာနိဒါန်းကိစ္စ နှင့်။ သူရိယဂဋ္ဌုန်။ နယုန်လဆန်း ၄ ရက်နဲ့ ၅ ရက်နေ့ သတင်း များတွင်။ အကြင်မန္တလေးမြို့။ ဝိသုဒ္ဓါရုံ, ဂနဝါစက။ ပဋ္ဌမကျော် အရှင်တေဇဝန္တဆိုတဲ့ အရှင်တေဇဝန္တသည်။ ဤမည်သော ဂဋ္ဌုန်ပျံ ဒီပနီ, ဋီကာနှင့် စပ်လျဉ်းခြင်းဆိုတဲ့ စာခေါင်းနှင့်။ မောင်းကျော် တော်မူတာများ။ ကြားပလား မောင်ရင်မှိုင်းရဲ့"။

ကြားဘဲ မကြားသေးပါဘူး ဒါယိကာမကြီး။ ဘယ်လိုများ မောင်းကျော်ပြီး။ အကြောင်းတော်ပြသလဲ။ ဒေါသရှေ့မထားနဲ့။ ရသေ့တပါးသိရအောင်။ တိတိကျကျ လျှောက်စမ်းပါအုံး။

ဒေါ်ခုဇ္ဇာ။ ။"လျှောက်စမ်းပါအုံးဆို။ လျှောက်ရအောင် လာခဲ့တာပါဘဲ။ အနှီကိုတဲ့ဘုရာ့။ ငါ့လှေငါထိုး။ ပဲကိုးရောက်ရောက် ဆိုသလို။ ဦးတည့်ရာကို ရေးသားလေ့ရှိသည့် ဆရာမှိုင်းတဲ့။ အနို့ပြီး တဖုံ။ "ဂဋ္ဌုံ ဂဋ္ဌုံတိလောကဂ္ဂံ။ အပျံအပျံ သုမုတ္တကံ" ဆိုတာမှာ လဲ။ ထိုသဒ္ဒါနီတိ၏ သဘော။ "ပျောပွယောဂံ ပေါစ" သုတ်နဲ့။ ရုပ်မ ပြီးနိုင်ဘူးတဲ့။ ။ထူးမြတ်သော ပဋ္ဌမကျော် ဖြစ်တော်မူသည်နှင့်လျော် ညီစွာ။ ဋီကာကျော်မှာပြတို့။ အယနှင့် နိရယ, ဝိဂြိုဟ်ကိုလည်း တွေ့ဘူး တော် မူသယ်တဲ့။ ။သည့်ပြင် တဝ အဋ္ဌသာလိနီ။ ဝိသုဒ္ဓိမဂ် အဋ္ဌ

မြင့်မြင့် စာဇေ

ကထာများပြင်။ အင်္ဂုတ္တိုရ်ဋီကာကိုတောင် ကြည့်ရှုတော်မူဘူးတယ်တဲ့။ နို့ပြီးတဖန်။ အပျံပျံကိုတောင်ချတ်ယွင်းပြီး။ ကရွတ်ကင်းရှောက်။ ရောက်တတ်ရာရာ။ သဒ္ဒါနှင့်ဆန့်ကျင်ပြီး။ ကလန့်တံကျင် ဖြစ်နေသယ်တဲ့။ ။မသဲကွဲ သဖြင့် စီစစ်စေလိုသည်တို့ကို။ (ဂန္ထဂရု)ဖြစ်မည်စိုးရှိ။ နောက်သို့ လှည့်မကြည့်လိုတော့ဘဲ။ အတွင် စိုင်းသွားတော့မည် ဖြစ်မူကား။ (ဇင်း,ဂဏ္ဌိ) စာခေါင်းစဉ် ပါရှိမည့်။ ရေးသားလတ္တံ့ စာများ၌သော်ပင် ကောင်းမွန်လာလိမ့်မည်ဟု မျှော်လင့်ချက်ရှိမည် မဟုတ်တဲ့အတွက်။ လေးနက်တဲ့ အကြံဥာဏ် ထားရှိတို့။ သတိပေးလိုက်သတဲ့တော့။ ရော့ ဘတ်ချင်သေးလျှင်။ အရှင်တေဇဝန္တ ပဋ္ဌမကျော်ဆိုတဲ့။(ဝိသုဒ္ဓါရုံ, ဂဏဝါစက) ဆောင်းပါး"

ဩော် ဆောင့်ကြီး အောင့်ကြီး။ နှုတ်သီးကောင်းရှာပါးနှင့်။ အလကား ရန်တွေ့ဘို့ တတ်တဲ့ ဒါယိကာမကြီးဘဲ။

ဘေဒါရီ။ ။"ဝါသနာဘာဂီ။ ဆက်တိုင်းမှီဆိုသလို။ ဒီအမယ်ကြီးကို ပြောလို့မရနိုင်ပါဘူး ဘုရား"။

အင်း ဟောမရ ပြောမရနဲ့။ လောလောသာ ထတော့တယ်။ ဒေါသကြီးတဲ့ ဒါယိကာမကြီးဘဲ။ ကဲ တိတ်စမ်းပါအုံး။ ကျုပ်ပြောမယ်။ "အကျယ်အကျယ်။ မငြိမ်းဘွယ်တဲ့"။ "ရန်မလိုမှ ရန်ပြုတယ်တဲ့"။ တပဲ့မတို့ ဆရာတို့ ကိုးကွယ်ရာ။ သင်္ဃာတော် သမုတိတွေကို။ တုမိလျှင် မှားတတ်တယ်။ ဘုရား သာသနာတော်ထမ်း။ ရဟန်းသင်္ဃာတော်များကို။ တရားနည်းလမ်းမှန်မှန်။ မမှန်မှန်။ သည်းခံဘို့စိတ်ကူးကြ။"ဆူးကျဖက်ပေါက်။ဖက်ကျဖက်ပေါက်"တဲ့ဒေါ်ခုဇ္ဇာရဲ့။

ဒေါ်ခုဇ္ဇာ။ ။"ဖက်ပေါက်ရုံမကလို့။ ဟောဒီက မန်းသုံးတဲ့။ ဘန်းခုံးခွက်ကြီးတောင် ပေါက်ပေါက်။ တပဲ့တော်မ ဆိုတဲ့တပဲ့တော်မက။ ကြောက်တတ်တဲ့ ကောင်မ, မဟုတ်ဘူးမှတ်ထား"။

အို ဥပါသိကီမကြီးဗျ။ "ဒေါသော အတ္ထံ နဇာနာတိ"တဲ့။ ဒေါသော၊ ဂဒေါ ဂမျော။ ဒလဟော ထချင်တဲ့ ဒေါသ,သည်။ အတ္ထံ၊ အဆိုးအကောင်း။ အကျိုးအကြောင်းကို။ နဇာနာတိ၊ သတိရှုးလို့ မူးလို့မို့။ မသိဘူးတဲ့။ ထူးလဲထူးတဲ့ ဒကမကြီးဘဲ။ ကဲ ကဲ ပြောမရ ဆိုမရနဲ့။ တဗိုလ်ထချင်လို့ရှိမှ။ နေရစ်ကြပေအုံးတော့။

ဖိုရုံဆင်းပြီး။ အပျင်းဖြေဆိုသလို။ ဖိုထိုးတော်မူအုံးရော့မည်ဟု ဖြောခါ။ ဆရာသည် တောင်ပေါ်က ဆင်းတော်မူခဲ့လေသတည်း။

o o o

ကျုပ်တို့ မရှိသည့်နောက်။ ရောက်တတ်ရာရာ။ ရေးချင်ရာရေးရေးပြီး။ ပေးချင်ရာ ပေးလေ့ရှိကြတဲ့။ တပည့်မ များစွာတို့က ရတနာပုံ တိုက်အင်းခန်းဆီက။ မကိုင့်ပဉ္စင်းရဟန်း, ဂဏဝါစကတည်းဟူသော ပဋ္ဌမအကျော်ထံ။ စာတမန် ဆောင်းပါးနှင့်။ လျှောက်ထားကြသည်ကား။ အောက်နား၌ ပါရှိလေသတည်း။

ရှိသေလေးမြတ်စွာနှင့် လျှောက်ထားလိုက်ပါသည်။ ဂဏဝါစက။ ပဋ္ဌမကျော် မောင်ပဉ္စင်းဘုရား။ ။တပဲ့တော်မတို့ ဆရာ ပြုစုတော်မူသော ဂဋ္ဌန်ပျံ ဒီပနီ ဋီကာသည်။ ဤအခါ အပြီးမသတ်သေးဘဲ။ ခရီးမတ်တတ် တန်းလန်းမှာ။ အဖြန်းအတော။ စမ်းမကောဟု။ ဘန်းတောသို့ အကျော်ဝင်သည်မှာ။ "ပေါ်ပင်" လိုက်မှားသည် ထင်ပါသည်။ ။တပဲ့တော်မတို့၏ ဆရာ၏ သဘောမှာ။ လောကီပုထုဇဉ်တို့ ဂတိမို့။ သိမြင်ခြင်းငှာ။ ခဲခက်စွာတဲ့ အလုပ်။ ဒုဗ္ဗိဇာန၊ ဒုဒ္ဒဿတ္ထ။ အရာသို့ကျဘိက။ တိပိဋကဓရ၊ ဂန္ထကာရအစစ်။ ဖြစ်တော်မူသောအရှင်။ သခင် ဗုဒ္ဓဃောသ စသော အဋ္ဌကထာ ဆရာမြတ်တို့ပင်သော်လည်း။ "တတ္ထကရဏံ နဒိဿတိ" အစ ရှိသည်ဖြင့်ငှင်း။ "ဂဝေသိတဗ္ဗာ တ္ထေယုတ္တိ" အစရှိသဖြင့်ငှင်း။ ခွင့်လှစ်တော်မူရသော။ သမန္တပါသာဒိက အဋ္ဌကထာထုံးနှင့်။ နောက်တုန်းအခါ။ မကြာမီ ခေတ်အတွင်းက။ မောင်ပဉ္စင်းတို့ ဆရာ့ ဆရာ။ မဟာဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီးသည်ပင်လျှင်။ အကြင် ရေးသားပုံနှိပ်ပြီး ဖြစ်သော "ဆိဒ္ဒပိဓါနနီ" သည်တောက်လျှမ်း။ ဤသည့်ကျမ်းကို။ ရဟန်းကြိုက် လူကြိုက်။ စရိုက်နှင့်လျော်ရန်။ တဖန် ပြင်ဆင်တော်မူဘူးသော ထုံးကို။ နှလုံးအာရုံမူရင်းဖြင့်။ ယင်းသို့သော ဂဋ္ဌန်ပျံဝယ်။ တကယ်မှားယွင်းက။ မငြင်းမခုံ။ ရတနာပုံ မန်းရပ်က။ ကျမ်းတတ်အကျော်။ ဆရာတော် သံဃာတော်တို့ ထံတော်မှောက်။ လျှောက်ထားပြသ၍။ ဂွမကျစေရန်။ ကေန် ပြင်ဆင်ပါလိမ့်မည်။ ။ဤအခါ

ကာလ။ ငါ ပဌမကျော်။ ဂဏဝါစက အမော်ဟု။ သရော်တော် တော် မလေးမစား။ ရေးသားကဲ့ရဲ့ပုံမှာ။ ကောသရာဇာ ခြေသော့ သည်။ မြင်တွေ့တိုင်း မဟောက်သော ထုံးကို။ နှလုံးတော်သွင်းစေ ချင်တဲ့ပြင်။ မောင်ပဉ္စင်းမှာ။ ဆရာကောင်းဆရာမြတ်တို့၏ တပည့် ဖြစ် သည်နှင့်အညီ။ ဤမည်သော ပဌမ အကျော်တန်းကို။ ပင်ပမ်းကြမ် တည်းခြင်းမရှိ။ ချောင်ချောင်ချိချိနဲ့ အောင်သည်ကိုသဲ။ တပ် တော်မတို့က ဝမ်းမြောက်ပါကြောင်း။ ၎င်းမောင်ပဉ္စင်းကိုလဲ။ မောင် ရင်းဖ ါးရင်းပမာ။ထင်မှတ်အားကိုးပါသဖြင့်။ အောက်ပါကဗျာဝစန တို့ဖြင့်။ ပဏာမဇန္ဓနာ။ ဂရုစိုက်ပြီး။ပြုလိုက်ပါသည်ဘုရား။

မကေသရီ စီကုံးသော ဂဠုန်ပျံ ဒီပနီ ဋီကာဘွဲ့လေးချီးကြီး။

ဇမ္ဗူ ရိုရိုသမျှ အကုန် အပြေပြေလင်းအောင်ပ။ သူရိယဂဠုန် နေ့ အတွင်းဆီက။ မြေသနင်းတည်းဟူသော။ စနေ သတင်းတွင်မှ နဝင်းအဟုတ်ဆုံးအခါ။ (အိုရှင်) မကျေမခြင်း။ အရှေ့တင်းမလား ဟဲ့လို့။ (ဩော် အခွေနင်းပါလို့ အတင်းသုတ်တုန်းမှာ။ (ဩော်) ပဌမ,ဟာ ရပေတဲ့။ ဂဏဝါစကရယ်လို့။ သဒ္ဒအရာစပုံက။ မြန်မာ့ ဂုဏ်အသရေမြှင့်ချင်တဲ့။ ဆရာ့ဂဠုန်နေအဖွင့်တွင်ဖြင့်။ ရွှေကျင့် ဝါသ နာ ဘာဂီအထုံထင့်။ ခရာစီပုံ ဆန်းလာမလှတယ်လို့။ အဝါအပလီ အစုံ ဖြန်းကာသန်းကာဆွပြန်တော့။ ကျေးဇူးအညာမှာ ရှေးသ ရောခါသမယဆီက။ ဆရာ့ဂုဏ်ကို ကျမ့တဖံ့ပြရမှာဖြင့်။ သာသန ဒါ ယကာရှိစဉ်တုန်းဆီက။ မြန်မာမျာ့အခါမှာ ဝိချင်တဲ့ အလုံးတွေ ကြောင့်။ မဟာ ပဌမ, ပဌမာ ကဝိအရှင်တို့ ထုံးလိုပ။ အလုံးစုံ အ ကျော်ပြန်လို့ မို့။ ဆရာ့တော်ခံ တံဆိပ်အရာ မှန်းမိတဲ့ပြင်။ မဟော် သဏ္ဌာန် အတိတ်အခါ ထမ်းမယ်လို့။ ကြိုးပမ်းကာ နေသရော်တည့်။ ရွှေပြေတော်မကိုင့်မန်းတွင်မှ။ သိုက်ကန်းတခါကြုံခဲ့သမို့။ ရာဇဂုဏ် ဘံခွန်မလှစ်နိုင်တဲ့။ ကျွန်ခေတ် လူထုမဝင်ချင်သနဲ့။ တဆူဆရာ အရှင် တရားကြည့်က, မထူးပြီလို့။ သူဇာအသွင် အများတပည့်မ အ

နူးတို့နှင့်။ ထူပါဝင် ဘုရား ရှိရှိသမျှတွေ ဖူးပါလို့။ ကနဦး အလို နဂိုရ်တမျိုးပေပ။ ဖိုထိုးခါ ဂနိုင်ခိုလို့မို့။ မြိုင်ညိုဂမုန်း ရတနာဖါး လိုပ။ ပြိုင်လိုလျှင် ရှုံးရာက သွားတော့မယ်လို့။ စိတ်များ အန်မတုချင်တဲ့ပြင်။ ဘသုထက်ဘသူဇော်ရော့ဟဲ့လို့။ (ဩော်) အလုအရက်။ အပုမက်ရသလိုပေါ့။ ခုလက်ထက်အကျော် အမော်တွေကို။ တုဘက်ဟော်မမူချင်သနှင့်။ ဂူဝင်ခါ ဓူတင်သုံးခဲ့တယ်။ ပြုံးလို့ မသာယာတယ်ဘုရာ။ နှလုံးမပျို။ မုန်းသမို့ သာပ။ ဘုန်းတို့ ဆရာ။ ။ ပဋ္ဌမအကျော် ဂွပေါ်တဲ့ နှစ်ပေမို့။ တဖွဖွ တအော်အော် ကျမ တကျော်ကျော် ဟစ်ရပါတော့။ မြန်မာ့ "ပေါ်လတစ်" ကယ်တဲ့ သတင်းစာ ဂဋ္ဌုန်အလာ။ ယင်းအခါကြုံပါသဖြင့် အခွင့်မျှော်ကာရေး။ (မောင်ပဉ္ဇင်းရယ်) ငြင်းကာခုံကာနှင့် မသင့် မတော်ပါသေး။ ။ခုအမှုတွင်။ နုံနုလွင်လွင်နှင့်။ ပုထုဇဉ် ဂတိ အတိုင်းပေမို့။ ကဝိမှိုင်းကြီး အဆိုမမှန်က။ ဟိုယမန်အဖြစ် လင်းရမှာဖြင့်။ သတင်းထိပ်ဇော် အထင်အမြင်တွေမှန်လောက်တဲ့။ အင်္ဂလိပ် အကျော် အရှင်တေဇဝန်တို့ရဲ့။ ဗြဘင်, နေတံခွန် ဘုရာ့ သာသနာ ထီးလိုပ။ ကျင်ရှေ့, အမွန် ဆရာ့ဆရာကြီးတို့တောင်မှ။ အချီး, ဂုဏ်မော်တံဆိပ်တွေနှင့်။ အပြီး, ပုံတော်နှိပ်ပါတဲ့။ "ဆိဒ္ဒဝိဓါ နနီ" ကျမ်းတွင်မှ။ ဟိတ်ပြမိတာ သီသီကြမ်းတယ်လို့။ ပြည်မန်းမှာ အမြန် ပြင်ရတဲ့။ ဂန္ဓဝင်စံတင်ဘို့ရှိတာမို့။ တပည့်မတို့ဆရာ တဖုံဖန်တဲ့။ "ပဋ္ဌုန်ပျံ" တကယ့်တကယ်မှားလျှင်ဖြင့်။ အစုန်မဆန် အပါယ်. အပါယ် မလားတဲ့အောင်။ အသွားဥသုံ အကုန်ပြင်လိမ့်မပေါ့။ ဘုံပလ္လင် ရတနာ မန်းရင်္ဌတလွှားတွင်မှ။ ခုံတင်ဘရာ ရဟန်းမြတ်တည်းဟူသော။ ကျမ်းတတ်တွေကလဲ မရှားချိန်မို့။... စောဘဂဝ, သာသနာမှာ တောရ ဆရာဖြင့် တအားပါဘဲ။ ဒေါ်မာနမဖြစ်စရာကို ဩဝါဒ မေတ္တာစာ အသွားတွေနှင့်။.... အသိပေါ်စ ခက်တော်မမူအောင်ကို တပည့်တော်မလက်ဆောင်ပါးလိုက်တဲ့ပြင်။.... အချောင် ပဋ္ဌမကျော်ကို တောင်ပေါ်က တားလိုက်ပါရဲ့။ သွားမဲ့ကြံသဟာ ပျံကာနီးပြီမို့။....ရန်ရှေလျှင် တသန္ဓေဓေနဲ့ မပြီးကြပေဘု။(အမယ်မင်း) ခရီးမရောက်သနဲ့။ ကြောက်ဖွဲ့,သရော်တော်တော် ရေးရေးပြီး။....(ဩော်) အမီးမတဲ့ အမောက်မတဲ့နှင့်။ မဟောက်နဲ့ ပဋ္ဌမကျော်ကလေး။

ယင်းအထက်ပါ။ ကဗျာလေးချိုးနှင့်။ အမျိုးမျိုးတောင်း
ပန်လျှောက်ထားပြီးသောကာလ။ဒေါမာနမဖြစ်စရာ။ သြဝါဒမေတ္တာ
စာ လက်ဆောင်ဖြင့်။ မောင်တော်ပဉ္ဇင်းအတွက်။ ဆက်ကပ် လှူဒါန်း
လိုသည်မှာလဲ။ အောက်ပါအတိုင်းဖြစ်ပါတော့သည်ဘုရား။

ပဋ္ဌမ ရွှေကျင်ဆရာတော် ဘုရားကြီး၏ တရားတည်းဟူသော သြဝါဒ မေတ္တာစာ။

အမတံတေဘိက္ခဝေ၊ နပရိဘုဉ္ဇန္တိ၊ ယောကာယကထာသတိံ၊
နပရိဘုဉ္ဇန္တိ။ ။ဘိက္ခဝေ၊ သံသရာရှည်ဒုန့်။ စက်အကွန့်ဉ်။ မလွန့်စ
သာ။ ဘေးကြီးစွာကို။ ရံခါမမေ့။ မြော်မြင်လေ့ရှိသော။ ငါ၏
ရှစ်မြေး။ ငါ့ရင်သွေးတို့။ ။ဝါ၊ ဘိက္ခဝေ၊ ပုံတောင်းအဝိဇ္ဇာ။ တ
ကာဝင်ရိုး။ ကံထမ်းပိုးနှင့်။ ဆွဲကြိုးသံယောဇဉ်။ အမြဲယှဉ်ထ။ ဘဝ
သုံးပါး။ စက်ရထား၌။ ပြေးသွားမရပ်။ တပတ်လည်လည်။ အတည်
ကျ။ ခံနေရသည့်။ ဒုက္ခနှောင့်နင်း။ ငါ့သားရင်းတို့။ ။ယေ၊ အ
ကြင်သူတို့သည်။ ကာယကထာသတိံ၊ ကာယကထာသတိ ကမ္မဋ္ဌာန်း
ကို နပရိဘုဉ္ဇန္တိ၊ မစီးဖြန်းမသုံးဆောင်ကြကုန်။ တေ၊ ထိုသူတို့သည်။
အမှတံ၊ အမြိုက်သုဒ္ဒါ၊ နတ်သြဇာကို။ နပရိဘုဉ္ဇန္တိ၊ မသုံးဆောင်ရ
ကြည်နှင့်တူကုန်၏။

ဤသို့ မိန့်ဟ၊ ပြတော်မူသည့်အတိုင်း။

(၁) အရိုးစုတွင်။ အသားမြှင်။ သွေးကျွင်စရနယ်။
(၂) အရိုးစုထဲ။ အူအသဲ။ ချဲခန်းသလိပ်ကြွယ်။
(၃) ကောက်ရိုးရုပ်ကို။ နွားချေးစိုမံ။ ဆေးလိမ်းကျံ။
ပုံဟန် ဤနည်းနှယ်။
(၄) မိန်းမယောကျ်ား။ ထင်ရှားမဟုတ်။ အကောင်ပုပ်။
စက်ဆုပ်ရွံရှာဘွယ်။
(၅) မစင်ပုံတွင်။ ခွေးဝက်သွင်။ ပုထုဇဉ်တို့မှားကြတယ်။

ကာယကထာ။ မြိုက်သုဒ္ဓါကို။ ဘာထီမပြု။ စတုမဓူ လူစာကို ကျွဲနွားမစားဝံ့သည့်ပမာ။ ဆီပေါ်မှာ မနားဝံ့သည့်ယင်ရိုင်း။ ရေတွေ့တိုင်းရှောင်ရသည့် ခွေးရူးမသွေ။ အဝိဇ္ဇာနှင့်တဏှာ မှေ့သောကြောင့်။ သက်ရင်းကဲကို။ သောက်မှား၍။ ရောက်ယက်ထွေထွေ။ မှုလေပွေနောက်။ စိတ်ရောက်တိုင်းကိုယ်ကျင့်။ စိတ်လွင့်တိုင်း ကိုယ်ပါ။ သံသရာမှာဖြစ်လိုသူ သမက်။ လောကတွက်တာ။ တဘဝတွင်ညွှာတာ၍။ သူ့ထက်ငါကြိုးပန်း။ ရဟန်းကလည်းလူ။ လူကလည်းဘီလူး။ အဝိဇ္ဇာနှင့်တဏှာပူး။ ရူးစလည်း မရပ်နိုင်။ မိုက်စလည်းမသတ်နိုင်။ ။ သံသရာရေယဉ်ကြောမှာ။ ပက်လက်မျော။ မှောက်ရက်မျော။ မျောလို့ပြီးနိုင်။ ။သေလို့လည်းမညီးနိုင်။ ။သမုဒ္ဒဝါလု ကုပမာ။ အစိန္တေယျအဆူဆူချတ်၍လည်း မကျွတ်နိုင်။ ။ကယ် ယူ၍ လည်း မလွတ်နိုင်။

ဂဋ္ဌုန်လက်မှ နဂါး။
ခြသေ့လက်မှ သား။
မိကျောင်းလက်မှ ငါး။
မြေ့ပစပ်မှ ဘား။
ကြောင်ပါးလက်ဝယ် ကြွက်သူငယ်။
စွန်လက်သဲဝယ် စာသူငယ်တို့တံထွာ။

တဏှာသခင် သူ့လက်တွင်းမှာ။ ညှင်းလိုညှင်း။ သုတ်လိုသုတ်။ ဖုတ်လိုဖုတ်။ ကင်လိုကင်။ သူပြုတိုင်းခံ။ သူ့နိုင်ငံကိုမလွန်နိုင်ကြ။ ဒုက္ခတလျှိုး။ တို့လူမျိုးတို့။

(၁) ရာဂဿဘိက္ခဝေပဟာနာယ၊ အသုဘ သညာဘာဝေ ဘဗ္ဗာ။ ။ဒေသနာပျံ့မွေး။ သြဇာဆေးကို။ ချိုအေးသုံးကြပါ။

(၂) မာ ရမာဒတ္ထ ဘိက္ခဝေ။ ။ဒေသနာ အထွေထွေကို။ စေ့ရေ နှလုံးထားကြပါ။

(၃) မာ ပစ္ဆာ ဝိပ္ပတိသာရိနော ကို။ သဘောနားဝယ် စိုက်ကြပါ။

(၄) မိုက်ပင်စိုက်ထား။ မိုက်သီးစား။ မိုက်အား မကြီးကြပါနှင့်။

(၅) ဘိန်းရူး မှော်ရူး။ အရက်ရူး။ အရူးမပိုမိကြပါစေနှင့်။

(၆) တောမီးရော။ လောင်၍လာ။ လောင်စာ မထပ်ကြပါစေနှင့်။

(၇) ထောင်ချောက် ကြောက်ငွင်း။ ဘီအောက်တွင်း၌ သေဘေးဆိုက်။ ကြွက်မိုက်ပမာ မရှိပါစေနှင့်။

(၈) အမုန်ယစ်သောက်။ တောဆင်ပေါက်လို။ ချွန်းကောက်မရ မရှိပါစေနှင့်။

(၉) ပြည့်တန်ဆာမ။ သုံးဆောင်ရသည့်။ ကာမတဏှာ။ ယုတ်သုံစွာ၌။ မောဟာတိုက်။ မိုက်၍မနေကြပါကုန်လင့်။

(၁၀) အဇွသုဝါ၊ ပရသုဝါ၊ သေဘေးလာ။ ထိုခါနေဝင်တ မရှိကြပါစေနှင့်။

(၁၁) အသက်ကုန်ပျောက်။ ဘေးဆုံးရောက်မှ။ တောက်တခတ်ခတ် မရှိကြပါစေနှင့်။

အနှီမှထို့ပြင်။ အသျှင်ရွှေကျင်ဆရာတော်ဘုရားကြီး၏ တရားဒေသနာ။ မဟာသိဿကောဝါဒ၌။ ပမာဏမူစရာ။ သိဿနု သိဿတို့ သေးစရာ။ ရေးမှာမိန့်ကြားတော်မူခဲ့သည်ကို။ တပဲ့ တော်မတို့ တွေ့ဘူးသည်မှာလဲ။ အောက်ပါအတိုင်းဖြစ်ပါတော့သည်။ မောင်ပဋ္ဌင်းဘုရား။

-မီ ဘိက္ခုနော တံသုတေန။ ယေန သန္တေဝ မညတိ။
မီ ထိ ယာ တေနဝဏ္ဏေန၊ ယေနယာ ဝေသိယံ ဂတာ။ ။
တေန မေ သုတဝါ သိဿာ၊ သဒါဟောန္တုသဂါရဝါ။ ။

ယော၊ အကြင်ရဟန်းသည်။ ယေန၊ အကြင် အကြား အမြင်များခြင်း ဗဟုသုတကြောင့်။ သန္တေ၊ သူတော်ကောင်းတို့ကို။ အဝမညတိ မထီမဲ့မြင်ပြုလေ၏။ သဿဘိက္ခုနော၊ ထိုရဟန်းအား။ တံသုတေန၊ ထိုအကြားအမြင်များခြင်း ဗဟုသုတဖြင့်။ မီ၊ ပစ္စုပ္ပန်သံသရာ။ ကျိုးနဲစရာဖြစ်၍။ ပညာရှိတို့ ထွဲဘွယ်သာဖြစ်၏။ ယာ၊ အကြင်မသည်။ ယေနဝဏ္ဏေန၊ အကြင်အဆင်းကြောင့်။ ဝေသိယံ၊ ပြည့်တန်ဆာမအဖြစ်၌။ ဝါ၊ အဖြစ်သို့။ ဂတာ၊ တည်ရရောက်ရရှာလေသည်။ ထိယာ၊ ထိုမိန်းမအား။ တေနဝဏ္ဏေန၊ ထိုမိမိ ပြည့်တန်ဆာမ ကြောင်းဖြစ်သော အဆင်းလှခြင်းဖြင့်။ မီ၊ ထွဲဘွယ်သာဖြစ်၏။ ထိုအဆင်းလှသည့်အတွက်။ မင်းမိဘုရားစသည် မဖြစ်။ ပြည့်

တန်ဆာမ ဖြစ်ရရှာသော မိန်းမကဲ့သို့။ ဗဟုသုတ ရှိသည့်အတွက်။ လူ လိမ္မာမဖြစ်။ သူတော်ကောင်းတို့ကို မရိုမသေပြုမိသည် ဖြစ်၍။လူမိုက် လူယုတ်မာဖြစ်ရတတ်သောကြောင့်။ မေ၊ ငါ၏။ သုတဝါ သုတဝန္တာ၊ ဗဟုသုတရှိကြကုန်သော။ သီဿာ၊ တပည့်ကြီးငယ်။ အသွယ်သွယ်တို့ သည်။ သဒါ၊ အခါခပ်သိမ်း။ သဂါရဝါ၊ သီတင်းသုံးဘော် ဆရာ သမား သူတော်ကောင်းများအား။ ညွတ်တွားရှိသေ တုံ့ဝပ်ခြင်း သဂါ ရဝ၊ သပတိဿ တရားနှင့် ပြည့်စုံကြကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန် သတည်း။

အဲ အနှီကဲ့သို့ပါရှိတဲ့။ ကျေးဇူးတော်သျှင်။ အရှင်ရွှေကျင်ဆရာ တောဘုရားကြီး၏။ တရားတည်းဟူသော ဝိသုဒ္ဓါရုံအစစ်ကို။ နှစ်သက် လေးမြတ်စွာ။ လေ့လာကြည့်ရှု။ သတိပြုတော်မူပါမည့်အကြောင်း။ ညွတ်ပျောင်းပန်ထွာ။ လျှောက်ဝံ့ပါသည်။ မောင်တော် မောင်ပဉ္ဇင်း ဘုရား။

မကေသရီ။
မြရွှေဝတီချောင်။
စစ်ကိုင်းတောင်ရိုး။

ကျွန်ုပ်တို့သည်။ ဤမည်သောဖိုရုံအတွင်းမှထွက်ခဲ့၍။ အထက် က နေထိုင်တော်မူရင်း။ သီတင်းသုံး စံနေတော် မူမြဲဖြစ်သော တောင် ပေါ်သို့ တက်တော်မူခဲ့ရာ။ များစွာသော ယောဂီမတို့သည်။ ဆရာ့ ဝတ်တရားကို။ များများကြီး နားလည်ကြသည့်အတိုင်း။ မဆိုင်းမတွ နေရာမှထကြ၍။ ခရီးဦးကြိုဆိုခြင်းအမှုကို ပြကြလေသည်။

ဤအခါကာလ။ ဆရာကပြောဆို ရသည်မှာ။ ။အိုတပဲ့ မ အပေါင်း။ သူတော်ကောင်းတို့။ ၎င်းယခုအခါ။ မကြာမှီနေ့ရက် အ တွင်းမှာပင်။ အကြင် ရန်ကုန်မြို့ ဘဟန်းတခိုမှာလည်းကောင်း။ထိုမည် သော ဂျော့ဘုရင်မင်းတရားကြီး။ စံစားပျော်ရွှင်တော်မူရာ။ မဟာ ရာဇဋ္ဌာန်။ အင်္ဂလန်ကျွန်းတလျှောက်မှာလည်းကောင်း။ ၎င်းပြင် တ ခါ။ ရတနာပုံ မန္တလေးရွှေမြို့တော်။ အိမ်တော်ရာ ဘုရားအတွင်းမှ

လည်းကောင်း။ ပြင်းထန်စွာသော ဝရဇိန်လက်နက်။ မိုးကြိုးစက်အသံတို့ဖြင့်။ ဆူညံလှုပ်ရှားသည်များကို။ ကြားကြရဲ့ မဟုတ်ပါလား တပည့်မများ။

ပုညဝတီ။ ။"မှန်လှပါ။ မိုဃ်းဦးကျစမှာ။ မိုးကြိုး ကျတယ်လို့။ ခဏခဏဘဲ ကြားရသဖြင့်။အများဒကမတို့မှာ။ လွန်စွာကြောက်ရွံ့ ထိတ်လန့်ကြပါတယ်ဘုရား"။

အင်း သိကြား သာသနာကြီးကို။ နီးကပ်လို့ လာသည့် အလျောက်။ ကြောက်လဲကြောက်ကြ။ မကြောက်လဲမကြောက်ကြနဲ့ ဆိုတာလို။ ထိုအခါကာလ။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးပီပီ။ ဤမည်သော ရတနာသုံးပါးကို။ ကြိုးစားပြီးဆည်းကပ်ကြရမည့် အကြောင်းများကို ပြောကြားပြီးလျှင်။ အကြင်သို့သော သြဝါဒ ကဗျာတပုဒ်ကို။ ရုတ်တရက် ရေးပေးပြန်သည်မှာလည်း အောက်ပါအတိုင်းပင်တည်း။

မဟာဝရဇိန် မိုးကြိုးဘွဲ့ ကဗျာလေးချိုးကြီး။

"အမျိုးအရိုး မတိမ်လိုပါလျှင် ဘုရား, တရားဘက် ကိုးကြပေတော့။ မိုးကြိုးဝရဇိန်ဆိုတာ အသွားထက်ထက် တမျိုးပေပ။သိကြားစက်တန်ခိုးရယ်နှင့် မိုဃ်းလဲမိုဃ်းအချိန်ဝယ် (အိုကွယ်) (အလကားသက်သက်။မဟားဒယားနှက်မဟဲ့လို့။(ဘြော်)မတရား လက်နက် ကိုးမှာကြောင့် စိုးလဲစိုးရိမ်တယ်။ ။...."

အိုဗျာ့ ကျုပ်တို့ ဒါယိကာမကြီး အရီးစိမ်း။ မိုးကြိုးပစ်မှာများ ကြောက်သလား။

အရီးစိမ်း။ ။"ဘဲ့နှယ် ကြောပါလိမ့် မောင်ရင်မှိုင်းရယ် ကြောက်ပါသော်ကော"

ကဲ ကြောက်လို့ရှိလျှင်။ နောက်ကို ရဟန်းသင်္ဃာများ မဆဲနဲ့။ အရိပ်ပြပွဲလဲ မကြည့်နဲ့။ ထင်မိထင်ရာ ရေးသားပြီး။ ကလေးကုလားမလုပ်နဲ့။ ကျုပ်တို့ဒါယိကာမကြီး အရီးစိမ်းအမှူးရှိတဲ့ တပည့်မများစွာ။ တရားနာတို့သည်။ ဤမည်သောဝရဇိန် မိုးကြိုးဘေးမှ။ ကင်းဝေးဘို့ရာ။ ရှေးအခါသမယ။ ပေါက္ကန်ပြည် ကောင်းစားစဉ်

ကာလ။ ထုမည်တိုင်း တလိုင်းပြည်မှ ကြွလာတော်မူသော ရှင်အရဟံ သည်။ ဤမည်သော ရွှေစည်းခုံတုရားကြီး၏ ထီးတော် ကြေးစလောင်း ၌ မိုးကြိုးဘေးအပေါင်းတို့မှ ကင်းကွာဘို့ရာ။ ဂါထာဗန္ဓ။ ဖန်သစီ ကဲ့သောအား။ ရေးသားပေးတော်မူသော ဂါထာကို။ မကြာ မကြာ ရွတ်ဖတ်ပြီး။ ဝတ်မပြတ်သရဇျယ်ကြရမည်ဟုပြောပြီး။ တလောရေး ပေးစွန်သည်မှာလည်း အောက်ပါအတိုင်းပင် ဟူ၏။

ပုဂံရွှေစည်းခုံစေတီတော်ကြီး၏ ကြေးစလောင်း၌ ရှိသော မိုးကြိုးလွဲ ၂ ဂါထာ။

(၁) ဇေယျော မုနိ ဗဒ္ဓရဋ္ဌ၊ ဇေယျကံ ဇေယျံ မေဝစ။
ဣဿာနိ တိဏိ လေခါနိ၊ အသနိ ပရိဝဇ္ဇယိ။ ။
(၂) ပီဍံ ဘဒ္ဒေဝ မနုဿာနံ၊ ပီယော နာဂ သုပဏ္ဏာနံ၊
ပီယော ဗြဟ္မဏ မုတ္တမံ၊ ပီယိန္ဒြိယ နမာ မဟံ။ ။

o o o

ဆရာမြင့်ဂဠုန်ကြီး တပည့်မ ကေသရီထံသို့။
(ဦးဘိုးပုန်၏ အမေးဆောင်းပါး)။

၁။ ၁၂၉၃-၃-၂၂ ရက်နေ့ထုတ်, သူရိယ သတင်းစာတွင်။ သီလရှင် ဆရာ, မကေသရီက။ ပဌမကျော် ဦးတေဇဝန္တအား လျှောက်သောဆောင်းပါးဦး၊ မှတ်သားဘွယ် အမျှားပင် ပါပေသည်။

၂။ယင်းနေ့ထုတ် သတင်းစာ မျက်နှာ ၂၇ တွင်။ ဦးကြွက်စုတ်၏ မေတ္တာရပ်ခံစာ (နံပါး) ဌ။ "မြန်မာ အဘိဓာန် အကြောင်း" ဟု ခေါင်းတပ်လျက် ပါပါသည်။ မြန်မာနိုင်ငံ သုတေသန အသင်းသည်။ မြန်မာအဘိဓာန်ကျမ်းကြီး ပြုစုရန် စကားသုံး အမျိုးမျိုးကို ရှာဘွေ စုဆောင်းလျက် ရှိပါသည်။

၃။ အဆိုပါ, သီလရှင်, မကေသရီ၏ ဆောင်းပါး အစနား၌။ "တပဲ့တော်မတို့ ဆရာ ပြုစုတော်မူသော ဂဠုန်ပျံ ဒီပနီဋီကာသည်။

ဤအခါ အပြီးမသတ်သေးဘဲ။ ခရီးမတ်တတ်တန်းလန်း။ အဖြန်း အတော။ စမ်းမကောဟု။ ဘန်းတောသို့ အကျော် ဝင်သည်မှာ။ "ပေါ်ပင်" လိုက်မှားသည် ထင်ပါသည်" ဟု ပါပါသည်။ ယင်းတွင် "မတ်တတ်, တန်းလန်း, အဖြန်း, အတော, စမ်းမကောတွင်။ မကော, ဘန်းတော" ဟူသော စကား အသုံးတို့သည်။ ကျွန်ုပ်တို့ သုတေသန အသင်းက ပြုသော မြန်မာအဘိဓာန်၌ ထည့်သွင်းရန် ပေးစာ သင့်လျော်သည်ဟု ကျွန်ုပ် ထင်မြင်ပါသည်။ ထို့သို့ အဘိဓာန်၌ ထည့်သွင်းလျှင်။ ၎င်းတို့၏ အနက်ကို ဘော်ပြရပါမည်။ သုဏ္ဏ ပဂ္ဂိုလ်က ကြံဆ ကောက်ယူသော အနက်သည်။ ဝတ္ထိစ္ဆာ၏ အာဘော် ကျခဲလှပါသည်။ ထို့ကြောင့် ထိုစကားတို့ကို သုံးစွဲသူ၏ ကိုယ်တိုင်ကို မေးမြန်း၍။ ဆိုလိုချက်, အနက်ကို ထည့်သွင်းရခြင်းထက် သာလွန် ကောင်းမြတ်သော အကြံမရှိပြီဟု ထင်မှတ်ပါသည်။

၄။ "မြန်မာမှုတွင် ဆရာတခု" ဖြစ်သော ဆရာကြီးမှာ။ ဂဠုန် ပုံ့ ဋီကာကို ကြိုးစားအားထုတ်ဆဲ ဖြစ်သောကြောင့်။ ၎င်းအား မေးမြန်းခြင်းဖြင့် အနှောက်အယှက် မပြုလိုပါ။ ထိုဘော်ပြခဲ့သော သဒ္ဒါနက်မှုကို 'တစ်' ခေါ်ရသော ဆရာကြီး၏ တပည့်, သိလျှင်, မကောသရီနှင့်ပင် လိုရာပေါက်ရောက်နိုင်ပါလိမ့်မည် ထင်သောကြောင့် မေးပါသည်။ မေးလိုသော အချက်တို့က။

၁။ မတ်တတ်။ တွင် တတ် သဒ္ဒါက ထွန်းပြသော အနက်။

၂။ တန်းလန်း။ တွင် လန်း သဒ္ဒါက ထွန်းပြသော အနက်။

၃။ အဖြန်း။အတော တွင် အဖြန်း သဒ္ဒါ, အတော သဒ္ဒါ တို့က ဟောသော အနက်။ ။အဖြန်းကို အဖျန်း ဟု ယပင့်သံ ရွတ်ဆိုသော်။ မည်သည့်အနက်ကို ဟောချင်မှ်မည်။ အဖျန်း အတောဟု ယပင့် မ,သတ်နှင့် ရေးသင့်သည်ဟု စာဒက ဝင်ခဲ့သော် မည်သို့ ဖြေဆိုရမည်။

၄။ စမ်းမကော တွင် မသဒ္ဒါဖြင့်။ မည်သည့်အနက်ကို ဆိုလို သည်။ ကော သဒ္ဒါဖြင့် မည်သည့်အနက်ကို ဆိုလိုသည်။ ။မြန်မာ ဘာသာကို တသံလျှင် တနက်ရှိသော ဘာသာဟု ဆိုကြပါသည်။

၅။ ဘန်းတော တွင် ဘန်း သဒ္ဒါ၏ အနက်တို့ကို သိလိုပါ သည်။ ။မြန်မာဘာသာတွင် ဝဂ်ဗျည်းစတုတ္ထက္ခရာ တို့၏ အသံဖြင့်

အစတည် မြန်မာ ကြိယာရင်း မရှိဟု ကျွန်ုပ် အယူ ရှိပါသည်။ ထို့ကြောင့် "ဘန်း" ဟူသော သဒ္ဒါမှာ။ မည်သည့် သဒ္ဒါ၏ ကာရိယ ဖြစ်ကြောင်း သိလိုပါသည်။ အချို့ ဆရာတို့က ဘကုန်းနှင့် ရေးသော် လည်း။ ဖဦးထုပ်သံ ဘတ်မှ။ ထီးသံ, နန်းသံ ဆံသည်။ ဘကုန်းသံ ဘရဲလျှင် "ကျောင်းသံ" ပါသည်ဟု ကျောင်းကို ရွှတ်ချဆိုကြပါ သည်။ "တစ်" ခေါ်ရသော ဆရာကြီး တပည့်က "ဘန်း" ကို မည်သည့် အကွရှေ အသံဖြင့် ဘတ်စေချင်ပါသလဲ။ အကယ်၍ "ဘန်း" ကို ဖန်းဟု ဖဦးထုပ်သံ ဘတ်စေချင်သည်ဟု ဆိုသော်။ သန္ဓ မစပ်သော အစတည် "ဘ" ကုန်း အသံကို။ ဖဦးထုပ် သံသို့ ပြောင်းရသည့် အကြောင်းကို သိလိုသည်။

ထို "ဘန်းတော" ကို "ဘမ်းတော" ဟု မ သတ်နှင့် ရေးမှ သင့်မည်ဟု စုဒ်ဇင်သော်။ မည်သို့ ဖြေရမည်ကို သိလိုပါသည်။ တနည်း လည်း "ဖမ်းတော့" ဟု ဖဦးထုပ် မ သတ်နှင့် ရေး၍။ ကြိယာအနက် ဆင်အောင် ဖဦးထုပ်သံ ရွတ်ဖတ်သင့်သည်ဟု စုဒ်ဝင်သော်။ မည်သို့ ဖြေရမည်ကို သိလိုပါသည်။

မေးလိုသည့် အချက်တို့မှာ ဤမျှပါပဲ။ ဆရာ့ ဆရာတို့၏အယူ ဝါဒ ဗဟုသုတကိုလို၍ အရိုးခံ မေးခြင်း ဖြစ်ပါသည်။ သတင်းစာ ဖတ်သူတို့လည်း။ ဗဟုသုတ ရကြပါလိမ့်မည်။

၅။ မြန်မာစကား "ပျံနှံ့" တွင် ပျံ့ ဟူသော ဝေါဟာရမှာ ပါဠိ "အပံ့" သဒ္ဒါပျက်ယင် ဖြစ်လေရော့သလားဟု ဆင်ခြင်မိရာ။ ကျမ်းကိုးကို အလိုရှိ၍။ ဆရာမိုင်းကြီးအား မေးလိုက်ရာ။ ကျွန်ုပ်၏ အလေ့ ဝါသနာကို သိရင်းဖြစ်သည့်အတိုင်း။ မေတ္တာရွှေထားလျက်။ ကြိုးကြိုးပမ်းပမ်း။ သဒ္ဒနယ၊ စုံလင်စွာနှင့် ဖြေပေသည်ကို မျှားစွာ ကျေးဇူးတင်ကြောင်း။ သိလျှင့် ဆရာအား လျှောက်ပါဘိ။ မန္တလေး ပဌမကျော်, ဆရာတော်ကလည်း။ မေတ္တာရွှေသွား။ အမှန်ကိုမှတ်သား စေလိုသော သဘောထားနှင့် "အပံ့" သဒ္ဒါပြီးအောင် ဤမည်သော သုတ်ဖြင့် စီရင်မှ သင့်မည်ဟု အပင်အပန်း ခံ၍။ ဆောင်းပါးနှင့်ပြရှာ တော်မူပေသည်။ ။ဝါဒ၊ ဆိုသည်မှာ အကဲအပြား ရှိတတ်သည်။ ကျွန်ုပ်တို့မှာကား ဝါဒ အပြားကို မှတ်ရ၍ ဝမ်းမြောက်ပါသည်။ ယခုအခါကား "ပိုလစ်တစ်" ကို ကျွမ်းကျင်သူတို့ကလည်း ကျွန်ုပ်တို့

နိုင်ငံ၌ အုပ်ချုပ်ရေး ကောင်းမွန်အောင် ကြိုးစားကြပေသည်။ ကျွန်ုပ်တို့ ပညာသည်များကလည်း မြန်မာဘာသာ စကား၌ အဆိုးအကောင်း, ကျိုးကြောင်းမမှန်။ အတန်တန် ရောရှက်နေသည်များကို သန့်စင်အောင် ရိုင်းသံကို သုတ်သင်,ပြင်ဆင်။ ယဉ်သံကို တွင်စေရန် အားထုတ်ကြသင့်သည်အတိုင်း။ မန္တလေး ဆရာတော်က အပင်အပန်း ခံ၍။ပြသပေသည်ကိုလည်း များစွာကျေးဇူးတင်ကြောင်းကို လျှောက်ထားပါဘိ။

၆။ တခုမှာလိုက်ပါရစေဦး။ ဆရာမှိုင်းကြီးကတော့ သူ့ကိုယ်ကို တောတွင်းသား အနေထားသည့်ပြင်။ ယောဂီ အလုပ်ကို ကိုပ်သူ အဟန်နှင့်။ အညာတောတွင်းသားတို့ အသုံးအနှုန်းကို အောက်သားတို့ သိရစေခြင်းငှာ။ မသွားနှင့် ဆိုရမည့်အစား "မသွားနဲ့" ကူ၍ငှင်း။ အနှီ, အနှာစသော တောသံတို့ကို ထည့်၍။ ဆောင်းပါး ရေးပါသည်ကို။ အကျိုးအကြောင်း, အဟန် အပန်, ဌာနာ ဌာန တို့ကို မခွဲခြားတတ်သော ကျောင်းသားတို့သည်။ ဆရာမှိုင်း၏ အသုံးအနှုန်းကို တုပသိုက်နာကြလို၍။ မြို့သားချင်း ပြောဆိုမှု စကားရပ်တို့၌ ထိုဆိုခဲ့သော "နဲ့ အနှီ အနှာ" တို့ကို ထည့်သွင်းသုံးစွဲကြသည်ကို။ ကျွန်ုပ် အစိုးရ အမှုထမ်းစဉ်က တွေ့ကြုံရပါသည်။ ထိုသူငယ် မလိုလာတို့ အတုလိုက်မမှားရအောင်ငှင်း။ ယခုအခါ၌ ရှိကြသော ကျွန်ုပ် အစရှိသော လူရွယ် လူလတ်တို့မှာ ထီးနန်းကို မှီလိုက်သူများ မဟုတ်ပါ။ ထိုသို့ မမှီလိုက်သော ကျွန်ုပ်တို့သည်လည်း အရှင် ၂ ပါး ရှိစဉ်က ထီးသုံး။ နန်းသုံး။ မန်းသုံး စကားများကို မှတ်သားရအောင်ငှင်း။ ဆရာမှိုင်းကြီးသည်။ မန်းမြို့ ဇာတိအနေမှ ဘရား သံဝေရသဖြင့် ယောဂီ ပုဂ္ဂိုလ် တောခို၍ နေဟန်။ ဆရာမှိုင်းထံဆည်းကပ်သော တပည့်မတို့ကိုလည်း။ အမရပူရ။မန်းဌာနဇေယာသူတို့ အနေထားလျက်။ ဤဂဋ္ဌုန်ပျံဋီကာကို အစပြုပြီးလျှင်။ စခမ်းသစ် လမ်းသစ် မန်းစစ်စစ် စကားသွားများကိုသာ ရေး သား စေ လိုကြောင်း။ နောက်နောက် ဆောင်းပါးများမှာလည်း ရပ်ကြီးပြည်မ မန်းဌာန စကားသုံးများကို ရေးသားပြသစေလိုကြောင်း လျှောက်ထားပါဘိ။

ဖိုးစိန်။

o o o

ကျွန်ုပ်တို့သည်။ ဤအထက်က။ အမြဲက်မျသော မိုးကြိုးဘွဲ့ ဂါထာများကို။ ဟောလားပြောလားလုပ်ပြီးသည့်နောက်။ ဆက်လက် ပြောဆိုသည်မှာ။ အိုတပည့်မ အပေါင်းတို့။ ၎င်း မိုးကြိုးတို့၏ ဥဒါ ဟရဏ်ကို။ "ဂဠုန်ပျံနိဒါန်း၌။ တခမ်းတနား။ ဟောကြားနေလျှင်။ "အဝန်းကျယ်၍။ အလယ်လတ်" ဆိုတာလို ဖြစ်ကုန်လိမ့်မည်။ ။ ဖြစ်ရကား။ ရေးသားတော်မူလတ္တံ့ သော ဂဠုန်ပျံစာကိုယ်တို့ကျမှ။ ဆက်သေချာ။ အဆိုပါ မိုးကြိုးတို့ အကြောင်းကို။ ခတ် ကောင်း ကောင်း ဟောတော်မူမည်။ ။ဤအခါကာလ။ ပျင်းလည်း ပျင်း တော်မူသဖြင့်။ ဘဝတပါး ပြောင်းသွားကွယ်လွန်ရှာသူ။ ကျုပ်တို့၏ တာည့်ရင်းချာ။ ဒကာရင်းစစ်ဖြစ်ကြီး ဖြစ်ပေသော။ ပြည်ထဲရေး ဝန်ကြီးချုပ်။ "မောင်မေအောင်" လှူဒါန်းခဲ့သော ရခိုင် ရာဇဝင်နှင့် ရခိုင် မင်းသားမိုး ချောင်းမျှားကို။ အသွားလေးလေးနဲ့။ ဖြေးဖြေး ကလေး ဘဏ်ဒိုမ်း။ ဆရာတပါး။ ကြားနာတော်မူလိုသည်ဟု အမိန့်ရှိ ရကား။ အပ်တော်မြတ် ပညဝတီက။ အနှီ အောက်ပါအတိုင်း ဘတ်ပြ ချေတမှုံ့။

ရခိုင်ရာဇဝင်း ကောက်နှုတ်ချက်။

စောမွန်ကြီးနှင့် သားတော် နန်းကျကြီးသည်။ မြောက်သား တော် စဘိုမည်နှင့် အုပ်ကိသိက်ခံ၍။ သက္ကရာဇ် ၆၃၁ ခုတွင်။ ပြည် စည်းစိမ်ကို စိုးအုပ်တော်မူလေသည်။ ။ထိုမင်း၌ မိဘုရားကား။ စဘို မည်လည်း တယောက်။ စောပဒုမ္မာလည်း တယောက်။ စောမင်းဘွား လည်း တယောက်။ စောဖြူလည်း တယောက်။ ပေါင်း မိဘုရား ၄ ယောက် ရှိသတည်း။ ။မိဘုရား စောမင်းဘွားတွင်ကား။ မင်းစဉ် မင်းမျိုး ဟူ၍ သားတော် ၂ ယောက် ရှိသတည်း။ ။မိဘုရား စောပဒုမ္မာတွင်လည်း။ ဝိမလစန္ဒာ။ စောသဟာ။ စောမယ် ဟူ၍ သမီးတော် ၃ ယောက် ရှိသတည်း။

ထို မင်းနန်းကျကြီးသည်ကား။ ကုသိုလ်ကောင်းမှုလည်း မပြု။

ပြည်၌ စျေးခွန်။ကင်းခွန်။ ဆိပ်ခွန် တို့ကိုလည်း။ ရှေးကောက်ရိုးထက်
တိုး၍။ သည်းထန် ပြင်းပြစွာလျှင် ကောက် ငင် ဘိ သော ကြောင့်။
တိုင်းသူပြည်သား လူအများတို့သည်။ မငြိမ်မသက်။ သူဌေး သူကြွယ်
သူဝတို့ထံ။ များစွာ လုယက်ဖျက်ဆီးကုန်ဘိ၏။ ကောက်ငင်သော
အခွန်အတုတ် ပစ္စည်းပယံ ပရိက္ခရာတို့ကို။ ကျီကြဘဏ္ဍာသို့ချည့်
သွင်းလေကုန်၏။ ။မင်းမျိုးမင်းနွယ်တို့ကိုလည်း။ချစ်ခင်မြတ်နိုးခြင်း
မရှိ။ ညှဉ်းဆဲကလူ နှိပ်စက်မူ၍။ မှူးမတ်စသော အသည်အလာ သမ်း
တို့ကိုလည်း။ အတင်း အဓမ္မဘမ်းဆီး၍။ နန်းတွင်းသို့ချည့် သွင်းလေ
ကုန်၏။ ။ငယ်သား ဆင်းရဲသူတို့ လုပ်ကိုင်သော စပါး ကောက်ပင်
အသီးအနှံတို့ကိုလည်း ဖျက်ဆီး၍။ ဆင်စာ မြင်းစာချည့် တင်၍
ကျွေးလေကုန်၏။ ထိုသို့သောကြောင့် တိုင်းပြည်သူ တို့သည်ကား။
ဆင်းရဲဒုက္ခဖြစ်ခြင်း၊ ရှားပါးငတ်မွတ်ခြင်းသည် ဖြစ်၍။ တိုင်းပြည်
စနောင့် စနင်း အလွန်လျှင် မျက်လိုမုန်းထားလတ်ကြကုန်သတည်း။
ထိုသို့ ပြည်သူတို့သည် မျက်လိုမုန်းထားသောအဖြစ်ကို သိလေ
လျှင်။ အလွန်ကြောက်ရွံ့စွာ၏။ ၍။ တိုင်းနိုင်ငံအလုံးငယ်။ မင်းနေ
မြို့က စသော ရွာကြီးရွာငယ်တို့၌။ငါးဟင်းသင်စရာ ငါးငယ်တစင်းမျှ
မရှိရအောင်။ တျင်းတျင်းကုန်အောင် စီစစ်လျက်။ နန်းတော်တွင်းသို့
သွင်းလေ၏။ ။အရိယာသူမြတ်တို့ ကျောင်းဝယ်သည်း။ ခေါင်းရိတ်
ခရာ သင်တုံးခါးမျှ မရှိရအောင် စစ်ဆေးသွင်းလေသောကြောင့်။
ရဟန်းတို့လည်း သီတင်းအဘိတ်သို့ရောက်လျှင်။ နန်းတော်တွင်းကသာ
သင်တုံးခါးငှား၍ချည်း ခေါင်းရိတ်ရကုန်၏။ ။ထိုအခါ။စိတ္တနာရဒ
ဟူသော ရှင်ငယ် ညီအစ်ကို ၂ယောက်သည်။ ကျေးဇူးပညာအတတ်
တို့ကို။တိုင်းပြည်လှည့်ပတ်ရှာကုန်၏။ ထိုအခါငယ် ဝိဇ္ဇာဓိုရ်တယောက်
သည်လည်း။ ဗျိုင်းတိုင်တောင်၏ ဇသန်မှ။ တောင်ဖြူထက်ဝယ်
ခနလှာ၍။ ထိုဝိဇ္ဇာဓိုရ်ကား။ ရေကို သုံးစွဲလိုသောအခါ၌။ ဗူးတောင်း
ကိုသာ စေလိုက်၏။ ထိုဗူးတောင်းသည်ကား။ အသက် ရှိသကဲ့သို့
တရွှေ့တရွှေ့ သွားလေ၍။ ရေရှိရာသို့ ရောက်လျှင် ငုပ်လေလျက်။
ခေပြည့်မှသာ တက်ပြန်လတ်၍။ ထိုဝိဇ္ဇာဓိုရ် အထံသို့ ရောက်လေ၏။
ဤသို့ချည်း အလားအလာ စေသည်ကို။ တရံသောအခါ၌ ရှင်ငယ်တို့
မြင်လေသော်။ ဤဗူးတောင်းသည်ကား။ အလွန်သောဆရာကြီးတို့၏

တမန်တည်းဟု။ ဗူးတောင်းနောက် အစဉ်အတိုင်း လိုက်လေသော်။ ဆရာ ဝိဇ္ဇာဓိရ်ကို တွေ့လေ၏။ ခြေ ၂ ဘက်ကို ဆွဲကိုင်လျက်။ သခင် ဆရာမြတ်သည်။ အကျွန်ုပ်တို့၏ အဘအရာကို တည်၍လျှင်။ အထူးထူး အပြားပြားကို ဘန်ဆင်းတတ်သော နာနာရုပ် အတတ်ကို သင်ပါဘိ ဟူ၍ တောင်းပန်လေသော်။ ခွင့်မပြုဘဲ နေလေသောကြောင့်။ ရှင်ငယ်တို့ကား။ ဆယ်လတိုင်အောင်လျှင် ခြေလက်ဆုပ်နယ်ခြင်းကို ပြု၍ ခစားလေ၏။ ထိုသို့ ခစားများမှ ဆရာဝိဇ္ဇာဓိရ်လည်း နာနာရုပ်အတတ်ကိုသော်ကား ငါမပေး။ နတ်ဘီလူးကို မြင်နိုင်သော မျက်ကွင်းဆေးကို ပေးအံ့။ ထိုဆေးကို မျက်စိမှာ ကွင်း၍ ကြည့်သော်လျှင်။ ကြင်နာတတ် ဘီလူးတို့ကို မြင်အံ့။ ထိုအခါကို တို့လိုသော အတတ်ကိုတော်းပါလေဟူ၍။ မျက်ကွင်းဆေးကို ပေးလိုက်၏။

ထိုတို့ နာရဒ တို့လည်း ဆရာမြတ်သည် မျက်ကွင်း ဆေးကို ပေးလိုက်သ[illegible]ကား။ ဘီလူး တို့ကို မြင်ကာမျှသာ ဖြစ်သည်။ အတယကို အကျွန်ုပ်တို့အသို့မူ၍ ရအံ့နည်းဟု ဆိုပေသော်။ ယက္ခ သိန္နေဟမန္တန်ကို ပေးလိုက်၏။ ။ရှင်ငယ်တို့လည်း ထိုမျက်ကွင်းဆေးကို မျက်စိတွင်ကွင်း၍ လှည့်ပတ်လျက်ရှာကြည့် လေသော်။ လောင်းကြက်မြို့အင်္ဂုဖြစ်သော ခေါင်းလောင်းစဲတောင်၌။ ခအောင်းပင်ကြီးတွင် ဘီလူးကိုမြင်[illegible]သော်။ နေရာသို့ပြန်လေ၍။ ဝက်ကြီးတခုကို ဖုတ်ကင်လျက်။ ခအောင်းပင်ရင်းသို့ ချဉ်းကပ်လေပြန်သော်။ အစာကျင်းလျက်။ ဘီလူးကိုစောင့်၍။ နာနာရုပ်အတတ်ကို တောင်းလေ၏။ ထို ဘီလူးလည်း။ ကိုယ်တို့ ငါ့ကို အဘယ်အကြောင်းနှင့် မြင်သနည်းဟု မေးလတ်သော်။ ရှင်ငယ်တို့လည်း မျက်ကွင်းဆေးဖြင့် မြင်သော အဖြစ်ကို ပြန်ပေ၏။ ဘီလူးလည်း ထိုသို့သော နာနာရုပ်အတတ်ကို ငါမတတ်။ ဤအဥ္ဇနနဒီ မြစ်တဘက်မှာ လက်မဝဉ် ညောင်ပင်ကြီးသည် ရှိ၏။ ထိုညောင်ပင်၌ နေသော ဘီလူးသည်သာလျှင် တတ်သည်ဟု ဆိုပေ၏။ ရှင်ငယ်တို့လည်း ဘီလူးညွှန်လိုက်သည်အတိုင်းလျှင်။ ယခင်ကဲ့သို့ ဝက်ကြီးနှင့်သေအိုးတို့ကို ထမ်းလျက်။ လက်မဝ ညောင်ပင်ရင်းသို့ ချဉ်းကပ်ပြီးသော်။ အစာကျင်း၍ ခေါ်မြခေါ်လေသော်။ ဘီလူးလည်း မြင်လေလျှင်။ အဖြစ်ကိုမေးမြဲမေးလတ်တည်း။ ထိုသူတို့လည်း။ မျက်ကွင်းဆေးဖြင့်မြင်သော အကြောင်းကို ပြန်ပေ၏။ ထိုဘီလူးလည်း

ငါမူကား မတတ်။ ဗြိုင်းတိုင်တောင်ထက် ဥမင်ဝယ် ထိန်ပင်ကြီး လည်း ရှိ၏။ ထိုထိန်ပင်ကြီး၌နေသော ဘီလူးမကြီးသည်လျှင် ထိုအ တတ်ကို တတ်၏ဟု ညွှန်လိုက်တုံ၏။

ထိုရှင်ငယ်တို့လည်း။ ထိုညွှန်သော အတိုင်း လည်းကောင်။ ဝက်ကောင်။ သေအိုးကိုထမ်းလျက်။ ထိန်ပင်ရင်းသို့ ချဉ်းလေကုန်၏။ အစာကျင်းလျက်ခေါ်၏။ ခေါ်လေသော်။ ဘီလူးမလည်း မြင်ခဲသည် အဖြစ်ကို မေးမြမေးပြန်လေလျှင်။ ရှင်ငယ်တို့လည်း မြင်သော အဖြစ် ကို ဆိုမြဆို၍။ တောင်းမြတောင်းလေသော်။ ဘီလူးမလည်း ငါသော် ကား တတ်သည်ဟုတ်တည်း။ ငါတို့ဘီလူးမသည်။ လူပေါက်ငါးကို ပေးအံ့သောငှာ မတတ်စွာတည်း။ ကိုယ်တို့လိုသော်ကား ငါ့မောင် အကြီးဖြစ်သော ဘီလူးမင်းသည်။ ချိတ်ချောင်းထဲသို့ဝင်၍ လေးဘွဲ့ မော်တွင် ညောင်ပင်ကြီး၌ရှိ၏။ ထိုညောင်ပင်၌နေသော ဘီလူးမင်း အထံသို့ သွား၍ တောင်းပါလေဟူ၍ ညွှန်မြွှန်လိုက်တုံ၏။

ထိုရှင်ငယ် ညီနောင် ၂ ယောက်လည်း။ ယင်းက ကဲ့သို့ ဝက် ကောင် သေအိုးတို့ကို ထမ်းပြီးသော်။ ချိတ်ချောင် ညောင်ပင်ရင်းသို့ ချဉ်းလေ၍ အစာကို ကျင်းလေသော်။ ဘီလူးကား မရှိ။ ဘီလူးမသာ လျှင်။ အဘယ်အလိုနည်း။ ငါတို့ကို အဘယ်ကဲ့သို့ မြင်သနည်းဟု အ ကြောင်းကို မေးသော်။ ထိုသူတို့လည်း မျက်မှောက်ငင်း ဆေးဖြင့် မြင် သောအဖြစ်ကို ဆို၍။ အတတ်သင်လာသော အကြောင်းကို ပြန်ပေ သော်။ဘီလူးမကလည်း။ ငါ့လင်ကား ပင်လယ်နားသို့။ ခရု ဂဏန်း သားငါး ရှာအံ့သောငှာ သွားလေ၏။ ထိုကဲ့သို့ပြန်လာမှသာလျှင်။ လာ လတ်ဟူပေသော်။ ရှင်ငယ်တို့လည်း။ ဝက်ကောင် သေအိုးတို့ကို ထမ်း ယူ၍ ပြန်လေအံ့သော အခြင်းအရာကိုပြုလေ၏။ ထိုဘီလူးမ၏ သား ဖြစ်သော ဘီလူးငယ် နှစ်ယောက်တို့ကား အစာကို စားချင်သော ကြောင့် မသွားစေရက်၍။ ထိုရှင်ငယ်တို့ကို ချုပ်ကြောင်းလျှင် အမိ အား ပူဆာ၏။ ဘီလူးမလည်း သားတို့၏စကားကို မလွန်နိုင်၍ ငါ့ လင်ရောက်ရုံနေဦးဟူ၍ ချုပ်ပြန်လေသော်။ ရှင်ငယ်တို့လည်း ငံ့၍ နေ လေ၏။

ထိုဘီလူးသည်။ ခရု ဂဏန်း သားငါးတို့ကို များများစွာ ဆောင်ခဲ့လျက်လာလတ်သည်ကို။ ရှင်ငယ်တို့ မြင်လေ၍။ ထိုဘီလူးကို

အကြောင်းဆိုပေသော်။ ဘီးလူးလည်း နာနာရုပ် အတတ်ကို မပေးလို၍။ ခြိမ်းမောင်းလေ၏။ ရှင်ငယ်တို့လည်း။ ဝိဇ္ဇာဓိုရ်ဆရာ ပေးလိုက်သော ယက္ခသိန္ဒေဟမန္တန်ကို ရွတ်လေလျှင်။ ဘီလူး၏ အမျက်လည်း ပြေလေ၏။ ၍။ သားငယ်တို့နှင့်မယားလည်း။ အစာကို စားလိုသော ကြောင့်။ အပန်းကြီးစွာ ရှေးနည်းပြုလေ၏။ ဘီလူးလည်း မန္တန်၏ အနုဘော်ဖြင့်လည်းကောင်း။ သား မယားတို့ ရှေးနည်း ပြုသဖြင့်လည်းကောင်း ဝန်ခံလျက်။ အစာကိုဝစ္ဆာစားလေ၏။အဆုံးပြီးမှဘီလူးမူကား ဤသို့ဆိုလတ်တည်း။ ။ဟယ် ရှင်ငယ်တို့။ ကိုယ်တို့ကား ခဲခက်စွာသော နာနာရုပ် အတတ်ကို လိုသည်ဟုတ်တည်း။ လူသားတို့ မည်သည်ကား။ စိတ်ဝမ်းလောင်လင်သည် ဖြစ်သောကြောင့်။ ငါ့ အတတ်ကို မြောက်လေလျှင်။ မကောင်းမှုတရားကို ကျင့်သည်ရှိက။ ငါလည်း အမျိယ်လားရအုံ့သည်ဟူ၍ ဆိုပေသော်။ရှင်ငယ် တို့လည်း။ အတတ်ကိုသာ ပေါ။ မကောင်းမှုကို ငါတို့ မကျင့်ဟုပြန်လျှင်။ဂတိသစ္စာ ပြုလျက်ကျိန်တွယ်စေပြီးမှ။ နာနာရုပ် မန္တန်ကို မြေကြီးဝယ် ရေးလျက် သင်ပေးလိုက်၏။

ထိုစိတ္တ,နာရဒဟူသော ရှင်ငယ် ညီအစ်ကို ၂ ယောက်လည်း။ ထိုအတတ်ကို တတ်မြောက်လေလျှင်။ သူ့အိမ်သူ့ယာတို့ကို ပြစ်မှားလေ၏။မင်းကြီးနန်းတော်ဝယ် မိဘုရား ၄ ယောက်စုံကိုလည်း ပြစ်မှားလေ၏။ ထိုသို့ ပြစ်မှုခြင်း များလတ်သော်။ မိဘုရား ၄ ယောက်တွင်ကား။ စောပဒုမ္မာဟုသော မိဘုရားသည်။ မင်းကြီးလာလတ်သော အခါ ဤသို့ဆို၏။ အရှင်မင်းကြီးကား။ ရှေးဦးကာလနှင့်မတူလျှင်းဘဲ။ ယခုကား အရောက် အပေါက် များလွန်းစွ တကား။ အသို့လျှင် ဖြစ်သနည်းဟု နားတော်လျှောက်ပေသော် မင်းကြီးလည်း ငါကား ၄ပါးစုံသော မိဘုရားတို့ကို အမျှသာ အသွားအလာ ပြုသည်။ ယနေ့ ရှေထက်တိုးကဲ ငါမပြုစွာသတည်း။ အကြောင်းကို သိလိုသော်။ ရောင်ဆီဘော်၍ ထားပြီးသော်။ နောင် လာလတ်သောအခါ။ လက်စုံဖြင့် ကျောက်ကိုဖက်ယမ်းကျွန်ပြု၍ ဟစ်လိုက်ဟူ၍။ မင်းကြီးသင်ပေးခဲ့၏။

ထို သင်သော အတိုင်းကို။ ရှင်ငယ်တို့ နောင်လာလတ်လျှင်။ ကျောက်ကုံး၌ ဟပ်လိုက်၏။ ။မင်းကြီးအား ကြားပေသော်။ မင်း

ကြီးလျှင် မိုးသောက်လျှင်။ သူငယ်တော်တို့ကို ခေါ်၍။ အကြင်သူတို့၏ ကျောက်ကုံးဝယ်။ လက်ဝါးစုံ အရာနှင့်။ ရောင်ဆီသည် ကပ်လေ၏။ ထိုကပ်သော သူအားလျှင် ရအောင်ရှာ၍ ယူချေဟု စေလွှတ်သော အခါ။ ထိုရှင်ငယ် ညီနောင် ၂ ယောက်တို့လည်း။ ဆောင်းလအခါ ဖြစ်သောကြောင့်။ မြို့တံခါး၏ အရပ်ဝယ်။ ကျောက်ကုံးကိုလှစ်၍ နေစာလှုံ၍ နေသည်ကို တွေ့လေလျှင်။ အရဘမ်းပြီးသော် မင်းအား ပြလာ၏။ မင်းကြီးလည်း အကြောင်းကိုမေးသော်။ ရှင်ငယ်တို့ကား မပျက်မကွယ်လျှင်းဘဲ။ ဟုတ်တိုင်းကို ပြန်ပေ၏။

မင်းကြီးလည်း ထိုစကားကို ကြားလျှင် တတ်ချင်သော သဘောကြောင့် အာသာဆန္ဒသာ ဖြစ်လတ်၍။ တဆံချည်ချ အမျက် စောင်းမာန် မရှိလျှင်းဘဲ။ ထိုအတတ်ကို သင်ကြားပါဟူ၍သာလျှင် ရှိသေစွာ တောင်းပန်လေ၏။ ရှင်ငယ်တို့လည်း မင်းကြီး အတတ်သင်၍ တတ်မြောက်လေလျှင်။ ငါတို့အား ကာပြန်လတ္တံ့ဟုတည်း။ ထို ကြောင့် ငါတို့ သင်အံ့သောငှာ မဝံ့ဟု ဆိုပေသော်။ မင်းကြီးကား အတတ်ကို သင်သာသင်ပါဘို။ ဆရာတို့အား ငါ မပြစ်မှားဟု ကြီးစွာ သော သစ္စာကို ဆိုပြီးမှ။ ချန်အပ်သရွှေ့သော အတတ်ကို ချန်၍။ သင်အပ်သရွှေ့သောအတတ်ကို သင်ပေး၏။ မင်းကြီးလည်း ထိုရှင်ငယ် တို့ကို ဆရာဟူ၍ မှတ်လေ၏။ ရှင်ငယ်တို့လည်း ပြိုင်းတိုင်တောင်၏ သေန်မှ။ ဆရာ နေခဲ့သော တောင်ဖြူထက်၌ နေလေ၏။

တရံသော အခါ၌။ ထိုနန်းကျ ကြီးမင်းသည်။ အမတ်စည် သဘင်ဝယ်။ဖန်နီလာ ဟူသော သမီးရှိသည်ကို မင်းကြီးက တောင်း လတ်သော်။ တင်းတိမ်အထပ်များစွာကာ၍။ အကျွန်ုပ် သမီး ကျောက် ပေါက်လျက် ရှိသေးသည်။ ကောင်းမှ လက်ဆောင်တော် ဆက်မည်ဟု လျှောက်လိုက်၏။ မင်းကြီးလည်း အကယ်ထင်၍ နေလေ၏။ ။ စည်သဘင်လည်း ညဉ့်အခါသူကောင် တခုကို ယူခဲ့ပြီးသော်။ သမီးကို ကားတွင်းကြီး တူးလျက် ဝှက်၍ ထားလေ၏။ ထိုသူကောင်ကိုကား သမီးအိပ်သော အခန်း၌ သိတ်၏။ ကျောက်အနာကြောင့် သမီးသေခဲ့ သည်ဟု ငိုယိုကျွန် ပြုလျက် ဖုတ်ကြလေ၏။

အမတ်ကြီးစည်သဘင်ကား။ကာလရှည်မြင့်လတ်လျှင်။မင်းကြီး သည် မေ့လျော့လေပြီဟု။ အမတ်ကြီး လ ကျ်ာ နန်း သူ သားနှင့်

ထိမ်းမြားလေ၏။ ထိုထိမ်းမြားသော စည်သံ ပတ်သံကို မင်းကြီး ကြားလေလျှင်။ ဤစည်သံ ပတ်သံကား အဘယ်ကြောင့် တီးသနည်း ဟု မေးလေသော်။ အမတ်တော် လက်ျာနန်းသူသားနှင့် အမတ်တော် စည်သဘင်ကြီး သမီး ထိမ်းမြားသည်ဟု လျှောက်လေလျှင်။ မင်းကြီး ကား ငါသို့သော မင်းစင်ကို။ ဤသို့လျှင် ပြက်ဝှက်လေအံ့တကားဟု ပြုတိုသော မာန်တော်သည် ဖြစ်လတ်၍။ စည်သဘင်ကြီးနှင့် လက်ျာ နန်းသူကိုလည်း ထွားထွားညက်ညက် ဖျက်ဆီးလေ၏။ စည်သဘင်ကြီး သမီး ဖန်နီလာကိုလည်း။ မင်းဝယ် ကိုယ်လုပ်တော် တင်လေ၏။ ။ မင်းလည်း ဤနေ့မှသည်။ ငါ့ကို မပန်ဘဲ စည်မောင်း မတီးစေရဟူ၍ မြစ်လေ၏။ ထိုနေ့က စ၍ မင်းကိုပန်မှ စည်မောင်းတီးရလေ၏။

စည်သဘင်နှင့် လက်ျာနန်းသူလည်း။ အလွန် ရှက်လှနိုးသော ကြောင့်။ မင်းကြီးကို ဖျက်ဆီးလိုလှသဖြင့်။ မှူး မတ် ပြည်သူတို့နှင့် ညီညွတ်ပြီးသော် စိတ္တ, နာရဒတို့ကို ရှာလေ၍ ရပြီးသော်။ များစွာ သော တံဆိုးဘဏ္ဍာကို ပေးပြီးမှ။ အကြိမ်များစွာ တောင်းပန်လေ သော်။ ရှင်ငယ်တို့လည်း ဝန်ခံ၍။ တောင်ဖြူမှသည် လိုက်လတ်၍။ အမတ်ကြီး စည်သဘင်အိမ်ထက်သို့ တက်လေပြီးသော်။ သစ္စာစကား ဖွဲ့ချည်ပြီးလျှင်။ လေးကြက်မြို့တဘက်ဖြစ်သော ပေါင်းတုတ်ဖျား ဝယ်။ကျွဲရိုင်းရောက်လေသည်ဟု။ မင်းကြီးအား။အသံခံလေစေသော်။ မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာစွာ။ ဤနေ့လျှင် ပွဲပြင်အံ့သည်ဟု သေရည်သေရက်တို့ကိုဆောင်ခဲ့လျက်။ဆင်ယာဉ်စီး၍ထွက်လတ်တည်း။

ထိုတောင်သို့ ရောက်လာလျှင်။ ရှင်ငယ်ညီနောင် ၂ ယောက် သည်။ ကျွဲဖြူရိုင်းယောင်ဆောင်လျက်။ နှစ်ခုပြိုင်လျက် ရပ်နှင့် လေ၏။ မင်းကြီးလည်း ထိုကျွဲရိုင်းဖြူ ၂ ခုကို မြင်လျှင်။ ထိုရှင်ငယ်တို့မှ ဝန်ကို သိ၍ ကြောက်လန့်စွာသဖြင့် ကျေးအယောင်ဖြင့် ပျံထွက်လေ၏။ ။ ရှင်ငယ် ၂ ယောက်လည်း စွန်ယောင် ဆောင်၍ လိုက်လေ၏။ မင်းကြီးလည်း စွန်ရုပ် ၎င်းဆောင်၍ ပျံထွက်လေ၏။ ။ရှင် ငယ် ၂ ယောက်လည်း သိန်းရုပ်ဘန်ဆင်း၍ လိုက်လေ၏။ ။ထိုသို့အစဉ် အတိုင်း လိုက်လေ၍ မလွတ်သာမှလျှင် တောသို့ဝင်၍ တောသွား အဟန်ကို ဘန်ဆင်းလျက် ပြေးလေ၏။ ရှင်ငယ်တို့လည်း ကျား ၂ ခု အဟန် ဘန်ဆင်း။ မင်းကြီးလည်း မလွတ်သာမှသာလျှင် ကျား၏

အယောင်ဆောင်၍ ပြေးပြန်၏။ ။ရှင်ငယ်တို့လည်း ဆင် ၂ စီး အယောင်ဖြင့် လိုက်လေကုန်၏။ မင်းကြီးလည်း မလွတ်သာမှ ရွာတွင်းသို့ ချဉ်းလေတုံ၏။ လူအယောင်ဖြင့် လူအလယ်သို့ ဝင်လေခါမှ။ ရှင်ငယ်တို့လည်း လက်နက်ဖြင့် ခုတ်မိလေလျှင် မင်းကြီး၏ လက်ျာနား ပြတ်လေ၏။

ကြောက်လန့်တကြား ဖြစ်၍။ ငှက်အယောင် ဘန်ဆင်းလျက်။ ခန္ဓီဝါဒ ဟူသော ဆရာ့ကျောင်းသို့ ပြေးဝင်လေလျှင်။ ဆရာ အကျွန့်အား တားပါဘိ ဟူ၍ ဆရာကို ဘက်လေ၏။ ဆရာလည်း ဘက်သောလက်ကို ဆုတ်ဆုတ် ဟူ၍ ကန်လင့်၏။ မင်းကြီး ကြမ်းကြုတ် ယုတ်မာသောကြောင့်။ ငါတို့ကျောင်းဝယ် သင်တုံးဓားမှ မရှိရ။ အဘယ်လက်နက်နှင့်လျှင်။ ငါတို့ တားအံ့နည်းဟု ဆိုပေ၏။ နား၌ ယိုသော သွေးကို သုတ်စရာမျှ ပေးပါဘိဟု ဆိုသော်လည်း မင်းကြီး သည် ပြုကျင့်ခြင်းကြောင့် ကျောင်းဝယ်, အိမ်ဝယ်, ကွမ်းဆုပ်ပုဝါမျှ မရှိရ။ အဘယ်ကို ပေးရအံ့နည်းဟု ဆိုပြီးမှ။ မတားနိုင်အံ့သည်ကို သိ၍။ မိမိ၏ ကောင်းမှုဖြစ်သော ဘုရားဂူထဲသို့ဝင်လျက်။ တံခါး ပိတ်၍ နေလေသတည်း။

ရှင်ငယ် စိတ္တ, နာရဒတို့လည်း။ မင်းကြီးတည်း ဂူထဲမှထွက်အံ့ လော။ မင်းကြီး၏ ကောင်းမှုကိုတည်း မီးတိုက်ရအံ့လောဟု ဆိုလေ သော်။ ငါ့ကောင်းမှု မပျက်ပါစေနှင့်။ငါ ထွက်အံ့ဟု ဆို၍ လက်ျာ နားမှ ယိုဘော သွေးကို လက်ျာ လက်ဝါးဖြင့်လည်းကောင်း ခံလျက်။ ဘုရားမြတ်စွာ၏ လက်ျာပေါင်တော်၌။ လက်ဝါးစုံဖြင့် ဟပ်ပြီးသော်။ ဤသို့ ဓိဋ္ဌာန်လေ၏။ "မြတ်စွာဘုရား။ အကျန်ုပ်သည် ဤပြည်၌ ဘဖန်လည်းကောင်း မင်းဖြစ်ပြန်၍။ ဤအကျွန့်ရန်သူတို့၏ မျိုးဆွေ သော အပင်းအသင်း အလုံးစုံတို့ကို ကြေပြန်လျှင်းအောင် သတ်ရ ပြီးမှလျှင် အကျွန်လိမ်းကျန်ခဲ့သော လက်ျာပေါင်တော်ဝယ်။အကျွန့် သွေးသည် ကြေစေပျောက်စေသတည်း" ဟု ဓိဋ္ဌာန်ခဲ့သော အဆုံးမှ ဘက်ခဲ့၍ အသတ်ခံလေ၏။ရှင်ငယ်တို့လည်း သတ်ပြီးသော်။ ဥက္ခောင်း ကို စည်သဘင် လက်တွင်း နှင်းလေ၏။ ။ထိုနန်းကျကြီးကား အိမ် ၃၁ နှစ်။ စည်းစိမ် ၄ နှစ်။ သက်တော် ၃၅ နှစ်တွင် လွန်တော်

ထိုနောက် အမတ်ကြီး စည်သဘင်နန်းတက်သည်မှာ ၆၃၄ ခု
တည်း။

ရခိုင်မင်းသမီး ချေင်းမှ ကောက်နှုတ်ချက်။

(၂၃) ၉-ပေိမ့်သံချေ။ မိမြုတေကို။ စေ့ရေမိခင်။ ပြောပါ
ချင်အ့။ ဘေးခင်ကြီးစွာ။ အလော်မာလျှင်။ တည်လှာလောင်းကြက်။
ထိုမြို့ဆက်၍။ ဖြူရွက်ဖြန့်ကျုံး။ ခြောက်ယောက်ဆုံးတွင်။ တရှုံးကြံ
သီး။ နန်းကျကြီးကား။ မီးထက်မက။ ပြည်ပပြည့်တွင်း။ ဓားတစင်းမျှ။
မရှိရတည့်။ ကျနကောက်ငင်။ ပူဆာအင်နှင့်။ ဆွေလင်နှစ်မည်။ အိမ်
ထောင်ချည်သား။ စည်သဘင်ကြီး။ သမီးလှစွာ။ ဖန်နီလာကို။အာသာ
ငက်ငက်။ ဆောဘမက်၍။ ရက်ရက်ယူပြီး။ မတ်ကြီးခေါင်ဖျား။ ဘ
နှစ်ပါးကို။ ပြုးထားကြီးစွာ။ ဖျက်ဆီးရှာသည်။ ။မိစ္ဆာကျင့်ညစ်
ညူးတည့်လေ။ ။ညူးတည့်မှောက်တော်။ ဟုတ်တည့်သြော်။ ။
မတော်ကျင့်ညစ်ကြင်ချစ်လင်မှီး။ ဇနီးသည်လျာ။ ဖန်နီလာကို။ ခွါ၍
ယူပြီး။ မတ်ကြီးစိစ်ဆူ။ ဘကိုမူလည်း။ အပူအဆာ။ ဖျက်ဆီးရှာ
သည်။ ။မိစ္ဆာတည့်မှောင်ထက်မှေး။ ။လေည်းယင်ယင်။

(၂၄) ၉-ပေိမ့်ပြတ်ပြတ်။ ကျူးရေရွတ်အံ့။ ထိုမတ်နှစ်ပါး။
ငြိုးသိုထား၍။ဆေးပါးမန္တန်။တတ်ပွန်အန္ဓီ။ ဇော်ဂီဝိဇ္ဇာ။ပညာစီရင်။
ဘယ်သူသင်သား။ ရှင်ငယ်စိတ္တ။ နာရဒကို။ မိဘုရာ့ဖြစ်။ ရလစ်မ
သတ်။ ဆရာမှတ်၍။ ကြည်ညွတ်ရိုသေ။ တောင်းပန်လေမှ။ ထွေထွေ
လာလာ။ နာနာရုပ်ဟန်။ ဘန်ဘန်ဆင်းဆင်း။ လိုက်လေလျှင်း၍။
လွတ်ခြင်းမထင်။ ဂူထဲဝင်လျက်။ ရှင်တော်ရုပ်တု။ ကိုယ်တော်မှုတွင်။
ပြုသည်သစ္စာ။ အဓိဋ္ဌာကြောင့်။ ယင်းခါကဝယ်။ မြောက်စားနှယ်၍။
နှစ်ဆယ်နှင့်ဒွေး။ နန်းထက်ဝေးမှ။ ရှင့်ဘေးတော်မင်း။ ရှင်ရင်းတွင်
သာ။ သွေးလက်ရာမူ။ ရှည်ကြာဟူသည်။ ။နတ်လူအံ့မိန်းမူးတည်
လေ။ ။မူးတည့်မှောက်တော်။ ဟုတ်တည့်သြော်။ ။ရေသော် နှ
ကျိပ်။ ဖြူရိပ်ဖွေးဖွေး။ နှစ်ယောက်ဝေးမျှ။ ရှင့်ဘေးတော်ချစ်။ မ

ခေါင်ဖြစ်မှ။ ။ကြေလစ်တည့်လက်ရာသွေး။ ။လေည်းယင်ယင်။
ယင်းသို့လျှင်။ အကြင်ဓညဝတီရခိုင်ပြည်ကြီး၏။ အတီးကာ
လ။ ပေါရာဏရာဇဝင်အဆိုအမိန့်တို့နှင့်။ ချိုဆိမ့်လှစ္ဆာသောချေင်း
ကဗျာ လင်္ကာများကို ကြားနာတော်မူပြီးနောက်။ "အိုတပဲ့ မတို့။ ဤမျှ
လောက်သော နိဒါန်းဖြင့်ပင်။ ဆုံးခန်းတိုင် ရောက်ကြဦးစို့ရဲ့။ ။
လာလတ္တံ့သော ရှေ့အပတ်ကစ၍။ ရသေ့မြတ်ယောဂီသည်။ ဤမည့်
သော ဂဋ္ဌုန်ပုံဒီပနီ ဋီကာစာကိုယ်ကို။ မဟာဗြဟ္မစိုရ် ဓမ္မောသဓရ
ဖြင့်။ အညာတခိုမှာ သဘောကျလောက်အောင်။ ဟောပြတော်မူပမ့်
သတည်း" ဟု မိန့်တော်မူလေ၏။

ဤတွင်ရွှေ့ ဂဋ္ဌုန်ပုံဒီပနီ ဋီကာနိဒါန်းကြီးပြီး၏

ဂဋ္ဌုန်ပျံဒီပနီ ဋီကာ

ပဏာမ ပုဗ္ဗက ဂန္ထာရမ္ဘ။

နမော တဿဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

(၁) အ,ကသိ,သတ္ထု ဂရုဋ္ဌော။ ဥစ္စံ,ဇေ,နဂေါဒိတော။
ကိတေသ,နာဂဇံ,အန္ဓံ,။ နမျေတံ,နွဂ် စေတိယံ။ ။
(ပဋ္ဌမ,နဂ ကာရ ဝိပုလာဂါထာ)။

(၂) နဝဘာဝံ(နဝင်းကြေ)ဝှံ။ သေသံ,ကပ္ပံ,သ ဓါတ္ဒိကံ။
တဿ,ဓ[illegible] နဝဂ်မ္ပိ။ ဂဏံ,နဝ,ဂုဏဒ္ဓရံ။ ။
(ဝတ္ထဂါထာ)။

(၃) မြမ္မ ရဋ္ဌေ,ရမ္ဗူဒီပေ, ဓမ္မကထိက, ပုဂ်ဝေါ။
သာယာဝတ် ဦးညေယျောတိ။ ပါကဋ္ဌော တဿမာတရာ။ ။
(ဥဘယ,မ ကာရ-ဝိပုလာဂါထာ)။

(၃) (ဒေါ်ပါရမီ) ဘိဓါနာယ။ သက္ကစ္စံ, အဘိယာစိတော။
(ပထ္ပာဝတ္တ ဂါထာဝက်)။

(၅) စစ်ကိုင်းဝှယေ, ဇေယျာပုရေ။ ရွှေစက်တော်, ကဿပါဒိကေ။
အရညေ,ဝသန္တေသိဟိ။ ပရိဗ္ဗာဇကေ စာပရေ။ ။
(ဥဘယ,တကာရ- ဝိပုလာဂါထာ)။

(၆) သာသနိကေ,တံ ဗာဟိရေ။ သက္ကဋ္ဌေ,အဂ္ဂိယတ္တနေ။
ဂရုဋ္ဌတ္ထံ,သမာနေတ္ဒာ။ ကဿံ(ဂဋ္ဌုန်ပျံ)ဒီပနီံ။ ။
(ပဋ္ဌမ,ဘ- ကာရ ဝိပုလာဂါထာ)။

(၇) တံ-ပဿန္တာ-သုတိစ္ဆန္တာ။ သံဝစုန္တု, ဒ္ဒယတ္ထကာ။
ဟောန္တု, သပတ္တံ,ဇယန္တာ။ မုဥ္ဇန္တု, ဗန္ဓနာ,သဒါ။
(တတိယ-ရ,ကာရ ဝိပုလာဂါထာ)။

ယင်းသို့လျှင်။ အကြင်"ဂဋ္ဌုန်ပျံဒီပနီ"ဋီကာကျမ်းကြီး၏ ကြမ်းထီးတရထည်။ ဤမည်သောပဏာမပုဗ္ဗက- ဂန္ထာရမ္ဘကို။ ရွတ်ခဲ့ပြီးသည်၏ အဆုံး၌။ အားလုံးအားလုံးသော တောရသူ ရသေ့မတို့နှင့်တကွ။ ဓလေ့လှသူပရိဗိုဇ် အမျိုးမျိုးတို့နဲ့။ ဘိုးသူတော် မပ်သီလတို့က။ အယ်ဒီတာ့မှတ်ချက်ကဲ့သို့။ ခတ်သွက်သွက် ပတ္ထနာပြုပြီး။ သာဓု, သာဓု, သာဓု ဟူသော ကောင်းချီးသြဘာသံ။ ထောမနာသံတို့မှာ။ တောဝနာ ကမ္ဘယံ ရိပ်ခန်းနှင့်တကွ။ သောတာပန်၊ ဆိပ်ကမ်းကတောင်။ စိတ်မှန်းလျှင် ကြားလောက်သောဟူလို။

အိုတပဲ့မအပေါင်း။ သူတော်ကောင်းသူမြတ်လောင်းတို့။
(ဘုရားပါဘုရား,ဟူ၍။ ညီညီညာညာ ထူးကြစေ)။

အဲ ယခုအခါ။ အနှီလို လာရှိတဲ့။ ပဏာမိတဗ္ဗ၊ ပဏာမဝန္ဒနာ။ ဂါထာတို့၏ အနက်သဘောကို။ ဆက်လက်၍ ယောဇနာရမှာဖြင့်။ ဟောအနှာလိုတဲ့။ ဘုယ်လိုပါနည်းဟူမူ။

ပဏာမ, ချနက်သော်ကား။

(၁) အဟံ။ ။အကျွန်ုပ်သည်။ ဝါ၊ ယောဂီဆရာ။ တောမှီပါသဖြင့်။ မစ္စတာမောင်မှိုင်းဟု။ ချောင်တိုင်း ချောင်တိုင်း တောင်စကိုင်းဆီက။ တိုင်းကျော်ပြည်ကျော်။ တပည့်တော်သည်။

ဥစ္စံ ဓဇ နဂံ။ ။သာဝက, ပစ္စေ။ ညာဏ်အနေမှ။ စံဖွေချင့်ထောက်။ အဆင့်ဆင့် မြောက်မြောက်ပြီး။ မြင့်မောက် သျှောင်စွန်။ အောင်တံခွန်ဟု။ ဆောင်ညွှန်မပျက်။ သဗ္ဗညုတ ညာဏ်တော်တည်းဟူသော ဥဒည်းတောင်ထက်သို့။ (ဤအနက်ကား။ မြတ်စွာဘုရားဘို့)။ ဝါ၊ ဤသန္ဓရလောကတန်ဆောင်။ ထိန်ထိန်ပြောင်သည်။ ထိုတောင်ပဗ္ဗတ။ စ၍ဆောင်ညွှန်။တောင်

ခြောက်တန်ထက်။ သာလွန်ကပို့။တံခွန်လိုဟု။မြင်းမိုရ်အတက်။ ယုဂန္ဓိရ် တည်းဟူသော ဥဒည်းတောင်ထက်သို့။ (ဤအနက်ကား။ သူရိယ, သနင်း နေတည်းဟူသော။ တနင်္လေဂြိုဟ်မင်းဘို့)။ ဝါ၊ အဆင့်အဆင့်။ မြင့်ထက်မြင့်သား။ နေမင့်ဘုံပျံ။ ဂဠုန်လံကြောင့်။ နာမံခေါ်မြက်။ အလျှံတပြောင်ပြောင်နှင့်။ အလံတောင်ကြီး တည်းဟူသော ဥဒည်းတောင်ထက်သို့။(ဤအနက်ကား။ တနင်္လေဂြိုဟ်တည်းဟူသော ဂဠုန်မင်းဘို့)။

ဥဒိတော။ ။နေ့စဉ်ရက်ဆက်။ ထွက်ပြီးထွက်၍။ တက်ကြီး တက်တော်မူသော။

သတ္ထု ဂရုဠော။ ။လူနတ်မြဟ္မာ။ သတ္တဝါတို့ကို။ သံသရာတခွင်။ ပင်လယ်ပြင်မှ။ ကယ်တင်တော်မူခြင်းတည်းဟူသော။ ကြီးလေးလှသော ဝန်ကို။ အားသွန် အန်ထောင်။ ပို့ဆောင်တော်မူတတ်သော။ ရှင်စောမြတ်စွာဘုရားသည်။ (ဤအနက်ကား။ မြတ်စွာဘုရားဘို့)။ ဝါ၊ ကောင်းကင်လှည့်ပတ်။ ဂြိုဟ်နက္ခတ်တို့ကို မပြတ်မပြတ်။ အထပ်ထပ် ညှင်းဆဲပြီး။အတင်းဘဲမွေတတ်သည်။ တနင်္လေဂြိုဟ်မင်းသည်။ (ဤကား။ တနင်္လေဂြိုဟ်မင်းဘို့)။ ဝါ၊ နဂါးတည်းဟူသော စနေကြယ်ကို။ နေစွယ်ရောင် ဝင်းကာနဲ့ ဝင်းကနဲဖြင့်။ အတင်းဘဲ ညှင်းဆဲတတ်သော ဂုဏ်အခြင်းရှိသော။ ဂဠုန်မင်း, ရဝိသည်။ (ဤအနက်ကား။ ဂဠုန်မင်းဘို့)။

ကိလေသ နာဂဇံ။ ။တဏှာထောင့်ငါးရာ။ကိလေသာနှင့်။မကွာမခြား။ ပမာထားလောက်တဲ့။ နဂါးမြေကောင်ကြောင့် ဖြစ်သော။ (ဤကား။ မြတ်စွာဘုရားဘို့)။ ဝါ၊ ဆီး, နှင်း, မြူတိမ်, သူရိန်, မီးခိုး။ ညစ်မျိုးငါးထွေ။ နဂါးမြေကြောင့်ဖြစ်သော။ (ဤအနက်ကား။ တနင်္လေဂြိုဟ်မင်းဘို့)။ ဝါ၊ သတ္တဝါခပင်း။ ပေါင်းတသင်းတို့အား။ မကောင်းခြင်းတည်းဟူသော ခေတ်တမ်းဖြင့်။ ညစ်နွမ်းတတ်စေ။ နဂါးမြေကြောင့် ဖြစ်သော။ (ဤအနက်ကား။ ဂဠုန်မင်းဘို့)။

အန္ဓံ။ ။သစ္စာမျက်လုံး။ ညာဏ်ကြီးသည်းအောင်။ ပိတ်ဖုံးဖွဲ့နှောင်။ အမိုက်မှောင်ကို။ (ဤအနက်ကား။ မြတ်စွာဘုရားဘို့)။ ဝါ၊ ဟောမရ။ ပြောမရနှင့်။ လောကမျက်လုံး။ အမြင်တုံးအောင်။ ပိတ်ဖုံးပိုက်နှောင်။ အမိုက်မှောင်ကို။ (ဤကား တနုဂ်နွေဂြိုဟ်မင်းတို့)။ ဝါ၊ အဟံ ငါဟု။ ကြိမ်းဟန်ပြ၍။ သံပဟုံးး။ ဘက်မဲ့ကြုံးလျက်။ မိုက်လုံးကြီးအောင်။ အမိုက်မှောင်ကို။ (ဤအနက်ကား။ ဂဠုန်မင်းဘို့)။

အနာသိ။ ။စုန့်စုန့်ထက်ထက်။ ဂဠုန်လက်သို့။ မှုံ့မှုံ့ညက်ညက်။ အသေနှက်မဟဲ့လို့။ ချေဖျက်တော်မူလေပြီ။

တေသတ္ထာဂရုဠဋ္ဌ။ ။ထိုထိုအရပ်ရပ်။ လူနတ်ဗြဟ္မာ။ ဘုဉ်ဝါတို့ကို။ သံသရာတခွင်။ ပင်လယ်ပြင်မှ။ ကယ်တင်တော်မူခြင်း တည်းဟူသော။ ကြီးလေးလှစွာသော ဝန်ကို။ အားကိုးခြင်း အနေဝေါင်။ ပို့ဆောင်တတ်ငြား။ မြတ်တုရားကိုဂုင်း။ (ဤအနက်ကား။ မြတ်စွာဘုရားဘို့)။ ဝါ၊ ကောင်းကင်လှည့်ပတ်။ ဂြိုဟ်နက္ခတ်တို့ကို။ မပြတ်မပြတ်။ အထပ်ထပ်ညှင်းဆဲပြီ။ အတင်းဘဲ မေ့တတ်ချေတတ်သည့်။ တနုဂ်နွေဂြိုဟ်မင်းကိုဂုင်း။ (ဤအနက်ကား။ တနုဂ်နွေဂြိုဟ်မင်းအဘို့)။ ဝါ၊ နဂါး တည်းဟူသော စနေဂြိုဟ်ကို။ နေ့တရားကိုယ်ရောင် ဖုံးကနဲ ဝင်းကနဲဖြင့်။ အတင်းဘဲ။ ညှင်းဆဲကလူ။ ပြုမူတတ်သော ဂုဏ်အခြင်းရှိသော။ဂဠုန်မင်းရဝိကိုဂုင်း။(ဤအနက်ကား။ ဂဠုန်မင်းဘို့)။

နမာမိ။ ။ဦးရှိအားကျိုး။ ထိငါးမျိုးဖြင့်။ ရှိခိုးလိုက်ပါ၏ ဘုရား။

နမျ။ ။ဦးရှိအားကျိုး။ ထိငါးမျိုးဖြင့်။ ရှိခိုးတဲ့ပြီး၍။

မုတ်ရန်။ ။ဤပဏာမ။ ပဌမဂါထာအရကို။ သုတေသန။ သုတရှာမှီ။ သုတေသီတို့ အလို့ငှာ။ ဝါ၊ ပဌမကျော် ဆောင်ပန်းကို။ ဆင်မြန်းရန်ကြိုးယူမျှကြတဲ့။ ဘိုးသုတော်မယ်သီလတို့နှင့်။ တောရမှာ ပျော်မွေ့ကြတဲ့။ ရသေ့မအနှာတွေတို့။ သီလေသဒ္ဒ လက်ဝဲရဖြင့်။ တန်ဆာဆင်လျက်။ အကျဉ်းအားဖြင့်။ အသွားဥာဏ်ထက်သန်အောင်။ အနက်သဘွန်တော်မူလိုက်သည်။

(၂) နဝဘာဂံ။ ။ကိုးခုဖြင့် စားအပ်သည် ရှိသော်။ ဝါ။ အတွက်သခ်ျာ။ ပညာပြိုးပြမ်း။ ကိုးဂဏန်းအားဖြင့်။ စားအပ်သည် ရှိသော်။

နဝင်း ကြေဝှံ။ ။တြင်း သုံးထွေ။ နဝင်းကြေ ဟု။ ပြေသူတို့
အဘို့ကို။ အနို့လို ခေါ်ဆိုပညပ်။ သမုတ်အပ်သော။
ဘပ္ပံ။ ။ကပ်ကြီး သုံးပါးကို။ ကျော်လွှား လွန်မြောက်နိုင်သော။
သခါတွဲကံ။ ။ဓါတ်တော် မွေတော်။ ကိန်းပျော် စံနေတော်မူရာ
ဖြစ်သော။
နွင်စေတီယဉ္စ။ ။အသင်း အပင်း။ အချင်းချင်း သွေမဖည်ကြဘို့။
အမင်းမင်းတွေ တည်သကဲ့သို့သော။ နဝင်းစေတီတော်
မြတ်ကိုလည်းကောင်း။

နဝင်းစေတီတော် ဟူသည်ကား။

[၁] ဘုရားကလေး ရွှေစေတီ။ လုံးပတ်တော်ကညီ။ ။
ရွှေစေတီ ရောင်တော် လွှတ်တော့။ မယ်နှင့် မောင်
ပူသည့်ဝဋ္ဌကို။ ဆီးချွတ်လိမ့်လေး။
[၂] ဘုရားကလေး ငယ်ငယ်။ ၉ တောင်မြင့်တယ်။ ။
ငယ်သာတယ်။ ကယ်ဆယ်မဲ့ ဘုရား။ ။ဓါတ်ကောလီ
၃၀ ကူးအောင်။ ဖူးကြအများ။
[၃] ဘုရားသာငယ်။ ကြီးကျယ်တဲ့တန်ခိုး။ လူမျိုးစုံ ခြေ
တော်ဦး။ မိုးလို့ရှိခိုး။
[၄] ဘုရားကလေးတွေ မှိုလိုပေါက်အောင်။ မြို့ရှောက်လို့
တယ်။ ဟိုမြို့တယ်။ သည်မြို့တယ်။ အားလုံးမြို့တယ်။ ။
ဟိုရွာတယ်။ သည်ရွာတယ်။ အားလုံးရွာတယ်။ အမြန်
တယ်။ အမြန်တယ်။ ။ဘုရားကလေး ငယ်ငယ်နှင့်။
အရွယ်တော် ဇာတိမျိုး။ ကြီးတဲ့တန်ခိုး။

စသည်ဖြင့်။ ဤမည်သော ဂိုဏ်းတော်ကြီးက နှိုးဆော်ချက်
အတိုင်း။ သမိုင်းနှင့် တန်ခိုးပြောင်သည့်။ ကိုးတောင်ပြည့် ဘုရားပုထိုး
တို့ကို ဆိုလိုသည်။ ။ဤကား စကားချပ်တည်း။

တဿ။ ။ထိုမြတ်စွာဘုရား၏။

နဝဂ်မ္ပ်ိ ။ ။ဓမ္မကွန္ဒာ။ စဉ် အလာဖြင့်။ အဂ်ါကိုးပါးရှိသည့်လည်း ဖြစ်သော။

ဓမ္မဥ္ဇ။ ။တရားရတနာ၊ မြတ်ဆယ်ဖြာကို လည်းကောင်း။ ဝါ။ မဂ်ဖိုလ်လေးတန်။နိဗ္ဗာန်ပရိယတ်။ အမြတ်ဆယ်ဘော်။ တရားတော်ကို လည်းကောင်း။

နဝဂုဏဒ္ဓရံ။ ။သုပ္ပဋိပန္န။ စသည် အကျော်။ ဂုဏ်ရည်ကိုး ပါးကို။ တန်ခိုးအားဖြင့် ဆောင်တော်မူ၏တော်သော။

ဂဏ္ဌဥ္ဇ။ ။နိဗ္ဗာန်ပစ္စည်း။အပြစ်ဆည်းသား။အရည်းပညတ်။ ပရမတ်သမုတိ။ သီရိထွန်းပေါ်။ ဘဲဆင်တောင်အပေါင်းကိုလည်းကောင်း။

နမာမိ။ ။ကာယ၊ဝစီ။ မနော ချီသား။ ကာ၌လိကမ္မ။ ဂါရဝဖြင့်။ ညွှတ်ခရိုကျိုး။ ထိုက်းမျိုးဖြင့်။ ရှိရှိုး ပါ၏ ဘုရား။

နမျ။။။ ။ကာယ၊ဝစီ။ မနောချီသား။ အာ၌လိကမ္မ။ ဂါရဝဖြင့်။ညွှတ်ခရိုကျိုး။ ရှိခိုးတဲ့ပြုး၍။

(၃+$\frac{3}{3}$)ဇမ္မုဒီပေ။ ။ဇမ္မုဒီပ်ကျွန်းဦ ဝါ။ ကမ္ဘာတန်ဆာ။ မင်္ဂလာဟု။ ရတနာဇမ္မုပြု။ ထွန်းသစ်ရွှန်းဝေ။ ကျွန်းသပြေ၌။

မြမ္မရင္ဒေ။ ။မြန်မာပြည်ကြီး၌။ ဝါ။မင်းကိုးသွယ်တို့။ လေးမြတ်စားတို့၌။ ဗျုပ္ပတ်မည်ပုံး။ မြန်မာမျိုးဟု။ ဘုရိုးစင်ဖြူ။ တန်းထူခဲ့သော။ ပြုတို့မြို့ရွာ။ မျှ ရတနာ တည်းဟူသော။ တို့ဗမာပြည်၌။

သာယာဝတီ, ဦးညေယျောတိ။ ။သကျသာကီ၊ စာမရိကဲ့သို့သော။ သာယာဝတီ, ဦးညေယျဟူ၍။

ပါကဋ္ဌော။ ။တံခွန်အသွင်။ အမှန်တင်လောက်အောင်။ အလွန်ပင်ထင်ရှားတော်မူပေသော။

ယော, ဓမ္မကထိက, ပုဂ်ဝေါ။ ။အကြင်ဓမ္မကထိက။ ရှိရှိသမျှတို့နှင့်တကွ။ ကဝိ, တပသ, ရသေ့တအား ဆိုလောက်အောင်။ ရွှေ

သွားစင်စစ်။ ခေါင်းဆောင်ဖြစ်သည့်။ ဓမ္မရာဇ်ဘုရာ့။ ဓမ္မ သေ
နာပတိ။ ပြည်ကြီးတံခွန်။ မထေရ်မွန်သည်။

အတ္ထိ။ ။ဟိုမြို့သည်ရွာ။ ပြည်မြန်မာ၌။ ဒေသနာအမြို့က်ဆေး။
အမိုက်ဝေးအောင်။ တိုက်ကျွေးလှည့်ထွေ။ရှိချေတမ့်။

တဿ, ဓမ္မကထိက ပုဂ်ဝဿ။ ။ထိုထိုရှိသမျှ။ ဓမ္မကထိကတို့နှင့် တ
ကွ။ ကဒိ တပသ, ရသေ့တအား ဆိုလောက်အောင်။ ရှေ့
သွားစင်စစ်။ ခေါင်းဆောင်ဖြစ်သည့်။ ဓမ္မရာဇ်ဘုရာ့။ ဓမ္မ
သေနာပတိ။ ပြည်ကြီးတံခွန်။ ထေရ်မွန် မြတ်ဖျား။ ငါတ
ကားဟု။ များများကြီး အားကို ထုတ်ပေသော။ တရားစစ်
ဗိုလ်ချုပ်ကြီး၏။

ဒေါ်ပါရမီ, ဘိဓာနာယ။ ။ဒေါ်ပါရမီ အမည်ရှိသော။ ဝါ။အခေါ်
သာကြည်။ (တော်)အရာ တည်လောက်တဲ့။ ဒေါ်ပါရမီ အ
မည်ရှိသော။

မာတရာ။ ။ဘဝတပါး။ ပြောင်းသွားနယ်ကျ ။ ကွယ်လွန် လေရှာ
ပြီးသော။ မယ်တော်ကြီးသည်။

သက္ကစ္စံ။ ။ရှိရှိသေသေ။ ချေချေငန်ငန်။ မွန်မွန် ရည်ရည်။

ယာစိတောစ။ ။သာယာ ညွှတ်ပျောင်း။ ရေးပါ ကြောင်းနှင့်။
တောင်းပ[illegible]ခပ်သည်ဖြစ်၍လည်းကောင်း။

(၅) အပရေဟိ။ ။နဂိုရ်ပြခဲ့သည့်။ ထိုမှတပါးကုန်သော။
ဇေယျာပူရေ။ ။ဇေယျာပူရတိုင်း၌။ ဝါ၊ ရန်အပေါင်းကို။
ထောင်းထောင်းကြေညက်။ ချေဖျက်အောင်မြင်။လိုအင်ဆန္ဒ။
ကြံသမျှကို။ ဖြိုည့်ဝလေရာ။ ပြယ်ဇေယျာ၌။

စစ်ကိုင်းဝှယေ။ ။စကိုင်း, အမည်ရှိသော မြို့တော်၌။ဝါ၊ စစ်
ပင်ကိုင်းကိုင်း။ သိုက်အတိုင်းနှင့်။ သမိုင်းအောင်မျှ ို့။ တန်
ဆောင်ပျှိသည်။ မြို့စစ်ကိုင်း၌။

ရွှေစက်တော်, ကဿပါဒီကေ။ ။ရွှေ စက် တော်, အလောင်း
တော် ကဿပ, အစရှိသော။ ဝါ၊ ဘဂဝါ, အတုလ။ သုံးလု
ဘ၏။ စက္ကနှစ်ဆူ။ ပါဒဟူသည်။ ဇမ္ဗူရည်လှော်။ ရွှေစက်
တော်နှင့်။ ညာမော်ထက်ကျေး။ကလေးရာဇဂြိုဟ်။ နဂိုရ်ဌာန။
ဝေဘာရတောင်။ လိုဏ်ချောင်သာဝှန်း။ မြဝန်းကမ္ဗလာ။

ကျောက်နေရာထက်။ နိဗ္ဗာန, ဓာတ်။ ကြွေပြတ်ညောင်းသော်။ စက်လျောင်းပျော် သကဲ့သို့သော။ အလောင်းတော် ကဿပ အစရှိသော။

အရညေ။ ။အကြေအညာ။ ဒေသစာဖြင့်။ ကဝေဆရာ သဘော ကျလောက်တဲ့။ ဟေမဝါလောက တည်းဟူသော။ တောရ တောင်ပေါ် ကျောင်း၌။

ဝသန္တေဟိ။ ။သမထ, ဝိပဿနာ။ ဝါသနာစရိုက်။ ဘာဝနာ သိုက်တို့ဖြင့်။ ယာပိုက်မှီရင်း။ သီတင်းမွေ့လျော်။ စံပျော်နေ ထိုင်ကြကုန်သော။

ဣသိဟိစ။ ။တပည့်တပန်း။ ကဝိလွမ်းရပါတဲ့။ ရဟန်းမု နေ့ကဲ့သို့သော။ ရသေ့တို့သည် လည်းကောင်း။

ပရိဗ္ဗာဇကေဟိစ။ ။လက်ရှိအတတ်။ထွက်မိလျှင်မြတ်ပေါ့လို့။ အဂ္ဂိယတ်အလိုတမျိုးဖြင့်။ ဖိုထိုးကာ ရှိုရိုးဂူပျော်ကြတဲ့။ ထိုထို ဘိုးသူတော်ကလည်း အသွယ်သွယ်။ အရွယ်ညီမျှ။ တကယ် တည်ပကြတဲ့။ မယ်သီလကလည်းတသိုက်။ ပရိုင် ညာဏ်ဇာ နည်။ ထံတျာပလီကြတဲ့။ ဂန္ဓာရီ တို့သည် လည်းကောင်း။

ယာစိတောစ။ ။ရေးပါ ရေးပါ။ တစာစာနှင့်။ သာယာညွတ် ပျောင်း။ တောင်းပန်အပ်သည်ဖြစ်၍လည်းကောင်း။

သာသနိကေစ။ ။ပါဋိအဌကထာ။ ဋီကာအနု။မဓုလက်သန်း။ ဂဏ္ဌိကျမ်းစသော။ ဗုဒ္ဓဘာသာ။ သာသနာဝင်။ ကျမ်းစင် ကျမ်းရိုး အမျိုးမျိုး၌ဌင်း။

ဘံဗာဟိရေ။ ။ထိုသာသနာဝင်။ကျမ်းစဉ်ကျမ်းရိုး။စာတမ်းထိုး ခဲ့သည့်။ ကျမ်းမျိုးတို့မှ အပဖြစ်သော။

သက္ကဋ္ဌေစ။ ။ဗင်္ဂလီ, နာဂရီ။ ကလာကမိနှင့်။ မာဂဓီဖျက်ကြ တဲ့။ သက္ကဋ္ဌအဝင်။ သင်္ဂကရိုင် ကျမ်းအမျိုးမျိုး၌ဌင်း။

အဂ္ဂိယတ္တနေစ။ ။ကုတ်ကုတ်ဖတ်ပတ်။အဟုတ်မှတ်လောက်တဲ့။ လုပ်ရပ်ထွက်လမ်း။ အပျက်ပျက်နှင့်။ တချက်ချက် ထိတတ်မိ တတ်တဲ့။အဂ္ဂိယတ်ကျမ်းအမျိုးမျိုး၌ဌင်း။ ဝါ၊ ရွှေမိုဃ်းငွေ မိုဃ်း။ စွေဖြိုးသွန်းချ။အစွမ်းပြနိုင်တဲ့။ လွမ်းစရခင်ကြီး။ ရှင်မ ထီး၏။ နည်းမှီတပြေ့။ ရသေ့ကြီးဦးအောင် စသော ဆရာ့

ဆရာ။ ဇော်ဝိဇ္ဇာတို့။ ပညာအလှူ။ ပေးအံ့ဟူ၍။ ပြုမူကာ လက်ရှိအပ်ခဲ့တဲ့။ အဂ္ဂိယတ်ကျမ်းအမျိုးမျိုး၌ လည်းကောင်း။

အာဂတံ။ ။ယုတ္တိအာဂုံ။ ထုံးပုံသာဓက။ ပမာဏနှင့်။သဘာဝ အားဖြင့်လာသော။

ဂရုဌတ္ထံ။ ။တနင်္ဂနွေခေါ်ဆို။ နက္ခတ်ဂြိုဟ်၏။ ထိုထိုသော အကြောင်းအရာကို။ ၀၊။ ဂဋ္ဌုန့်ဓာတ်ကြော။ အတပ်ဟောခဲ့သည့်။ အတ္ထောတည်းဟူသောအချက်။ အနက် အဓိပ္ပာယ်ကို။ ၀၊။ အဆင်းရွှေရွှေ။ သနင်းနေ့ တည်းဟူသော။ တနင်္ဂနွေ ကလုံးနှင့်။ နဝင်းအကြေသုံးမည်ဟု။ တပြည်လုံးမက်မောကြ တဲ့။ အနက် အဟော။ သဘောတံထွာ။ ဓမ္မတာကို။

သမာနေတွာ။ ။တကယ် အဟုတ်။ ထုတ်နှုတ် ယူဆောင်၍။

ဂဋ္ဌုန်ပျံဒီပနီ။ ။"ဂဋ္ဌုန်ပျံဒီပနီ"။ဘွဲ့သညီနှင့်။အမည်သာလျှမ်း။ ဤအခါလွှမ်းကြတဲ့။ ဋီကာကျမ်းကို။

ကဿံ။ ။လေးလေးစားစား။ ကြွေးမထားမူ၍။ ရေးသား, အနှီတွဲ။ စီရင်ပေတော့အံ့။

(၇) တံ ဂဋ္ဌုန်ပျံဒီပနီ ။ ။ထိုဂဋ္ဌုန်ပျံဒီပနီ။ သညီဘွဲ့လျှမ်း။ ပြည် မြန်မာမှာ ဤအခါလွှမ်းကြတဲ့။ ဋီကာကျမ်းကို။

ပဿန္တာ။ ။တိပြု၍။ ကြည့်ရှုကြကုန်သော။

သုတိစ္ဆန္တာ။ ။သုတလိုလား။အမျိုးသားတို့သည်။ ၀၊ အကြား အမြင်။ ပညာဗဟုသုတကို။ အထုအထ အလိုရှိကြတဲ့။ ထိုထိုတ ပည့်။ သုတိစ္ဆိတို့သည်။ ၀၊ ဥပဒေကျကျ။ စုဖွေကြမည်ဆို တဲ့။ သုတေသနတို့သည်။

ဒုယတ္ထကာ။ ။လောကီ, လောကုတ္တရာ။နှစ်ဖြာသော အကျိုး တို့သည်။ ၀၊ အတ္တဟိတ,ပရဟိတ။ နှစ်ဝသော အကျိုးတို့ သည်။ ၀၊ သူ့ဘို့ကိုယ်ဘို့။ ထိုနှစ်ဘို့သော ကောင်းကျိုး ချမ်းသာ။ မင်္ဂလာတို့သည်။

သံဝစုန္တု။ ။တိုးပွားပါစေကုန်တမင့်။ ၀၊ တနေ့တခြား။ တရွှေ့ ရွှေ့ ထွားထွားပြီး။ အမျိုးသားတို့မှာ။ အကျိုးများလောက် အောင်။ တိုးပွားကြပါစေကုန်သတည်း။

သပတ္တံ။ ။မာန်တစူစူ။ အလံထူချင်ကြတဲ့။ ရန်သူအပေါင်းကို။

ဇယန္တော။ ။အောင်မြင်ကြကုန်သည်။ မာန်စောင် ညီးညီး။ မျှောင်မဆီးဘဲ။ အအောင်ကြီး အောင်မြင်ကြကုန်သည်။

ဟောန္တု။ ။တကယ်စင်စစ်။ ဖြစ်ပါစေကုန်သတည်း။

သဒါ။ ။နေ့ရောညပါ။ အခါခပ်သိမ်း။

ပန္ထနာ။ ။အနှောင်အဖွဲ့မှ။ ဝါ၊ ပန္ထနာ။ သံသံသရာ။ရန်ဘယ်နှင့်။ ဖန်ခါခါ မချောင်တဲ့ဘဝဟု ဆိုအပ်သော။ ထောင်ရဲ့ တာမျှ။ အနှောင်အဖွဲ့မှ။

မုဉ္စန္တု။ ။ကျတ်ကြီး ကျတ်၍။ လွတ်ကြီး လွတ်ကြပါစေသတည်း။ ဝါ၊ မုဉ္စန္တု။ အသင်းအပင်း။ အချင်းချင်းညီညွတ်ပြီး။ အနှီဝဋ်မှ၊ ပြည်ကျတ်လွတ်မြောက်ကြပါစေလို၊ ဝါ၊ မုဉ္စန္တု။ ဂုဏ်လျှမ်းသမှု တန်ခိုးသတင်းတို့ဖြင့်။ အမျိုးချင်းချင်း။ အညီးမတင်းမူ၍။ ကိုးနဝင်းအကုန်ကြဲပြီး။ ကြုံပလေတတ်တတ်ညည်းကြတဲ့။ မှုံမပြေ ဝဋ်ခရီးမှုံ။ အကျတ်ကြီး ကျတ်ကျတ်ပြီး။ (သြ) အလွတ်ကြီး လွတ်ကြပါစေကုန်သတည်း။

ဧင်းအထက်ပါဂဋ္ဌန်ပျံဒီနီ ဋီကာအစ။ ပဏာမဂါထာကို ရွတ်ဆိုပြီးသည်၏ အခြားမဲ့၌။ အများတပဲ့ တည်းဟူသော ရသေ့မအပေါင်းတို့က။ ကောင်းပါပေ၏။ ကောင်းပါပေ၏ဟု သာဓုနုမောဒနာ ခေါ်ကြသော ဟူ၏။

ထိုသို့ သာဓုနုမော် ခေါ်ကြပြီးလျှင်။ အကြင်သို့သောအရွယ်ညီ။ အဆိုညီ။ ထိုမည်သောတပည့်မ တကျိပ်ကျော်တို့က။ ရွှေတော်မှာ စီတန်းပြီး ကာလ။ သာယာလှသော သံနေသံထားတို့ဖြင့်။ ဘားမဲ့အကျော်။ ဆရာတော် စီကုံး ဘွဲ့ဆိုတော်မူခဲ့ရင်း။ အောင်ခြင်းအချုပ်ဂါထာနှင့်။ ဆရာတို့ကျေးဇူးတော်ရင်။ အရှင်ကြီးသဲ့ လေးထပ်ဆရာတော်ဘုရားကြီး၏ တရားတည်းဟူသော ယောဇနာ အနက်တော်ကို။ မြှက်ဘော်လျောက်ထားကြပြန်သည်ကား။ အအောက်နား၌ပါရှိသော အတိုင်းပင်တည်း။

ဘားမဲ့ဆရာတော် ဘွဲ့အောင်ခြင်းအချုပ်ဂါထာ။

မာရံ့ ယက္ခံ့ ဂဇံ့ စောရံ။ စိဉ္ဇမာနဉ္ဇ သစ္စကံ။
နာဂံ့ ဗကံ့ ဇိနိ ဇိနော။ ဟောတု့ မေ ဇယ မင်္ဂလံ။ ။
ယောဇိနော၊ အကြင်ငါးမာရ်ပယ်ဘီ။ ဂုဏ်သတ္တိကြောင့်။ ဇိနအမည်။ ရွှေဘွဲ့တော်ချီအပ်သော မြတ်စွာဘုရားသည်။

(၁) မာရံ။ ။ယူဇနာတရာ့ငါးဆယ်။ အံ့ဘွယ်ကြီးဘီ။ ဂီရိမေခလာ။ မည်သာတွင်ခြင်း။ နတ်ဆင်မင်းထက်။ စီးနင်းတက်၍။ ကြောက်မက်ဘွယ်သာ။ စစ်ဗိုလ်ပါနှင့်။ ဝဲယာစီရှက်။ လက်ရုံး တထောင်။ ဘန်ဆင်းဆောင်၍။ နိုင်ယောင်စစ်ထိုး။ ကျော်လွှံ့ဟိုးသား။ တန်ခိုးကောက်ပ။ တေဇထန်ပြင်း။ မာရ်နတ်မင်းကိုငှင်း။

(၂) ယက္ခံ။ ။စွယ်ရှည်ငေါငေါ။ မြင်သူမောမျှ။ နက်ကျောနီကျင်။ မွေးမှင်မုတ်ဆိတ်။ ဖွားရမြိတ်သား။ လန့်ထိတ်ဘွယ်သာ။ ကြီးရောနှင့်။ သင်္ချာများမြောင်။ လေးထောင်သုံးရာ။ နှစ်ဆယ်သာအောင်။ များစွာလှသား။ နေ့တိုင်းစားသည်။ စွမ်းအားကြီးလှ။ အာဋ္ဌာဝက တွင်ခြင်း။ တီလူးမင်းကိုငှင်း။

(၃) ဂဇံ။ ။ဆဲ့ခြောက်မောင်းအိုး။ ဖြိုးဖြိုးပြည့်နှက်။ သေအရက်ကို။ တိုက်လျက်ထန်ပြင်း။ နင်းစိမ့်ရည်မှတ်။ ဒေဝဒတ်တို့။ တိုက်လွှတ်သောအား။ ဘုရားမြတ်စွာ။ ဆွမ်းခံရာ၌။ ပက်ပါဦးတည်။ စူးစူးရည်၍။ သတ်မည်ကေန်။ အမြန်ပြေးလာ။ သံကျိုးကျာနှင့်။ နာဋ္ဌာဂီရိ။ မည်ရှိခေါ်တွင်။ မင်းစီးဆင်ကိုငှင်း။

(၄) စောရံ။ ။သုံးယူဇနာ။ ရှည်စွာချင့်မှန်း။ ခရီးလမ်းကို မပန်းမဟိုက်။ မရှိုက်လျှင်ပြင်း။ တဟုန်ခြင်းဖြင့်၊ ပြေးနင်းစွမ်းနိုင်။ ပြိုင်သူဘက်ရှား။ လူအများကို။ လှံဓါးစွဲကာ။ ဘမ်းသတ်ခါလျှင်။ ယူခါလက်ညှိုး။ ကြိုးဖြင့်သီရုံး။ ပန်းကုံးအသွင်။ လည်ဝယ်ဆင်သောကြောင့်။ အင်္ဂုလိမာလ။ မည်ရတွင်ပြီး။ သူခိုးကြီးကိုငှင်း။

(၅) စိဉ္ဇမာနဉ္ဇ။ ။ပရိသတ်အား။ မြတ်ဘုရားလျှင်။တရားဟောကာ။ နေစဉ်ခါ၌။ သေချာပြေပြစ်။ ပတ်ရစ်ဖွဲ့နှောင်။ ကိုယ်ဝန်

ဆောင်၍။ ဘုန်းခေါင်လူ့ဖျား။ ကျွန်ုပ်အားကို။ ပြစ်မှားပြီးခါ။ ဘဲ့ကြောင့်သာလျှင်။ အိမ်ရာမပြင်။ သူတော်စင်သို့။ မမြင်သော့ထွေ။ ဣန္ဒြေနှင့်။ နေသနည်းဟု။ အမှုဖွေရှာ။ စွပ်စွဲလာသော။ စိဉ္ဇမာမည်ထုတ်။ မိန်းမယုတ်ကိုငှင်း။

(၆) သစ္စကံ။ ။ဝါဒတထောင်။ အာဂုံဆောင်၍။ ဂုဏ်ရောင်လွှားပ။ မိုက်မာနကြောင့်။ အနိစ္စ, အနတ္တ။ သင်္ခါရကို။ နိစ္စ, နတ္တာ။ ထင်၍သာလျှင်။ မြတ်စွာရှင်စော။ တရားဟောလည်း။ သဘောမကျ။ မှားလေစွဟု။ ရှုတ်ချခါခါ။ ပြစ်တင်လာလော။မိစ္ဆာယူကြိုက်။ ပရိဗိုဇ်သစ္စက။ ကုဋ္ဌကိုငှင်း။

(၇) နာဂံ။ ။လေးလျှံရောင်စို။ ကိုယ်ဖြင့်ခုနစ်ထပ်။ ရစ်ပတ်ကာလွှမ်း။ တတ်နိုင်စွမ်းသား။ ကြမ်းတမ်းခက်ထန်။ မျက်စောင်းမာန်နှင့်။ ပဋ္ဌမံ အာလိန္ဒ။ နေသမျှတလွှား။ နတ်နဂါကို။ ပိုင်ကားစိုးရ။ တန်ခိုးပသည်။ ပနန္ဒတွင်ခြင်း။ နဂါးမင်းကိုငှင်း။

(၈) ဗကံ။ ။သဿတဒိဋ္ဌိ။ များဘိအယူ။ မိစ္ဆာဟူသား။ ဘူဇဂါမြွေ။ ကိုက်လေတုံလတ်။ အာဘဿရာ။ ဗြဟ္မာခပင်း။ တံ့ဝပ်ခြင်းနှင့်။ ကြီးမင်းတေဇ။ တန်ခိုးပသား။ ဗကမည်သာ။ ထိုဗြဟ္မာကိုငှင်း။

အဇိနိ။ တန်ခိုးညာဏ်ရှိန်။ ဝရဇိန်စက်မြတ်။ အတုလွတ်ဖြင့်။ မချွတ် အောင်တော်မူလေပြီ။ တံတေဇသာ။ ထိုသို့ အောင်ခြင်း။ တရားမင်း၏။ ထွန်းဝင်းတေဇော်။ အာနုဘော်ဖြင့်။ မေ၊ အကျွန်ုပ်အား။ ဇယျမင်္ဂလံ၊ ရောပါဘေးဒဏ်။ ရန်မာန်ခပင်း။ စိုးရိမ်ခြင်းကို။ နှိမ်နင်းအောင်တတ်။ ကောင်းမြတ်လှစွာ။ မင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဤတွင်ရွေ့ ဂဋ္ဌုန်ပျံဒီပနီဋီကာ ပဏာမပြီး၏။

ဂဋ္ဌုန်ပျံဒီပနီ ဋီကာစာကိုယ်

ကျွန်ုပ်တို့သည်။ ဤမည်သော ဂဋ္ဌုန်ပျံဒီပနီ ဋီကာကျမ်းကြီး၏အစ။ ပဏာမဂါထာများကို ရွတ်ဆိုပြီးသည်၏ အခြားမဲ့တွင်။ ယခင်လွန်လေပြီးသောအခါ။ ရတနာပုံပြည်ကြီး။ ပျက်စီး တိမ်းယိမ်းခါနီးတွင်။ ရောက်ရီးရောက်ရက်။ နောက်တီး နောက်ပျက်ဟု ဆိုအပ်သော ထီရိုတော်ကြီးများ။ ဖြစ်ပွားပေါ်ပေါက်လာပုံနှင့် စပ်လျဉ်း၍။ ကင်းတပ်ရေး စာဆိုတော်သျင်။ စီရင်ရေးသားအပ်သော အလုံး ၆၀ ဘွင့်ထီတော်ကိန်း ပြဇာတ်မှာပါရှိတဲ့ ရွှေသီးသူဇာ ဆိုသည့် ထိုမည်သော မိုဃ်းတိမ်ဘွဲ့ကဗျာကို တခါတဖန်။ အောက်မေ့ မိပြန်သည်မှာလည်း။ အောက်ပါအတိုင်းပင် ဟူလို။

တိုမ်ဂဋ္ဌုန်, တိမ်နဂါးဘွဲ့သဖြန်။

ရွှေဂူစံပွေဟန်ဘက်စေဘို့။ ဒေဝမာန်ထွေရန်မျက်ပေထင့်။ ဖြေရန်ခက်အောင်လို့ကွယ်။ ။တင့်တရဲ။ ရင့်နွဲစွေမလိုနှင့်။ ရွှေပဟိုရ်နတ်စည်လှိမ့်တယ်။ မိုးနိမ့်စဖွယ်။ ၊ဂုဏ်တဆောင် အဆင်တက်ပုံကား "ဂဋ္ဌုန်တောင် ဆင်နဂပတ်" ကယ်နှင့်။ မှင်သတ်လို့ ရစ်သိုင်းချယ်။ ရှစ်တိုင်းဝယ် အုန့်မှိုင်း။ ။မအေးသူ။ ဆွေးအပူ နဘေတင်လို့။ ပွေအင်ကို ဖြေသင်ခက်အောင်ပ။ ရပ်မတည် လျှပ်ခြည် စက်ကယ်နှင့်။ မိုဃ်းတက်လို့ ဂိုင်း။

ဟူသည်နှင့်အညီ။ ဤမည်သော မိုဃ်းဥတုအခါ။ အကာ

ကောင်းကင်မှ။ အကြင်သို့သော သိကြားနှင့်အသူရာ။ နှစ်ဗျူဟာစစ်ပွဲကဲ့သို့။ ထစ်ဆဲခြိမ်းဆဲသောမိုဃ်းကြိုးသံတို့ကို။ အဖန်ဖန်ကြားရသည့်ပြင်။ နဂါးကပြေးပုံတွင်။ ရွှေဂဋ္ဌုန် သုတ်မည် လိုက်သကဲ့သို့သော။ တိမ်တိုက်တိမ်တောင်တို့သည်။ မှိန်ရောင်နှင့် နီရဲပြီး။ ကြည်ကွဲဘွယ်မြင်ရသောအခါ။ ယခင်က ရေးရန်ပျိုးခဲ့သော။ မိုဃ်းကြိုးဘွဲ့ကမ္မဋ္ဌာန်းတွင်။ တန်းလမ်းနှင့် ကြုံရပေရကား။ ဂုဋ္ဌတရ။ ဒုဗ္ဗောဓဟုဆိုအပ်သော။ လူမြတ်သနင်း။ မင်းတို့၏ အောင်ရာအောင်ကြောင်း။ ကောင်းသော အစီအရင်ကို ပြတတ်သောကြောင့်။ "နရပတိဇယ္ဟ" ဟူ၍ဌင်း။ အစသော အက္ခရာဟုဆိုအပ်သော။ အဿဝနီနက္ခတ္တ။ သရတို့၏ ဥဒည်းမူခြင်း စသည့်သဘောကို ဟောပြသောကြောင့်။ "သရောဒယ" အမည်ပေးအပ်သော "သရဒွေး" ကျမ်းကြီး။ စတုတ္ထပိုင်းကွင်။ ။ "သဿေါဂတာရဏ။ ထိုသို့နက္ခတ်၌ စီးခြင်းကို ပြုတတ် ကုန်သော။ တနင်းလာ, အင်္ဂါ, ကြာသပတေး, သောကြာဂြိုဟ်တို့သည်။ အာဒေါ်စရာဂေ။ ပဋ္ဌမ, စရရာသီလက်တွင် နက္ခတ်ထက် စီးလတ်သော်။ ခလု၊ စင်စစ်။ လော်ဟပါတ၊ မိုဃ်းနီခြင်း။ နီသောမိုဃ်းရွာခြင်း ဖြစ်အံ့။ မဓျေ စာဂ၊ အလယ် စရရာသီလက်တွင် နက္ခတ်ထက် စီးလတ်သော်။ အဂနိစ၊ မိုဃ်းကြိုးလည်းကျအံ့။ ဝါယုဂ၊ လေလည်းကျအံ့။ ဝါ၊ ဆိုင်ကဋ္ဌုန်လေကြီးလည်းကျအံ့။ ။ဟူသောဟေတုပြောပုံကို။ အာရုံတော်မူခိုက်တွင်။ အကြင်လာနေကြ။ ရောက်နေကြ။ လျှောက်နေကြဖြစ်တဲ့။ တပဲ့မအပေါင်းတို့။ သောင်းသောင်း ဖြဖြ။ ဂါရဝတွေ။ ပဏာမတွေနှင့်။ လာကြပေသော ဟူ၏။

ထိုသို့ရောက်လာပေါက်လာပြီး။လျှောက်ရှာကြသည်ကား။ ။ ဆရာသခင်ကျေးဇူးတော်ရှင်ဘုရား။ အရှင်သူမြတ်, ရွတ်တော် မူခဲ့တဲ့ ပဏာမ ၇ ဂါထာတို့အနက်။ "နဝဘာဂံ(နဝင်းကြေဝှံ)ဆိုတဲ့ ဂါထာ၏ လိုရင်း။ နဝင်းကြေတည်ထားတဲ့။ နဝင်းကြေ ဘုရားကို။ ဝပ်ဘွားရိုကျိုး။ ရှိခိုးပူဇော်။ ဖူးမျှော်မာန်လျှော့။ ကန်တော့ရတဲ့ အကျိုးနှင့်ပတ်သက်ပြီး။ မှတ်ချက်သဘွယ်။ အကျယ်ကို သိချင် ကြပါ ကြောင်းနှင့်။ တောင်းပန်လျှောက်ထား ကြပြန်သတည်း။

ယင်းသော အခါ။ ဆရာတို့ဝတ်နှင့်။ မချတ်မလွဲ။ အမြဲအား သုတ်တော် မူလေ့ ရှိသော ယောဂီသည်။ ဤမည် ဤမည်သော

ရာဇဝင် နိမိတ်ပုံတို့နှင့်။ ဒိဋ္ဌုံကျမ်းစာ။ ယတြာလက်ဟောင်းတို့၌ လာ ရှိသည့် ထိုမည်ထိုမည်သော ၇ နေ့သား။ ၇ နေ့သို့ဝိုး။ကပ်ကြီး ၃ ပါး တို့မှ လွတ်ရန်။ ယမန်အခါ။ ရတနာပူရ အင်းဝပြည်အတွင်း။ ညောင် ရမ်းမင်း အဆက်တွင်။ နတ်စက်ရောင်ကျောင်း ငရန် ဆရာတော်။ အရှင်ဓမ္မနန္ဒ စီစဉ်အပ်သော "အကျော်စူဌာ မြတ်သဒ္ဓါ" ဘုရား တည်ထားပုံကို လည်းကောင်း။ တကျိပ်နှစ်ပါး ဆရာတော် တို့၏ "အကျော်ဇေယျပဿထ" ဘုရားများ တည်ထားပုံကိုလည်းကောင်း။

တကြောင်းလည်း။ ယတြာကျမ်းတို့၌ ပါရှိသည့်။အနှီသည့်။ ။ "ဂဋ္ဌုန်ထောက်ချာ။ အောက်ချင်စာကကျား" ဟု ဆိုခြင်းကြောင့်။ တနင်္ဂနွေသားတို့သည်။ ထောက်ချာဟူသော သစ်ကို အနေ အထိုင် ပြုရာ၏။ သရားထု၍ ကိုးကွယ်ခြင်း။ ရွာပြည်အမည်ပေးခြင်း။ နာမည် ပေးခြင်း အမှုတို့ကို ပြုရာ၏ဟူ၍လည်းကောင်း။

"ဂဋ္ဌုန်ဓါတ်ခြား။ကျားကလက်ပံခံ။ ခြသေ့်နံကား။ လှစံဖက် သန်း။မှန်းသည်တရံ။ ဆင်နံသတီ။အညီတချက်။ ကြွက်ကားဝအောင်။ ဖူးခေါင်အင်ကြင်း။လှခြင်းခူစံ။နဂါးနံ" ဟူသော အရလည်းကောင်း။

"ဂဋ္ဌုန်ပစာင်းယား" ဆိုခြင်းကြောင့်။ တနင်္ဂနွေ သား။ တနင်္ဂနွေ သမီးတို့သည်။ အင်္ဂါနံနှင့် ဗုဒ္ဓဟူးနံသစ်ကို သုံးဆောင်ခြင်း ဖြင့်။ တနင်္ဂနွေကို ကောင်းစေလိုသော်။ မြောက်အရပ်က။ ဘုရားပုထိုး တည်ရာ၏။ ။တနင်းလာကို ကောင်းစေလိုသော်။ အရှေမြောက် ထောင့်တွင် ဘုရားတည်ရာ၏။ ။စနေကို ကောင်းစေလိုသော်။ တောင်အရပ်က တံခွန်တိုင်ကြီး စိုက်ရာ၏ ဟူ၍လည်းကောင်း။

အင်းဝပြည်တွင် ရှင်ဘုရင် မင်းကြီးစွာစော်ကဲမှာ။ တနင်းလာ သားဖြစ်လျက်။ ထိုမင်း၏ သင်းချိုင်းအရပ်တွင်။ ရွှေစည်းခုံ ဘုရား။ တည်မှားခြင်းကြောင့်။ မင်းရော ပြည်ပါ။ ချောက်ခြားလန့်ဖျပ်ရှိ၍။ အရှေစူးစူး ပရိဝါရနှင့် တကွသော မူလအရပ်၌။ ထပ်၍တဖန်။ ရွှေဂူ ဘုရားကို တည်ထားပြန်သဖြင့်။ နိုင်ငံတော် သာယာစည်ပင်၍။ လိုအင်ဆန္ဒ ပြည့်ဝတော်မူဘူးကြောင်း။

ဂင်းပြင်တခါ။ မင်းခေါင်ကြီးမှာလည်း။ အင်္ဂါသား ဖြစ် တော်မူ၍။ အရှေတောင်ထောင့်။ ပရိဝါရ အရပ်တွင်။ ရန်အောင်

မြင် ဘုရား။ တည်ထားကိုးကွယ်လတ်သဖြင့်။ ယပ်စောက်နှင့် ညောင်ရွှေ။ ရွှမ်းနှစ်ပြည်ကို အလိုတော် ပြည့်ဘူးကြောင်း။

ဂင်းနောက်။ မိုးညှင်းမင်းတရား တည်းဟူသော။တနင်္ဂနွေသားသည်။ ကျွမည်သော အင်းဝ ဟူသည့် ဗုဒ္ဓဟူးနံ။ ပဒေသအရပ်ဖြစ်သော ဘုမ္မ ိအရပ်။ အနောက် မြောက်ထောင့်၌။ သားတော် အစဉ်။ မြေးတော် အဆက်။ မြစ်တော်အညွှန့်။ အဒ္ဒန့်မပျက်။ ဆင်းသက်ကောင်းစားစေလိုခြင်းဖြင့်။ တနင်္ဂနွေမင်း၏ မူလအရပ်၌ပင် ကျိန်းခန်းမှတ်ပြီးခါ။ ရတနာ စေတီတော်ကြီးကို။ စတုရန်း, ဆင်ခံ၍ တည်ထားတော်မူလေရာ။ သာသနာ ပွင့်လင်း၍။ မင်း ၆ ဆက်တိုင်။ ခန့်ခိုင်ကောင်းစားတော်မူဘူးကြောင်း။

မိုးမိတ်စော်ဘွားကြီး။ဘုရားစေတီတည်ရာမှာလည်း။အရပ်အနေမသင့်ရကား။ ဘုရားမပြီးခင်ပင်။ သားတော် စောခုံမိုင်း ဆုံးရသည့်ပြင်။သုံးလေးလမှာပင်။စောဘွားကြီးလည်း။ ကွယ်လွန်ရကြောင်း။

အင်းဝပြည်ကို လုပ်ကြံလိုသော။ ထိုထိုစနေသားမင်းတို့သည်။ ပညာရှိတို့နှင့် တိုင်ပင်၍။ စရဟူသော သစ်ကိုယူ၍။ အညှန့် အရင်းပြန်ပြီးလျှင်။ ဘုရားထုလုပ်၍။ အဒ္ဒမုခ်အင်းကို သွားစင်တွင် ချပြီးလျှင်။ ပလ္လင်မှာ ဌာပနာသည့်ပြင်။ အင်းဝ,နံကို နှပ်ပြီးသော်။ လုံးတော်ပေါက် ဟူသော အရပ်တွင်။ ထိုဘုရားကို နှုးသစ်ထဲတွင် သွင်းကာ။ ကောင်းမွန်စွာ ဖုံးအုပ်လတ်၍။ ထိုအရပ်မြေတိုက်၌ ဌာပနာသွင်းပြီး သကာလ။ အဒ္ဒမုခ်အင်းခံပြီး။ ခေါင်းဆေးတော်မူတဲ့သဖြင့်။ တဆဲ့သုံးရက်အတွင်း။ လက်ငင်းဘဲ အလိုတော် ပြည့်ဘူးကြောင်း။

ထို ပြင်လည်း။ ဓညဝတီ, ရခိုင်ပြည်သား ရဟန်းတော်တပါးသည်။ ကျွန်မြန်မာပြည် ပုဂံမြို့သို့ လာရောက် သိတင်းသုံးတော်မူရာ။ ရခိုင်ပြည်၌ ကျန်ရစ်ခဲ့သော တပဲ့ မောင်ရင်သည်။ နှောင့်ရှက်လို၍။ "ပကံ" ဟူသော အရပ်၌။ အရွှေသို့ မျက်နှာမူ၍။ ဂူတည်ရာတွင်။ ခိုင်နှင့်။ပုဂံ။ ဝေးလန့်သော ဌာနပင် ဖြစ်သော်လည်း။ ပုဂံပြည်ကြီးသည်။ ကျိုးပြိုသကဲ့သို့။ တနေ့သုံးခါ လန့်ထိတ်ရကား။ ရခိုင်ဘုန်းတော်ကြီးက။ ငါ့တပဲ့အတတ်သာ ဖြစ်မည်တမှံဟူ၍။ တပြေ့ မောင်ရင်ထံသို့ ဘုရားသာသနာကို မင်္ဂတကားဟု စာပေးလိုက်မှ။ မောင်ရင်သည်း မိမိတည်ရင်းဂူကိုဖျက်၍။ အနောက်သို့ မျက်နှာပြုကာ တည်

တဲ့၍။ "ကပဲ့" ဟူသော အရပ်မှာလည်း။သစ်ပင် ဝါးပင်များကို ခုတ်ထွင် ရှင်းလင်းသဖြင့်။ ယင်းသို့သော ပုဂ္ဂံပြည်ကြီးမှာ။ တနေ့ ၃ ခါ မလန့်ဘဲ။ ခန့်ခန့်ကြီးနေထိုင်နိုင်ကြောင်း။ ။ရင်းပြင်တလော။ စောမွန်လှ မည်သော ရှမ်းမင်းသွီးသည်။ ဤမည်သော ပေါက္ကန်ပြည်ကို နိမ့်စေလို၍။ ထိုမည်သော ယတြာအဖြစ်။ အားသစ်ခါ စေတနာအကြံဖြင့်။ ရွှေစာယံဘုရား။ တည်ထားသော အကြောင်းများကို။ ဟောလား ပြောလားလုပ်ပြီး။ ကျုပ်တို့သည်။ ဤမည်သောဂူထဲသို့။ လူမစဲခင်ပင်။ ဝင်သွားတော်မူလေသတည်း။

× × ×

ယခင်လွန်ခဲ့သော သတင်းပတ်တွင်။ သွင်းညှပ် ဘော်ပြခဲ့သည့်အတိုင်း။ ကျွန်ုပ်တို့သည်။ ဤမည်သောဂူအတွင်းမှ ထွက်တော်မူခဲ့ရာ။ အဆိုပါ တင်ည့်မတို့က။ ဆရာ့အား လျှောက်ထားကြသည်မှာလည်း။ အောက်နား၌ ပါရှိသောအတိုင်းပင် ဟူ၏။

အရီးစိမ်း။ ။ယောဂီသူမွန်။ ချန့်ထက်ချန်တဲ့။ တံခွန်ပမာ။ မြတ်ဆရာ မောင်ရင်မှိုင်းဘုရား"။

အင်း အမှန်တွေ အချန်တွေနဲ့။ ဘာများ မြောက်ပင့်ပြီး။ လျှောက်ခွင့်ရှိသလဲ ဥပါသိကာမကြီး။

အရီးစိမ်း။ ။"မှန်လှပါတော့။ အရှင်မြတ်ဟောပြောတော်မူရင်း။ နဝင်းစေတီတော်နှင့် စပ်လျဉ်းပြီး။ နဝင်းသဘောများ။ဟောလား ပြောလားလုပ်တော်မူစေချင်ကြောင်းပါဘုရား"။

အို တပဲ့မကြီးအရီးစိမ်း။တနည်းတကိန်း ဆက်လက်ပြီး။ အထက်က ဟောခဲ့ရင်း။ နဝင်းနှင့်စပ်လျဉ်းပြီး။ အကျဉ်းသင်္ခေပ။ ဟောရမှာဖြင့်။ အနှာလိုရှိတယ်။ ဘယ်လိုရှိပါသနည်းဟူမူ။ စွယ်စုံကျော်ထင်ပုစ္ဆာတွင်။ ။"အဂ္ဂိရတ်ဝယ်။ လိုက်စဘွယ်။ ဘယ့်နှယ်နဝင်းသတ်မည့်နည်း" ဟူသောအလုပ်ကို။ ကျုပ်တို့ကျေးဇူးတော်ရင်။ ကြီးသဲလေးထပ် ဆရာတော်အရှင်။ စီရင်ရေးသားတော်မူဟောင်း။ ၎င်းပုစ္ဆာ အဖြေကျမ်းကို ကြည့်ရှုသင့်သည့်အပြင်။ အကြင်သို့သော ကမ္ဘာ့တန်ဆာ မဟာဗေဒင်ကျမ်းကြီးဟု ဆိုအပ်သော ဗြို့ဟပ်ကျမ်းရင်းမှ။ နဝင်းအဓိပတိဂြိုဟ်များ၏အပြင်။ နဝင်း အစီအရင် များကို လည်း

ကောင်း။ ။တကြောင်းလည်း။ ဇောတိဒီပိကာ ကျမ်းအတွင်းက။ နဝင်း ၉ ပါး။ တိုးပွား ပေါ်ထွန်းပုံကိုလည်းကောင်း။

ဂုဏ်ပြင်တချက်။ သက္ကရာဇ် ၁၂၇၈ ခုနှစ်မှာ။ ဆရာစံ မည်သော ဒါယကာသည်။ ဤမည်သော ကျောင်းဒါယကာ ဦးဘိုးစို့။ ကျောင်းဆရာ ဒါယကာ ကိုရွှေဒိုင်တို့နှင့်။ ဇင်းကျိုက် တောင်တွင် ဥပုသ်ရက်ရှည် ဆောက်တည် ရင်းပင်။ စီရင် ရေးသား အပ်သော "လက္ခဏာဇု" ကျမ်း၏ နိဒါန်းအစ။ ပဏာမ ဆုညွှန်ရာဌ်လည်း။ "သုဝဏ္ဏနဂရ, ရာဇဋ္ဌာနေ။ ငါးမည်နာမ။ ငါးဘွဲ့ရသော။ ရတနာသီခ။ သာစုကုန်းဘောင်။ ရန်ကြီးအောင်ပြို့။ မူဆိုးဘိုတွင်။ ဘုရင်မင်းအပေါင်း။ အောင်ခေါင်းလောင်းနှင့်။ အောင်မောင်းဆော်တီး။ ကြံတိုင်းပြီးသော။ စည်ထီးသခင်။ ဖျော်ရွှင်စံခို။ မြို့ရွှေဘို၌။ မူလ။ဇာတိချက်ကြွေ။ ဘွားမြင်ပေသော။ အဟံ။ ပိဋကတ်, ဗေဒင်။ သိမြော်မြင်၍။ ထွက်ဝင်လုပ်ရပ်။ နဝင်းသတ်လမ်း။ အခန်းခန်းကို။ ကြိုးပန်းသောတိုင်း။ ပိုင်းပိုင်းမိမိ။ တိတိကွင်းကွင်း။ ရှင်းလင်းသေချာ။ သိလိမ္မာသော "ဆရာစံ"ဟု။ နာမံသမုတ်။ အကျွန်ုပ်သည်" ဟူသော အရာ။ ဇဗ္ဗုလောကတည်းဟူသော မြန်မာပြည် အတွင်း၌ နဝင်းအတတ်။ အဂ္ဂိရတ်စခန်းက။ ရဟန်းရှင်လူတို့၏ အယူအဆ။ မူနယလုပ်ထုံးများကိုလည်း။ စူးစား ဆင်ခြင်ကြရမည်ဟု ပြောပြီး။ တလော တဖန်။ နားနေပြန်မည်ရှိရာ။ တပဲ့မများစွာတို့က။ ဝါဆိုပွဲတော် ကျရောက်တဲ့ အတိုင်း။ "စစ်ကိုင်း ထောင်သင်း။ စလင်းလက်ဝါ။ ပြည်မှာ နဝဒေး"ဟူသော ရှေးအမတ်မင်း။ ရေးစပ်ရင်းရတုများဖြင့်။ အမှုသွားနှင့်ထောက်စာပြီး။ အောက်ပါအတိုင်း လျှောက်ကြလေ၏။

နဝင်းနေဟူတည်းဟူသော အတွင်းရှေ့ပြင်ရှေ့ဘုရားတိုင်ရတု။

(၁) ဥဒည်းစက်ပြင်။ အာကာခွင်က။ ယာဉ်ရှင်သွားမှတ်။ နေဝက်ကျန်းပတ်သော်။ သာထုတ်လွန်ကဲ။ ကန်တော့ပွဲဝယ်။ ပုလဲဆောင်ခြည်။ ရွှေရည်စင်မော။ မြနှင့်နှောသို့။ တွေ့တောမဆုံ။ ဖူးကြ

အံ့သား။ ချောညံ့ထွတ်ထွတ်။ ဝင်းညိုမ္ဒတ်လျှင်။ ရံပတ်ရွှေဝန်း။ သော်တာထွန်းသို့။ ညီရွှန်းကြည်ရွှင်း။ စံပကျင်းသည်။ ။အတွင်းရွှေဂူ ပြင်ရွှေဂူ။

(၂) စုလည်းလက်သင်။ မြကွမ်းတင်နှင့်။ နှစ်တွင်ပေါ်သစ်။ စ,မလစ်တည့်။ တစ်လစ်ငြိမ့်ချေ။ ဘော်သုံးရွှေနှင့်။ ညနေချမ်းခါ။ ရှင်တော်ရာဝယ်။ သဒ္ဓါညွှတ်ကြိုက်။ မြင်မိလိုက်၍။ လည်၌ထိပ်ပြင်။ ပန်ဆင်စရာ။ သည်သာနှောင်ရန်။ ဘုန်းချင်းညွှန်၍။ မကျန်ကြောင်းခြာ။ နေရပ်ရာကို။ မှန်စွာဇာတိ။ မေးသည်ရှိသော်။ မသိသာလျှင်း။ ဆိုချွတ်ယွင်းသည်။ ။နဝင်းနေဟူ တွင်နေဟူ။

(၃) ကုဟည်းငှက်ဆင်။ စီးလျက်ပင်တည့်။ ကောင်းကင်ပျံကြွ။ "သူရိယ"ဟု။ ဘုရာ့းလျာမွန်။ ထွတ်ဘုန်းသန်လျှင်။ ဆင်းကြန်လျှံညီး။ မင်းသွီးကို။ ဇနီးကြင်သူ။ တင်ခဲ့ယူ၍။ အတူစုံပူး။ ပျော်စံဘူးသို့။ ဝေးကြူးရပ်မြေ။ ခြားရှိလေလည်း။ သက်ဝေရအောင်။ ကြိုးပမ်းဆောင်၍။ လှခေါင်နတ်ဆင်း။ စုလည်းကွင်းနှင့်။ ညခင်းမြင်လစ်။ ရွယ်သစ်သစ်၏။ တစ်တစ်ဌာန။ မသိရသော်။ သကျရွှေဂူ။ မြတ်နှစ်ဆူဝယ်။ ကြည်ဖြူပိတ်ရွှင်း။ တောင်းလျှောက်ချင်းသည်။ ။မယွင်းဆွေတူ ကြင်ဆွေတူ။

ထိုသို့တခါ။ အဆိုပါ ကျုပ်တို့ တပည့်မ ဘေဒါရီစသည်တို့က။ ပြေဌာနီ မြို့ကြီး၏။ မျှုံ့ထီးနှစ်ဆူ။ ဖြစ်တော်မူသည့်။ "အတွင်းရွှေဂူ ပြင်ရွှေဂူ"။ "နဝင်းနေဟူ ပြင်နေဟူ" တည်းဟူသော ရတုစာသွားတို့ဖြင့်။ ဆရာတပါး သဘောစိုက်ဘို့။ တောစရိုက်ပီပီ။ အနှီသို့ရွတ်ဆိုလျှောက်ထားပြီးသည်မှ အခြားမဲ့တွင်။ စကားတလှဲ့ ပျိုးခြင်းဖြင့်။ ကိုးနဝင်းဘုရားနှင့် စပ်လျဉ်း၍။ မိုးညှင်းမင်းတရားကိုအရင်းထားပြီး။ ယင်းသားတော် နရပတိကြီးမင်းရဲ့နံတော်ကို သိကြရဲ့လား။ တပဲ့မ များဟု မေးတော်မူလေ၏။

စောဥမ္မာ။ ။မှန်လှပါ ဗုဒ္ဓဟူး သားရယ်လို့။ ကြားဘူးပါ ဘုရား"။

အို တပဲ့မ အပေါင်းတို့။ ၎င်းနရပတိကြီး တည်းဟူသော ဗုဒ္ဓဟူးသား မင်းသည်လည်း။ ဤမည်သော နဝင်းလှတဲ့။ အင်းဝမြို့မြောက်အရပ်မှာ။ လျှောက်ပတ်စွာ ဖြူသဒ္ဓါပုံဖြင့်။ နောက်ကပ်

သတ္တဝါ လူမြန်မာ အစုံတို့ဆို့။ ထူပါရုံ ဤဘုရားကို။ တည်ထားတော်မူဘုးကြောင်း။

ဂင်းသားတော်ဘုရင်။ အရှင်မဟာသီဟသူရ တည်းဟူသော အင်္ဂါသား မင်းကလည်း။ အင်းဝပြည်မှ အနောက်တောင်မှာ။ နောက်နောင်ကို သဒ္ဓါကြဆို့။ ရတနာမြ စည်းခုံဘုရားကို။ တနည်းတဖုံ တည်ထားတော်မူခဲ့လေသည်။

အနှီမှတခါ။ ရတနာပူရ,ရယ်လို့ သတင်းလှခဲ့တဲ့။ အင်းဝမြို့ အောင်ကြင့်နှံ့၌။ အောင်ပန်းကြီး ပွင့်တော်မူခဲ့သော။ ညောင်ရမ်း, တည်းဟူသော။ သောကြာသား မင်းကလည်း။ နဝင်းလှအောင်.... သဒ္ဓါမပြတ် ရွှတိသဖြင့်။ မဟာမြတ်မုနိဘုရားရှင်ကို။ တရားပလွင့် တဆောင်မှတ်ပြီး။ တောင်အရပ် ဆည်တည့်မှာ။ တည်တိသည်လည်း တကြောင်း။

ဂင်းမှတပါး။ သားတော် အနောက်ဘက်လွန် တည်းဟူသော ဘုရင်ရာဇာ။ အင်္ဂါသား မင်း တ ရား သည် လ ည်း။ နဝင်း သွား တောက်ပြောင်အောင်ရယ်လို့။ အနောက်တောင် ဒေသ၌။ ရောမ, ပြာသာဒ် ကျောင်းတော်ကြီးကို။ ကောင်းချီးသဂင်။ ယင်တော်မူခဲ့ကြောင်း။

ဂင်းညီတော်။ ပြည်ပေါ်မှာ အသာအယာလွန်တဲ့။ ဆာလွန်မင်းတရားတည်းဟူသော တနင်္ဂနွေသားမင်းသည်လည်း။ ယင်းပြည်၏ ကသိုဏ်းကွက်ဟု ဆိုအပ်သော။ စစ်ကိုင်းဘက် အနောက်မြောက်တွင်။ နောက်နောက်အစဉ်....လူသတ္တဝါတရှိတို့ဘို့။ စူဠဒွမုနိ,ပုထိုးတော်ကြီးကို။ မိုးသံးပေါ်နီးအောင်။ ဖန်ဆောင် တည်ထားတော်မူခဲ့ကြောင်း။

ဂင်းသား ငါးထပ် ဒါယကာရယ်လို့။ ကမ္ဘာမှာ တဂုဏ်တင်းခဲ့တဲ့။ မြန်မာရာဇာ, ဂဠုန်သနင်းတည်းဟူသော။ တနင်္ဂနွေမင်းသည်လည်း။ အင်းဝအနောက်မြောက် ဌာနတွင်။ ယတြာအရ နဝင်းရှုပြီး။ သင်းတုတော် အမြတ်ဆုံးဘုရားကို။ ကပ်သုံးပါး ဝင့်ဘယာမှ။ လွတ်ရာအဓိဋ္ဌာန်နှင့်။ စိတ်အကြံရည်မြော်ပြီး။ တည်တော် မူခဲ့ဘူးလေကြောင်း။

ဂင်းနောက်သော်။ ဘားတော် အင်္ဂါသား မင်းတရားသည်လည်း။ နဝင်းဘုရားကဲ့သို့။ ယင်းအသွား ပေါ်မြောက်အောင်ရယ်

လို့။ အနောက်တောင်ဌာနဉ်။ ထာဝရကုသိုလ်။ အခုလို ပြုတော်မူခဲ့ဘူးကြောင်း။

ဂင်းနောက်တမျိုး။ မိုးပေါ်မှာနေရထား လင်းသကဲ့သို့သော။ ဘိုးတော်စနေ, နဂါးမင်းသည်လည်း။ ပရမေ ဘုရားနဝင်း, စေ့အောင်ရယ်လို့။ အရှေ့တောင်ဝမ်းဘဲအင်းတွင်။ ကမ္မဋ္ဌာန်းတဲ့ချင်းရန်မပေါ်ရအောင်။ နံတော်သင့်ကောင်းမှုတော်ကို။ တောင်းဆုမြွေ့ခေါ် ပတ္ထနာဆုဖြင့်။ သာဓုတော် ခေါ်ခဲ့ကြောင်း။

အို အပေါင်းသော တပည့်မတို့။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးဖြစ်ကြသည်နှင့်အညီ။ ဤမည်သော ပရိတ်တော်ကြီးမှာပါတဲ့။ "ရာဇတောဝါ, စောရတောဝါ, မနုဿတောဝါ, အမနုဿတောဝါ" ဆိုသလို။ ထိုသို့သော မင်းဘေးဗိုးဘေး။ သူခိုးဘေး။ ဓမြတေး။ သူပုန်ဘေး။ ဂဠုန်ဘေးစသော ဘေးအပေါင်း။ မကောင်းသော ဒုက္ခတို့နှင့်။ ကြုံရတွေ့ရသောအခါ။"ဆင်းရဲလေလေ။ သံဝေရရ" ဟူတိသကဲ့သို့။ လူတပည့်။ ရဿေတပည့်။ ဘိုးသူတော်တပည့်။ မယ်သီလတပည့်စသော။ တပည့်ဒါယကာ။ ဒါယကာမအချင်းချင်း။ အသင်းအပင်းတို့သည်။ ယင်းသို့သော နဝင်းစေတီတော်ဘုရား။ တည်ထားကိုးကွယ်လေ့ရှိကြတဲ့ အစဉ်အလာမှာ။ယခင်ဆရာ ပြခဲ့တဲ့။သာသန ဒါယကာ။ သာသနာပြုမင်းကောင်းမင်းမြတ်တို့၏။နဝင်းဓာတ် ပုထိုးဘုရားတို့နှင့်။ တချို့တစားတည်းပင် ဖြစ်ကြောင်းကိုလည်း။ ကောင်းကောင်းကြီးမှတ်သားကြရမည်။ ။အနှီမှတပါးတုံလည်း။ ရန်ကုန်မြို့တွင် တည်ထောင်ဖွင့်လှစ်သော အမျိုးသားကောလိပ် ကျောင်းကြီးသည်။ ဤမည်သော သပိတ်မှောက်။ သပိတ်လှန်။ ဘေးရန်တို့အတွက်။ ပျက်စီးသေဆုံးသောအခါကလည်း။ အဆိုပါ "အတ္တင်းရွှေဂူ။ နဝင်းနေဟူ" ဆိုသော ရတုအလားကဲ့သို့။ အမှုသွားနှင့်ညီအောင်။ ရည်ဆောင်သော အားဖြင့်။ ကျွန်ုပ်တို့စီကုံးရေးသားခဲ့ဘူးတဲ့။ ထူးမြတ်သော လေးချိုးကဗျာ။အလင်္ကာမှာလည်း။ အောက်ပါအတိုင်းပင်တည်း။

ရှေ့တိဂုန်ဘုရားတိုင်ဘွဲ့ ကဗျာ မဟာလေးချိုးကြီး။

မြန်မာ့, သိပ္ပံကျောင်းကြီး အသေမှာ သပိတ်သွတ်တဲ့ ဆွမ်းတွေနှင့်။ ဓမ္မ, အဓိဋ္ဌာန်ကောင်းချီးဒေသနာပရိတ် ရွတ်သနဲ့ မန်းခဲ့ပါရဲ့။ (ဩော်)ကျမ်းဟော, တိတ်အမြွက် မှာတော့။ ဆန်းသောနိမိတ် အတွက်ပေထင့် တခက် "ရန်ကုန်မသာ"။ (အိုကွယ်) ဗဟန်းကောလိပ်, ပျက်ပေမဲ့။ ကမ္မဋ္ဌာန်းဇောစိတ်ကလဲ တဖက်ပေမို့။ အသက်ပြန်ရုံသာ။ ။(ဩော်)ဇမ္ဗူထီးတွေတဲ့ကွဲ့။ အယူသည်းကြတဲ့။ လူကြီးလူကျယ်တွေပေါ့။ ဆူမဟယ်, ပူမဟယ် ဒလပေ အနိုင့်အပိုင်ပြုချင်တဲ့။ အမူသယ် နှစ်ထွေပြိုင်ဆိုင်မှုတွင်မှ။ "လှိုင်၊ပု၊ကျော်" သပိတ်သမားတွေရဲ့ပြင်။ "စတိုင်" အညုမနော် တဆိတ်ထွားပေတဲ့။ ပဋိက္ကရား နှူးကာနှပ်သလိုပ။ နှစ်ကျိပ်တပါးမူးလျာမတ်တွေကလဲ။ ပူးကာသတ်မယ် "ကောင်စီ" ဝင်လို့မို့။ အနှောင်ပြည်အင် ကွဲရှာသနေ့ရယ်က။ တကောင်တကောင်, ထီမထင် ဇွဲမာမာနှင့်ခွေ့ကြလေတော့။ အကွဲဟာ မစေ့နိုင်- ယနေ့တိုင်အောင် မိုက်ချိန်နှင့်။ အခိုက်အခါကြိမ်လို့မို့။ ဂဏာမငြိမ် တာဝတိန်သို့ ပြောင်းရှာတဲ့။ ကျောင်းမသာ "ကောလိပ်" စျာပနကိုဖြင့်။ ပေါင်းသဟာ တောမိတ် လာလာသမျှနှင့်။ ပြာချကာ ကိစ္စတုံးပြီမို့။ အနိစ္စအလုံးတထောက် ဟောရမှာ[illegible]။ မျောက်တော တဂုဏ်လျှမ်းပေတဲ့။ အောက်ကြော ဒဂုန်ဘဟန်းဆီကကွဲ့။ ဘုံခန်းသူ ဘရဏီပမာတို့နှင့်။ သည်တဝါမှာ အနှီဆရာ[illegible] မမြဲသာဘု။ မခွဲသာခွဲသာနဲ့ ထားပါလို့။ မလွှဲသာ လွှဲသာနှင့် [illegible]ရပါတော့။ တားကာ တားကာနဲ့ ဖျက်ရှာသူတွေကိုနော်ကွယ်။ [illegible]တာကလဲတဖက်။ များစွာခက်ခက်ပြီး။ (ဩော်) အားနာရက်[illegible] ။ကျွန်ဝယ်ရာ အဆစ်ပါတဲ့ "မှိုင်း" မှာဖြင့်။ မွန်နယ်မှာ ခေတ်[illegible]သနဲ့ မဆိုင်းသာဘု။ မြစ်အညာ စကိုင်းကိုတဲ့ ပြန်ရော့မကွာ။ [illegible]ပေါ့ ကံအရာရယ်လို့ စိတ်မှာထား။ (ကေသာဝတီရယ်) အကြံမ[illegible]ကြံမှာကချိတ်တွေပြာတွေနဲ့ ဝိဇ္ဇာတရား။ ။စိန်မုတ်ဆောင်ပျံ[illegible]လေ့။ စိန်မုတ်ဆောင်ပျံ။ သိဂ်ုတ်တောင်ကမ္ဘာယုံက။ သဂေါင်[illegible]ကျော်ကျော်မှာ ရောင်လျှံတော်ကလဲ မြူးပြန်သနဲ့။ ဖူးထိုက်တဲ့

ဆရာကို ဦးတိုက်စရာ အတိတ်ကယ်နှင့်။ သာဟိတ်ဗြဟ္မစိုရိဖျော်ဖျော်သွန်းတဲ့ပြီး။ ဗျာဒိတ်, ကိုယ်တော်ညွှန်းရော့သလားလို့။ ဆွမ်းကွမ်းအဖျော်ယမကာ အစုံဖြင့်။ ဓမ္မာရုံတရားဝသီမချို့သူတို့နှင့်။ တအာရုဏ် သွားချည်စို့ရယ်လို့။ အများညီဘို့ရာ ကျောက်စည် ထိုးတဲ့ပြင်....။ (ဩော်) အအိပ်နည်းမဖြင့်။ သိပ်ကြီး ကဲသဟာတွေကို။ စိပ်ပုတီးဆွဲကာတမျိုးရယ်နှင့်....အနိစ္စ ခမျာတွေကို တဆိတ် ထကွာလို့နှိုးနှိုးပြီး။ မိုးလင်းတော့မယ်, ရောင်နီအလာ၌။ တောင်ဒီပါနန်းမြေဇမ္ဗုတွင်ဖြင့်။ နောင်အရှည်အကြာ အလွမ်းပြေ ရှုစေဘို့။ အစောင်စောင် ဌီကာကျမ်းတွေ ပြုခဲ့တဲ့။ မန်းပြေသုဆရာ အကြံကုန်လို့မို့။ ကံမဆုံ ရန်ကုန်က အထွက်တွင်မှ။.....(ဩ) အောက်မြို့ ပြန်ချင်ပေမဲ့။ နောက်သို့တဖန်။ ရောက်ဘို့ရန်ကလဲ ခက်မှာမို့။ အသက်သွင် မယ်စန္ဒာရဲ့ပြင်။ အကျယ်သံသရာမှာ ဘယ်နံအခါမှ မမုန်းနိုင်တဲ့။ ပြုံးတုံးတုံးကလေးနဲ့။ ကုံးကုံးကလေး, တော်ပေသူ ဒေါ်ရွှေစိမ်းတို့နှင့်။ အဖော်အရွေ ထိန်းကာ တောင်တော်တက်ပြီး။ ပြစ်ချက်အရာရာ သက်သာဘိအောင်ပ။ ရှစ်မျက်နှာ လက်ျာ လှည့်ကြတဲ့။ တပည့်မဘေဒါ, ကေသာ ဝေနေယျာတို့နှင့်။ စိစိဌဌ သေသေချာချာပ။စေတနာ, ဇောသဒ္ဓာဗလဝရယ်နှင့်။ ကဝေဆရာ ယောဂါဝစရမှာလ။....(အမယ်မင်း) အဓောယာဝ။ တလောတခါမကြွပြီမို့။ တောအညာ ဒကမတွေနဲ့။ ရဂုံမြန်ပေါ်တခွင် သွားရပါတော့။....(ဩော်)မနောပနာမ။ ထောမနာသခဲ့ပါရဲ့.... (အို) ဩကာသ, ဩကာသ, ဩကာသ, ဒဂုန်ဆံတော်ရှင် ဘုရား။

အို တပဲ့မ အပေါင်းတို့။ ၎င်းအထက်ပါ ကဗျာ ကိုလည်း။ ဆရာသည်။ ဤမည်သော ကောလိပ်ကျောင်း ပျက်၍။ အထက်အညာ။ ဇေယျာပူရတိုင်း။ စစ်ကိုင်းသို့ပြန်ခါနီး ဆဲဆဲတွင်။ ကွဲပြားသော သပိတ်လှန်။ သပိတ်မှောက် တို့ကြောင့်။ စိတ်ပေါက်ပေါက်နှင့်။ စိတ်အလျောက် ရေးသားတော်မူခဲ့ဘူးကြောင်း။

o o o

တနေ့သောညခင်းအခါ။ လ,မင်းကလဲ သာသာတွင်။ လာနေကြ တပြေ့မတို့သည်။ ရသေ့ဆရာ့ထံတော်ပါးသို့။ တရားနာရောက်

ကြသဖြင့်။ နောက်ကထိုင်လျက်ရှိသော အရီးစိမ်းခေါ် ဒါယိကာမ ကြီးသည်။ ဤမည်သော အပျိုကြီးဘဝနှင့်။ သီလရင်လဲမလုပ်။ စိတ်ရှုတ်စရာကောင်းတဲ့ အမယ်ကြီးဟု။ ဖြစ်တီးဖြစ်တောက်။ ရောက်တတ်ရာရာ။ ပြောချင်ရာပြောပြီး။ တသောသော လုပ်နေ ကြရာတွင်။ အကြင်သို့သော မန္တလေးခင်တုတ်က။ မဟာဘုတ်တိုင် ထူနည်းမှ စ၍။ အသီးသီး အဝဝသော ဗေဒင်ကိန်းသွား။ ဟူးရားအတတ်များကိုလဲ။ မှတ်သားလေ့လာ ဘူးသည်နှင့်ညီစွာ။ "ဆရာမှိုင်းဘုရား။ အရီးစိမ်းကြီး ဇာတာမှာ။ ။(၁)"တူမိဿမှာ။ ထိုနှစ်ဖြာ။ ဖွားကာ လက်ထီးရှိ။ (၂) ထိုနှစ်ဖြာတွင်။ အင်္ဂါမြင်။ ကြင်ရာဘက်မရှိ"ဆိုတဲ့ အတိုင်းများ ဖြစ်နေလေရော့သလားမသိ"ဟု လျှောက်ထားလေ၏။

ထိုအခါ ကျုပ်တို့က။ ဝေဒ အရာ လေ့လာ သိမှတ်လိုသူတို့အတွက်။ သက်သက် မေတ္တာရိသဘောဖြင့်။ ဟောလား ပြောလား လုပ်ရသည်မှာ။"အိုမန္တလေးခင်တုတ် အမှူးထားပြီး။ ထူးမခြားနားသော တပဲ့မ အပေါင်းတို့။ ၎င်းအပျိုကြီးဖြစ်ရခြင်း။ လူအိုကြီးများနဲ့ ညားရခြင်းတို့သည်။ ဆင်းရဲဒုက္ခကြီးတမျိုးဘဲ။ အဲ အနှီသို့သော မိန်းမတို့ ဇာတာသည်ကား။ ဖွါးရင်း မူလ ၁၂ ရာသီစက်တွင်။ တခွင်ခွင်၌။အကြင်သို့သော ဂဋ္ဌုန်,ကျား,ခြသေ့်,နဂါး။ ပျော်ပါးတဲ့အလိုမှာ။ အ ပျိုကြီး သော် လည်း ကောင်း။ မယ်သီလသော်လည်း ကောင်း။ လင်ရယ် သားရယ်လို့ မတွေ့ရတဲ့။ ရသေ့မသော်လည်း ကောင်း ဖြစ်တတ်သည်။ ။နို့ပြီးပြန်လျှင်။ တခွင်ခွင်မှာ။ ကျား,ကြွက်,နဂါး။ သုံးဦးသားဆုံစည်းမူ။ ပစ္စည်းဥစ္စာလိုရာမတ။ ပေါပြည့်ဝတဲ့။ ဇောတိက သူဌေးကြီးတို့လို။ သွေးကြီးမွေးကြီး ဖြစ်ရတတ်သည်။ ။အနှီမှ တဝ။ မိန်းမတို့ ဇာတာများ၌။ ဖွားရင်းမူလ ၁၂ ရာသီစက်တွင် လင်ရှိချေက။ တနုအိမ်မှစ၍ ထောက်။ ၇ တန့်မြောက်။ လင်နှင့် သမသတ်။ ပထနီဘုံ၌။ ဂဋ္ဌုန်, ကျား, ခြသေ့်, ရာဟုတို့ ပေါင်းစုပြီးနေလျှင်။ လင်အို လင်သိုး။ လင်အဘိုးကြီးများနှင့် ညားတတ်ကြောင်း။ ။၎င်း ပြင် လည်း။ တ နည်း ဆို သော်။ ဘော် မ စုံ တကိုယ်တည်းဟု ဆိုအပ်သော။ အပျိုကြီး ဖြစ်တတ်ကြောင်း။ ။ ၎င်းအဆိုပါ ဇာတာရှင် ဖြစ်ရတဲ့ မိန်းမအပေါင်းတို့မှာ။ မကောင်းသော ဒုက္ခရယ်ကို့။ မုချတပ်အပ်။ မှတ်ကြရမယ် ခင်တုတ်ကဲ့။ ကိုင်း

ခင်တုတ်ကော ဘယ်နှစ်ခုသမီးလဲ။ အနီးတိုးပြီး။ ရိုးရိုး လျှောက်စမ်း ပါဦး" ဟု မိန့်တော်မူလေ၏။

ထိုအခါ။ မန္တလေး ခင်တုတ်က။ ကျုပ်တို့ကို ကြည့်တဲ့ပြီး။ ပြုံးသနဲ့နဲ့နှင့် "တပဲ့တော်မ မနက်ဖြန် ညခါမှ။ ဇာတာပါ ယူခဲ့ပ မယ်။ အခုညတော့။ ဓမ္မသဝန အလို။ ကုသိုလ်ရကြောင်းပါဘုရား" ဟု လျှောက်ထားလေသည်။

ယင်းသောအခါ။ အဆိုပါ စန်းလက် ဇာတာများ အကြောင်း နှင့် စပ်လျဉ်းပြီး သကာလ။ ဗုဒ္ဒရှင်တော်ဘုရား ဟောကြားတော်မူတဲ့။ ငါးရာ့ငါးဆယ်အဝင်။ အကြင်သို့သော စတုကနိပါတ်။ အမှုဇာတ် ပါဠိတော် အဌကထာတို့မှာ ပါရှိတဲ့။ ဤသည့် သတို့သမီးတို့၏ ကြီး လေးသော ဒုက္ခသစ္စာ တရားကြီးကို။ ဟော တော် မူရလေ၏။ ။ ဟောဟန်ကား။

အပျိုကြီး ယပ်လှဲတရား။

အို.... တပည့်မကြီး။ တပည့်မကလေးတို့။ ရှေးသရောအခါ။ ဗာရာဏသီပြည်ရဲ့ အနီးအပါး။ မြစ်ကမ်းနား တက္ခေ့မှာ။ ရသေ့ ယုတ်မာ တခု ရှိသတဲ့။ ကျုပ်တို့ကို သူတော်ကောင်း ရသေ့မဟုတ်ဘူး ပေါ့။ (မှန်လှပါဘုရား)။ ။အဲဒီ ရသေ့စဉ်းလဲ။ ရသေ့ပျက်သည်။ သရက်ဥယျာဉ်ကြီးတခု။ ပြုစုပျိုးထောင်ပြီး သကာလ။ ရသမျှ သရက် သီးတို့ကို။ မိမိလည်း သုံးစား။ လူများကိုလဲ လောက္ခတ်ပျူငှါလုပ်ပြီး။ ဘယုဿုက္ခ နေတာဘဲတဲ့။ ။အဲ အနှီအကြောင်းကို။ ဘုရားလောင်း သိကြားမင်းက။ အက္ခင်းသား, အထင်းသား။ ထင်ရှားသိမြင်၍။ ရသေ့ပိုင်နက်က။ သရက်သီးများကို။ ခိုးသား သူပျက် တေလေတို့။ နှောက်မှေ့ ဖျက်ဆီးတဲ့ အဟန်။ ဖန်ဆင်းပြီး ထားတယ်တဲ့။ ။အဲဒီ အတွင်းကလေးမှာဘဲ။ သူဌေးသွီး ဆိုတဲ့။ အ ပျိုပေါက် က လေး ၄ ယောက်မှာလဲ။ "ကြမ္မာဆောင် သားကောင်ဆိတ်ဖြစ်" ဆိုသလို ထိုဥယျာဉ်အတွင်း။ ချက်ခြင်းဘဲ ရောက်လာကြတာဘဲတဲ့။ ။အဲ သို့ကလိုရောက်လာကြတော့။ ဘာမှမပြောနဲ့တော့။ ဒေါနှင့်မောနှင့်။

တောအကျင့် ဓလေ့မဟုတ်တဲ့။ ရသေ့ယုတ် ငနဲက။ တကတဲ....ဟို အဆိုပါ သူဌေးသမီးကလေးတွေကို။ နင် တို့ ဘဲ။ ငါ့ သရက်သီးကို ခိုးတယ်။ ကြိုးနဲ့ ချည်မယ်။ ဘမ်းဆီးချုပ်နှောင်ပြီး။ ထောင်ချမယ်။ တန်းချမယ်နဲ့။ အရမ်းအဓမ္မ လုပ်ကရောတဲ့။ ကြားရဲ့လား ကေသာဝတီ။

ကေသာဝတီ။ ။"ဦးထိပ်ချွန်ဆင်ပါ ဘုရား"

အဲ အနှိုက်သို့။ အကြမ်းဘတမ်း။ အရမ်းလုပ်မယ် ဆိုတော့။ ထိုမည်သော အကလေးမတွေ့မှာ။ ချေးကျအောင် ကြောက်ကြောက်ပြီး။ ပြေးပေါက်ကိုလဲမမြင်။ ရှင်ရသေ့ကိုလဲ မရှောင်သာ။ ရောင်ချာချာ ဖြစ်ပြီး။ "မှန်လှပါ....ရှင်ရသေ့ သရက်သီး။တပဲ့တော်မတို့။ သီးမှ မဆွတ်ရ။မချူရ။မခိုးရပါဘူး။ ချမ်းသာပေးတော်မူပါ ဘုရားလို့။ သနားစရာ။ ငိုမဲ့မဲ့မျက်နှာနှင့်။ မသက်မသာ။ အခါခါ လျှောက်ထား တောင်းပန်ကြရှာသတဲ့ အရီးစိမ်းရဲ့။

အရီးစိမ်း။ ။"တယ်လဲ ယုတ်မာတဲ့ ရသေ့ပါ တကား မောင်ရင်မှိုင်းရယ်။ အဲ ဒါမျိုးတွေကြောင့်။ တပဲ့တော်မဖြင့်။ ရသေ့မြင်ရင် ဖူးချင်စိတ် မပေါက်ထာ"

အဟမ်း, အဟမ်း။ သလိပ်ကပ်တော့။ ရင်ထဲက တဆိတ်ကြပ်တယ်။ အဲ အနှီသောကာလ။ အာက ရသေ့ဆိုတဲ့ ရသေ့ယုတ်မာက။ ကိုင်း....မခိုးရိုးမှန်လျှင်။ ကျိန်ရမယ် တုယ်ရမယ်။ ဘယ်ဝယ် ဘယ်သို့ ပြောဆို ကြိမ်းမောင်းတဲ့ အရေးကြောင့်။ သူဌေးသမီးအပျိုကလေး တယောက်က။ ပေါက်ပေါက်ရှာရှာ။ ကျိန်ဆိုတာမှာတော့ အနှာလိုတဲ့။ ဘယ်လိုပါနည်းဟူမူ။

(၁) ယော, နီလိယံ မဏ္ဍယတိ၊ သဏ္ဌာဿေန ဝိဟညတိ။
တဿ, သာ ဝသ, မန္ဒေတု၊ ယာ, တေ အမ္မေ
အဝါဟရိ။ ။

ဘန္တေ၊ အရှင်ရသေ့။ ယာနာရီ၊ အကြင်မိန်းမသည်။ တေ၊ ရှင်ပင်ရသေ့ရဲ့။ အမ္မေ-အမ္မာနို၊ သရက်သီးတို့ကို။ အဝါဟရိ၊စဉ်းလဲစဉ်းစား။ ဝါးနှင့်တံချူ။ ဆွတ်ခူးချူ၍။ ခိုးယူမိမှား၏။ သာနာရီ၊ အဆိုးဘဝ။ တန်ခိုးပြတဲ့။ ထိုသူခိုးမသည်။ ဧဝံ၊ သို့ကလို။ ဟောတု၊ မသွေစစ်စစ်။ ဖြစ်ပါစေသား။ကို့၊ တကယ်ခံတော့။ ဘယ်လိုပါနည်း

ဟူမူ။ ယော၊ အမြင်ဆိုးတဲ့။ အကြင်အဘိုးကြီးအိုသည်။နီလိယံ၊ဆံဖြူ ကြိုးကြောင်၊အကဲတက်ပြီး၊မဲနက်အောင်ရယ်လို့။ မဏ္ဍယတိ၊ မင်ဆေး သုတ်မံ။ လိမ်းကျံခြယ်လယ်။ ဘယ်ဝယ် ဘယ်လို။ အထယ်ကိုယ်ယဉ်မှ ရယ်လို့။ ဆင်ရ ပြင်ရလေ၏တဲ့။ သဏ္ဍာသေန၊ တန်း တန်း ကလေး။ နခမ်းမွေးနှင့်။ မေးကိုသပ်ယပ်စေတဲ့။ မွေးညှပ်ဖြင့်လဲ။ ဝိဟညတိ၊ ခေါင်းကဆံဖြူ။ အလံ မထူရဘူးလို့။ နှုတ်ယူ ပင်ပန်းရတယ်တဲ့။ တဿ၊ ထိုခေါင်းဖြူစွယ်ကျိုး။ အရွယ် ညှိုးလို့မို့။ တကယ် မကိုး လောက်တဲ့ အဘိုးကြီးရဲ့။ ဝသံ၊အလိုသို့။ ဝါ။အမူအရာ။ဘသူမသာ အောင်။မူရာမာယာအလိုက်။ မြူကာ မြူကာနှင့် ပိုက်ချင်တဲ့။ဘူတာ ကြိုက်သို့။ အနွေတု၊ အစဉ်တစိုက်။ မကြင်ထိုက်သော်လဲ။ လိုက်ရ ပါစေသတည်း။ (ဝါ-တနည်းကား)။ အပိုးမပြီး။ နသိုးထီး ကဲ့သို့ သော။ အဘိုးကြီးဘဲ ဖြစ်ဖြစ်။ "မချစ်သော်လဲ အောင့်ကာနမ်း။ မနမ်းသော်လဲ ပင့်သက်ရှူ" ဆိုသလို။ ထိုအဘိုးကြီးကို မကြိုက်သော်လဲ။ လိုက်ရပါစေသား။ ဝါ၊ ရှေသွားနောက်လိုက်။ မကိုက်သော်ငြားလဲ။ မယားဖြစ်၍။ စင်စစ်လိုက်ရပါစေသား။ တထာရူပံ,ပတိံ၊ တညို့ တမှောင့်။ သို့တနှောင့်နဲ့။ အနို့ကြောင့်ရှက်ဘွယ်။ မတင့်တယ်တဲ့။ အရွယ်မတူ။ မြင်မကောင်းတဲ့။ လင်ခေါင်းဖြူကို။ လဘတု၊ ဘဝ အသရေ။ မလှလေအောင်။ ရပါစေသားဘုရား။

အပျိကလေး တယောက်။ နောက်ကပါသလို ကျိန်ဆိုပြီး၍။ ရသေ့က။ ဟေ့ ဒကမတဉီး ကျိန်အုံးဟု။ ကြိမ်လုံးကြီး ကောက်ပြီး။ ငေါက်တော်မူသည့် အလျောက်။ တယောက်က ကျိန်ပြန်သည်မှာ။ အနှာလိုတဲ့။

(၂) ဝီသံဝါ ပဉ္စ,ဝီသံဝါ။ ဦန,တိံ သံဝ ဇာတိယာ။
တာဒိသာ ပတိ,မာလဒ္ဓါ။ယာ,တေ အမ္ဖေ အဝါဟရိ။ ။

ဘန္တေ၊ အမြင်အတွေ့။ မကြင်လေ့တဲ့။ အရှင် ရသေ့ကြီး ဘုရား။ ယာနာရီ၊ နဂိုရ်လှပ။ အလိုကျလောက်တဲ့။ အကြင် အပျိမ သည်။ တေ၊ ရှင်ပင်ရသေ့ရဲ့။ အမ္ဖေ၊ သရက်သီးများကို။ အဝါဟရိ၊ အဒိန္နဒါန်၊ အကြံညစ်ဆိုး။ ကိုယ်တော်ယိုးလောက်အောင်။ ခိုးယူမိ၏။ သာနာရီ၊မလိုတမျိုး။လိုဘမျိုးနှင့်။ ထိုသူခိုးမသည်။ပတိံ၊အလဘိတွာ၊ သက်ဆဲ့ငါးနှစ်။ ဆဲ့ခြောက်နှစ်က။ လင်ချစ်သက်ဝေ။ မရလေဘဲ။

ဇာတိယာ၊ အရွယ်အားဖြင့်။ ဝါ၊ မိခင်ဝမ်းကဖွားသည်မှ။ ဝီသံဝါ၊ အသက်နှစ်ဆယ်။ အလိုမနီး။ တကိုယ်ထီးဆိုတဲ့။ အပျိုကြီးအရွယ်သို့ လည်းကောင်း။ ပဉ္စဝီသံဝါ၊ နှစ်ဆဲ့ငါးနှစ်။ သက်ဆစ်ဖြိုးကယ်။ နဂိုရ်မျိုးရိုး။ အလိုလိုညှိုးရမဲ့။ အပျိုသိုးကြီး အရွယ်သို့ လည်းကောင်း။ ဦန့တိံသံဝါ၊ အရွယ်တွက်စစ်။ သက္ကရာဇ်မှာ။ နှစ် နှစ်ဆဲ့ကိုး။ ခွေညှိုးနွမ်းနယ်။ အပိုသမိုင်း။ အလိုရိုင်းရတဲ့။ အပျိုဟိုင်းရွယ်သို့ ၎င်း။ ပတွာ၊ မသွေထုတ်ချောက်။ ဧကဝုစ် ရောက်၍မို့။ တာဒိသာ ထိုသို့ထို့နယ်။တခေတ်လုံးလုံး။ မချစ်လို့မုန်းကြတဲ့။ နှစ်သုံးဆယ်တိုင်။ မပြိုင်ဖူးစာ။ မသီးမပွင့်အောင်ဟာ။ ကြီးရင့်ပါသည်ဖြစ်၍။ ပတိံ၊ လင်ကို။ ဝါ၊ ကြင်သူမြောက်သား။ ယောကျ်ားရတနာ။ လင်တန်ဆာကို။ မာလဒ္ဓါ၊ အစစအရာရာ။ ဂွကျပါအောင်။ မရပါစေလင့်။ ဝါ၊ နှစ်ဖြာနှစ်ဦး။ တခါဘူးမျှ။ စိတ်နူးကြည်လင်။ တရည်ရည်ရွင်ကြဘို့။ မဆင်ရပါစေနဲ့။ ဝါ၊ နှစ်ကိုယ်ရွင်လန်း။ ဟိုသေဉ်ခန်း၌။ လင်ပန်း-မပန်ရပါစေသား။ ဝါ၊ ပုဆိုးတန်းတင်။ လင်ဖြစ်မယားရယ်လို့။ မညားရပါစေသား။ ဝါ၊ လူမှုစဉ်လာ။ တအင်္ဂါဟု။ မင်္ဂလာရှက်စပ်၍။ လက်မထပ်ရပါစေသား။ ဝါ၊ တသိမ်မပြောင်။ အရှိန်မှောင်ဘို့။ အိမ်ထောင်မကျရပါစေသား။

ထိုသို့ ဒုတိယ သူဌေးသွီးက။ တနည်း ကျိန်တွယ်ပြီးကာလ။ တတိယ သူဌေးသွီးက။ တသီးပုဂ္ဂလ, ဓိဋ္ဌာနသစ္စာမူပြန်သည်ကား။

(၃) ဒီဃံ-ဂစ္ဆတု, အဒ္ဓါနံ။ ဧကိကာ, အဘိသာရိကာ။
သံကေတေ-ပတိမာအဒ္ဓ။ ယာ,တေ-အမ္ဒေ-အဝါဟရိ။

ဘန္တေ၊ ယောဂီအလုပ်ဆိုပြီး။ တောဆီငုပ်တဲ့။ ကျုပ်တို့ ရှင်ရသေ့။ ယာနာရီ၊ အကြင်အတောင့်မကြီး။ အသီးမမာဆိုတဲ့။အကြင်သူကောင့် သွီးကညာသည်။ တေ၊ အမြင်အတွေ့။ မမင်သဟေ့ဆိုတဲ့။ အိုဘဲ့ရှင်ရသေ့၏။ အမ္ဒေ၊ ခက်လက်အနီး။ အရွက်ကြီးတွေနဲ့။ သရက်သီးတို့ကို။ အ-ဝါဟရိ၊ အဆိုးမူယူ။ သူခိုးမူဖြင့်။ ခိုးယူမိ၏။ သာနာရီ၊ မရိုမကျိုး။ အလိုဆိုးနဲ့။ ထိုသူခိုးမသည်။ အဘိသာရိကာ၊ လင်လိုမရ။ လင်လင်တသည်ဖြစ်၍။ ဝါ၊ ရှင်ဘုရင်ကတော်ခံဘို့ ထားပါအုံးတော့။ ရှင်ပျော်ရန်ဆိုလို့။ လင်စော်မနံရသည်ဖြစ်၍။ ဧကိကာ၊ နှစ်ကိုယ်မနီးနိုင်သမို့။ တဖိုဖိုညီးလောက်တဲ့။ တကိုယ်ထီး။

ဒီဃံ၊သွားဘို့လာရာ။ ရှည်လွန်းစွာသော။အဒ္ဓါနံ၊ တဂါဝုတ်လောက်။ ရှေ့နောက်မြောက်တောင်။ ဝေးခေါင်မနီး။ အပန်းကြီးတဲ့။လမ်းခရီးသို့။ ဂစ္ဆတု၊ လင်ကိုရနိုး။ မြော်ကိုးရှာဘွေ။ မဟားဒယား။တဖါးဖါးနဲ့။ သွားရပါစေသတည်း။ ဂစ္ဆန္တာပိ၊လင်ကိုရနိုး။ အားအန်ကြိုးပြီး။ မြော်ကိုးရည်ရော်။ သနားကမား။ တဖါးဖါးနဲ့။ သွားပါသော်လဲ။ သံကေတေ၊ နှစ်ကိုယ်စုံမက်။ ပဒါနှစ်ပန်း။ အရာရာနမ်းစေဘို့။ မညှာတမ်း ဆက်စရာ။ မတိမ်းမဖျက်။ တမိန်းမိန်းစက်ရအောင်ဆိုတဲ့။ ချိန်းချက်ပါတဲ့အရပ်၌။ ပတိံ၊ အပလိန်း,အကလက်။ တစိမ်းစိမ်းမက်လောက်တဲ့။ ချိန်းချက်ရင်းလင်။ မယ့်လွန်းကြင်ကို။ မာအဒ္ဓ-မာအဒ္ဒဿ။ ရသေ့အရှင်ရယ်။ တငွေ့ငွေ့မရှင်ဘို့။ မတွေ့မထင်။ မမြင်ရပါစေနဲ့။ ဝါ၊ မတွေ့မရပါစေသား။

အဲအနှီကဲ့သို့ တဦးကကျိန်ဆိုပြီးကာလ။ စတုတ္ထ သူဌေးသမီးမှာလဲ။ သွေးကြီး၍ မနေဝံ့။ ကြောက်ရွံ့သောလက္ခဏာဖြင့်။ မျက်နှာကို အောက်ချပြီး။ အောက်ကပါရှိတဲ့ဂါထာဖြင့်။ သာယာချေငံ။ ကျိန်ဆိုရပြန်တယ်တဲ့။ အဟမ်း, အဟမ်း။

(၃) အလက်တာ-သုဝသာနာ။ မာလိနီ-စန္ဒနုဿဒါ။
ဧကိကာ- သယနေ, သေတု။ ယာ,ဧတ-အမ္ဗေ-
အဝါဟရိ-တဲ့။ ။

ဘန္တေ၊ တပဲ့တော်မတို့ကို။ မရမကအပြင်း။ အတင်းဇွတ်ဘမ်းပြီး။ မလွတ်တမ်းဖူးတွေ့ရတဲ့။ ဦးရသေ့ကြီးဘုရား။ ယာနာရီ၊ အသို့တနည်း။ တမျှုံ့ချီးလောက်တဲ့။ အကြင်သတို့သမီးသည်။ တေ၊ ဓလေ့မလျော်။ အတွေ့ရှော်တဲ့။ ရသေ့ကိုယ်တော်မြတ်၏။ အမ္ဗေ၊ ခြံကထွက်တဲ့ သရက်သီးတို့ကို။ အဝါဟရိ၊ တမျိုးမဖြူ၊ မရိုးမူနှင့်၊ ခိုးယူမိ၏။ သာနာရီ၊ အလိုမငြိမ်း။ အပျိုကိန်းဆိုတဲ့။ ထိုမိန်းမသည်။ အလက်တာ၊ ပုတီးနားဆောင်း။ ရောင်မောင်းထိန်လျှပ်။ စိန်လက်စွပ်နှင့်။ လက်ကြင် လက်ကောက်။ ထွန်းတောက်ကိုယ်မှာ။ ရတနာတို့ဖြင့်။ တန်ဆာစုံလင်။ အယဉ်ကြီး ယဉ်ရော့ဟဲ့လို့။ ဆင်ပြင်ရပါလျက်။.... သုဝသာနာ၊ ဘိုးထိုက်နဂ္ဆိ။ ဘက်မရှိတဲ့။ ကာသိခေါမ၊ လောကဝတ်လုံ။ သြချလို့တုန်လောက်တဲ့။ ထည်ကောဋုံတို့ဖြင့်။ ဝတ်ရုံစမ္ပာယ်ရပါလျက်။....မာလိနီ၊ယိမ်းလိုက် တိမ်းလိုက်။မိန်းမကြိုက်

တွင်ဖြင့်။သိန်းထိုက် ဘိုးတန်။ ရွှေဝတ်ဆံနှင့်။ နေဟန်ရွှေပွင့်။ ဝင်းဝင်း စွင့်မျှ။ ဘခင့်ကျေးဇူး။ ထူး၍တင့်ဆန်း။ အံ့မခန်းအောင်။ ရွှေပန်း, ခေါင်းတွင်။ ပန်ဆင်ရပါသည်ဖြစ်လျက်။.... စန္ဒနုဿဒါ၊ အဘိုးသိန်း ထိုက်။ အမြိုက်တမျှ။ မွေးကြူလှတဲ့။ လောဟိတ, စန္ဒကူးတို့ဖြင့်။ နူးအောင်မလတ်။ မပြတ်နိယံ။ ဘိုကရိုနှုံး။ ချိုချိုပြုံးကလေးမှာ။ တကိုယ်လုံးမံ၍။ လိမ်းကျံ ချယ်လယ်ရပါလျက်။ ဧကိကာ၊နှစ်ယောက် မတွဲ။ တယောက်ထဲ။ ဝါ၊ နှစ်ကိုယ်မနီး။ တကိုယ်ထီးသာ။ ကြင်ရာ မလုံ။ ဘော်မစုံဘဲ။ သယနေ၊ အိပ်ရာ၌။ ဝါ၊ အိပ်ရာဘွေသဉ်။ မရှက် စတမ်း။ ရမက်ဘမ်းတဲ့။ စက်ခန်းခွင်၌။ သေတူ၊ ဩော် အနိစ္စ, အနိစ္စ နှင့်။ အိပ်ရပါစေသတည်း။ ဝါ၊ မခွှင်စတောင်း။ နွမ်းခွေ ပျောင်း၍။ စက်လျောင်း အိပ်နေရပါစေသောဝ်။ မြတ်ရှင်စော ဩကာသ ဩကာသ။

အဲ ဤကဲ့သို့။ လေးယောက်သော သူဌေးသွီးတို့က။ အသီးသီး အသက,အသက။ အနည်းနည်းအဝဝ။ သရက်သီးများကို မခိုးရပါ ကြောင်းနှင့်။ အဓိဋ္ဌာန်ပတ္ထနာ။ ကျိန်စာရွက်သောအခါ။ ယုတ်မာ သော ရသေ့က။ ဟေ့ မယ်မင်းတို့ လေးယောက်သည်။ အခြား သော သာမညမိန်းမတို့ ကျိန်ဝံ့ခဲသော အကျိန်ကို။ ကျိန်ဆိုရဲကြပါ ပေတယ်။ ဘယ်နည်းနှင့်မှ။ ငါ့သရက်သီးများကို ခိုးပုံမပေါ်ဘူး။ အ ခြားသောကြပိုးတို့။ သူခိုးတို့။ ထိုးဟန် ခိုးဟန်ပေါ်တယ်။ကိုင်း သတို့ သွီးတို့။ ပြန်ကြပေတော့ ပြန်ကြပေတော့ဟုအခွင့်တော်ပေးပြီး။အရေး တော်မယူဘဲ။ ပြန်လွှတ်လိုက်ကရော့တဲ့။ ထိုအခါ။ တာဝတိန်သာ ပြည်ကြီးရှင်။ ဘုရင်သီကြားမင်းသည်။ ဤရသေ့ယုတ်မာ။ မိစ္ဆာဒိဋ္ဌိ ဂိုဏ်းဝင်။ အမြင်မတော်သော သတ္တဝါကို။ နတ်ဗြဟ္မာတို့ ကြည့်၍ မနေထိုက်။ နှင်လိုက်မှဘဲဟု။ အထူးထူးသော ကြောက်မက်ဘွယ်ရာ။ နာနာရုပ်တို့ကို ဘန်ဆင်း၍။ အတင်းချောက်လှန့် မောင်းနှင်လိုက် ကရော့တဲ့။

ဒေါ်ဥတ္တရာ။ ။"ခြားခြား ထူးထူး။ မကြားဘူးအောင်။ ကုန်မြူးတဲ့ ဒေသနာကို။ ဘေဒါ, ကေသာတို့နဲ့။ ပဒေသာလိုပေါ် သွတဲ့။ ရွှေအညာလောကနှင့်တကွ။ တဇေယျာတောရက။ သဘော

ကျကြပါလိမ့်မယ်။ မောင်ရင်မှိုင်းရယ်။ ဆန်းလဲ ဆန်းပေတာကိုး ဘုရဉ့်"။

အဲဒါ အဆန်းမဟုတ်ဘူး။ ဒါကကာမကြီးရဲ့။ ဗုဒ္ဓရှင်တော် ဘုရားရဲ့ သာသနာတော်ခေတ်၌။ ညစ်ပတ်နိုင်ရင်လဲ ခဏပေါ့။အချိန် တန်တော့။ နွားပိန့်ကန်ဆိုတာလို။ နတ်များ သိကြားများကလဲ။ အလ ကားကြည့်မနေပါဘူး။ ကြည့်ပါလား ဒါယိကာမကြီးရဲ့။ ကဿပ မြတ်စွာဘုရားသခင့် သာသနာတော်ကြီး ပျက်စီးတိမ်းယိမ်းအောင်ပြုမူ ကြတဲ့။ အယူမသမာ။ တဘာသာဟုဆိုအပ်တဲ့ မိစ္ဆာဒိဋ္ဌိများကို။ ဘုရား လောင်း သိကြားမင်းက မြင်သိ၍။ မိမိက မူဆိုးကြီး အသွင်ပမာ မာတလိနတ်သားကလဲ။ အများတို့ ကြောက်လောက်အောင်။ ဆင် ပေါက်နီးနီး။ ခွေးနက်ကြီးသဏ္ဌာန် ဖန်ဆင်းကာ။ ဗာရာဏသီမြို့ အတွင်း သက်ဆင်းလာရောက်။ ခြိမ်းချောက်ခြင်းကြောင့်။ မင်းနှင့် မကွာ။ မိစ္ဆာသမား။ ဒိဋ္ဌိများတို့အား။ ကြီးစွာထိတ်ခ်ဲ့ လန့်ဖျပ်စေ၍။ ကဿပမြတ်စွာဘုရားကြီး၏။ တရားတည်းဟူသော သာသနာတော် ဆုတ်ယုတ်ဟန်ကို။ တဖန်အသစ်။ အနှစ်တထောင် တည်နိုင်အောင် ပြုစု ချီးမြှောက်ခဲ့ဘူးကြောင်းကို။ ၎င်းဒွါဒသနိပါတ်။ မဟာကဏှ ဇာတက အဋ္ဌကထာ၌ ပါရှိသော။

ဤတော၊ ဤယခုအခါမှ။ ပဋ္ဌာယ၊ စ၍။ အဓဏ္ဏိကေ၊မင်းရော ပြည်ပါ။ မိစ္ဆာအလိုက်။ စရိုက်ကြမ်းတန်း။ မိုက်ကန်းကန်းနှင့်။မိုက်ပန်း ပွင့်ကြသူတို့ကို။ သုနခံ၊ အမွေးအမှင် တထောင်ထောင်နဲ့ ။ဆင်ပြောင် လောက်နီး။ ခွေးနက်ကြီးကို။ အဟံ၊ တရားမကင်းတဲ့။ ငါသိကြားမင်း သည်။ ခါဒါပေဿာမိ၊ လက်မှလွှတ်၍။ ရွတ်ရွတ်ညက်ကြေ။ ကိုက် စားစေအံ့။ မဟာရာဇ၊ မင်းကြီး။ တုံ၊ လူတို့ခေါင်းဆောင်။သင်မင်း ခေါင်သည်။ အပုမတ္တော၊ မမေ့လျော့။မပေါ့တန်သည်။ဟောတိ၊ဖြစ် ဘိလော။ ဤတိ၊ အနှီသို့။ သဏာရဟဂါဏာဟိ၊ တရာထိုက်သော ဂါထာတရားတို့ဖြင့်။ ဒေသေတွာ၊ ဟောပြောပြသ၍။ မနုဿာနံ၊ တိုင်းနေပြည်သူ။ လူအပေါင်းတို့ကို။ ဒါနသီလေသု၊ ဒါနသီလတို့၌။ ပတိဋ္ဌာပေတွာ၊ တည်စေ၍။ သြသဂ်္ဂိတသာသနံ၊ အခက်ကြီး ခက် အောင်။ ပျက်စီးဆုတ်ယုတ်တဲ့ ။ ကျုပ်တို့ ဗုဒ္ဓမြတ်စွာ။ သာသနာ တော်ကို။ ဝဿ သဟဿ ပဝတ္တနသမတ္ထံ ။ အနှစ်တထောင်။တည်နိုင်

အောင်ကို။ ကတ္ဒာ၊ ပြု၍။ မာတလိ၊ သမ္ဘာရှိတဲ့။ မာတလိနတ်သား ကို။ ဝါ၊ မာတလိနတ်သား။ တန်ခိုးအားဖြင့်။ ခွေးကျားတို့ထက် ကြောက်ဘွယ်။ အစွယ်ပြူးတူး, ခွေးဘီလူးကို။ ဝါ၊ မာတလိ နတ် သား။ ကျားထက်မက။ ဆိုးဝါးလှသဖြင့်။ မြင်သမျှကြောက်။ ဆင် ပေါက်နီးနီး။ ခွေးနက်ကြီးကို။ အာဒါယ၊ ယူ၍။ ဝါ၊ သံကြိုးငါး ချောင်း။ရှက်ပေါင်းအတူ ။ဆွဲငင်ယူ၍။ သကဋ္ဌာနမေဝ။ မိမိနေရာ။ တာဝတိန်သို့သာလျှင်။ ဂတော၊ တဖန်မနား။ စျာန်ကစားသကဲ့သို့။ ပြန်သွားလေ၏။ မဟာဇနာ၊ မင်းရောပြည်ပါ။ လူတကာ တို့သည်။ ဒါနသီလာဒိနံ၊ အလှူဒါန။ သီလအကျင့် စသည်တို့ကို။ ကတ္ဒာ။ ဂရုဓမ္မပြုကြကုန်သည်ဖြစ်၍။ ဒေဝလောကေ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ။ အဘုံဘုံတို့၌။ နိဗ္ဗတ္တိံသု၊ မသွေမလှန်။ ဓေဝဓံကြောင့်။ ကေန်စင်စစ်။ ဖြစ်ကြကုန်ရောတဲ။

(ယင်းသို့သောအဆုံးတွင်။ အားလုံးအားလုံးသော တပည့်မ အပေါင်းတို့က။ သောင်းသောင်းညာညာ။ များစွာသာဓုခေါ်ကြ သော်လဲ။ ဒါယိကာမကြီး အရီးစိမ်းတယောက်မူကား။ သာဓုမခေါ် ပေ)။

အရီးစိမ်း။ ။"မောင်ရင်မှိုင်း ဟောသွားတဲ့ တရားထဲမှာ။ ဗာရာဏသီ ပြည်သူပြည်သားတွေ တရားပျက်လို့။ ခွေးနက်ကြီး ချောက်လှန့်တာနဲ့။ ကြောက်လန့်တယ်ဆိုတာ။ ဟိုအခါလူပေါ်စမှာ။ ဗာရာဏသီသားတို့။ လူဝါးမဝ။ မယဉ်ကျေးကြသေးလို့နဲ့ တူ ပါတယ်။ ခုနယ် အခါများသာဖြင့်။ ကိုယ်တော့် ခွေးနက်ကြီးဟာ။ မေရှင်းဂန်း,နဲ့ ချလိုက်ရ။ မာလက သွားမှာပေါ့"။

ပုညဝတီ။ ။"ဒီအမယ်ကြီးဟာ။ ရောက်ရီး ရောက်ရက်။ နောက်တီး နောက်ပျက်နဲ့။ ခက်လဲ ခက်တယ်။ အသာ နေစမ်း ပါအုံး။ ဆရာကြီး ဟောပြတဲ့ အမ္ဗဇာတ်နိဒါန်းက။ ထူးဆန်းတဲ့ ဇာ တာရှင်။ အပျိုကြီး။ လင်အိုရ။ မူဆိုးမတို့ဇာတာနဲ့စပ်ပြီး။ ဂဋ္ဌုန်တို့ နဂါးတို့။အကြောင်းများကို ကြားလိုက်ရပါတယ်။ အဲဒီဂဋ္ဌုန် နဂါး တို့ ဂြိုဟ်နေဟန်ကို။ သိသာရန် ဆက်ပါအုံး ဘုရား"၊

အင်း ဆက်ဆို ဆက်ရပေမပေါ့။ တနင်္ဂနွေတို့။ တနင်းလာတို့။ အင်္ဂါတို့။ စနေ စသည်တို့ နေဟန်ကို။ ယမန်ကကြေညာတဲ့။ စလေ

ဆရာကြီး ဦးပုည။ ပြဿဒ်ဆိုအပ်သော တေးထပ်ကိုသာ မှတ်သား ပေတော့။ ဘယ်လိုပါနည်းဟူမူ။

(၁) အပျိုကြီး ဇာတာဟော တေးထပ်။

ကျား, ဂဠုန်, မြေ့, ခြင်္သေ့တို့။ တူတွေ့လို့ပေါင်းဆုံ။ ဤလောက လူ့ဘုံမှာ။ ဘော်မစုံကိုယ်ထီး။ ။မယ်သီလ, ဘိုးသူတော်လို။ ကျိုးယူမျှော်ဖြစ်လိမ့်အပြီး။ ။လှုံခဲလို့သက်မွေးရာ။ နက်လေးစွာဥာဏ်ကြီး။ ဆက်ရှေးပါကံမှီးလို့။ ဖန်တီးတဲ့သမ္ဘာ။ ။ကျား, ဂဠုန်, ကြွက်မြေ့ရောလျှင်။ ဇောတိကပုံပမာ။ ။ထက်မျက်လှည့်ဥာဏ် ပညာ။ သီလမှာ စောင့်ချုပ်လို့။ ထိန်းအုပ်တဲ့လူ့ခြေ့။ တည်တန့် နိုင်ပေ။ ။ထင်စွာညို။ ပညာရှိသူ့အခြေကို။ မူလလေဟောပုံကဲ့လေး။

(၂) ၎င်းပြင် တနည်း။ အပျိုကြီးတမျိုးနှင့် အဘိုးကြီးအို ရ တေးထပ်ကား။

ကြင်သက်လျာလင်နှင့်ဝေး။ ယဉ်ကျေးသည့်ကညာ။ ခင်လေး၏ ဇာတာကို။ ငါဆရာအသိ။ ။ရေးလိုက်သည့်နဖူးစာမှာ။သတ္တာတာလဲလို့မရှိ။ ။သိသာခွင့်ထက်ရပ်ဖေ့လျှင်။ ထက်ချပ်လေမြင်သိ။လက်သတ္တေခွင်ကိုကြည့်လျှင်။ ခင်တမိဇာတာ။ ။စန်း, ဂဠုန်, ရှေခြင်္သေ့ ငယ်တို့။ ခွင်မရှေ့ရာဟုနှင့်သာ။ ။မြင်တွေ့တဲ့ကိန်းအလာကို။ တိမ်းပါလျှင်မောင်းခတ်တော့။ ကြောင်းမစပ်လူပျိုစင်။မဲ့တဲ့ဖြစ်အင်။ ။ အပျိုကြီးလို့ဆရာထင်တယ်။ မလာချင်ပြန်အုံးတော့လေး။

× × ×

ယင်းသို့လျှင်။ ယခင်လွန်ခဲ့သောအပတ်မျှားက။ မှတ်သားဘွယ်ရာ။ အဖြာဖြာသော ဗဟုသုတတို့နှင့် စပ်လျဉ်း၍။ ခြင်္သေ့နှင့်ကျား။ နဂါးနှင့်ဂဠုန် စသည်တို့၏ ဤမည်သော သတ္တိသွမ်း တို့၏ အသိုးသီး

သော စန်းလက်ဇာတာတို့ နေပုံကို။ အာရုံတော်ကွန့်မြူး၍။ အထူး တလယ်။ ဘယ်ဝယ်ဘယ်သို့။ အနို့မို့ အနှိုလို့။ ထိုထိုသို့သော ဇာ တာခွင်ဟောထုံး။ သုံးတန်ပေါ် နိပ်သဘောမျှားနှင့်။ ဟောလား ပြောလား လုပ်ပြီးသည်၏ အခြားမဲ့၌။ အများတပဲ့မ သူတော်စင်တို့ မမြင်မတွေ့ရလေအောင်။ ရှောင်ဖယ်ခဲ့ပြီး သကာလ။ ဝါလဝါတွင်း။ ဝါသီတင်းတို့၌။ ဂူတွင်းလိုဏ်ခေါင်း။ ပုန်းအောင်းပြီးခါ။ နေခဲ့ရာမှ။ တခါတဖန်။ ထွက်ခဲ့ပြန်၍။ စံတော်မူနေကြဖြစ်သော။ ဓမ္မာသန ပလ္လင် သို့တက်၍။ ထက်ဝယ်ဘွဲ့ခွေ စံနေတော်မူလေရာ။ လာနေကြ ဖြစ်သော တပည့်မတို့သည်။ ကဝိဇဏ်တော် မှောက်သို့။ လာရောက် ပြီးခါ။ လျှောက်ချင်ရာ လျှောက်ထားကြသည်ကား။ အောက်နားကအတိုင်း ပင်တည်း။

အရီစိမ်း။ ။"ယောဂီဆရာ။ကသိုဏ်းဓာတ်နှင့်။ မှိုင်းမြတ်စွာ ဘုရား"။

မှိုင်းမြတ်စွာတော့ ဘာတွေနဲ့။ ကြာရှေရှေဇာမခွဲနှင့်။ လာတဲ့ ကာ အနားကပ်ပြီး။ ပါးအပ်၍လျှောက်စေဗျား။

အရီးစိမ်း။ ။"မှန်လှပါ ယောဂီဆရာ။ သူမြတ်စွာရယ်။ "ပါပါနိဝါရေတို၊ ကလျာဏေနိဝေသေတိ" အစရှိသော ပါဠိတော် မြတ်။ ပါဠိနှင့်ညီစွာ။ ဆရာရသေ့ရဟန်းတို့က။ မှီငြမ်းတဲ့ ဒကာ တ ပည့်မ။ ရှိသမျှတို့အား။

(၁) လေးပါးပါယ်ရှာ။ လားဘို့ရာကို။ မြစ်ထာဆုံးမခြင်း။

(၂) ခြောက်ပါးနတ်ရှာ။ သွားဘို့ဒကို။ ကောင်းစွာ ညွှန် ပြခြင်း။

(၃) သံသယကထာ" ထွေးရှက်ရာ၌။ ဖြတ်ခွာချေပခြင်း။

(၄) မကြားတောင်းသော။ထုံးဟောင်းနည်းနာ။မှတ်ဘို့ရာ ကို။ ထင်စွာဟောပြခြင်း။

(၅) ရှိနေရာရာ။ ဘေးရန်ကွာအောင်။ မေတ္တာဝေဒှခြင်း။

(၆) အရန်းအတား။ မြတ်တရားကို။ သင်ကြားပြသခြင်း။

ယင်းဆိုခဲ့သော ကျင့်ဝတ်ခြောက်ရပ်။ လက်ဆောင်မြတ်ဖြင့်။ မပြတ်စောင့်မ။ ခါးပသင်္ဘိဟ်တော်မူလေ. ရှိသည်နှင့်အညီ။ ဤမည်

သော မှတ်စရာတခုကို။ ပြဿနာ ပြုလိုကြောင်းပါ မောင်ရင်မှိုင်းရယ်"။

အင်း ကျုပ်တို့ အရီးစိမ်းက။ တနည်းဖြန်းလိုတဲ့ပြဿနာကို။ ထပ်ခါ လျှောက်စမ်းပါဦးဗျာ။

"ကောသာ။ ။ကဲ လျှောက်တော့ လျှောက်"။

အရီးစိမ်း။ ။မှန်လှပါတော့။ ဆရာ မောင်ရင်မှိုင်း တို့ရဲ့ အလုံမြို့ကျေး။ မုံရွေး ဇေတဝန် ဆရာတော်ဘုရား။ ရေးသား စီရင်တော်မူတဲ့။ အကြင်သို့သောရာဇောဝါဒ။ ရာဇအဲလက်ာ။ မုံရွေး မေတ္တာစာ၌။ "ဂဠုန်လိုက်နဂါး။ ရေနားတွင် ပျော်မွေ့သည်။ရသေ့ကြောင့် အသက်ရှင်" ဟူ၍တော့ဘူးပါသည်။ ဤအဆိုစာပိုဒ်၌။ ဂဠုန်က နဂါးကိုလိုက်သလား။ နဂါးက ဂဠုန်ကို လိုက်သလား။ ခြားနားအောင် မသိပါသဖြင့်။ ကဝိဆရာ, တသိန်မြတ်သူက။ ပိဏ္ဍတ္ထ, အဝယဝတို့ဖြင့်။ ကျနစ္စာဟောပြမှ။ တောရသူတပည့်တို့။ တိတိကျကျ။ သိရမည် ဖြစ်ပါကြောင်း။ ဦးခေါင်းထက် လက်အုပ်ချီ၍။ အလိလီ လျှောက်ထားပါသည် ဘုရား"။

ဩော် မသိလို့ရှိမှ။ သိရအောင် ဟောရ ပြောရ ပေမပေါ့။ သို့ရာတွင်။ ယခုအခါ မြန်မာပြည် ခေတ်တမ်း၌။ သစ်ဆန်းသော "ဒီမော်ကရေစီ" နည်းအရ။ ဓမ္မရေအေး။ အမြိုက်ဆေးကို။ တိုက်ကျေးတော်မမူမီရှေးအတို့တွင်။ အကြင်သို့သော တရား နာခံတော်မပုညဝတီက။ အဥ္ဇလီအသွားကောင်းတို့ဖြင့်။ တရားတောင်းစေ။

ယင်းသောအခါ။ အဆိုပါပုညဝတီက။ ဤမည်သော ကျုပ်တို့နေရာ။ ဓမ္မသနပလ္လင်ဦးကို။ နဖူးဖြင့် အသာတိုက်၍။ ကဗျာ အလိုက်။ ဝါသနာစရိုက်တို့ဖြင့်။ ငိုက်ငိုက်ကလေး လျှောက်ထားသည်ကား။ အောက်နားက အတိုင်းပင် ဟူ၏။

ကုန်းဘောင်ဆင်ဖြူရှင်လက်ထက်။ ထားစကြာဆက်သသော အခမ်းအနားတွင်။ ဝန်ထောက်နော်ရထာ ဆက်သော ရတုပိုဒ်စုံ။

(၁) ဝေဖြိုးမောက်စည်။ ရွှေဘုန်းသည်လျှင်။ ဆက်ရှည်မြင့်စွာ။ ကမ္ဘာဘာက။ ပုံရာဇဝင်။ ကြားမထင်အောင်။ စက်ရှင်ပြောင်ရွန်း။ လက်ရုံးထွန်း၍။ ဤကျွန်းမာန်နှိပ်။ ဇမ္ဗူဒိပ်ဝယ်။ ဆယ်ကျိပ်ခွန်ယူ။ တို့မှန်ကူကို။ လူစင်ပြိုင်ဘူး။ ထားဘိဦးလော့။ ဆိတ်ကြူးမာန်ပြည့်။ မျက်စောင်းလှည့်က။ မြည့်မြည့်ဖွဲ့ပြာ။ ညက်ကြေရာသာ။ ဗင်္ဂါရေနတ်။ ဒဋ္ဌရဋ္ဌလည်း။ ရစ်ပတ်ဘဝါး။ ခွေကာထားသည်။ ။ ခြေဖျားရွက်သာစီဘုရား။

(၂) မြေလျှိုးအောက်ပြည်။ နဂါးသည်မူ။ ဆယ်မည်ထွင်းဖေါက်။ ရွှေဘုန်းရောက်က။ အမောက်မလန်း။ ညှိုးလျော်မြန်းလျက်။ ဘောင်းခန်းကျော်ထိတ်။ ဇာနည်စိတ်ဖြင့်။ ဗျာဒိတ်တော်ခံ။ ဂဋ္ဌုန်နံလျှင်။ နိုင်ငံခွန်ဆီ။ ချဲချေပြီဟု။ ကျောက်စီပြိုးပြက်။ ဓားသန်လျက်ကို။ ထိပ်ထက်ကြိုးထုတ်။ ဝဲသမုဒ်မှ။ ရုတ်ရုတ်ကြည့်မြော်။ ကိုက်ချီဖေါ်သော်။ ဘုန်းတော်ဘန်ပြင်း။ နဂါးမင်းလျှင်။ ကြောက်ခြင်းအချီ။ ရွှံ့လှဘိ၍။ မဏိမေခလာ။ မြတ်စကြာကို။ ဆောင်ကာ ရှေ့ဖျား။ လျှောက်ဝပ်တွားသည်။ ။ရွှေဓါးဆက်လာပြီဘုရား။

(၃) ရေမျိုးကြောက်သည်။ ဆက်ဦးတည်၍။ ရှေ့ရည်တော်မှောက်။ ယခုရောက်သည်။ အံ့လောက်မြင်ရာ။ ဓါးစကြာ၏။ ဩဘာတိတ်ကောင်း။ နိမိတ်ကြောင်းမူ။ တသောင်း မြန်ဘောင်။ ဇမ္ဗူတောင်ဝယ်။ ဖြူရောင်ဖြန့်ဆိုင်။ ဖြတ်ချိုင်ချောင်းငြိမ်း။ စေတိုင်းသိမ်း၍။ ညွှတ်တိမ်းပဏ္ဏာ။ မြကညာနှင့်။ ရတနာပူရ။ အယုဇ္ဈသို့။ မွမ်းမျှထုတ်ချောက်။ လျင်ဆောရောက်မည်။ သည့်နောက်ဆက်ဒန်။ သိန္ဓောမြန်နှင့်။ မြောက်ဌာန်ကျွန်းသူ။ ရွှေလက်ယူအံ့။ ထွက်ပြူ ရှေ့ပြင်။ ကျွန်းရပ်ခွင်က။ ကောင်းကင်ပျော်ပါး။ ဘုန်းတော် အားသည်။ ။နေဘွား စကြာညီဘုရား။

ကိုင်း ကျုပ်တို့ ဒါယိကာမကြီး အရီးစိမ်း၏အမေးကို။ ကြေ၎ အောင် ဟောပြမည့်။ ဓမ္မောဇ နိဒါန်းသဘွယ်။ မကျယ်မကျဉ်း။ အလျဉ်းသင့်ရုံမျှ။ ဥရဂဇာတ်ကို ဟောပေအံ့။ ထိုဥရဂဇာတ်မဟောမီ။ ဤမည်သော နေတ္တိအဌကထာ။ ဗိမာနဝတ္ထု,ပေတဝတ္ထု အဌကထာ။ ဝိသုဒ္ဓိမဂ်ဋီကာ ဆရာမြတ်တို့။ ပြုအပ်သော ကျမ်းဦးအစ။ ပဏာမ ဂါထာကို။ ဆရာသူမြတ်။ ရွတ်လတ္တံ့တည်း။ ။အဟမ်း, အဟမ်း, အဟမ်း။

ဥရဂဇာတ်, ယပ်လှဲ ပဏာမ။

မဟာ,ကာရုဏိကံ နာထံ၊ ညေယျာ သာဂရ ပါရဂုံ။
ဝန္ဒေ နိပုဏ ဂမ္ဘီရံ၊ ဝိစိတြ နယဒေသနံ။

အဟုံ၊ မစ္စတာမောင်မှိုင်းဟု။ တိုင်းကျော်ပြည်ကျော်။ တပည့်တော်သည်။ မဟာကရုဏိကံ၊ ကြီးကျယ်များမြတ်။ ပူဇော်အပ်စွာ မဟာကရုဏာရှိတော်မူထသော။ (၀ါ)မဟာကရုဏာတွင်၊ ယှဉ်တော်မူထသော။ (၀ါ) မြတ်သော သနားခြင်း ဓလေ့။ ပြကတေ့ရှိတော်မူထသော။ ညေယျသာဂရပါရဂုံ၊ ညေယျဓံတရား ငါးပါး တည်းဟူသော မဟာသမုဒြာ၏ ကမ်းတတက်သို့။ လှမ်းတက် ပေါက်မြောက်။ ရောက်တော်မူထသော။ နိပုဏဂမ္ဘီရဝိစိတြနယဒေသနံ၊ သိမ်မွေ့နက်နဲ။ ခက်ခဲ ဆန်းကြယ်။ အသွယ်သွယ်သော နည်းနှင့် ပြည့်စုံသော တရားဒေသနာတော် ရှိတော်မူထသော။ နာထံ၊ လူနတ်ဗြဟ္မာ။ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားကို။ ဝန္ဒေ ဝန္ဒာမိ၊ လက်စုံမိုး၍။ ရှိခိုးပူဇော်။ ဖူးမျှော်မာန်လျှော့။ ကန်တော့ပါ၏ဘုရား။

အဟင့်-အဟင့်။ အင်း....သလိပ်ကပ်တော့။ ဟောဒီရင်ထဲမှာရော။ လယ်ချောင်းထဲမှာရော။ သိပ်သိပ်ကြပ်နေတာဘဲ။ အားနာလို့သာ ဟောရမယ်။ ချောင်းကလဲ ဆိုးတယ်။ ရင်ကလဲ ကြပ်တယ်။ ဟေ့ ကေသာဝတီ။ ကြည့်မြင်တိုင် အင်းစိန်တန်းက။ ဒကမ,ခင်ခင်ပုလှူဒါန်းလိုက်တဲ့ "လေမျိုးသိဒ္ဓိ" ဆေးတခွက်။ ပေးဆက်စမ်းကွာဆို၍။ ထိုဆေးတခွက်ကို တောင်း၍ သုံးဆောင်တော်မူပြီးနောက်။ဆက်လက်၍ ဟောဟန်ကား။

တရားနာ ပရိသတ်၊ အိုသူမြတ်တို့။ ။နတ်နှင့် တကွသော သတ္တလောကအားလုံးကို ဆုံးမတော်မူတတ်တဲ့။ သဗ္ဗညုမြတ်စွာဘုရား သခင်။ အရှင်ရွှေကိုယ်တော်ကြီးသည်။ "ဣမူရဂါနံပဝရော" အစရှိတဲ့။ ပါဋိဒေသနာ။ ဂါထာဗန္ဓဖြင့်။ ဖန်သစီစဉ်။ တန်ဆာဆင်တဲ့။ အကြင်သို့သော "ဥရဂ" ဇာတ်ကို။ ဇေတဝန် ရွှေကျောင်းတော်ကြီး အတွင်း။ သီတင်းသုံးတော်မူတဲ့ ခေတ်တခိုက။ စစ်ဗိုလ်ချုပ်ကြီး နှစ်ယောက်တို့သည်။ တယောက်နှင့်တယောက်။ စိတ်နောက်ကိုယ်ပါ၊ လွန်စွာခိုက်ရန် ဖြစ်ခြင်းကို။ အရင်းမူလ။ ပဓါန အကြောင်းမြုပြီး။ အမှုအားလျော်စွာ ဟောတော်မူပါတယ်တဲ့။ ကြားရဲ့လား မာဂဏ္ဍိ။

မာဂဏ္ဍိ။ ။"ဦးထိပ်ရွက်ဆင်ပါ ဘုရား"။

"ကောသလမင်း။ ကျော်ရှိန်ပြင်း။ မယွင်းဘူးကွဲ့ အလောင်းတဲ့" ဟူ၍။ ကျုပ်တို့အရီးစိမ်းကြီး ရွတ်ဘတ်သရဇ္ဈာယ်လေ့ ရှိသည်နှင့် အညီ။ ဤမည်သော ကောသလမင်း၏ ခြေရင်း၌။ ဝပ်စင်းခစား ပြားပြားဝပ်နေထိုင်ကြကုန်သော။ ဝါ၊ ကောသလမင်းကြီးရဲ့အပါး၌။ လက်ဘဝါးလိုမကျင့်။ အသရေထွားထွားပြီး။ အရှေစားချင်တာနဲ့။ ခြေဘဝါးလိုကျင့်ရတဲ့ စစ်ဗိုလ်ချုပ်ကြီး နှစ်ဦးတို့သည်။ တဦးကို တဦး။ အထူးမနာလို။ ဝန်တိုမိစ္ဆာ။ အဘိဇ္ဇာဗျာပါဒတို့ဖြင့်။ မာနတန်ခွန်။ လွှားကွန်မြင့်ထောင်ပြီး။ မသင့်အောင် ရန်ဖြစ်ကြတယ်တဲ့။ ။ဥပမာထုတ်လျှင်။ ကျုပ်တို့မြန်မာပြည်က။ "ဂျီစီဘီအေ" သမားတို့။ "တွမ်တီဝမ်းပါတီ" တို့လိုပေါ့လေ။ ။အဲ အနှာလို စစ်ဗိုလ်ချုပ်ကြီး နှစ်ဦးတို့သည်။ ဘီလူး နှစ်ကောင်ကဲ့သို့။ ရန်ထောင်ကြိမ်းဝါး။ အမိုက်ဥာဏ်နဲ့။ ခိုက်ရန်ပွားကြသည်ကို။ ဆွေသားမျိုးရင်း။ ပေါင်းသင်းဟောင်း မိတ်ဆွေသင်္ဟတို့တောင်။ စေ့စပ်လို့မရကြဘူးတဲ့။ဟာ-ကုန်ကုန်ပြောလိုက်တော့မယ်။ သူတို့အပေါ်မှာ တန်ခိုးရှပြီး။ အစိုးရတဲ့ မင်းကြီးကောသလတို့တောင်မှ။ ဩချနေရတာဘဲတဲ့။ အင်း....စစ်ဘက်က အမှုထမ်းဆိုတော့။ ကြမ်းတာပေါ့လေ။

အင်း တနေ့သဉ်တော့။ သုံးတိုက်လုံးမှန်ကူ။ သယမ္ဘူမြတ်စွာဘုရားသခင်။ ရှင်ပင်ကိုယ်တော်မြတ်ကြီးသည်။ ဤမည်ဤမည်သော ချတ်လိုက်လျှင်။ ကျွတ်ထိုက်တဲ့ဝေနေယျကြာ။ သတ္တဝါ အမျိုးမျိုးတို့ကို။ တန်ခိုးတော်အားဖြင့်။ ရှုစားတော်မူရာတွင်။ ယခင်ဆိုခဲ့တဲ့

စစ်ဗိုလ်ချုပ်ကြီးနှစ်ဦးတို့၏။ ထူးမြတ်သော သောတာပတ္တိမဂ်၏ အကြောင်း။ ကောင်းမြတ်တဲ့ ဥပနိဿယဖြစ်တဲ့ ကုသိုလ်ကံအစဉ်ကို။ မြင်တော်မူလေသော်။ ကိုယ်တော်မြတ်တပါးထဲသာဇျင်။သာဝတ္ထိမြို့ထဲသို့ ဆွမ်းခံဝင်တော်မူခဲ့ပြီးခါ။အဆိုပါ စစ်ဗိုလ်ချုပ်ကြီးနှစ်ယောက်တို့တွင်။ တယောက်သော်စစ်ဗိုလ်ချုပ် ဒါယကာ၏။ ဂေဟာအိမ်တံခါးဦး။ မားမားမတ်မတ်။ ရပ်တော်မူရာ။ ဒါယကာစစ်ဗိုလ်ချုပ်လဲ။ လက်အုပ်ချီလျက်။ ထွက်တဲ့ပြီးသော်။ သမိတ်တော်ကို ယူပြီးလျှင်။ ရှင်ပင်ဘုရား။ တပဲ့တစီ၏အိမ်တွင်းသို့ ကြွရောက်တော်မူပါဟု ပင့်ဖိတ်ပြီးခါ။ နေရာထိုင်ခင်းတို့ဖြင့်။ သီတင်းသုံး နေတော်မူစေတယ်တဲ့။ မြတ်စွာဘုရားကလဲ။ သနားတော်မူသည်ဖြစ်၍။ စစ်ဗိုလ်ချုပ် ဒါယကာအား။ မေတ္တာဘာဝနာရဲ့ အကျိုးမျှားကို။ဟောကြားပြီးခါ။ သစ္စာခမ္မတို့ကို။ ပြသတော်မူရကား။ တရားကျခါ။ သောတာပတ္တိဖိုလ်ကို။ စစ်ဗိုလ်ချုပ်ကြီးတည်ပါရော့တဲ့။

သုံးလောကသင်းကျစ်။ ခမ္မရုင်လဲ။ စစ်ဗိုလ်ချုပ် မဟာ။ ဒကာသောတာပန်ကိုသာလျှင်။ သပိတ်ထမ်းခေါ်ခဲ့ပြီး။ မတဲ့ဘူးဆိုတဲ့ စစ်ဗိုလ်ချုပ် အိမ်ဦး၌။ အထူးဘသည်။ ရပ်တည်တော်မူလာရာ။ အဆိုပါ စစ်ဗိုလ်ချုပ်ကလဲ။ အိမ်ထဲသို့ဝင်တော်မူပါဘုရားလို့ လျှောက်ထားပင့်ဖိတ်။ သပိတ်တန်းလန်းနှင့် သပိတ်ထမ်းသူစစ်ဗိုလ်လဲ။မြတ်စွာဘုရားနောက်က။ ကောက်ကောက်ပါအောင်။လိုက်လာဘိသောဟူ၏။

မြတ်စွာဘုရားလဲ။ အိမ့်ရှင်ဒါယကာ။ မဟာစစ်ဗိုလ်ချုပ်ကြီးအား။ တရားဘာဝနာ။ မေတ္တာ၏တန်ခိုး။ အကျိုးအာနိသင် (၁၀) ပါးကို။ ဟောကြားပြီးခါ။ သစ္စာခမ္မကိုပြသတော်မူလတ်၍။ သောတာပတ္တိဖိုလ်ထဲ၌။ ဗိုလ်ဆဲ့ပါရော့တဲ့။ ။အို....တပဲ့မ အပေါင်းတို့။ ၎င်းမေတ္တာ၏ အကျိုးသုံး (၁၁) ပါးကို၊ စာကြီးပေကြီးမျှားကို မကြည့်နိုင်သူတို့မှာ။ ပါရမီခက်းပျို့လက်ာကို။ဘတ်နာ ကြည့်ရှုကြရာ၏တဲ့။

အဲ အနှီကဲ့သို့လျှင်။ အကြင်စစ်သူကြီးနှစ်ဦးတို့သည်။ကြည်နူးမေတ္တာ။ လှုန်စွာချေငန်။ သောတာပန်တို့ချင်းဖြစ်ကြလေတော့။ အချင်းချင်းဖြစ်ကြတဲ့။ အပြစ်ကိုမာန်လျော့ပြီး။ ကန်တော့ ကြကုန်လျက်။ သမဂ္ဂသမောဒါန်။ ဖြောင့်မှန်ညီညွတ်ပြီးခါ။ ဝမ်းသာအား

ရ။ ဆန္ဒသဘော။ ဒေါသမရှိ။ ပကတိချစ်ကြည်ညိုပြီး။ ညီအစ်ကို ချင်း။ ခေါင်းနင်းဆင်းပမာ။ မြတ်စွာဘုရား ရွှေတော်တင်ပင်။ အတူထက္ကလက်ဆုံစား၍။ စကားစမြည်။ တိုလီမိုလီ။ထိုထိုကျိကျိ။ ရှေးဟောင်းနှောင်းဖြစ်မျှားကို။ ပြောလားဆိုလားလုပ်ကြ၏။ ။ဗုဒ္ဓရှင်တော်ဘုရားလဲ။ ဆွမ်းဘုဉ်းပေးပြီးသော်။ ကျောင်းတော်သို့ကြွရောက်တော်မူရာ။ အဆိုပါစစ်ဗိုလ်ချုပ်ကြီးနှစ်ဦးတို့လဲ။ ထူးမြတ် ကောင်းမွန်သော လှူဘွယ်တန်းရန်တို့ကိုယူပြီးခါ။ မြတ်စွာဘုရား ကျောင်းတော်သို့ လိုက်ပါလာကြရော့တဲ့။

အနို့ပြီး။ တပဲ့တပန်းရဟန်းတို့သည်။ ညချမ်းသောအခါ။ ဒေသနာတရားသဘင်၌။ ရှင်တော်ဘုရား၏ဂုဏ်ကျေးဇူးကို။ အထူးတလည် ပြောကြဆိုကြတယ်တဲ့ ။ဘယ်လိုပြောဆိုကြပါသနည်းဟူမူကား။ ဘုရားမြတ်စွာသခင်သည်။ မယဉ်ကျေးတဲ့။ အကလေးမိုက်ပမာ။ သတ္တဝါတဝေး။ ဗိုလ်အလှေးကို။ ယဉ်ကျေးလေအောင်။ ပုံဆောင်ပြသ။ ဆုံးမတော်မူနိုင်ပါပေသည်။ဤမည်သောစစ်ဗိုလ်ချုပ် နှစ်ယောက်တို့။ မသင့်မြတ်သည်ကို။ သင့်မြတ်စေရန်။ မုဒ္ဒာန်သာယာ။ ဟောနိုင်ပါပေသည်တမဲ့ဟု။ အတုံ့အလှယ်။ ဘယ်ဝယ်ဘယ်သို့။ အနို့လို ပြောဆိုနေကြရာ။မြတ်စွာဘုရားကြွတော်မူလာ၍။ ၎င်း၏ချစ်သားရဟန်းများတို့။ ယခုအခါ။ ဘာစကားများကိုပြောဆိုစည်းဝေးကြကုန်သနည်းဟုမေးတော်မူဘိ၍။ မိမိတို့ပြောဆိုခဲ့ကျူးတဲ့ စကားကို။ လျှောက်ထားကြလေရာ။ ၎င်း၏ ချစ်သား။ ရဟန်းများတို့။ ငါဘုရားသည်။ယခုအခါ၌သာ ဤစစ်ဗိုလ်ချုပ်ကြီးနှစ်ဦး။ အထူးသဖြင့်။ သင့်တင့်စရာ။ ဒေသနာဓမ္မ။ ဟောပြဆုံးမတော်မူသည်မဟုတ်သေး။ ရှေးသရော်အခါကလည်း။ အဆိုပါ နှစ်ယောက်သားကို။ တရားပြသ ဆုံးမသဖြင့်။ သင့်တင့်ညီညွတ်စေဖြိုဟု။ အနှီလို မိန့်တော်မူတယ်တဲ့။ ။ဤကား ပစ္စုပ္ပန်ဝတ္ထုပေတည်း။

အတိတ်ဝတ္ထုသေခ်ာ။

အို....တပဲ့မ အပေါင်းတို့။ ။ရှေးဟော့ခ်း အခါ။ ဗာရာဏသီမည်သောပြည်မြတ်၌ ပြဟ္မဒတ်မည်သော မင်းကြီးသည်။ တစင်း

ထီးသနင်းဟု။ မင်းပြုတော်မူသတဲ့။ ။ယင်းသောအခါ။ ပြည်ဗာရာ မှာ။ဒါဘာပဲ့ကြီး။ ဝဲ့ချီးသဘင်။ ဆင်ယင်ကျင်းပလေရာ။ များစွာကုန် သော။ ဗာရာဏသီပြည်သူ။ ရှင်လူအပေါင်းတို့သည် လည်းကောင်း။ ဂဋ္ဌုန်နဂါး။ နတ်သားနတ်သီမ်း အပေါင်း တို့ သည် လည်းကောင်း။ သောင်းသောင်းဖြဖြ။ အခါအလျောက်။ လာရောက် ကြည့်ရှုကြတယ် တဲ့။ ထိုပဲ့သဘင်ရတုဝယ်။ တခုသောဌာန၌။ နာဂရာဇာမည်သော။ နဂါးမင်းသည်လည်းကောင်း။ ဂရုဌရာဇာ။ သညာတွင်ခြင်း။ ဂဋ္ဌုန် မင်းသည်လည်းကောင်း။ အတူတကွပဲ့လမ်းသဘင် ကြည့်ရှုကြရာ။ နဂါးသည် ဂဋ္ဌုန်အား။ ဂဋ္ဌုန်အဖြစ်ကို မသိလို့။ ဂဋ္ဌုန်၏ပခုံးပေါ် တွင်။ လက်တင်ဘိသောဟူလို။

ထိုအခါ။ "ပခုံးကို ကိုင်လျှင်။ ယောက္ခမ နိုင်တတ်သည်" ဟူ သော ပရိဘာသာနှင့်အညီ။ ဤမည်သော ပဋ္ဌုန်ငှက်က။ အမျက် ဒေါသ။ မာန်မာနနှင့်။ ငါ့ပခုံးထက်၌။ လက်တင်သည်ကား။ အဘယ် သူနည်းဟု ပြန်၍ကြည့်လတ်သော်။ နတ်နဂါးတည်းဟူသောစားစရာ အကောင်ဟူ၍သိရော့တဲ့။နဂါးကလဲ တောင်ဟုန်ပြင်းလျက်။ ဂဋ္ဌုန် ငှက်ဟူ၍ သိလေ၍။ သေဘေးမှကြောက်လန့်ရကား။ မတန့်မနား။မြစ် ဆိပ်သို့ပြေးသွားပါရောတဲ့ဂဋ္ဌုန်ကလည်းတဟုန်တည်းလိုက်ကရော့တဲ့။

အိုတပဲ့မအပေါင်းတို့။ ။ဝင်းနဂါးကို ဂဋ္ဌုန်။ တဟုန်ချင်း လိုက်ပုံကား။ "သခွါး,ဖရုံခုတ်သည့်နှယ်။ နဂါး ဂဋ္ဌုန်သုတ်ပါလိမ့်။ ဥုံဗုဒ္ဓံ တဂါထာနှင့်။ သာသနာ-တဝါဝါဝင့်တဲ့အောင်။ ငါဆရာ အသာလင့်ချိန်မို့။ ညာညာခင့်- လာမှာဖြင့်။ ဘာဂျာနှင့် ပွဲခံပြီး။ မေးဝဲသံကြားရလိမ့် နားထောင်" ဟူသည်နှင့် အညီ။ အနှီ သို့သော အခါသည်ကား။ ဘုရားလောင်းသည်။ ရသေ့ပြုကာ။ ဂင်္ဂါမြစ်နား၌။ တရားကို အားထုတ်လျက်။ သစ်ရွက်သစ်ခက်မိုးတဲ့ ကျောင်းသခ်မ်း အတွင်း သီတင်းသုံးတော်မူသည်ဖြစ်၍။ နေ့လယ်အခါ ပူအိုက်ခြင်းကို ငြိမ်းစိမ့်သောငှါ။ ရေသနုတ်ကို ဝတ်၍။ လျှော်တေအဝတ်ကို ချတ်တဲ့ ပြီးခါ။ ဂင်္ဂါမြစ်ကမ္ဘားမှာ ထားခဲ့ပြီး။ ရေချိုးတော်မူတယ်တဲ့။

ကြောက်အားလန့်အားနှင့် ပြေးလွှားခဲ့ရတဲ့ နဂါးသည်။ ဤ ရသေ့ကို မှီလျက်။ အသက်ချမ်းသာရအံ့ဟု ကြံ၍။ ပြကတေ့သော နဂါးအသွင်သဏ္ဌာန်ကိုပယ်ရှားပြီး။ ပတ္တမြားတုံးအသွင်ပြုပြင်ဘန်ဆင်း

၍။ ရသေ့လျှော်တေ သင်္ကန်းကြားသို့ ဝင်ပြီး။ မမြင်အောင် ပုန်းနေ တာပေါ့။

ဂဋ္ဌုန်ကလဲ။ နဂါးနောက်က။ တကောက်ကောက်ပင်။ အစဉ် မပြတ် လိုက်ခဲ့ရာ။ ရသေ့၏ လျှော်တေသင်္ကန်းကြားက။ နဂါးပလီ။ ကလီကမာ လုပ်နေသည်ကို မြင်သော်။ လျှော်တေသင်္ကန်း ဆိုတာကို။ ရိုသေ လေးမြတ်ရကား။ နဂါးကို မဘမ်းမူ၍။ ရသေ့ကို ခေါ်ပြီး လျှင်။ အရှင်ဘုရား တပည့်တော်သည် ဆာလောင်မွတ်သိပ်လှပါပြီ။ အနှီသင်္ကန်းလျှော်တေကို ယူတော်မူပါ။ သင်္ကန်းလျှော်တေကြားက နဂါးကို။ စားပါအံ့ဟု လျောက်ထားလိုရကား။ အောက် နား က ဂါထာကို။ ကပျာကရာ ရွတ်ဘိသောဟူလို။

ဂဋ္ဌုန်ဂါထာပါဌ်အနက်။

ဣဓူ,ရဂါနံ ပဝရော ပဝိဋ္ဌော။
သေလဿ ဝဏ္ဏေန ပမောက္ခ,မိစ္ဆံ။
ဗြဟ္မဥ့ဝက္ကံ အပစာယ မနော။
ဗုဘုက္ခိတော နော ဝိတရာမိ ဘောတ္တုံ။ ။

ဘောပဗ္ဗဇိတ၊ အမြင်အတ္တေ့။ ခင်မမ္ဒေ့တဲ့။ အို ရှင်ရသေ့။ ဥရဂါနံ၊ ရင်ဖြင့်တွားတဲ့နဂါးတို့၏။ ပဝရော၊အမြတ် အထွတ်။တမွတ် ထားရင်း။ နဂါးမင်းသည်။ ပမောက္ခံ၊ တပဲ့တော်ရဲ့ဘေးမှ။ ကင်း ဝေးလွတ်မြောက်ခြင်းကို။ ဣစ္ဆံ၊နဂိုရ်ပကတိ။ အလိုရှိသည်ဖြစ်၍။ သေ လဿ၊ ကျောက်မျက်အလား။ ပတ္တမြားတုံး၏။ ဝဏ္ဏေန၊ အဆင်အပြင်။ ပုံအသွင်ဖြင့်။ ဣဓ၊ အနှီအရှင် ဘုရားဆင်မြန်းတဲ့။ သင်္ကန်းလျှော်တေ ထဲသို့။ ပဝိဋ္ဌော၊ မမြင်မတ္တေ့အောင်ရယ်လို့။ ဝင်၍ နေ၏။ အဟံ၊ တပည့်တော်သည်။ တုမှာကံ၊ အရှင်ဘုရားတို့၏။ ဗြဟ္မဥ၊ အမှတ်တရ ထည်။ မပြတ်ရည်လောက်အောင်။ မြတ်သည်လည်းဖြစ်တဲ့။ ဝက္ကံ၊ သစ်ခွံရှော်တွေနဲ့။လျှော်တေသင်္ကန်းကို။ အပစာယမာနော၊ အလေး ဂရု ပြုပါသည်ဖြစ်၍။ ဗုဘုက္ခိတော။ အလွန်တရာ စားလိုပါလျက် လည်း။ ဧတံနာဂံ၊ ဂဋ္ဌုန့်အစာ။ အရသာဟု။ နာဂါဆိုငြား။ ထိုနဂါး

ကို။ ဘောတ္တုံ၊ ဝမ်းဝဘိုက်ကား။ စားခြင်းငှာ။ နောဝိတရာမိ၊တကယ် လွန်၍။ မဝံ့ပါ ဘုရား။

အဲ အနှီကဲ့သို့တဖုံ ။ ဂဠုန်က လျှောက်ထားသဖြင့်။ ဘုရား လောင်းလဲ။ ရေထဲကသာ။ သုပဏ္ဏရာဇာ ဂဠုန်မင်းအား။ အင်း.... တော်လဲ တော်တဲ့ ဂဠုန်ပါပေဟု အပုံကြီး ချီးမွမ်း လို့ရကား။ အောက်နားက ဂါထာကို။ ထောက်ခါရွတ်သိသော ဟူ၏။

ဂဠုန်ဩဘာ ထောမနာ ဂါထာပါဠိအနက်။

သော့ဗြဟ္မ ဂုတ္တော စိရ မေဝ ဇီဝ၊
ဒိဗျာစတေ့ပါတုဘဝန္တု ဘက္ခာ။
သော့ဗြဟ္မဝက္ကံ့ အပစာယမာနော။
ဗုဘုက္ခံ့တော့နောဝိတရာသိ ဘောတ္တုံ။ ။

သုပဏ္ဏရာဇာ၊ တောင်ဟုန်ပြင်းပြင်း။ ဂဠုန်မင်း။ ယောတ္တံ့၊ အကြောင်သင်သည်။ ဗြဟ္မဝက္ကံ့၊ အရဟာဒ္ဓဇ။ကာသာဝဟု။ သာသနပန်း။ ဝတ်သက်နှံးကို။ အပစာယမာနော။ အလွန်ရိုကျိုး။ မြတ်နိုးပေသည် ဖြစ်၍။ ဗုဘုက္ခံ့တော၊ သရေတများများနှင့်။ စားလိုလှလျက်လည်း။ တံ့နာဂံ၊ ဂဠုန့်အစာ။ မြို့က်ရသာဟု။ နာဂါဆိုငြား။ ထိုနဂါးကို။ ဘောတ္တုံ၊ လျာလိုလိုက်၍။ ဝမ်းဝဘိုက်ကား။ စားခြင်းငှာ။ နောဝိတရာသိ၊ စားမဟဲ့ ဝါးမဟဲ့ ဆိုတဲ့။ အိုဘဲ့ တဏှာ။ ရသာရုံကိုစွန့်၍။ မဝံ့ရှာပေ။ သောတ္တံ့၊ တောင်ဟုန်ပြင်းတဲ့။ ထို သင်ဂဠုန်မင်းသည်။ ဗြဟ္မဂုတ္တော၊ ရသေ့ဆင်မြန်းတဲ့ ။ သက်နှံးတော်လျော်တောကို။ ရှိသေ စောင့်ရှောက်သည်ဖြစ်၍။စိရမေဝ၊ အဓွန့်ရှည်ကြာ။အခါလေးမြင့်သာ လျင်။ဇီဝ၊ ရုပ်နံမပျက်။ အသက်တည်ပြီး၊ ရှည်ပါစေသတည်း။တော၊သုပဏ္ဏရာဇာ။ သညာဘွဲ့ပုံ။သင်ဂဠုန်သည်။ ဒိဗျာစဘက္ခာ၊ နတ်ပြည့်ချမ်းသာ။နှတ်တို့သာလျှင် သုံးဆောင်ခြင်းငှာထိုက်ကုန်သော။အမြို့က်ရသာ။ သုဒ္ဓါဘုတ် တို့သည်။ ပါတုဘဝန္တု၊ အတွင် စားလောက်အောင်။ ထင်ရှားစင်စစ်။ ဖြစ်ဇစ ခလို။

(ဌင်းဂါထာအဆုံးတွင် အားလုံးအားလုံးသော ခမျာတစုတို့

က။တပဲ့တော်မတို့ အညာစကိုင်းက။ဆရာမှိုင်းကြီးမှာ။ အာယု သက်တော်ရာကျော်။ ရှည်တော်မူပါစေ။ ဝဏ္ဏ ။ ဝင်းဝင်းပပ။ အဆင်းလှပါစေ,စသည်ဖြင့်။ ဆုတောင်း ဆုယူ။ ပြုမူကြသောဟူ၏။)

ထိုသို့ ဘုရားလောင်း ရသေ့သည်။ သာဓု နုမောဒနာ ခေါ်လျက်။ ရေမှ တက်ခဲ့ပြီးသော်၊ လျှော်တေသက်နှုးကို။ ဆင်းမြန်းဝတ်ရုံပြီး။ ဂဋ္ဌုန်နှင့် နဂါးကို ကျောင်းသခ်မ်းသို့ ခေါ်ဆောင်ခဲ့ပြီးခါ။ မေတ္တာခြုံမှလုံနိုင်သောအကြောင်းအရာကို။ကောင်းစွာဟောပြရကား။ နဂါး ဂဋ္ဌုန် နှစ်ပါးစုံတို့လည်း။ တအူတုံဆင်း။ ညီရင်းအစ်ကိုလို။ ကြည်ညိုချစ်ခင်ပြီး။ ရှင်မြူးဝမ်းသာ။ လွန်စွာသင့်တင့် ညီညွတ်ကြလေသည် ။အဲ အနှီကဲ့သို့သော နောက်ကြောင်း။ ရှေးဟောင်း အတိတ်က သဘောကို ဟောပြောပြသတော်မူပြီးခါ။ ငါ၏ချစ်သား။ ရဟန်းများတို့။ အနို့ကဲ့သို့သော။ ကောသလမင်းကြီး၏။ အမှုထမ်း။ အကြမ်းဘက်ဆိုင်ရာ။ သေနာပတိဘွဲ့ခံ စစ်ဗိုလ်တို့သည်။ ထိုအခါကာလများက နဂါးဂဋ္ဌုန်။ နှစ်ပါးစုံတို့ဖြစ်ကြဘူးလေကုန်၍။ ရသေ့သည်ကား။ ငါဘုရား ဖြစ်တော်မူကြောင်းနှင့်။ ဇာတ်ပေါင်းတော် မူတယ်တဲ့ ကြားရဲ့လား သာမာဝတီ။

သာမာဝတီ။ ။"ဦးထိပ်ပန်ဆင်ရက်ပါဘုရား"။

အဲ အနှီကဲ့သို့သော အကြောင်းများကို ရည်၍။ဤ မြန်မာပြည် အတွင်း။ အင်းဝပြည် ကောင်းစားစဉ်ခေတ်။ သက္ကရာဇ် ၈၆၃ ခုနှစ် အတွင်း။ မင်းဖြစ်၍ အသရေလျှမ်းခဲ့ပေတဲ့။ ရွှေနန်းကြော့ရှင်။ ဘုရင်မင်းမြတ်လက်ထက်တော်တွင်။ ရှင်ဘုရင့်ကိုယ်လုပ်တော် မိန်းမငယ်နှင့်။ ဓဝယ်ဆောင်မြဲ အမှုထမ်းသည်။ ငမ်းငမ်းတက် အကြိုက်ရဲပြီး။ မိုက်မဲသောကြာခိုမှုကို။ပြုလုပ်မိသည့်အတွက်။ အသက်ကိုသတ်မည်ပြုရာတွင်။ ရှင်မဟာရဋ္ဌသာရမည်သော မင်းဆရာသည်။ အောက်ပါ မေတ္တာစာကို ပေးလတ်၍။ မသတ်ဘဲ လွှတ်တော်မူဘူးတယ်တဲ့။

ရှင်မဟာရဋ္ဌသရရေးသောနဂါး, ဂဋ္ဌုန် နှစ်ပါးစုံမေတ္တာစာ။

အသခ်ါရိက။ ညာဏသမ္ပယော။ တက်ပြောဝီထိ။ စုတိဇောစိတ်။ ပဋ္ဌိသန္ဓေ။ စွဲယူထွေဖြင့်။ ယဉ်တွေမပြတ်။ ခြားရဟတ်သို့။ ဥပဒ်,

ဋ္ဌီ,ဘင်။ ဘဝင်သန္တာန်။ ဖြစ်ပြန်ခါခါ။ တဒါရမ္မဏ။ ဝုဋ္ဌောစသည်။ နယဂတိ။ ဇောဝီထိဖြင့်။ မြင်သိစွမ်းနိုင်။ ဂုဏ်နံ့လှိုင်သည်။ ဆွယ်ပြိုင် နှိုင်းရှဲ။ စောရန်ကဲ။ ။

အံ့အဲတသုန်။ ဂဋ္ဌုန်မင်းအား။ နဂါးတခု။ သေလုဘနန်း။ ကြောက်စွာလွန်း၍။ ရသေ့ဝတ်စား။လျော်တေကြားဝယ်။ ပတ္ထမြား အသွင်။ ပုန်းသည်မြင်လျက်။ ငှက်ဂဋ္ဌုန်မင်း။ရိုညွတ်ခြင်းဖြင့်။ရှင်းရှင်း ဘေးမဲ့။ လွတ်သကဲ့သို့။ နှိုင်းရှဲ့မငြို့။ နည်းညွှန်ဆိုသော်။ ငါ့ကိုဒကာ။ သဒ္ဓရှေ့ရှု။ ကြည်ပါမူကား။ ဤသူငါ့ကို။ မှီခိုပါကျိုး။ မစိုးမရိမ်။ ကြောင့်ကြငြိမ်အံ့။ ။တကြိမ်ရှေးဖျား။စောတရားက။ပြစ်များသော်တိ။တောင်နှယ်ရှိလည်း။မစိမစစ်။မထစ်မတော။အဆောတလျင်။လွတ်အံ့ထင်ရှင့်။ ။သို့စင်မျက်တော်။ ရှိဘိသော်ကား။ ရှင်ပေါ်ရှင်လွင်။ အရေးဝင်သို့။ ဆိုအင်မတက်။ ရှက်ဘနန်းတည့်။ ရဟန်းတကာ။ ကဲ့ရဲ့ရှာအံ့။ ။ငါ့မှာနှီးနွယ်။ ငါ့ဝယ်ဆည်းကပ်။ ငါနှင့်စပ်၍။ ထက်ကြပ် ငါ့တွင်။ ခိုဝင်ပလှာ။ သော့ကြောင့်သာလျှင်။ မေတ္တာစာခွေ။ ဆက်သောထွေကို။ ရေမြေသခင်။ ရွှေနန်းရှင်သည်။ အလျင်ပေးထ။စကားစဖြင့်။ ။ဆုံးဆမျက်တော် ငြိမ်းစေသောင်။

\+ × +

ယင်းသို့လျှင်။ ယခင်လွန်ခဲ့သောအပတ်များက။ မှတ်သားဘွယ်ရာ။ ငါးရာ့ ငါးဆယ်ဇာတ်။ ဒုက နိပါတ်တော်လာ။ နာဂရာဇာတို့။ သုပဏ္ဏက, ဂဋ္ဌုနရာဇာတို့ အတ္ထုပ္ပတ်ကို။ သရုပ်ဇာတ် ခင်းကျင်းပြီး။ ရှင်းရှင်းကြီး ဟောလား ပြောလားလုပ်ပြီးသည့်နောက်။ စိတ်ရောက်ကိုယ်ပါ။ လိုရာပ္ဌာနသို့ ကြွဦးတော့မည့်ဆဲဆဲ၌။ မခွဲနိုင် မခွါရက်။ ရာသက်ပန်ကြည်ညိုပြီး။ မှီခိုဆည်းကပ်လိုကြတဲ့။ တပဲ့မများစွာ။သနားစရာတို့က။ အပါးမှာရှိခိုးပြီး။ ဟမျိုးတဖုံ လျှောက်ထားကြသည်ကား။ အောက်နား၌ ပါရှိလေ၏။

ကေသာဝတီ။ ။ကျေးဇူးတော်ရှင်။ ထိပ်ခေါင်တင် ကိုယ်တော်မှိုင်းကြီးဘုရား"

ဘာများ လျှောက်ထားချင်သတုန်း- ကေသာဝတီ။

ကေသာဝတီ။ ။မှန် လှပါ။ ယောဂီအရှင်။ ကျွန့်ထိပ်တင်သည်။ ဟိုယခင် လွန်ခဲ့တဲ့။ နယုန်လဆုတ် (၁၄)ရက်နေ့ တုံးက။ ပြုံး

စရာ့ကဗျာ။ မဟာဝရဇိန် မိုးကြိုးဘွဲ့လေးချိုး၌။ ။"အမျိုး အရိုး မတိမ်လိုပါလျှင်-ဘုရားတရားဘက် ကိုးကြတော့။မိုးကြိုးဝရဇိန်ဆိုတာ အသွားထက်ထက် တမျိုးပေပ။ သိကြားစက်တန်ခိုးရယ်နှင့်။ မိုးသံလဲ မိုးသံးအချိန်ဝယ်(အိုကွယ်) အံလကားသက်သက်။ မဟားဒယားနှက် မဟဲ့ဆိုတဲ့။ (သြော်)မတရား လက်နက် ကိုးမှာကြောင့်။ စိုးလဲ စိုးရိမ်တယ်"။ ။ဟု အထယ်ကိုယ်အလုံးစပြီး။ အဆုံးချမပါဘဲ ဖြစ်နေပါတယ်ဘုရား"။

အရီးစိမ်းကြီး။ ။"သြော်-မိုးကြိုးဘွဲ့လေးချိုးကြီးဟာ။တိုးလိုတန်းလန်းဖြစ်နေတယ်ဆိုပါတော့"။

ကေသာဝတီ။ ။"ဟုတ်ပါတယ် ရှင့်။ အစ ကောင်းရက်ကနှင့်။ အနှောင်းမှာ မသေချာဘဲ။မရေမရာ။နဝေနဝဖြစ်နေပါသဖြင့်။ ကေသာတို့။ ဘေဒါတို့ ကျက်စရာ။ ဆက်ခါရေးသားပြီး။ ပေးသနားတော်မူပါမည့်အဖြစ် မေတ္တာရပ်ခံပါသည်ဘုရား"။

ပုညဝတီ။ ။"မကေသာ မေတ္တာ ရပ်ခံတဲ့အတိုင်း။ တပဲ့တော်မက အဆိုသွင်းပါသည်ဘုရား"။

အရီးစိမ်း။ ။"တပဲ့တော်မကြီး အရီးစိမ်း အမှုးရှိကြတဲ့။ တပည့်မအပေါင်းတို့က။ ကောင်းကောင်းကြီးထောက်ခံကြပါသည်"။

သြော်-ဥရဂဇာတ်လား။ နာဂရာဇာတို့။ သုပဏ္ဏက, ဂဠုန်ရာဇာတို့ စခန်းအသိမ်းမှာ။ ဘန်းယိမ်းသူ-အမျိုးမျိုးတပဲ့တို့က။ မိုးသံးကြိုးဘွဲ့ သဘောမျှားကို ဟောကြားစေချင်တယ် ဆိုပါတော့။ ။ကိုင်း-ထိုမိုးသံးကြိုး သဘောမျှားကို ဟောကြားတော်မမူမီ။ ဤမည်သော တကောင်းမလည်။ ရှမ်းပြည်သူ။ မယ်ဥတ္တရာကြီးက။ ထီးရိုးမိုးကြိုးပစ် ဆိုသော အကြောင်းနှင့် စပ်သွယ်ပြီး။ မန်လယ်ဆရာတော်ဘုရားကြီး စီရင်တော်မူခဲ့ဘဲ့။ မိုးကြိုးဘွဲ့ ဘုရားရှိခိုးဖြင့်။ တမျိုးသိဆိုရမည်ဟု မိန့်တော်မူတဲ့ အလုပ်ကြောင့်။ ဥတ္တရာထေရီက။ အနှီသို့ ရွတ်ဘတ်သရဇ္ဈာယ်လေ၏။ ။ရွတ်ဘတ်ပုံကား။

မဟာ ဝဇိရ ညာဏဝန္ဒနာ မည်သော မိုဃ်းကြိုးဘုရားရှိခိုး။

(၁) ဝဇိရသံဃာတ သရိရော။ ဝဇိရညာဏ မာကရော။
ယောဗုဒ္ဓေါ-ဗောဓိမူလမှိ၊ နိသီဒန္တော-ဝဇိရာသနေ။ ။
သသေနမာရံ-ဇိတ္ဝာန။ သတ ပုညဿ တေဇသာ။ ။
(၂) ပဋ္ဌမေ-ပုဗ္ဗေနိဝါသံ။ မ ဇ္ဈိမေ-ဒိဗ္ဗစက္ခုကံ။
ပစ္ဆိမေ-သတ္တသခ်ါရေ။ သမ္မဿံ-လက္ခကောဋ္ဌိယံ။ ။
(၃) ဆတ္တိသ်ာယ-ကောဋ္ဌိသတ။ သဟဿမုခေန-ပစ္စယံ။
ဩတာရ-မဟာဝဇိရေန၊ သုသမ္ဗုဒ္ဓေါ-သဝက္ခယံ။ ။
(၄) ဗုဒ္ဓဘူမိ နိဋ္ဌင်္ဂေါသော။ မဟာ ဝဇိရ ညာဏသာ။
စတုစတ္တာလီသ ညာဏ။ သတ္တသတ္တရိ ဝတ္ထုနိ။ ။
ဗေါဓနေယျေ-ဝိဘဇိတ္ဝာန၊ ဗေါဓေသိတံ-နမာ မဟံ။
(၅) ဗုဒ္ဓဘူမိဂတော-ဗုဒ္ဓေါ။ ပါရဂူ-သဗ္ဗဒဿိကော။
စတုဝီသ ကောဋ္ဌိလက္ခံ။ မဟာဝဇိရ နာမကံ။ ။
(၆) သမာပတ္တိံ-သမာပဇ္ဇိ။ သုခတ္ထာယ-ဒေဝသိကံ။
ပရိနိဗ္ဗာန-ကာလေပိ။ သန္တိမာရဗ္ဘ-နိဗ္ဗုတိံ။ ။
သမာပဇ္ဇံ-ပရိနိဗ္ဗာယိ။ အစ္စန္တဂ္ဂံ-နမာမိတံ။ ။
(၇) နာဂတေ-တေန ပုညေန။ ဣတော-ပဋ္ဌာယ-ဟံ-ဘဝေ။
ဝဇိရညာဏ သမ္ပန္နော၊ ဝဇိရ သမ ကာယိကော။ ။
ဝဇိရောဘာယ-ဘာသေယျံ။ သဗ္ဗဒါ-သ ပရတ္ထကံ။ ။

၁-၂-၃-၄-၇။ (၅) ဂါထာပါဋ္ဌကို။ ဆန်းကိုးဂရုံများများ မပြုဘဲ။ သဒ္ဒါထင်ရှား အနက်ထင်ရှားစွာ သိသာမှတ်လွယ်အောင် စီသည်။ မပြင်မဖျက်ကြလင့်။

၅-၆။ (၂) ဂါထာမှာ။ ဒေဝသိကာ လဉ္ဇံမဟာ။ ဝဇိရညာဏဝန္ဒနာ ဖြစ်သည်။

(၁) ဝဇိရသံဃာတသရိရော၊ ဝရဇိန်တနှုန်း။ စိန်တုံး စိန်ခိုင်။ စိန်တိုင် စိန်ခဲနှင့်အတူ။ မကွဲမအက်။ တခဲနက်ဖြင့်။ မပျက်မယွင်း။ မထွင်းမဖေါက်နိုင်ကောင်းသော ကိုယ်တော် ရှိထသော။ ဝဇိရ

ညာဏာနံ၊ မဟာဝဇိရ ဥာဏ်တော်အပေါင်းတို့၏။ အာကရော။တည်ရာဖြစ်တော်မူသော။ ယောဗုဒ္ဓေါ၊ အကြင်မြတ်စွာဘုရားသည်။ ဗောဓိမူလမှိ၊ မြေမျာ့ဦးစွန်း။ ကျွန်း၏အချာ။ ဇေယျာပထဝီ။ မဟီဘက်မဲ့။ တဆဲ့ရှစ်မင်း။ ပယ်ကွင်းခရိုင်။ ဗောဓိမဏ္ဍိုင်။ မြေရန်နိုင်ထက်။စံပြိုင်မရ။ ခက်မလေးဖြာ။ တရာသံတောင်။ မိုးခေါင်ထိလောက်။ မြထီးဝန်းဆောက်သကဲ့သို့။ ဖြိုးမောက်ကြီးကျယ်စွာ။ ဒုမရာဇာ၊ မဟာဗောဓိ။ သီရိရွှန်းဝေ။ ဗုဒ္ဓဟေ ရွှေညောင်ပင်မင်း၏အရင်း၌။ ဝဇိရာသနေ၊ ရန်မာန်အပေါင်းတို့။ ရွှေ့ပြောင်း ဖျက်ဆီးခြင်းငှာ။ မတတ်ရာသော။ အပရာဇိတ်။ ဘိတ်ဘိတ်ဝင်းဖြာ။ ဝဇိရာသနံ၊ လွှင်ပျံထက်။ နိသီဒန္တော၊ လှလှတင့်တယ်။ ထက်ဝယ်ဘွဲ့ခွေ။ စံနေတော်မူလျက်။ သသေနမာရံ၊ လက်ဝဲက ၁၂ ယူဇနာ။ လက်ျာက ၁၂ ယူဇနာ။ အထက်က အထု ၉ ယူဇနာ။ နောက်ဆီက စကြဝဋ္ဌာ တောင်အထိ။ လွှမ်းဘိပတ်လည်။ ရံလျက်တည်သော။ စစ်သည်ဗိုလ်ပါအပေါင်းနှင့်တကွ။ ဝသဝတ္တိ၊ မာရ်နတ်မင်းကို။ သတပုညဿ၊ တရာတရာ။ သင်္ချာများလှ။ အနန္တသတ္တဝါအစုတို့။ မတုမနှုန်း နိုင်သော။ ဘုန်းတော်-ကံတော်-ပါရမီတော် အပေါင်း၏။ တေဇသာ၊ အစွမ်းအားဖြင့်။ ဇိတ္တာ၊ နေမဝင်ခင်။ ကြွင်းမဲ့ကုန်စင်။ ပွဲဦးရင်သဖြင့်။ အောင်မြင် ပြီးစီးတော်မူ၍။

(၂) (၃) ပဋ္ဌမေ၊ ညဦးယာမ်ကာလ၌။ ပုဗ္ဗေနိဝါသံ၊ အနာပါဏ။ စတုတ္ထစျာန်လေးပါးတို့ကို။ ဝင်စားလေ့လာတော်မူလျက်။ နတ်လူဗြဟ္မာ။ သတ္တဝါတို့၏ ရှေး၌ နေဘူးဖြစ်ဘူးသော ခန္ဓာအစဉ်။ ထိုခန္ဓာအစဉ်မှ လျှောက်၍သိအပ်သော အမျိုးအမည်။ နိဗ္ဗာန်ပညတ်တရားတို့ကို။ ဆီးတားပိတ်ကွယ်ခြင်းမရှိ။ အောက်မေ့ ဆင်ခြင်တိုင်းသိတတ်သော။ ပုဗ္ဗေနိဝါသ၊ အဘိညာဉ်ဝိဇ္ဇာကို။ သုသမ္ဗုဒ္ဓေါ၊ မိမိအလိုလို။ ကိုယ်တော်တိုင်သာ။ ဆရာမကူ။ သယမ္ဘူဖြင့်။ လွယ်ကူဧကန်။ဘောက်ပြန်မရှိ။ ပွင့်သိ ထင်လင်းတော်မူပြီ။တတော၊ ထိုနောက်မှ။ မဇ္ဈိမေ၊ သန်းခေါင်ယာမ်ကာလ၌။ ဒိဗ္ဗစက္ခုကံ၊ ဝီစိဘဝဂ်။ အောက်ထက်ဖီလာ။ စကြဝဋ္ဌာ။ မဟာဝိသယ။ အနန္တလောကဓာတ်တို့၌။ လူနတ်ဗြဟ္မာ။ သတ္တဝါသင်္ခါရ။ရှိသမျှတို့၏။ ဒူရပဋိစ္ဆန္ဒ-သဏ္ဌ-သုခုမ, ရူပါရုံ။ အလုံးစုံသော အဆင်းသဏ္ဌာန်တို့ကို။ အကြွင်းအကျန်

မရှိ။ နတ်မျက်စိ ကဲ့သို့။ မြင်သိ ထင်လင်းတတ်သော ဒိဗ္ဗစက္ခု အဘိညာဉ်ဝိဇ္ဇာကို။ သုသမ္ဒုဒ္ဓေါ၊ မိမိအလိုလို ကိုယ်တော်တိုင်သာ။ ဆရာမကူ။ သယမ္ဘူဖြင့်။ လွယ်ကူကေန်။ ဘောက်ပြန်မရှိ။ မှင့်သိထင်လင်းတော်မူပြီ။ တတော၊ ထိုနောက်မှ။ ပစ္ဆိမေ၊ မိုးသောက်ယာမ်ကာလ၌။ လက္ခကောဋိယံ၊ ကုဋ္ဌေ တသိန်းသော စကြဝဋ္ဌာ လောကဓာတ်၌။ သတ္တသခ်ါရေ၊ ဘုရားတို့ဓမ္မတာ။ဝိပဿနာစာရ။ ဣန္ဒြိယဗဒ္ဓ၊ အနိန္ဒြိယဗဒ္ဓ၊ သခ်ါရရုပ်နံတို့ကို။ သမ္မဿံ သမ္မဿန္တော၊ ဝိပဿနာညာဏ်။ မကျန်သိမ်းကျုံး။ သုံးသပ်ဆင်ခြင်တော်မူလျက်။ ပစ္စယံ-ပစ္စယာ ကာရနယံ၊အဝိဇ္ဇာပစ္စယာ သခ်ါရာ၊လ။သမုဒယော ဟောတိ, ဟူသော ပဋိစ္စသမုပ္ပါဒ် နည်းသို့။ ဩတာရ ဩတရိတွာ၊ သက်တော်မူ၍။ ဆတ္တိသ်ာယ ကောဋိသတ သဟဿမုခေန၊ ကုဋ္ဌေ ၃ သန်း ၆ သိန်း အမြွက်ရှိသော။ ဝါ၊ တခုတခုသော စကြာဝဋ္ဌာအတွင်း။ သတ္တဝါ တယောက် တယောက်စီ၏ အတ္တဘောဌ်။ ပဋိစ္စသမုပ္ပါဒ် ၁၂ ပါး, ၁၂ ပါး။ တပါးတပါး၌ ဝိပဿနာဉာဏ်တော် ၃ ပါး ၃ပါး ဖြစ်၍ ၃၆ ပါး။ စကြာဝဋ္ဌာ ကုဋ္ဌေ တသိန်း အားဖြင့်။ မြောက်ပွါးတွက်ရေ။ ကုဋ္ဌေ ၃ သန်း, ၆ သိန်း အမြွက်ရှိသော။ ဝါ၊ ကုဋ္ဌေ တသိန်းသော စကြာဝဋ္ဌာ လောကဓာတ်၌။လူ နတ် ဗြဟ္မာ။ သတ္တဝါအနန္တတို့၏။အတ္တဘော၊တခု တခု၌။ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ပါး, ၁၂ ပါး။ တပါး တပါး၌။ အနိစ္စ,ဒုက္ခ,အနတ္တ,ဝိပဿနာညာဏ်တော်၃ ပါး,၃ ပါးစီ ဖြစ်၍။ ၃၆ ပါး။ ဤ ၃၆ပါးသော ဝိပဿနာညာဏ်။ အပြန်ကုဋ္ဌေ တသိန်းအားဖြင့်။ ပိုင်းခြားတွက်ရေ။ ကုဋ္ဌေ ၃ သန်း ၆ သိန်းစီ အမြွက်ရှိသော။မဟာဝဇီရေန၊မောဟတိမ်တောင်။ မိုက်မှောင်မြေးရှက်။ တခဲနက်ကို။ ဝက်ဝက်ကွဲအောင်။ ဖြိုခွဲဘောက်ထွင်း။ ဟင်းလင်းကုန်စင်။ ပိတ်ပင်မရှိ။ ရွယ်မိသမျှ။ ထိတိုင်းရှလျက်။ သိကြားလက်နက်။ မိုးကြိုးစက်ကဲ့သို့။ ထက်မျက်တေဇာ။ ကြီးမြတ်စွာသော။ ဝိပဿနာ။ မဟာဝဇီရ ဉာဏ်တော်ဖြင့်။ အာသဝက္ခယံ၊ အာသဝေါ ၄ ပါး။ တရားအညစ်။ ပြာဖြစ်ညက်ကြေ။ ကုန်စေတတ်စွာ, မဟာဝဇီရ, အရဟတ္တမဂ်။ ဉာဏ်တော်စက်ဟု ဆိုအပ်သော။ အာသဝက္ခယ, အဘိညာဉ် ဝိဇ္ဇာကို။ သုသမ္ဒုဒ္ဓေါ၊ မိမိ အလိုလို။ ကိုယ်တော်တိုင်သာ။ ဆရာမကူ။ သယမ္ဘူဖြင့်။ လွယ်ကူကေန်။

ဘောက်ပြန်မရှိ။ ပဋ်သိထင်လင်းတော်မူပြီ။

(၄) ဗုဒ္ဓဘူမိနိဋ္ဌင်္ဂါ၊ ဗုဒ္ဓဘူမိ အဆုံးသို့ ရောက်တော်မူတတ်သော။ ဝါ၊ ဘုရားဖြစ်ရာ။ ဓမ္မတာဘုံ။ သိဒ္ဓိဂုဏ်၏။ လုံးစုံပြီးဆုံးခြင်းသို့ ရောက်တော်မူသော။ သော ဗုဒ္ဓေါ၊ ထိုမြတ်စွာဘုရားသည်။ မဟာဝဇိရညာဏသာ။ သဗ္ဗညုပညာ, ဒေသနာမဟာဝဇိရ ညာဏ်တော်ဖြင့်။ စတုစတ္တာလီသညာဏသုတ္တသတ္တရိဝတ္ထူနိ။ ပဋိစ္စသမုပ္ပါဒ် တရားနှင့် စပ်သောအားဖြင့် ၄၄ပါးသော ညာဏဝတ္ထု။ ၇၇ ပါးသော ညာဏဝတ္ထုတို့ကို။ ဝါ၊ ဇရာ, မရဏဟူသော ဒုက္ခဋ္ဌသိသော ညာဏ်။ ဇရာ,မရဏအကြောင်း သမုဒယဋ္ဌ သိသောညာဏ်။ ဇရာ,မရဏ၏ ချုပ်ရာ နိရောဓသို့ ရောက်ကြောင်း ပဋိပဒါဋ္ဌ သိသော ညာဏ်ဟု ဆိုအပ်သော။ စတုသစ္စညာဏ် ၄ ပါး။ ထိုအတူ, ဇာတိဋ္ဌ ညာဏ် ၄ပါး။ ဘဝဋ္ဌ ညာဏ် ၄ ပါး။ ဥပါဒါန်ဋ္ဌ ညာဏ် ၄ ပါး။ တဏှာဋ္ဌ ညာဏ် ၄ ပါး။ ဝေဒနာဋ္ဌ ညာဏ် ၄ ပါး။ ဖဿဋ္ဌ ညာဏ် ၄ ပါး။ သဠာယတနဋ္ဌ ညာဏ် ၄ ပါး။ နာမ်ရုပ်ဋ္ဌ ဉာဏ် ၄ ပါး။ ဝိညာဏ်ဋ္ဌ ညာဏ် ၄ပါး။ သင်္ခါရဋ္ဌ ညာဏ် ၄ ပါး။ ၁၁ လီအားဖြင့် ၄၄ ပါးသော ညာဏဝတ္ထု။ ဇာတိဖြစ်သော် ဇရာမရဏ ဖြစ်၏ဟု သိသောပဝတ္တိညာဏ်။ဇာတိမဖြစ်သော်၊ ဇရာမရဏ မဖြစ်ဟု သိသော နိဝတ္တိညာဏ်အားဖြင့် ၂ ပါး။ ထိုအတူ။ အတိတ်ကာလ။ဇရာမရဏဋ္ဌ။ပဝတ္တိညာဏ်။နိဝတ္တိညာဏ်အားဖြင့် ၂ပါး။အနာဂတ်ကာလ။ဇရာမရဏဋ္ဌ ပဝတ္တိညာဏ်။နိဝတ္တိညာဏ် ၂ပါး။ ထို ၆ ပါးသော ညာဏ်တို့ကို သိသော ညာဏ်တပါးအားဖြင့်။ ဇရာ,မရဏဋ္ဌ ညာဏ် ၇ပါး။ ထိုအတူ ဇာတိဋ္ဌ ညာဏ် ၇ပါး။ ဘဝဋ္ဌ ညာဏ် ၇ ပါး။ ဥပါဒါန်ဋ္ဌညာဏ် ၇ ပါး။ တဏှာဋ္ဌ ညာဏ် ၇ ပါး။ ဝေဒနာဋ္ဌ ညာဏ် ၇ ပါး။ ဖဿဋ္ဌ ညာဏ် ၇ ပါး။ သဠာယတနဋ္ဌ ညာဏ် ၇ ပါး။ နာမ်ရုပ်ဋ္ဌ ညာဏ် ၇ ပါး။ ဝိညာဉ်ဋ္ဌ ညာဏ် ၇ပါး။ သင်္ခါရဋ္ဌ ညာဏ် ၇ ပါး။ ၁၁ လီအားဖြင့် ၇၇ ပါးသော ညာဏဝတ္ထုတို့ကို။ ဝိဘဇ်တ္ဝာန။ ဝေနေယျဇ္ဈာ၊ ဒေသနာဝိလာသ အစွမ်းအားဖြင့်။ အထူးထူး အပြားပြား။ ပိုင်းခြား ဝေဘန်တော်မူ၍။ ဗောဓနေယျ၊ ကိုယ်တော်အလား။ တရားအမြိုက်။ ပဋ်ထိုက် သိထိုက် ကျွတ်ထိုက်သည်။ နတ်လူဗြဟ္မာ။ သတ္တဝါဝေနေယျတို့ကို။ ဗောဓေသိ၊ ပဋ်သိတော်မူစေပြီ။ တံ-တာဒိသံ၊ ထိုသို့ ထူးခွန်။ ကဲလွန်လှစွာ။

ဝိပဿနာ, မဟာဝဇိရ ညာဏ်တော်။ အရဟတ္တမဂ္ဂ, မဟာဝဇိရ ညာဏ်တော်။ သမ္မညျတ, မဟာဝဇိရညာဏ်တော်ဟု ဆိုအပ်သော ညာဏ်တော်, ကိုယ်တော်, နာမ်တော်, ရုပ်တော် နှစ်ဘော်စလုံး။စိန်တုံးစိန်ခဲ။ ရိုးရဲပြိုးပြက်၊ တခဲနက်သော။ တုဘက်ကင်းကွာ။ မဟာဝဇိရ ညာဏ်တော်ကြီးတို့၏ စုဝေးပေါင်းတည်ရာဖြစ်တော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အက္ခန်ပ်သည်။ နမာမိ၊ ရှိခိုးပါ၏။

(၅) ဗုဒ္ဓဘူမိဂတော။ ၃ သန်း ၆ သိန်း သော မဟာဝဇိရ, ဝိပဿနာညာဏ်တော်။ မဟာဝဇိရ, အရဟတ္တ မဂ်ညာဏ်တော်။ မဟာဝဇိရ, အရတ္တဖိုလ် ညာဏ်တော်။ မဟာဝဇိရ, သမ္မညျတ ညာဏ်တော် စသော သမ္မာသမ္ဗုဒ္ဓဘုရားအရာ။ အသာဓာရဏ်။ ချီးမကုန်သော။ ဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံခြင်းသို့ ရောက်တော်မူပြီးသည်ဖြစ်၍။ ပါရဂူ၊ ပါရဂုဇ်းထပ်၊ ကမ်းတရပ်သို့။ ကူးခပ်ပေါက် ရောက်တော်မူထသော။ သဗ္ဗဒဿိကော၊ အလုံးစုံသော သတ္တသခ်ါရ။ ရှိသမျှတို့ကို။ တစမကျန်။ အမှန်ကုန်စင်။ ထက်ဝန်းကျင်ဖြင့်။ မြင်တော်မူတတ်သော အလေ့သဘောရှိတော်မူထသော်။ ယော ဗုဒ္ဓေါ၊ အကြင်မြတ်စွာဘုရားသခင်သည်။

(၆) သုခတ္ထာယ၊ ကိုယ်တော်၏ချမ်းသာခြင်း။လုနတ်မြဟ္မာ၊ သတ္တဝါလောက။ ဝေနေယျဒေပါင်းတို့၏။ ပစ္စုပ္ပန်သံသရာ။ လောကီ, လောကုတ္တရာ။ ချမ်းသာခြင်းအကျိုးငှါ၊ ဒေဝသိကံ၊ နေ့တိုင်းနေ့တိုင်း။ ဝါ၊ သက်တော်ဝိညာဉ်။ နေ့စဉ်ရှိသမျှ ကာလပတ်လုံး။ စတုဝီသကောဋီလက္ခံ၊ မဟာကရုဏာ သမာပတ်, ကုဋေ ၁ သန်း ၂ သိန်း။ အရဟတ္တဖလသမာပတ်, ကုဋေ ၁ သန်း ၂ သိန်းအားဖြင့်။ ကုဋေ ၂ သန်း ၄ သိန်း အရေအတွက်ရှိသော။ ဝါ၊ ရူပါဝစရကြီယာ သမာပတ် ၅ ပါး။ အရူပါဝစရကြီယာသမာပတ် ၄ ပါး။ အပ္ပမညာ သမာပတ် ၁ ပါး။ နိရောဓသမာပတ် ၁ ပါး။ အရဟတ္တဖလ သမာပတ် ၁ ပါး။ ဤသို့အားဖြင့် ၁၂ ပါးသော သမာပတ်တို့၌။ အသီးအသီး။ နေ့တိုင်းနေ့တိုင်းသာလျှင်။ နံနက်အခါ ကုဋေ ၁ သိန်း။ ညအခါ ကုဋေ ၁ သိန်းစီ ဝင်စားတော်မူ သဖြင့်။ ကုဋေ ၂ သန်း ၄ သိန်း အရေအတွက်ရှိသော။ ဝါ၊ အနုလုံအားဖြင့် ၁၂ ပါး။ ပဋိလုံအားဖြင့် ၁၂ ပါးသော ပဋိစ္စသမုပ္ပါဒ် အင်္ဂါတို့ကို ပိုင်း

ခြားသုံးသပ်လျက်။ နေ့တိုင်းနေ့တိုင်း။ ကုဋေ ၁ သိန်း။ ကုဋေ ၁ သိန်း သော။ အရဟတ္တဖလ သမာပတ်ကို။ မပြတ်ဝင်စားတော်မူသဖြင့်။ ကုဋေ ၂ သန်း ၄ သိန်း အရေအတွက်ရှိသော။ မဟာဝဇိရ,နာမကုံ၊ မဟာဝဇိရ အမည်ရှိသော။ သမာပတ္တိ်၊ မဟာကရုဏာ သမာပတ်။ အရဟတ္တဖလသမာပတ်၊ ဝိသေသမဖွဲ့ဓာတ်၊ သမာဓိ တရားမြတ်ကို။ သမာပဇ္ဇိ်၊ ဝင်စားတော်မူပြီ။ ပရိနိဗ္ဗာနကာလေမိ၊ သက်တော်ရှစ်ဆယ်။ ပြည့်ကယ်အမှန်။ ပရိနိဗ္ဗာန်စံဝင်တော်မူသော အခါ၌လည်း။ နိဗ္ဗုတိ်၊ ရာဂ, ဒေါသ၊ မောဟထိန်ညီး၊ ဆဲ့တမီးတို့။ ကင်းပြီး ချုပ်ငြိမ်းရာ ဖြစ်သော။ သန္တိ်၊ အနုပါဒိသိသ်၊ တိတ်ဆိတ်မကျန်၊ ချမ်းမြေ့ကဲလွန်၊ နေရဗာန်ဓာတ်၊ အနုပါဒိသေသ၊ နိဗ္ဗာန် တရားတော်မြတ်ကို။ အာရဗ္ဘ၊ ရည်တော်မူ၍။ သမာပတ္တိ်၊ ရူပါဝစရ, အရူပါဝစရ ကြီယာသမာပတ်ကို။ ဝါ၊ အသုဘပညတ် ၁၀ ပါး။ ဒုတ္တိ်သာကာရကောဋ္ဌာသ ပညတ် ၁ ပါး။ ကသိုဏ်းပညတ် ဂ ပါး။ မေတ္တာ, ဂရုဏာ, မုဒိတာတို့၏ အာရုံဖြစ်သော သတ္တ ပညတ် ၃ ပါး။ အာနာပါဏဖြစ်သော ထွက်သက်ဝင်သက် ပညတ် ၁ ပါး။ ပရိစ္ဆေဒါကာသဖြစ်သော ကောင်းကင် ပညတ် ၁ ပါး။ ဤသို့အားဖြင့် ၂၄ ပါးသော ပညတ်အာရုံတို့၌။ ရူပါဝစရကြီယာ ပဌမစျာန်သမာပတ်ကို ဝင်စားတော်မူခြင်း။ ကသိုဏ်းပညတ် ဂ ပါး။ သတ္တပညတ် ၃ ပါး။ အာနာပါဏဖြစ်သော ထွက်သက်ဝင်သက်ပညတ် ၁ ပါး။ ပရိစ္ဆေဒါကာသဖြစ်သော ကောင်းကင်ပညတ် ၁ ပါး၊ ဤသို့အားဖြင့် ၁၃ ပါးသော ပညတ်အာရုံတို့၌။ ရူပါဝစရ ကြီယာ ဒုတိယစျာန် သမာပတ်။ တတိယစျာန် သမာပတ် တို့ကို ဝင်စားတော်မူခြင်း။ ကသိုဏ်းပညတ် ဂ ပါး။ ဥပေက္ခာပြဟ္မာဝိဟာရ၏ အာရုံ ဖြစ်သော သတ္တပညတ် ၁ ပါး။ အာနာပါဏ ဖြစ်သော ထွက်သက် ဝင်သက် ပညတ် ၁ ပါး။ပရိစ္ဆေဒါကာသဖြစ်သော ကောင်းကင်ပညတ် ၁ ပါး။ ကသိဏုဂ္ဃာဋိမဖြစ်သော ကောင်းကင်ပညတ် ၁ ပါး။ ပဌမာရုပ္ပကြီယာ ဝိညာဉ် ၁ ပါး။ ထိုပဌမာရုပ္ပကြီယာ ဝိညာဉ်၏ မရှိခြင်း နတ္ထိဘော ပညတ် ၁ ပါး။ တတိယာရုပ္ပ ကြီယာ ဝိညာဉ် ၁ ပါး။ ဤသို့အားဖြင့် ၁၅ ပါးသောအာရုံတို့၌။ ရူပါဝစရ, အရူပါဝစရ ကြီယာ, စတုတ္ထစျာန် သမာပတ်ကို ဝင်စားတော်မူခြင်းတို့ဖြင့်။ ဝင်စားအပ်

သော။ ရူပါဝစရ, အရူပဝါစရကြိယာသမာပတ်ကို။ စတုဝီသကောဋ္ဌီ လက္ခံ၊ အကြိမ်ကုဋ္ဌေ ၂ သန်း ၄ သိန်း အရေအတွက် စေ့အောင်။ သမာပဇ္ဇိံ-သမာပဇ္ဇန္တော၊ ဝင်စားတော်မူ၍။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန် စံဝင်တော်မူပြီ။ အစ္စန္တဂ္ဂံ၊အလွန်တောအဆုံးသို့ရောက်တော်မူသော။ ဝါ၊ အလွန်သော အဆုံးသို့ ကြွသွားတော် မူတတ်သော။ တံဗုဒ္ဓံ၊ ထို ၂ သန်း ၄ သိန်း။ ခန့်ကိန်းသခ်ျာ၊ မဟာဝဇီရညာဏမမ္မဓာတ်၊ ကြီးကျယ်များမြတ်သော။ သမာပတ်၏ အသျင် ဖြစ်တော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ နမာမိ၊ ရှိခိုးပါ၏။

(၇) အဟံ၊ အကျွန်ုပ်သည်။ ဧတေနပုညေန။ ဤသို့ကြီးမြတ် လှစွာ။ မဟာဝဇီရ ညာဏ်တော်ကြီးတို့ဖြင့်။ ညီးညီး ပြောင်ရှန်း။ ထွန်းပထင်ရှား။ မြတ်စွာဘုရားကို။ သုံးပါးစေတနာ။ သုံးဖြာဒွါရ။ ပဏာမဖြင့်။ စိတ်ကမြတ်နိုး။ ရှိခိုးပူဇော်ပါရသောကောင်းမှုကြောင့်။ ဣတော၊ ဤကိုယ်ဘဝ၊ ဤကာလမှ။ ပဋ္ဌာယ၊ အစပြု၍။ အနာဂတေ၊ နောင်လာလတ္တံ့သော။ ဘဝေ၊ ဘဝတိုင်း ဘဝတိုင်း၌။ ဝဇီရညာ ဏသမ္ပေန္ဒော၊ ဝရဇိန်လက်နက်၊ မိုးကြိုးစက်နှင့် တူသော ထက်မျက် လှစွာညာဏ်ပညာနှင့်ပြည့်စုံသည်။ ဘဝေဘဝေယျံ၊ ဖြစ်ရပါလို၏။ ဝဇီရ သမကာယိကော၊ ဝရဇိန်တနှုန်း၊ စိန်တုံးစိန်ခဲနှင့် အတူ။ ရိုးရဲ ထိန်လက်။ ပြိုးပြက်ရောင်ဝ။ ထွန်းပစွာသော၊ ကိုယ်အင်္ဂါအပေါင်းရှိ သည်လည်း။ ဘဝေဘဝေယျံ၊ ဖြစ်ရပါလို၏။ သပရတ္ထကံ၊ မိမိ၏ ပစ္စုပ္ပန်သံသရာ၊ လောကီ လောကုတ္တရာအကျိုး။ သူတပါးတို့၏ ပစ္စုပ္ပန်သံသရာ။ လောကီလောကုတ္တရာအကျိုးကို။ သဗ္ဗဒါ၊ အခါခပ် သိမ်း။ဝဇီရောဘာယ၊ ဝရဇိန်ရောင် ကိုယ်အရောင်ဖြင့်။ ဩသာသေ ယျံ။ လူ့ဘောင် နတ်ဘောင်။ ပြောင်ပြောင်ထိန်လင်း။ ဝင်းဝင်း တောတ်ပ။ ထွန်းပရွက်ဆောင်နိုင်ရပါလို၏ အရှင်ဘုရား။

ကျုပ်တို့သည်။ ဤမည်သောယခုညမှာဖြင့်။ ဥရဂဇာတ်။ ယပ် လှဲဒေသနာတော်၏ အခြားမဲ့၌။ထားခဲ့သောပရိညာဏ်ဂတိ။ ရှိလည်း ရှိခဲ့ပေသကိုးဟု။ မိုးကြိုးနှင့် ထီးရိုးတရား၏။ အချီးတမျိုး အသွားကြံ စည်ပြီး။ မန်လည် ဆရာတော်ဘုရား၏။ အသွားထက်မြတ်လှစွာ သော မိုးကြိုးဘုရားရှိခိုးလာပုံကို။ အာရုံတော်ပြုပြီးကာလ။ မြန်မာ မျှာ့မန်းခေတ်၌။ အဆန်းအသစ်တွင် အထူးတော်သပဆိုတဲ့။ တကာ

ကြီး ဦးကျော်လှ ၏ သံချိုကမ္မဋ္ဌာန်းမှ။ ။"မန်းနဂရမှာတော့။ စန်း ထသူ-ဆရာဇံနှင့်။ ထာဝရံအတူဖက်ပါလို့။ ရာသက်တိုင် သတင်း၊ ကျော်တဲ့။ သဘင်ပေါ်၊ စင်တော်ဦးဆီက။...." ဟု အစပျိုးပြီး လျှင်။ ။"နှိုးဆော်ကာ၊ မိုးပေါ်ကကြဲလိမ့်မကွယ်။ ပဲ့နောက်ပိတ် ဆုံး"လို့။ အနို့လို အဆုံးချတဲ့။ ပြုံးစရာ့တမျိုးအသွားနှင့်။ မိုးကြိုး တရားဒေသနာကို။ ဇေယျာသူ- ကေသာ, ဒကမတို့အား။ သေချာ ဃ,ဏ။ နေရာတကျဟောမည့် ပြောမည့် အလုပ်တွင်။ ကျုပ်တို့ တပည့်မ။ ရှိရှိသမျှ အသင်းအပင်းတို့တွင်။ ဝင်းဝင်းလှလှ ဖြူဖြူနှင့်။ အဆင်းက (လ)တဆူ ဟူစလောက်သော။ ဟသ်ာတသူမ။ ဒွါရဝါဒီ။ သာမာဝတီတို့- မာလာရီတို့ ရောက်လာ ပေါက်လာပြီး။ အောက်ပါ အတိုင်း။ ကရိဏ်းဒွါရ။ ပဏာမတို့ဖြင့်။ ဂါရဝတည်းဟူသော ရိုရိုသေသေနှင့်။ချိုချိုပြေပြေ။ ချေချေငန်ငန် လျှောက်ထားကြသည်မှာ။

မာလာရီ။ ။"ကျွေးဘူးမွေးဘူးသနှင့်။ တဖြေးဖြေးနူးလောက်တဲ့။ ကျေးဇူးတော်ရင်။ တိတ်တဘောင်နှင့်။ သပိတ်ဆောင်တဲ့။ ထိပ်ခေါင်တင်ကြီးဘုရား"။

ဘာတုန်းမာလာရီ။ ဟိုနောက်နားက သာမာဝတီမဟုတ်လား။

သာမာဝတီ။ ။"မှန်ပ-ဦးထိပ်ရွက်ဆင်ပါဘုရား"။

အင်း-မင်းတို့ဟသ်ာတက။ အသင်းဒကမတွေမှာ။ ပင်းယ-အင်းဝနှင့်တက္ခ။ မင်းမင်းမျာ့ အညာ စကိုင်းဆီက။ ဆရာမှိုင်း မေတ္တာကြောင့်။ ပြစ်ဘယာ မှောင်မည်ဘဲ။ ချောင်ချောင် ချိချိများ ရှိကြပါရဲ့လား။

ပါရမီ။ ။"မှန်လှပါ ကဆုန်, နယုန်ဆီကဖြင့်။ ဂဋ္ဌုန်က တမျိုး။ ကြမ်းပိုးကတဖုံနဲ့။ အပုံကြီးကြပ်ကြကြောင်းပါဘုရား။"

ဩော်....အမှတ်တရ မပြတ်မပြတ်ညီးလောက်အောင်။ အကြပ် ကြီး ကြပ်ကြတော့။ အနတ္တကမ္မဋ္ဌာန်းယူပြီး။ ဘန်းသူမ,ပီပီ။ ဆောက် တည်အားထုတ်ကြမှပေါ့။ နို့ပြီး ဘာအကြောင်းများ ထူးသေး သလဲ မာလာရီ။

မာလာရီ။ ။"မှန်လှပါ။ မြန်မာပြည်တရိုး။ အသေဆိုး။ အနေဆိုး။ သဝေထိုးချင်တဲ့။ ခေတ်ဆိုးခေတ်ယုတ်။ ခေတ်ရှုပ် ခေတ် ပွေကြီးအခါ။ အပွမာဒတရား။ လက်ကိုင်ထားကြလျက်။ လက္ခဏာ

ရေးသုံးပါး။ ကုသိုလ်တရားတို့ကို။ ပွားများ အားထုတ်ကြစေရန်။ ရည်သန်မြော်တင်း၍။ ဟသ်ာတမြို့ဝယ်။ လယ်တီသမိုက်၊ စာသင်တိုက်၌။ ကိန်းပိုက်စံနေတော်မူစဉ်။ အရှင် "သောဘန" မည်သော။ ဂဏဝါစက။ စာချဆရာတော်ကလေးတပါး။ ရေးသား ပြုစုတော်မူတဲ့။ (ဥယျောဇနကဗျာ)။ လက်ဆောင်တော်ပါလာကြောင်းပါ ဘုရား" ဟုလျှောက်ပြီးခါ။ အဆိုပါဓမ္မပဏ္ဏာ။ လက်ဆောင်တော်စာကို။ ကျုပ်တို့ရဲ့စာတော်ဘတ် ပုညဝတီလက်သို့ ကမ်းလိုက်၏။

ယင်းသောအခါ။ စာတော်ဘတ် ပုညဝတီက။ မပီကလာ ပီကလာနှင့်။ တီတီတာတာ ဘတ်ဆို လျှောက်ထားသည် မှာလည်း အောက်နားက အတိုင်းပင် ဟူ၏။

ဂဋ္ဌုန်ကမ္မဋ္ဌာန်းဘွဲ့။ ကျမ်းနဲ့အညီ။ ရေးစီဘိသော။
ပါဋ္ဌိ ရှစ်ဆယ်ပေါ် တေးထပ်ကြီး။

သံသာရေ, ဟေ စရန္တ(သည်)။ အနန္တက, သတ္တဝါ။ ဘယန္တရ, မဟဝဏ္ဏဝ, ဓမ္မံစရ, အနတ္တာ(ငယ်)။ မဟဗ္ဘယာ-ဘဝန္တိ။ ။ ရုဒ္ဓါ ရုဒ္ဓ, ဒုက္ခာဒုက္ခ,-ဗုဒ္ဓာ ဗုဒ္ဓအမုတ္တာ(မှာ)။ နရခုဒ္ဓါ, ကုတော-ဣဒါနိ။ ။အနိစ္စာဝတ,အဝိဇ္ဇာသဝ,အနိဋ္ဌာလယ-သခ်ါရာ(ငယ်)။ အတ္ထင်္ဂတာ, နဿာဒိ။ အနင်္ဂဏာ, ဆဋ္ဌရိ(မို့)။ ပဿာဟိစ အသာတံ။ ။နိစ္စံသုခံ အတ္တာဒိ။ တသ္မာဟိ နေဝ, အပြံပြံ။ ။ဘင်္ဂသလ္လ, ပဥ္ဇခန္ဓ။ ပင်္ဂပလ္လလ,ဥန္နတံ(ကို)။ ဂဋ္ဌုံ-သတတံ,နန္ဒိံစ(နှင့်)၊ ဗျန္တိံကရ, ဥဿောဋ္ဌိယာ။ တုဋ္ဌောအနိဃာ။ ။ဒုလ္လဘ, ဝိသယ။ သုန္ဒရ, ဟိတက, ပုညကြိယ,တေရတာ(ရယ်)။ အနေဇကာ, ဘဝေ ယျာထ(လေး)။

ပဒေါပမိတ, အနောဝဒိတ, ဓမ္မောဒယိတ သတိယာ (ငယ်) အမိတာယာ သမ္ပာဒေထ (လေး)။

အနက်ယောဇနာသော်ကား။

ဟေ။ ။အို....သူတော်ကောင်းတို့။

ဣဒါနိ။ ။ဗုဒ္ဒုပ္ပါဒ။ ဒုလ္လဘကို။ ရရှိကြုံလာ။ ယခုအခါ၌။

ဓမ္မံ။ ။မင်ဖိုလ်နိဗ္ဗာန်။ကေန်ရကြောင်း။ တရားကောင်းကို။

စရ-စရထ။ ။သမ္မပ္ပဓာန်။ အရင်းခံ၍။ အမှန်မယုတ်။အား ထုတ်ကျင့်ကြံလိုက်ကြပါကုန်လော။

ဘယန္ထရ, မဟဏ္ဏဝ ဘယန္တရ, မဟဏ္ဏဝေ။ ။လှိုင်းဝဲ ရက္ခိုသ်။ ဖမ်းကိုက်ငါးကြမ်း။ ဘေးဘျမ်းလေးဦး။ ဘေးအထူးဘို့နှင့်။ ကြောက်မူးစရာ။ ပြည့်စုံပါသော။ သမုဒြာပြင်ကျယ်။ ပင်လယ်ကြီး တည်းဟူသော။ ဝါ၊ ပင်လယ်ကြီးကဲ့သို့သော။ ဝါ၊ ပင်လယ်ကြီး နှင့်တူလှပေသော။

သံသာရေ။ ။ဇာတိဇရာ၊ ဗျာဓိမရဏ၊ ဘေးလေးဝနှင့်။ ပြည့်ထမှန်စွာ။ ခန္ဓာယတန။ ဓာတ်ထိုမျှတို့။ ဖြစ်ကြဖန်ခါ။ သံသရာဝဲ။ ခရီးခဲကြီး၌။

စရန္တ-စရန္တာ။ ။ကျင်လည်မျောပါး။ ကျက် စား ကြ ရ ကုန်လော။

အနန္တက, သတ္တဝါ။ ။ရေတွက် သိမ်းကြုံး။ အဆုံးမထင်။ များဖြင်ဥဿုံ။ အာရုံတွေ့ရှိ။ တပ်ငြိတတ်စွာ။ သတ္တဝါတို့သည်။

အနတ္တာ။ ။သိမ်သိမ်ဖျင်းဖျင်း။ အနှစ်ကင်းလျက်။ အခင်း မလှကုန်စွတကား။ ဝါ၊ အစိုးမရ။ ကျိုးမလှ။ ဆိုးကြပါကုန်၏ တကား။ ဝါ၊ အလိုမလိုက်။ကိုယ် အကြိုက်။ မဆိုက်ကြကုန်စွတကား။

မဟဗ္ဘယာ။ ။ကိုးဆဲ ခြောက်ဖြာ။ ဝေဒနာနှင့်။ ကံကြမ္မာ အပေါင်း။မကောင်းဥပါဒ်။ဒလစပ်ထူပြော၍။များပြားသောဘေးရန် ရှိကြကုန်သည်။

ဘဝန္တိ။ ။ဖြစ်ကြကုန်၏။

ဗုဒ္ဓါ ဗုဒ္ဓ-ဗုဒ္ဓါ ဗုဒ္ဓါ။ ။ပစ္စေကဗုဒ္ဓါ။ သမ္မာသမ္ဗုဒ္ဓ။ တေဇ ကြီးကျယ်။ ဘုရားငယ်, ဘုရားကြီးတို့မှလည်း။

ရုဒ္ဓါ ရုဒ္ဓ,ဒုက္ခာ ဒုက္ခ-ရုဒ္ဓါ ရုဒ္ဓ,ဒုက္ခာ ဒုက္ခေဟိ။ ။ကြောက်

ဘွယ် ညှဉ်းပန်း။ ကြမ်းတမ်းလှ ပေသော သခ်ါရဝိပရိနာမဒုက္ခ။ ထို့ထက် ညှဉ်းပန်း။ အလွန်ကြမ်းတမ်းလှသော ဒုက္ခဒုက္ခတို့မှ။ ဝါ၊ဥပါဒ်ဌီဘင်။ အစဉ်ညှဉ်းပန်း။ အလွန်ကြမ်းတမ်းလှ ကုန်သော။ အဘိဏှသမ္ပဝိဋန, ဒုက္ခအပေါင်းတို့မှ။

အမုတ္တာ။ ။ပရိနိဗ္ဗာန်။မစံသမျှ။ ကာလအတွင်း။ မလွတ်မရှင်းနိုင်ကြကုန်။

နရခုဒ္ဒါ။ ။သေးနုပ်ကြုံလှီ။ ပါရမီနုနယ်။ ဘုန်းဂုဏ် ငယ်ကုန်သော သတ္တဝါတို့သည်ကား။

ကုတော။ ။အဘယ်မှာ ဇွတ်ငြင်း၍။ လွတ်ကင်းနိုင်ကုန်အံ့။ နည်းတဲ့။

သာဓု, သာဓု, သာဓု,ပါဘုရား။

အဝိဇ္ဇာသဝ, အနိဋ္ဌာလယ- သခ်ါရာ။။ ။လ, ကွယ် သန်းခေါင်။ မိုဃ်းမှောင်တိမ်ပုပ်။ တောချုံအုပ်သို့။ မှိုင်းချုပ် ပိတ်ကာ။ အဝိဇ္ဇာသဝ။ယင်းမူလကြောင့်။သုခတဆိတ်။အရှင်ပိတ်သည့်အနိဋ္ဌာရုံ။ ဒုက္ခပုံတို့၏။ရှက်ဆုံရောထွေး၊ စုဝေးတည်နေရာ။ သခ်ါရ တရားတို့သည်။

အတ္ထင်္ဂတာ။ ။ဥပါဒ်နှင့်ဌီ။တည်နေပြီးနောက်။ချုပ်ပျောက်ပျက်စီးခြင်းသို့ ရောက်တတ်သည်၏ အဖြစ်ကြောင့်။

အနိစ္စဝတ။ ။မဖောက်လှဲမ။ ကုန်ပျက်စဲ၍။ အမြဲမရှိကုန်စွတကား။

အနင်္ဂဏာ။ ။ကိလေသာပြစ်ဘေး။ ညစ်ကြေးကင်းစင်။အရိယာ အရှင်တို့သည်။

အရိ--အရီ။ ။ကိုယ်တွင်း ကိုယ်ပြင်။ နေ့စဉ်ရက်ဆက်၊ နှိပ်စက် ကလူ။ ရန်သူနှင့်တူကြကုန်သော။

ယေ။ ။အကြင် ထင်လာသမျှ။ဘင်မှာကျတော့။ ခင်စရာ-မင်စရာမရနိုင်တဲ့။ သခ်ါရ တရားတို့ကို။

ယသ္မာ။ ။အကြင့်ကြောင့်။

ဆဋ္ဌာ။ ။ချမ်းသာအမြဲ။ ငါ့ကိုယ်ဘဲဟု။မစွဲမတွယ်။စွန့်ပယ်ကြကုန်၏။

တသ္မာ။ ။ထို့ကြောင့်။

တော။ ။ထိုထင်လာသမျှ-အလားရှလိုက်တော့။ ဘင်မှာကျ တော့-တပါးတခု တောင်မှ။ ခင်စရာ မင်စရာမရ-အလကားပြုကြတဲ့။ သခ်ါရတရား အစုတို့ကို။

နဿာဒီ-နဿာဒီ တဗ္ဘာ။ ။အမြဲချမ်းသာ။ ငါ့ကိုယ်ပါ ဟု။ မသာယာ မခင်တွယ်အပ်ကုန်။

ဟိ။ ။ဆက်ရှိကွန့်မြူး။ ဆိုလိုက်ဦးအုံ့။

ယတ္ထ။ ။ကောင်းဆိုး နှစ်တန်။ ဝိညာဏ်ချမ်းပူ။ အစာဟူ၍။ လေးဆူပြုအား။ အကြင်သခ်ါရ တရား၌။

နိစ္စံဝါ။ ။မချွေမလျော့။ မြဲသော သဘောသည်ရင်း။

သုခံဝါ။ ။နှစ်သက်ဘွယ်ရာ။ ချမ်းသာသော သဘောသည် ရင်း။

အတ္တာဒိဝါ။ ။ငါ့ကိုယ်ငါ့ဟာ။ ငါ့ဥစ္စာဟု။ တွယ်တာမက် မော။ အတ္တစသည်။ သဘောသည်ရင်း။

ယသ္မာ။ ။အကြင့်ကြောင့်။

နု။ ။အမြင်အကြား။ ပြင်ပြင်အားဖြင့်။ ထင်ရှားမရှိပေ။

ဟေ။ ။အို-သူတော်ကောင်းတို့။

တသ္မာ။ ။အနိုင့်ကြောင့်။ ။

တုမှေ။ ။သင်တို့သည်။

တတ္ထ။ ။ကံ့စိတ်ချမ်းပူ။ အစာဟူ၍။ လေးဆူ ဖန်ထား သခ်ါရတရား၌။

အ,သာတံစ။ ။မြတ်နိုးစုံမက်။ နှစ်သက်ချစ်ခင်။ တပ်မင် တွယ်တာ။သာယာဘွယ်မရှိသည်၏ အဖြစ်ကိုလည်း။

အပြံပြံ,ဧဝ-အပရံ,အပရံဧဝ။ ။ကြိမ်ဖန်မပြတ်။ အထပ် ဆပ် သာလျှင်။

ပဿာဟိ=ပဿထ။ ။ပရိညာခရီး။ သိဒ္ဓိပြီးအောင်။ မငြိး မပျင်း။ မယွင်းလုံလ။ ဥဿာဟဖြင့်။ရှုမြင်လိုက်ကြပါကုန်လော့။

ဟေ၊ ။အို-သူတော်ကောင်းတို့။

တုမှေ။ ။သင်တို့သည်၊

ဘင်္ဂလလ္လ, ပဠုခန္ဓ- ဘင်္ဂသလ္လ, ပဠုခန္ဓေသု။ ။ဘင်တည်း ဟူသော ငြောင့်တံသင်းရှိသောခန္ဓာငါးပါး။ ရွပ်နာမ်တရားတို့၌။

ပက်ပလ္လလ-ပက်ပလ္လလံ။ ။သတ္တဝါအဟို။ များလူဗိုလ်ကို။ ငြိုငြင်ကျဉ်းကြပ်။ နစ်မြုပ်စေတတ်သည်၏ အဖြစ်ကြောင့်။ နုံးနှစ်နွံဟောင်း။ အလွန်တရာမှ။ ရွံစရာကောင်းတဲ့။ ညွန်မျောင်းနှင့် တူလှပေသော။

ဂဋ္ဌုံ။ ။ဆဲ့နှစ်ခွင်စက်။ ချဲထွင်ချက်ကြောင့်။နှိပ်စက် ပြင်းဝှန်။ အလွန် ဝန်လေးလှပေသော။

ဥန္နတံစ။ ။အမြတ် အတူ။ အယုတ်ဟူ၍။ ပွားမူကိုးသင်း။ မှန်ကင်းတနူန်း။ ဟုံးစုံးထောင်လွှား။ မာနတရားကိုဌင်း။

နန္ဒိံစ။ ။နှစ်သက်စဘွယ်။ တင့်တယ်အာရုံ။တွေ့ကြုံ ကပ်ငြိ။ သားတစ်၏သို့။ နန္ဒိရာဂ။ သမုဒယသစ္စာ။ တဏှာတရားကိုဌင်း။

ဒိဋ္ဌိံစ။ ။ရုပ်နာမ်ကိုလျှင်။ငါ့ကိုယ်ပင်ဟု။စွဲမြင်မှောက်မှား။ ဒိဋ္ဌိ,တရားကိုဌင်း။ ။(စ,သဒ္ဒါဖြင့်။ ဒိဋ္ဌိကိုဆည်းသည်။)

သတတံ။ ။မငြီးမငွေ့။ အလေ့အကျင့်။ မဖင့်မနွဲ၊ အမြဲသာလျှင်။

ဥသောဋ္ဌိယာ။ ။သမာဓိက။ ဝီရိယကို။ ညီမျှတူနွဲ။ လွန်ကဲသော လုံ့လဖြင့်။

ဗျန္တိံကရ-ဗျန္တိံကရောထ။ ။နေခြည်ရောင်ကြောက်။ ဆီးနှင်းပေါက်သို့။ ခန်းခြောက်ပျောက်ပျက်လေအောင်။ဖန်ဆောင်သမူ။ ပြုကြပါကုန်လော။

ဟေ။ ။အို-သူတော်ကောင်းတို့။

ဧဝံသန္တေသု။ ။ဤသို့ တဏှာ, မာန, ဒိဋ္ဌိမျှကို၊ လုံ့လကြိုးပမ်း။ကုန်ခန်းလေအောင်။ရွက်ဆောင်အားထုတ်ကြသည်ရှိသော်။

တုမှေ။ ။သင်တို့သည်။

အနိဃာ။ ။သံသရာဘေး။ ဝန်မလေးဘဲ။ ကင်းဝေးပျောက်ရှင်း။ ဆင်းရဲခြင်းမရှိကြသည်ဖြစ်၍။

တုဋ္ဌော-တုဋ္ဌာ။ ။ဗျာပွေမငွေ့။ ကြာရေတွေ့သို့။ ကြွေ့ကြွေ့သွင်ဆန်း။ ဘဝင်ချမ်းလျက်။ ရှင်လန်းဝမ်းမြောက်ခြင်း ရှိကြကုန်သည်။

ဘဝိဿထ။ ။အကယ်စင်စစ်။ ဖြစ်ကြရကုန်လတ္တံ့။

ဟေ။ ။အို-သူတော်ကောင်းတို့။

တေတုမ္ပေ။ ။ထိုသင်တို့သည်။

ဒုလ္လဘ,ဝိသယ။ သုန္ဒရ,ဟိတက၊ပုညကြိယ,ရတာ။ ။ကြုံရခဲတဲ့။ ဒုလ္လဘပဲ့သဘင်၌။ လူ့ခွင်နတ်ဌာန်။ နိဗ္ဗာန်သမ္ပတ်။ကောင်းမြတ်သော အစီးအပွားကို။ ကြီးမားကုံလုံ။ ပြုတတ်ကုန်သော။ ပုညကြိယ။ ဒသ,အပြား။ ဝတ္ထုများ၌။ ကျက်စားရှင်ပျော်။ မွေ့လျော်ကြကုန်သည်ဖြစ်၍။

အနေဇကာ။ ။တိမ်တိုက်မင်းလွင်။ ကင်းစင်သုဉ်မည်။တဖုံကြည်လျက်။ ဂုဏ်ရည်လှလှ။ ပုဏ္ဏမီလကဲ့သို့။ ရာဂဇော။ တဏ္ဍာမရှိကြကုန်သည်။

ဘဝေယျာထ။ ။ဖြစ်ကြပါကုန်လော။

(သာဓု,သာဓု,သာဓု)။

ဟေ။ ။အို-သူတော်ကောင်းရို့။

တုမ္ပေ။ ။သင်တို့သည်။

အမိတာယာ - အမိတာယ။ ။လုံ့လသမာ။ သဒ္ဓါညာဏ။ ဣန္ဒြေလေးဝနှင့်။ မမျှပြင်ပြင်။ မနှိုင်းယှဉ်အပ်ပေသော။

ပဒေါ,ပမိတ။ အနော,ဝဒိတ။ ဓမ္မော,ဒယိတသတိယာ။ ။ဆင်၏ ခြေနှင့်။ ပမာချင့်၍။ အသင့်ထောက်ထား။ အဖန်ဖန်ဟောကြားအပ်ပေသော။ ကိုးပါးဝိမုတ်။ မြတ်လောကုတ်၏။ အဟုတ်ကြီးပွား။ စည်ကားတိုးတက်ခြင်းသို့။ လက်ငင်းမသွေ။ ရောက်စေတတ်သား။ အပွမာဒသတိတရားနှင့်။

သမ္ပာဒေထ။ ။လက်ရှိကုံလုံ။ ပြည့်စုံကြပါကုန်လော။

မှတ်ရန်။ ။ပုညကြိယ ရတာကား။ နစံပနဘိက္ခု စီဝရလာဘေန ကဲ့သို့။ ပဒန္တရ သမာသ်တည်း။

(သာဓုဘုရာ့။ သာဓုဘုရား။ သာဓုဘုရား)။

"အနို့ပြီး-တနည်းကတော့။ "နိဋ္ဌိတံ"ပါတဲ့ ဘုရား"

ကျုပ်တို့သည်။ ဤမည်သော နန်းမတော်မြကလေးတို့နှင့် ရှေးရှေးက နဝင်းလှခဲ့သော။ ဟင်္သာတသူမ-သာမာဝတီရို့။ မာလာရီတို့၏ ကဗျာအဆီ တည်းဟူသော ဓမ္မပဏ္ဏာ။ မဟာလက်ဆောင်တော်(ဂဋ္ဌုံ)ကို။ အာရုံတော်မူပြီးကာလ။ နောက်နောက်က ပဋိညာဉ်ဂတိ။ ရှိခဲ့သည်နှင့်အညီ။ ဤမည်သော မိုးကြိုးတို့၏ သဘောကို။ ဟော

ပြောမည့်အခါ။ အညာမောင်းထောင်က။ ကျောင်းတဆောင် လှူပ
မည်ဟု။ အာမဘန္တေဟု ဝန်ခံဘူးတဲ့။ အရီးကူး၏ တူမ။ ပုညဝတီ၏
ညီမရင်းအစစ်။ ဖြစ်လည်း ဖြစ်တော် မူပေသော မယ်ဝိစာရီကို။
အနှီသို့ မေးမြန်းတော် မူလေ၏။ အဘယ်သို့ မေးမြန်းတော် မူပါ
သနည်းဟူမူ။

အို-မယ်ဝိစာရီ "ဤမည်သော အလုံမှု ရှာ။ အညာတခွင်တွင်။
အကြင်မောင်းထောင် အမည်ရှိသော ရွာကြီးက။ ဒကာကြီးဦးကျော်
လှသည်။ မြန်မာတို့ခေတ်။ သက္ကရာဇ် ၁၂၄၇ခုနှစ်ဆီက။ ဤယခု
အခါ။ ဆရာယောဂီ။ ဟောမည်လို့ ပျိုးအပ်တဲ့။ မိုးကြိုးအကြောင်း
အရာ ကဗျာသံချိုတပုဒ်ကို။လုပ်ခဲ့သည်တကားဟု။ကြားရဘူးပေသည်။
အနှီ မိုးကြိုး သံချိုကို အစကအဆုံး။ နိဂုံးအထိ။ ရမိပါ၏လောဟူ။
စောကြောမေးမြန်းတော်မူလေ၏။

ယင်းသောအခါ။ မောင်းထောင်သူမ- မယ်ဝိစာရီက။အဥ္ဇလီ
ပဏာမဖြင့်။ ဆရာဘုရား ခြေတော်ရင်းက။ ရွှေနားတော် သွင်းသည်
မှာ။ ။ဆရာသခင်။ ကျေးဇူးရှင်ဘုရား။ တပဲ့တော်မတို့ရဲ့ မောင်း
ထောင်ရွာ။ ဒကာကြီး ဦးကျော်လှစပ်ဆိုတဲ့။ သံချိုကဗျာမျိုး။ မိုးကြိုး
ဘွဲ့ကို။ တပဲ့တော်မ-ရတော့ဖြင့် ရပါရဲ့။ အနို့သော်လဲ အစပ်ကာ
ရန်။ မှန်-မမှန်ကိုတော့။ ကေန်တီတီ။ မသိရပါ။ ဆရာဘုရား ကြား
နာလိုက။ ဆိုပြပါမည်ဘုရားဟု လျောက်ထားချေတမှု့။

ထိုအခါ။ ဆရာက-ဒကာကြီး ဦးကျော်လှရဲ့ သံချိုကို။ မှန်
သည်ဖြစ်စေ။ မှားသည်ဖြစ်စေ။ ကြားနာတော် မူလိုသည်ဟု အမိန့်
ရှိရကား။ တပည့်မ မယ်ဝိစာရီက လျောက်ထားသည်ကား။ အောက်
နားက အတိုင်းပင် ဟူလို။

၁၂၄၇ ခုနှစ် လောက်တွင် ပေါ်လာသည့်
ဦးကျော်လှ သံချို။

မန်းနဂရမှာတော့။ စန်းထသူ (ဆရာဇ)နှင့်။ ထာဝရံ အတူ
ဘက်ပါလို့။ ရာသက်တိုင် သတင်းကျော်တဲ့။ သဘင်ပေါ်စင်တော်

ဦးက။ ကွန်မြူးကာ ညာဏ်ဆောင်ဖြာ၍။ နိပါတ်လာ ဇာတ်တော် သားကိုလ။ နားစိုက်ကြပွဲတော်နေ။ ။သက္ကဆုင်-တွက်စစ်ခါနောင် ကိုမျော်ကြတော့။ တထောင်ကျော် နှစ်ဆဝင်တော့။ ကမ္ဘာတွင်-ကိုးဆဲ့နှစ်ပါတဲ့။ သည်ခေတ်လို မကြုံဘူးပါဘူး။ နံ စနေ-ဓနုအကူး မှာဖြင့်။ ထူးတဲ့ခါပေ။ ။အရွာရွာ နယ်အတွင်းမှာလ။အသင်းတွေ ပေလို့စုပြိုမို့။ ကိန်းယခုကြုံလာပြန်။ပုန်ကန်မည်အမှန် မှတ်ကြတော့။ သတ္တရန်ချေ၍။ တဘောင်တွေ သူငါညှန်းပါရဲ့။ နယ်စွန်း ဘလောင် ဆူတော့။ သူတလူ-ငါတမင်းသာပ။ မာန်တင်းကာ အစို့သားတွေ ကဖြင့်။ ဘုရားညီလာခံတော့။ကျိတာလျှံ-ဂျာပန်မျိုးတွေနှင့်။ ပတ္ထနာ ပြုကာ အမှန်ကိုးပြိုမို့။ ။မုဆိုးခေါ်စနေဆက်ကယ်နှင့်။ ဗျိုင်းဖြူ-ဝိုင်းကူ လို့ နှက်မှာကြောင့်။ အပြေပြေဆူလို့ပွက်တော့မယ်ကွယ်။ ပွဲသွက် သွက်ညံ့။ ခါသမယဟာမို့။ ဖြစ်ရပုံပြန်မပြောချင်ဘူ။ ဆန်ကောတွင် ဇီးဖြူလုံးကဲ့သို့။ စုရုံးကာ-ကမ္ဘာကပ်တွင်မှ။ မိုးရပ်နေ ပြဟ္မာနတ် ကယ်တို့။ သည်ကပ်-ဘယ်လိုချေရပ။ ခေါင်းကုတ်ပါလို့ မိုင်ကာနေ။ ကံခေတဲ့ ဇာတ်ပေါင်း။ ။ကမ္ဘာ ပြောင်းတောင်မှ။ ထုံးဟောင်း မကျေချင်လို့။ တိတ်တဘောင်-ရိပ်အရောင်ပေါ်ဘို့ မဝေးပါဘူ။ ရွှေဒဂုန်ဟံသာ ကျေးမှာတော့။ လောဟိတံ ချောင်းရေပြေးပါလိမ့်။ သိုက်တဘောင် နိမိတ်ရှေးရယ်က။ အတိတ်တေးနော် - တကယ်ဆုံခဲ့ တယ်။ ကြုံမယ်ကွဲ့မလဲ့။ ။သို့ကတဲ့။ စိတ်စွဲကာပဋ္ဌသီနှင့်။ အဋ္ဌဂီ-သီလထူးကိုလ။ ဆည်းပူးကာ-ကိုယ်နှင့်မြဲသူတို့။ ကပ်ထဲမှာ ချမ်းသာရ ပေလိမ့်။ ရွာမောင်းထောင်-ဆရာလှရယ်က။ စနစ်ကုံ-ဖြစ်ပုံကိုပြလိုက် မည်။ ပါပဆို-လူငမဲ့ရယ်တို့။ သည်တခါ-ပါစင်မည့်ပွဲဟာမို့။ ကြယ် သောကြော-စနေနှင့်တွဲမှာကြောင့်။သုတဝေရီ- ရန်စီစီအမှန်မလွဲပြီဘူ။ နွှီးဆော်ကာ-မိုးပေါ်က ကြဲလိမ့်မယ်ကွယ်။ ပွဲနောက်ပိတ်ဆုံး။

ယင်းသို့လျှင်။ အကြင်မောင်းထောင်သူမ မယ်ဝိစာရီ၏။ သာ ကြည့်သော ရွှတ်ဘတ်သရဇ္ဈယ်သံကို။ နာခံတော်မူပြီးခါ။ ရတနာ သိဿ်။ ပြည်မျှဝေးတန်ဆောင်။ ရန်ကြီးအောင်သည့်။ ကုန်းဘောင်မင်း ကြီး။ ပျက်စီးခါနီး။ ကြက်သီးထစရာ။ ကျလာသော မိုးကြိုးသဘော ကို။ တိုးတိုးလေးလေး ဟောပုံမှာ။ အနှာလိုတည်း။

စိန္တကျော်သူ စပ်ဆိုသည့် မိုးကြိုးလက်ာ
ရတု ၅-ပုဒ်။

(၁) မင်္ဂလာရည်စောင်။ နိဒါန်းဆောင်ပိမ့်။ ကုန်းဘောင်ပြည်ကြီး။ မြို့မျှားထီးဝယ်။ လောင်မီးမိုးကြိုး။ နတ်တန်ခိုးဖြင့်။ ရပ်ကိုး မျက်နှာ။ ဆိုင်ရှိလာသည်။ ခါတပြိုင်နက်။ ဆဲသုံးချက်တွင်။ စိုက်နှက်မြဲခိုင်။ ဆင်ချည်တိုင်ကို။ကွဲရိုင်အက်အာ။ရှိကြောင်းမှာကား။ပြောဆိုရာစားဆို။ သင်္ကေတလင်္ကာ။ အလိုရည်တူ။ မဂဒူသို့။ ယူနိမိတ်ရ။အတိတ်ပြလျက်။ သည်လပြည့်ပင်။ ဟေဝန်ခင်္ဂက။ မာတင်ယာဉ်ကြီး အပြီးအပိုင်။ သိကြားကိုင်ရှိ။ ။ကိုယ်တိုင် ဆက်လာမည်ဘုရား။

(၂) မြင်းကိုမှန်လာ။ နိမိတ်မှာကား။ ဝေလာဟက။ ကြက်ကြီးပုံသွား။ တိမ်ညွှန့်စာနှင့်။ မြစ်ခြားသိန္ဓော။ မွေးကြောမှင်ညို။ အသားထိုင်ရတည့်။ ထိုထိုမြင်းပုံ။ စက်တော်ထံဝယ်။ မင်းစံနိုတုံ။ ကြိုးကစုံနှင့်။ ဘုံဝေယန်ရှင်။ ဆက်မည်ပင်တည့်။ လွှစင်မှာကား။ လှပျဉ်သားဖြင့်။ ဆောက်ထားနန်းတော် စံမပျော်ပြီ။ တေဇော်တိုးပွား။ ရာဇာပါးတို့။ စုံထားသက်နှံ။ ကျွန်ုပ်ညီးခံ၍။ မြဲမြံသစ္စာ။ ဆက်ပဏ္ဍာနှင့်။ ရောက်လာမည်ပဲ့။ ပြတ်မစဲပြီ။ နတ်တမာ။ သစ်ပင်မှာကား။ မြတ်စွာသုံးလူ့။ သမ္မတ္တိလျှင်။ လေးစုပြဟ္မ။ ဝိဟာရဖြင့်။ ချမ်းမြသာမြူး။ စံပယ်ဘူးရှင့်။ ကျေးဇူးတော်မြတ်။ ရှစ်စရွတ်တည့်။ မွေ့ခာတ်တော်တို့။ကုန်းဘောင်သို့လျှင်မင်္ဂဖိုလ်ခရီး။အသီးသီးသည်။ ။ပုံဖြိုးနှင်းလာမည်ဘုရား။

(၃) လက်ခုပ်ပင်မှာ။ ယူစရာကား။သစ္စာဖြောင့်စင်း။ တရားမင်းတို့။ ကြောက်စင်းတုန်လှုပ်။ မယ်နချုပ်သို့။ လက်ခုပ်လက်ဝါး။ မစံစားပြီ။ တခြားတမူ။ ပေါက်ပန်းဖြူဝယ်။ ယူသြဘာတိတ်၊ ပြနိမိတ်ကား။ လှမြိတ်စပ်ကာ။ ထီးတရာတို့။ ပဏ္ဏာထွေဆန်း။ ပေါက်ပေါက်ပန်းဖြင့်။ ရွှေနန်းတော်ရောက်။ ကြဲလှာ မြောက်သည်။ ။ရှိညောက်ဖူးပါမည်ဘုရား။

(၄) ညောင်ပင်ကြီးမှာ။ တိတ်သြဘာကား။ရင့်မာကျိပ်စင်။ မှန်သောအင်္ဂကို။ ပြင်ပြင်မုချ။ သိပါရာ။ သင်္ဘာနေရာ။ ကျောင်း

ကန်မှာကား။ ဒုဋ္ဌာဂါမဏီ။ မင်းကြီးလက်ထက်။ ကဲ့သို့ဘက်လျှင်။ ဖိုလ်မဂ်ရည်ချောင်း။ သင်္ဃပေါင်းတို့။ ကိန်းအောင်းပျော်လာ။ သာသနာသည်။ သန့်ဂဃါးထောင်။ နှစ်စေ့အောင်သည်။ ။တောက်ပြောင်မြူးပါမည်ဘုရား။

(၅) သည်ပ တဘော်၊ အိမ်မှာ သော်ကား။မင်းကျော်သီရိ။ နိမိတ်ရှိပြီ။ ပြည်ကြီးတန်ဆာ။ တံခါးမှာမူ။ မင်္ဂလာမျှ ဆောက်။ နိမိတ်ထောက်သော်။ ညီငေါက် ညစ်ကျူ။ မကောင်းမှုကို။ မြစ်ဖုမကြွင်း။ ခုတ်ဖြတ်ရှင်းအံ့။ ထိုယင်းတခါ။ ပြအိုးမှာမူ။ မင်္ဂလာအဆီ။ မြဝတီဟု။ အညီပုဒ်ထွက်။ ပါဠိအနက်မူ။ ထက်ဝတိန်သာ။ ကျမ်းဂန်လာရှင့်။ သောင်းတာကျယ်ဝန်း။ သိကြားနန်းနှင့်။ မယွန်းမသွေ။ ကမ္ဘာကြေအောင်။ မြို့နေမင်းဆက်။ သုန်းမပျက်သယ်။ ။စည်ချက်ကျူးပါမည်ဘုရား။

အို....တပဲ့မများစ့ာ။ တရားနာတို့။

အရီးစိမ်း။ ။"သူယ်ဖယောင်းခက်။ ဆယ်ချောင်းလက်ဖြင့်။ ထိပ်တက်မိုးကာ။ ရှိခိုးကာဖြင့်။ အသင့်ရှိကြောင်းပါ။ မောင်ရင်မှိုင်းရယ်"။

ဩော် ဒါယိကာမကြီး အရီးစိမ်းက။ ရွှေတို ဦးသီလစာရတရား။ ကြားနာဘူးမှတ်တယ်။

အရီးစိမ်း။ ။"မှန်လှပါ။ ဓမ္မကထိက။ ရှိသမျှတို့၏တပည့်မကြီး အစစ်ဖြစ်ရကား။ တရားပေစာ။ နာဘူးပါကြောင်း။ သူယ်ဖယောင်းခက်။ ဆယ်ချောင်းလက်ဖြင့်။ ....စသည်ဖြင့်။ ရှည်ရှည် လျားလျား။ လျောက်ထားမည်လုပ်ရာ။ ဒေါ်ဥတ္တရာမည်သော ရသေ့မကြီးက။ အရီးစိမ်းစကားနဲ့ဘဲ။ တရားပဲ့မစရဘဲ။ ငွေကျ ကုန်ပါလိမ့်မည်။ ဤအခါကာလ။ လာလာသမျှပရိသတ်တို့က။ ဆရာမြတ် ဂိုးရိုးကြီး၏။ မိုးကြိုးတည်းဟူသော ဝရဇိန်တရားကို။ အချိန်များများ။ ကြားနာလိုကြကြောင်းပါဘုရားဟုလျောက်ထားလေ၏။

ယင်းသောကာလ။ ဆရာကတလော။ ဟောရပြောရပြန်သည်မှာ ။အိုတပဲ့မအပေါင်းတို့။ ငင်းနောက်က။ အမြွက်မျှ ပြခဲ့တဲ့။ စိန္တကျော်သူအမတ်စပ်ဆိုခဲ့တဲ့ မိုးကြိုးလက်ဝရတုစာများ မှာပါရှိတဲ့။ သိဃ်ဗိုလ်။ မဂဒူးစသောရှမ်းမိုးကြိုး။ မြန်မာမိုးကြိုး။ တလိုင်းမိုးကြိုး

တို့ အကြောင်းအရာမှာ။ နောက်ခါမှ ဟောပေလတ္တံ့။ တောနေ တသန့် တပည့်မတို့၏။ ကဝိတပသဆရာ။ မဟာကဝိန် အရှင်သည်။ "အဘိညာဉ်တရား။ ငါးပါး၊ ခြောက်ပါး၊ ခုနှစ်ပါးတွင်။ တပါးပါး ၌။ ဝင်စားသည်ရှိ။ လေးဝိထိမှာ။ အသိထင်ထင်။ ဘိညာဉ်မြင်သည်။ ဘဝင်စပ်ယှဉ်။ စိတ်စဉ်ဘယ်သို့ ဖြစ်သနည်း" ဟူသော မနောရထပူရ ဏီ၏။ ဤမည်သောအဖြေတွင်။ အဘိညာဉ်ဟူသည်ကား။ အဘိ ဝိသေသောညာဏော အဘိညာဏော။ ။အဘိဝိသေသော၊ ထူး မြတ်ကဲလွန်သော။ ညာဏော၊ အသိညာဏ်တည်း။ အဘိညာဏော။ ထူးမြတ်ကဲလွန်သောအဘိညာဏ်။ ။ဤသို့သော ဝစနတ်ဖြင့်။ ထူး မြတ်ကဲလွန်သော ညာဏ်ဟု သမုတ် အပ်သော အဘိညာဉ်သည် (၁) ဣဒ္ဓိဝိဓ။ (၂) ဒိဗ္ဗစက္ခု။ (၃) ဒိဗ္ဗသောတ။ (၄) စေတော ပရိယ။ (၅) ပုဗ္ဗေနိဝါသဟူ၍ ငါးပါးအပြားရှိ တယ်တဲ့။ ။ထိုငါး ပါးတို့မှာ။ ယထာကမ္မုပဂဉာဏ် အနာဂတံသကိုထည့်သော်။ ၇ ပါး အပြားရှိသယ်တဲ့။ ။အဲ သည်ကဲ့သို့ ဆိုခဲ့တဲ့။ ရှေးအဘိညာဉ် ၅ပါး ကိုကား။ သာသနာတော်၏ အပဉ္စ။ သုမေဓ။ ဂဝံပတေ့။ ဗာရဏီ စသော တာပသတ္တသိတို့တောင်မှ။ရရှိနိုင်ကြထယ်။ ၇ ပါးလုံးကိုကား။ သာသနာတော်မြတ်ကြီး၏ အတွင်း၌။ ဗုဒ္ဓသာဝက။ စျာနလာဘီ ပုဂ္ဂိုလ်တို့သာ။ အဟုတ်ကို ရနိုင်ကြသယ်တဲ့ ကေသာဝတီရဲ့ကြားရဲ့ လား။

ကေသာ။ ။"ဦးထိပ်ရွက်ဆင်ပါဘုရား"။

အဲ အနီကဲ့သို့သော စာပေကျမ်းဂန်။ လမ်းမှန်တရား။ အရှိ သားနှင့်။ တပည့်များဆရာ။ အားထုတ်ပါသော်လဲ။ ဘာဝနာစျာန် ကသိဏ်းနဲ့။ ကြံတိုင်းဘဲအကွက်မလယ်တော့။ ခက်တယ်ခက်တယ်လို့ ညီးညီးပြီး။ ပုတီးတော ငါ့ မစိပ်ချင်ဘူး။ စိတ်ထင်တိုင်း ဖိုထိုးဘို့။ ရှိရိုးသာဝင်ချင်တော့တယ် ပုည်ဝတီရဲ့။

ပုည်ဝတီ။ ။"မှန်လှပါ။ ရှိရိုးသို့။ ဖိုအထိုးမဝင်ခင်။ အရှင် မြတ်ဟောမည်လို့ ပျိုးခဲ့တဲ့။ မိုးကြိုးမြတ်ဒေလနာကို။ တဇေယာ တောရမှာ။ ဟောပြတော်မူခဲ့ပါအုံးဘုရား"။

ဩော် အမျိုးသားအတွက်။ မိုးကြိုးတရားဘက်။ တချက်လှဲ့ ပြီး။ တဲ့တဲ့ကြီး ဟောစေပြောစေချင်တယ်ဆိုပါတော့။ ထိုမိုးကြိုး အ

ပြားဟာကလဲ။ ၉ ပါးတောင်ရှိတယ်ပုညဝတီရဲ့။ အနှီ ၉ ပါးဝယ်။ အဘယ်မိုးကြိုးတရားကို။ ကြားနာလိုသလဲ။ သဲကဲ့အောင် လျှောက်စမ်းပါ။

ပုညဝတီ။ ။"မှန်လှပ။ (အင်းကို ဟင်္သာ ဆင်းလတ္တံ့)။ (ဟင်္သာ မုဆိုး လေးနှင့် ခွင်းလတ္တံ့)။ (မုဆိုး ထီးရိုးရိုက်လတ္တံ့)။ (ထီးရိုး မိုးကြိုးပစ်လတ္တံ့)ဆိုတဲ့ သိုက်အလိုနဲ့။ ထိုထိုသောင်းပြောင်း။ မိုးကြိုးအပေါင်းတို့၏။ ရှေးဟောင်းနှောင်းဖြစ်မျှားကို။ ကြားနာလို ပါကြောင်း။ ညွှတ်ပျော်ပန်ထွာ။ လျှောက်ဝံ့ပါသည် ဘုရား"။

အို တပ်မ အမျိုးမျိုးတို့။ မိုးကြိုးဆိုတာ။ ငြဟ္မာစိုရ်မကွာ တရားဖက်ကြတော့။ အသွားထက်ထက်နဲ့။ ကုလား လက်နက်ထက် ကြောက်စရာကောင်းတယ်။ ။ငင်းယခုအခါ။ ; မြန်မာတို့ လောကီဝယ်။ ကောလီ ဓာတ်ခုဝ နီးပြီမို့။ ပြုံးရယ်နည်း အမျိုးမျိုးပြပြီး။ မိုးကြိုးကို တ သူကလည်းတ။ မြန်မာ့ပြည်သာယာဝတီက။ အာဇာနီ သူပုန်အထတွင်။ (ဘေဒါရီတို့ ကေသာဝတီတို့) ဂဠုန်မ,များ ဖြစ် ကုန်ကြရော့လား။

ဘေဒါ။ ။"မှန်လှပါ ဂဠုန်မ, မဖြစ်ကြောင်းပါဘုရား"။

သြော် ဂဠုန်မ ဖြစ်သဟာကိုတော့။ မေတ္တာနှင့်တကယ် ဟော ပြတဲ့။ အလယ်တောရ မဟာဝရဇိန်ရဲ့ပြင်။ ဆရာစိန် တီ,ပီ,အက်တို့က လဲ။ ကြည်ကူက်ကိုမြော်လင့်ပြီး။ အတော်အသင့်နှင့် ဒုက္ခအောင်။ ဖေးမကူညီကြပါလိမ့်မည်။ ။အနှီမှတပါးလည်း။ ကြားရနာရခဲလှ စွာသော မဟာဝဇိရမွဒေသနာ အမျိုးမျိုး။ မိုးကြိုး တရားကို ဟောကြားလိုရကား။ အောက်နားက ဂီတကို။ စီသပြုပြင်။ တန်ဆာ ဆင်တော်မူသတည်း။

မိုးကြိုးဝရဇိန်ဘွဲ့ကဗျာ မဟာလေးချိုးကြီး။

အမျိုးအရိုး မတိမ်လိုပါလျှင်၊ ဘုရားတရားဘက်၊ ကုလားထက် ကိုးကြပေတော့။ မိုးကြိုးဝရဇိန်ဆိုတာ အသွားထက်ထက် တမျိုးပေ ပေါ့။ သိကြားစက်တန်ခိုးရယ်နှင့် မိုးသံလဲမိုးသံးအချိန်ဝယ်။ (အိုကွယ်)

အလကားသက်သက်။ မဟာဒုဗ္ဘေးနှင့်မတွဲဆိုတဲ့။ (သြော်) မတရားလက်နက်ကိုးမှာကြောင့် စိုးလဲစိုးရိမ်ရတယ်။ ။(သြော်) မိုးကြိုးသဘောကိုဖြင့်။ တိုးတိုးဟောပါလို့။ အမျိုးမျိုးသော တောနေ၊ တောင်နေ၊ မြောင်နေ ဒကာမတွေနဲ့။ ဈောင်ရေဝသူ မာလာရီတို့နှင့်။ အာဇာနီတဂုဏ်ပြမဟဲ့လို့။ သာယာဝတီ သူပုန်အထထွင်ဖြင့်။ (ဂဠုန်မ) မဖြစ်သူ ဘေဒါ, ကေသာတို့နှင့်။ စေတနာ တယောက်ထက် တယောက် ထူးပေသနဲ့။ အကြေအညာ အောက်အထက် တလွှားဆီက။ လျှောက်ချက်စကားတွေကို ပဋိညာဉ်ခံလို့မို့။ အဘိညာဉ် စျာန်လောကီရပေတဲ့။ တောမှီခသူ ဂဝံပတေ့တို့နှင့်။ ရသေ့ကျော်ဗာဝရီသို့။ မကြာမှီလာမည်လာမည်လို့ မှတ်ကြတဲ့။ မြန်မာပြည် မသာမကြည်တဲ့ ကပ်တွင်မှ။ အတပ်ကေန်သဘောတွေနှင့်။.... ဗေဒင်အရာကို စနေ, အင်္ဂါနဲ့ပြောပြောပြီးတော့။ စောစိမ့်မြန်နယ်ကိုနေ၁်ကွယ်။ ဇောတဖိန့်ဖိန့်။မနောမှာအိန့်လောက်အောင်။ ဟောပိမ့်ကြွရွယ်။ ။တယောဂီ လောကီပြရမှာဖြင့်။ သော, နဝီ ကောလီကျခါမှ။ တောမှီသမျှတွေနှင့်။ ဟောဒီက စကိုင်းဘက်အထက်နယ်။ ကသိဏ်းစက်မပြယ်တပြယ်နဲ့ တော်အောင် လျော်အောင် တမျိုး။ (အိုကွယ်) "မိုင်း"အကွက်လယ်မယ်လို့ တကယ် မျှော်ယောင်ကိုး။ ဘန်းမျှားဒေဝီရယ်။ မန်းကရွေတည်တို့နှင့်။ မဟေသီ ဘိသိက်ခံတဲ့ပဲ့မလိုပ။ ရွှေပြည် သပိတ်သံနဲ့ လဲမစဲချိန်မို့။ အိပ်ဖန်အလှဲ့မြဲသူ ကုမ္ဘာရီတို့နှင့်။ ဘုံကြာခြည်ဝံရိပ်တွင်မှ။ ဂုန်အိတ်ထူထူခင်းပါလို့။ ဂူတွင်းမှာ ဆရာစံသကဲ့သို့။ လူမရှင်းစရာအလာခံတော့။ သကဒါဂါမ်ခေတ်လျှင် မပမ်ပ။ အနာဂါမ်ဖြစ်ချင်တဲ့ ဒကာမတွေက။ ဟင့်....အင်္ဂ ဘုရာ့ ဟစ်အင်ဘုရာ့ ဟော်ပါပြောပါအုံးရယ်လို့။ တော အညာသုံးသလို မပီကလာ, ပီကလာနှင့်။ တီတီတာတာ ပြုံးရယ်၍သာပ၊ အနှီဆရာ ဘုန်းမင်္ဂလာတဲ့ ရသေ့ကိုလ။ နှလုံးဝယ် တွေ့စရာပူဆာပြန်သနဲ့။ အဆူဆူစာခမ္မခန်ထုံးပုံရာဇဝင်သဘောတွေရဲ့ပြင်။....(သြ) အလိုက်ဘာသာနဲ့။ စရိုက်ရှာရှာပြီး။....ကြိုက်ရာကြိုက်ရာကို သိုက်စာအဆိုနဲ့ ဟောဟောပြီး။ တောလေးဆယ် ဘာဝနာကမ္မဋ္ဌာန်းတွေနှင့်။ သာခန်းတကြိမ်ပျိုးမည်ကြောင့်။....ပြည်ပေါ် စည်တော်နဲ့နှိုးလိုက်ကွဲ့။ သပိတ်မူအိပ်သူတို့နိုးချိန်မို့။ (အမယ်မင်း) တိုးတိုးဘော် ဒကမတွေနှင့်

ဘိုးတော်ဘုရာ့ သိကြာ့ဝတိန် ထိုးအောင်ပ။(အိုမယ်စန္ဒာရဲ့) အမျိုးမျိုးမော်စရ။ တန်ိုးန်ိုး တဆော်ဆော်နဲ့ ချပေမည့်။ (ဩဇာ) မိုးပေါ်က မြန်မာ့ဝရဇိန် တန်ခိုး။

အို တပဲ့မများစ္စာ။ သနားစရာတို့။

ဘေဒါ။ ။"ဆရာ့ အပါးမှာ။ ခစားလျက် ရှိကြောင်းပါဘုရား"။

အို-ဘေဒါ။ ငင်းအထက်က။ အမြွက်မျှသာ။ ဆရာဘုရားရေးသားတော်မူခဲ့တဲ့။ "အမျိုးအရိုး မတိမ်လိုပါလျှင်- ဘုရား့တရားဘက် ကုလားထက် ကိုးကြပေတော့"ဟု အစချီပြီးတော့။ "အမျိုးမျိုး မော်စရ။ တန်ိုးန်ိုးတဆော်ဆော်နဲ့ ချပေမည့်။မိုးပေါ်က-မြန်မာ့ဝရဇိန်တန်ခိုး"ဟု အဆုံးချသည့်။ ကဗျာ့မေဒနီ။ကျိမည်သောသကြားမင်းနှင့်။ ယင်းသို့သော မိုးကြိုးလက်နက်။ ဆက်ဆံပုံအခင်း များကို။ လင်းပါတော်မူဦးမည်။ ကြားချင်ကြရဲ့ မဟုတ်လား။

ကေသာ။ ။"ဦးထိပ်ရွက်ဆက် လိုကြောင်းပါ ဘုရား"။

ကိုင်း- အပါးတိုးကြ။ တရားမိုးသံး ရွာတော်မူမည်။ အနှီသို့သော မြန်မာတို့လူ့ရွာကို။ ယခုအခါ။ သုခမ္မာသဘင်က။ အရှင်သိကြားနတ်မင်းသည်။ မေ့ခြင်းကြီး မလှ မေ့လျော့ နေရော့သလား။ စာပေကျမ်းဂန်များတွင် ဘုရားမြတ်စွာက သာသနာတော်ငါးထောင်။ လူ့ဘောင်၌ထားခဲ့သည်များကို။ သိကြားတည်းဟူသောဒါယကာ။ မချာနေ့သည်။ စောင်မကြည့်ရှုသတိပြုရစ်လောဟု ဟောကြား မိန့်မှာတော်မူခဲ့သည်များကို။ လားလားမှ ဂရုမစိုက်ကရော့လား။ တာဝတိန်သာ။ ငွေပြားကာသည် ဆိုတဲ့ ဝေဇယန္တာမဟာပြာသာဒ်တော်ကြီးအတွင်း။ သက်နှင်းကြင်ရာ။ ဖြူပြာမူရာသူဇာ နေလိုဆိုတဲ့။ အိုတဲ့ မိဘုရားတွေရဲ့ကိစ္စကြောင့်။ တဆိတ်မှ သတိမရဘဲဖြစ်နေရော့လား။ သို့တည်းမဟုတ်။ ကျွပ်တို့ရဲ့ သိကြားကြီးသည်။ ကျိမည်သော" ဝရဇိန်လက်နက်သိကြားစက်"ကြီး ပျက်စီးနေသဖြင့်။ ပြင်ဆင်ဘို့ရာ ပန်းတိမ်ဖိုမှာပင် ပြင်ဆင်တုန်းပေလောဟု။ မန်းခေတ်တွင် ကြေညာခဲ့တဲ့။ စလေဆရာကြီးဦးပုည ရေးစပ်တော်မူခဲ့သည်မှာလည်း။ အနှီလိုတဲ့ဟု ပြောပြီး။ လောလောဆယ် ရွတ်ဘတ်ပြရသည်မှာလည်း။ အောက်ပါအတိုင်းပင် ဟူ၏။

သိကြားနှင့်မိုးကြိုးဘွဲ့ တေးတပ်။

"နန်းမေရုပြာသာဒ်၊ လမ်းဖြတ်တဲ့ဣန္ဒာ။ ကမ်းသတ်လို့ နှိမ်ရှာတယ်။ အလိမ်မှာလွန်သား။ ။ထောက်လှမ်းချက် သုဓမ္မာကို။ ခုအခါလစ်ရော့သလား။ ။ဘုရားက သိကြားကိုမှာတယ်။ ဌကထာစကား။ သာသနာငါထားမည်။ မမှားအောင် စောင့်ဆော်။ ။မကောင်းသူ ကောင်းသူတို့။ ကြောင်းယူလို့မေ့ရစ်နှင့်နော်။ ။နန်းမေယု ပြာသာဒ်ပေါ်မှာ။ ရံရွှေဘော်အများနှင့်။ ဘုရားကိုနှစ်၍လိမ်။ ညစ်တဲ့မာဃိန်။ ။ပစ်ရန်ဘို့ဝရဇိန်ကို။ ပန်းထိမ်မှာ ပြင်တုန်းထင့်လေး"။

အို တပည့်မအပေါင်း။ သူတော်ကောင်းတို့။ ။ငင်းအထက်ပါ တေးထပ်သွားဖြင့်။ သိကြားကို အပြစ်တင်သောကာလ။ မာဃတည်းဟူသော သိကြားမင်းက။ ယင်းသို့သော လူ့ပြည်က။ အမှုသည်တို့အတွက်။ ရှေ့နေလိုက်သကဲ့သို့ ရေးသားလေ့ရှိသော စာရေးဆရာများ၏ စာသွားကို။ ကြားဖြင်းကပ်တော်မူသည်နှင့်အညီ။ လူ့ပြည်ကို အပြစ်တင်ပြီး။ ယင်ယင်ကလေးနှင့် ချေပဖြေဆိုပုံကိုလဲ။ ထိုဦးပုညတည်းဟူသော စလေကြီးပင်လျှင်။ တနည်းတဖန်။ ရေးသားပြန်သည်မှာလည်း။ အောက်ပါအတိုင်းပင်ဟူလို။

ငင်းသိကြားနှင့်မိုးကြိုးဘွဲ့တေးထပ်။

"ရွှေဝတိန်ဘုံအုပ်က။ စာလုပ်တိုင်းငါပါ။ ဘယ်တော့ကမှလူ့ရွာကို။ မရှုတာမရှိ။ ။စိတ်ညစ်တိုင်းအပြစ်တင်သည်။ ငါဘုရင်မိုးကအသိ။ ။အကျင့်တန်စာဂီမှာ။ တဆံချည်မရှိ။ ဘယ်သူမှာ ဘာမရှိတယ်လို့။ ငါမသိသင်တယ်။ ဘယ်ဖူးစာဘယ်မှာညားတာလဲ။ ငါသိကြားသိပါရဲ့ကွယ်။ ။ကယ်သင့်မှ ငါကယ်မယ်။ တကယ်ပင်ကေန်မှတ်ပါတော့။ ဝတိန်ရပ် ငါဘုံစံ။ ကြေးတွက်မည့်ကြံ။ ။မကောင်းမှု (ကျုပ်) ကြံလျှင်။ ရွှေစာရံ စူးပါစေ့လေး"....တဲ့

အို....တပည့်မတို့။ ဝဇိရသဒ္ဒါ။ မြန်မာတို့အလို။ ထိုပစ်လတ္တံ့သော မိုးကြိုးအကြောင်းအရာနှင့်စပ်လျဉ်းပြီး။ ယင်းအထက်က အမြွက်မျှဟောကြားခဲ့တဲ့။ သိကြားနှင့် မိုးကြိုးဇာတ် တည်းဟူသော တေးထပ် တပုဒ်နှစ်ပုဒ်ကို။ ကျုပ်တို့ဟောပြောခဲ့လေပြီ။ အနှီမှတဝ။ စာဏကျနီတိမည်သော။ ဤသည့်ကျမ်းအလာကို။ ကမ္မဋ္ဌာန်း ဘာဝနာမပြတ်မလတ်ရှုဘို့ရာ။ ယခုအခါ။ ဆရာသူမြတ်။ဟောလတ္တံ့တည်း။

(ယင်းသောအခါ။ များစွာသော ယောဂီမတို့က။ လောကီသမထ လမ်းပေါက်အောင်။ ဝမ်းမြောက်စရာ။ လွန်စွာမှ ကြားနာလိုကြပါတယ်ဘုရားလို့။ လျှောက်ထား ပြီးသော်။ သာ ဓု ခေါ် ကြလေ၏)။

အဟမ်း, အဟမ်း။ အိုဘေဒါရီတို့။ ကေသာဝတီတို့။ အရီးစိမ်းကြီးရို့။ ကျုပ်တို့နေရာ။ ဤကမ္ဘာပေါ်တလျှောက်၌။ ပေါက်ရောက်လျက်ရှိကြတဲ့။ သစ်ပင်တွေမှာ။ လေ, တည်းဟူသော ဘေးဆိုးကြောင့်။ ကျိုးပဲ့ရိုင်လဲပြီး။ မခိုင်ဘဲဖြစ်တတ်တယ်တဲ့။ ။အနို့ပြီးတဖန်။ ကန်ချောင်းမြစ်လောင်းတို့၏ အဆင်တန်ဆာ။ မင်္ဂလာဖြစ်တဲ့ကြာအပေါင်းတို့မှာလဲ။ သိသိရ ရတုတည်းဟူသော။ တပို့တွဲလ, တပေါင်းလတို့မှ။ မကောင်းလှသောဘေးကြီးနှင့်။ ဆုံစည်း တွေ့ကြုံရတတ်တယ်တဲ့။ ။အနှီမှထို့နောင်။ မြေတောင် ကျောက်တောင်။ ထိုထိုတောင်အမျိုးမျိုးတို့မှာလဲ။ မိုးကြိုး တည်းဟူသော လက်နက်ကြောင့်။ ကြေပျက်ပြိုကွဲပြီး။ ဖယိုဖရဲ ဖြစ်တတ်လေသည်။ ။ဤမှတပါးလည်း။ ကျုပ်တို့ကို အမှူးထားပြီး။ ဘုရားနှလုံး။ ကျင့်သုံးဆောက်တည်လျက်ရှိကြတဲ့။ တပည့်မ သူတော်ကောင်းတို့မှာလည်း။ လူမကောင်းလူယုတ်မာတို့မှ။ များစွာသော ဘေးဘျမ်းတို့ဖြင့်။ မငမချမ်းဖြစ်တတ်သယ်တဲ့။ ဒါယိကာမကြီး အရီးစိမ်းရဲ့။

အရီးစိမ်း။ ။"မှန်လှပါဦးထိပ်ရွက်ဆင်ပါ၏ဘုရား"

အဲ....အနို့ကြောင့်မဟုတ်လား။ စန္ဒဂုတ်မင်းသား။ တိုင်းကားနိုင်ငံကို။ ပုန်ကန်တဲ့အရေး၌။ အားပေးကူညီခဲ့တဲ့။ ဤမည်သော ဇာနက္ကပုဏ္ဏား။ ရေးသားစီရင်ခဲ့တဲ့"စာဏကျနီတိ"အမည်ရှိတဲ့။ဤသည့်ကျမ်း၌။ အဟမ်း, အဟမ်း။

ဟဲ့....ပုညဝတီ ရေတခွက် ပေးစမ်း။

ပုညဝတီ။ ။"မှန်လှပါ သောက်တော်ရေ အသင့်ပါ။ သုံး ဆောင်တော်မူပါဘုရား"။

စာဏကျနီတိ ဆောင်ပုဒ်ဂါထာ။

ပါဒပါနဲ့ ဘယံ ဝါတာတ်၊ ပဒ္ဓါနဲ့ ဂိဂိရာဒ် ဘယမ်။
ပ၀ိတာနဲ့ ဘယံ၊ ဝ[ဇ္ဇတ်၊ သာဓူနဲ့ ဒုဇ္ဇနာဒ် ဘယမ်။ ။

အဲ....ဂင်းအထက်က။ အချက်ကျရွတ်ပြတဲ့။ စာဏကျဂါထာရဲ့။ ယောဇနာအနက်မှာတော့။ အနှာလိုတဲ့။ ဘယ်လိုပါနည်းဟူမူ။

(၁) ပါဒပါနဲ့၊ ကမ္ဘာတကြော။ ဝနာတောတွေနဲ့။ လောကဓာတ်တခွင်။ ပေါက်ရောက်ချင်တဲ့။ သစ်ပင် အပေါင်းတို့အား။ ဝါတာတ်၊ ဂနိုင်ရဂုံ၊ တမှိုင်မှိုင်ကြုံရတဲ့။ "ဆိုင်ကလုန်" တခန်း။ လေနီကြမ်းမှ။ ဘယံ၊ မဧချမ်းစေတတ်တဲ့။ ဘေးဘျမ်းဥပါဒ်သည်။ ဝတ္တတေ၊ ဖြစ်၏။ (၂) ပဒ္ဓါနဲ့၊ ဇလာယမုန်။ ဖြာဖြာစုံတဲ့။ ကြာပဒုံတို့အား။ ဂိဂိရာဒ်၊ သိသိရ ရတု၊ ခေါ်မှုပညပ်။ သမုတ်အပ်တဲ့။ ချမ်းဓာတ်ပေါင်းစု။ ယာဂုပို့ပွဲ။ တပို့တွဲနှင့်။ ယှဉ်နွဲကြက်ဆောင်း။ လတပေါင်းမှ။ ဘယမ်၊ ဥပါဒ်ဘေးဘျမ်း။ ဘေးသရမ်းသည်။ ဝတ္တတေ၊ ဖြစ်၏။ (၃) ပ၀ိတာနဲ့၊ ကျုပ်တို့နေရာ။ ဇေယျာပူရတိုင်း။ စစ်ကိုင်းတံခွန်။ ရွှေမင်းဝံအစရှိတဲ့။ ရှိရှိသမျှ တောင်တို့အား။ ဝ[ဇ္ဇတ်၊ သိကြားလက်နက်၊ မိုးကြိုးစက်မှ။ ဘယံ၊ မဧချမ်းစေတဲ့ ဘေးဘျမ်းဥပါဒ်ကြီးသည်။ ဝတ္တတေ၊ ဖြစ်၏တဲ့။ (၄) သာဓူနဲ့၊ ဇမ္ဗူအပေါ်။ မူမချော်ကြတဲ့။ သူတော်ကောင်းတို့အား။ ဒုဇ္ဇနာဒ်၊ အမူနုပ်စုပ်။ မူမဟုတ်တဲ့။ လူယုတ်မာမှ။ ဘယမ်၊ မဧစေတမ်း။ တနွေးနွေး ချမ်းလောက်တဲ့။ ဘေးဘျမ်းဥပါဒ်ကြီးသည်။ ဝတ္တတေ၊ အကယ်စင်စစ်။ အပါယ်တခွင်နစ်လောက်အောင်။ ဖြစ်တတ်ပါ၏တဲ့၊

အို....တပည့်မအပေါင်းတို့။ ဂင်းအထက်က။ အမြွက်မျှ ဆရာပြခဲ့တဲ့။ စာဏကျနီတိအရ။ ဝဇီရာဝုဓ ဟုဆိုအပ်သော မိုးကြိုးဓာတ်ကြီး၏ သဘောသည်။ ဤသို့သော သတ္တလောကကို မဆိုထားဘိ။

တောင်ကြီးများတောင်မှ မခံနိုင်ဘဲ။ ပြိုရိုင်အက်ကွဲပြီး။ တချက်ထဲ ပျက်စီးရကြောင်းကိုလည်း။ကောင်းကောင်းကြီး မှတ်ကြရမည်တဲ့။

အို....တပည့်မများစွာ တရားနာတို့။ ။အဆိုပါ မိုးကြိုးတည်း ဟူသော ဝရဇိန်လက်နက်နှင့်စပ်လျဉ်း၍။ ကျဉ်းလည်းမကျဉ်း။ ကျယ်လည်းမကျယ်။ အလယ်အလတ်သဘောနဲ့၊ တကယ်အတပ်ဟောပေဦး အံ့။ တောနေအထူးဖြစ်ကြတဲ့။ ချစ်လှစွာသော တပည့်မ တို့သည်။ သတိဓမ္မရှေ့ထား၍။ ရသေ့တပါး၏ ဗျာသံကို။ ညာနပန်ဆင်ကြကုန်လော။

တပည့်မတို့။ မာဂဓအဘိဓာန်မှာ လာရှိပုံက။ ။"အသနိ, ဒ္ဓီသု-ကုလိသံ၊ ဝဇိရံ, ပုန္နပုံသကေ"။ ။တဲ့။ နို့ပြီး အနက်ကတော့။ "အသနိ။ အသနိသဒ္ဒါကား။ ဒ္ဓီသု။ ပုလ္လိင်, ဣတ္ထိလိင် တို့၌။ ဝတ္တတိ၊ ဖြစ်၏။

(၁) အသနိ။ ။ မိုးကြိုး။)
(၂) ကုလိသံ။ ။ မိုးကြိုး။) သိကြားလက်နက်
(၃) ဝဇိရံ။ ။ မိုးကြိုး။)

ဣဒံ၊ ဤသဒ္ဒါနှစ်ပါးသည်။ ပုန္နပုံသကေ။ ပုလ္လိင်, နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏"ဟု ကျော်အောင်စံထား ဆရာတော်၏ နိသျှဉ်ပါရှိသည်။

အနှံ့ မှတဖုံ။ ဝိသုဒ္ဓါရုံဟိတ်ပြတဲ့။ နိသျအသစ်၌ကား။ ။ "အသနိ, ကုလိသ, ဝဇိရ" ဝဇိရစိန်လက်နက်။ ဒ္ဓီသု။ အသနိ,သဒ္ဒါ-ထီ,ပုံးတို့၌ဖြစ်၏။ ပုံ,နပုံသကေ။ ကုလိသ, ဝဇိရ သဒ္ဒါ နှစ်ခု၊ ပုံး,နပုံး၌ ဖြစ်၏" တဲ့။

အသနိ မိုးကြိုး,ဟု ရှေးနိသျှတို့၌ ပြန်ဆိုကြ၏။ ဤ၌ကား။ "အသနိယာဖလန္တိယာတိနဝဝိဓါဟိအသနိယော" စသည်ဖြင့်။ ပါဋ္ဌိ, အဋ္ဌကထာလာရကား။ အသနိ,စသောသဒ္ဒါသည်။ သိကြားလက်နက်မဟုတ်။ ဓာတ်သဘာဝ အလျောက် ကျသော မိုးကြိုးကိုပင် ဟောသော်လည်း။ ဝဇိရာဝုဓော, ဝဇိရဟတ္ထော, ဟု သိကြားမင်း ပရိယာယ်၌ ဆိုသောကြောင့်ဂုင်း။ ။"အသနျာ ဒိတ္တယံ သက္ကဿ အာဝုဓံ"ဟု ဋီကာ၌ဆိုသောကြောင့်ဂုင်း။ ။"တံခေါပန ဝဇိရဟတ္ထံ ယက္ခံ"ဟု စူဋ္ဌကသစ္စကသုတ်။ သမ္ဘဝဇာတက ဋ္ဌကထာစသည် တို့၌

လာသောကြောင့်၎င်း။ သိကြားမင်း၏ အသုံးအဆောင်နှင့် စပ်၍ဆို သောအရာဖြစ်၍။ သိကြားမင်း အမြဲကိုင်စွဲအပ်သော လက်နက်ဟု သိအပ်သောကြောင့်၎င်း။ ဝဇိရစိန် ဟု အနက်ပြန်ဆိုလိုက်သည်။ ။ သီဟဋ္ဌ နိဿယရှိ "ကုလိသ"ကို။ နပုံးလိင်ဟုဆို၏။ ။ဤဋ္ဌိကား။ သက္ကတအဘိဓာန်သို့ လိုက်၍။ ပုံး,နပုံး ဟုဆိုလိုက်သည်တဲ့။

အို-တပည့်မတို့။ ဝိဇယပူရဆိုတဲ့။ ပင်းယပြည်ကောင်းစားစဉ် ကာလ ခါသမယက။ မြန်မာမျာ့း တအားပြုလောက်တဲ့။ စတုရင်္ဗလ မည်သော အမတ်ကြီးမင်းဘုရား။ ရေးသား စီရင်တော်မူခဲ့တဲ့။ ထို အဆိုပါ မာဂဓအဘိဓာန်၏ အဘွင့်မှီရာ။ အဘိဓာန် ဋီကာမှာလည်း။ အောက်ပါအတိုင်းပင် ပါရှိချေတမုံ့။

အဘိဓာန်ဋီကာဘွင့် မိုးကြိုး။

"အသနျာဒိတ္တယံတဿသက္ကဿ အာယုဓံ။ အဿတေ ဘုဉ္ဇတေ ဓာတုကမနေနာယုဓေနာတိ အသနီ။ အယံအသနိသဒ္ဒေါ ဒ္ဒိသု ပုမိတ္ထိ လိင်္ဂေသုဝတ္တတိ။ ကုလိမှိသက္ကဿဟတ္ထေသေတိ တိဋ္ဌတီတိ ကုလိသံ။ ကုလိ, ဟတ္ထော, ဘုဇော, ဒလော, တိဟိတိ ကဏ္ဍသေသော။ ကုယံ ဝါပထဝိယံလိ သတိတနုဘဝတီတိ ကုလိသံ။ ဝဇဂတိယံ။ ဝဇတေဝ နပဋိဟညတေယဿ ဂမနံကေနစီတိဝဇိရံ။ ဣရပစ္စယော။ ဝဇိရသ ဟစရဏတော ကုလိသသဒ္ဒေါပိပုန္နပုံသကေ။ဘိဒုရံ, ပဝိ,သတကောဋိ, သုရှ, သမ္ဘော, ဒမ္ဘောလိ, ဣစ္စာဒီနိပိ-ဝဇိရဿနာမာနိ။ တတြဘိဒုရံ ပုန္နပုံသကေ။ ပဝိအာဒယောပုမေ"။

အို-တပဲ့မ အပေါင်းတို့။ ၎င်းအထက်ပါ အဘိဓာန်ဋီကာ ပါဌ်ကို။ ထိုမည်သော ဒုတိယမောင်းထောင်ဆရာတော်၏ အာဘော် လာဟန်။ သမ္မန်အနက်မှာလဲ။

"အသနျာဒိတ္တယံ။အသနိ,စကုန်သော နာမ်သုံးခုတို့၏အပေါင်း သည်။ တဿတက္ကဿ၊ ထိုသိကြားမင်း၏။ အာဝုဓံ၊ လက်နက်မည်၏။ အနေန အာယုဓေန၊ ဤလက်နက်ဖြင့်။ ဓာတုကံ၊ လောကဓာတ်ကို။ အဿတေဘုဉ္ဇတေ။ စားတတ်၏။ ဣတိ၊ ထို့ကြောင့်။ အသနီ၊အသနီ

မည်၏။ အယံအသနိသဒ္ဒေါ၊ သည်။ ဒ္ဒီသုပုမိတ္ထိလိင်္ဂေသု။ တို့၌။ ဝတ္တတိ။ ၏။ ။အာသမန္တာသနန္တော ဂစ္ဆန္တောပတတီတိအသနိ။ ။ (အပဒါန် အဋ္ဌကဋ္ဌာ)။

ကုလိမှိသက္ကသဟတ္ထေ၊ သိကြားမင်းလက်၌။ သေတိတိဋ္ဌတိ။ တည်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ကုလိသံ၊ ကုလိသမည်၏။ ဟိ။ မှန်၏။ ကုလိ-လက်။ ဟတ္ထော-လက်။ ဘုဇော-လက်။ ဒလော-လက်။ ဣတိ။ ဤကား။ တိကဏ္ဍသေသော၊ တိကဏ္ဍသေသကျမ်းတည်း။ ။ဝါ၊ တနည်းကား။ ကုယံပထဝိယံ၊ မြေ၌။ လိသတိတနုဘဝတိ၊ ပါးလွှာလွှာ ဖြစ်တတ်၏။ (မြေ၌ကျသဖြင့်။ ဆွေးမြေ့ ပါးလွှာတတ်၏။ ဟူလို)။ ဣတိ။ ထို့ကြောင့်။ ကုလိသံ၊ ကုလိသမည်၏။ ။(မောဂ္ဂလာန်၌ ကား။ ကုလသံဝရဏေ။ ဣက်။ ကုလိယ တိသံ ဝရိယတီတိ ကုလိသံ။ ဝဇိရံ, ဟူ၏။ ။ဣက် ဟူခြင်းကြောင့်။ ကုလဓာတ်၏ အစိတ်-အ,ကို ဣပြု)။

ဝဇ၊ ဝဇ, သဒ္ဒါသည်။ ဂတိယံ၊ လားခြင်း။ သွားခြင်း၌ ဖြစ်၏။ ဝဇဘေဝ၊ ရောက်သည်သာလျှင်တည်း။ ယသ၊ အကြင်လက် နက်၏။ ဂမနံ၊ သွားခြင်းကို။ ကေနစိ၊ တစုံတခုသော ဝတ္ထုသည်။ နပဋိ ဟညတေ၊ မတားမြစ်အပ်။ ဣတိ၊ ထို့ကြောင့်။ ဝဇိရံ၊ ဝဇိရမည်၏။ (ရောက်သည်သာ။ တားမြစ်ခြင်း မရှိဟူလို။ ။ဣရပစ္စယော၊ ဣရ ပစ္စည်းသက်။

(တိမရုဟရုဓဗဓမဒမန္ဒ ဝဇာဇရုစကသာကိရော။ ။မောဂ္ဂလာန် သုတ်။ ။တိမ၊ ပ။ ကသာ။ တိမဓာတ်, ရုဟဓာတ်, ရုဓဓာတ်, ဗဓ ဓာတ်, မဒဓာတ်, မန္ဒဓာတ်, ဝဇဓာတ်, အဇဓာတ်, ရုစဓာတ်, ကသ ဓာတ်, နောင်မှ။ ကိရော။ က, အနုဗန်ရှိသော ဣရ ပစ္စည်း။ ။ ယင်းသုတ်၏ အနက်)။

ဝဇိရသဟစရဏတော၊ ဝဇိရသဒ္ဒါနှင့်တကွ ဖြစ်ခြင်းကြောင့်၊ ကုလိသသဒ္ဒေါပိ၊ ကုလိသ, သဒ္ဒါသည်လည်း။ ပုန္နပုံသကေ၊ ပုလ္လိင် နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ (ထည့်ပါ)။

ဘိဒုရံ၊ ဝဇိရစိန်။ ပဝိ၊ ဝဇိရစိန်။ သတကောဋိ၊ ဝဇိရစိန်၊ သုရု၊ ဝဇိရစိန်။ သမ္ဗော၊ ဝဇိရစိန်။ ဒမ္ဘောလိ၊ ဝဇိရစိန်။ ဣစ္စာဒီ နိပိ၊ တို့သည်လည်း။ ဝဇိရသ၊ ဝရဇိန်၏။ နာမာနိ၊ အမည်တို့တည်း။

ဘိန္ဒတီတိ* ဘိဒုရံ။
ပုနာတိသော ဧတီတိ* ပဝိ။
သတံကောဋိယဿာတိ* သတကောဋိ။
သရတိနာမံ ပဝတ္တေတီတိ*သုရ။
ဝေရံသမေတီတိ* သမ္မေ။ ဗော, ဝဏ္ဏဝိပရိယာယော၀၊သမ္မတိ ဝါ အနာဝရဏော ဟုတ္ဝာ ဂစ္ဆတီတိ*သမ္မော။
ဒမ္ဘတိရက္ခတီတိ*ဒမ္ဘော၊ ဒမ္ဘရက္ခဏေ-ဥလိ။
*ဟရာဒိနိသဒ္ဒါလည်း။ ဝရဇိန်ဟောပင်တည်း။

တတြ၊ ထိုပရိယာယ်သဒ္ဒါတို့တွင်။ ဘိဒုရံ၊ ဘိဒုရသဒ္ဒါသည်။ ပန္နံပုံသကေ၊ ပုလ္လိင်, နပုလ္လိင်၌ ဖြစ်၏။ ပဝိအာဒယော၊ ပဝိ,အစရှိသော သဒ္ဒါတို့သည်။ ပုမေ၊၌ ဖြစ်ကုန်၏။

*ဟရာဒိနိဝဇိရာနိတ္ထိသိရာ၊ ကုလိသံဘိဒုရံ ပဝိ။ သတကောဋိ သုရသမ္မော၊ ဒမ္ဘောလိ အသနိ, ဒ္ဗယံ။ ။ဟူသော အဓရကောသနှင့် အညီ။ လိင်ကို-ဋီကာဆရာ ဆုံးဖြတ်ပေသည်။ ယုံမှားမရှိသင့်။ ။ ဘိဒုရံ,၌ ဘိရဒဲ,ဟု ရှိကြ၏။ ပါဠိပျက်။ အရာရာတိုင်း၌ပင်။ အနက်သမ္မန်သောပါဠိသာ။ အသင့်ဟုမှတ်လေ။ ။အဓရ ကောသ စသော ကျမ်းတို့နှင့် နှီးနှောချ။ သင့်သောပါဠိကိုသာ အနက်သမ္မန် ရေးသားသည်တဲ့။

အို – တပဲ့မအပေါင်း။ သူ တော် ကောင်း တို့။ ငှင်းအဆိုပါ သိကြားလက်နက် မိုးကြိုးစက်၏ ထက်မျက်သော တန်ခိုးတေဇော်။ အာနုဘော်ကိုမဆို့ထားဘိ။စိန်စင်းသွားတပ်အပ်သော ဗိုလ်တထောင်တင်။ အကြင်သို့သော လေးကြီး၏ ခွန်အားသည်။ ပစ်မျှားပစ်လိုက်လျှင်။ ကရင်ဒူးလေး။ ကချင်ဒူးလေးမျှမက။ အထက်သို့ ရှစ်ဥဿဘတက်ကြောင်း။ အောက်သို့ တာနှစ်ဆယ် သက်ကြောင်း။ ရှေးဟောင်းကျမ်းဂန် စာပေတို့နှင့်ညီစွာ။ ငါတို့ကျေးဇူးတော်ရှင်။ မင်းကွန်း အလယ်တောရ ဆရာတော်ကလေး မေးသည်ကို မန်လည် ဆရာတော်ဘုရား ဖြေကြား စီပြခဲ့တဲ့။ ဂိတအလင်္ကာ မှာလည်း။ အောက်ပါအတိုင်းပင်တည်း။

ဝရဇိန်စင်းသွား၊ မြှားပုစ္ဆာအဖြေ။

ပုစ္ဆာ။ ။"ဆဲ့နှစ်နှစ် ခါကျူးမှ။ သာထူးလို့ အောင်မြင်။ ဗိုလ်ထောင်တင်သည်လေး။ ။ပစ်လွှတ်ခါ။ စက်မြှားဝ[ဌာတို့။ဘယ်နှစ်တာတိုင်လို့ ပေါက်အောင်။ မြူးထက်အောက်ပြေး"။

ဝိသဇ္ဇနာ။ ။"ဆဲ့နှစ်နှစ်ခါကျူးမှ။သာထူးလို့ အောင်မြင်။ ဗိုလ်ထောင်တင်ရှေလေး။ ။ပစ်လွှတ်ခါ။ စက်မြှားဝ[ဌာတို့။ ရှစ်ဥဿဘာ, ထက်ကိုတက်လို့။ တာနှစ်ဆယ်-အောက်ကို သက်တယ်။ မြူးကွန့်လျက်ပြေး"....တဲ့။

အို-တပဲ့မအပေါင်းတို့။ ၎င်းအဆိုပါ ဝရဇိန်စင်းသွားတပ်တဲ့လေးတောင်ပင်လျှင်။ ဤမျှလောက် ပေါက်မြောက် ထက်မျက်ခဲ့ပါလျှင်။ ယခင်ကဟောခဲ့ပြောခဲ့တဲ့ မိုးကြိုးစစ်မှာ။ အမျိုးမျိုး ထစ်ထစ်ပြီး။ ပစ်နိုင်ခတ်နိုင်မည့် အရေးကို။ အလေးဂရုပြုကြရာ၏။ ကိုင်း-ဆရာလဲ ညောင်းညာပင်ပန်းတော်မူပြီ။ ဤမည်သော ဝရုံရိပ်၌။ အိပ်စက်တော် မူဦးရော့မည်ဟု ပြောပြသဖြင့်။ တောရသူ တပည့်မတို့သည်။ ကဝိဆရ-တရားမဏ္ဍပ်မှ။ ပျားပန်းခပ်သလို ပြန်သွားကြလေ၏တည်း။

o o o

တနေ့သောအခါ။ ရသေ့၏ဩဇာကို။ ကောင်းစွာ လိုက်နာလေ့ရှိကြပေသော။ တပည့်မသီလရင်။ပဏ္ဍရင်တသိုက်။ ပရဗိုဇ်တလီ။ တပသီယောဂီမတို့သည်။ ဂေါသီတ စန္ဒကူးကဲ့သို့။ နံ့မြူးကြိုင်လှိုင်လှစွာသော ဓမ္မဒေသနာ။ အဖြာဖြာသောတရားများကို။ ကြားနာလိုကြတဲ့ အတွက်။ အထက်ယခင်။ အရင်နေဟောင်း။ သခ်မ်းကျောင်းသို့။ စုဇပါင်းတက္ခ။ ဖြဖြညီညာ။ လာရောက်ကြပေရကား။ အများသော တပည့်မတို့အလယ်။ စံပယ်တော်မူစဉ်။ အကြင် သို့သော သာမာဝတီက။ ကပျာကသီ ထထဲ့၍။ ဘုရားတပဲ့မ- ဝေနေပုံ တို့က။ ရှေယုံနှင့်ရှေကျား။ သက်ကယ်ရိတ်သွားတဲ့ တရားပေစာကို။ နာလိုကြပါကြောင်းနှင့်။ တောင်းပန်လျှောက်ထားလေ၏။

ထိုသို့လျှောက်ထားပါသော်လည်း။ဆရာရသေ့ ။မမေ့ မပျော်။ ပျင်းရိတော် မူသည်နှင့်အညီ။ ဤမည်သော ရွှေယုန်နှင့် ရွှေကျားကို။ နောက်များမှ ဟောပရစေတော့ဟု ပြောဆိုမြစ်တား၍။ အနားမှာရှိ တဲ့ ။ "သမန္တစက္ခုဒီပနီ" ကျမ်းက။ ကမ္ဘာဉာန်းအသွားကို ကြားနာ တော် မူလိုရကား။ အိုပုည၀တီ။ အနှီသမန္တစက္ခု ဒီပနီကျမ်းကြီး သည်ကားဆိုလျှင်။ ဟိုယခင်တလောက။ ၀ေါဟာရ လိနတ္ထဒီပနီ ကျမ်း။ အဘိဓါန်တတ္ထဝိသောခနီကျမ်း။ တဇ္ဇတ္ထဒီပနီကျမ်းတို့ကို။ ကြိုး ပမ်းသမှု။ ပြုစုစီရင်ခဲ့ပေသော။ လေ့သင်းအတွင်း၀န်မင်းသည်။ ဤ မည်သော မောင်ရင်သာမဏေဖြစ်စဉ်။ မမြင်မသိနိုင်ဘဲ့ အကြောင်း အရာများကို မေးမြန်း လျှောက်ထားရာ။ ငါတို့အလုံမြို့ကျေး။မှ ရွှေ ဇေတ၀န် ဆရာတော်ဘုရား။ ဖြေကြားတော်မူအပ်သော ကျမ်းကြီး ဖြစ်ချေသည်။ ။ဤမည်သော သမန္တစက္ခု ဒီပနီကျမ်း စာထုပ် ကြီးကို ဖြေပြီးကာလ။ ၀ဇီရဓာတ်တမျိုး တည်းဟူသော မိုးကြိုး ပုစ္ဆာ ၀ိသဇ္ဇနာကို။ သေချာစွာ ဘတ်လျှောက်ဘိလောဟု မိန့်တော် မူလေ၏။

ယင်းသောအခါ။ ဆရာ၏ စာတော်ဘတ်တပည့်မ ပုည၀တီက။ ဤအဆိုပါ ပေစာထုပ်ကြီးကို ဖြေပြီးကာလ။ ခဏချင်း ဘတ်လျှောက် သည်ကား။ အောက်နားက အတိုင်းပင် ဟူလို။

သမန္တစက္ခုဒီပနီကောက်နှုတ်ချက်မိုးကြိုးအကြောင်း။

တပည့်တော် သီရိမာလာ လျှောက်ပါသည်။ ဇေတ၀န် ဆရာ တော် ဘုရား။

မိုးကြိုးမျိုးတို့သည်။ပထဝီဓာတ်။ရွှေငွေကြေးနီစသည်ဖြင့်။ လုံးလုံးခဲခဲလော။ ။အလုံးအခဲမရကောင်း။ ဝါယောဓာတ်မျှ သာဖြစ်မည်လော။ ။နတ်လက်နက်လော။ ။ နတ်လက်နက် မှန်ချေကလည်း။ မတော်မမှန်သော သူတို့ကိုသာ။ ကျရောက်ရာ ပါသည်။ စေတီ-ဂူ- ကျောင်းတို့သို့ မကျမရောက်ရာပါ။ ယခု ကျရောက်၍ ရှိခဲ့ပါသည်။

'ခပ်သိမ်းဒါန။အနန္တကို။ ဓမ္မအလှူ။အောင်သောဟူ၍' လည်း။ အရှင်မဟာရဋ္ဌသာရ စပ်ဆိုတော်မူပါသည်။ သည်အချက်များကို။ သေသေချာချာ မှတ်သားပါရအောင်။ ကယ်မပါမည့်အကြောင်းကို၊ လျှောက်ထားပါသည် ဆရာတော်ဘုရား....တဲ့။

သက္ကရာဇ် ၁၁၇၀ ပြည့်၊ ဝါဆိုလဆန်း ၁ ရက်။ ကြာသပတေးနေ့။ မုံရွာ သီရိမာလာ လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား။

မိုးကြိုးမျိုးတို့သည်။ ပထဝီဓာတ်- ရွှေငွေကြေးနီ စသည်ဖြင့် လုံးလုံးခဲခဲလော။ ။အလုံးအခဲ မရကောင်း- ဝါယောဓာတ်သာ ဖြစ်မည်လောဟူရာ၌။

အသနိပန-နဝဝိဓဟောန္တိ။ အသညာ,ဝိစက္ကာ,သတေရာ,ဂဂ္ဂရာ, ကဝိသီသာ, မစ္ဆဝိလောဋ္ဌိကာ, ကုက္ကုဋ္ဌကာ, ဒဏ္ဍ မဏိကာ, သုက္ခာသနီ။ ။ဟူသောပါဌ်နှင့်အညီ။

(၁) အသံမပြုဘဲ ကျသောမိုးကြိုး
(၂) တဘက်သွားမိုးကြိုး။
(၃) ရည်သကဲ့သို့ ကျသောမိုးကြိုး။
(၄) ဂျက်ဂျက်မြည်လျက်ကျသောမိုးကြိုး
(၅) မျောက်မျက်နှာမြှော်သကဲ့သို့ကျသောမိုးကြိုး။
(၆) ငါးမြူးသကဲ့သို့ကျသောမိုးကြိုး။
(၇) ကြက်တောင်ဖြန့်သကဲ့သို့ ကျသောမိုးကြိုး။
(၈) ထွန်ထုံးကဲ့သို့ကျသောမိုးကြိုး။
(၉) လောင်မီးမိုးကြိုး။ ။ဟူ၍ ၉ ပါးအပြားရှိသည်။

ပထဝီဓါတ် လုံးလုံးခဲခဲဟူ၍ အထူးဆိုသော်လည်း။ "ဝိစက္ကာ ဧကံစက္ကံ ကရောတိ" ဟူ၍ဌင်း။ ။ဧကံစက္ကန္တိ ဧကံမဏ္ဍလံ" ဟူ၍ဌင်း။ ။ သုတ်မဟာဝါ မဟာပရိနိဗ္ဗာန သုတ် အဌကထာ။ ဌင်းဌီကာတို့တွင်။ အသွားတဘက်သာရှိသော မှီးကြိုးသည်။ ဝိစက္ကမည်၏ဟုဆိုသည်။

ဝိစက္ကမည်သောမိုးကြိုး၌။ အသွားတဘက်ရှိလျှင်။ အနှောင့်အမင်း-တဘက်က ရှိရာသည်။ အသွားအနှောင့် အစုံရှိသည်ဖြစ်၍။ တရွင်း, ပုဆိန်, ပဲခွပ်သွားကဲ့သို့ ရှိဟန်ကိုထောက်လျင်။ ရွှေ, ငွေ, ကြေးနီ,သံ, ကျောက် စသော၊တခုခု၊လုံးလုံးခဲခဲ။ပထဝီဓါတ်ပင်ပင်ဖြစ်

သည်ဟုယူရန်ရှိ၏။ တပါးသောဓါတ်လည်း ရှိရာ၏။

"သုက္ခာသနီ ပတိတဌာနံ သမုဂ္ဆါတေတိ" ဟူ၍ဌင်း။ ။ "ဒေဝေဝသန္တေပိ သဇောတိဘူတထာယ ဥဒကေန အတေမေ တဗ္ဗတောသုက္ခာသနီတိဝုတ္တော" ဟူ၍လာသော မဟာဝါ အဌကထာ။ ဋီကာပါဌ်တို့နှင့်အညီ။ မိုဃ်းပင်ရွာသော်လည်း။ အလျှံနှင့် တက္ခဖြစ်၍။ ရေမစွတ်သော မိုးကြိုးကို။ သုက္ခာသနီ, လောင်မီး မိုးကြိုးမည်၏ဟု ဆိုသည်ကိုထောက်လျှင်။ တေဇောဓါတ် မီးလျှံ မီးခဲလည်း ရှိရာ၏။

ယခုအခါကျရောက်ရာ၊ သစ်ပင်,ကျောင်း,စေတီ,ဘုရားစသည် တို့၌။ အရေးအသားမထင်။ ပြင်းစွာသောလေတို့သည် ခတ်ရိုက်ဘိ သကဲ့သို့။ ကျိုးပဲ့ကြေမွသည်များကိုသာ တွေ့မြင်ရသဖြင့်လည်း။ ဝါယောဓါတ်မျှသာဟူ၍လည်း ယူသင့်၏။ ဝါယောဓါတ်မျှသာဖြစ် ကောင်းသည်ကို ကျမ်းဂန်တို့၌။ တိုက်ရိုက်မထင်။

နတ်လက်နက်ပင်လောဟူရာ၌လည်း။ ။အသနီ, ဒွီသု-ကုလိ သံ,ဝဇီရံ,ဟူ၍။အဘိဓါန်စာကိုယ်၌ပြသည်။

ဌင်းဋီကာ၌လည်း။ ။အသနျာဒိတ္တယံ တဿ သက္ကဿာ ယုဓံ။ ။ဟူ၍ဌင်း။ ။ကုလိမှိသက္ကဿဟတ္တေ သေတိ တိဌ တီတိကုလိသော။ ။ဟူ၍ဌင်း။

ဝိနည်းမဟာဝါအဌကထာ၊ပဗ္ဗဇ္ဇခန္ဓကတွင်လည်း။ ။အထဿ အာရဒ္ဓပ္ပဝတ္တကမ္မဌာနမနသိကာရေဣန္ဒာသနိဝိယပဗ္ဗတေ,ကိလေသပဗ္ဗ တေ, စုဏ္ဏိယမာနံ ယေဝညာဏံ ပဝတ္တတိ။ ။ဟုဥပမာပြရာ၌။ အသနိ, သာမဆိုမူ၍။ဣန္ဒသနိ,ဟူ၍ဌင်း သက္ကဿာယုဓံဟူ၍ဌင်း။ လာသည်နှင့် အညီ။ သိကြားလက်နက်ဟူ၍လည်း ဆိုသင့်၏။

အပဒါန် အဌကထာ။ ဋီတဥ္ဇလိယထေရ အပဒါန်တွင်။ အသနိ ပါတောတိ အာသမန္တတော သနန္တော, ဂဇ္ဇန္တော, ပတတီတိအသနိ ပါတော။ အသန္တိအသနိယာပါတော ပတနံ အသနိပါတော။ ဒေဝ ဒဏ္ဍောတိအတ္တော။ ။ဟူ၍လာသည်နှင့်အညီ။ နတ်လက်နက်ဟူ၍လည်း ဆိုသင့်၏။ ။ဤသို့သက္က,ဣန္ဒ, ဒေဝ, ဆိုသူကို ထောက်လျှင်။ မိုးကြိုးကို ဖြစ်စေနိုင်သော သကြား, နဂါး, ဘီလူးတို့၏ အာနုဘော်ကြောင့် ဖြစ်သောလက်နက်ဟူ၍လည်းဆိုအပ်၏။ ။ဘေးဘယရောက်သောသူတို့

၏ ကံကိုအရင်းပြုသဖြင့်။ ကမ္မပစ္စယာ ဥတုဇကြောင့်လည်း ဖြစ်၏ဟု မှတ်အပ်၏။

လက်နှက် မှန်ခြေကလည်း။ မတော်မမှန် သော သူကို သာကျရောက်ရာပါမည်။ စေတီ, ဂူ, ကျောင်း, ဘုရားတို့ဆို မကျမရောက်ကောင်းပါ။ ယခုကျရောက်၍ ရှိခဲ့သည်ဆိုရာ၌။

ဧကနိပါတ်-ဒုတိယဝဂ်။ မတကဘတ္တဇာတ်၌။ ဆိတ်ငယ်တခု ကို။ တက္ကသိုလ်ဆရာမသတ်ဘဲ။ တောဝယ် လှတ်စေသည်ရှိသော်။ ထိုဆိတ်ငယ်၏ အကုသိုလ်ကံကြောင့်။ အခါမဲ့ မိုးကြိုးကျောက်ဖျာကြီးထက်ကျ၍။ ကျောက်လှာကွာ၍။ ဆိတ်ငယ်၏လည်ထက် ကျဘူးကြောင်း။

ဒုက နိပါတ်- စူဠနန္ဒိယ ဇာတ်တွင်။ ။အထဿ ပါပဟူရိ သဿဂေဟေ အသနိပတိတ္တာဘရိယဥ္ဇဒ္ဒဒါရကေ ဂေဟေနေဝ သန္ဓိ ဈာပေသိ။ ။ဟုနန္ဒိယညီနောင် အမိကိုသတ်သော မုဆိုး၏။ သားငယ်နှစ်ယောက်။ မယားတယောက်ကို။ မိုးကြိုးကျကြောင်း။

အရှင်မဟာမောဂ္ဂလာန်ကို။ ခိုးသားငါးရာနှင့်တကွ။ တိတ္ထိငါးရာတို့ ပစ်မှားရာ။ ဆယ်ပါးသော ဌာနသို့ ကျရောက်ကြောင်းကို ဟောတော် မူရာ၌။ ။အဂ္ဂိဒယ္ဟတိတိကေသံဝစ္ဆရံ ဒုတိယဂ္ဂတ္တုံ အညသ္မိံ ဒုဟကေအဝိဇ္ဇမာနေပိအသနိအဂ္ဂိဝါပတိတ္ထာဒုဟတိ။ တပါးသောမီးသည် မရှိသည်ရှိသော်။ မိုးကြိုးလောင်မီးသော်လည်း ကျ၍ လောင်ရာ၏ဟု ဘုံငှင့်တော်မူကြောင်းများကို ထောက်၍ မတော်မမှန်သောသူတို့ကိုလည်းကျ၏။ လောကတွင် မတော်မမှန် ပြုတတ်သော သူတို့အား၊ မိုးကြိုးလောင်မီး ကျရာ၏ဟု ဆိုထုံးရှိသည်။ ။ထိုစကားလည်း။ ဓမ္မပဒဘိက္ခုဝဂ်၊ သောဏဝတ္ထုတွင်။ ။ဝေရူပါယက္ကတ္ထိယာ သန္တကံဟရန္တာနံ အသနိပတိတ္ထာ မတ္ထကံဘိန္ဒေယျ။ ။ဟု လာသည်နှင့် လျော်သော စကားပင် ဖြစ်သည်။

စေတီ, ဂူ, ကျောင်း, ဘုရားတို့သို့ ကျသည်ဆိုရာမှာ။ ဥတုဇသက်သက်ကြောင့် ဖြစ်သော မိုးကြိုးဖြစ်လျှင်။ ဆိုရန်မရှိပြီ။ နတ်နဂါးတို့ကြောင့်ဖြစ်လျှင်။ ရတနာ သုံးပါးတို့၌။ သဒ္ဓါတရားနည်းသော နတ်နဂါးတို့လည်း ရှိရာသည်။ သဒ္ဓါတရား နည်းကလည်း။

ရတနာသုံးပါးဟူ၍ ရိုသေရှောင်ရှားတော့မည် မဟုတ်ပြီ။ ။မာရ်နတ်သား။ အာဋ္ဌာဝကဘီလူး။ ဥရုဝေလနဂါးတို့သည်။ သက်တော်ထင်ရှားရှိသော ဘုရားသခင်ကိုသော်လည်း။ လက်နက် ကိရိယာတို့ဖြင့် ပြစ်မှားခြင်း ပြုတော့သည်။ မာရ်နတ်လည်း။ ဘုရားသခင်ကိုယ်တော်ကိုပင် မိုးကြိုးချကြောင်းကို။

ဇီနာလင်္ကာရ စာကိုယ်တွင်

ဇလန္တံ နဝဝိဓံ ဝဿံ။ ဝဿာပေသိ အနပ္ပကံ။
ဓုမန္ဓ ကာရံ ကတ္ဘာန။ ပါတေသိ အသနိံ ဗဟုံ။

ဟုလာ၏။အနက်ကား။ ။ဇလန္တံ၊ ရဲရဲငြိသော။ နဝဝိဓံ၊ ၉-ပါးအပြားရှိသော။ ဝဿံ၊ မိုဃ်းကို။ ဝဿာပေသိ၊ ရွာစေ၏။ အနပ္ပကံ၊ အတိုင်းမသိသော။ ဓုမန္ဓကာရံ၊ မီးခိုးအမိုက်ကို။ကတ္ဘာန၊ ပြု၍။ ဗဟုံ၊များစွာသော။အသနိံ၊ မိုးကြိုးကို။ပါတေသိ။ပစ်ချစေ၏။ ။ဟုဆိုသည်။

က,ဟိံ,ဝ,ပ,မ,ယော,ဟိ,သု,သီ,ဟုဆိုအပ်သော။ သာသနာပြု ၉-ရပ်တွင်။ က,၏အရ။ ကသ္မီရဂန္ဓာရတိုင်း၌ မဇ္ဈန္တိက, မထေရ်ကို နဂါးမင်း အမြက်ထွက်၍ ကြောက်မက်ဘွယ် ဘန်ဆင်းသည်တို့ကို။ ဝိနည်းအဋ္ဌကထာတို့၌။ ။တတောတတော။ ထိုဆိုသို့သောအရပ်မှ။ ဘုသာဝါတာ။ ပြင်းစွာသော လေတို့သည်။ ဝါယန္တိ လာကုန်၏။ ရုက္ခာ သစ်ပင်တို့သည်။ ဘိဇ္ဇန္တိ ကျိုးကုန်၏။ ပဗ္ဗတကုဋ္ဌာနိ တောင်ထွတ်တို့သည်။ပတန္တိ ကျကုန်၏။ မေဃာ။ မိုဃ်းတို့သည်။ ဂဇ္ဇန္တိ ကျိုးကုန်၏။ ဝိဇ္ဇူလတာနီ လျှပ်စစ်နွယ်တို့သည်။ နိစ္ဆရန္တိ ပြက်ကုန်၏။ အသနိယော မိုးကြိုးတို့သည်။ ဖလန္တိ ကွဲကုန်၏။

၎င်းနည်းတူ မဟာဝင်ကျမ်း၌လည်း။

(၁) နာဂရာဇာ ပဒုဋ္ဌောသော။ ဝိဝိဓာဘိံသကာကရိ။ ဝါထာ မဟန္တာ ဝါယန္တိ။ မေဃော ဂဇ္ဇတိဝဿတိ။

(၂) ဖလန္တီအ သနိဝိဇ္ဇု။ နိစ္ဆန္တီတတောတတော။ မဟီရူဟာပဗ္ဗတာနံ။ ကုဋ္ဌာနိပပတန္တိစ။

(၃) ဝီရူပ ရူပါနာဂါစ။ ဘိံ ဿာပေန္တိသမန္တတော။ သယံ ဓုမာယ ဝလတီ။ အကျောသန္တော အနေကမာ။

ဟူ၍။ အထူးထူးသော ကြောက်မက်ဘွယ်ကို ပြုကြောင်း။ ကြီးစွာသောလေကို လာစေကြောင်း။ မိုးကို ကြိုးစေကြောင်း။ ရွာစေကြောင်း။ မိုးကြိုးတို့ကို ကျစေကြောင်း။ လျှပ်စစ်တို့ကို ပြက်စေကြောင်း။ သစ်ပင်တောင်ထွတ်တို့ဖြင့် ချကြောင်းများကို ဆိုသည်။

ဤသို့ စသည်ဖြင့်။ ဘုရားသခင်။ ရဟန္တာ အရှင်မြတ်တို့ကို သော်လည်း။ မိုးကြိုးချကြောင်းများကို ဆိုသဖြင့်။ သဒ္ဓါဂါရဝနည်းသော နတ်နဂါးတို့သည် ချသည်ဖြစ်ရာ၏ဟု ယူရန်ရှိသည်....တဲ့ ဘုရာ့ဟု အဆုံးချလိုက်သောအခါ။ များစွာသော ခမျာတစုတို့က။ သာဓုနုမော် ၃ ကြိမ်တောင်ခေါ်ကြလေ၏။

အရီးစိမ်း။ ။"မောင်ရင်မှိုင်းဘုရာ့"၊

ဘာတုန်း ဒါယိကာမကြီး။

အရီးစိမ်း။ ။"ဩော်....နတ်နဂါးဆိုတဲ့အကောင်ကြီးတမျိုးဟာကလဲ။ လောင်မီးမိုးကြိုးတောင် ကျစေနိုင်သတဲ့လား မောင်ရင်မှိုင်းရဲ့"။

အေးအေး ဟုတ်တယ်ဒါယိကာမကြီး။ ဟုတ်တယ်။

အရီးစိမ်း။ ။"တောင် လျှဉ်သ မိုင်း။ မြောင် တ ခွင် မှာ။ ချောင်စဉ်ဝိုင်းပါတဲ့။ မောင်ရင်မှိုင်းဘုရား"။

ဘာတုန်း ကျုပ်တို့ဒါယိကာမကြီး အရီးစိမ်း။

ဩော်... မပုညဝတီကလေး။ ဧဧဆေးဆေး ဘတ်ပြတဲ့။ ဆရာအရှင်မြတ်တို့ရဲ့ အလုံကျေး တည်းဟူသော။ မုံရွေးဆရာတော်ဘုရားဖြေကြားတော်မူတဲ့။ သမန္တစက္ခုဒီပနီ, အလိုအားဖြင့်။ ဘုရားကို တောင်မှ ဂါရဝနည်းပါးတဲ့။ နဂါးဆိုတဲ့ အကောင်တမျိုးက။ အဆိုးဝါးသားပါကလား မောင်ရင်မှိုင်းရဲ့။

အေး....ဟုတ်တယ် ဒါယိကာမကြီး။ တချို့သော နဂါးလဲ။ ဘုရားကို ဘုရားမမှတ်။ တးရာကို တရားမမှတ်။ သံဃာကိုလဲ သံဃာမမှတ်။ ရေနတ်နဂါးပီပီ။ မထီလေးစား။ မဟားဒယားအမျိုးမျိုးနဲ့။

မိုးကြိုးများတောင် ထစ်ထစ်ပြီး။ ပစ်တတ်သတဲ့။ ဩော်... ဥစ္စာတဲ့ နဂါးဆိုတော့ တရားမရှိဘူးပေါ့လေ။

ခုဇ္ဇာ။ ။"အင်း....ဘုရားမှန်းမသိ။ တရားမှန်းမသိနှင့်။ ဒီဋ္ဌိ မိစ္ဆာ။ အယုတ်မာနဂါးမျိုးက။ မတရားမိုးကြိုးတောင် ပစ်ခတ်လို့မို့ ညစ်ပတ်တဲ့ ဂုဏ်အဖျင်းကို။ ဂဠုန်မင်းနှင့်မှဘဲ။ အချင်းချင်း နေရာကျ ချိမ့်မည်တဲ့ဘုရား"။

သီလရင်ကြီး ဒေါ်ခုဇ္ဇာက။ ဂဠုန်ဆိုတိုင်းဘဲ။ နဂါးဟူသမျှကို နှိုင်းသည် ဟု ယုံကြည် မှတ်ထင်သလား။

ခုဇ္ဇာ။ ။"ဗျာဒိတ်တော်မြတ် အတိုင်းပါဘုရား"။

ဩော်....ဒါယိကာမကြီး တွေးထင် ယုံကြည်တဲ့ အတိုင်း လဲ မဟုတ်ရှာသေးဘူး။ ဥပ္ပါတသန္တိကျမ်းများကို မကြည့်ဘူး ဘူးလား။

ခုဇ္ဇာ။ ။"မကြည့်ဘူးပါ ဘုရား"။

အို ဒါယိကာမကြီးဒေါ်ခုဇ္ဇာ။ရှေးအခါကာလ။ သုဝဏ္ဏဘူမိ အမည်ရှိတဲ့။ ဟရိဘုဥ္ဇတိုင်းကို။ ရိုင်းစိုင်းသော တရုတ်လူမျိုးတို့။ စစ်ထိုးလာသောအခါ။ မင်းဆရာ ဖြစ်တော်မူသော အရှင်မဟာသီလ ဝံသမထေရိသည်။ ဤမည်သော ဟရိဘုဥ္ဇတိုင်း။ ဇင်းမယ်နေပြည်တော် အတွင်း။ ယင်းသို့သော ရပ်ကွက် ရပ်ကွက် တိုင်းမှာ ရွှတ်ဘတ် သရဇ္ဈာယ်ဘို့ရာ။ မြတ်စွာဘုရား အလိုတော်နှင့် လျော်သော "ဥပ္ပါတသန္တိ"ကျမ်းကို။ ဘေးဘျမ်းသူပုန်။ ပျောက်ကုန် လွင့်စင်ဘို့ရာ။ ဂါထာဗန္ဓ။ ဖန်သစီရေးပြီး ပေးတော်မူတယ်တဲ့။ ။အဲ တို့သို့သော ဥပ္ပါတသန္တိဂါထာများကို။ ရှင်ရောလူပါ ရွှတ်ဘတ်ကြတာနဲ့ဘဲ။ အဆိုပါ တရုတ်လူမျိုးသူပုန်များ ပြန်သွားရကြောင်းနှင့်။ ရှေးဟောင်း။ လောကုတ္တရာ တကျိပ်နှစ်ပါး သင်းစာတို့နှင့် အဆိုပါ ဥပ္ပါတသန္တိကျမ်း၏ နိဿနိဒါန်းမှာ။ ဆရာတော်ဦးပုဒ်။ ဘော်ထုတ် မိန့်မှာတော် မူခဲ့တယ်။

ကေသာဝတီ။ ။"ဦးထိပ်ရွက်ဆင်လျက်ပါဘုရား"။

အဲ-ထိုအဆိုပါဥပ္ပါတသန္တိကျမ်းလာ။ ဂါထာပေါင်း ၂၇၀မျှ ရှိသည် ဖြစ်ရာ။ ဝေဿဘူဘုရားအား ပန်ကြား ဆုတောင်းသော ၂၇ထာမှာ။ အနှာလိုတဲ့။ ဘယ်လိုပါနည်းဟူမူ။

ဝေဿဘူဘုရားမှာ ဆုတောင်း ၂ ဂါထာ

(၁) ဝေဿဘူနာမ, သမ္ဗုဒ္ဓေါ၊ ဟေမ,ရူပ,သမူပမော။
သဋ္ဌိ,ရတနမုဗ္ဗေဓေါ၊ သဋ္ဌိစ, သဟဿာယုကော။ ။
(၂) ဗြဟ္မ,ဒေဝ, မနုဿေဟိ၊ နာဂါ,သူရ,ဒိဇေဟိဝါ။
ပူဇိတောပိ-သဒါ,နာထော၊ သဒါ,သောတ္ထိံ, ကရော
တုတေ။ ။

ဟေမရူပသမူပမော၊ ရွှေအဆင်းနှင့် မယွင်းတမျှ။ ပမာဏရှိ တော်မူသော။ ဝေဿဘူနာမသမ္ဗုဒ္ဓေါ၊ ဝေဿဘူ မည်တော်မူ သော မြတ်စွာဘုရားသည်။ သဋ္ဌိရတနမုဗ္ဗေဓေါ၊ အတောင် ခြောက် ဆယ်။ သပ္ပါယ်သနှင့်။ မြင့်တော်မူ၏။ သဋ္ဌိစသဟဿာ ယုကော၊ အ သက်တော်လည်း။ ရှည်မြော်ဘိတောင်း။ ခြောတ်သောင်း ရှိတော် မူ၏။ ။ဗြဟ္မဒေဝ မနုဿေဟိ၊ ဗြဟ္မာနတ်လူ။ ခပ်သိမ်းသူတို့ သည်ငှင်း။ နာဂါ,သူရ,ဒိဇေဟိဝါ၊ နဂါး-အသူရာ။ဗျူဟာတဂုဏ်။ ဆူစွာပူစွာကုန်သော ဂဋ္ဌုန်မင်းတို့သည်ငှင်း။ သဒါ။နေ့ရောညပါ။အ ခါ ခပ်သိမ်း။ပူဇိတောပိ။ အမြတ်တနိုး။ မပြတ်ကိုး၍။ ရှိခိုးကော်ရော်။ ပူဇော်အပ်သည်လည်း ဖြစ်သော။ နာထော၊ဝေဿဘူ မြတ်စွာဘုရား သည်။နော၊ ငါတို့အား။သဒါ၊အခါခပ်သိမ်း။သောတ္ထိံ၊ကောင်းကျိုး ချမ်းသာ။ မင်္ဂလာကို။ကရောတု၊ ပြုတော်မူစေသော....တဲ့။

အနို့ပြီးတခါ။ဒါယကာမကြီးဒေါ်ခုဇ္ဇာ,ရဲ့ထင်ပုံ၊ ဂဋ္ဌုန်များ က။ နဂါးတိုင်းနဂါးတိုင်းကို နိုင်သည်ဟူ၍လည်း မမှတ်သင့်ကြောင်း နှင့်။ ငှင်းအဆိုပါဥပ္ပါတသန္တိကျမ်းတွင်ပင်။ တခန်းတဖုံ။ ကမ္မဋ္ဌာန်း အာရုံကဲ့သို့။ဂဋ္ဌုန်မြတ် ဂဋ္ဌုန်ကောင်းတို့ထံ။ ဆုတောင်း ၂ဂါထာ။ လာရှိသည်မှာလည်း။ အောက်ပါအတိုင်းပင်ဟူ၏။

ဂဋ္ဌုန်ဆုတောင်း ၂ ဂါထာ။

(၁) မဟိဒ္ဓိကာ,သုဗဏ္ဏာ ယေ၊ နာဂရာဇေ-မဟဗ္ဗလေ
ဂဟေတွာ-ဇိန,ခေတ္တေဝ၊ ပက္ခန္ဒိံ သု-နဘေ,ဗလာ

(၂) တေ ဗုဒ္ဓသရဏာသဗ္ဗေ၊ သောတ္ထိံ-ကရောန္တု-တေ, သဒါ။

မဟိဒ္ဓိကာ။ ကြီးသောတန်ခိုးရှိကုန်သော။ ဗလာ၊ကြီးသောခွန်အား ရှိကုန်သော။ ယေသုဗဏ္ဏာ။ အကြင်တောင်ဟုန်ပြင်းတဲ့ ဂဋ္ဌုန်မင်းတို့သည်။ မဟဗ္ဗလေ။ ကြီးသောခွန်အားရှိကုန်သော။ နာဂရာဇေ။ မဟားဒယားနဲ့။ ဘုရား, တရားတောင်- ငြင်းချင်တင်းချင်တဲ့။ နဂါးမင်းတို့ကို။ ဇိနခေတ္တေ၀၊ နဂါးကောင်ကို။ အောင်မြင်ရာ ဖြစ်တဲ့။ ခေတ်၌သာလျှင်။ ဂဟောတ္ဒာ၊ ဂမန်းဂဒန်း။ တငန်းငန်း။ ဘမ်းယူကုန်၍။ နဘေ၊ အကြောင်း မထင်တဲ့။ ကောင်းကင်၌။ ပက္ခန္ဒိံသု အဟံ-ငါတကား။ မာန်ကြွားကြွားနဲ့။ ပျံသွားကုန်၏။ ။တေသဗ္ဗေ၊ ထိုခပ်သိမ်းကုန်သော ဂဋ္ဌုန်မင်းတို့သည်။ နော၊ အကျွန်ုပ်တို့အား။ သဒါ၊ နေ့ရောညပါ။ အခါခပ်သိမ်း။ သောတ္ထိံ၊ ကောင်းကျိုးချမ်းသာ မင်္ဂလာကို။ ကရောန္တု ပြုတော်မူစေကုန်သောဝ်....တဲ့။

အဏ္ဍဇဂဋ္ဌုန်သည်။ အဏ္ဍဇနဂါးကိုသာ ဘမ်းယူနိုင်၏။ ဇလာဗုဇ စသည်ကိုမဘမ်း မယူနိုင်။ အဏ္ဍာဇချင်းပင် တူသော်လည်း။ အရာခပ်သိမ်း၌ မယူနိုင်။ ဥမ္မဝိပိဋ္ဌ စသည်တို့၌တည်သော နဂါးကိုသာ ယူနိုင်၏ စသည်ဖြင့်လာသော။ နာဂသုဗဏ္ဏသံယုတ်ကိုရှု၍။ ဇိနခေတ္တ၏ အနက်ကို သမ္မန်သည်တဲ့ ကြားရဲ့လားဒေါ်ခုဇ္ဇာ။

အိုတပဲ့မအပေါင်း။ သီလရင်သူတော်ကောင်းတို့။ ။ရင်းအယက်ကတလော။ ဟောခဲ့ပြောခဲ့သော ဇင်းမယ်ဖြစ် "ဥပ္ပါတသန္တိ" မှာပါရှိတဲ့ "ဇိနခေတ္တ"၏ အဓိပ္ပါယ်ကို။ အကျယ်တဝင့်။ အခွင့်အားလျော်စွာ။ ဆရာတဖန် ဟောလိုပြန်သည်မှာ။ အနှာတဲ့။ ဘယ်လိုပါနည်းဟူမူ။ ။အသရေဂုဏ်အားဖြင့်။ တေဇဂုဏ် ထွားတဲ့။ ရွှေဂဋ္ဌုန် အမျှားတို့သည်။ နဂါးဟူသမျှကို။ ယူကြနိုင်ပါမည်လော။ ဒေါသဟုန် အမျိုးမျိုးထုတ်ပြီး။ ထိုးသုတ် ချီယူနိုင်ပါမည်လောဟု။ ကျွန်ုပ်တို့ ကျေးဇူးတော်ရှင် မင်းကွန်း ဆရာတော်ကလေးအား။ မန်လည် ဆရာတော်ဘုရားကြီးက။ တရားတည်းဟူသော အာတော်အမေး။ ရေးဘူး ပေးဘူးသည်မှာလည်း။ အနှီလိုတဲ့။

ဂဠုန်ပုစ္ဆာဒွေးချိုး

ရွှေဂဠုန်။ တေဇဂုဏ် တမည်မြတ်ပါတဲ့။ သည်နတ်ဌက်မျိုး။ မြွေဇာတ်မှန်။ ရေနတ်ကို ကုန်မချန်က။ ရွှေပနန် နာဂိန်မင်းတို့ကို။ ခွင်းသုတ်မည်စိုး....တဲ့။

အဲ အနှီကဲ့သို့သော။ စောကြော မေးမြန်းတော်မူခြင်းကို။ မင်းကွန်းဆရာတော်ကလေးက။ အမေးနှင့်ညီစွာ။ စီကဗျာဖြေရေး၍။ ပေးပို့လိုက်တော်မူသည်မှာလည်း။ အောက်ပါ အတိုင်းပင်တည်း။

ရွှေဂဠုန်။တေဇဂုဏ်,တမည်မြတ်ပါတဲ့။သည်နတ်ဌက်မူး၊ ။ မြွေဇာတ်မှန်။ ရေနတ်ကို- အုပ်ချုန်လို့ ။ ရွှေပနန်- နာဂိန်မင်းတို့မှာ။ ခွင်းသုတ်မည် ဘယ်ရန်မျိုးကိုမှ။ စိုးသင့်ပါဘူး... တဲ့။

ထင်းအထက်က။ အမြွက်မျှ အဖြေကဗျာ၏။ သေချာသော အထောက်အထားတို့ကိုလည်း။ အောက်နှားကတဖန်။ ပါဠိတွေနဲ့၊ ပါရှိပြန်သည်ကား။

လောကဒီပကကျမ်းလာ ၃ ဂါထာ

(၁) ဂရုဠော,သမ္ဘနာဂါနံ။ ဂဏ္ဍိတုံ-သက္ကုဏေယျဝါ။
နောဝါတိစေနသက္ကောတိ။သမ္ဘသောယေဝဂဏ္ဍိတုံ။ ။

(၂) ဓတရဋ္ဌ နာဂရာဇာ။ ကမ္ပလဿ တရာဝိစ။
သတ္တင်္ဂရသမုဒ္ဒေသု။ နာဂရာဇာ-မဟိဒ္ဓိကာ။ ။

(၃) ဘူမ္မဋ္ဌ,ပဗ္ဗတဋ္ဌာစ။ ဝိမာနေသု-ဋ္ဌိတာပိစ။
တေသမ္ပေ-နာဂရာဇာနော။နသက္ကောန္တိစ-ဂဏ္ဍိတုံ။ ။

ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ

ဥဒ္ဓရမာနာစ ပနေ တေ။ အတ္တနာဟိနေဝါသမေဝါ ဥဒ္ဓရတုံ သက္ကောန္တိ ။ နအတ္တနာပဏီတတရော။ သတ္တဝိဓါဟိအနုဒ္ဓရဏီယနာဂါနာမ။ ပဏီတတရာ။ ကမ္ပလဿတရာ။ ဓတရဋ္ဌာ။ သတ္တသိဒန္တိရ

ဝါသီနော။ ပထဝိဋ္ဌကာ။ ပဗ္ဗတဋ္ဌကာ။ ဝိမာနဋ္ဌကာတိ။ တတြအဏ္ဍ ဇာဒီနံဇလာဗုဇာဒယောပဏီတဘရာ။ တေတေဟိ အနုဒ္ဓရဏီယာ၊ ကမ္ပလဿတရာပန နာဂသေနာပတိနော တေယတ္ထကတ္ထစိ ဒိသ္ဒာ ယောကောစိသုပဏ္ဏောဥဒ္ဓရိတုံနသက္ကောတိ။ ဓတရဋ္ဌာပန နာဂရာ ဇာနော။ တေပိကောစိဥဒ္ဓရိတုံ နသက္ကောတိ။ ယေပနသီဒန္တရေ မဟာသမုဒ္ဒေ ဝသန္တိ။ တေယသ္မာကတ္ထစိပိ * ဝိကမ္ပနံကာတုန သက္ကာ။ တသ္မာကောစိဥဒ္ဓရိတုံနသက္ကောတိ။ ပထဝိဋ္ဌကာဒီနံနိလိယ နောကာသောအတ္ထိ။ တသ္မာတေပိ ဥဒ္ဓရိတုံနသက္ကောတိ။ ယေပန မဟာသမုဒ္ဒေ ဥိမိပိဋ္ဌေဝသန္တိ။ တေယောကောစိ သမောဝါပဏီ တတရောဝါ သုပဏ္ဏောဥဒ္ဓရိတုံ သက္ကောတိ။ ။

နန္ဒောပနန္ဒ နဂါးကား။ သီဒန္တရဝါသီတည်း။
ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ ထေရာအဋ္ဌကထာကိုရှု....တဲ့။ ။

အဲ အနှီလို။ ထိုသို့သော သတပဒိကပုစ္ဆာ။, ဝိသဇ္ဇနာကျမ်းမှာ။ ပါရှိချေတမ့ုံဟု။ ဟောလိုက် ပြောလိုက်ရာ။ တောစရိုက် ဝါသနာ ပါသူ တပည့်မအပေါင်းတို့က။ ကောင်း၏။ ကောင်းပေ၏။ ကောင်း ပါပေ၏ ဟလုဟု။ သာဓုများ ခေါ်ကြလေ၏။

ယင်းသို့ သာဓုနုမော်။ ခေါ်ပြီးသောကာလ။ဒကာမကြီးအရီး စိမ်းက။ ။မောင်ရင်မှိုင်းရယ်။ တပဲ့တော်မဖြင့်။ သူများသာဓုခေါ် လို့သာ ခေါ်ရတယ်။ အရှင်ဘုရား ရွတ်ရွတ်ပြတဲ့။မာဂဓပါဋ္ဌိတွေကို။ ဘာမသိ-ညာမသိဟာမို့။ ဂဏ္ဍာ-မဟိနိုင်ပါကြောင်း။ ဦးခေါင်းကို ညွှတ်ညွှတ်ထားပြီး။ ပွတ်ဇဗါးမင်းသွီးလို။ ဘွင်းဘွင်းကြီးလျှောက် ရပါတော့သည်။ ယောဂီထိပ်တင်။ကျွန့်အရှင်ဘုရား။

ဩော်-ဒကာမကြီးမှာဖြင့်။ ဘယ်နည်းနှင့်မှမသိနိုင်ပါဘူးလို့ဆို ပါတော့။ ထိုသတပဒိက စာကိုယ်မှာလဲ။ အဆိုပါ ပါဌ်ပဒ တို့ကို။ အတ္ထယောဇနာ- မပါမရှိသဖြင့်။ သိသူကရှားပါးပြီး။ အများသော တပည့်မတို့မှာ။ မသိကြတာ များပေလိမ့်မည်။ ဤအဆိုပါ ပါဋ္ဌိတို့ကို။ တကာတပည့်။ ရှိရှိသမျှ တပည့်မအပေါင်းတို့။ ကောင်းကောင်းကြီး သိနားလည်စိမ့် သောငှာ။ ယောဇနာတော်မူပေအံ့၊ ခန့်ညားသော စိတ်ဓါတ်ဖြင့်။ ဘတ်လည်းဘတ်ကြ။ မှတ်လည်းမှတ်ကြ။ တတ်လည်း ဆတ်ကြစေသတည်း။

လောကဒီပက, အတ္ထယောဇနာကား။

ဂရုဋ္ဌော။ဂဋ္ဌုန်ငှက်သည်။သဗ္ဗနာဂါနံ။အလုံးစုံသော နဂါးတို့ကို။ ဂဏ္ဌိတုံ၊ ဖမ်းယူချီကုတ်။ ထိုးသုတ်ခြင်းငှာ သက္ကုဏေယျ ဝါ၊ စွမ်းနိုင်သလော။ နောဝါသက္ကုဏေယျ၊ မစွမ်းနိုင်ရာသလော။ဣတိ၊ အနှိသို့။ စေပုစ္ဆေယျ၊ အကယ်၍ မေးငြားအံ့။ ဧဝံသတိ၊ အနှိသို့မေးသည် ရှိသော်။ဂရုဋ္ဌော၊လေးသောဝန်ကို။ အားသွန်ခုန်တက်။ သူပုန်ပွက်သကဲ့သို့သော။ ဂဋ္ဌုန်ငှက်သည်။ သဗ္ဗသောယေဝ၊ အလုံးစုံသော အပြား အားဖြင့် သာလျှင်။ ဝါ၊ ကြွင်းမဲ့ အကုံ။ အလုံးစုံသော နဂါးတို့ကိုသာလျှင်။ဂဏ္ဌိတုံ၊ အကြမ်းတမူ။ ဖမ်းယူသုတ်ထိုးခြင်းငှာ။ နသက္ကောတိ။ မစွမ်းနိုင်ပါဘူးတဲ့။ ဣတိ၊ အနှာလို။ ဝိသဇ္ဇေယျ၊ စောဒက အရေးဖြင့်။ မေးလားမြန်းလားလုပ်တဲ့၊ အစွန်းရန်ကို။ တွန်းလှန် ဖြေဆိုရာ၏တဲ့။

ကြားရဲ့လား၊ ကျုပ်တို့ ဒါယိကာမကြီး အရီးစိမ်း။

အရီးစိမ်း။ ။"အရှင်မြတ်- အနက်လင်းမှ။ ကွက်ကွက်ကွင်းကွင်း။ ထင်းထင်းကြီး သိရပါတော့သည်။ ဒီမှတဖန် ကျန်သေးတဲ့ ဂါထာ-စုဏ္ဏိယတို့ကို၊ ရဂုံတပည့်မတို့။ အကုန်သိရအောင်။ ကဝိဇေ ဗျာဒိတ် တည်းဟူသော။ အမိန့်တော်အသံကို။ နာခံလိုပါသေးတယ် မောင်ရင်မှိုင်းရယ်"

အဟမ်း, အဟမ်း, ဩော်....တရားနာအသင်းဒကာမတို့။မပျင်းကြားရအောင်ဟာ၊ မညင်းမထ၊ လင်းမှဘဲတန်မယ်လို့။ ကြံရွယ်တော်မူတယ်ဗျ- ဒကာမကြီးရဲ့။ ကောင်းကောင်း နာကြနှော။ ဟောလိမ့်မယ်။

အနို့ပြီးတခါ၊ ဒုတိယဂါထာကို။ မြန်မာလိုပြန်ဆိုတော့၊အနှာလိုတဲ့။ ဘယ်လိုပါနည်းဟူမူ။

ဓတရဋ္ဌာ၊ ဓတရဋ္ဌအမည်ရကုန်သော။ နာဂရာဇာ၊ရေနတ်မျိုးကို။စိုးရပိုင်ငြား။နတ်နဂါးတို့ငင်း။ကမ္ပလဿတရာပိစ၊ကမ္ပလမည်ငြား။ အမည်ထွားတဲ့။ နဂါးစစ်ဗိုလ်ချုပ်ကြီး။ တသီးမှတ်စရ ဒြပ်လှတဲ့။ အဿတရ၊ နာဂအထူး။ စစ်ဗိုလ်မှူးတို့ငင်း။ သတ္တန္တရသမုဒ္ဒေသု၊

သတ္တရဘန်၊ တောင်ရံ ၇ထပ်တို့၏ အကြား ဖြစ်ကုန်သော။ ယမုန် အဏ္ဏဝါ၊သီဒါသမုဒြာတို့၌။ ဌိတာ၊ တည်ကုန်သော။ မဟိဒ္ဓိကာ၊ အမျိုးမျိုး အသီးသီး။ အဆိုးနည်းတွေနဲ့။ တန်ခိုးကြီး ကုန်သော။ နာဂရာဇာ၊ အကြားပြင်းပြင်း။ တမားမားတင်းချင်တဲ့။ နဂါးမင်းတို့ ၎င်း။ ဘူမဋ္ဌာ၊ မြေအတွင်း၌။ အခွေစင်းလျက် တည်ကုန်သော။ နာဂ ရာဇာ ၊သွားတပြင်ပြင်နဲ့။ စားချင်ဝါးချင်တဲ့။ နဂါးရှင်ဘုရင်တို့၎င်း။ ဝိမာနေသု။နဂါးရပ်ဌာန်။ဘုံဗိမာန်တို့၌။ဌိတာ။တည်ကုန်သော နာဂ ရာဇာ၊ ကုလားမျိုး သမတကဲ့သို့။ မတရား တန်ခိုးပြချင်တဲ့။ နဂါး အစိုးရတို့၎င်း။ ဣတိ၊ အနှီသို့။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေနာဂရာ ဇာနော၊ နဂိုရ်ကြားကြား။ ကိုယ်ထွားထွားနဲ့။ ထိုနဂါးရှင်ဘုရင်တို့ ကို။ ဂဏ္ဌိတုံ၊အကြမ်းဘတမ်း။ တငမ်းငမ်းနဲ့။ ဘမ်းယူသုတ်ချီခြင်း ငှာ၊ နသက္ကောန္တိ၊ အကြမ်းကိုင်မဟဲ့လို့။ မဘမ်းနိုင်။ မစွမ်းနိုင်ကြ ကုန်ပါဘူးတဲ့။

အဲအနှီမှတဘန်။ခန္ဓဝဂ္ဂသံယုတ်အဌကထာပါဌ်အပြကို။ အတ္ထ ယောဇနာပြီး။ တောအညာသူတပည့်မတို့။ သိရအောင်တလော။ ဟောရပြောရမှာဖြင့်။

ခန္ဓဝဂ္ဂသံယုတ်အဌကထာ ယောဇနာကား

စ,ပန၊ အချက်အလက်တွေနဲ့။ ဆက်၍တဘန်။ တစိမ့်စိမ့်နူး လောက်အောင်။ မိန့်ဦးပြန်အံ့။ တေ၊ အာလိန် ၂ ဆင့်က။ သမ္ဘာသိန် တင့်တဲ့အောင်။ အမြင့်ခိုလှုံ။ ထိုဂဋ္ဌုန်တို့သည်။ ဥဒ္ဓရမာနာ၊ ရေ၌ပျော် ပါး။ အတော်ကြားတဲ့။ နဂါးတည်းဟူသော အမျိုးယုတ်တို့ကို။ ထိုး သုတ်ချီယူကုန်သည်ရှိသော်။ အတ္တနာ၊ မိမိအောက်။ ဟိနေဝါ၊ အ ယုတ်ထားတဲ့။ နဂါးတို့ကိုဎင်း။ အတ္တနာ၊ မိမိနဲ့။ သမေဝါ၊ အမူတ ကွ။ တူမျှလေငြား။ ရေနဂါးတို့ကိုဎင်း။ ဥဒ္ဓရိတုံ၊ အယုတ်မျိုးဟဲ့လို့။ တကုတ်ကုတ်တကြိုးကြိုးနဲ့။ သုတ်ထိုးချီယူခြင်းငှာ။ သက္ကောန္တိ အကြမ်းဘတမ်းကိုင်ကိုင်ပြီး။ စွမ်းနိုင်ဘမ်းနိုင်ကုန်၏တဲ့။ အတ္တနာ၊ မိမိထက်။ ပဏိတတရေ၊ တံခွန်လျှပ်သကဲ့သို့။ မွန်မြတ်သောနဂါး

တို့ကို။ ဥဒ္ဓရိတုံ၊ တန်ခိုးနုပ်တဲ့။ အမျိုးယုတ်ဟဲ့လို့။ ထိုးသုတ်ချီယူ ခြင်းငှာ။ နသက္ကောန္တိ၊ အကြမ်းကိုင်မဟဲ့လို့။ မဘမ်းနိုင် မစ္ဆမ်းနိုင် ကုန်ပါဘူးတဲ့။ ။ဟိသစ္စံ၊ ထိုစကားသည်။ မမှားကေန်မှန်၏။ (၀၇) ထိုစကားကို။ အသွားတလှဲ့ကူးပြီး။ ချဲ့ဦးအံ့။ အနုဒ္ဓရိယာ၊မသုတ်ထိုး။ မချီယူနိုင်ကုန်တဲ့။ (၀၇) သုတ်ယူကိုင်ဘမ်းခြင်းငှာ။ မစ္ဆမ်းနိုင်ကုန်တဲ့။ နာဂါနာမ၊အခြားတဘို့တည်းဟူသော နဂါးတို့သည်။ မည်သည်ကား။ သတ္တဝိဓါ၊ တံခွန်အလားကဲ့သို့ အမွန်ထားလောက်တဲ့။ ၇ ပါးအပြား ရှိကုန်၏ တဲ့။

အဲဒီ ၇ ပါးသော နဂါးတို့ကား။

၁ ပဏီတတရာ။ ။အလွန့်အလွန်။ ချန့်ထက်ချန်ပြီး။ မွန် မြတ်ကုန်သောနဂါးတို့ငင်း။

၂ တမ္ပလဿတရာ။ ။တဟန်လှတဲ့။ တမ္ပလနဂါး။ အမှတ် တရ။ ဒြပ်လှတဲ့။ အဿတရနဂါးတို့ငင်း။

၃ ဓတရဋ္ဌာ။ ။ဓတရဋ္ဌနဂါးတို့ငင်း။

၄။ သတ္တသီဒန္တရဝါသိနော။ ။တောင်စဉ် ၇ ထပ်။ရံပတ် တည်ရာ။ သီတာသမုဒြာ၌ နေကုန်သော နဂါးတို့ငင်း။

၅ ပထဝိဋ္ဌကာ။ ။ပရမေသနင်းဟေ့လို့။ အခွေစင်းစင်း ပြီး။ မြေအတွင်း၌။မကင်းနေငြား။မြေနဂါးတို့ငင်း။

၆ ပဗ္ဗတဋ္ဌကာ။ ။တထောင်ထောင် ပပျဉ်းနှင့်။ တောင် အတွင်းက။ တောင်တွင်းနဂါးတို့ငင်း။

၇ ဝိမာနဋ္ဌကာ။ ။ဘောဂဝတီ။ရွှေအုတ်စီတဲ့။ ဌာနီရိပ်ပုံ။ အဟိတ်စံသည့်။ ဗိမာန်အတွင်း။ ပပျဉ်းဓါတ်ကြွား။ ဒြပ်ထွားတဲ့။ နတ်နဂါးတို့ငင်း။

ဣတိ၊အနှီသို့။သတ္တဓါ၊အမွန်အားဖြင့်။ ခုနှစ်ပါးတောင်အပြား ရှိကုန်၏တဲ့။

တတြဝစနေ ဆိုခဲ့ပြီးငြား။ ထိုစကား၌။ အဏ္ဍဇာဒီနံ။ အဏ္ဍဇ, ဇလာဗုဇ, ဂဗ္ဘသေယျက,ဥပပါတိက,ဟု ဆိုအပ်တဲ့။ ဇာတ်၏ဟိတ်

အခြေအနေဆိုးတဲ့။ ပဋိသန္ဓေ ၄ မျိုးတို့တွင်။ ဇလာဗုဇာဒယော၊ ဇလာဗုဇ, ဂဗ္ဘသေယျတ, ဥပပါတိက, ဟုဆိုတဲ့ နဂါးတို့သည်။ ပဏ္ဍိတရာ၊ တံခွန်တလျှပ်လျှပ်မှာ။ အချွန်ထပ်သလို။ မွန်မြတ်ကုန်၏။ (၀၊) ခါတ်သဘောအားဖြင့်။ မြတ်သောနဂါးတို့ပေတည်းတဲ့။ တေ၊ ဆိုခဲ့ပြီးငြား။ ထိုနဂါးတို့ကို။ တေဟိ၊ လက်ပံရှင်။ နှစ်ဆင့် အာလိန်ခွင်က။ ဗျူသေနှင်၊ တဗိုလ်ထွက်တဲ့။ ထိုင့်က်ဂဠုန်တို့သည်။ အနုဒ္ဒရိယာ၊ တန်ခိုးမနုပ်သော်လဲ။ အမျိုးအရိုးဟုတ်လေတော့။ မထိုးမသုတ်နိုင်ကြဘူးတဲ့။ ။ကမ္မလဿတရာပန၊ အလျှံပြန်ိုင်တဲ့။ ကမ္မလ နဂါး။အမှတ်တရ။ ဖြပ်ပြနိုင်တဲ့။ အဿတရ။ မည်ရထင်ရှား။ နတ်နဂါးတို့သည်ကား။ နာဂသေနာပတိနော၊ နဂါးဘောင်တွင်။ စစ်ဘုရင်ကြီးတို့ပေတည်း။ ။တေ၊ ထို နဂါး ခေတ်တွင်။ စစ်ဘုရင်ကြီးတို့ကို။ ယတ္ထာကတ္ထစိ၊ အမှတ်မရှိတဲ့အရပ်၌။ ဒိသ္ဝာ၊ ပြကတေ့ထင်ထင်။ တွေ့မြင်သည်ရှိသော်။ ယောကောစိ၊ အမှတ်မရှိတဲ့။ သုဗဏ္ဏော၊ သုပဏ္ဏက။ ဂဠုနရာဇာ၊ တဗျူဟာဂုဏ်တင်းတဲ့။ ဂဠုန်မင်းသည်။ ဥဒ္ဓရိတုံ၊တမျိုးဟုတ်ကရော့ဟဲ့လို့။ ထိုးသုတ်ချီယူခြင်းငှာ။ နသက္ကောတိ၊ တနန်းထိုင်တဲ့။ကြင့်နန်းပိုင်ချင်းမို့။မစ္ဆမ်းနိုင်ပါဘူးတဲ့။ ။ဓတရဋ္ဌာပန၊ ဓတရဋ္ဌ နာမတွင်ငြား။ နတ်နဂါးတို့သည်ကား။ နာဂရာဇာနော၊ နဂါးဘုံတွင်။ တဂုဏ်ထင်တဲ့။ ရှင်ဘုရင်ကြီးတို့ပေတည်း။ တေပိ၊ ထိုဓတရဋ္ဌ။ နာဂသနင်း။ နဂါးမင်းတို့ကိုလည်း။ ကောစိ၊ တစုံတရာသော။ဂဠုန်ရာဇာသည်။ ဥဒ္ဓရိတုံ၊ စားဘို့စားရာ။ အရသာဟု။ အသာဒမ်းငမ်း။ ဘမ်းယူခြင်းငှာ။ နသက္ကောတိ၊ တနန်းထိုင်တဲ့။ ကြင့်နန်းပိုင်ချင်းမို့။ မစ္ဆမ်းနိုင်ပါဘူးတဲ့။

ယေပန၊ မြေအထွားတည်းဟူသော။ အကြင်ရေနဂါးတို့သည်ကား။ သိဒန္တရေ၊ မြောင်စဉ်ပတ်တဲ့။ တောင်စဉ် ၇ ထပ်တို့အကြား။ စီးသွားဖီလာ။ သီဒါမြစ်ဟု ဆိုအပ်တဲ့။ မဟာသမုဒ္ဒေ၊ မြစ်တို့စီးရာ။ အဏ္ဏဝါအချုပ်တည်းဟူသော။ မဟာသမုဒ္ဒာ၌။ ဝသန္တိ၊အခြေခိုင်ခိုင်ဖြင့်။ နေထိုင်ကြကုန်၏တဲ့။ တေ၊ မြေအထွားတည်းဟူသော။ ထိုရေနဂါးတို့ကို။ ကတ္ထစိပိ၊ တစုံတခုသောအရပ်၌လည်း။ *ဝိကမ္မနံ၊ တုန်လှုပ်ချောက်ချားခြင်းကို။ ကာတုံ၊ ပြုခြင်းငှာ။ နသက္ကာ၊မစ္ဆမ်းနိုင်ကုန်ပါဘူးတဲ့။ တသ္မာ၊ သို့မို့ကြောင့်။ ဝါ၊ အနို့မို့ကြောင့်လည်း

ဟူ၏။ ကောစိ၊ တစုံတရာသော ဂဋ္ဌုန်ရာဇာသည်။ ဥဒ္ဓရိတုံ၊အဟုတ်ကြိုးသော်လဲ။ သုတ်ထိုးချီယူခြင်းငှာ။ နသက္ကောတိ၊ မစ္ဆမ်းနိုင်ပါဘူးတဲ့။

(အို-တပဲ့မတို့။ ထိုအဌကထာ မြန်မာစာမူတို့၌ "ဝိကမ္ပနံ" ရယ်လို့ရှိတယ်။ သီဟိုဠ်ဘာသာရေး- သာရသင်္ဂဟကျမ်းမှာတော့။ "ဝီစိကမ္ပနံ" ရယ်လို့ရှိသည်။ ဤကဲ့သို့ရှိသောအလုပ်လဲ။ ယုတ္တတရဖြစ်ဘိရကား။ "ဝီစိကမ္ပနံ" လှိုင်းတံပိုးတုန်လှုပ်ခြင်းကို-ဟူ၍လည်းအနက်ပေးနိုင်တယ်။ ။ဤကား စကားချပ်။)

ပထဝိဌကာဒီနံ၊ မြေအတွင်း၌။ တစင်းစင်းနေငြားတဲ့။ မြေနဂါး အစရှိသည်တို့အား။ နိလယောကာယော၊ ကိုယ်စီကိုယ်စီ။ ခိုမှီပုန်းအောင်းရာ အရပ်သည်။ အတ္တိ၊ရှိ၏။ တသ္မာ၊အနို့ကြောင့်။တေပိ၊ တခွေခွေကြားတဲ့။ ထိုမြေနဂါးတို့ကိုလည်း။ ဥဒ္ဓရိတုံ၊ တကြိုးကြိုး၊ တကုပ်ကုပ်နဲ့။ အမျိုးအရိုးပါပြုတ်ကရောဟဲ့လို့ ထိုးသုတ် ချီယူခြင်းငှာ။ နသက္ကောတိ၊ မစ္ဆမ်းနိုင်ပါဘူးတဲ့။

ယေပန၊ အထင်အရှား။ အမြင်ထွားတဲ့။ အကြင်နဂါးတို့သည်ကား။ မဟာသမုဒ္ဒေ၊ မြစ်နှင့်ချောင်းတို့။ စုပေါင်းစီးရာ။ မဟာသမုဒြာ၌။ ဦမိပိဋ္ဌေ၊ ရေကသိုဏ်းတည်းဟူသော။ လှိုင်းတံပိုးအပြင်၌။ ဝသန္တိ၊ ရေတပိုင်၌။ နေထိုင်ကုန်၏။ တေ၊ ထိုရေကသိုဏ်းက။ လှိုင်းနဂါးတို့ကို။ ယောကောစိ၊ အမှတ်မရှိသော။ သမောဝါ၊ နှစ်စုံအမူ။ ဂုဏ်ရည်တူသည်လည်း ဖြစ်တဲ့။ ပဏိတတရောဝါ၊ တန်ခိုးလျှပ်လျှပ်။ အမျိုးဇာတ်ဖြင့်။မြတ်သည်လည်းဖြစ်သော။သုဗဏ္ဏော၊ပင်လက်ပံဘုံ။ စိုးအုပ်ခြုံတဲ့။ ဂဋ္ဌုန်ရာဇာ။ ငှက်မဟာသည်။ဥဒ္ဓရိတုံ၊အကြမ်းဘတမ်း။ တငမ်းငမ်းနဲ့။ ဘမ်းယူသုတ်ထိုးခြင်းငှာ။ သက္ကောတိ၊ စ္ဆမ်းနိုင်ပါ၏တဲ့....။ ကြားရဲ့လားကေသာတို့။ ဘေဒါတို့။ကျုပ်တို့ ဒါယိကာမကြီး အရီးစိမ်းက။ တရားနာရင်း။ နားအရသာမသွင်းဘဲ။ ပျင်းပျင်းနဲ့အိပ်နေမှတ်တယ်။

အရီးစိမ်း။ ။"မှန်လှပါ-တရားဟောတဲ့ ရသေ့ပွဲမှာ။ မေ့ကနဲ အိပ်ပျော်သွားမိကြောင်းပါဘုရား"။

ဩော်-တယ်လဲ ထိန, မိဒ္ဓ, အားကြီးတဲ့ ဒါယိကာမကြီးကိုး။

အင်း ထိန့် မိဒ္ဓ့် ဆိုတာ။ ဝိရိယကိစ္စကို။ ဘိဇ္ဇနဖြစ်စေတတ်သယ်။ တယ်လဲ အအိပ်မကြီးနဲ့ ဒါယိကာမကြီး ကြားရဲ့လား။

အရီးစိမ်း။ ။"ဦးထိပ် ရွက်ဆင်ပါရဲ့ဘုရား"။

အဲ-အထက်က၊ အကုက်ကျဟောခဲ့ ပြောခဲ့တဲ့အတိုင်း။နန္ဒောပနန္ဒ စဘော နဂါးကောင်ကြီးတို့ကိုမူကား။ ဟူဟူညားညား။ အဝါးမဝတဲ့ ဂဠုန်ငှက်တို့သည်။ အသက်ကို ရန်မရှာနိုင်ဘူးတဲ့။ အနို့သော်လည်း။ ယေဘုယျနည်းအားဖြင့် နဂါးအလုံးစုံတို့မှာ။ ဂဠုန်တို့ကိစ္စကြောင့်။ အနိစ္စဖြစ်တတ်ကြောင်း၊ ဂဠုန်တို့ သုတ်ကြသဖြင့်။ဒုက္ခဖြစ်တတ်ကြောင်း။ ဂဠုန်တို့ သတ်ကြသဖြင့်။ အနတ္တာမျိုး။ တန်ခိုးတရှထဲရှတဲ့။ အစိုးရ မဖြစ်နိုင်ကြောင်းများကို။ "ယောကရောတိသ ကတ္တာ"ဟူသော ကာရကသုတ်၊ "အတောနေန"ဟူသော နာမ်သုတ်တို့ဖြင့် ရှုပ်ပြီးစေတဲ့ ပြဃုဂ်ရှိသည်မှာလည်း။

(၁) အဟိနာ၊ မြွေသည်။ နရော၊လူကို ဒေဓော၊ကိုက်အပ်၏။

(၂) ဂရုဠေန၊ ဂဠုန်သည်။ နာဂေါ၊ နဂါးကို။ ဟတော၊ သတ်အပ်၏။

(၃) ဗုဒ္ဓေန၊ ဘုရားသည်။ မာရော၊ မာရ်နတ်ကို။ ဇိတော၊ အောင်တော် မူအပ်၏။

(၄) "ဥပဂုတ္တေန၊အရှင်ဥပဂုတ်သည်။ မာရော၊မာရ်နတ်ကို။ ဗန္ဓော၊ ချုပ်နှောင်အပ်သတည်း"လို့။ကစ္စည်းသဒ္ဒါ၌။ မိန့်မှာ ပါရှိ လေသည်ဟု ဟောတော် ပြောတော်မူရလေ၏။

ယင်းသို့ ဟောခိုက်ပြောခိုက်တွင်။ သိုက်တဘောင်အဆု၌။လွန်စွာ ဝါသနာပါရှိတဲ့။ တဖည့်မ ကေသာဝတီ၏ အမျိုး။။ဘိုးသူတော်ငမောင်ဆိုသူလည်း အနားမှာရှိသဖြင့်။ သိလိုတဲ့အရေးနဲ့။ မေးလားစမ်းလားလုပ်ပြန်သည်မှာ။ "ဆရာယောဂီ။ တောမှိကဝိန်။ သုခမိန်ဘုရား။ ကြားသိရရှိဘူးတဲ့။ ဦးကျော်လှဆိုတဲ့ တက္ကသိုလ်။ မြို့က်ဆိုရေးစပ်ခဲ့ဘူးသည်။ ထူးမြတ်တဲ့ သံချိတဘောင်သံတပုဒ်။ ကျုပ်တို့ရရှိဘူးသည်မှာ။ အနှီလိုဖြစ်ပါတော့သည် ဘုရား"ဟု လျောက်ထားပြီး။ အောက်နားက တဘောင်သံကို။ ဘလောင်ဆန်အောင် ရွတ်ပြလေ၏။

မောင်းထောင် ဦးကျော်လှ ရေးသားခဲ့သည့်
နဂါး,ဂဋ္ဌုန်ဘွဲ့ တဘောင်သံချို။

သောင်းလောက မြေလက်ျာ။ သတ္တာနံ မြတ်စွာဘုရားငယ်နှင့်။ သိကြား,ဂဝံပတေ့ငဲ့ပြင်။ ရသေ့စျာန်ပျံပ၊ ငမှန်ကန် ဆိုသည့်သိုက်။ ကိန်းဆိုက်လို့ကြုံချေပြီ။ ။ဆိုစကားမှာတော့။ နဂါး ဂဋ္ဌုန်သုတ်။ တုန်လှုပ်ခါ မြေဝသုန်နှင့်။ ယမုန်ရေဆူခါလောတော့။ဥရောပါ ကော လာရပ်မှာဖြင့်။ ရုရှတ် ဂျာပန်နှင့်။ သတ္တရံကြေပျက်စီးကြ။ မြေကြီး သွေးရေပေါက်တွေက။ စီးချောင်း လျှ ၍ မောက်သည့်ဟု။ စကားအမှန်တဲ့။ ကြားရပြန် ကြံလို့ကြောက်မိ။ သဲနောက်လို့ညှီ။ ဓါတ်လေး လီအမှန်ထားခဲ့။နဂါးရေနာဂ၊ ပါပခေါ်လျှင်ဖြစ်ပါရဲ့။ သူရဇွေတဖုံ ပြင်လို့။ ဂဋ္ဌုန်ပင် အဟုန်နှင့် ဖြတ်ပါလိမ့်။ လောကဓါတ်ဇမ္ဗူဒီ။ တူမမှီသစ်လင်း။ ။ချမ်းသာရန် မြန်မာခေတ်မှာတော့။ တနှစ်သာသာ လိုတော့။ နဂါးကိုဂဋ္ဌုန်သုတ်။ တုန်လှုပ်ခါ မြေဝသုန်နှင့်။ ယမုန်ရေ ဝေကာပတ်။ ရုရှတ်,ဂျာပန်နှင့်။ တိုက်ကြရန် သည်အမှု။ မည်သူ့ကို မည်လို ဖြစ်စေဟု။ ညိုညစ်ခါ မေတ္တာမတုံးကြနှင့်။ စစ်ဆုံးလျှင် ဟို ပြည်သားတွေတို့။ ကြေပြားကာ ဘာသာ ပျောက်ပါလို့။ ငါတို့သခင် မချို့ပလ္လင်, မောက်သလိုပ။ ဘုန်းတောက်သည့် မင်း....တဲ့

အဲ အနှီသံချိုရဲ့။ ဆိုလိုရင်း အဓိပ္ပါယ်ကို။ လွယ်လွယ်နှင့် ရှင်းပြီး။ ကျဉ်းကျဉ်းဟောစေချင်ပါတယ် ဆရာမှိုင်းဘုရား။

ယင်းသို့လျှင်။ အကြင်ဘိုးသူတော် ငမောင်၏ တဘောင်သံချို ၌။ အဆိုအမိန့်။ ချိုဆိမ့်သောအရသာသဘောများကို။ ထိုမည်သော "ဂဋ္ဌုန်ပျံဒီပနီဋီကာ" အတွင်း။ ရှင်းလင်းဟောပြောရမည် ဆိုသော်။ ထိုသရော်ကာလ။ နေရာ မကျနိုင်သေးချေ။ ရေးသားစီရင်တော်မူဦး လတ္တံ့သော "ဂဋ္ဌုန်ပျံဂဏ္ဌိ" တည်းဟူသော။ ကျမ်းကြီး အတွင်းမှာမှ။ အတိ အလင်း။ ထည့်သွင်း ဟောပြောတော်မူမည်ဟု။ အနှီလိုပြော ဆိုနေတုန်းတွင်။ ဗြုန်းကနဲဆို။ ထိုမည်သော ပ ဌမကျော်အောင်ပန်း ကို။ ဆင်မြန်း ပန်ဆင်တော်မူလိုကြတဲ့။ ပုညရင် တောင်စောင်း။ ချောင်အပေါင်းက။ ၎င်းသို့သောဥတ္တရာတို့။ ခုဇ္ဇာတို့သည်။ ဤမည်

သော ဆရာ့ထံတော်မြောက်သို့။ စာတက်လာကြပေရကား။ တရား နာ ပရိသတ်အပေါင်း။ သူတော်ကောင်းတို့လည်း။ အလိုက်သိစွာ။ နေရာမှထ၍။ ပြန်သွားကြလေကုန်၏။

အဟမ်း, အဟမ်း။ ဟဲ့ဥတ္တရာ။ သမာသ်ရုပ်တွေကို။ အဟတ် အဟုတ်- ကြေကြေတွက်ကြရဲ့လား။

ဥတ္တရာ။ "တွက်ကြပါရဲ့ဘုရား။ တက်မိသမျှ စာမှာဖြင့်။ သုတ်ပြီး ရုပ်ပြီးချည့်ပါဘဲ"။

အနို့ မေးစမ်းပရစေအုံး။ စာလိုက်လာနေကြ။ ဂယာကဿပ ချောင်က။ မာလာရီတို့။ သာမာဝတီတို့ကို မမြင်ပါကလား။ ဖျားနာ များ နေကြရော့လား။

ခဇ္ဇာ။ ။"မဖျား မနာကြပါ ဘုရား။ သူတို့ ဂယာကဿပ ချောင်-တချောင်လုံးကို။ မန္တလေးချွေမို့တောင်က ဆွမ်းစားပင့်သွား ကြောင်းပါဘုရား"။

အင်း- မန္တလေးသူ, မန္တလေးသားတွေရဲ့။ ဆွမ်းကျွေး-သွား တယ်လို့ကြားရာ။ များစွာတဲ့ သာဓုခေါ်ဆိုထိုက်ပါပေတယ်။ ။ ကိုင်း-ဆိုဆို။ ဘယ်သုတ် ရောက်ပလဲ-ဟု မေးတော်မူရာ။ ဥတ္တရာက-အောက်ပါအတိုင်း ဘတ်လျှောက်လေ၏။

သဒ္ဒါ, သမာသ်ကို။ စာတတ်အောင်ချတော်မူပုံ။

"အညပဒတ္ထေသုဗဟုဗ္ဗီဟိ။ ။ အညေသံပဒါနံတ္ထေသုဒ္ဒေ နာမာနိ, ဗဟုနာမာနိ, ယဒါ သမဿန္တေ။ တဒါ သောသမာသော ဗဟုဗ္ဗီဟိသညောဟောတိ။... ..... ပဝရ- သူရာ, သုရ, ဂရူဠ, မနုဇ, ဘူဇဂ, ပန္ဒဗ္ဗ, မကုဋ, ကုဋ, စုမ္ဗိတ, သေလ- သံဃဋ္ဋိတ-စရဏော။ ။

(က) သုရာစ, အသုရာစ, ဂရူဠာစ, မနုဇာစ, ဘူဇဂါစ, ပန္ဒဗ္ဗာစ-သူရာ, သုရ, ဂရူဠ, မနုဇ, ဘူဇဂ, ဂန္ဓဗ္ဗာ။

(ခ) ပဝရာစတော၊ သူရာ, သုရ-ဂရူဠ, မနုဇ, ဘူဇဂ, ဂန္ဓဗ္ဗာစေ တိ-ပဂရ, သူရာ, သုရ, ဂရူဠ, မနုဇ, ဘူဇဂ, ဂန္ဓဗ္ဗာ။

(ဂ) ပဝရ-သူရာ,သုရ,ဂရုဋ,မနုဇ, ဘုဇဂ,ဂန္ဓဗ္ဗာနံ, မကုဋ္ဌာနိ,ပဝရ-သူရာ,သုရ, ဂရုဋ,မနုဇ,ဘုဇဂ,ဂန္ဓဗ္ဗ,မကုဋ္ဌာနိ။

(ဃ) ပဝရ- သူရာ,သုရ,ဂရုဋ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ္ဌာနံကုဋ္ဌာနိ, ပဝရ- သူရာ, သုရ, ဂရုဋ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ္ဌ, ကုဋ္ဌာနိ။

(င) ပဝရ- သူရာ,သုရ,ဂရုဋ, မနုဇ,ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ္ဌ, ကုဋ္ဌေသု, စုမ္ဖိတာ- ပဝရသူရာ, သုရ, ဂရုဋ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ္ဌ, ကုဋ္ဌ,စုမ္ပိတာ။

(စ) ပဝရ- သူရာ,သုရ, ဂရုဋ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ္ဌ, ကုဋ္ဌ, စုမ္ဖိတာ စတေသေလာစာတိ,ပဝရမ, သူရာ,သုရ, ဂရုဋ, မနုဇ, ဘုဇဂ,ဂန္ဓဗ္ဗ,မကုဋ္ဌ,ကုဋ္ဌ, စုမ္ဖိတ,သေလာ။

(ဆ) ပဝရ-သူရာ, သုရ, ဂရုဋ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ္ဌ, ကုဋ္ဌ, စုမ္ဖိတ, သေလေဟိ, သံဃဋ္ဌိတာ, ပဝရ-သူရာ, သုရ, ဂရုဋ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ,မကုဋ္ဌ,ကုဋ္ဌ,စုမ္ဖိတ,သေလ,သံဃဋ္ဌိတာ။

(ဇ) ပဝရ-သူရာ,သုရ,ဂရုဋ,မနုဇ,ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ္ဌ,ကုဋ္ဌ, စုမ္ပိတ, သေလ, သံဃဋ္ဌိတာ, စရဏာ, ယဿတထာဂတဿသောယံ,ပဝရ - သူရာ, သုရ, ဂရုဋ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ္ဌ, စုမ္ဖိတ, သေလ, သံဃဋ္ဌိတ,စရဏောာ။ တထာဂတောာ။ အယံပန- ဒ္ဒန္တကမ္မဓါရယ- တပ္ပုရိသ, ဂဗ္ဘောာ- တုလျာဓိကရဏ- ဗဟုဗ္ဗီဟိ။ တဲ့.... ဘုရာ့"

ကိုင်း မောပလား။ မောလျှင်- သည်တွင်ဘဲ ဖြတ်လိုက်ပေဦး တော့။ အနက်ကို ချတော့မည် ဆို ဆို။ ။"အညပဒတ္ထေသုံ။ သမာသ်ပုဒ်မှတပါးကုန်သော ပုဒ်တို့၏ အနက်၌။ ဗဟုဗ္ဗီဟိ၊ ဗဟုဗ္ဗီဟိ, ဟူသော အမည်ရှိ၏....တဲ့။ အဲအနှာကတော့- ရှပ်တွက်ဘို့။ သုတ်နက်တဲ့။ အင်း-ရှေးကဝုတ္တိနက်ကတော့။ မခက်ပါဘူး။ ဘာခက်မလဲ။ "ပါဠိတချက်။အနက်ဆယ်ထွေ" ဆိုသလို။ ထိုထိုသို့သောအနက်ညာဏ်မှာ။ ထက်သန်နေတဲ့ တပဲ့ မတွေကဘဲ။ကဲ-ကဲ ပြယုဂ်အနက်ကို။ တချက်ဆိုလိုက်အုံးဟု ပြောပြီး။ တလောဆက်တော် မူပြန်သည်မှာ။

ပဝရ-သူရာ, သုရ, ဂရုဋ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ္ဌ, ကုဋ္ဌ, စုမ္ဖိတ, သေလ, သံဃဋ္ဌိတ-စရဏောတိ, ပဒဿ။ ပဝရ-သုရာ,သုရ,

ဂရုဉ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ္ဌ, ကုဋ္ဌ, စုမ္ဗိတ, သေလ, သံဃဋ္ဋိတ, စရဏောဟ္ဂသောပုဒ်၏ ဝိဂ္ဂဟော၊ ဝိဂြိုဟ်ကို။ ဝေံ၊အနှိသို့။ ကာတဗ္ဗော၊ ပြုအပ်၏။

(က) သူရာစ၊ နတ်တို့လည်း။ အသုရာစ၊ အသူရာတို့လည်း။ ဂရုဠာစ၊ ဂဠုန်တို့လည်း။ မနုဇာစ၊ လူတို့လည်း။ ဘုဇဂါစ၊ နဂါးတို့လည်း။ ဂန္ဓဗ္ဗာစ၊ ဂန္ဓဗ္ဗနတ်တို့လည်း။ သူရာ, သူရ, ဂရုဉ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗာ။ နတ်အသူရာ, ဂဠုန်,နဂါး, ဂန္ဓဗ္ဗနတ်တို့။

(ခ) တေဇနာ၊ ထိုသူတို့သည်။ပဝရာစ၊ မြတ်ကုန်သည်လည်း။ ဟောန္တိ၊ဖြစ်ကုန်၏။ သူရာ,သုရ, ဂရုဉ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗာစ၊ နတ်, အသူရာ, ဂဠုန်, လူ, နဂါး, ဂန္ဓဗ္ဗ နတ်တို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ အနို့ကြောင့်။ တေဇနာ၊ ထိုသူတို့သည်၊ ပဝရ-သူရာ, သုရ, ဂရုဉ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗာ။ ပဝရ, သူရာ, သုရ,ဂရုဉ,မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ မည်ကုန်၏။

(ဂ) ပဝရ-သူရာ,သုရ, ဂရုဉ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗာနံ၊ မြတ်ကုန်သောနတ်။ အသူရာ, ဂဠုန်,လူ,နဂါး,ဂန္ဓဗ္ဗ, နတ်တို့၏။ မကုဋ္ဌာနိ၊ မကိုင်တို့တည်း။ ပဝရ-သူရာ, သုရ, ဂရုဉ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ,မကုဋ္ဌာနိ၊ မြတ်ကုန်သောနတ်, အသူရာ,ဂဠုန်, လူ, နဂါး, ဂန္ဓဗ္ဗ နတ်တို့၏ မကိုင်တို့။

(ဃ) ပဝရ-သူရာ, သုရ,ဂရုဉ,မနုဇ, ဘုဇဂ,ဂန္ဓဗ္ဗ, မကုဋ္ဌာနံ၊ မြတ်ကုန်သော နတ်, အသူရာ, ဂဠုန်, လူ, နဂါး, ဂန္ဓဗ္ဗ, နတ်တို့၏ မကိုင်ခဲတို့၏။ ကုဋ္ဌာနိ၊ အထွတ်တို့တည်း။ ပဝရ-သူရာ, သုရ, ဂရုဉ မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ္ဌ, ကုဋ္ဌာနိ၊ မြတ်ကုန်သောနတ်, အသူရာ, ဂဠုန်, လူ, နဂါး, ဂန္ဓဗ္ဗ နတ်တို့၏ မကိုင်ခဲတို့၏အထွတ်တို့။

(င) ပဝရ-သူရာ,သုရ, ဂရုဉ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ္ဌ, ကုဋ္ဌေသု၊ မြတ်ကုန်သော နတ်, အသူရာ, ဂဠုန်, လူ, နဂါး, ဂန္ဓဗ္ဗ နတ်တို့၏ မကိုင်ခဲတို့၏အထွတ်တို့၌။ စုမ္ဗိ တာ၊ တပ်အပ်ကုန်သည်တည်း။ ပဝရ-သူရာ,သုရ, ဂရုဉ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ္ဌ,ကုဋ္ဌ, စုမ္ဗိ တာ၊ မြတ်ကုန်သော နတ်, အသူရာ, ဂဠုန်, လူ, နဂါး, ဂန္ဓဗ္ဗ နတ်တို့၏ မကိုင်ခဲတို့၏ အထွတ်တို့၌ တပ်အပ်ကုန်သည်တို့။

(စ) ပဝရ-သူရာ,သုရ, ဂရုဉ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ္ဌ,

ကုဋ္ဌ, စုမ္ဗိတာစ၊ မြတ်ကုန်သောနတ်, အသူရာ, ဂဠုန်, လူ, နဂါး, ဂန္ဓဗ္ဗနတ်တို့၏။ မကိုဋ်ဋ္ဌတို့၏ အထွတ်တို့၌ တပ်အပ် ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ၊ ထိုတပ်အပ်ကုန်သော ဝတ္ထုတွေမျှ။ သေလံစ၊ ကျောက်တို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ တသ္မာ၊ ထိုနှစ်ပါးသော သတ္တိကြောင့်။ တေ၊ ထိုဝတ္ထုတို့သည်။ ပဝရ-သူရာ, သုရ, ဂရုဠ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ္ဌ, ကုဋ္ဌ, စုမ္ဗိတာ, သေလာ။ ပဝရ-သူရာ, သုရ, ဂရုဠ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ,မကုဋ္ဌ, ကုဋ္ဌ, စုမ္ဗိတ, သေလ, မည်ကုန်၏။

(ဆ) ပဝရ-သူရာ, သုရ, ဂရုဠ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ,မကုဋ္ဌ, ကုဋ္ဌ, စုမ္ဗိတ, သေလေဟိ။မြတ်ကုန်သော နတ်, အသူရာ, ဂဠုန်, လူ, နဂါး, ဂန္ဓဗ္ဗ နတ်တို့၏ မကိုဋ်ဋ္ဌတို့၏ အထွတ်တို့၌ တပ်အပ် ကုန်သော ကျောက်တို့ဖြင့်။ သံဃဋ္ဌိတာ၊ ထိအပ်ကုန်သည် လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ပဝရ-သူရာ,သုရ, ဂရုဠ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ္ဌ, ကုဋ္ဌ, စုမ္ဗိတာ, သေလ, သံဃဋ္ဌိတာ, မြတ်ကုန်သောနတ်, အသူရာ, ဂဠုန်, နဂါး, ဂန္ဓဗ္ဗ နတ်တို့၏ မကိုဋ်ဋ္ဌတို့၏ အထွတ်တို့၌ တပ်အပ်ကုန်သော ကျောက်တို့ဖြင့် ထိအပ်ကုန်သည်တို့။

(ဇ) ယဿ တထာ ဂတသ္သ၊ အကြင်မြတ်စွာဘုရားအား။ ပဝရ-သူရာ, သုရ, ဂရုဠ,မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ္ဌ, ကုဋ္ဌ, စုမ္ဗိတ, သေလ,သံဃဋ္ဌိတာ။ မြတ်ကုန်သောနတ်, အသူရာ, ဂဠုန်, လူ, နဂါး, ဂန္ဓဗ္ဗ နတ်တို့၏ မကိုဋ်ဋ္ဌတို့၏ အထွတ်တို့၌ တပ်အပ်ကုန်သော ကျောက်တို့ဖြင့် ထိအပ်ကုန်သော။ စရဏာ ခြေတော်တို့သည်။ အတ္ထိ သန္တိရှိကုန်၏။ ဣတိသဒ္ဒါ ထိုသို့ရှိသည်၏ သတ္တိကြောင့်။ သော အယံတထာဂတော ထိုမြတ်စွာဘုရားသည်။ ပဝရသူရာ, သုရ, ဂရုဠ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ္ဌ, ကုဋ္ဌ, စုမ္ဗိတ, သေလ, သံဃဋ္ဌိတ, စရဏော။ပဝရ သူရာ, သုရ,ဂရုဠ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ္ဌ, ကုဋ္ဌ, စုမ္ဗိတာ, သေလ,သံဃဋ္ဌိတ, စရဏ, မည်တော်မူ၏။ တထာဂတော မြတ်စွာဘုရားကို။ လဗ္ဘတိရ၏....။ ။အယံပနသမာသော ဣသမာသိ သည်။ ဒွန္ဒ,ကမ္မဓါရယ, တပ္ပုရိသ, ဂဗ္ဘော၊ဒွန်, ကမ္မဓါရည်း, တပ္ပုရုသိ။ အတ္ထင်းငုတ်သော။ တုလျာဓိကရဏဗဟုဗ္ဗိဟိ။ တုလျာဓိကရဏ ဗဟုဗ္ဗိဟိသမာသိသည်။ ဟောတိဖြစ်၏....တဲ့။

ယင်းသို့လျှင်။ အကြင်သို့သောသဒ္ဒါသမာသကို။ ချတော်မူပြီး သည်၏ အခြားမဲ့၌။ တပဲ့မ ပဌမက္ကော် လောင်းတို့မှာ။ ကောင်း ကောင်းကြီး ရုပ်ပြီးစိမ့်သောငှာ။ သုတ်အသီးသီးတို့ဖြင့်။ အနည်း နည်းစီရင်ပုံ များစွာတို့ကို။ သဒ္ဒါကစ္စည်း ကျမ်း၏ အဘွင့်မှီရာ။ ဋီကာ ကျမ်းရင်းများ ဖြစ်ကြပေသော။ (၁) သိဟိုဠ်ရှင်ဝဇီရဗုဒ္ဓိစီရင်သည့် မုခမတ္တဒီပနီ မည်သော ချာသခေါ်ဥာဏ်ကျမ်း။ (၂) ငင်းအဘွင့်။ ပုဂံ သံပျင်အမတ်စီရင်တဲ့သံပျင်ဋီကာ။ (၃) ငင်း၏ အဘွင့်။ ပုဂံ ရှင်ဂုဏ သာဂရ စီရင်တဲ့ မုခမတ္တသာရ ကျမ်း။ (၄) ငင်း ၏ အ ဘွင့်။ ပုသိန် ရှင်ဆပဒစီရင်တဲ့ သုတ္တန်ဒေသ။ (၅) ငင်းအဘွင့်။ သီဟိုဠ် ရှင်ဗုဒ္ဓပီယ ပြုစုစီရင်တဲ့။ အကြင်သို့သော ရူပသိဒ္ဓိစသော။ ထိုထိုသို့ သော သဒ္ဒါကြီးအဘွင့်ကျမ်းဂန်တို့နှင့်။ ဘန်းဆန်အောင်ပို့ချ သင် ကြားတော်မူလေ၏။

ထိုသို့သော သုတ်အထွက်တို့ဖြင့်။ ရုပ်တွက်ခြင်းကိစ္စတော်ကြီး ပြီးစီးသောကာလ။ သဒ္ဒါနယ သာဂရ၌။ အာဂမယုတ္တိ။ အဟုတ်ရှိ ပေသော။ ကျုပ်တပည့်မ, ကေသာဝတီက။ ဤသို့မေးလာ မြန်းလာ လုပ်လေ၏။ အဘယ်သို့ မေးလာမြန်းလာ လုပ်ပါသနည်းဆိုသော် "ကိုယ်တော်မှိုင်းကြီး သင်ကြားပို့ချတော်မူတဲ့။ ကစ္စည်းသဒ္ဒါ အ လိုမှာ။ ထိုထိုသို့သော နတ်,အသူရာ, ဂဠုန်, လူ, နဂါး, ဂန္ဓဗ္ဗ,နတ် ကယ်လို့။ ၆ မျိုးမျှသာ ပါရှိပါတယ်။ တကယ်ဆိုတော့။ ဗြဟ္မာမင်း ကိုကော။ ထည့်သွင်းဘို့ မကောင်းဘူးလားဘုရား" ဟု လျှောက်ထား မေးမြန်းပြန်ချေတမံ့။

ယင်းသို့မေးမြန်းသောအလုပ်-စုံဒ်ကို။ ကျုပ်တို့က ဟောရပြော ရပြန်သည်မှာ။ ။အို ကေသာဝတီ။ ဤမည်သော နတ်နှင့်ဗြဟ္မာကို မခွဲခြားဘဲ။ တပါးတည်း မိန့်တော်မူဟန်ရှိတယ်ဟု ပြောလိုက်ရာ။ အပါးတော်မှာရှိနေသော တပည့်မကြီး အရီးစိမ်းက "ဟုတ်လိမ့် မယ် မောင်ရင်မှိုင်းရဲ့။ တပဲ့တော်မတို့ကြည့်ဘူးတဲ့ ရုပ်သေးထဲမှာ လဲ။ ဗြဟ္မာနှင့် နတ်တို့၏ခေါင်းမှာဆောင်းဘော်မူပုံက။ သရဖူနှင့် မကိုင်ရသာ ခြားနားတယ်" ဟု လျှောက်ပြန်လေ၏

ထိုအခါ ကျုပ်တို့က- အို ဒါယိကာမကြီး။ ငင်းအထက်မှာ ဆရာချွဲခဲ့တဲ့။ သဒ္ဒါကပြယုဂ်ကို။ သရုပ်သကန်။ ဟုတ်မှန်သလောက်

သိရှိနားလည် စိမ့်သောငှာ။ ဇိနတ္ထပကာသနီ။ စွယ်စုံကျော်ထင်။ မဟာဝင် စသော များစွာသော ကျမ်းဂန်တို့ကို ပြုစုစီရင်တော်မူခဲ့ပေသော။ ကျုပ်တို့ ကျေးဇူးတော်သခင်။ အရှင်ကျီးသဲလေးထပ် ဆရာတော် ဘုရားကြီးသည်။ "အစိန္တေယျ။ အပ္ပမေယျ။ သေဋ္ဌဇေဋ္ဌံ။ အရဟံ-အနုတ္တရ။ မည်တော်ရလျက်။" အစချီထားတဲ့။ ဘုရား ၉ ဆူကပ်လက်ာ စာတမ်းကြီးမှာလဲ။ အောက်ပါအတိုင်း စီကုံးတော်မူလေသတည်းဟု ရွတ်ပြပုံမှာလည်း။ အောက်မှာရှိလေ။

သူရာ, သုရ, ဂရုဋ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗပြယုဂ် ဆောင်ပုဒ်ကြီး။

၁ ဗြဟ္မာမင်း။ ။တပြိုင် တည်လျက်။ တပြိုင် ပျက်သော။ တိုက်စကြာဝဋ္ဌာ။ အာဏာခေတ်နေ။ ကုဋ္ဌေတသိန်း။ ရေကိန်းတည်ဘွဲ့။သုံးဆယ့်တခရိုင်။ပြည်မဏ္ဍိုင်၌။ဦးကိုင်ချုပ်ချာ။ ကိုယ်လျှံဝါဖြင့်။ ဘာဝနာစျာန်။ လျင်ထန်ဂုဏ်ဟိတ်။ ထန်းရိပ်ထိုထက်။ မြှားမထွက်မှီ။ စကြဝဋ္ဌာနရန်း။ ပျံသန်း ကူးကြွ။ ကွန့်မြူးကြသော။ သုဒ္ဓဝါသ ဗြဟ္မာမင်း။

၂။ သကြားမင်း။ ။သတ္တရဗ္ဘန်သီဒါ။ ညီလာခွေပတ်။ရေရဟတ်ရစ်ရုံ။ ငါးဆင့်ခုံထက်။ လေးဟုန် ရောင်ညိ။ လောင်လိလိသော။ ဂီရိဗဟိုဋ္ဌ။ မြင်းမိုရ်သာခေါင်။ ရွှေတောင်မ့ကုဋ္ဌ။ သောင်းပြင်ဝထက်။ တေဇထူးမြတ်။ နတ်နတ်အပေါင်း။ ခိုအောင်းစရာ။ အမရာဝတီ။ ဌာနီသုဒဿန။ အယုဇ္ဈဘူမိန်။ ပြည်ဝတိန်၌။ သူရိန်ထောင်သောင်း။ ရောင်ပေါင်းမြူးပတ်။ကူးကာဟပ်သော။ နဝရတ်ဗိမာန်။ နန်းဝေယန်ဖြင့်။စိုးစံပျော်ပါး။နတ်တလ္ဘားကို။ပိုင်ကားအုပ်ချုပ်။ မင်းပြုလုပ်သော။ဝီဇယုတ္တရ။ဝဇီရ,ဣန္ဒာ။မဟာဒေဝရာဇ်မင်း။

၃။ အသူရာနတ်မင်း။ ။မြင်းမိုရ်တောင်အောက်။ခနောက်မြစိုင်။ ညှပ်တိုင်သုံးခုတို့၏အကြား။ ငွေပြားကျူလွှာ။ မန္ဒာသဲဖြူ။ ယူဇနာပေါင်း။ တဘောင်းကျယ်ပြော။ မြေတကြောဌ်။ ဝဿောကသာရ။ နာမတွင်မည်။ ရွှေပြည်ကြီးသခင်။ မြသွင်ရိုးရွက်။ ငွေခက်

ပွင့်ဝတ်။ သခွတ်ကြငှန်း။ ပင်နန်းဦးကိုင်။စိုးပိုင်ချုပ်ချာ။ ကျော်ဝှန်ဝါသော။ အသူရာနတ်မင်း။

၄။ ဂဋ္ဌုန်မင်း။ ။မေရှသမန္တ။ ဒုတိယအာလိန္ဒာ။ ယူဇနာဆယ်ပြန်။ လက်ပံရွှေဘုံ။ ပင်ရိပ်မြုံ၌။ ဂဋ္ဌုန်အရပ်ရပ်။ ဇာတ်ပဋီသန်။ လေးတန်ကွဲပြား။ ငှက်အများကို။ ကြီးမားဘုန်းဟုန်။ စိုးအုပ်ခြုံသော။ ဂဋ္ဌုန်ငှက်မင်း။

၅။ လူမင်း။ ။ရှစ်စင်းအဏ္ဏဝါ။ဒီပါနှစ်ထောင်။ဝန်းမြောင်ရံပတ်။လောကဓာတ်ကို။ နှိပ်ကွပ်နွံလှစ်။ စိုးမည်ဖြစ်ကို။ အနှစ်တရာ။ ရှည်စွာကာလ။ ရှေးမဆွက။ လောကဗြူဟာ။ နတ်သူရာကို။ ဩဘာနိမိတ်။ တိတ်တဘောင်ပေး၍။ ဟစ်ကြွေးကြော်ငြာရံသဖြင့်။ လောကပရမေ။ ပဒေသရာဇ်။ ဧကရာဇ်။ ဘွင့်လှစ်ကဒဏ်။ နန်းစံထီးဆောင်း။ မင်းအပေါင်းနှင့်တကွ။ ဆတ္တိံသ ယူဇနာ။ ဗိုလ်ပါပရိသတ်။ ဝန်းရံပတ်လျက်။ ရဟတ်စက်လျှံ။ ယာဉ်ပျံစီးလစ်။ လေးကျွန်းရစ်၍။ နတ်စစ်နှစ်ပြည်။ ဆက်ရှည်စိုးတင့်။ တန်ခိုးပွင့်သော။ လူမင့်အထွတ်။စက္ကဝတ်မန္ဓာတ်မင်း။

၆။ နဂါးမင်း။ ။ကျယ်ဝန်းယူဇနာ။ငါးရာပြောဝ။ဘောဂဝတီ။ရွှေညီရံခ။ကမ်းငွေလွထက်။ ဝိရူပက္ခ။ ဧရာပထ။ ဆဗျာပုတ္တ။ ကဏ္ဍာဂေါတမ။ နာဂလေးရိုး။ ရေနတ်မျိုးကို။ ပိုင်စိုးရသဖြင့်။ဃောရပီသံ။ အလျှံခြောင်းခြောင်း။ မျက်စောင်းလက်နက်။ ဝှန်တက်ညီးညီး။ လောင်မီးမက။ ပြင်းထန်လှသော။ ဘုဇဂရာဇာ။ မဟာရေနတ်မင်း။

၇။ ဂန္ဓဗ္ဗ နတ်မင်း။ ။နာဂုတ္တမ။ စတုဟ္ဆ အာလိန်။ရိပ်ငြိမ်ခရိုင်။ နိုင်ငံနတ်ရပ်ဝယ်။ ဂန္ဓဗ္ဗမျိုး။ တန်ခိုးဝှန်ဆူ။ ဟူ ဟူ ဟာ ဟာ။ သညာအမည်။ အတည်တည်အဝဝ။ ပဉ္စသီခ။ သုံယာမနတ်။ ဂန္ဓဗ္ဗဇာတိ။ ရှိသရွှေ့နတ်ဘုံ။ အလုံးစုံကို။ အုပ်ခြုံပိုင်သ။ အာဏာရှသော။ ဂန္ဓဗ္ဗနတ်မင်း။

ဤမင်းခုနှစ်ဦးတို့သည်။ အထူးသဖြင့်။ အတင့်အတယ်။ ချယ်လှယ်ဆန်းပြား။ တမွတ်ထား၍။ ပတ္တမြားစိန်ခဲ။ ပုလဲသန္တာ။ နီလာဂေါ်မုတ်။ ဥဿာတရား။ မြတ်ကိုးပါး ရတနာကို။ သင့်ရာ သင့်ရာ ချယ်စီ၍။ ဇမ္မူဒီကြက်သရေ။ သပြေပင်မြစ်။ ဇမ္မူရင်သီးဂီ။ ရွှေစာမီ

တို့ဖြင့်။ မြွာစီသွန်းခတ်။ လုပ်ဆောင်အပ်သော။ သင်းကျပ်ဦးစိုက်နှင့်တကွ။ အနဂ္ဃ,အနန္တ။ အဝိညာဏက-ရတနာတွင်။ မင်္ဂလာအခေါင်ပုံဆောင်နှိုင်းခိုင်းခြင်းငှာမအပ်။ မင်းမြတ်ခုနှစ်ပါးတို့ ဦးဖျားထိပ်ပြင်ဝယ်။ ဆင်ယင်စိုက်ထူသော။ သရဖူဝိုက်ညွှတ်။ မကိုင်ဌထွတ်၌။ သွင်းသွတ်စေ့စပ်။ မြဲစွာညှပ်၍။ တပ်အပ်သောရတနာ။ စိန္တာမဏိ။ ဇောတိရသ်ပတ္တမြား။စိန်ဖူးဖျား၌။ဘဝါးနှစ်မြွာ။ ရှေစကြာဖြင့်။ ခိုက်ခါထိပါး။ နင်းသွားစမ္ပယ်ခြင်းငှာ ထိုက်တော်မူသောကြောင့်။နတ်,အသူရာ ဗြဟ္မာ,သိကြား။ နဂါး,ဂဋ္ဌုန်။ ကုမ္ဘဏ်,ဂန္ဓဗ်။ စက္ကဝတ်သနင်း။ အမင်းမင်းတို့၏သခင်။ ဗေါဇ္ဈင်စက္ကရတ်။ သူမြတ်တကာတို့၏ဓိပတိ။ အပရိမာဏ်။ ရှေညာဏ်တော်အရှင်။ အနန္တဂုဏ်အင်။ မဂ္ဂင်ပါရဂူ။ ဖြစ်တော်မူသော။ သုံးဘုံသူဧကရာဇ်။ ရှင်ချစ်ကိုယ်တော်မြတ်ဘုရား....တဲ့။ ကြားကြရဲ့လား။

ကဲသွားကြပေအုံးတော့ သွားကြပေအုံးတော့။ဝင်္ကဘာချောင်က။ အလင်္ကာတောင်- တက်ရအောင် လာကုန်ကြပြီ။ ပုညဝတီ ဘယ်ဆီရောက်ပလဲ။ ကဲကဲ ဆိုစမ်း ဆိုစမ်း။

ပုညဝတီ။ ။"မှန်လှပါ။ ယထာဝါ။ ။

ဝိနာယကောဝိ,နာဂေါသိ။ ဂေါတမောပိ,မဟာမတိ။
ပဏီထောပိ-ရသာပေတော။ စိတ္တ,မေ-သာမိ,တေဂတိ"။
တဲ့ဘုရာ့။

အလင်္ကာကိုချတော်မူပုံ။

ဩော်-ဝိရုဒ္ဓတ္ထန္တရဒေါသကို။ လျှောကျအောင်လှည့်ဖယ်တဲ့။ ပရိဟာရ်ဂါထာကိုး။ ကဲ- ကဲ- အသာတိုး။ ရှေ့နားရောက်အောင်တိုး။ အမျိုးမျိုးသော စာတွေပေတွေချရတာကလဲ။ အားတယ်လို့ဘဲ မရှိရဘူး။ တပည့်မ ပေါများတော့။ တောကြား တောင်ကြားမှာတောင်။ ရှောင်ရှားလွှဲဖယ်လို့မရနိုင်ဘူး။ ထူးလဲထူးတဲ့ဒုက္ခဘဲ။ ကဲကျုပ်ဒကာမတို့။ ဆိုကြပေအုံးတော့ ဆိုကြပေအုံးတော့ဟု ပြောပြီး။ တလော စာချတော်မူဟန်ကား။

"ယထာဝါ၊ ဝိရုဒ္ဓတ္ထန္တရဒေါသရဲ့။ လျောကျစေရာ။ အဖြေဂါထာအကိုး။ တမျိုးတသွယ်။ အဘယ်နည်းဟူဘိမူ။ "ဝိနာယကောပိ။လ။တေဂတိ, ဟူသည်တည်း။ ။သာမိ၊ အရှင်သခင်။ ကျွန်ထိပ်တင်။ ဝိနာယကောပိ၊ ပြောင်တဂုဏ်ထက်။ တောင်ဟုန်သွက်တဲ့။ ဂဋ္ဌုန်ငှက်စစ်။ ဖြစ်ကြီးဖြစ်လျက်လည်း။ နာဂေါ၊ မားမားတင်းတင်း။ ပါးပပြဉ်းနဲ့၊ နဂါးမင်းသည်။ အသိ၊ ဖြစ်ဘိ၏။ ဂေါတမောပိ၊ ကုလားတသိုက်။ အသားကြိုက်တဲ့။ နွားမိုက်အစစ်။ ဖြစ်ရရှာတုံလျက်လည်း။ မဟာပတိ၊ အသီးသီးဟောဟောပြီး။ အနည်းနည်းပြောဘို့။ ကြီးသောပညာရှိ၏။ ပဏီတောပိ၊ အလွန်တပ်လောက်တဲ့။ မွန်မြတ်သောဘောဇဉ် ဖြစ်တုံလျက်လည်း။ ရသာပေတော၊ ဂုစာထမင်းဟင်းကဲ့သို့။ အရသာမှကင်း၏။ တေ၊ အကျွန်ထိပ်တင်။ မြတ်သခင်၏။ ဂတိ၊ စနစ်မလှ။ ခေတ်မကျတဲ့။ ဖြစ်ရပုံသည်။ မေ၊ အလှဲ့တော်ကျလျှင်ဖြင့်။ နွဲ့တော်ရတဲ့။ တပဲ့တော်မအား။ စိတ္တာ၊ တမူးမူးတဝေဝေနဲ့။ တရူးရူးနေလောက်လောင်။ ထူးပေဆန်းပေ၏။

အဲ ဒီအနက်ကတော့။ ဖွက်သည်ကို မသိလေတော့။ ထင်မိထင်ရာ။ ပေးချင်ရာပေးတဲ့။ မလေးမခန့်။ နန့်တန့်တန့်-အနက်ဖြစ်ရကားစကားရှေ့နောက်။ ဃရောက်ဃရက်။ နောက်ပျက်ပျက်-ဂလန့်တကျင်ကဲ့သို့။ ဆန့်ကျင်ဘက်ချည်းဟု။ တနည်းမှတ်ကြရမည်။ အနှီမှတချက်။ ဖွက်သည်ကိုသိ၍။ ထိထိရောက်ရောက်။ ပါဌ်လျှောက်အနက်ကို၊ တချက်တည်းပေးပုံမှာ။

"သာမိ၊ ဒကာတပည့်-နတ်ဗြဟ္မာတို့ရဲ့။ သတ္ထာ, ဘဂဝတည်းဟူသော။ မြတ်စွာဘုရာ့။ တွံ၊ ရှင်ပင်ဘုရားသည်။ ဝိနာယကောပိ၊ မမှားမစောင်း။ တရားကြောင်းနှင့်။ အသွားကောင်းအောင်။ ခေါင်းဆောင်တော်ကြီးအစစ်။ ဖြစ်တော်မူ၍သာလျှင်။ နာဂေါ၊ မကောင်းမှုကို။ မပြုတမ်းသာ။ အလှမ်းကွာတဲ့။ ရဟန္တာသည်။ အသိ၊ ဖြစ်ဘိ၏။ ဂေါတမောပိ၊ အဟောဝတ, အဟောဝတနဲ့။ ပြောပလောက်တဲ့။ ဂေါတမအနွယ်လဲ။ တကယ်ဘဲဖြစ်တော်မူ၏။ ပဏီတောပိ၊ ဒြဗ်ဖေါဖေါ။ ဇာတ်သဘောနဲ့။ မြတ်သောမင်းမျိုး, ချင်းမျိုး၌ဖြစ်လျက်လဲ။ ရသာပေတော၊ အပလိမ်းဘဝတွင်ဖြင့်။ တယိမ်းယိမ်းက, ပြ, လို့မို့။ မိန်းမတို့နှစ်ခြိုက်ပြီး။ ချစ်ကြိုက်မှုအကြိမ်ကြိမ်တွေနဲ့၊ မိန်စရာ

ဘ၀။ စိန်မဟာ့စိန်မဟာလို့ တရတဲ့။ သိင်္ဂါရ ရသ အစရှိတဲ့။ ကြည့်စရာပဲလမ်းသာဘင်။ ပျော်ရွှင်မှုအ၀ဝ- အမျိုးမျိုး အစား၁ားတို့ရှိပြင်။ နဠရသကိုးပါးတို့နှင့်။ များများကြီး ကင်းရှင်းတော်မူပါပေ၏။ ဟော၊ အကျွန်ုထိပ်တင်။ မြတ်ရှင်ပင်၏။ ဂတိ၊ စနစ်ကျကျ။ အစစ်လှတဲ့။ ဖြစ်ရပုံသည်။ မေ၊ တကဲ့ အဘော်အလှော်ရတဲ့။ တပည့်တော်မအား။စိတ္တာ၊အုတန့်သတောပေဘဲလို့။ ခန့်ခန့်ကြီးပြောပြောပီး။ အုံသြဘွယ်အစစ်။ ဖြစ်ရချေတမုံ့တဲ့” ....။

ယင်းသို့သော အမိန့်အဆိုဖြင့်။ သီဟိုဠ်အရှင်။ သဃ်ရက္ခိတမထေရ်စီရင်တော်မူတဲ့။ သုဗောဓာလင်္ကာရ ကျမ်းကို။ ကြိုးပမ်းသမို့ပို့ချတော်မူရာ။ အဆိုပါအလင်္ကာ၏ အနက်ချပုံမှာ။ ပရက္ကမ,ဆရာတော်။ ရွှေတောင်ဆရာတော်။ ဗဟုကရာဆရာတော်။ အုတ်ကျောင်းဆရာတော်နှင့်။ ယောအတွင်း၀န်ကြီးတို့၏ အမှုန်ချီးအပ်တဲ့။ နိဿရည်း အနက်ဟောင်းတို့ပြင်။ ၎င်းအလင်္ကာကျမ်း၏ မှီရာ။ ဋီကာဟောင်း, ဋီကာသစ်။ အစောင်စောင် အကျမ်းကျမ်းတို့ရဲ့ ပြင်။ ညောင်ရမ်း ဆယ်ဆက်။ ပြည် မင်း လက် ထက် တွင်။ ပြည် ဆရာတော်စီရင်တဲ့။ အလင်္ကာဒေါသတို့၏ သဘော ပြရာ။ မြန်မာ့အလင်္ကာကျမ်းရင်းနှင့်။ စနေမင်းလက်ထက်က။ အောင်တပ်ကျောင်းဆရာတော်စီရင်တဲ့။ အလင်္ကာ ရာသီစုတို့နှင့်။ ရော ရှ ချိတ် တွယ်။ အဓိပ္ပါယ်များကိုပြောပြပြီး။ လောက၏မိန့်စရာ။ သိင်္ဂါရ ရသတည်းဟူသော။ ကချေသည်တို့ဥစ္စာအရသာ။ ထံတျာတီးကွက်နှင့်။ စည်းချက်ကျအောင် က နည်းများသည်လည်း။ တပါးမက ၆၄မျိုးတောင်မှ ရှိကြောင်း။ ရှေးဟောင်းသာဓကတို့ဖြင့်။ ဆရာကမိန့်တော်မူလိုက်သည်မှာလည်း။ အောက်ပါအတိုင်ပင်ဟူလို။

သမပိုက်ပျို့လာ။ တို့ဗမာ-က,နည်း ၆၄မျိုးရှိကြောင်း။

“ရွှေတုံးရွှေခက်။ ရွှေဘယက်နှင့်။ ရွှေဒက်စည်ဘောင်း။ နားတောင်းလက်ကြပ်။ လက်စွပ်ပုတီး။ ညီးညီးလျှံ၀ါ။ သိင်္ဂါခါးပန်း။ ပတ်၀န်းစဉ်တိုင်း။ သင်ဒိုင်းတမူ။ မတူတချို့။ စိမ်းညို့နို၀ါ။ အပြာ

တွတ်တွတ်။ သွယ်ညွှတ်လက်ခြေ။ ဆံခွေယိမ်းနွဲ။ "ခြောက်ဆဲ့လေးပါး" က ခြင်းများ၌။ မှတ်သားကြင်လည်။ ကချေသည်လည်း။ ဝန်းလည်ကြည့်တိုင်း။ အလှိုင်းလှိုင်းတည့်။ ကြိုးအိုင်း ကြိုးပေါ့။ လွှန်လျော့ လွှန်တင်း။ ဓါးဆင်း ကရဝီ။ စုံစိပဲ့ပြင်။ က, မြူး ရှင်သည်။ မြင်သည် မျက်စိမူးမျှတည်း"။

အိုတပဲ့မ အပေါင်း။ သူတော်ကောင်းတို့။ အထက်ပါလက်ာ အရ။ ကနည်း ခုန်နည်း။ ဗုံတီးနည်း အလုပ်တို့ကိုကား။ ကျုပ်တို့နား မလည်ချေ။ ၎င်း ကနည်းခုန်နည်းတို့ကို။ စုံစုံကြီးနားလည်လိုသူတို့မှာ။ မြန်မာအသင်းက။ ကျုပ်တို့ဒကာရင်း။ သာကွင်းနှင့် ဘီလူးကြိမ်းကြိမ်းနိုင်သော။ ဦးစိမ်းကြီးကိုလည်းကောင်း။ အမြီးတလှုပ်လှုပ်နဲ့။ ဒီးဒုတ်ကောင် အတောင် ကြွသကဲ့သို့သော။ မောင်ဘချိုကိုလည်းကောင်း။ ကြောင်းလမ်းဆွေးနွေး။ မေးလည်းမေးပြီး။ အရေးတယူ အ လေး မူ အပ် သ တည်း တဲ့။ ကိုင်း.... သွားလိုက်ကြ ပေအုံးတော့။ တရားအားထုတ်ရဦးမည်။

ကျုပ်တို့သည်။ဤမည်ဤမည်သော။ပဌမကျော်အောင်ထီးကို။ ချောင်ချောင်ကြီး ဆောင်းလိုကြကုန်သော ရသေ့မတို့အား။ တနေ့မှ မအားရ။ နားရတယ်လို့ဘဲ မရှိဘဲ။ ထိုမည် ထိုမည်သောဆန်း, အလက်ာ, သဒ္ဒါ, အဘိဓါန်မှစ၍။ နေ့ဝါများကိုလည်းကောင်း။ မာတိကာ။ ဓါတုကထာ။ ယမိုက်။ ပဋ္ဌာန်း စသော ညဝါများကို လည်းကောင်း။ ပို့ချသင်ကြားခြင်း။ တရားဟောခြင်း စသော အလုပ်တို့ကို ပြုလုပ်နေတော်မူရာ။ ဓမ္မရာသီပျိုတွင် ပါရှိတဲ့။ ပလိဗောဓ။ ကြောင့်ကြမှုဆယ်ပါးတို့တွင်။ "ဂဏဝန်းပတ်။ ပရိတ်သတ်ဖြင့်၊ နေ့ဝတ်ညဉ့်ယံ။ သင်အံစာပေ။ ပို့ချလေလည်း။ လွှန်လေအခါ။ စိုးရိမ်စွာခဲ့" ဟူသောအရလည်းကောင်း။ ။"ထင်ရှားကျော်ဟိုး၊ တန်ခိုးသတင်း။ ဘုန်းကြီးခြင်းဖြင့်။ တောတွင်းထဲ ချောင်။ ကျိန်းအောင်း ရှောင်လည်း။ ရောက်အောင်လူဗိုလ်။ ထိုထိုပစ္စည်း။ သိမ်းဆည်း မအား။ တရားဟောကာ။ နေ့ရက်ကြာ၍။ ချမ်းသာမရ။ လွှန်ကြောင့်ကြခဲ့" ဟူသော အရ လည်းကောင်း။ ။တကြောင်းတည်း တိုက် ဆိုင် ပြီး။ တမှိုင်မှိုင် တတွေတွေ။ အထွေထွေစဉ်းစားနေရာ။ အလ္လာပ,သလ္လာပ။ သုခဒုက္ခနှင့် စပ်သော စကားများကို။ ပြောကြားရန် လာလေ့ရှိ

သော။ သတိပဋ္ဌာန်ချောင်က။ ငမောင်မည်သော ဘိုးသူတော် တယောက် ရောက်လာပြီး။ အောက်ပါအတိုင်း လျှောက်ထားဘိသော ဟူ၏။

သူတော်ငမောင်။ ။"ကျုပ်တို့ဆရာ။ မဟာကဝိန်။ သုခမိန် ယောဂီသည်။ အနှီသို့သော "ထီးရိုး, မိုးကြိုးပစ်" တရားကို ဟောရာက။ တလောတခါ စုံထောက်လိုက်တော့။ ဂဋ္ဌန် ရောက်လာပြန်ပြီလို့ သတင်းရတာနဲ့။ အင်းဝတောင်မကူးဖြစ်တဲ့ပြင်။ အထူးချစ်တဲ့ တောင်သာ ရသေ့နဲ့။ ချောင်တကာ မမွေ့အားဘဲ။ ရသေ့တပါး အရှင့်ထံ။ ခတ်မြန်မြန်လာခဲ့တာပါဘဲဘုရား။ မိုးကြိုးဆက်ပါအုံး"။

ဩော်....သူတော်ငမောင်က။ ချောင်ဆရာ့ ဂဋ္ဌန် တရားကို။ မကြားမနာလိုဘူး။ မိုးကြိုးတရားကိုသာ ကြားနာလိုတယ် ဆိုပါတော့။ ဟိုလွန့်ခဲ့တဲ့ ၁၂၉၂-ခု။ ဝါခေါင်လဆန်း(၁၁)ရက်။ တနင်းလာနေ့က။ အိန္ဒိယနိုင်ငံမှာရှိတဲ့။ အထိကရဖြစ်တဲ့။ သတ္တမမြောက်ဒွေက်ဘုရင်ကျောက်ရုပ်ကြီးကို။ မိုးကြိုးပစ်ချလိုက်ရာ။ ကျောက်ရုပ်ကြီးမှ ပဲ့သော အပိုင်း အစ အနများသည်။ ၁၅ ကိုက်လောက်လွှင့်စင်သွားကြောင်း။ ၎င်း အရုပ်ကြီးနှင့် ဂိုက် ၂၀၀ ကွာ အဆောက် အဦးကြီးကိုမထိ။ လူသူကိစ္စမရှိလို့။ အနှီသည့် သူရိယ သတင်းစာ။ ၎င်းဝါခေါင်လဆုတ် ၁ ရက်နေ့ထုတ်မှာ တွေ့ကတဲက။ ရသေ့လဲ။ မေ့ဘဲမမေ့နိုင်သည်နှင့် အညီ။ ဤမည်သောအမျိုးသားတို့ဘို့။ ထိုမည်သောမိုးကြိုးတရားကို။ ဟောကြားချိမ့်မည်။ ကြံစည်တော်မူလျက်ပဲ။ အနို့ရာတွင် "ဂဋ္ဌန်ပျံဌီကာ" ဆိုပြီး။ တောင်ရောက် မြောက်ရောက်နဲ့ ရည်စရာ ဖြစ်ကုန်မည့်အတွက်။ တချက်သည်းခံပေဦးတော့။ နောင်သောခါ။ အခွင့်သာလို့ အခါရတော့။ ဆရာက "မိုးကြိုးဌီကာ" တကျမ်း။ ကြိုးပမ်းတော်မူမည်။ ယောဂီမှာချမ်းသာပြီး။ ကျန်းမာဘို့ အကြောင်းကိုသာ။ ဆုတောင်းမေတ္တာပို့ပေတော့။

သူတော်ငမောင်။ ။"ဩော်....မိုးကြိုးတရား လားလားမှမနာရဘူးလားကိုယ်တော်"။

အင်း-ဘိုးသူတော်က။ မိုးကြိုးတရားကို။ များများကြီးတောင့်

တဟန်ရှိတယ်။ ဟေ့ဘိုးသူတော် မကြောင့်ကြနဲ့။ ယခုဘ၂၉၃ ခု နှစ်မဟုတ်လား။ ဘုရားရှင့် သာသနာတော်ကြီးကလဲ။ တဝက်နီးခဲ့ ပေါ့။ ထက်ခရီးတာဝတိန်က။တချက်ပြီးတခါချိန်မဲ့။မာဃိန္ဒသိကြား မင်းနှင့်ဘဲလို့။ အားတင်းမှပေါ့။ ယင်းသို့သောအလုပ်ကြောင့်။ ကျုပ် တို့ မောင်းထောင် တကာကြီး ဦးကျော်လှက။ အထူးဘော်ပြခဲ့တဲ့ သံချိုကဗျာမှာလည်း။ အောက်ပါအတိုင်းပင်တည်းဟု။ တနည်းဟော ပြန်သည်ကား။

ဝရဇိန်လက်နက်-သိကြားစက်သံချို။

သက္ကရာဇ်။ အသစ်တခါပြုရှာကြ။ ရှစ်ခု အပျက်ဆိုးတာမို့။ သူခိုး ရန်ဒမြတွေနှင့်။ မိုဃ်းကပင် ခေါင်ချင် ခေါင်တတ်သတဲ့။ မင်း စိုးတောင် အသစ်ပြောင်းလို့မို့။ လူပေါင်းတွေ ကြုံလို့တွေ့ကြပေါ့။ အောက်မေ့လို့ စိတ်မလုံ။ ။ခြောက်နှင့် ခြောက်။ ဒေါက်ရှောက် ကယ်မကြာပ။ နောက်တခါ ရောက်လာမဲ့ရှစ်ကတော့။ ဘာဖြစ်မည် မဆိုနိုင်ဘု။ ဂြိုဟ်သုံးဆိုင် စတု,ဇောတဲ့။ လူ့ဝေါဟာကောဇာနှင့် ထောက်လိုက်လျှင်။ ပါပ,ပြောင်းပြန် မှောက်လို့မို့။ ပ,စောက် ဂ, ငယ်ဖြစ်တယ်။ ကိန်းရှစ်နှင့်ကြုံ။ ။ဓါတ်ထွက်တဘောင်နှင့်။ နတ် စက်ရောင် ဇာဂရုတို့။ ရှစ်ခုဆို ဤလိုဟာထင့်။ သီဟိုဠ်မှာ သာသ နာပွားစေဘို့။ သိကြားစေခါနှင်၍။ ဘုရားရှင်နိဗ္ဗာန်နန်းကို။ စံမြန်း ကာကိုယ်တော်ချုပ်စဉ်က။ ကုဿိန္နာ မလ္လာမင်းတို့၏။ အင်ကြင်းပင် ဆာယာရိပ်မှာဖြင့်။ ဗျာ ဒိတ် တော် မြွက် ဘော် ဟော တော့။ ယကွောကုဝဏ္ဏာနှင့်။ ဝိဇယ ရာဇာတို့။ သာသနာ ဘာသာပြုစဉ်က။ အပါးမှာ သိကြားလာ၍ ရှုရက်ကမို့။ ဘီလူးတို့ပြေးကြကုန်။ ရှေး ကပုံရှိရင်း။ ။နရာနံ သတ္တဝါအများမှာတော့။ နာဖျားပုံ ဥပဒ္ဒဝေါ ငဲ့ပြင်။ ငတ်သောအစာနှင့်။ ကပ်ရောဂါ ဖြစ်သူ ဖြစ်လို့မို့။ မင်းသစ် ဘုရင်လဲတတ်သတဲ့။ အမြဲပင် မယူကြလေနှင့်။ လောကဝစနံမို့။ နသစ္စံ,မသေချာဘု။ မမှန်ရာ မှန်ရာ နှစ်တွဲပေမို့။ ကံမဲ့သူရုပ်နံပြောင်း ပါလို့။ ကံကောင်းသူ စည်းစိမ်တိုးကြလိမ့်။ ဘုရားသာသနာကို....

သိကြားလာ၍ စိုးခိုက် ကမို့။ နှစ်အလို ရှစ်ဆိုတဲ့ အမျိုးရယ်က။ တိုင်းပြေတွေ ကိုင်း, သဝေထိုးလို့ ရယ်။ ဆိုးတတ်ဘိခြင်း.....တဲ့ ကြားရဲ့လား။

ဘိုးသူတော်ငမောင်။ ။မှန်ပ သာဓု, သာဓု, သာဓုပါ ဘုရား။ အနို့ စကားမစပ်။ ကြားဖြတ်ပြီး လျှောက်ရအုံးတော့မယ်။ အရှင် ဘုရားတောင်ပေါ်က။ အကျော်ပြန်မဲ့- ဘန်းဒကမတွေဟာ။ ပဌာန်း ဆရာချတော့။ အာဂံမယုတ္တိများ။ ရှိကြပါရဲ့လားဘုရား။

အင်း "ကျမ်းကြီးပဌာန်း။ ကျမ်းငယ်ဆန်း။ ကျမ်းလတ်ခါတုကထာ" ဆိုသလို။ ထိုပဌာန်းကျတော့။ ငါတို့ ဘန်းဒကမတွေမှာ။ ရဟန်းတော် ပဌတွေလို အမှတ်မပိုင်ဘဲ။ ခတ်မိုင်မှိုင်ဖြစ်ကုန်တာဘဲ။ ဩော် စာချရတာကတမျိုး။ ဖိုထိုးရတာကတဘက်နှင့်။ ရွှေစက်တော်-ဇေယျာဘု ကျောင်းအမက။ ဆောင်းလတခို။ ကိုယ်တော်တိုင်ကြွပါလို့ ပင့်တာတောင်။ ခွင့်မသာ။ ဆရာ့ မအားတာနဲ့။ မကြွမဘွားနိုင်ဘူး။ ကျေးဇူးရင်မိဘတို့။ ရပ်ရွာကိုလဲ။ တခါတခေါက်တော့။ ရောက်ချင်သေးတယ်ဟုပြောပြပြီး။ လောလောဇယ်သတိရ၍။ အထိကရတေးတမျိုးတည်းဟူသော။ လေးချိုးကြီးတပုဒ်။ လုပ်ပြန်တော်မူသည်ကား။ အောက်နားတွင်ပါရှိလေ၏။

ပဌမကျော်ဘွဲ့-တမ်းချင်းကဗျာ
မဟာလေးချိုးတော်ကြီး။

ခေတ်ကြီးမသာမယာ-နန်းဘွဲ့မင်္ဂလာပခိုန်မှာကစ္စည်းသဒ္ဒါဆန်းနဲ့ အလင်္ကာချရပေမဲ့။ ဘန်းတပဲ့ သင်ကာစတွေမို့။ တတ်လည်းမတတ်နိုင်။ (အိုကွယ်)ပဌာန်းတလို့။ အရှင်ဆရာချပြန်တော့။ ရဟန်းအဖွဲ့အကြင်မဟာ ပဌမတွေသို့။ မှတ်နည်း အမှတ်မခိုင်။ (ဩော်)ကတော် အပေါင်း ခ,လောက်တဲ့။ ပဌမကျော် လောင်းမတွေနှင့်။ အဘော်အပေါင်းမှ ရစေတော့လို့။ ဆောင်းလတခိုမှာ ကျောင်းအမ,ဆိုတာမှလဲ မတွေ့သာတဲ့ပြင်။ ရသေ့ ဆရာမှာ မအေ့ ရွာကိုတောင်မှလဲ မကြွနိုင်ဘူး။ နေ့ဝါ,ည၀ါကိုတွေ့ကရာချချပြီး။ တပြေ့ ဒကာ,ဒကာမထိုထို။ ကိုယ်အမျိုးတို့ဘို့။ ဖိုထိုးတော်မူရာက။ ဇမ္ဗူမှာ တဂုဏ်လျှမ်းပေမည့်။ တဗျူဟာ,

ဂဠုန်ကမ္ဘဉန်းကိုဖြင့်။ ဘုံခန်းလာ ကလျာ "ခင်ခင်ပု" တွေ့သို့။ တဖုံ စမ်းကာ ဆရာတင်စွင်ရှုတဲ့ပြင်....တဲ့- သူတော်ရဲ့။

သူတော်ငမောင်။ ။"မှန်လှပါ။ ဦးထိပ်ရွက်ဆင်လျက်ပါ ဘုရား။ ဆိုးအောင် မိန့်တော်မူပါ"။

အိုကဲ့- တဂူပျော်တဲ့။ သူတော်ငမောင်။

"ဘာတုန်းဆရာ။ ဆရာရဲ့ စကားအလာကို။ ကြားနာလျက် ရှိပါတယ်"။

သြော် ဆရာအထက်က အမြွက်မျှတော်ပြတဲ့။ အကျော်ပဌမ ၄ ချိုးကြီးထဲမှာ။ "ကတော်အပေါင်း ခ,လောက်တဲ့။ ပဌမကျော် လောင်းမ, တွေ့နှင့်။ အဘော်အပေါင်းမှ ရစေတော့လို့" ဆိုရာမှာ။ထို အခါအခိုက်အတန့်၌။ တပြန့်ပြန့် သတင်းတန်ခိုးကျော်တဲ့။ မင်းစိုး ကတော်တွေ့။ တအေးအေးနဲ့ တမွေးမွေးကျော်တဲ့။ သူဌေးကတော် တွေ့။ အပျိုအအို။ ဘိုကရိုတည်းဟူသော။ အလိုလိုကျော်တဲ့ ဗိုလ်က တော်တွေ့။ အနို့ပြီး။ အထုပ်များများနဲ့။ အဟုတ်ကြားရတဲ့။ တရုပ် ကုလားကတော်တွေ့။ အနှီမှတပါးလည်း။ အကြားမထုတ်ရသော် လဲ။ အစားတလုပ်တဆုပ်နဲ့။ မယားလုပ်ရရှာတဲ့။ ကုလား, တရုပ် ကတော်တွေကဖြင့်။ အလကား မဟုတ်တရုတ်တော်။ မလျော်တဲ့ စကား။ သူမို့ရေးသားရက်ပါပေတယ်။ပဌမကျော်ပြန်ရန်။ ဆန်ခံရင်း အားထုတ်တာကိုတောင်။ ကျုပ်တို့လို ကတော်မ တွေက။ ခခ, ယယ,လုပ်လောက်သလားတော့လို့။ ။မေးတင်ပါ့နဲ့။ ။ကဲ့ရဲ့ကောင်း ကဲ့ရဲ့ကြပေလိမ့်မနော်"။

သူတော်ငမောင်။ ။အဟုတ်သားပေါ့။ ဆရာမိုင်းရယ်။ မင်း ကတော်တွေ၊ စိုး က တော် တွေ က။ ကိုယ်တော့် ရသေ့မတွေ။ မယ်သီလတွေကို။ ခယ, ရိုသေလောက်တယ်ဆိုတော့။ နားနှင့်စရာ ပေါ့လေ"။

ဟေ့ သူတော်ငမောင်။ နားထောင်ကွာ။ ဃရာဒါသ။ သမ္မာခ ဖြင့်။ ဒုက္ခဘွဲ့နှောင်။ လူတို့ဘောင်က။ အိမ်ထောင်သားမွေးလုပ်ရတဲ့ ဒုက္ခတွေဟာ။ အလွန်တရာမှ ကြီးကျယ်တယ်။ အဲ အနှီဒုက္ခကြီး တွေ တန်းလန်းနဲ့။ ဂမန်းဂဒန်း သေကြလျှင်။ ပေတဂတိတို့။ ငရဲတို့နဲ့။ လွဲနိုင်ပါ့မလား။ "ပြိတ္တာတို့ဘောင်။ ဥစ္စာဆောင်" သတဲ့။ အဲသည်ကဲ့

သို့။ လူ့ဘောင်က ဒုက္ခတွေနဲ့ မတွေ့ရအောင်။ ရသေ့မ လုပ်ကြတဲ့ သီလရင်လုပ်ကြတဲ့။ တို့ဒကာမတွေမှာတော့။ လင်ဒုက္ခ။ သားဒုက္ခ။ သမီးဒုက္ခ။ မြီးဒုက္ခဆိုတဲ့။ မီးအလုပ်ကမရှိဘဲ။ ပကတိမြေပြီး။ ဘေးမခတဲ့ သုဂတိဘုံကို။ ခိုလှုံဘို့ အကြောင်းမို့။ သူတော်ကောင်း နယ်ပယ်ကကြည့်လျှင်။ အကြင်အကြင်သို့ဆော ကတော် အပေါင်းတွေထက်။ အကျော်လောင်း ဒကမတွေက။ အဆပေါင်းများစွာ။ သာလွန် မြင့်မြတ်တော်မူတယ်လို့ မှတ်ရမယ်သူတော်ရဲ့။

သူတော်ငမောင်။ ။"အာမဘန္တေပါဘုရား"။

အဲ အသို့မို့ကြောင့်။ ငတို့ရသေ့မတွေကို။ တွေ့ကရမိန်းမစားမျိုးမမှတ်နဲ့ မြတ်တယ်။ အနို့ပြီး မယ်သီလတွေကိုလဲ။ ယောဘုယျအားဖြင့်။ တကယ်တည်ပတယ်လို့။ အတည်တကျမှတ်ရမယ်။ သြော်တပြုံးပြုံးလှတဲ့။ ကုန်းကုန်းကွကွတွေဟာ။ အဆုံးကျတော့။ အနတ္တနယ်ပယ်တွေပေါ့ကွာ။

သူတော်ငမောင်။ ။အင်း အခု ကိုယ်တော်အမိန့်ရှိတဲ့။အနတ္တနယ်ပယ်က။ ဘယ်ဝယ်ဘယ်သို့သော။ မာတုကာမတို့နှင့် စပ်လျဉ်းပြီး သီချင်းရေးဝါသနာပါတဲ့ ဘိုးသူတော်ဦးမင်းက "ကောင်းခြောက်ဆယ် လေးရပ်။ သွေးထပ်ထပ်ရုပ်ညှိ။ ရှေးနိပါတ် ထုတ်မှိသည်။ ဖုဿတီထုတ်ထား" စသည်ဖြင့် တေးထပ်တထပ်ရေးစပ်ခဲ့ရာ။ အဆိုပါတေးထပ်ဟောင်းက။ "ကောင်းခြောက်ဆဲ့လေးရပ်"ကို။တပ်အပ်သေချာ။ ဟောပြပါမည့်အကြောင်း။ ထပ်လောင်း လျှောက်ထားရပါတော့သည် ဘုရား"။

ဟေ့ သူတော်ရဲ့။ ကောင်းခြောက်ဆဲ့လေးရပ်နဲ့။ သတိပဋ္ဌာန်ချောင်နဲ့ ဘာဆိုင်လို့ သီချင်တာလဲ။ တကယ်ဘဲ ရှာရှာဖွေဖွေ။ မေးတတ်ပေတယ်။

သူတော်ငမောင်။ ။မှန်လှပါ။ အနှာတွေ့ လိုက်စားဘို့ မိုက်မှားဘို့။ သိုက်သမားတို့ မေးနည်းမဟုတ်ပါဘူး။ ဗဟုဿုတ အကျိုးငှာ။ မေးမြန်းခြင်းအစစ်ဖြစ်ပါတော့တယ်ဘုရား"။

ယင်းသို့လျှင်။ အကြင်ဘိုးသူတော် ငမောင်က။ မရမက။ တဖွဖွမေးလွန်းအားကြီးရကား။ဘုရားကိုယ်တော်မြတ်ကြီးသော်မှလဲ။ ပဋ္ဌမသိက္ခာပုဒ်၌။ သရုပ်ပေါ်လေအောင်။ ပဝေသန့ ပဝိဋ္ဌဉ္စိတ္ဉ္ဇန္ဒ

ရာ, စသဖြင့်။ အနှီသို့သော်အာပတ်ကို။ ပညတ်တော်မူရတဲ့ပြင်။ ဘိက္ခူနိများကိုလဲ ဒုဂ်လပဗ္ဗ, တလဿာတက, အစရှိတဲ့ သိက္ခာပုဒ်တို့ကို။ ဘော်ထုတ်တော်မူတူးသည်လည်းတကြောင်း။ ရှေးဟောင်းခေတ်ဆီက။ လောကီစျာန် အဘိညာဏ်ကိုရတဲ့ သီရိကေသဝရသေ့။ နာရဒရသေ့။ မဟာနာရာယရသေ့။ မိနာထရသေ့ စသည်တို့သည်။ ဤမည်ဤမည်သော မိန်းမယောကျ်ားတို့ လက္ခဏာနှင့် ဆိုင်သော။ ထိုမည် ထိုမည်သော သာမုဒြိကကျမ်း။ မနုသျ်တြ ကျမ်းများကို တောင်မှ။ ရေးသားခဲ့ကြပေသေးသည်တကားဟု။ စဉ်းစားမြော်ခေါ်။ ကြံစည်တော်မူပြီး၍ "ဟေ့ သူတော်။ အသွေးမြင် အသုင်သို့ အပွေးမြင် အပင်သိ, ဆိုသလို။ထိုထိုသို့သော အသုင်အပြင်ကို။မြင်ရခြင်းအားဖြင့်။ခြားနားသိသာတို့အတွက်။သက္ကဋ္ဌကျမ်းတခု။ဘတ်ရှုတွေ့မြင်တော်မူတူးသည်မှာ။ အနှာလိုတဲ့ပြောပြီး။ ဟောရပြန်သည်ကား။ အောက်နားက အတိုင်းပင်ဟူ၏။

အသွေးမြင်အသုင်သိ သျှတြ။

အို သူတော်။ ။ရှေးသရောအခါ။ သင်တွဲပြည်မှာ။ ဗောဓိရတ်မည်သောမင်းသည်။ မင်းမူတော်မူရာတွင်။ ရှင်ဘုရင်ကို သမက်ဘမ်းချင်တဲ့။ အထက်တန်းဆိုတဲ့ သူဌေးကြီးလေးယောက်တို့က။အသီးအသီး သွီးကညာတယောက်စီ ဆက်လာကြသယ်တဲ့။ ။သည်သောကာလ။ ကာလိဒါသအသုင် ကျမ်းကျင်တဲ့။ မုတ္တဂီဆိုတဲ့ ဆရာကြီးကို ခေါ်ပြီး အဟခတ်ခိုင်းသည်တွင်။ မုတ္တဂီ ဆရာကြီးက။ (၁) သွီးကညာတယောက်က။ ဂဠုန်ပြည်ကလာသူဖြစ်ပါတယ်။(၂)တယောက်ကား နဂါးပြည်က လာသောသူ။ (၃) တယောက်မှာ လူ့ပြည်က လာသောသူ။ (၄) တယောက်ကတော့ နတ်ပြည်က စုတိလာသောသူပါဘုရားလို့ လျှောက်ထားသတဲ့။ ။အနှီသောအခါတွင်ရှင်ဘုရင်က။ အသင် ဘာကိုမြင်၍ အနှာလိုလျှောက်တင်ရသလဲလို့ မေးတော်မူပြန်ရာ။ ဆရာကြီးမုတ္တဂီက။ အနှီလိုလျှောက်ထားပြန်သတဲ့။ မှန်လှပါတော့....။

(၁) ဂဋ္ဌုန်ပြည်ကလာတဲ့မိန်းမတို့သည်ကား။ ခါးသေးလို့ ရင်ချီပါတယ်။ နှုတ်ခမ်းလဲထူပါတယ်။ ပခုန်းလဲထွက်ပါတယ်။ နို့ပြီး ခြေငယ်ခြင်း။ လက်ဖျားရှည်ခြင်း။ ခြေသလုံးကား စပါးဖုံးကဲ့သို့ လုံးခြင်း။ နှာဖျားလုံးခြင်းတို့သည်။ ယင်းသို့သော ဂဋ္ဌုန်ပြည်က လာသူ ဖြစ်ပါကြောင်း။

(၂) နဂါးပြည်က လာတဲ့မိန်းမများသည်ကား။ ခေါင်းချွန်းခြင်း။ မေးငယ်ခြင်း။ နှုတ်ခမ်းနီခြင်း။ မျက်နှာသွယ်ခြင်း။မျက်လုံးငယ်ခြင်း။ ရင်ကော့ခြင်း။ အသားအရေတွန့်ခြင်း။ ကြမ်းခြင်း။ ကိုယ်နံ့ညှီပြီး မဆတီစရာ ကောင်းပါတယ်။

(၃) လူ့ပြည်ကလာတဲ့ သတို့သီးကား။ အသံသာခြင်း။ကိုယ်ပေါက်ကိုယ်ရောက်လှပခြင်း။ ပီယဝါစာ ပြောတတ်ခြင်း။ နေ့အခါ ကြက်သရေတိုးခြင်း။ ညအခါ ကြက်သရေယုတ်ခြင်း။ ပျော်မှုရွှင်မှုဌ်ကျစ်လစ်ခြင်း။ ပန်းနံ့သာကို အလိုရှိခြင်းစသော ဂုဏ်တို့နဲ့ ပြည့်စုံပါတယ်။

(၄) နတ်ပြည်ကလာတဲ့ သီးကညာသည်ကား။ ခြေကစ၍ ဆံဖျားတိုင်အောင်။ တကိုယ်လုံးလှပခြင်း။အကြည့်အရှု အပြော အဆို ချိုသာသိမ်မွေ့ခြင်း။ ပြင်းစွာ မရယ်ခြင်း။ စကားနဲခြင်း။ ပွဲလမ်းသဘင် အကြည့်နဲခြင်း။ မျက်နှာကြည်ခြင်း။ ပန်းနံ့သာ အထုံကို အာရုံရှိခြင်း။ သန့်သန့်ပြန့်ပြန့်ကို အလိုရှိခြင်း။ ကိုယ်အနံ့ထူးပုံကလဲ။ စန္ဒကူးရနံ့လို။ တပျံ့ပျံ့ မွေးကြိုင်ပါကြောင်းနှင့် လျှောက်ထားသတဲ့။

အဲ အနှီကဲ့သို့ လျှောက်တဲ့စကားနဲ့။ တသားထဲ ကိုက်နေခြင်းကို။ မင်းကြီးသိရသဖြင့်။ ဆရာ့အား များစွာပူဇော်သက္ကာ ပြုသတဲ့။ ကိုင်း....အနှာလောက်နဲ့ဘဲ တင်းတိမ်ပေအုံးတော့။ နောက်များ အကြောင်းတဲ့မှဘဲ။ "ကောင်းခြောက်ဆဲ့လေးဋီကာ"ကို။ဆရာရေးသားတော်မူမည်ဟု ပြောရာ။ သူတော်ငမောင်က။ ယခေါင်က "အကျော်လေးချိုး" ဆုံးအောင်သာ မိန့်တော်မူပါဟု လျှောက်ထားချေတမုံ့။

ယင်းသို့လျှင်။ အကြင် ဘိုးသူတော် ငမောင်နှင့်။ တောင်မြောက်လေးပါး။ တွေ့ကရာ စကားကို။ ပြောလားဆိုလားလုပ်နေတုန်း တန်းလန်းမှာပင်။ ဘန်းခုံးရင် မယ်သီလထို့နှင့်။ တကယ်တည်

ပသော ရသေ့မတို့။ ဆရာ့ထံမှောက်။ ရောက်လာကြ လေရကား။ ကိုင်း....ကိုင်း။ ဘိုးသူတော် ငမောင်လဲ မှောင်နေမယ်။ သတိပဋ္ဌာန် ချောင်ပြန်ပေရော့ဟု ပြောလိုက်သော်။ ဘိုးသူတော်ငမောင်။ မပြန်ချင့် ပြန်ချင်နဲ့ဘဲ။ ရှိခိုးဝတ်ချပြီး။ လှည့်ကြည့်လှည့်ကြည့်နှင့်ပြန်သွား ရှာလေသတည်း။

ထိုသို့။ သီလရင်တသိုက်တို့။ ပရိဗိုဇ်မတပြေ့တို့နှင့်။ ရသေ့မတို့ ရောက်လာကြသည်ကား။ အခြားမဟုတ်။ ကျုပ်တို့သည်။ ဤမည်သော ဂဋ္ဌုန်ပျံဒီပနီဋီကာကျမ်းကြီးကို ရေးသားစီရင်တော်မူရာ။ ဤတွင် ရွှေ့သောနိဂုံးဖြင့်။ အဆုံးသတ်တော်မူရန်။ တိတ်မန္တက ပြုထားသော။ တောင်လုံးကျွတ်။ ချောင်လုံးကျွတ်။ အစည်း အဝေးကြီးအတွက်။ ရောက်လာပေါက်လာကြခြင်းဖြစ်ချေတမ့်။

အရီးစိမ်း။ ။"ဟင်....လာလိုက်တဲ့ ပရိသတ်တွေကဖြင့်။ ဝက်ဝက်ကွဲရော့။ တယ်လဲစည်ကားပါပေတယ်။ ကဲ ကဲ....။ နေဝင်ဖြိုးပြအချိန်ရှိသွားပီ။ သူတခွန်း ငါတခွန်းနဲ့ ဆူလှချည်ရဲ့။ တိတ်ကြပါအုံး။ တိတ်ကြပါအုံး။ ကိုင်း....ကိုင်း....။ ဆရာမှိုင်းက။ ဒီကြွရှင့်။ ဒီကြွ။ ရှင့်မျက်နှာတော်ကိုမှ ဖူးမြော်ချင်ကြတယ်။ မနုဿ လူ့ဘုံက အစည်းအဝေးများမှာလို။ ထိုထိုသော ဘိနပ်နှင့် ပစ်ခြင်း။ ဖန်ခွက်နှင့် ပေါက်ခြင်း။ ကုလားထိုင်နဲ့ ရိုက်ပုတ်ခြင်းများကို။ အလျဉ်းမပြုရန် တောင်းပန်ပါတယ်၊ ဒေါသစိတ်ကိုတဆိတ်သည်းခံစေချင်ပါတယ်ရှင်။ ကိုင်းတောင်လုံးကျွတ်, ချောင်လုံးကျွတ်, အစည်းအဝေးကြီး စတင် ဖွင့်လှစ်ပါပြီ။ တိတ်စေ စမြှောင်"။

ဥတ္တရာ။ ။"ဤအစည်းအဝေးကြီးတွင်။အရှင်ဆရာမှိုင်းအား ဥက္ကဋ္ဌလုပ်ဘို့ရန်။ ကျွန်မက အတန်တန်တောင်းပန်ပြီး အဆိုသွင်းရပါတော့သည်ရှင်"။

ခုဇ္ဇာ။ ။"ယခု မဥတ္တရာရဲ့။ အဆိုသွင်းချက်ကို။ ကျွန်မက လေးလေးနက်နက်ကြီး ထောက်ခံပါသည်ရှင်"။

အရီးစိမ်း။ ။"ကိုင်း-ကိုင်း။ ကန့်ကွက်သူများ ရှိကြပါသေးသလား၊မရှိကြဘူးလား။ဘာရှိမလဲလေ။ စည်းသားရိုက်ပီးသားဘဲ။ ကဲ ကဲ-ဥက္ကဋ္ဌ ပလ္လင်ပေါ်။ စံရှင်တော်မူပေတော့။ ။အနို့ပြီး။ ကျွန်မကလဲ၊ မဘေဒါကို။ နေရာတကျ စက္ကရီတေရီလုပ်ဘို့ အဆိုသွင်းပါ

တယ်။ ငြင်းဆန်ကန့်ကွက်လိုကြသေးသလား။ ကဲ ကဲ- မဟန့်မဖျက်ဘဲ။ ကန့်ကွက်သူမရှိရင် အတည်ပြုရပါလိမ့်မယ်။

(ယင်းသောအခါ။သာဓု,သာဓု,သာဓုဟူသော ထောမနာသံ။ သြဘာသံတို့သည်။ ဆူညံသွားပေ၏)။

အရီးစိမ်း။ ။"ကဲ ကဲ မဘေဒါရီက။ ဤအစည်းအဝေးကြီးနှင့်စပ်လျဉ်းပတ်သက်တဲ့၊ အချက်အလက် မှတ်ချက်မှတ်တမ်း။ တို့လီမိုလီ။ ထိုထိုဤဤ။ အထွေထွေ တည်းဟူသော (AGENDA) အာဂျင်ဒါကို ဘတ်ပြပါတော့"။

ကေသာ။ ။"လူ့ဘောင်မနှံ့သေးတို့။ လုပ်ကြတဲ့ "ကွန်ဖရင့်" လို။ အာဂျင်ဒါတွေ ဘာတွေနဲ့ လုပ်မနေပါနဲ့။ ရှုပ်လှတယ်။ ရိုးရိုးတန်းတန်း လုပ်ကြပါစို့ရဲ့။ ။ ကျွန်မ အစီရင်ခံစာရေးရင်။ ယခုအခါ။ ကျွန်မတို့ဆရာ။ မစ္စတာ ကိုယ်တော်မှိုင်းကြီး စီရင်ပြုစုတော်မူတဲ့။ "ဂဠုန်ပျံဒီပနီ-ဌီကာ" ကျမ်းကြီးသည်ကားလို့ဆိုလျှင်။ ဓမ္မကထိက ဥက္ကဋ္ဌ။ ဓမ္မသေနာပတိအစစ် ဖြစ်တော်မူတဲ့။ သာယာဝတီဦးညေယျကိုယ်တော်ရဲ့ မယ်တော်။ သီလရှင်ကြီး ဒေါ်ပါရမီ။ ကွယ်လွန် အနိစ္စမရောက်မီက။ ဤမည်သော "ဂဠုန်ပျံဒီပနီ - ဌီကာ" တကျမ်း။ ရေးစမ်းပါဘုရားလို့။ လျှောက်ထား တောင်းပန်ရှာဘူးတဲ့အတွက်။ သက်သက် မေတ္တာရှိ ရေးသားစီရင်တော်မူကြောင်း မှတ်တမ်းတင်စေချင်ပါသည်ရှင်"။

ပုည၀တီ။ ။"ယခု မကေသာ၀တီ အဆိုသွင်းတာလဲ အလွန်မှာကောင်းပါတယ်ရှင်။ သို့ရာတွင်။ အရင်မဟာရဋ္ဌသာရ မထေရ်သည်။ ဤမည်သော စတုဓမ္မသာရဆိုတဲ့ ကိုးခန်းပျို့ကျမ်းအပြီးနှင့်။ တငြမ်းတည်းတူညီအောင် နိဂုံးအုပ်စေလိုပါသည်။"။ ။ ဒီ- ကိုးခန်းပျို့အဆုံး နိဂုံးမှာ။ နတ်ပြည်စံလွန်တော်မူပြီးဖြစ်တဲ့ ဒုတိယမင်းခေါင်နဲ့ မိဘုရားတို့အား။ ဒီပျို ကိုးခန်းနဲ့။ အမျှအတန်း၀ေလိုက်ကြောင်း။ သင်္ဂြိဟ်လိုက်ကြောင်း ပါရှိသကဲ့သို့။ အနှီသည့် "ဂဠုန်ပျံဒီပနီဌီကာ" ကျမ်းကြီးအဆုံး နိဂုံးမှာလဲ။ တာ၀တိန်သာပြည်။ ဤမည်သော နန္ဒ၀နချောင်သို့ရွှေ့ပြောင်းနေထိုင်တဲ့ သီလရင်ဒေါ်ပါရမီအား။ သင်္ဂြိဟ်ပြီး အမျှအတန်း၀ေကြောင်း။ ကောင်းမြတ်သာယာ။

မင်္ဂလာရှိတဲ့ အဘွဲ့နဲ့ ကဗျာတပုဒ်။ ပြုလုပ်ထည့်သွင်းဘို့။ အတည့် အလင်း ဖြည့်စွက်ထောက်.....

ဒေါ်ခေမာ။ ။"ကိုးခန်းပျို့အဆုံးမှာ။ ဘယ်လိုပါသလဲ။ ဘယ်လိုပါသလဲ။ သဲကွဲအောင်ပြောပါ။ ဝေ့လီးဝေ့လယ်မလုပ်ပါနဲ့။ ကျုပ်တို့မသိဘူး"။

ပုညဝတီ။ ။"မသိရင် သိအောင်ရှုတ်ပြပမယ်ရှင့်၊ အရင်မလို ပါနဲ့။ သည်လိုပါတဲ့။ ဟိုကိုးခန်းပျို့အဆုံး နိဂုံးမှာ"ဟု ပြောပြီး။ အောက်ပါအတိုင်း ဌာန်ကရိုင်းကျကျ ရွတ်ပြလေ၏။

ကိုးခန်းပျို့ နိဂုံး ကောက်နှုတ်ချက်

"နန်းထက်သမီး၊စောင့်သီးသီလ။ဒါနဖြည့်ဆည်း။ချစ်နှစ်တည်းက။ ခမည်းတော်မင်း။ မယ်တော်နှင်းသား။ အရင်းအချာ။ ငါ့တကာနှင့်။ ငါသာရဟန်း။လူဝယ်ထွန်းသား။ ရွှင်လန်းမည်း။ လွန်မြတ်နိုး၍။ မင်းစိုးဆွေစုံ။ရွှေဘုံပျော်ညောင်း။ ဗိမာန်ပြောင်းလည်း။ ဇာတ်ပေါင်းပြီးချုပ်။ ဇာတ်ကိုးအုပ်ဖြင့်။ ထုပ်ထုပ်ပိုက်ပိုက်။ သင်္ဂြိဟ်လိုက်၏။ တိုက်ရိုက်နတ်နား။ ကြားပါလေ၍။ နာစေ ခလို့။ တောင့်တဆိုသည်။ ကုသိုလ်ဝေငှဆင့်လောင်းတည်း....တဲ့။

(ဩဘာသာဓု ၃-ကြိမ်ခေါ်ကြလေ၏)။

အရီးစိမ်း။ ။ကျုပ်က တချက်ဖြည့်စွက်ပရစေအုံး၊ ယခုဖြည့် စွက်ထောက်ခံတဲ့ မပုညဝတီမှာ။ ဆရာမိုင်းရဲ့ လက်ထောက်။ မျှက်မကြောက်။ ဘတ်စမ်း,ဆိုစမ်း,ဆိုရင်လဲ။ ဘတ်ဆိုရတဲ့။ ဝိဇ္ဇာ ဓိုရ် စာတော်ဘတ် တပည့်မလဲဖြစ်ပါတယ်။ သို့ကြောင့်။ အဆိုပါ နိဂုံးကဗျာကို။ ထိုမပုညဝတီကလေးဘဲ ရေးစေချင်ပါတယ်။ ကိုင်း-ကန့်ကွက်လိုသူမျှ၊ရှိသေးသလား။ မရှိဘူး။ မရှိရင် ကဲ- အတည်ပြုလိုက်ပေတော့"

ဒေါ်ကူမွာရီ။ ။ကျွန်မကလဲ အဆိုတခု သွင်းပရစေ။ ကဗျာ နိဂုံးဆုံးလျှင်ဆုံးခြင်း။ ဟသံတသူ မသုဝဏ္ဏဝတီက။ ပါဠိဋီကာဆာ စီတန်းပြီး။ သည်ကျမ်းကြီးအဆုံး။ နိဂုံးအုပ်စေချင်ပါတယ်ရှင်။

(အများသဘောတူ၍ အတည်ပြုပြန်စေ)

မယ်စန္ဒာ။ ။ကျွန်မက ဒီလိုအဆိုကို သင့်ချင်ပါတယ်။ ဘယ်လိုလဲဆိုတော့။ ဟိုသတပဒီကပုစ္ဆာအဖြေမှာ ပါရှိတဲ့ ။ ယသော်ဓရာထေရီ။ ဘိက္ခုနီ ပရိနိဗ္ဗာန်စံကာနီးတွင်။ ဂဠုန်ငှက်ကြီးအယောင် ဆောင်ပြီးလျှင်။ ဘုရားရှင်ကိုကန်တော့ခန်းကို။ ကျမ်းမပြီးခင် ယခုညတွင်း လက်ငင်းဘဲ။ ကျွန်မတို့ ဆရာကြီးကိုယ်တိုင်။ ပိုင်ပိုင်နိုင်နိုင် ကြီး ဟောစေချင်ပါသည်။ ဒီ- သတပဒီကကျမ်းမှာ လာပုံက။ အောက်ပါအတိုင်းပါဘဲရှင့်ဟု ရွတ်ပြပုံမှာ။

ယသော်ဓရာ ဂဠုန်ပုစ္ဆာ ၂ ချီး။

သိပါချင်။ရှိကြောသွင်ဆယ်စုံဖွင့်ပါလို့။အခွင့်ပန်ငြား။ ။မယ်ယသော်။ ပြည်နိဗ္ဗာန်စံပျော်တော့။ ဟန်ပန်တော် ဘယ်ပုံဖမ်းတယ်။ ကျမ်းကညွှန်ကြား။

ယသော်ဓရာ ဂဠုန်ဝိသဇ္ဇနာ ၂ ချီး။

သိရှာချင်။ရှိကြောသွင်ဆယ်ပုံဖွင့်ပါလို့ ။အခွင့်ပန်တောင်း။ ။ယသော်ခင်။ ပြည်နိဗ္ဗာန်စံဝင်တော့။ လက်ပံရွှင် "ဂဠုန်မင်း" ကဲ့သို့။ ဟန်ပန်တော် ယူဖန်ဆင်းသည်ဟု။ ကျမ်းပဒါန် မိန့်ဆိုလင်းတယ်။ ရှင်းသိစေကြောင်း....တဲ့။

ကျိုက်သို့တဖန်။မယ်စန္ဒာ၏ အဆိုသွင်းပုံကိုလည်း။အလုံးစုံသော ယောဂီမတို့က။ သဘောကြည်မြ။ ဆန္ဒမနော။ လိုက်လျော မျှတ ထောက်ခံကြသဖြင့်။ ခဏခြင်းအတည်ဖြစ်သွားသည့်အပြင်။ အချို့ သော ရသေ့များကဖြင့်။ ရသေ့များ ပဌမကျော် စာမေးပွဲအောင် လျှင်။ အနဲဆုံး ဆုငွေတထောင်တော့ဖြင့် ပေးရန်။ မန္တလေးအမတ် မင်းဆိုတဲ့ ဒါယကာကြီး ဦးဘဦးထံ မေတ္တာရပ်ခံရန် ဟူ၍လည်း ကောင်း။ တချို့သော မယ်သီလများကလည်း။ အရည်အခြင်းနဲ့ပြည့် တင်းလောက်လုံတဲ့။ ချုံအောက် ဝရုံအောက်တို့၌ နေထိုင်သီတင်း သုံးတဲ့ သီလရင်များကိုလည်း။ ပြည်ပိုင်အစိုးရတို့က။ မျက်နှာကြီး ငယ်။ မရွယ်မထောက်။ ချီးမြှောက်တော်မူသောအားဖြင့်။ များများ

ကြီး အကွက်ကျပြီး ဟန်ထိတဲ့ "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်ပေးရန်၊ မြန်မြန်ကြီး အစိုးရတို့ထံ။ စာတမန် ဆောင်းပါးနဲ့။ အကြောင်းကြားရန်ဟူ၍လည်းကောင်း စသည်ဖြင့်။ အလီလီ အလာလာ။ များစွာသော အဆိုသွင်းချက်။ထောက်ခံချက်။ ကန့်ကွက်ချက်။ အတည်ပြုချက်ပေါင်း သုံးလေးရာမျှသောကိစ္စကြီး ပြီးစီးအောင်မြင်လေသတည်း။

ထိုသို့သော တောင်လုံးကျွတ်။ ချောင်လုံးကျွတ် အစည်းအဝေးကြီး ပြီးဆုံးသည်၏ အခြားမဲ့တွင်။ ယခင်အစည်းအဝေးက ဆုံးဖြတ်ခဲ့သည်နှင့်အညီ။ ဤမည်သော ယသော်ဓရာထေရီ ဘိက္ခူနီမကြီး ပရိနိဗ္ဗာန်စံခန်းကို။ ထိုညတွင် ဟောအံ့ပြောအံ့သောငှာ။ တောသန့်သန့် ရွာမမှီတဲ့။ ဤမည်သော ယောဂီမတို့အလယ်။ စံပယ်တော်မူလျက်ရှိသော ကျုပ်တို့က။ ဓမ္မစည်ကြီး ရိုက်တီးဆော်ရွမ်းတော်မူလိုသော အားဖြင့်။ စကားနိဒါန်း။ တရားနိဒါန်း ပျိုးတော်မူပုံမှာလည်း။ အောက်ပါအတိုင်းပင်ဟူလို။

အိုတပဲ့မအပေါင်း သူတော်ကောင်းတို့။ ။ငှင်းယသော်ဓရာ ပရိနိဗ္ဗာန်စံခန်းကို။ ထိုသိုသော ထေရီအပဒါန်။ ထေရီဂါထာ။ဗုဒ္ဓဝင်စသော ပါဠိတော် အဋ္ဌကထာတို့မှာ လာရှိတဲ့အတိုင်း။ သိုင်းဝိုင်းချဲထွင်ပြီး ဟောရမည်ဆိုလျှင်။ အကြင် ဇိနတ္ထပကာသနီ။ သံဝေဂဝတ္ထုစသော ကျမ်းစာအုပ်ကြီးများလောက် များပြား ကျယ်ဝန်းချိမ့်မည်။ သို့အတွက် တရားနာပရိတ်သတ်တို့လဲ မညောင်းရလေအောင်။ ဆရာလဲ ကောင်းရလေအောင်။ ခပ်ချုံ့ချုံ့ ခတ်ကျဉ်းကျဉ်းနဲ့။ မိုးမလင်းခင်ပြီးစီးရန်။ မြန်မြန်ဘဲ ဟောတော်မူပေလတ္တံ့။ မပျံ့မလွင့်သော စိတ်ဓါတ်အားဖြင့်။ သိတ်, သိတ်, မှတ်သားကြလေကုန်။

ယသော်ဓရာ-ဂဋ္ဌုန်ယပ်လှဲ။

အဟမ်း, အဟမ်း အိုတပည့်မတို့။ အစိန္တေယျ, အစိန္တေယျ။ အပွမေယျ။ သေဋ္ဌ ဇေဋ္ဌ။ အတုလပရမံ၊ အရဟံဘဂဝါ၊ သမ္မာသမ္ဗုဒ္ဓ၊

အနုတ္တရ, မာရဇိ၊ တြိလောကန္တဂုဏ်၊ သယမ္ဘုံ ဘဝိဿရ။ လောက သင်းကျစ်။ ဓမ္မရာဇ် ထွတ်ထား။ ရွှေကိုယ်တော် မြတ်ဘုရားရဲ့။ မြောက်သားတော် ဒေဝီ။ မဟေသီ တောင်ညာ။ ရာဟုလာရဲ့ မယ်တော်။ မယ်ယသော်သည်ကားလို့ ဆိုလျှင်။ တို့သခင် ဘုရားရှင့်ထံ တော်တွင်။ အကြင်သို့သော ဘိက္ခူနီမပြုလေရာ။ ကိလေသာ အာသဝေါကုန်ခန်းပြီး။ ရဟန္တာမ ဖြစ်သွားရော့တဲ့။ ။ အဲ သို့ကလို ရဟန္တာမ ဖြစ်လျက်။ အသက်အရွယ် ၇၈ နှစ်ကျတော့။ အမတသီဝံ၊ နိဗ္ဗာန်ဝင်ချိန်။ အခါကြိမ်ဘိသနဲ့။ တပဲ့မ ဘိက္ခူနီ တသိန်းခြံရံကာ။ မြတ်စွာဘုရားထံတော်ရင်း။ ချဉ်းကပ်ရှိခိုးပြီး။ အမျိုးမျိုးသော ကျေဇူးတော်အစုံ။ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော။ ရှင်စော မြတ်စွာဘုရား။ ။တပဲ့တော်မသည်။ အသက် ၇၈ နှစ်တောင်ရှိလို့မို့။ ပစ္ဆိမအရွယ်။ တကယ်အသုံးမကျတဲ့။ မုန်းစရအချိန်ရောက်ပေါ့ဘုရားလို့။ လျှောက်ထားအံ့သောငှာ။ ဂါထာကျူးသီသည်မှာ အနှီသို့တည်းတဲ့။

(၁) အဋ္ဌ, သတ္တတိ, ဝဿာဟံ၊ ပစ္ဆိမော ဝတ္တတိ, ဝယော။
ပဗ္ဘာရမှိ အနုပ္ပတ္တာ၊ အာရောစေမိ မဟာမုနိ။ ။

မဟာမုနိ၊ မုနိငါးမျိုး။ အုပ်ခါစိုးတဲ့။ တန်ခိုးတော်ရှင်။ ကျွန့်ထိပ်တင်။ အာရောစေမိ၊ နတ်စောင်းညှင်းသို့။ ပျံ့သင်းချိုချို။ ကျွန်လျှောက်ဆိုအံ့။ သုနောဟိ၊ သိဂ်ရွှေခွက်။ နားရွှေစက်ဖြင့်။ နှစ်သက်ကြည်ဖြူ။ နာတော်မူဘုရား။ အဟံ၊ သခင်ထွတ်ထား။ စောဘုရား၏။ ညာထားရွှေလှော်။ မေယသော်သည်။ အဋ္ဌသတ္တတိဝဿာ၊ အသက်တမ်းစစ်။ ဂဏန်းဆစ်က။ အနှစ်ခုနစ်ဆယ်။ ရှစ်နှစ်ကယ်၍။ ပစ္ဆိမော၊ လောကီအာရုံ။ ကာမဂုဏ်ကို။ မြူးခုန်ပျော်ပါး။ ခံစားရှင်ပြုံး။ မကြင်မုန်းဘို့။ နောက်ဆုံးဖြစ်တဲ့။ ဝယော၊ မြင်သူ၌ဝယ်။ မတင့်တယ်သနှင့်။ ရင့်ထယ်သောအရွယ်သို့။ ဝတ္တတိ၊ ယက်ကန်းချည်လို၊ ရက်တိုင်းတိုသို့။ ပိုလို့ရွယ်ကျွန်။ လွန်ခဲ့လေပြီ။ ပဗ္ဘာရမှိ။ သားရေရှုံ့တွ။ မလှပတဲ့။ ပဗ္ဘာရရွယ်။ သေမင်းနယ်၌။ အနုပ္ပတ္တာ။ မတင်သလောက်။ အမြင်နောက်စေဘို့။ အစင်ရောက်ပါပြီဘုရား တဲ့....။

(ဋင်း ဂါထာ အဆုံးတွင်။ အားလုံးအားလုံးသောခမျာတစုတို့က။ သာဓုခေါ်ကြသောဟူ၏)။

ဟေ့....ပုညဝတီ ဘဲ့နှယ်လဲ။ ကောင်းရဲ့လား။
ပုညဝတီ။ ။"အင်မတန်မှကောင်းပါတယ် ဘုရား"။

အင်း-မကောင်းဘဲနေရော့မလား။ "မန္တလာ ဦးကေလာ"ရဲ့။ ဒေသနာတရားအရ။ ကြားရတဲ့ ထိုအတိုင်း။ ကိုမှိုင်းက ဟောတာကိုး။ ကောင်းပေမပေါ့။ ။နှော့ပြီးတခါ။ ယသော်ဓရာက။ မှန်လှပါ။ ရွှေဘုန်းတော်သခင်။ အရှင်ကိုယ်တော်မြတ်ကြီးဘုရား။ တပဲ့တော်မမှာ။ အသက် ၇၈ နှစ်အရွယ်။ တကယ်အသုံးမကျတဲ့။ မုန်းစရအချိန်ရောက်၍။ ယနေ့ညပင်။ အရှင်ဘုရားတို့နဲ့ မမြဲသာ မတွဲသာ သဖြင့်။ မလွဲသာ လွဲသာနှင့်ဘဲ။ ခွဲခွါရပါတော့မယ်။ တခါရောက်လို့။ တခေါက်မပြန်တဲ့။ နိဗ္ဗာန် ဘုံနန်းသို့။ လှုံမြန်းရပါတော့မယ်လို့ လျှောက်ထားရှာသည်မှာလဲ အနှာလိုတဲ့။ ဘယ်လိုလဲဆိုတော့။

(၂) ပရိပက္ကော, ဝယော,မယှံ။ ပရိတ္တံ မမ,ဇိဝိတံ။
ပဟာယဝေါဂမိဿာမိ။ ကတံသရဏ, မတ္တနော။ ။

မဟာမုနိ၊ အာဂါရ။ အနာဂါရ။ သေက္ခအသေက္ခာ။ ပစ္စေကာဟုရှိသည့်။ မုနိငါးမျိုး။ စိုးမိုးလွှမ်းခြုံ။ သုံးဘုံသခင်။ ကျွန့်မျက်ရှင်။ အာရောစေမိ၊ နဖူးပြင်မှာ။ တင်ကာလက်မိုး။ ရှိစုံဖြိုး၍။ ရှိကျိုးသံချို။ အလွန်ကြောက်ရက် ကနှင့်။ ကျွန်လျှောက်ဆိုအုံ့။ သုနောဟိ၊ ကရဏာဝင်။ သနားခင်၍။ နားဆင်ပဘုရား။ ။မယှံ၊ ယသော်ဓရာ။ ပိမ္ဗာမည်ခေါ်။ အဆုံးတသက်။ မမုန်းရက်ဘူးဆိုတဲ့။ ဘုန်းမျက်ဖျော်ရဲ့။ ဝယော၊ မနုမနယ်။ ရှုမဖွယ်တဲ့။ ခုအရွယ်သည်။ ပရိပက္ကော ကြွေလုနီးပါး။ သစ်သီးလားသို့။ ရိရှားပင့်ထက်။ သင့်မမက်ဘို့။ ရင့်ကျက်ခဲ့လေပြီ။ မမ ရာဟုမယ်တော်။ ရွှေလှော်ဦးသစ်။ ဘုန်းငယ်ချစ်၏။ ဇီဝိတံ၊ ခန္ဓာကိုယ်ရုပ်။ ထိန်းအုပ်စိုးပေ ဇီဝိတိန္ဒြေသည်။ ပရိတ္တံ၊ ဖွဲ့နှင့်မီးတွေ့။ ပုံဓလေ့သို့။ တငွေ့ငွေ့နှင့်။ တရွေ့ရွေ့ကြီး။ ဇရာစီး၍ နီးလှလေပြီ။ အဟံ၊ ဘုန်းဘုန်းဘုရား။ မဟာဘွားရဲ့။ ညားထားကြင်ဘော်။ ခင်ယသော်သည်။ အတ္တနော၊ မိမိ၏။ သရဏံ၊ အားကိုးတခု။ လက်ကိုင်ပြုဘို့။ မြူနုကိလေ။ ပျက်ကြွေရှင်းရှင်း။ ပယ်ခွါခြင်းကို။ ကတံ၊ နေ့ညည့်မယုတ်။ ကြိုးအားထုတ်၍။ ပြုလုပ်အပ်ပါပြီ။ ဝေါ၊ သုံးဘုံပေါ်တွင်။ ကျော်ထင်ရှားတဲ့။ ဘုရားမြတ်ရှင်။ ကျွန့်သခင်ကို။

ပဟာယ အချစ်ဟာစွဲ။ မေတ္တာမြဲသမို့။ ဂမိဿာမိ၊ နိဗ္ဗာန်သောင်ကမ်း။ အောင်စခန်းသို့။ ရှောင်မြန်းရပါတော့မယ်ဘုရား....တဲ့။

(သာဓုခေါ်ကြစေ)။

အဲ- သို့မို့ကြောင့်။ မဟုတ်လား။ ကျုပ်တို့ အညာပုခန်းက။ ရဟန်းတော် အရှင် စန္ဒမဉ္ဇူ။ ပြုမူစီကုံးတော်မူတဲ့ ယသော်ဓရာ ကန်တော့ခန်းပျှို့တွင်။

ယသော်ဓရာ- ကန်တော့ခန်း။

"မုနိသကျ။တုမရသား။အနန္တစကြာဝဋ္ဌာ။ တိုက်များစွာဝယ်။ သော်တာ,သူရိယ။ ရောင်ခြည်ပ,လဲး။ မမျှနိုင်စွမ်း။ တုန်းတော်လွှမ်း၍။ လျှမ်း လျှမ်းပြည့်မောက်။ ဘဝဂ်ပေါက်သည်။ ကျော် ချောက် ဝှန်ဝါ။ သုံးလူ့ရွာမှ။ ခြင်းရာ တုံ့ခေါက်။ နားတော်လျှောက်အံ့။ ကြိုင်ပေါက်ပျံရှား။ ကျွန်စကားကို။ ရွှေနားစိမ့်ဧ။ နာဘိသေးလော့။ ။ ရှေးရှေးဘဝ။ ဖြစ်သမျှလဲး။ နှမနှင့်သာ။ တူမကွာလျှင်။ နာနာထူးပြား။ အလားလားတည့်။ မမှားမမှား။ မြတ်ဘုရားနှင့်။ နှစ်ပါးတူကွ။ ဖူးတွေ့ရ၏။ ခုပအရွယ်။ ကျွန်ုပ်ဝယ်ကား။ မုန်းဘွယ်သီသီ။ ရင့်လေပြီတည့်။ ထိုဤ ယုတ်တက်။ ကိုယ်အသက်လဲး၊ ခန့်တွက်နည်းပါး။ ဖြစ်ပေငြားရှင့်။ ဘုရားချစ်ရှင်။ မယ့်သခင်နှင့်။ သို့ပင်မကွာ။ နေချင်ပါလဲး။ ကြမ္မာယွင်းရှိ။ ခန္ဓတိုခဲ့။ ကိုယ်ကိုကျွန်မ။ စိုးမရတည့်။ ခုပမကြာ။ ညဉ့်အခါပင်။ ပိမ္ဘာမြောက်သား။ ပြစ်စွန့်ထား၍။ သွားရမည်မှန်း။ သည်အခန်း၌။ ရှိပန်းလက်မိုး။ တင်ရှိခိုးလျက်။ ရှိကျိုးဝပ်တွား။ လျှောက်ပန်ကြားသည်။ ။ဘုရားကျွန်မ ထိပ်တင်တည်း....တဲ့။

(သာဓုံ ၃ ကြိမ် ခေါ်ကြစေ)

အနှီမှတလော။ သြကာသ, သြကာသနှင့်။ လောကကြဋ္ဌန်း။ မယ့်ထိပ်ပန်းရယ်။ ကျွန်မဝယ်ကား။ အရွယ်ကုံးကွ။ အသုံးမကျတဲ့။ ပစ္ဆိမမို့။ မရဏမင်း။ ခုတင်းလင်းကြောင့်။ ညဉ့်တွင်းရောက်သော်။ နိဗ္ဗာန်ပျော်ရတော့မယ်။ နောင်သော်တဖန်။ မပြန်ရတော့ဘူး ဘုရား

လို့။ အောက်နားက ဂါထာဖြင့်။ တခါတဖန်။ လျှောက်တုံပြန်သည်မှာ အသဟာလို တဲ့။

(၃) ဝယမှိ ပစ္ဆိ မေကာလေ။ မရဏံ ဥပရုဒ္ဓတိ။
အဇ္ဇရတ္တိံ မဟာဝီရ။ ပါပုဏိဿာမိ နိဗ္ဗူတိံ။ ။

မဟာဝီရ၊ ဝီရိယတံခွန်ကို။ လွှားကွန်ဝိုက်ယူ။ စိုက်ထူတော်မူပြီးသော ရှင်စောဘုရား။ ။ပစ္ဆိ မေကာလေ ကိုယ်အား ညာဏ်အား။ ပျက်ပြားကုန်တုန်း။ နောက်ဆုံးဘိတ်ကျ။ ခါသမယတည်းဟူသောကာလဖြစ်သော။ ဝယမှိ၊ မနုမနယ်။ ရှုမဖွယ်တဲ့။ ခုအရွယ်၌။ မရဏံ၊ မည်သူအားမှ။ မရရှောင်ကွင်း။ သေခြင်းဆိုသော။ ထိုသဘောသည်။ ဥပရုဒ္ဓတိ၊ ဖိစီးကြိတ်ဖျက်။ စိတ်အမျက်နှင့်။ နှိပ်စက်ဘို့ငှာ။ တပ်တောင်တာ ဗိုလ်ထုနဲ့။ အို-ယခုတက်၍လာပြီ။ အဇ္ဇ၊ မနက်ဖြန်မရွှေ့။ အခါစေ့၍။ ယနေ့ပင်လျှင်။ ရတ္တိံ၊ ဖန်ရွှေအိမ်ရှင်။ သိမ်တသွင်နှင့်။ ထိန်ပင်နန်းသို့။ လှမ်းလို့အကြွ။ ညဉ့်ကာလ၌။ နိဗ္ဗူတိံ၊ ရုပ်နံခန္ဓာ။ ချုပ်ပြန်ရှာသနဲ့။ မြန်စွာဇာတ်သိမ်း။ တဖန်မလာပြတ်ငြိမ်းခြင်းသို့။ ပါပုဏိဿာမိ၊ ရက်ရှေမလင့်။ မင်အခြေဖြင့်။ ဖျက်ချေပင့်မြှောက်လို့။ ပျက်ကြွေ လွင့်ပျောက် ရောက်ရ ပါတော့ဘုရား....တဲ့။

(သာဓု ၃ ကြိမ်ခေါ်ကြစေ)။

အနို့ပြီးတဖန်။ သံသရာ ဘဝဘဝမှာ။ ဘုရားကျွန်မ-ပြစ်မှားမိတဲ့ မကောင်းမှုကံများရှိလျှင်လည်း။ သည်းခံတော်မူပါ ဘုရားလို့။ လျှောက်ထားပူဇော်။ ဖူးမြော်မာန်လျှော့။ ကန်တော့ပြန်ရှာသည်မှာလဲ အနှာလိုတဲ့။

(၄) သံသရိတ္ဌာစ သံသာရေ။ ခလိတဉ္ဇေ မမတယိ။
အာရောစေမိ မဟာဝီရ။ အ,ပရာဓံ ခမသုမေ။ ။

မဟာဝီရ၊ ကြန့်ခိုင်ဖွံ့ထွား။ အလွန့်အလွန်အားဖြင့်။ ကြီးမားသောသတိဓမ္မနဲ့၊ ဝီရိယရှိတော်မူသော။ ရှင်စောမြတ်စွာဘုရား။ ။ အာရောစေမိ၊ နတ်စောင်းညှင်းသို့။ သင်းပျံ့ချိုချို။ ကျွန်လျှောက်ဆိုအံ့။ သံသာရေ၊ လွန်စွာပြောကျယ်။ ဒုက္ခပေါတဲ့။ မဟောဒကတည်းဟူသော သြဃလယ်၌။ သံသရိတ္ဌာစ၊ ထက်အောက် စုန်ဆန်။ အပြန်ပြန်လျှင်။ ဖန်ဖန်များစွာ။ တမောမောနှင့်။ မျောရပါ၍။ တယိ၊

ယသော်မျက်ရှု။ အသက်ပြုရတဲ့။ ရာဟုဘခင်။ နှုန်းမမြင်တဲ့။ သုံးလူ့ရှင်၌။ မမ၊ ရာဟုမယ်တော်။ ရှေလှော်မှေသီ။ နန်ဒေဝီ၏။ ခလိတံမှားယွင်းချွတ်ချော်။ မမျှော်မပြု။ မတော်လို့များပြုခဲ့တဲ့။ ပြစ်မှုစောင်းမာန်။ မကောင်းကံသည်။ စေအတ္ထိ၊ အကယ်တန္တိ။ ရှိသည်ဖြစ်အံ့။ တံ အပရာဓံ၊ ထိုသို့ယွင်းချော်။ ခင်းမလျော်အောင်။ မမျှော်မရှု။ ယသော်ပြုတဲ့။ ပြစ်မှုကံကို။ မေ၊ လူတို့ဥက္ကဋ္ဌ။ ဘုရားမြတ်၏။ ညာနတ်ဒေဝီ။ နန်းကေသီအား။ ခမဿု၊ ကရုဏာပွား။ ချစ်သနား၍။မြစ်တားကြည်ဖြူ။ သည်းခံတော်မူဘုရား....တဲ့။ ။(သာဓုခေါ်ကြစေ)။

အဲ သည်ကဲ့သို့ ကန်တော့သော အကြောင်းအရာကို ရည်မြှော်ပြီး။ ယသော်ဓရာ ကန်တော့ခန်း ပျိုတွင်။ ။ "ကျင်လည်ရှေးခါ။ သံသရာက။ များစွာ ဘဝ။ သုံးလူ့ဘနှင့်။ တကွတူပ။ ဖြစ်သမျှလဲး။ တြည်စ်ညု။ ကံသုံးစုတွင်။ ကြည့်ရှုမထင်။ တအင်အင်ဖြင့်။ မမြင်တစိ။ ပြစ်မှားမိလဲး။ ဆံရှိအကြွင်း။ ရှေစက်ရင်းဝယ်။ မကင်းသဒ္ဓါ။ ကန်တော့ပါ၍။ ခြင်းရာစုံစေ့။ ဖြစ်သရွှေ့ကို။ ယနေ့စင်ကြယ်။ ရှင်းရှင်းပယ်၍။ ဘုန်းကြွယ် မြတ်စွာ။ သည်းခံပါဟု။ သံသာဖြည်းညှင်း။ နားတော်သွင်းသည်။ ။ကြောင်းရင်းရှေးဖြစ် စုံစီတည်း....တဲ့" ။

(သာဓု-သာဓု-အဟောသာဓု)

အဲ-သို့ကလို ကန်တော့ပြီးကာလ။ တပဲ့တော်မ, ယသော်ဓရာသည်။ ဤမည်သောရှေနန်းတော်ဝယ်။ မွေ့လျော်ပျော်စံစဉ်။ အရှင်ဘုရားအား လုပ်ကျွေးသမှု။ ပြုခဲ့စုခဲ့ရပါပေတယ်။ မိဘုရားရတနာ။ မိန်းမမြတ် အင်္ဂါ၌ တည်ရပါပေတယ်။ နို့ပြီး တသိန်း ကိုးသောင်းခြောက်ထောင်မျှသော မောင်းမကိုယ်လုပ်တို့ရဲ့ အ ချုပ် အ ကြီး ။ ဦးစီးဦးကိုင် ဖြစ်ရပါပေတယ် ဘုရားလို့ လျှောက်ထားခြင်း ငှာ။ အောက်နားက ဂါထာဖြင့်။ တခါလျှောက်ပြန်ရှာသည်မှာ အနှာလိုတဲ့။

(၅) ယသော်ဓရာ အဟံဝီရ။ အဂါရေတေပဇာပတိ။
သာကိယမှိ ကုလေဇာတာ။ ဣတ္ထိ အင်္ဂေပတိဋ္ဌိတာ။ ။

ဝီရ၊ ဘုံသုံးမျိုးကို။ ဝီရိယတန်ခိုးဖြင့်။ လွှမ်းမိုးပိုင်သ။ အစိုးရတဲ့။ ဘဝသခင်။ မြတ်ရှင်ပင်ဘုရား။ ။ယသော်ဓရာ၊ ခြွေရံသင်းပင်း။ ပေါများခြင်းကို။ သတင်းချိုအောင်။ ဆောင်နိုင်ပေသော။ အဟံ

ကပ္ပီလဟု။ ဒီပကြဋ္ဌန်း။ မြို့တော်နန်း၏။ စိန်ပန်းခိုင်နှယ်။ ရာဟုမယ်သည်။ သာကိယမှိကုလေ၊ ဇမ္ဗူတရိုး။ လွန်ကျော်ဟိုးတဲ့။ နေမျိုးနွယ်စင်။ ကေသီဝင်၌။ ဇာတာ၊ ရှေးကံပင့်မြှောက်။ ကုသိုလ်ထောက်လို့။ ခုလိုမြောက်ဘို့။ မြင့်မောက်ဂုဏ်ဝါ။ ဖြစ်ခဲ့ပါ၍။ ဣတ္တိအင်္ဂေ။ မမဲ့မဖြူ။ ဆူ,ကြုံ,နိမ့်,မြင့်၊ ပြစ်မျိုးလွင့်လျက်။ ကောင်းခြင့်းငါးဖြာ။ ကလျာငါးရပ်။ စတုသင်္ဌဖြင့်။ မိန်းမမြတ်လက္ခဏာ။ ဂုဏ်အင်္ဂါ၌။ ပတိဌီတာ။ တည်သည်ဖြစ်၍။ ဝါ၊ တည်သည်၏အဖြစ်ကြောင့်။ အဂါရေ၊ ရွှေအိမ်ရွှေနန်း။ ရွှေကြဋ္ဌန်းနှင့်။ ပျော်မြန်းကြည်ရွှင်။ လူဖြစ်စဉ်၌။ တေ၊ ဂုဏ်ပေါင်းဆုံစု။ သုံးလူ့မှန်ကင်း။ မယ့်သက်နှင်း၏။ ပဇာပတိ၊ ကြင်ရာမြောက်သား။ အမောက်ထားတဲ့။ မိဘုရားခေါင်ကြီးပါဘုရားတဲ့။

(သာဓုခေါ်ကြစေ)

နို့ပြီးတတန်။ တဖန်လျှောက်ရှာဘို့။ နောက်တဂါထာ သီပြန်သည်မှာ။

(၆) ထီနံသတ,သဟဿာနံ၊ နဝုတီနံ ဆ ဒုတ္တရိ၊
အဂါရေတေ အဟံဝီရ၊ ပါမောက္ခာ သဗ္ဗမိဿရာ။ ။

ဝီရ၊ဝီရိယကြောင့်။လေးဝသစ္စာ။ထင်စွာသိမြင်။ကျွန့်မျက်ရှင်။ အဟံ၊ ရွှေဇမ္ဗူရင်။ လှော်ဦးသစ်သို့။ နုမြစ်ရွန်းစို။ နန်းလုံးပျိုသည်။ တေ၊ ငယ်ခါရွယ်ဆစ်။ ဆယ်ကျော်နှစ်က။ ကြင်ချစ်ကျွမ်းဝင်။ ကျွန့်သခင်၏။ အဂါရေ၊ ရမ္မ,သုဘ,သုရမ္မဟု။ စံပမွေ့လျော်။ ရွှေနန်းတော်၌။ ဆ,ဒုတ္တရိ, နဝုတီနံ၊ ကိုးသောင်းခြောက်ထောင်။ များမြောင်လေဘိ။ အလွန်ရှိတဲ့။ သတဟဿာနံ၊ သခ်ျာတွက်ကိန်း။ ဂဏန်းထိန်းက။ တသိန်းမျကုန်သော။ ထီနံ၊ ခယ,ဖြေဖျော်။ ပျော်ကြောင်းဖျော်ရ။ မင်းမိန်းမတို့၏။ ပါမောက္ခာ၊ အမြတ်တင်ပြီး။ နန်းလုံးထီးဟု။ အကြီးတဆူ။ ဖြစ်တော်မူ၍။ သဗ္ဗံ၊ တနန်းတော်လုံး။ သိမ်းကြုံးဥဿုံ။ အလုံးစုံကို။ ဣဿရာ၊ သခင့်ကိုးရတဲ့။ အရှင့်တန်ခိုး။ ဂုဏ်မညှိုးဘဲ။စိုးမိုးပိုင်သ။ အုပ်ချုပ်ရပါ၏ဘုရား....တဲ့။

(ဩဘာသာဓု။ ၃ ကြိမ်ပြုကြစေ)။

အနှီမှတဖန်။ လျှောက်ကြားပြန်သည်ကား။ ဘုရားကိုယ်တော်မြတ်ကြီးဘုရား။ တပဲ့တော်မသည်။ ဤသို့သော သုံးရွှေ့ဘောင်၌။ အရောင်အဆင်း။ ပြည့်တင်းသနှင့်။ အကျင့်ကျေးဇူး။ ဂုဏ်အထူး

နှင့် ပြည့်စုံပါတယ်။ နို့ပြီး ပျိုမြစ်နုနယ်၊ ပဌမအရွယ်လိုဘဲရှိပါတယ်။ လူခပ်သိမ်းတို့သည်။ မိမိတို့ မိရိုးဘလာ ထုံးစံအတိုင်း။ ကိုင်းရှိုင်း ကိုးကွယ်ကြတဲ့။ ရွာတော်ရှင်။ မြို့တော်ရှင် နတ်တို့ကို။ အမြတ်တနိုး။ ကိုးကွယ်သကဲ့သို့။ နန်းတော်သူမ အပေါင်းတို့သည်။ တပဲ့တော်မ ကိုလဲ။ ရိုသေသမှုပြုကြပါပေတယ်ဟု လျှောက်ထားလိုရကား။ အောက် နားက ဂါထာ။တခါကျူးသီပြန်သောဟူ၏။

(၇) ရူပါစာရ-ဂုဏုပေတာ။ ယောဗွနဌာယိ သဗ္ဗဒါ။
သဗ္ဗာ မံ အပစာယန္တိ။ ဒေဝတာဝိယ မာနုသာ။ ။

ရူပါစာရဂုဏုပေတာ၊ အဆင်းအကျင့်။ ဂုဏ်ဖြင့်တင့်၍။ ပြန့် လွင့်ကျေးဇူး။ သတင်းထူးရှိသော။ ယောဗွနဌာယိ၊ ခါးသေး, တင် ကျယ်။ ရင်ဝယ်မို့မို့။ တပျိုပျိုနှင့်။ နှစ်လို့ချင်ဘွယ်။ အရွယ်လှတဲ့။ ပဇာပတိ၊ လောကမျက်ရှု။ သဗ္ဗညု၏။ အပုချစ်ဆွေ။ တောင်နန်းနေ သည်။ ဟုတွာ၊ အဟုတ်ပါစင်စစ်။ ယသော်ဖြစ်၍။ မာနုသာ၊ ဇမ္ဗူ ဒီပါ။ ပျော်ကြရှာသည့်။ များစွာသောင်းသောင်း။ လူအပေါင်းတို့ သည်။ ဒေဝတာ၊ မိရိုးဘလာ။ လွန်စွာမြတ်နိုး။ ခိုကိုးကပ်ချဉ်း။ ရှင် နတ်မင်းတို့ကို။ အပစာယန္တိဝိယ၊ လက်စုံမိုး၍။ ရှိခိုးကော်ရော်၊ ပူဇော်ပသ။ တင်မြှောက်ကြသကဲ့သို့။ သဗ္ဗာ၊ နန်းပြင် နန်းတွင်း။ မကျန်ကြွင်းရ။ ရှိသမျှကြုံးခြုံ။ လုံးစံခပင်း။ မင်းမိန့်းမတို့သည်။ မံ၊ ရွှေဇမ္ဗူရင်။ လှော်ဦးသစ်သို့။ ငယ်ချစ်ယသော်။ ရှင့်မျက်ဖျော်ကို။ အပစာယန္တိ၊ နဖူးပြင်ဝယ်။ ဦးတင်ညွှတ်ခ။ ဝပ်ချပျောင်းခွေ။ ရိုသေ ကြရှာကုန်၏....တဲ့။

(သာဓုသြဘာ။ ထောမနာ ပြုကြစေ)။

အဲ- အနို့ပြီးတခါ။ သို့တနည်း ဂါထာရွတ်ပြီး။ တတွတ်တွတ် လျှောက်ထားရှာပြန်သည်မှာ။

(၈) ကညာ သဟဿ ပမုခါ။ သကျပုတ္တ နိဝေသနေ။
သမာန သုခ ဒုက္ခတာ။ ဒေဝတာ ဝိယ နန္ဒရေ။ ။

သကျပုတ္တနိဝေသနေ၊ သာကီဝင်မင်း။ ဂုဏ်ပျံသင်း၏။ သား ရင်းသည်းချာ။ မယ့်ကြင်ရာ၏။ ရတနာရောင်လျှပ်။ ရွှေပြသာဒ်၌ ကညာသဟဿပမုခါ၊ သာကီယစစ်။ တထောင်ဖြစ်တဲ့။ ဒေဝစ္ဆရ၊ နတ်မိန်းမသို့။ လှလို့မပြီး။ မင်းသွီးတို့၏။ အကြီးရှေ့ဆောင်။အခေါင်

စုလစ်။ အမွန်ဖြစ်၍။ ဒေဝတာဝိယ၊ သုဇိတာ,သုမာလာ,သုစိတ္တာနှင့်။ နန္ဒာမည်မှတ်။ မဟေသီ- ဒေဝီနတ်သို့။ သမာနသုခဒုက္ခတာ၊ လျှင်အတူ။ ပူလျှင်အမျှ။ တက္ခမက္ခဲ။ ယှဉ်ကာတွဲ၍။ နန္ဒရေ၊ နှစ်ယောက်စလုံး။ တပြုံးပြုံးနှင့်။ သက်ဆုံးတိုင်မျှော်။ ပျော်ရလေပြီ။ ဝါ။ ဖြစ်ဖြစ်ပျက်ပျက်။ မပြစ်ရက်ပါဘူးလို့။ နှစ်သက်ဘန်လဲ။ နှစ်ကံတွဲတွဲပြီး။ (ဩော်) ခံလဲ ခံစားရပေပြီ....တဲ့။

အနှီတွင်သာဓုမခေါ်ကြနဲ့အုံး။ဆုံးအောင်နားထောင်ကြစမ်း။ ကန်တော့ခန်း လက်ာသွားက။ ။"များစွာရပြီး။ အသီးသီးတဲ့။ မင်းသွီးတထောင်။ ရွှေသုံးဘောင်၏။ အခေါင်စုလစ်။ အကြီးဖြစ်၍။ ချစ်နှစ်အင်ရွဲ။ ရွှေနန်းထဲတွင်။ အမြဲသုခ။ စံပျော်ရရှင့်။ ပြည်မသနင်း။ အာဏာပြင်းသား။ မင်းတို့ဆံကျင်။ သာကီဝင်ဟု။ အရှင်စံတော်။ မူသရော်တည့်။ ယသော်မြောက်သား။ ရှစ်သောင်းဖျားက။ ထံပါးမက္ခာ။ ရိုသေစွာလျက်။ ကလျာမောင်းမ။ ချီထိန်းယတို့။ ယုရစုံမက်။ မင့်ကွက်သည်။ ။ကဲတက်မေတ္တာ လွှမ်းလွှမ်းတည်း....တဲ့။

(သာဓု ၃ ကြိမ်ခေါ်ကြစေဦး)။

အဲ- အနှီမှတခါ။ ဂီတ,ဂါထာဖြင့်။ကြည်မြစွာလျှောက်ထားသည်မှာလဲ။ အောက်နားတွင် ပါရှိလေ၏။

(၉) ကာမာဓါတု မတိက္ကန္တာ။ သဏ္ဌိတာ ရူပ ဓါတုယာ။ ရူပေန သဒိသာ နတ္ထိ။ ဌပေတွာ လောကနာယကံ။ ။

ကာမဓါတုံ၊ ခြောက်ထပ်နတ်ဘုံ။ ရူပါရုံမြတ်။အဆင်းဓါတ်ကို။ အတိက္ကန္တာ၊ အုပ်ခါစိုးလို့။ လွှမ်းမိုးထင်ဖေါ်။ကြူးကာကျော်၍။ရူပဓါတုယာ၊ ခြောက်ဘုံနတ်ထက်။ ဆထက်ထောင်ရာ။ မကသာတဲ့။ ဗြဟ္မာနတ်မြတ်။ အမွန်လှတဲ့။ ဝဏ္ဏဓါတ်၌။ သဏ္ဌိတာ၊ လောကဓါတ်လုံး။ အံ့မဆုံးမျှ။ လုံးဝထပ်တူ။ တည်တော်မူ၍။ လောကနာယကံ၊ လောကဖေါင်ဦး။ ခေါင်အဖူးမို့။ ကြီးမှူးစိုးကွပ်။ လူ့ဥက္ကဋ္ဌကို။ ဌပေတွာ၊ ယှဉ်၍မနိုင်။ ပြိုင်၍မရ။ မစဝံ့ငြား။ ဖယ်ကာထား၍။မေ၊ နန်းလုံးကေသီ။ ဒေဝီယသော်။ ဘုန်းမျက်ဖျော်ရဲ့။ ရူပေန၊ ရွှေဇမ္ဗူရဇ်။ လှော်ဦးသစ်သို့။ မြူညစ်မသုံ။ ရူပါရုံနဲ့။သဒိသာ၊နတ်ရွာခြောက်ဝ။ လောကဇမ္ဗူ။ ပြိုင်ယှဉ်မူက။ တူမျှသောသူ။ တယောက်လူသည်။

နတ္ထိ၊ နယ်တခွင်လှည့်၍။ တကယ်ပင်ကြည့်သော်လဲ။ (ဩော်)ဘယ်တွင်မှမရှိပါဘုရား....တဲ့။

(သာဓုထောမနာ,ဩဘာပေးကြစေ)။

အဲသည်မှတပါး။ တရားမဟောခင်။ အကြင်သို့သော အစည်းအဝေးကြီးမှာ။ မယ်စန္ဒာရွှတ်တော်မူတဲ့။ ယသော်ခရာထေရီသည်။ ဤမည်သော ဂဠုန်ငှက်ကြီးသဏ္ဌာန် ဖန်ဆင်းပြီး။ ဘုရားကိုယ်တော်ကို ပူဇော်ကန်တော့တယ်ဆိုတဲ့ ကဗျာရဲ့။ အောက်မှာပါတဲ့ဂါထာကို။ မယ်စန္ဒာရရဲ့လား။

မယ်စန္ဒာ။ ။"ရအောင်ကျော်ထားတာပါဘဲ။ကျက်ပင်ကျက်သော်လဲ။အနုက်မထင်ဘူး။သူ့ဂါထာက သည်လိုပါတဲ့" ဟူရွတ်ပြပုံမှာ။

(၁၀) စက္ကဝါဠ သမံ ကာယံ။ သီသံ ဥတ္တရတော ကုရု။
ဥဘောပက္ခာ ဒုဝေဒီပါ။ ဇမ္မုဒီပံ သရီရတော။ ။

(၁၁) ဒက္ခိဏဉ္ဇူ ပါဒ ပဥ္စရံ။ နာနာသာခါတု ပက္ခိကာ။
စန္ဒဉ္ဇူ သူရိယဉ္ဇုက္ခိ။ မေရု ပဗ္ဘတံ သိခရံ။ ။

(၁၂) စက္ကဝါဠ ဂီရိ တုဏ္ဍံ။ ဇမ္မုရုက္ခံ သ မူလကံ။
ဗီဇမာနာ ဥပဂစ္ဆိ။ ဝန္ဒတေ လောက နာယကံ။ ။

အို- ငါတို့တပည့်မ, မယ်စန္ဒာ။ ယခုမယ်စန္ဒာ- အလွတ်ရလို့ ရွတ်ပြတဲ့ထိုဂါထာတို့ရဲ့။ လိုရာသဘောအရကို။ ဟောပြရာမှာဖြင့်။ အနှာလိုတဲ့။ ဘယ်လိုဘာလဲဆိုသော်။ ထိုယသော်ခရာထေရီ ဘိက္ခုနီအရှင်မသည်။ ဤအထက်က ဆရာဟောခဲ့တဲ့ ဂါထာဖြင့်။ မြတ်စွာဘုရားကို လျှောက်ကြားပြီးလျှင်။ စျာန်အဘိညာဉ် ဝင်စားလျက်။ လက်အုပ်ချီမိုး။ ရှိခိုးဒူးတုပ်ပြီး နောက်ဆုတ်နောက်ဆုတ်နှင့်၊ ကောင်းကင်သို့ ထန်းတဖျားလောက်မြင့်အောင် ပျံတက်ပြီးတော့။ တဖန်ပြန်ဆင်းကာ။ မြတ်စွာဘုရား ခြေတော်စုံဖမိုးကို။ ရှိခိုးပြန်သယ်တဲ့။ အနှီနည်းတူသာ။ ဤဂါထာဖြင့် လျှောက်ကြားပြီး။ ထန်း ၇-ပြန်လောက်မြင့်အောင် ၇-ကြိမ်။ ရှိခိုးပျံတက်ရာ။ နောက်ဆုံးအခါ-မဆင်းလာတော့ဘဲ။ တကတဲ ကြောက်မက်ဘွယ်ရာ။ ကောင်းကင်မှာ စကြဝဠာ တံတိုင်းနဲ့အမျှ။ ဂရုဠရာဇာ- မဟာဂဠုန်ငှက်မင်းကြီးအသွင်၊ ပြုပြင်ဘန်ဆင်းရောတဲ့။

အရီးစိမ်း။ ။"အို-ဘဲ့နှာတုံးမောင်ရင်မှိုင်းရဲ့။ယသော်ဓရာ ဘိက္ခုနီ ထေရီက။ ဂဋ္ဌုန်စိတ်ပေါက်လာရော့လား"။

အင်း-ဂဋ္ဌုန်စိတ်ပေါက်လို့။ထိပ်အမောက်ကြီးများနှင့်။ဂဋ္ဌုန်လို ဘန်ဆင်းတာပေါ့။ ဒါယိကာမကြီးကော ဂဋ္ဌုန်စိတ် မပေါက်ဘူးလား။ ဒီမော်ကရေစီ ခေတ်ဘဲ မကြောက်ပါနဲ့။ လျှောက်သာလျှောက်ပါ။ ကျုပ်တို့စစ်ကိုင်းက- ဝရုံအောက် ချုံအောက်မှာ။ စုံထောက်လဲ ရှိမထင်ပါဘူး။

ဒေါ်ပဏ္ဍိတ။ ။"အင်း-ကိုယ်တော့ တပဲ့မကြီးက။"တွမ်းဟီးဝမ်းပါထီ"က အာဇာနီတကာအရင်းတွေနဲ့။ ရာမင်းများသီဟာပျံ့။ ညီလာခံဝင်မယ်ဝင်မယ်နဲ့။ တွင်ကျယ်တဲ့ တကာမကြီးပါဘုရား။ ယသော်ဓရာဂဋ္ဌုန်ကို။ အပုံကြီး တောင့်တနေကြပါတယ်။ ဆက်ပြီး တချက်ဟောပါအုံး"။

အဲ-သည်ကဲ့သို့ဂဋ္ဌုန်ငှက်မင်းအဟန်။ဘန်ဆင်းပြီးသော်။ ဇမ္ဗူဒီပါ လက်ျာ တောင်ကျွန်းပေါ်မှာ ကိုယ်ကိုထားတယ်။ ဦးခေါင်းကို တော့ မြောက်ကျွန်းမှာထားတယ်။ နို့ပြီး အတောင်နှစ်ခုကိုတော့။ အရှေ့ကျွန်း အနောက်ကျွန်းပေါ်မှာ ဖြန့်အုပ်ထားပြီး။ အမြီးကို တောင်သမုဒြာပြင်ပေါ်တွင် တင်ထားတယ်တဲ့။ ။နှော့ပြီးမျက်စိနှစ်လုံးကလဲ နေလနှစ်ခုလောက်တဲ့။ အမောက်က မြင်းမိုရ်တောင်လောက်တဲ့။ နှုတ်သီးဆိုတာကတော့ စကြဝဋ္ဌာ တောင်ကြီးလောက်ပဲတဲ့။ နို့ပြီး နှုတ်သီးဖြင့် ဇမ္ဗူ့သပြေပင်ကို။ အမြစ်ပါကိုက်နှုတ်ချီဆိတ်ပြီးလျှင်။ ကောင်းကင်မှနေ၍။ ဘုရားရှင် ကိုယ်တော်မြတ်ကို။ ယပ်ခပ်ပြီး ရှိခိုးပူဇော်ရှာတယ်တဲ့။ ။အဲသို့မို့ကြောင့်။ ထေရီပဒါန်ပါဋ္ဌိတော်မှာ။ မယ်စန္ဒာရွတ်ပြတဲ့ ၃ ဂါထာကို မြတ်စွာဘုရားဟောတော်မူတာပေါ့။ အဲဒီ ၃ ဂါထာရဲ့ ယောဇနာအနက်မှာ။အနှာလိုတဲ့။

"စက္ကဝါဋ္ဌသမံ၊ လျားနံယူဇနာ။ သခ်ျာတွက်ခန့်။ တသန့်နှစ်သိန်း။ ကိန်းမကဆောင်။ သုံးထောင်လေးရာ။ ငါးဆယ်သာသည့်။ စကြာဝဋ္ဌာမျှသော။ကာယံ၊မြင်သူအံ့သြ။ခန့်သကောလို့။ပြော၍မပြီးကြီးမားလှသောကိုယ်ကို။ မာပေတွာ၊ တန်ခိုးမြန်လျှင်။ စျာန်ဘိညာဉ်ဖြင့်။ ဘန်ဆင်းအတု။ ကောင်းစွာပြု၍။ သီသံ၊ ကိုယ်နှင့်ထောက်ချင့်

ရှုရှ်တင့်အောင်။ အသင့်အလျော်။ ဦးခေါင်းတော်ကို။ ဥတ္တရတော
ကုရု၊ ရွှေရောင်ခြည်တောက်။ မြောက်ဥတ္တရ။ ကျွန်းဒေသသို့။ ဥဘော
ပက္ခာ၊ လက်ဝဲလက်ျာ။ နှစ်ဖြာဖြန့်ဟန်။ ရွှေတောင်ပံတို့ကို။ ဒုဝေဒီပါ၊
ထိန်ပင်နန်းနှင့်။ ဝေးလန်းရှန်းစို။ ကုက္ကိုခေါ်ညွှန်း။ ကျွန်းနှစ်ကျွန်း
သို့။ သရီရတောသရိရံ၊ စကြဝဋ္ဌာ၊ တူစွာအမျှ။ ပမာဏဆို။ သူ၏ကိုယ်
ကို။ ဇမ္ဗူဒီပံ၊ ဇမ္ဗူဒီပါ။ ကျွန်းလက်ျာသို့။ ပဋ္ဌရံ၊ တျာတျာနီတွေး။
ဆုန်းသွေးအလား။ ဟသပဒါးသို့။ ခြေဖျားမြီးဖျား။ ထိုနှစ်ပါး
ကို။ ဒက္ခိဏံ၊ ရေတွင်မနစ်။ သောင်းရှစ်နှစ်ထောင်။ အမြင့်ဆောင်
တဲ့။ ကျောက်တောင်မာမာ။ တောင်စကြဝဋ္ဌာသို့။ နာနာသာခါတု၊
အထူးထူးအစားစား။ များပြားဝေဆာ။ စိမ်းပြာညိုလက်။ သစ်ရွက်
သစ်ခက် တို့ကိုကား။ ပက္ခိကာ၊ ကြီးကြီးငယ်ငယ်။ သွယ်သွယ်
များမြောင်။ တောင်သေးတောင်မွေး။ အတောင်ကလေးတို့ကို။
စန္ဒဋ္ဌ၊ ရောင်စိုရှန်း။ ညဉ့်ဌ်ထွန်းတဲ့။ ရွှေလ,ဝန်းကိုဌင်း။ သူရိယဋ္ဌ၊
ထောင်ရောင်ခြည့်ရှင်။ နေ့တွင် တောက်ထွန်း။ ဖန်နေဝန်းကိုဌင်း။
အက္ခိ၊ လက်ဝဲ လက်ျာ။ လွှန်စွာဝန်းစက်။ ရွှေမျက်လုံးနှစ်ဘက်ကို။
မေရုပဗ္ဗတံ၊ ရှစ်သောင်း လေးထောင်။ အမြင့်ဆောင်တဲ့။ မြင်းမိုရ်
တောင်ကို။ သိခရံ၊ လှပတင့်တယ်။ ရှုဘွယ်တောက်ထွန်း။ မောက်
ဦးစွန်းကို။ စက္ကဝါဋ္ဌဂီရိံ၊ မြင့်ဖြူးရီမှောင်။ စကြာဝဋ္ဌာတောင်ကို။
တုဏ္ဍံ၊ ရှုရှ်မညီး။ အလွန်ကြီးတဲ့။ နှုတ်သီးမြတ်ကို။ကတ္တာ၊ အဆန်း
တကြယ်။ တင့်တယ်စီမံ။ တညီဖန်ရှ်။ သမူလကံ၊ လုံးစုံမကြွင်း။ မချန်
ခြွင်းရ။ အမြစ်နဲ့တကွသော။ ဇမ္ဗူရုက္ခံ၊ ဇမ္ဗူဒီပါ။ လက်ျာကျွန်းဦး။
သစ်ပင်ထူးကို။ ဗီဇမာနာ၊ ဘယ်ယိမ်း ညာနွဲ့။ တတွဲ့တွဲ့နှင့်။ တ
သွဲ့သွဲ့ ပြေပြေသင်းသင်းကလေးနဲ့။ လေညှင်းခပ်ရန်။ ယပ်လေခံ
လျက်။ လောကနာယကံ။ ညွှန့်ဖူးမကိုဋ္ဌ။ သုံးတိုက်မှန်ကူ။ သယမ္ဘူ
ကို။ ဥပဂန္တာ၊ အလွန့်အလွန်။ မာန်တံခွန်ကို။ ပယ်သွန်နှိမ့်ချ။ ညွှတ်
ကာခရှ်။ ဝန္ဒတေ၊ သဒ္ဓါရိုကျိုး။ ရှိစုံဖြိုးရှ်။ မြတ်နိုးတနာ။ ဖန်ဖန်
လျှော့ရှ်။ ကန်တော့ခဲ့ပါရဲ့ဘုရား....တဲ့။

(သာဓုထောမနာ။ ဩဘာပေကြစေ)။

အိုတပဲ့မများစွာ။ တရားနာတို့။ ။ယသော်ဓရာထေရီ။ဘိက္ခူနီ
သည်။ ဤမည်သော ဂဋ္ဌုန်ငှက်မင်းသဏ္ဍာန်။ ဘန်ဆင်းသည်နှင့် စပ်

လျှင်း၍။ ယင်းအဆိုပါ ပါဠိတော် အဋ္ဌကထာတို့၌ တိုက်ရိုက် နိတ္ထမလာမရှိချေ။ နေယတ္ထဒေသနာမို့။ ဆောင်၍သိရန်။ ဦးစွန်းအ မောက်ကိုဟောတဲ့ "သိခရံ" ဟူ၍သာ ပါရှိသည်။ ။အနှိုက်သို့ ဂဠုန်ရောင်ဘန်ဆင်းသည်ကိုပင်။ အချို့ဆရာတို့ကလည်း။ "ကရ ဝိက်" ငှက်အဟန်။ ဘန်ဆင်းသည်ဟူ၍လည်း ရေးသားပြောဟော ကြသေးတယ်။

ကေသာ။ ။"ဩော်-ယသော်ဓရာရဲ့ပုံဟန်ကို။ ဂဠုန်ပျံရယ်။ ကရဝိက်ကယ်နှင့်။ အဓိပ္ပါယ်နှစ်မျိုးကောက်ကြသလားဘုရာ့"။

ဗ-ဟုတ်သယ်။ထို့ကြောင့်မဟုတ်လား။ယသော်ဓရာ ကန်တော့ ခန်းပျို့မှာ။အနှာလိုပါရှိတယ်ဟု ပြောပီး။တလောရွတ်ပြပြန်သည်မှာ။

ယသော်ရော ကန်တော့ခန်းပျို့။

တိုက်ခန်းစကြဝဠာ။ မြေမျက်နှာထက်။ တည်ရာဗဟိုဠ်။ ဓလေး ရောင်စိုသား။ မြင်းမိုရ်တောင်ညာ။ကျွန်းဇီပါဟု။ ယူဇနာသောင်းခွင်။ ဤမြေပြင်ဝယ်။ ရေလျှင်ဇယ။ လူမျှတြိန်း။ တွက်ကိန်းခုနစ်။ အမှန် ဖြစ်၍။ စင်စစ်ပယ်ပြန်။ ထိုမှလွန်သား။ ဟေဝန်သာမော။ သုံး ထောင်တောတွင်။ ဘော်နှောမကွာ။ ငှက်တကာ၏။ အချာမှန်ကင်း။ ကွပ်နှိမ်နင်းလျက်။ ငှက်မင်းထိတ်ထိတ်။ "ကရဝိက်" သို့။ မဖိတ် မယှင်း။ ကြီးပြင်းစကြဝဠာ။ တောင်နှယ်သာလျှင်။ ပမာဿဏ္ဍာန်။ ကိုယ်ကိုဘန်၍။ အမှန်သိသ။ ဦးခေါင်းမှကား။ ဥတ္တရကုရု။ ကျွန်းသို့ပြု လျက်။ နှစ်ခုအတောင်။ ရှေ့နောက်ဆောင်သား။ နှစ်ထောင်ကျွန်းမ။ သမန္တဖြင့်။ အမျှအမျှ။ အစုံချ၍။ ပြုဗ္ဗ, ဂေါယာ။ ထားပြီးခါမှ အောင်ချာဇမ္ဗူဒီပ်။ ကျွန်းလုံးထိပ်၌။ နင်းနှိပ်ခြေစုံ။ ရပ်ပြီးတုံလျက်" လုံးစုံထူးခြား။ အပါးပါးတိ။ များသည့်ရတနာ။ ပြည့်စုံစွာလျက်" မဟာကာယ။ ကိုယ်ကိုပြပြီး။ စန္ဒ,သူရိယာ။ နေလမှာသို့။ ရောင်ဖြာ။ စက္ခု။ မျက်လုံးပြုလျက်။ မေရုပဗ္ဗတော၊ မြင်းမိုရ်ဘွေ့၌။ အနေမခြား။ ဦးစွန်းထားမှ။ ကြီးမားစကြဝဠာ။ တောင်၌သာလျှင်။ မကွာအပြီး။ တင်နွှတ်သီးဖြင့်။ သစ်သီးညှန့်ရွှင်။ ဇမ္ဗူစင်္ကို။ ချိုင်ကိုက်ပေ။ စက် တော်ရွှေဝယ်။ ရှိသေကြပ်ကြပ်။ ယပ်လေခပ်၍။ တုံ့ပျပ် ယသော်။ ရှိပူဇော်သည်။ ။တေဇော် တန်ခိုးအကုန်တည်း"....တဲ့။ ။

(ထိုပျို့အဆုံးတွင်။ အားလုံးသော တပည့်မတွေ့တွင်။ တယောက်တလေမျှ သာဓုမခေါ်ကြသည်ကား အခြားမဟုတ်။ ကျုပ်တို့တပည့်မတွေ့မှာ။ ယသော်ဓရာ ပုံဟန်လို။ ပဋ္ဌန်ပျံစိတ် တဆိတ်ပေါက်နေကြဟန်ရှိသည်။ ။အနှီမှတပါး။ တချို့များကဖြင့်။ အအလကားတော်။ ဂဠုန်ကိုထိတ်စရာ။ ကရဝိက်ဟာကောင်းတယ်လို့ လုပ်ကြတာနဲ့ ဘဲတူတယ်လို့ တောင်မှ ပြောကြဆို ကြသေး၏တည်း)။

အိုတပဲ့ မအပေါင်း သူတော်ကောင်းတို့။ ။(၁) ယသော်ဓရာ ထေရီသည်။ ဤသို့သော အစပဋ္ဌမ ရှုကြတဲ့။ ဂဠုနရာဇာ၏ပုံ။ ဂဠုန်ဘန်ဆင်းမြီးကာလ။ (၂) ဒုတိယတသွင်။ ဆင်ကြီးအယောင်။ (၃) ထို့နောက်မြင်းယောင်။ (၄) ထို့နောင်တောင်ကြီးယောင်။ (၅) ပင်လယ် သမုဒ္ဒရာယောင်။ (၆) မြင်းမိုရ်တောင်ယောင်။ (၇) နေယောင်။ (၈) လ,ယောင်။ (၉) စကြဝဠာပေါင်း တထောင်ကိုပုံးအုပ်မိတဲ့ ကြာပွင့်ကြီးအယောင်။ (၁၀) သိကြားမင်းအယောင်။ (၁၁) ဗြဟ္မာကြီးယောင်ပုံပြပြီး။ သူညတ တရားကို။ ဟောကြားပြသခြင်းဆိုတဲ့။ ထိုဆဲ့တပါးသော တန်ခိုးကို။ အမျိုးမျိုးပြပြီးလျှင်။ ကောင်းကင်မှဆင်းခါ။ မြတ်စွာဘုရား ခြေတော်ဖမိုးကို ရှိခိုးပြီး။ ဘုန်းတော်ကြီးလှသောမြတ်စွာဘုရား။ တပဲ့တော်မသည်။ အဘိညာဉ် ၆ ပါးနဲ့ ပြည့်စုံပါတယ်ဘုရား။ တန်ခိုးစွမ်းအဘိညာဏ်အရာ၌။ လေ့လာနိုင်နင်းပါတယ်ဘုရား။ ပဋိသမ္ဘဒါ ၄ ပါးနှင့်လဲ ပြည့်စုံပါတယ်ဘုရား။ အဲဒီကဲ့သို့သောတရားထူးတို့ကို။ လူ့မှုးမြတ်စွာ။ ထံတော်သာမှ။ ရပါတယ်ဘုရားလို့။ အနို့လိုလျှောက်ကြားပြီးလျှင်။ အရှင်ဘုရားရဲ့အလုပ်အကျွေး။ အသော်ဒက မဖြစ်ရလေအောင်။ ဘဝဘဝ သံသရာ နောက်နှောင်းက။ ဆုတောင်း ဆုယူ ပြုခဲ့ပါသည်။ ဤယခုနေ့မှ။ နောင်တဖန် မတွေ့ရတော့ဘဲ။ တပြေ့မ ခဲ့ခွါပြီး။ မြစရာနိဗ္ဗာန်နန်း။ မြန်းရပါတော့မယ် ဘုရားလို့ လျှောက်ထားရှာသတဲ့။

အနို့ပြီးတခါ။ ယသော်ဓရာ ထေရီ။ ဤသို့ ထိုသို့ လျှောက်ပြီးသကာလ။ တသိန်းမျှသော ဘိက္ခုနီမ ပရိသတ် အတွင်း၌။ သာကီဝင်မင်းသွီးဖြစ်ကြတဲ့။ ဘုရားရှင်ရဲ့ အလုပ် အကျွေး အဘော်မ။ ယသော်ဓရာ-ညီမတွေဖြစ်ကြတဲ့။ တသောင်း ရှစ်ထောင်မှာ တပါသာရော့တဲ့ ဘိက္ခုနီမတွေကလဲ။ မယ်ယသော်နဲ့ အတူတကွ။ ယခုညမှာ

ပင်လျင်။ နိဗ္ဗာန်ဝင်ချိန်။ အခါကြိမ်ကြသနဲ့။ မယ်ယသော်နည်းတူ ပင်လျင် ဘုရားရှင်အား လျှောက်ကြားကန်တော့ကြပြီး သကာလ။ တန်ခိုးပြာဋိဟာရျားပြပြီးသော်။ မယ်ယသော်အမှူးရှိတဲ့။ ထိုတသောင်း ရှစ်ထောင်မျရှိသော ဘိက္ခူနီမတို့သည်။ အနှီညမှာဘဲ။ တခါထဲး တပြိုင်ထဲး။ တကတဲး ပရိနိဗ္ဗာန်စံကြရော့တဲ့။ သံသရာဝဋ္ဋ ဘဝကလဲး။ ကျွတ်ကြလွတ်ကြရော့တဲ့။ ဒုက္ခ ခပ်သိမ်းမှလဲး ငြိမ်းကြရော့တဲ့။ ။အို ကောသာဝတီ။ ဤယသော်ဓရာတို့ရဲ့ ထုံးကို။ စံနှုန်းတန်တ္တ။ ပမာပြု၍။ ယခုကာလ မိန်းမများလည်း။ တရားကိုအားထုတ်၍။ အဟုတ်ဖြည့်ကြလျင်။ ဥတ္တရိမနုဿဓမ္မကို။ လောကမှာ အမောက်စားဆိုတဲ့။ ယောကျ်ားများနည်းတူ။ ယူနိုင်ရနိုင်ကြောင်း။ ကောင်းကောင်းကြီး မှတ်သားကြစေ ခလို။ ။ဆိုမှတပါး။ အလွန်တရာမှကြားရနာရခဲလှစွာသော "ဒေါပါရမီ" ၏ထေရီပဒါန်မှာ။အနှာလိုတဲ့။

သက္ကရာဇ် ၁၂၉၃ ခုနှစ်။ တန်ဆောင်မုန်းလပြည့်ကျော်
၅ ရက်နေ့၊ သာယာဝတီဦးညောယျ အသျင်မြတ်
မယ်တော်ကြီး
"ဒေါပါရမီ"
သာဓုကီဠန ဗျာပနသဘင်နှင့် စပ်လျဉ်းသော
သံဝေဂ ကထာလင်္ကာရတုပိုဒ်စုံ။

(၁) မှတ်တော်မူရန်။ သံပိုင်း ကနုံပိမ့်။ တိုင်းမြန်ရဋ္ဌ။သံသယဟု။ မြန်မာ့တည်ဟောင်း။ ပြည်တကောင်းမှ။ နန်းကြောင်းဖေ့လှစ်။ သရေခေတ်ဟူ။ နေမြစ်ဆင့်ပွား။ နှစ်ကျိတ်ငါးတို့။ တရားစည်ကြီး။ ခြိမ့်ခြိမ့်တီးလျက်။ ဝဲ့ချီးမင်္ဂလာ။ အစင်သာသား။ ကဉ္စနာဂိရိ။ ပြည်ကြီးတန်းဆောင်။ သိုက်တိုင်းပြောင်သည်။ ရွှေတောင်မြို့ဟိတ်။ ဝုဏ်ဝိသိဋ္ဌ၌။ နိမိတ်ဝင်ပါ။ "ဝါးလည်ရွာ"မှ။ သမ္မာအယူ။ စင်ဖြူသီလ။ ဒါနမျိုးသန်။ ဦးကျော်ရန်နှင့်။ တင့်ဟန်ဆွေမိုး။ ဇနီးဒေါခါ။ ဘော်နှစ်ဖြာမှ။ လျော်စွာ ပူးစီး။သားကြီးသက်နှင်း။ "မောင်တိုးခြင်း"နှင့်။ ရွှာချင်းမဝေး။ ရပ်ကျေးရည်တူ။ "မှတ်တော်မူ"မှ။ အလူသိလ။ စသည်ညွှန်

မျှော်။ သူတော်ဥစ္စာ။ ခုနစ်ဖြာနှင့်။ လွန်စွာပြည့်ဖြိုး။ ကောင်းညွန့်ပျိုး၍။ ဦးဘိုးနှင့်သာ။ ကံဟောင်းပါသား။ ကြင်ရာသက်စု။ ဒေါ်ကျေးဥတို့။ ကမ္ဗုဂီဝါ။ ရတနာသို့။ ကလျာငါးရပ်။ စတုသင်္ဌနှင့်။ ကောင်းမြတ်ကျစ်လစ်။ "မယ်ရွှေသစ်"တို့။ ရှေးခေတ်သံသာ။ ပတ္ထနာကြောင့်။ နှစ်ဖြာမိဘ။ ညာတိစသား။ သင်္ဂဟမိတ်။ ဖြန့်ဟိတ်လုံးစုံ။ ကျူနှယ်ရုံလျက်။ ဝိုင်းအုံမလပ်။ ဂဟေစပ်သို့။ လက်ထပ်မင်္ဂလာ။ သဘင်သာလျက်။ ရတနာမျက်ရှင်။ မှန်ကင်းသွင်သို့။ အသျှင် "ညေယျဓမ္မာ-လင်္ကာရာဘိဓဇ"။ ပါကဋ္ဌတည့်။ သာသနတံခွန်။ ထေရ်မွန်မြတ်ဖျား။ မြင်လာငြားက။ မယ်ဘွားမိခင်။ သံဝေထင်လျက်။ ယခင်ရှေးက။ ရေးပြလေဘိ။ လင်္ကာရှိသား။ ဝိပွလိမြတ်။ ဘဒ္ဒါတို့နှယ်။ မရယ်မပြုံး။ ပန်းကုံးခြားဝိုင်း။ ထားတိုင်းမပျက်။ ကိုယ်လျှိုဝှက်၍။ တောထွက်ဘို့ရာ။ ဝါသနာကြောင့်။ ကြင်ရာခင်ပွန်း။ မငြိစွန်းဘဲ။ လှည့်ယွန်းတော့မည်။ ဓိဌာန်ရည်လျက်။ လူ့ပြည်မပျော်။ မြိုင်ရိပ်မျှော်သည်။ ။ဂူပျော်မှီခ-ချင်လေသောဝ်။

(သာဓု-သာဓု-သာဓု)။

(၂) နတ်မျှော်တူဟန်၊ မူသဏ္ဍာန်ဖြင့်။ ဆင်းကြန်နိကာယ်။ ဘင့်တယ်ကျစ်လစ်။ "မယ်ရွှေသစ်"လျှင်။ သတ်ခေတ်မများ။ နှစ်ဆယ့်ငါးတွင်။ တရားသံဝေ။ ဖြေကြီးဖြေလျက်။ သက်ဝေမြောက်သား။ ကြင်သူအားကို။ သနားလျက်ပင်။ မစွန့်ချင်သော်။ ညွန့်သွင်ပမာ။ ကိလေသာနှင့်။ တဏှာသြဃ။ ပင်လယ်မဉ်။ မျောရချိမ့်ပင်။ ကြံဆင်ခြင်လျက်။ သက်သွင်ရတနာ။ သားခမျာကို။ အပါလက်ဆွဲ။ သူတော်ပွဲသို့။ ဝင်နွဲးတော့မည်။ မြဲးဆောက်တည်လျက်။ ပြည်မှရန်ကုန်။ဆန်စုန်သွားရာ။ယတြာဟု။ သာယာဝတီ။ဌာနီအောင်မျှ ို့။ ဤသည်မြို့၌။ ကိုယ်ဘို့ကိုယ်တာ။ ကိုယ်ဝယ်ပါအောင်။ ကိုယ်သာပြုကောင်း။ ကိုယ့်အကြောင်းဟု။ ဥက္ခောင်းတန်ဆာ။ ဆံကေသာကို။ ပယ်ခွါရိတ်လှီး။ စိပ်ပုတီးနှင့်။ ရမတီး,လျှော်ဖျင်။ ကိုယ်၌ဆင်လျက်။ တပင်ရိပ်ငြမ်း။ ကျောင်းသခ်မ်းဝယ်။ ငြိမ်းချမ်းတည်ပ။ သီလတံခွန်။ မိုးစွန်ဖြိုးမောက်။ ကဒန်ဆောက်မှ။ ထပ်လှောက်ကဲမြင့်။ ဘုံရှစ်ဆင့်ကို။ အခွင့်အောင်မြင်။ ရန်ပေါင်းစင်၍။ မခင်ကိလေ။ မမွေရမ္မက်။ စွဲသံလျက်သို့။ လက်နက်အရင်း။ ဆဲ့ခြောက်စင်းနှင့်။ အတွင်း

အပ။ နိုဝရဏကို။ ကြေမ္ဒကုန်စင်။ နှုတ်ချွေသင်၍။ လေးအင်မယိမ်း။ [illegible]နောက်တိမ်းလျက်။ ချမ်းငြိမ်းသုခ။ သခ်တဟု။ နဝကိုးမည်။ နိဗ္ဗာန်ပြည်သို့။ ကူးမည်ရည်ဆောင်။ မဂ္ဂင်ဖောင်ဖြင့်။ ရောက်အောင်ရည်မျှော်။ အတူလှော်သည်။ ။သူတော်သီလရှင်ပေသောဝ်။

(၃) ရပ်ကျော်ဘူမြန်။ဇမ္ဗူဌာန်ဝယ်။နေရန်သခ်မ်း။ကျောင်းရိပ်ဝှမ်း၌။ ကျင့်တမ်းပဉ္စသီ။ ရှစ်လီဆယ်ရပ်။ ကိုယ်ဝယ်ကြပ်မှ။ သုံးထပ် သရဏဂုံ။ ကိုယ်လုံးထုံ၍။ သုံးစုံလက္ခဏာ။ ယာဉ်စကြာဖြင့်။ သံသာသမုဒ်။ ဝဲးအစုတ်ကို။ ကူးခုတ်ပါမည်။ စိတ်ကြံရည်လဲး။ ဤသည်ကာလ။ ခါသမယဟု။ မြန်မာ့ဝေါဟာ။ ကောဇာတမှောင့်။ တထောင့်နှစ်ရာ။ ရှစ်ဆယ်သာသား။ စွန်းလာခြောက်ခု။ နှစ်ရတုက။ ပြည်သူ့စီးပွား၊ များစေသားဟု။ သားမြတ်ရဟန်း။ တိုင်းခန်းလှည့်လည်။ မိန့်ဟောသည်တွင်။ ရှေ့ပြည်ပိုင်သ။ အစိုးရလျှင်၊ ဒဏ္ဍမင်းဘေး။ အပြစ်ပေး၍။ ညစ်ကြေးမသမာ။ လူမိစ္ဆာတို့။ ကျရာထောင်တန်း။ သားရဟန်းကြောင့်။ မီးပန်းမီးရှူး။ မီးးတစူးတို့။ ရင်ဦးရင်ဝ။ စိုက်လာကျသို့။ သောကမီးခဲ။ ရင်မှာစွဲးလျက်။ အသဲကြေမ္ဒ။ တစစဖြင့်။ ဒုက္ခဝေဒနာ၊ ခံစားရာမှ။ မြန်မာသက္ကရာဇ်။ သရစ်တမှောင့်။ တထောင့်နှစ်ရာ။ ကိုးဆယ်မှာလျှင်။ သခ်ျာနှစ်ခု။ အစွန်းပြုသည့်။ရတုသာခေါင်။ လတန်ဆောင်ဟု။ ထွန်းပြောင်ယုန်စက်။ ကျော်ငါးရက်တွင်။ ညဉ့်ဘက်နာရီ။ ဆဲ့နှစ်ချီဝယ်။ ဤသည်လူခေတ်။ "မရှေသစ်"ဟု။ တွင်လစ်သည်။ "ဒေါ်ပါရမီ"လျှင်။ သုံးလီဘုံသား။ မဆိုထားဘိ။ ဘုရားရဟန္တာ။ အရိယာမှ။ ရှောင်ခွာခြင်းငှာ။ မတတ်သာသည့်။ မရဏာဓစ။ ဘုံဘဝသို့။ ကြွရောက်ရာတွင်။ အသျှင်ညေယျ။ ဓမ္မသေနာပတိ။ ပြည်ကြီးတံခွန်။ ထေရ်ဘုန်းဝှန်ကို။ လက်မွန်ရှေ့ဖျား။ အစထား၍။ တိုင်းသားပြည်သူ။ ရှင်လူအပေါင်း။ သူတော်ကောင်းတို့။ နန်းဟောင်းတည်ဘိ။ ဂုဏ်သီရိနှင့်။ သီရိခေတ္တရာ။ ရှေ့ပြည်သာ၏။ မဟာထူပဝင်။ ဆံတော်ရှင်မှ။ မြောက်ခွင်မုခ်ဆင်း။ ခြေတော်ရင်း၌။ စိုင်းပြင်းညီညာ။ ဤအခါဝယ်။ ဘာဝနာမှန်း။ ရွတ်စီးဖြန်းလျက်။ ကမ္မဋ္ဌာန်းသဘင်။ ပွဲကြီးရင်၏။ ကျင့်စဉ်ရည်ရော်။ အရှည်မြော်သည်။ တူသော်ဤမျှ ရှင်စေသောဝ်။

(သာဓု-သာဓု-သာဓုပါဘုရား)။

အိုတပဲ့မများစွာ တရားနာတို့။ ။ဆရာသခင် စီရင်ပြုစုတော်မူသည့်။ ဤ "ဂဋ္ဌုန်ပျံဒီပနီဋီကာ" ကျမ်းကြီး ပြီးစီးဘို့ရာ။စာပေတို့ကို။ ရှာဘွေ ထုတ်ယူပေးခြင်း။ ဆွမ်းကျွေးခြင်း။ ကွမ်းပေးခြင်းစသည်တို့ဖြင့်။ မယ်မင်းတို့သည် ဂဋ္ဌုန်ပျံပါရမီကို။ ကူညီဖြည့်ကြတဲ့ တပည့်မအပေါင်း။ သူတော်ကောင်းများဖြစ်သည်နှင့်အညီ။ဆရာသည် အပုံကြီး ကျေးဇူးတင်တော်မူကြောင်း။

ဂင်းနောင်လည်း။ တတောင်လုံးညွှတ်အောင်။ချောင်လုံးကျွတ်အစည်းအဝေးကြီးက။ နည်းပေးညွှန်ပြ။ ဆုံးဖြတ်ခဲ့ကြသည်နှင့်ညီစွာ။ ဤအခါကာလ။ ပဋ္ဌုန်ပျံဒီပနီဋီကာ ကျမ်းကြီးအဆုံး၌။ နိဂုံးအုပ်ကြမဲ့ အရေးနှင့်။ နည်းပေးလမ်းပြသဘော။ အနည်းငယ် ပြောလိုသည်မှာ။ ကဗျာနိဂုံး။ ဂါထာနိဂုံးတည်းဟူသော ၂ နိဂုံးတို့ဖြင့်။ အဆုံးသတ်မည့် ကိစ္စတော်ကြီးတွင်။ အကြင်သို့သော ကဗျာ, ဂါထာများကိုရေးသားစီကုံးတဲ့ အနှီသည့်ကိစ္စမှာ။ သီရိဝိစိတ္တာလင်္ကာရကျမ်းမှာရှိတဲ့။ အောက်ပါကဝိတို့ ဥပဒေကိုလဲ။ ရိုရိုသေသေ လိုက်နာကြရမည်ဟု ပြောပြီး။ တလောရွတ်ပြသည်မှာလည်း။ အောက်ပါ အတိုင်းပင် ဟူ၏။

ကဝိ ဥပဒေသဆောင်ပုဒ်။

နိစ္စာဝ ဂါဋ္ဌံ ကဝိပုင်္ဂဝေဟိ။ ဝိစိတြဗ္ဘူတ ကာဝကာရံ။
ကပ္ပန္တဋ္ဌာယိံ ခိလဇန္တုသာဒံ။ ကဗျင်္ဂသာရံ ဝိပုလံ အဘာသိ။
(ဣန္ဒဝဇီရ ဂါထာ)

ကဝိပုင်္ဂဝေဟိ၊ ကဝိမြတ်တို့သည်။ နိစ္စာဝဂါဋ္ဌံ၊ အမြဲသက်အပ်ထသော။ စိတြံ၊ ဆန်းကြယ်သော။ ဝိစိတြဗ္ဘူတကာဝကာရံ၊ ထူးပြားဆန်းကြယ်။ အံ့သြဘွယ်သော စကား၏ တည်ရာဖြစ်ထသော။ ကပ္ပန္တဋ္ဌာယိံ၊ တကမ္ဘာလုံး။ အဆုံးအရှည်။ တည်အံ့ထသော။ ခိလဇန္တုသာဒံ၊ အလုံစုံသော သာသနိက, အသာသနိကပုဂ္ဂိုလ်တို့သည်။ နှစ်လိုသာယာအပ်ထသော။ ဝိပုလံ၊ ပြန့်ပြောထသော။ ကဗျင်္ဂသာရံ၊ ကဗျာလင်္ကာ တည်းဟူသော အနှစ်ကို။ အဘာသိ။ သီကုံးစပ်ဆို လေပြီ....တဲ့။

အဲ အနှီသို့သော ဥပဒေကို။ တသဝေမတိမ်း လိုက်နာဘို့ ကောင်းကြောင်း။ ။ငင်းပြင်။ ရှင်အဂ္ဂသမာဓိသည်။ နေမိဘုံခန်း ပျို့ နိဂုံးတွင်။ "ကုသိုလ်တခု။ ငါလျှင်ပြုသား။ သာဓုပွက်ဟ။ ကျမ်း တေဇကြောင့်။ အဝရွှေနန်း။ မင်းကောင်းထွန်းစေ"ဟု။ တောင်းဆု ချေသကဲ့သို့လည်းကောင်း။ ။ငင်းနိဂုံးမှာပင်။ "တကာချတ်လူ။ မှတ်သသူကား။ ထီးဖြူပြည်ရွာ။ ဥစ္စာနှင်းပုံ။ မြိတ္တာ့ဘုံကို။ မစုံ မမက်။ နှလုံးပျက်၍။ တောထွက်လိုငြား။ ဤစာကြားက။ ကြံအား နှစ်ထောင်း။ ချောက်ထဲအောင်းလျက်။ ဆုတောင်းတခြား။ ဘဝါး လှမ်းဘော်။ ငယ်ကသော်လည်း။ သူတော်မကွာ။ ဆရာမကင်း။ သီတင်းမချတ်။ ပေးလှူဝတ်နှင့်။ လျောက်ပတ်ပေနိုး။ ဘွားဘေးဘိုး က။ မိရိုးဘလာ။ သူတကာကား။ ကြမ္မာနှောင်းစို။မဂ်နှင့်ဖိုလ်ကြောင့်။ ကုသိုလ်ဆည်းပူး။ မိတည်းဖူးသော်။ "ဘိက္ခူးဇော်"။ ခေါ်သံ သိ လျက်။ပီတိပြင်းဝှန်။ ရမ္မက်အန်၍။ ။နိဗ္ဗာန်ပျော်စေကုန်သတည်း"။ ဟူသည်နှင့်အညီ။ ဆရာသည်လည်း။ ဤကျမ်းကြီးကို။ ဘန်တီးသမှု။ ပြုစုရတဲ့ ကုသိုလ်ကောင်းမှုကြောင့်။ အရိမေတ္တယျ ဘုရားရှင် ပွင့် တော်မူသောကာလ။ လက်ဦးစွာဖူးတွေ့ရ၍။ တပည့်မတို့နှင့် အတူ။ ဇော်ဘိက္ခူအဖြစ်နဲ့။ နိဗ္ဗာန်သာခေါင်။ ပြည်ရွှေတောင်သို့ မရောက်မီ အတွင်း။ ယင်းသို့သောဖြစ်လေရာရာ။ သံသရာဘဝအဆက်ဆက်မှာလဲ။ သာသနာဝန်ထမ်း။ ရဟန်းဖြစ်လိုတဲ့အကြောင်း။ ဆုတောင်းဆုယူ။ [illegible]တော်မူလိုသည်။

ဤမှတပါး။ မယ်မင်းတို့ရေးသားမည့် နိဂုံးတွင်။ ယခင်ကာ လ။ အင်းဝမင်းက။ သိန်းဃိုင်္ဌမင်းထံသို့။ တမန်စေရာတွင်။ရှင်မဟာ ရဋ္ဌသာရတည်းဟူသော ကဗျာ့ပါရဂူ။ ဆရာတဆူသည်။စီကုံးတော်မူ ပြီးပေးလိုက်တဲ့ဂါထာမှာ။ ဧရာဝတီ မတ္တရာ။မတ္ခရာ။ စမုန်။ ပန်း လောင်။ မူး....ဆိုတဲ့။ မြစ် ၇ စင်းကို။ သီတာ ၇ တန်ပြုလျက်။ ရွှေ ကြက်ယက်တောင်။တရွင်းခြေတောင်။ မင်းဂုံတောင်။စကြာတောင်။ တောင်တလုံးတောင်။ ခဝဲတောင်။ ပုညရင်တောင်ဆိုတဲ့။ တောင် ၇ တောင်ကို။ သတ္တရဘန်တောင်စဉ် ၇ ထပ်နှင့်။ စပ်ဟပ်ခိုင်းနှိုင်း၍။ မင်းဝံတောင်ကို။ မြင်းမိုရ်တောင်မင်းနှင့်။ ပုံခင်းနှိုင်းစာတယ်တဲ့။နို့ပြီး အမှူးအမတ်တွေကိုတော့။ စတုမဟာရာဇ်။လနတ်သား, နေနတ်သား,

မာတလိ,ဝိသုကြံ့နတ်တို့နဲ့ နှိုင်းခြင်း။ မင်းညီမင်းသားမင်းဆွေ မင်းမျိုးတို့ကိုတော့။ သုံးကျိပ်နှစ်ယောက်သောသိကြားငယ်တို့နဲ့ခိုင်းနှိုင်းခြင်း။ မင်းမိဘုရား ကိုယ်လုပ် မောင်းမတွေကို။ သုဇာတာ, သုစိတ္တာ,သုနန္ဒာ, သုဓမ္မာတို့နဲ့ ။ ဥပမာတင်ပြီး ယဉ်ယဉ်ကျေးကျေး။ ရေးသားစီကုံးတော်မူဘိသည်မျှားကိုလဲ။ သတိချပ်ပြီး။ ကဝိမြတ် သီတင်းသုံးတော်မူဘူးတဲ့ တောတောင် ချောက်မြောင်မျှားကိုလဲ။ နဲနဲလောက်ဖြစ်မကြီး။ ချီးကြူးထည့်သွင်းကြရမည်။ ။အနှီမှတခါ။ ဆရာသူမြတ်။ အဂ်ိယတ်ထိုးသည်မှာ။ အမျိုးဘာသာ, သာသနာတော်ကြီး အတွက်ဖြစ်ကြောင်း။ ငင်းနောက်တဘန်။ သံသရာကျိုးငှာ။ ဘာဝနာ ကမ္မဋ္ဌာန်း။ စီးဖြန်းအားထုတ်တော်မူကြောင်း။ စာပေ ပရိယတ်ကိုလဲ။ မပြတ်ပို့ချတော်မူကြောင်း။ ကျမ်းဂန်အများကိုလဲ။ ရေးသားစီရင်တော်မူကြောင်း။ ငင်း"ဂဠုန်ပျံဒီပနီဋီကာ"ကြီးမှာ။ ခမ္မသေနာပတိတွင်လောက်တဲ့ သာယာဝတီဦးညေယျ၏ ကွယ်လွန်လေရှာပြီးသောမယ်တော်ကြီး "ဒေါပါရမီ"လျှောက်ထား တောင်းပန်ဘူးသည်ကို။ အထူးအာရုံပြုကာ။ ဆရာရေးသားစီရင်သည်နှင့်အညီ။ ဤ"ဂဠုန်ပျံဒီပနီ ဋီကာ" ကျမ်းကြီးဖြင့်။ စုတိမနေ။ ကွယ်လွန်လေရှာပြီးသော "ဒေါပါရမီ"ကို သင်္ဂြိဟ်တော် မူလိုက်ကြောင်း။ အပေါင်းသော တပည့်မ တို့ကိုလဲ ထောက်မသမှု။ ကြည့်ရှုရန် တိုက်တွန်း လိုက်ရပေကြောင်း။ ငင်းကျမ်းကြီး ပြီးစီးတဲ့ ကာလမှာ။ သာသနဒါယကာမရှိတဲ့နောက်။ ၄၆နှစ်မြောက်ဖြစ်ကြောင်း။ အမျိုးသားနှေ့ ၁၁ ကြိမ်မြောက် ဖြစ်ပုံနဲ့ ။ ဂဠုန်တည်းဟူသော သူပုန်သကန်တို့။ မှုန်ဆန်တော်လှန်ဆဲ။ တော်လှန်တုန်းခေတ်ဖြစ်ကြောင်း။ ငင်းနောက်တဖုံလည်း။ ဂဠုန်ပျံကျမ်းကြီး ပြီးစီးအောင်မြင်တဲ့ ယခုနှစ်ယခုအချိန်။ ယခုအခါမှာ။ ကောဇာသက္ကရာဇ် ၁၂၉၃ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်။ နံနက်အရုဏ်မတက်မီ။ ၂ နာရီအရောက်။သောကြာနေ့ အဝင်တွင်။ အောင်မြင်ထမြောက်ကြောင်းစသည်ဖြင့်။ ဤမည်ဤမည်သောပုညဝတီ။ သုဝဏ္ဏဝတီ စသောတပည့်မတို့အား။ ပြောလားဆိုလားလုပ်ပြီး။ ကျုပ်တို့သည်။ အနှီသို့သောဂူထဲသို့။ လူမစဲခင်ပင်။ ဝင်တော်မူလေသတည်း။

ယင်းသို့လျှင်။ ယခင်အခါ။ ရတနာသိဿ်။ ပြည်မျှားတန်

ဆောင်။ ကုန်းတောင်ဆက် သဝေမထိုးမှီက။ နေမျိုးမင်းလှ ကျော်သူတဲ့ခံ၊ စာဆိုတော်မင်း ဦးယာသည်။ စဉ့်ကူးမင်း တောင်းပန်သောအားဖြင့်။ ရေးသားစီမံအပ်သော။ မင်းနန် ပျိုတွင်။ ။ "ကြက်သွေးလဲပြာ။ ကတ္တီပါတွင်။ ရွှေစာဝင်း မှည့်။ သုံးရစ်လှည့်၍။ သည့်အလယ်မှာ။ နီလာမျက်လုံး။ ရစ် ဖုံးမင်းစံ။ တောင်ပံပတ္တမြား။ နှုတ်ဖျားစိန်ကျောက်။ အ မောက် နဝရတ်။ နန်းပတ်စိုက်လည်။ ရွှေခြည်ထိုးလုပ်။ "ဂဠုန်" ရုပ်လျှင်။ ဆုပ်ဆုပ်နယ်နယ်။ ညာဘယ်ကိုင်လှား။ မြနဂါးကို။ ကစားသောဟန်"။ ။ဆိုသည်နှင့် အညီ။ အနှီသို့သော ဂဠုန်ပျံဗိမာန် ဌီကာ စာကိုယ်ကြီး။ ပြီးစီးအောင် မြင်သော ဟူ၏။

○ ○ ○ ○

ပုညဝတီစီကုံးအပ်သော ကဗျာနိဂုံး
လေးချိုးတော်ကြီး။

(သြော်) ဝရုံသံ, ချုံသံ,တမှုံမှုံ အသံတွေနှင့်နှော။.... ရဂုံ ကမ္ဘယံမှာ ကမ္မဋ္ဌာန်းသတိသုံးသူတို့က။ "ဂဋ္ဌုန်ပျံ" ကျမ်းနိဂုံးတွင်မှ။ ဥုံ, တခံခံမန်းမိလျှင် မမုန်းစေဘို့။ ဘန်းအမိ, ကတုံးတို့မှာဖြင့်။ တပြုံးပြုံး ဘတ်ပစေ။ (အိုကွယ်) နန်းရှိတုန်းဆီက။ မန်းကဝိတွေ သုံးသလိုပ။ ဘန်းစိစိဖုံးပါလို့ အဆုံးသတ်မလေ။ ။(သြော်)မြန်မာဘုံ အတွင်းတွင်ဖြင့်။ ရာဇဂုဏ်ယွင်းပေါ့ဟဲ့လို့။ တအာရုံ မသွင်းသာသနှင့်။ ချင်းတွင်းမြစ်ညာဆရာဆန်ခဲ့ပြီး။ အနာဂါမ်ခေတ်ဟာ,မပြောင်းမီပ။သကဒါဂါမ်ဖြစ်ပါလျှင် ကောင်းမှာ ပေါ့လို့။ အလောင်းတော်ကဿပတောတွင်မှ။ အပေါင်းအဘော်တွေကို အမှတ်တရရ မစောပြီလို့။ အနတ္တသဘော ဆင်ခြင်ပါသမို့လဲ။ ခင်သဟာ, မင်သဟာ, တချို့တချို့ကိုစောမိတဲ့ပြင်။ မထင်သာ မမြင်သာ အနို့လို သဘောတွေကြောင့်။ တတောထွက်ရှောင်။ တတောင်ရွန်းခဲ့တော့။ ရိုးအစွန်းတမှောင်မှောင် မြှောင်တွေကာတဲ့။ ဖိုးဝန်းတောင် ချောင်ဟေမာမဖြင့်။ အောင်ဇေယာကုန်းဘောင်ကမ္မဋ္ဌာန်းတွေနှင့်။ သျှောင်ကေမာလာ ထုံးယောင်မှလဲ မစမ်းနိုင်ဘု။... ရွှေဘို နေညိုတော့ လွှမ်းမိတဲ့ပြင်။.... အင်္ဂလိပ်တက်အလာမှာ မင်းစိတ်သက်သက် မပါလို့နွမ်းသူမဖြင့်။ မြန်းလျက်နော်ဒေသစာနှင့်။ မန်းစက်တော်, တနွေကြာတဲ့ပြင်။ ကမ္မဋ္ဌာန်းကျက်ဘော် ဘေဒါကေသာတို့နှင့်ပေါ့။ အကြေအညာမြို့ရွာအပေါင်းတွင်ဖြင့်။ အနေသာယာ ငတို့ အညာထက် ကောင်းတယ်လို့။ ကြည်းကြောင်း တောအညာ ရဂုံ အတွင်းဆီက။ ချီးသောင်း သြဘာ ထောမနာဂုဏ်သတင်းတွေကြောင့်။....(သြော်) တဖုံအတင်း။ ဂဋ္ဌုန်သီချင်းတွေနှင့်။ သထုံ ဆင်းခဲ့ပြီး။.... ဇင်းကျိုက်မှာ တဝါဆိုမိတော့။ ခမျာထိုထိုကျုပ်ဒကမအပေါင်းတို့နှင့်။ ဘာလိုညာလို ဒုက္ခအကြောင်းတွေကြောင့်။ ဝနာတခို မုတ္တမ ပြောင်းပါလို့။ တဆောင်းလုံးပင် နေသရော်တည့်။ တေဇော်တလှိုင်လှိုင် ပြောင်သမိုင်းတွေနှင့်။ ရွှေမော်လမြိုင်, အချောင် စိုင်းခဲ့ပြီး။ တောင်ဝိုင်း, တောင်ညိုညိုမဖြင့်။ ချောင်ခိုကာ ရှောင်ကိုဘမ်းရာက။ တဘောင်အဆို

လှမ်းသလို မဟန့်တဲ့ပြန်သနှင့်။ တဘန်လှဲ့ကာ အလိုက်အထိုက်ရှူးမဟဲ့လို့။ သိုက်တူးကာဆရာပျော်သမို့လဲ့။ ဇာတာတော်စနေဂြိုဟ်အတွက် ပေထင့်။ အညာမနော် မအေအိုကလဲ တဘက်ကဲ့ပြင်။ အသက်သင် ဆရာ့တွေးရတဲ့။ "မလေး" ညာနေသူက။ ဗျပါပွေဆူ ကလေးဖအေ့သွားကာမှ။ အသပြာငွေပူကြေးတွေကလဲ များတာနဲ့။ လှဲန္ဒားပါ အကုန်ပြောင်တဲ့ပြင်။ ဝရုံတောင် ယာတခင်းကိုဖြင့်။.... (ဩော်) မရသာ, ရသာ။ ခဏခဏလာလာပြီး။ ညညမှာညှင်းပြန်သနဲ့။ ကျမမှာ တလသာသာက။ ဘုရာ့ဒကာနှင်းရတဲ့ပြင်။....(ဩော်)အရှိန်သေးတော့။ အခါနိမရွေးမူရ၍။ အိမ်ကလေး တမှောင့်လာကာ ကျောင့်ဒကာကလဲ အတင်းပေမို့။ မငြင်းနိုင်အကုန်အပ်ရပေါ့လို့။အနဲ့ဇာတ်တဘန်ကြားပြန်သနဲ့။ ပြန်သွားကာအလုံကျပြန်တော့။ ကဆုန်လမှာ အိမ်သူမမာသနှင့်။ တကြိမ်ပူစရာ ဝါခေါင်လမှာပေါ့။ ဘာဝနာကောင်မ,ခမျာ တင့်ငွေ့ မီးတွေနှင့်။ မသာတောင်ချကာ။ ရသေ့ညည်းရတဲ့ပြင်။ အမေ့မြီးတွေ့ အမေသာကြည့်ရစ်ပေတော့။ ပြေရွာလှည့်ကာ ဘာသာလဝါ, နေမပေါ့ရယ်လို့။ ကန်တော့ကာ ခွင့်ပန်လို့ ကြားလိုက်တော့။ အနှော့ကွာ မသင့်ပြန် တကားရယ်လို့။.... သေမလို မအေအိုကတားလျက်ကနှင့်။ မသွားလျင်မနေသာတဲ့။ အကြေအညာ ရွှေမြန်မာ (၂)တိုင်းတွင်ဖြင့်။ ဟောမဝါသေလာ သမိုင်းတွေနှင့်။....ဒဂုန်, မန္တလာ စုန်ကာဆန်ကာ စိုင်းရပါတော့။ ကိုင်းအနို့သံဝေဠာဏ်တွေပေနော်ကွယ်။ ကသိဏ်းအဘို့။ စကိုင်းပို့လိုက်ပါတဲ့။ "မှိုင်း"တို့ကံပေ။ ။အလှည့်ကျ, အလှည့်ကျ,အထွေထွေ ကာလေန, ပေပေါ့။ တပည့်မတွေ့ လာလေလာလေသမျှကိုဖြင့်။ အစိအဌပေစာတွေပေတွေ ချတဲ့ပြင်။ တခါတလေ ညမှာတော့ တရားဟောရချေ။ ဩော် မယားသောက, သားသောကတွေသို့ ခဏတမှိတ်,မအိပ်ခင် ကမ္မဋ္ဌာန်း။ (အိုကွယ်) အများသော ဒကမတွေကြောင့် ဆရာ့စိတ် ပင်ပန်း။ ။နှမ်းလျက်ပေကွာ။ ပန်းလျက်ဖြေမသာနှင့်။ ပြေရွာ မကြည်လှမ်းခါနီမှ။ ရွှေသာယာ,ဝတီစခန်းဆီက။ တဆန်းတကြယ်လွတ်မြောက်ရေးကိုဖြင့်။ နားမဝေးစရာ အားပေးကာ ပြပေတဲ့။ ဓမ္မကထိက, အကျော်အမော်, သားတော် ရဟန်းမှာလ။ ထောင်တမ်းရာဇဒဏ်ကြောင့်။ ခန္ဓာသဏ္ဌာန်အသည်းအိမ်ခြောက်အောင်ပ။ ဗျာ

ပါအလျှံ မီးရှိန်တောက်ရှာသနဲ့။ မဟာဆန်ဆန် တနည်းဝတိန်,စည်း စိမ်နှင့်မောက်ကရော့မယ်လို့။ ကံမှောက်ခါ အသေစောရှာတဲ့။ ကဝေနှမြောစရာ "ဒေါ်ပါရမီ"ကဖြင့်။ မခေါ်သာပြီ ယင်းထိုအ ခိုက်တွင်မှ။ တော်အရာပီပီ သင်္ဂြိုဟ်လိုက်မဟဲ့လို့။ အလိုက် အထိုက် အစုံကြံလို့မို့။ ကတိုက်ကရိုက် တဖုံဖန်ရတဲ့။ "ဂဋ္ဌုန်ပျံ" ဆိုတဲ့ ကျမ်းဟာက။ သူပုန်သကန် ထိုတလှဲ့ကြမ်းချိန်နှင့်။ ပဟိုရ်နဲ့ နန်း အရာကျပါလို့။ မြန်မာမျာ့အခါ တညစ်ညစ်နဲ့ဆွေးအောင်ပ။ သာ သနာ့ ဒါယကာ ဓမ္မရာဇ်ဝေးရတဲ့။ "နှစ် လေးဆယ် ခြောက်ခု"စွန်း တဲ့ပြင်။ အနောက်တုထွန်းသူ ကျောင်းတော်သားတွေရို့။ ၎င်းမတော် မတရားတွေကို အကုန်ရှင်းမပေါ့လို့။ သတင်းဟိတ် ကောင်းတဲ့။ အင်္ဂလိပ်ကျောင်းတွေကို။ အတင်းသပိတ်မှောက်လို့ "ဂျောင်း"ကြ တဲ့။....အလွှဲအချိန်မှာ ဆဲ့တကြိမ် အပြောင်းပေပေါ့။ ကောင်းဘို့ ဗြဟ္မာစောင့်ပေမည့်။ တထောင့်, နှစ်ရာ, ကိုးဆယ်, သုံးမှာလ။ဖြောင့် သဒ္ဓါအမျိုးအနွယ်တို့ထုံးရယ်နဲ့။ မီးပုံးပူဇော်ကြတဲ့ပြင်။ဓမြတောင် ဟော်တယ်တက်ချင်တဲ့။ လ, တန်ဆောင် ကျော်ဆယ်ရက်တွင်မှ။ ပူးစက်, ပြောင်ကြည်စွာဖြင့်။ ရောင်နီမလာခင် နေ့စက် ၂ ပဟိုရ် အရွန်းတွင်မှ။ တောင်ဒီပါတခွင် ရသေ့ တက္ကသိုလ် အစွန်းရယ်နှင့်။ အရှေ့ဘက်ထိုတဝှန်းမှာ တဂုဏ်လျှံ ဘို့။ ဥုံအရဟံ သိဒ္ဓိလမ်းတွေနှင့်။ "ဂဋ္ဌုန်ပျံ" နိဋ္ဌိတမ်းပြီမို့။ ဥဒါန်းကမ္ဘာတွင်ဘို့။ ဆုပန်း, ပတ္ထနာ ဆင်ရော့မကွဲ့။ မကြာမကြာပင် သတိမဝေးပါဘု။ တပည့်အေးစရာ အခြေငန့်ပုံက။ မိတေးယျာ နေရဗန့်ပေပေါ့။ ရွှေကန့်ဂေါ် ပလ္လင် ဦးတွင်မှ။....သြော် စက်ရတနာ အစုံကို။ အခက်, အရွက်, အညှာ အငုံတွေနဲ့။ လက်ကြာမုံဖူးလို့ရယ်ကွယ်။ (အမယ်မင်း) မိတ်အထူး ရှေးသိကြတဲ့။ ရှိရှိသမျှသော ဒကမ,သီလဝန်ဘန်းတို့နဲ့။ စိတ်ကူးတွေး မိသမျှဖြင့်။ ကဝိသမဏတည်းဟူသော ပရမ,ထေရ်မွန် ရဟန်းသာပ။ (အို အမျှပေးထိုက်တဲ့မလေးရဲ့)ဘိက္ခူးဇော် ဘဝဖြင့်အမတ,သီဝံမှန်း။

(ယင်းသို့လျှင်။ အကြင်အလုံ ဒကမတည်းဟူသော ပုညဝတီ၏။ ဤမည်သော "ဂဋ္ဌုန်ပျံဒီပနီဋီကာ"ကျမ်းကြီးအဆုံး။ စီကုံးအပ်သော ကဗျာ။ မဟာလေးချိုးတော်ကြီး အဆုံးတွင်။အားလုံးသောတပည့်မ တို့က။ ပဏိတ, ထောမနာဖြင့်။ သြဘာသာဓု။ ပြုကြသောဟူလို)။

ထိုသို့သောကဗျာနိဂုံး။ဆုံးလျှင်ဆုံးခြင်း။ဝင်းဝင်းလှလှနှင့်ဖြူသော။ ဟင်္သာတသူမ။ မူလကပင် တကယ်ချန်တဲ့။ မယ်သုဝဏ္ဏဝတီက။ အနှီသို့သော ဂါထာနိဂုံးဖြင့်။ အဆုံးကမ္ပတ်။ အပြီးသတ်ပုံမှာလည်း။ အောက်ပါအတိုင်းပင်တည်း။

သုဝဏ္ဏဝတီ-စီရင်အပ်သောဂါထာနိဂုံး။
ဣမာပန-နိဂမန ဂါထာယော။

(၁) သာနုပဗ္ဗတ ဂူဟာသု။
ပရမ္မု ပရိ ဟေဋ္ဌိမေ။
ဒိဋ္ဌဓမ္မိက အတ္ထာယ။
အဂ္ဂိယတ်, ကမ္မကာရဏေ။

(၂) သမ္ပရာယိက အတ္ထာယ။
ဘာဝနာဒ္ဓယ ယုဉ္ဇနေ။
နာနာ, ပကြဏ ဝါစာယ။
"ဒေါင်းဋ္ဌီကာ" အာဒိကာရဏေ။ ။

(၃) ဣစ္စာဒိ ဝါသနာ ဝါသော။
ဗဟုပ္ပကာရ ကာရကော။
ယောဂါဝစရ အာစေရော။
"မစ္စတာမောင်မှိုင်း" တိ-ဝိဿုတော။ ။

(၄) နိပုဏစ္စိတြ ဂမ္ဘီရ။
မုဉ္ဇန ဓမ္မ ဘာသိနော။
ဓမ္မက္ကထိက ထေရာနံ။
ဥက္ကဋ္ဌဿ မတီ မတော။ ။

(၅) "သာယာဝတီ, ဦးညေယျဿ"။
မာတု မစ္စု ဝသံ ဂတ။
"ဒေါ်ပါရမီ" ပဘူတီနံ။
တတ္ထ တတ္ထ နိဝါသိနံ။ ။

(၆) သင်္ဃတ္ထာယ ပူရေတ္ဝာ။
သာဝိကာနံ မနောရထံ။
ဧဝံ ဝိရစိတော ပုဏ္ဏံ ။
"ဂဠုန်ပျံ, ဒီပနီ" ကျမံ။ ။

(၇) မရမ္မ ဝိသယေ ရဋ္ဌေ။
ဒီပနီ-သာသနုဂ္ဂဟာ။
ဂြိမဟာ ဓမ္မရုစာ,ပ-
ဂတ ကာလာတိ ဒုက္ခံ တေ။ ။

(၈) ဆစ္စတ္တာလီသမေ, ဝဿေ။
အင်္ဂလိသ, ဂိရုဂ္ဂဟာ။
ဝဋ္ဋ ဇယန် ဝံသာဟေ။
ကော ဒသမ သင်္ဂမေ။ ။

(၉) ဂရုဋ္ဌာနံ သမုပ္ပန္နေ။
ကာလေ နေတ္တ နဝဒ္ဓိက။
သက္ကရုဇေ ကတ္တိကာယ။
ကဏ္ဍပက္ခေ ဒသာဟကေ။ ။

(၁၀) သုက္က ဝါရေ ဒွိနာဋ္ဌိယံ။
နိဋ္ဌင်္ဂတာ အနာကုလံ။
ပဿန္တု သုဋ္ဌု ဓါရေန္တု။
သုတေသီ ဝုဒ္ဓိ ကာမိနော။ ။

(၁၁) သာသနဿာဂ ဝဟော ဘိက္ခု။
တေနဟံ ဘဝေ ဘဝေ။
"မေတ္တေယျော" ဘိက္ခု ဘာဝေန။ ။
ပပ္ပေါမိ ပဝရံ သိဝန္တိ။ ။

(ဤနိဂုံး ၁၁ ဂါထာတို့တွင်။ ပဋ္ဌမမြောက် ဖြစ်သော "သာယာဝတီ ဥဒ္ဒေယျ" တဂါထာသာလျှင်။ "ပဋ္ဌမ,မကာရဝိပုလ" ဂါထာဖြစ်၍။ ကြွင်းသော ၁၀ ဂါထာတို့မှာ။ "ပတျာ ဝတ္တ ဂါထာ" ချည်းဟူ၍ မှတ်ပါ။ ။ဤကား အမှာ။ ဝါ။ စကားချပ်)။

ဤမာပန၊ အလိုခံ့ခံ့။ ချိုချိုပျံ့ပျံ့နှင့်။ ဤဆိုလတ္တံ့တို့သည်
ကား။ နိဂမနဂါထာယော၊ ကျမ်းပြီးကျမ်းဆုံး။
ဘန်းကြီးဖုံးသကဲ့သို့သော နိဂုံးဂါထာ
တို့ပေတည်း။

(၁) မရမ္မုပရိဟေဋ္ဌိမေ၊ မြန်မာပြည်အထက်အောက်၌။ ဝါ။ သုနာပရန်။ တမ္ပဒီပ။ ရာမညဟု။ ကမ္ဘာ့သရဖူ။ တနန်းထူခဲ့တဲ့။ ပြူတို့ဌာနေ။ မြန်မာပြေ၏။ အညာအကြေ၌။ ဝါ၊ ထီးနဲ့ နန်းနဲ့။ စည်းနဲ့ ကမ်းနဲ့။ စခန်းမန္တဲမူ၍။ မန်းအလှဲ့အခါကျအောင်။ တဌာန တမျှုံ့ သာခဲ့တဲ့။ တို့ဗမာ, အထက်အောက်၌။ သာနုပဗ္ဗ တဂူဟာသု၊ ဖြားနှင့် ဂနိုင်။မြှိုင်နှင့် ရဂုံ။ စုံနှင့် ဟေဝန်။ဟေမန်,ဟေမာ။ရိပ်သာဆိုင်းဆိုင်း။ အင်တိုင်းစေးပျစ်။ တောခေတ် ချောင်စဉ်။ မြောင်အဝင်တွင်။ တောင်လျဉ်တောင်ဝှမ်း။ တောင်ခါးပန်းနှင့်။ တောင်တန်းတခွင်။ဥမင်, လိုဏ်,ဂူ။ အဆူဆူတို့၌။ ဒိဋ္ဌဓမ္မိက အတ္ထာယ။ ဒိဋ္ဌဓမ္မ။ ပစ္စက္ခအကျိုးငှါ။ ဝါ။ ပစ္စုပ္ပန်မျက်မှောက်။ ဇမ္ဗူတပြန့်။ လူအနှံ့။ ကူပံ့ထောက်၍။ ရောက်အံ့ မြောက်အံ့သောအကျိုးငှါ။ အဂ္ဂိယတ် ကမ္မကာရဏေ.... အဂ္ဂိယတ်ကမ္မကာရဏေန၊ ဝိဇ္ဇာတပသီ။ ဘေဇော်ဂျီတို့။ ဝသီအလို။ ဖိုသံရှူးရှူး။ တဖြူးဖြူးနှင့်။ အရူးတို့ခေတ်။ ထူးလို့-သစ်ချင်သနဲ့ မဖြစ်လျှင်ကြေ။ ဖြစ်လျှင်သေတဲ့။ လူလေအတတ်။ ကျူငွေညှပ်ဖြင့်။ အဂ္ဂိယတ်အလိုတမျိုးတည်းဟူသော။ ဖိုထိုးရင်းနိတ်ဟ, နိတ်ဟ,ဆိုတဲ့ ကိစ္စတော်ကြီးဖြင့်လည်းကောင်း။

(၂) သမ္ပရာယိက အတ္ထာယ၊ တမလွန်သင်္သရာ။ ဝင်္ကာဘာ၌။ မင်္ဂလာစီးပွား။ အသီးထွားလျက်။ ကြီးမားခြင်းအကျိုးငှါ။ ဘာဝနာဒွယယုဥ္ဇနေ၊ ဘာဝနာဒွယယုဥ္ဇနေန၊ သမထ, ဝိပဿနာ, ဘာဝနာနှစ်ပါး။ ခါခါပွားလျက်။ များများကြီး အားထုတ်ခြင်းဖြင့်လည်းကောင်း။ နာနာ ပကြဏ ဝါစာယ၊ အထူးထူးသော ကျမ်းဂန်။ ကမ္မဋ္ဌာန်းသံ, ဘန်းသံတွေနဲ့။ ဂန္ထန္တရ-စာပေတို့ကို။ တဝါတလေမက။ ကာလေနဖြင့်။ လာလေ လာလေသမျှသော- တို့ဒကမတို့အား။ ပို့ချတော်မူခြင်းဖြင့်လည်းကောင်း။ "ဒေါင်းဋီကာ" အာဒိကာရဏေ

"ဒေါင်းဋီကာ" အာဒီကာရဏေန၊ အပေါင်းပြည်ရွာ။ ကောင်းကြည်သာဘိုရာဖြစ်သော.....။

(၁) ဒေါင်းဋီကာသစ်။
(၂) ဒေါင်းဂဏ္ဌိ။
(၃) မျောက်ဋီကာ။
(၄) မျောက်ဂဏ္ဌိ။
(၅) ခွေးဋီကာ။
(၆) ဗိုလ်ဋီကာ။
(၇) ဆောင်းပါးပေါင်းချုပ်ကြီး။
(၈) ဓမ္မစေတီဝတ္ထု။
(၉) အီနောင်-နန်းတွင်းဇာတ်တော်ကြီးသစ်။
(၁၀) ပဂူးရာဇဝင်-နန်းတွင်းဇာတ်တော်ကြီးသစ်။
(၁၁) ပြင်ဆင် ဖြည့်စွက်ချက်နှင့် တကူသော။ ကေသာသီရိ.... နန်းတွင်းဇာတ်တော်ကြီး။
(၁၂) ဦးထွန်းရှိန်-ချပ်ခဲ့ဋီကာ။
(၁၃) စုံနံ့သာမြို့ဝင်ဋီကာ။
(၁၄) ဆယ်ကုဋ္ဌေကျော်ဋီကာ။
(၁၅) ကြာဋီကာ။
(၁၆) အာဒါသ မုခ ဒီပနီကျမ်းဟောင်း။
(၁၇) မြန်မာစာ ညွှန့်ပေါင်း ကျမ်း၏ "အရမ်း ကာရဝိသောဓနံ"။
(၁၈) မစ္စတာမောင်မှိုင်း မှာတော်ပုံ-ပဋ္ဌမတွဲ။
(၁၉) ၎င်း....ဒုတိယတွဲ။
(၂၀) ၎င်း....တတိယတွဲ။
(၂၁) စုန်တော်မူ မှာတမ်း။
(၂၂) စကိုင်းပြန် မှာတော်ပုံ။
(၂၃) ဘဒ္ဒိုင်းကောက်ဋီကာ။
(၂၄) လက်မှုပညာဋီကာ။
(၂၅) အဝ-နန်းတော်။
(၂၆) မော်လမြိုင်ရာဇဝင်ဝတ္ထု။

(၂၇) ကဗျာသာရမဋ္ဌူ။
(၂၈) ဦးပုညမေတ္တာစာအဖြေ။
(၂၉) စကိုင်း,ပေါ်လိတစ်။
(၃၀) အနုသာသနဆုံးမစာ အဖြေ တည်းဟူသော-ဂမ္ဘီသာရဋီကာ။

အစရှိသော ကျမ်းတို့ကို။ ကြိုးပမ်းသမှု။ ပြုစုတည်ထွင်။ စီရင်တော်မူခြင်းဖြင့်လည်းကောင်း။

(၃) ဣစ္စာဒိဝါသနာ ဣစ္စာဒိဝါသနာယ၊ဤသို့အစရှိသော ယောဂီအာရုံ။ ဝါသနာအထုံဖြင့်။ ဝါသော၊ အခြေခိုင်ခိုင်။ သွေမရိုင်တဲ။ နေထိုင်ပျော်မွေ့လေ့ရှိသော။ ဗဟုပ္ပကာရကာရကော၊ ဇမ္ဗူ့ဌာန မြန်မာတကြောဌ်။ ခုအခါသမယ- တခါလောတဲ့ပြီး။ ငါတကော- ကောစရာ။ ဟောကာ ပြောကာနှင့်။ များစွာမှ သွေးနှူးပြီး။ ကျေးဇူးပြုတတ်သော။ မစ္စတာမောင်မှိုင်းတိ- ဝိဿုတော၊ မစ္စတာမောင်မှိုင်း, မစ္စတာမောင်မှိုင်းနှင့်။ တောင်တိုင်း, တောင်တိုင်း။ ချောင်သမိုင်းတွေနဲ့တကွ။ တိုင်းပေါ်ပြည်ပေါ်။ အမည်ခေါ်လျက်။ ထင်ပေါ်ကျော်စောတော်မူသော။ ယောဂါဝစရအာစေရော။ လောကီကိုခွါ၍။ တောဆီလာခဲ့သော။ ယောဂီဆရာသည်။

(၄) နိပုဏစ္စိတြဂမ္ဘီရ-မုဋ္ဌနဓမ္မဘာသိနော၊သိမ်မွေ့ဆန်းကြယ်။ တကယ်နက်နဲ။ ဝက်ဝက်ကွဲအောင်။ ခက်ခဲလှသော ဝဋ္ဌ ပေါက်မှ။ လွတ်မြောက်ရေးသဘောများကို။ ဟောကြားပြသ။ လူဗိုလ်အလုံးကို။ ဆိုဆုံးမတော်မူလေ့ရှိသော။ ဓမ္မကထိက, ထေရာနံ၊ ဓမ္မကထိက။ ကဝိ-သမဏတွေဟု ဆိုအပ်သော။ ရှိရှိသမျှအဘွဲ့ဝင်။ မထေရ်ရှင် တို့၏။ ဥက္ကဋ္ဌဿ၊ ဦးကိုင်ဦးစီး။ အကြီးလုပ်ရ-ခုပ်ရတဲ့ ဒုက္ခတွေနဲ့။ ဥက္ကဋ္ဌ ဖြစ်တော်မူပေသော။ မတီမတော၊ လူတို့အလိုက်။ စရိုက်စဉ်လာ။ နဝင်သာအောင်။ ပညာသတိ၊ ရှိကြီးရှိတော်မူပေသော။

(၅) သာယာဝတီ, ဦးညေယျဿ၊ ဘာမထီ- ညာမထီ။ တသာကီတည်းဟူသော "သာယာဝတီ, ဦးညေးယျ"၏။ မာတုမစ္စုဝသံဂတ- ဒေါ်ပါရမီ,ပဘူတီနံ၊ မယ်တော်ဖြစ်လျက်။ ခေတ်ပျက်နယ်ကျ်။ အရွယ်မွန်နှင့်။ ကွယ်လွန်လေပြီး။ နတ်ထီးဘုံပျံ။

ပြောင်းလွှဲစံသား။ ကျင့်မှန်လျော်ပြီ။ တော်အရာပိပေတဲ့။ "ဒေါပါ ရမီ"အစရှိကြကုန်သော။ တတ္တတတ္ထနိဝါသိန်၊ ထိုထိုတောတောင်, ချောင်မြောင်ဂူတွင်း။ လူရှင်းရှင်းခွဲ။ မူရင်းအထိုင်း သီတင်းသုံး နေထိုင်ကြကုန်သော။

(၆) သာဝိကာန်၊ ရှိရှိသမျှ။ သိသိသမျှသော။ တပည့်မတို့၏။ မနောရထံ၊ မမှန်းသလို။ ပြုံးချိုချိုနဲ့။ နှလုံးအလိုကို။ ပူရေတွာ၊ မကြောင့်မကြ။ မတောင့်တဘဲ။ ပြည့်ဝအကုံ။ စုံလင်စေ၍။ သင်္ဂဟတွာယ။ သင်္ဂြိဟ်ထောက်ပင့်။ မြောက်မြှင့်ကူပံ့ခြင်းငှါ။ ပုဏ္ဏ၊ သဘောအဟုတ်။ မနောဟုတ်တဲ့။ လောကုတ်လောကီ။ နှစ်လီဉာဏ်။ လွန်ပြည့်စုံသော။ ဣမံ- ဂဠုန်ပျံဒီပနိ။ "ဂဠုန်ပျံဒီပနီ"။ သညီသာလျမ်း။ ဤဋ္ဌီကာကျမ်းကို။ ဝေ၊ အနှီကဲ့သို့လို။ ဆိုအပ်ခဲ့ပြီးသောတရား သဘင်။ စကားအစဉ်ဖြင့်။ ဝိရစိတော၊ အရှည်မငင်။ တမည်ထင်လျက်။ စီရင်ရေးသားတော်မူလေပြီ။

(၇) သာဒီပနီ၊ထို"ဂဠုန်ပျံဒီပနီ"။ဘုံမြန်ပြည်၏။အနှီသာခမ်း။ ဋ္ဌီကာကျမ်းသည်။ မရမ္မဝိသယောရင်္ဂေ။ မြန်မာ့တိုင်းသူ။ ရှင်လူရဟန်းတို့။ ငြိမ်းချမ်းသာယာ။ မင်္ဂလာမူ။ ဇေယတုဖြင့်။ အောင်ဆုသာကြည်။ ပမာတည်ခဲ့သော။ မြန်မာပြည်၌။ သာသနနုဂ္ဂဟကြိမဟာဓမ္မရာဇာပဂတကာလာတိဒုက္ခိတော၊ သာသနဒါယကာ။ သာသနာပြု။ သမုတိထုံး။ မင်းအဆုံးဆိုတဲ့။ ဘုန်းကြက်သရေတော်ရှိသော၊ လောကိရာဇာ။ မဟာဓမ္မရာဇ်။ မင်းစစ်မင်းဖျား။ မင်းတရားတို့မှ။ ကင်းငြားကွာလှမ်း။ တိုင်းခမ်းပြည်သူ။ ဆာပူဝမ်းနဲ့။ လွန်ဆင်းရဲခြင်းသို့ ရောက်သောကာလ။ ခါသမယဟုဆိုအပ်သော။

ဤအနက်ကား။ ပြည်ပျက်ခါစ။ ဆီးဘန်နီဆရာတော်ဘုရား။ ရေးသားတော်မူသည်၌။

"တဖန်မှတ်စေ။ ထပ်၍ဖြေပိမ့်။ သံဝေရမူ။ ရှေးကပြုသည်။ ရတုဘိုးထိုက်။ ကေပိုဒ်ကို။ လိုက်၍ဖြေပေ။ ညာဏ်ကဝေတို့။ ဖြစ်လေရှေးက။ ကောသလ၏။ သုပိန္နဇာတ်။ အတ္ထုပ္ပတ်နှင့်။သတ္တဝါကြမ္မာ။သခ်ါရတရား။နွားလားရှေ့ဆောင်။ ပမာမြောင်၍။ မင်းခေါင်ကိုသာ။ ပြစ်ချာဖန်ဖန်။ ဆိုပြန်ဘိသည်။ ထိထိပါးပါး။ စကားဖောက်လှဲ။ ကိုယ်ကိုလှဲလည်း။ မလွဲ

စသာ။ ဤအရာမှာ။ ပမာထင်ထင်။ ကဗျာတင်မူ။ ပေါက်ပင်ကိုင်းညိတ်။ ဗျိုင်းနိမိတ်ကို။ ဖိုလ်ဟိတ်စပ်ခါ။ ဟပ်၍ရှာမူ။ သတ္တဝါဘူဇဂ။ ချင့်မူလကို။ သိရသောနှယ်။ မလွတ်ဘွယ်တည့်။ နှယ်မာလောညွှန့်။ ဆင်ချေကွန့်လည်း။ မလွန့်စသာ။ အကြောင်းမှာကား။ငယ်စွာနုမျစ်။ ကျလိုမြှစ်သို့။ မြေးမြစ်အလား။ မင်းနှစ်ပါးတို့။ တိုင်းကားနှင်းထပ်။ ကိုယ်,ကိုအပ်၍။ ပညပ်စေကြောင်း။ မှူးမတ်ပေါင်းအား။ ဆိုးကောင်းအရေး။ လွှဲအပ်ပေးလျက်။ တရွေးတရတီ။ တဗီဇနာ။ တမြူလွှာမျှ။ ရသာအထူး။ ဂုဏ်ကျေးဇူးသည်။ မှူးမတ်ထံမှ။ မခံရရှင့်။.... သိဃ်တန်ဆောင်။ ဘုန်းတော်မှောင်၍။ ကုန်းဘောင်နေမီး။ မထိန်ညီးက။ တိုင်းကြီးပြည်ကြီး။ အချီးနှီးတည့်။ ထီသုဉ်း, နန်းသုဉ်း။ မြို့သုဉ်းသုည။ သုံးသုံးဝဖြင့်။ သုညရလစ်။ သုညခေတ်ဝယ်။ ဖြစ်လာရလေ။ တို့တတွေသည်။ ။သေသော်မှတည့်-သြော်ကောင်း၏။

ဟူသော ဧကပိုဒ်တမ်းချင်းကဗျာ။ အလင်္ကာနှင့်အညီ။ ရေးအပ် ပေးအပ်သဖြင့်။ လေးမြတ်အပ်သော။ အတ္တယောဇနာပေတည်း။

(ဂ) ဆစတ္တာလီသမေဝဿေ။ အရေးနွဲ့နွဲ့။ ဝေးသတဲ့ ဟု ဆိုအပ်သော။ ၄၆-နှစ်မြောက်၌။ အင်္ဂလိသဂိရှဂ္ဂဟဝဇ္ဇဇ္ဇယင်္ကစံသာဟေ။ သနင်းတံဆိပ်။ သတင်းဟိတ်နှင့်။ အင်္ဂလိပ်အခါတွင်ကောင်းရော့ဟဲ့ ဆိုတဲ့။ အင်္ဂလိပ်ဘာသာ စာသင်ကျောင်းတို့ကို။ ကောင်းကောင်းကြီး စိတ်ပေါက်ပြီး။ မထိတ် မကြောက်။ အတိတ်ကမောက်ခဲ့တဲ့။ သမိတ်မှောက်ရာဇဝင်။ အောင်မြင်ခြင်း အထိမ်း အမှတ်နှင့်။ ကိန်းတရပ် အခြေထွင်ခဲ့သော။ "National Day" နေရှင်နယ်ဒေး။ ကောင်းရေးကောင်းရိပ်။ ကောင်းနိမိတ်နှင့်။ ကောင်းဟိတ်မင်္ဂလာ။ စဉ်လာတိုးပွား။ အကျိုးများသည့်။ အမျိုးသားပွဲနေ့ကြီးသည်။ ဧကာဒသမသင်္ဂမေ။ အလှဲ့အချိန်။ တွဲ့မမှိန်ဘဲ။ ၁-ကြိမ်မြောက်။ ၎င်းအခါ။ ဒေါင်းမြန်မာ။ ကောင်းစွာရောက်လတ်သော်။

(ဇ) ဂရှဋ္ဌာနံ၊ ဂဋ္ဌုန်တည်းဟူသော သူပုန်သကန်။ မြှောင်တခိုနှင့်။ တောင်ညိုစံတို့၏။ သမုပ္ပန္နကာလေ။ ဖြစ်ပေါ်မှုံဆန်။ တဂုဏ်ခံ၍။

ပုန်ကန်တော်လှန်ဆဲ။ တော်လှန်တုန်းခေတ်ဟု ဆိုအပ်သော။ နေတ္တ, နဝ, ဒုိက, သက္ကရာဇေ။ မြန်မာ့ဝေါဟာ။ ကောဇာသက္ကရာဇ်။ တခေတ်တနှောင့်။ အဖြစ်မျှောင့်တဲ့။ ၁၂၉၃ ခုနှစ်၌။ ကတ္တိကာယ ကဏ္ဍပက္ခေဒသာဟာကော။ ကျီးညိုတာရာ။ ကျတ္တိကာနှင့်။ ပြိုင်လာထွန်တုန်း။ လူမီးပုန်းဖြင့်။ တန်ဆောင်မုန်းလ။ သော်တာ့ အထွက်။ ကျော် ၁၀ ရက်၌။

(၁၀) သုက္က ဝါရေ။ နောက်လာတပြေ့တို့။ ကြောက်စရာမတွေ့နိုင်တဲ့။ သောကြာနေ့၌။ ဒုိနာဋီယံ။ နေ့စက်အခါ။ ၂-နာရီအချိန်၌။ ဝါ။ အရုဏ်ငွေ့နှင့်။ နေ့စက်အလို။ နှစ်ပဟိုရ်ဆော်ရွှမ်း၍။ အပျိုတော် ဒေါ်စန်းတို့နှင့်။ သြော် လွမ်းဘို့ကောင်းသောအချိန်၌။ အနာကုလံ။ တထောင့်တကုက်ကမှ။ အနှောင့်အယှက်မရှိမူ၍။ နိဋ္ဌင်္ဂတာ။ ပြည်ကြီးပခုံး။ တနည်းရုန်း၍။ ပြီးဆုံးခြင်းသို့ရောက်ကပြီ။ တံ၊ ထို ဂဠုန်ပျံဒီပနီဋီကာကို။ သုတေသီ၊ သုတပညာအဖြာဖြာကို။ ဖွေရှာဆည်းပူးလေ့ရှိကုန်သော ဝုဇ္ဈိကာမိနောတ၊ သီးတခြား။ နည်းအများဖြင့်။ ကြီးပွားခြင်းကို အလိုရှိကုန်သော။ ထိုထို တပည့်တို့သည်။ ပဿန္တု။ ကဝိအာတု။ သတိပြု၍။ ကြည့်ရှုကြပါစေကုန်သတည်း။ မာရေန္တု။ အနှောင်ကိုဖျက်။ အခေါင်တက်မည်ဟု။ ဆောင်ရွက် မှတ်သားကြပါစေတမံ့။

(၁၁) အဟံ။ "မစ္စတ္ဘာမောင်မိုင်း"ဟု။ တိုင်းကျော် ပြည်ကျော် အမည်ခေါ်တဲ့။ တပည့်တော်သည်။ ဇောန၊ "ဂဠုန်ပျံဒီပနီ"။ သည်သာလျှမ်း။ ဤဋီကာကျမ်းကို။ ကြီးပမ်းသမှု။ ပြုစုသကို။ ဤကုသိုလ်ကြောင့်။ ဘဝေဘဝေ။ သံသရာခေတ်။ ဖြစ်လေသမျှ။ ဘဝတိုင်း ဘဝတိုင်း၌။ သာသနဇ္ဈာရဝဟော။ သာသနာတော်ဝန်ကို။ အားသွန်ကြိုးပမ်း။ ထမ်းရွက်ရသော။ ဘိက္ခု။ လင်္ကာပေသလ။ သိင်္ဂာကာမ။ အာစာရဖြင့်။ မဟာသမဏလမ်းမြောက်တဲ့။ ရဟန်းတော်သည်။ ဟုတ္တာ၊ တကယ်စင်စစ်။ ဖြစ်ကြီးဖြစ်၍။ မေတ္တာယျေ။ မေတ္တာယျ ဿသန္တိကေ၊ ရန်သူဖြစ်လျက်။ မေတ္တာသက်ဘို့။ ဖိုလ်မင်္ဂထိုးဖြူ။ ဆောင်းတော်မူသည့်။ ခြောက်ဆူဆောင်ရွင်။ မိတေးသျင်၏။ ပလ္လင်တော်အောက်။ ထံတော်မှောက်၌။ ဘိက္ခုဘာဝေန ဟိဘိက္ခုဘာဝေန၊ ဟိဘိက္ခူး။ မြွှောလင့်ဖူးတဲ့။ ဆုထူးဆင်မြန်း။ ရွှင်ရဟန်း အ

ဖြစ်ဖြင့်။ ပဝရံ၊ ထူးထူးချွန်ချွန်။အလွန်မွန်မြတ်သော။ သိဝံ၊ နိဗ္ဗာန်သာခေါင်။ ပြည်ရွှေတောင်သို့။ ပပ္ပေါမိ၊ တိလက္ခဏာ။ ယဉ်စကြာဖြင့်။ လျင်စွာထုတ်ချောက်။ ရောက်ကြီးရောက်ရပါစေခလို။ ။ဣတိ ဤတွင် တခန်း။ ကြည်ရွှင်လန်းဘွဲ့။ ကျမ်းပြီးကျမ်းဆုံး။ ဘန်းကြီးဖုံးသကဲ့သို့သော။ နိဂုံးစကားရပ်။ အပြီးသတ်တည်း။

ဤတွင်ရွှေ ဂဋ္ဌုန်ပျံ ဒီပနီ-
ဋီကာကျမ်းကြီးပြီးပြီ။

ထိုဂဋ္ဌုန်ပျံ ဒီပနီဋီကာ၏ ခဲရာခဲဆစ်။ ကျစ်လစ်သော အချက်တို့ကို။ ကွက်ကွက်ကွင်းကွင်း။ ရှင်းရှင်းလင်းလင်း။ ဘွင်းဘွင်းကြီး တပုံဖန်မည့်။ "ဂဋ္ဌုန်ပျံဂဏ္ဌိ"ဖြင့်။ ကမ္မဋ္ဌာန်းကြည့်ရန်။ စိမံရေးသားတော်မူဆဲ ဖြစ်ကြောင်း။

မစ္စတာမောင်မှိုင်း။
ယောဂီဆရာကြီး။